http://www.dhammavideo.com/



http://www.dhammavideo.com/

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက

နောက်ဆုံးအထိ ပါရမီ၊

လူနတ်များစွာ ချမ်းသာရေးမို့

အသက်ပေးလို့ ဖြည့်ခဲ့သည်။

ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့၊

ငါပါအသက်ဆုံးစေမည်။

နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊

ကုသိုလ်ရေးမို့ ကြိုးစားမည်။

ဒို့လဲ ကြိုးစားမည်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး

http://www.dhammavideo.com/

ဓမ္မာစရိယ ဦးရွှေလှိုင်

ခရီးဖော်

စာအုပ်ကို

မြန်မာကျူးပစ် သာသနာ့ပါလ ညီအစ်ကိုမောင်နှမများ ကိုယ်စား

စကန်ဖတ်ပီဒီအက်ဖ်လုပ်ကာ

ဓမ္မဒါနပြုလိုက်ပါတယ်။

ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ ထွန်းစေသော်။

ကိုတေဇ

http://www.dhammavideo.com/

## သာသနာ့ပါလ ( သို့ ) သာသနာကိုစောင့်ရှောက်သူ

ဗုဒ္ဓ ဟောကြား၊ မြတ်တရားကို
သစ္စာမြဲခိုင်၊ လက်စွဲကိုင်ပြီး
ဗုဒ္ဓ သာသနာ၊ ထွန်းလင်းဖြာအောင်
ကြံဆောင်ကြမည်၊ စိတ်ကြည်ကြည် ..

တို့ သာသနာအား၊ ရန်စစော်ကား
ထိပါးလာသူ၊ ရှိခဲ့ပါလျှင်
အစဉ်သွက်လက်၊ ထက်သောဓါးသဖွယ်
ကာကွယ်ကြမည်၊ တွဲညီညီ ..

သာသနာ့ပါလ၊ ညီနောင်တစု
အလေးဂရု၊ ဓိဋ္ဌာန်ပြုသည်
တို့ အမျိုး၊ ဘာသာ၊ သာသနာတွက်
ညီညာဖြ ဖြ၊ နိုးထအားမာန်
စိတ်ရည်သန်လျှက်၊ စွမ်းဆောင်ကြမည်
မြဲစည်စည် ..... ။

ဗမာ့သွေး (မြန်မာကျူးပစ်)

http://www.dhammavideo.com/

# သာသနာ့ပါလ

ဗုဒ္ဓဟောကြား၊ မြတ်တရားကို၊
မှတ်သားသစ္စာ၊ လက်မှာကိုင်စွဲ၊
မြဲခိုင်ရွှန်းပ၊ ပြည့်ဝန်းလ သို့၊
ဗုဒ္ဓသာသနာ၊ ထွန်းလင်းဖြာအောင်၊
ကြံဆောင်ကြမည်၊ ခွဲပီပီ။

တို့သာသနာ၊ မြတ်ဘာသာအား၊
စော်ကားရန်စ၊ ထိပါးကမူ၊
အတူတွဲယှဉ်၊ အစဉ်သွက်လက်၊
ထက်သောဓားနှယ်၊
ကာကွယ်ကြမည်၊ တွဲညီညီ။

သာသနာ့ပါလ၊ ဓမ္မညီနောင်၊
ပြည်ထောင်သားချင်း၊ ရိုင်းပင်းစုဝေး၊
အလေးဂရု၊ ခိဋ္ဌာန်ပြုသည်၊
စုစည်းသယ်ပိုး၊ ပြည်ကောင်းကျိုးနှင့်၊
အမျိုးဘာသာ၊ သာသနာတွက်၊
ညီညာဖြဖြ၊ နိုးထအားမာန်၊
စိတ်ရည်သန်လျက်၊ တက်ကြွမပန်း၊
စွမ်းဆောင်ကြမည် မြဲစည်စည် … ။

ဟယ်ရီလွင်

# ခရီးဖော်

ဓမ္မာစရိယဦးဌေးလှိုင်

ဗုဒ္ဓအသံစာပေ
၁၉ (စ)၊ မြစပယ်လမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၆၆၅၂၁၁

http://www.dhammavideo.com/

http://www.dhammavideo.com/

စာမူခွင့်ပြုချက်အမှတ် – ၂၇၆/၉၉ (၅)
မျက်နှာဖုံးခွင့်ပြုချက် – ၃၁၇/၉၉(၇)
အဖုံးပန်းချီ – စံတိုး
ကွန်ပျူတာ – ကိုတင်ထွန်း
ဖလင် – အေဇက်
ထုတ်ဝေသူ – ဒေါ်ကြင်မြင့် (၀၂၀၀၉)
၁၉ (စ)၊ မြစပယ်လမ်း၊ (၈) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၆၆၅၂၁၁
ပုံနှိပ်သူ – ဦးလှဘို (၀၅၄၂၂)
၃၆၃၊ သစ္စာလမ်း၊ (၁၃) ရပ်ကွက်၊
ရန်ကင်း၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း – ဒုတိယအကြိမ်၊
၁၉၉၉ ခု၊ ဇူလိုင်လ။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၈၀/–
ဖြန့်ချိရေး – ဗုဒ္ဓအသံစာပေ
၁၉ (စ)၊ မြစပယ်လမ်း၊ (၈) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၆၆၅၂၁၁



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်းစကား | ၁ |
| **အခန်း (၁)** | |
| ခရီးသွားရာ အဖော်ပါ ဘာမှမကြောက်နှင့် | ၇ |
| အပြုံးနှင့် မျက်ရည်၏ နောက်ကွယ်သို့ | ၈ |
| တကယ့်ခရီးဖော်များနှင့်အတူ | ၉ |
| ခရီးသွားဝတ် မချွတ်ပုံမှန် နည်းယူရန် | ၁၁ |
| သရဏဂုံဟာ ဘယ်လောက် အရေးပါသလဲဆိုလျှင် | ၁၄ |
| သရဏဂုံ အဓိပ္ပာယ် သိမှတ်ဖွယ် | ၁၅ |
| သရဏဂုံနှင့် နတ်ပြည်သွားသူ တပ်ကြပ်ကြီးဦးလှရွှေ | ၁၇ |

http://www.dhammavideo.com/


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥပဇ္ဈေဒက ရန်လုံ သရဏဂုံ | |
| ကျွန်းရင်းရွာကျောင်း ဘုန်းကြီးဦးဝါယမ | ၁၉ |
| တွင်းနှုတ်ခမ်းမှာ သရဏဂုံတင် | ၂၀ |
| ထပ်ဆင့်အံ့ဖွယ်ကြုံရတယ် | ၂၂ |
| အကြောင်းရှာတော့ ရန်သူဟာ ပစ္စည်း | ၂၂ |
| ဓာတ်စုံ နတ်စုံ သရဏဂုံ | ၂၃ |
| တိဗက် မဟာယာနအောင်ခြင်း ဂါထာ | ၂၄ |
| အရပ်ဆိုတာ | ၂၆ |
| နတ်ဖြစ်သော်လည်း နတ်ချင်းမတူစေရ | ၂၇ |
| သရဏဂုံအနက် အရကျက်ပါ | ၂၉ |
| ကမ္ဘာကျော် အဂ္ဂုန္တာ လိုဏ်ဂူထဲက သရဏဂုံသံကြီး | ၃၂ |
| အမေရိကမှ သရဏဂုံ ရွတ်သံတွေ | ၃၄ |
| အတ္တသရဏ-ကိုယ့်ကို ကိုယ်သာ ကိုးကွယ်ပါ | ၃၅ |
| ရေထဲမျောပါမသွားအောင် ကျွန်းပေါ်မှာ မြဲမြဲရပ်ပါ | ၃၈ |
| သရဏဂုံမယ် လုံမငယ် | ၄၀ |
| သရဏဂုံကျေးဇူး | ၄၄ |
| တရားရှင်ကို တရားကပြန်စောင့် | ၄၆ |
| မာန်လည်ဆရာတော်ကြီး ခရီးသွားဂါထာ | ၄၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အခန်း (၂) | |
| ကြီးပွားချမ်းသာရေးလမ်းပြ | |
| အာဋ္ဌာဝကချွတ်ခန်း | ၅၂ |
| ခင်ကြီးပျော်ရဲ့ လက်နက်ကိုးဖြာ အောင်ဂါထာ | ၅၅ |
| ဒီမှာလဲ အန္တရာယ်မပြု ဂုဏ်လေးခု | ၅၆ |
| အကြီးဆုံးလက်နက်ကြီး လေးမျိုး | ၅၈ |
| စက်ကြီး ၁၃-ပါး ရွတ်သံကြားက | ၅၉ |
| အောက်ကလိအာ ပရိတ်တွေ | ၆၀ |
| အရည်းကြီး လက်ကျန် မန္တန်များ | ၆၂ |
| တရဏပရိတ်ကြောင့် အာဝေဏိက တွေ့ဝေရ | ၆၃ |
| ကပ္ပိယံ ကယောဟိ | ၆၅ |
| တွေ့ကရာ သရဏံ ဂစ္ဆာမိ | ၆၈ |
| ကျည်မထွက် လက်နက်တုံးဂါထာ | ၆၉ |
| အရေးအကြီးဆုံး ဓမ္မလက်နက် | ၇၂ |
| ကဿပဘုရားပေးသော ကြီးပွားချမ်းသာရေးဂါထာ | ၇၄ |
| အမေးရှစ်ထွေ အဖြေရှစ်ချက် | ၇၆ |
| အတုမရှိသော အောင်ခြင်းဂါထာ | ၇၉ |
| နိဗ္ဗာန်လိုချင်လျှင် ဒါတွေရှိမှ | ၈၁ |
| ပြဿနာ ငါးချက်ဆက်၍ လျှောက်ခြင်း | ၈၃ |
| ဘဝခရီးဖော် (ကြီးပွားရေးလက်စွဲ) | ၈၄ |
| ယည့်ထက်ကောင်းတာ ရှာလေဦး | ၈၈ |

http://www.dhammavideo.com/

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာဋ္ဌဝက ကြွေးကြော်သံ ဂါထာ | ၉၀ |
| အလို ... ဘာသံကြီးပါ့လိမ့် | ၉၁ |
| အာဋ္ဌဝီတစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် | ၉၃ |
| ရှစ်သောင်းလေးထောင် အောင်ပွဲကြီး | ၉၅ |
| သာသနာ့ ကျက်သရေဆောင် လေးယောက် | ၉၆ |
| ပေါင်းသင်းဆက်ဆံရေး အတော်ဆုံး လူသား | ၉၇ |
| သင်္ဂဟတရား လေးပါး | ၉၉ |
| အခန်း (၃) | |
| **အချိန်အခါ အခြေအနေနှင့် ဆီလျော်အောင်** | ၁၀၂ |
| ထိုင်းနိုင်ငံ ရဟန္တာအရှင်မြတ်ကြီးတစ်ပါး | ၁၀၃ |
| သစ်ပင်ရှိရင် ဆွမ်းရှိသဟဲ့ | ၁၀၅ |
| တရားပွဲဘေးက ကစားပွဲ | ၁၀၆ |
| ယာခုလဲ နတ်တွေ နဂါးတွေ တရားနာလာကြတုန်း | ၁၀၇ |
| တောရဘုန်းကြီးတွေ သတ်တဲ့ ဘီလူးကြီးဆိုပါလား | ၁၀၈ |
| အနုတ္တရော ပုရိသ ဒမ္မသာရထိ ဆိုတာ | ၁၁၁ |
| နတ်တွေ ဘီလူးတွေရဲ့ အန္တရာယ်, အကူအညီ | ၁၁၂ |
| ကိုယ်မသိတဲ့ဆေး စားရသလို | ၁၁၄ |
| ဗျူဟာမှူးရဲ့ ခမ္ဘစစ်ဆင်ရေး | ၁၁၆ |
| စည်းချဂါထာနှင့် ဖြုဟ်ပ,သတဲ့ အယူ | ၁၂၁ |
| စစ်တိုက်ရာမှာ မမေ့ရာ | ၁၂၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မဟာဗန္ဓုလ စစ်ချီစဉ်က | ၁၂၂ |
| အတုယူစရာကောင်းတဲ့ အလောင်းမင်းတရား ဦးအောင်ဇေယျ။ | ၁၂၄ |
| ဂုဏ်တော်တစ်ထောင်နှင့် ကုန်းဘောင် အင်ပိုင်ယာတည်ထောင်။ | ၁၂၅ |
| ခရစ်ယာန် သာသနာပြုနှင့် ဂျာမန်ပညာရှိ | ၁၂၆ |
| ခရီးသည် သတိ | ၁၂၈ |
| အင်္ဂလိပ်ဂန္ထဝင်ထဲမှာ | ၁၃၁ |
| ပုဂံသားတို့ရွတ်ဆိုသော ဘုရားရှိခိုး | ၁၃၄ |
| သီရိလင်္ကာ ရေဒီယိုမှ အောင်ခြင်းဂါထာသံ | ၁၃၅ |
| အပြောင်မြောက်ဆုံး ပါဠိဂါထာ မြန်မာပြည်မှာ | ၁၃၆ |
| ဘယ်ဂါထာ ဘယ်နေရာသုံးရမလဲ | ၁၃၈ |
| ဘာပဲရွတ်ရွတ် စိတ်ထားသာ ပဓာန | ၁၃၉ |
| လက်တွေ့ပဋ္ဌာန်းကျမ်း ကျေးဇူးများ | ၁၄၁ |
| သက်ပန်းဆရာတော်နှင့် ပဋ္ဌာန်း | ၁၄၂ |
| နိုင်ငံခြားသင်္ဘောပေါ်က မြန်မာအရာရှိကလေး | ၁၄၃ |
| သင်္ဘောပေါ် ဘုရားကြွလာကတည်းက | ၁၄၄ |
| လေမုန်တိုင်းကြီး လာနေပြီ | ၁၄၅ |
| အကောင်းဆုံးဂါထာနှင့် အကောင်းဆုံးဘုရားရှိခိုး | ၁၄၈ |
| ပညာရချင်လျှင် | ၁၄၉ |
| အာမပူ လျှာမပူ ထမင်းဟင်း | ၁၅၁ |

http://www.dhammavideo.com/

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကောသလမင်းနှင့် မလ္လိကာတို့၏ ချစ်ပြဿနာ | ၁၅၃ |
| ဘုရားဝတ်တက်နှင့် ဆွမ်းဝတ်ခွက် | ၁၅၆ |
| တန်ခိုးထက်မြက်အောင်ရွှတ်ဖတ်နည်း | ၁၅၆ |
| ကျွန်တော်ပုတီးသမား | ၁၅၉ |
| **အခန်း (၄)** | |
| နှုတ်ငုံဆောင် ပါဠိတော်ဂါထာများ | |
| အတ္ထုပ္ပတ္တိ နောက်ခံသမိုင်းကြောင်း | ၁၆၁ |
| ကဿပဘုရားလက်ထက်က သဝဏ်လွှာ | ၁၆၁ |
| ဖွား၊ ပွင့်၊ ဟော၊ စံ- ဗုဒ္ဓဝင်ဌာနများအလိုက် | ၁၆၃ |
| မဟာဗောဓိရင်ပြင်မှာ ရွှတ်ဖတ်ပူဇော်ရတာ | ၁၆၅ |
| ဇာတက် မဟာယာနတွေရဲ့ ဝတ်တက်ဖွဲ့ | ၁၆၆ |
| ပဒက္ခိဏာကတွာ- လက်ယာရစ်လှည့်လည်၍ | ၁၆၈ |
| စေတီကြီး အယက်ပစ္စယံက ဝိပဿနာအဖွဲ့ | ၁၆၉ |
| ဥပကနှင့် မဆာဝါတို့ကိုမြင်ယောင်သေး | ၁၇၀ |
| မိဂဒါဝုန်ရောက်တော့ ဓမ္မစကြာ | ၁၇၁ |
| မဟာကပ္ပိနမင်းကြီး ခရီးသွားဂါထာ | ၁၇၃ |
| မိန်းမချောတို့ရွာ | ၁၇၄ |
| သာဂတ္ထိနှင့် မိုင် ၁၀၀၀ | ၁၇၆ |
| သတင်းတစ်ပုဒ် ငွေတစ်သိန်း | ၁၇၇ |
| မြစ်ကူးချောင်းခြား ခရီးသွားအဖော် | ၁၇၉ |
| ပန်ဂျာဗ်ပြည်နယ်က မြစ်ငါးသွယ် | ၁၈၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘုရားရှင်အကြိုတော်ထောက်ပံ့က | ၁၈၄ |
| မိန်းမသားပေမယ့် | ၁၈၆ |
| ခလုတ်မထိ ဆူးမငြိရလေအောင် | ၁၈၈ |
| ကပိလဝတ် လှွတ်တော်ဖွင့်ပွဲကြီး | ၁၉၀ |
| သာကီဝင်တို့၏ အုပ်ချုပ်ရေး | ၁၉၂ |
| ဘာသာရေးနှင့် နိုင်ငံရေး | ၁၉၃ |
| လွှတ်တော်မှာ တစ်ညကျိန်းစက်တော်မူရန် | ၁၉၅ |
| လွှတ်တော်ပြလမ်းတစ်လျှောက် ကြည်ညိုဖွယ် | ၁၉၇ |
| ဘုရားရှင်၏ ထူးခြားသောသွားလာတော်မူပုံများ | ၁၉၈ |
| ရှင်မဟာဗုဒ္ဓဃောသ ဖွဲ့ဆိုအပ်သော<br>မြတ်စွာဘုရားရှင် ဒေသစာရီကြွချီတော်မူရာ<br>ကိုယ်အမူအရာတော် ဂုဏ်တော်ဖွင့်။ | ၂၀၀ |
| အဘိုးအဘွားတို့၏ အမိပွာယ်မဲ့ညများ | ၂၀၆ |
| ထိုးသားနိုင် ဒိုင်ရှုံးတဲ့နည်း | ၂၀၇ |
| လွှတ်တော်ထဲမှာ ဟောတဲ့တရား | ၂၀၉ |
| စား၊ ဝတ်၊ နေ အခြေခံသီလ ၄-ပါး | ၂၁၀ |
| သဒ္ဓမ္မ- သူတော်ကောင်းတရား ခုနစ်ပါး | ၂၁၂ |
| ဈာန်လေးပါးနှင့် ပု၊ ဒိ၊ အာ | ၂၁၄ |
| ဘိုင်းစတိုင်းပြောတဲ့ အကျိုးနှင့်တူသော ဘာသာရေးလား | ၂၁၇ |
| ကြက်မနှင့်ကြက်ဥ တာဝန်သုံးခု | ၂၁၈ |
| အောက်အီအီးအွတ် - လောကမှာ ငါအကြီးဆုံး | ၂၂၀ |

http://www.dhammavideo.com/


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သဗ္ဗမင်္ဂလာဂါထာ၏ နောက်ခံသမိုင်းနှစ်မျိုး | ၂၂၀ |
| မဟာကပ္ပိနထေရ်အား ချီးကျူးဂါထာ | ၂၂၂ |
| တစ်ညနေခင်း၏ ဆုံစည်းလာသော အလှများ | ၂၂၃ |
| 'ဒိဝါတပတိ' တစ်ထောင်တန်ဂါထာ | ၂၂၅ |
| ဈာန်သမာပတ်နှစ်မျိုး | ၂၂၈ |
| ဘုရားရှင်၏ တန်ခိုးတေဇော် ငါးမျိုး | ၂၂၉ |
| သက်တော် ၁၀၂-ဆရာတော်ကြီး အမြွှတ်သော ဂါထာတော်များ | ၂၃၀ |
| အဘိဓဇ စံကင်းဆရာတော်ဘုရားကြီး အမြွှတ်ဆိုတော်မူ၍ ကျောက်စာရေးထိုး ပေးတော်မူခဲ့သောနှုတ်ငုံဆောင် ဂါထာများ | ၂၃၂ |
| ရွှတ်ကြ ဖတ်ကြ ပုံနှိပ်ပြီးဖြန့်ဝေကြ | ၂၃၅ |
| ဉာဏ်မြဆိုတာ ဟိန္ဒူဘုရားရှိခိုး | ၂၃၆ |
| ရှေးက လောကီဂိုဏ်းဆရာတွေလဲ သိခဲ့ကြ | ၂၃၇ |
| ဒေဝဒတ် လုပ်ကြံခံရစဉ်က | ၂၃၈ |
| ဘဂဝါ ဂုဏ်တော်ဆိုတာ | ၂၃၉ |
| ပါရမီတော်တွေ နှိုးသက်ခံစို့ရအောင် | ၂၄၀ |
| ဓဇဂ္ဂသုတ် ကယ်တော်မူပါဆိုရုံနှင့် | ၂၄၁ |
| ဘုရားရှင်လုံခြုံရေး စိတ်မအေးနိုင်ကြ | ၂၄၂ |
| စီးပွားရေးနှင့် ရာထူးရာခံရန်ပြိုးဖွဲ့မိရာက | ၂၄၄ |
| ဒါ ... နင်တို့ အရာလားဟဲ့ | ၂၄၅ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဂုဏ်တော်နှင့် ဝိပါက်တော်အထိ အသိလိုက်ပါ | ၂၄၇ |
| ဓနုဖြူ စံကင်းရွာကြီး ပလိပ်ရောဂါဖြစ်စဉ်က | ၂၄၈ |
| အနှောင်အဖွဲ့က လွတ်တဲ့ ဂါထာ | ၂၅၀ |
| အခက်အခဲ အကျပ်အတည်း မှန်သမျှ | ၂၅၂ |
| လ, ငပုပ်ဖမ်းတာ အသူရိန်လုပ်တာလား | ၂၅၃ |
| လနတ်သား ဘုရားကိုလျှောက်ပုံက | ၂၅၄ |
| အသူရိတ်နတ်ကြီး ကြောက်လန့်ထွက်ပြေး | ၂၅၅ |
| ကိုယ်ပျောက်ဂါထာ တဲ့ | ၂၅၇ |
| အနုတ္တဒေသနာက ကိုယ်ပျောက်ဂါထာဖြစ် | ၂၅၈ |
| သုံးမကုန်သော 'ဖုဿ လောကဓမ္မေဟိ' | ၂၅၉ |
| ရေလဲအမျိုးမျိုးနှင့် ဂါထာသုံးစွဲနည်း | ၂၆၂ |
| ဥပစ္ဆေဒကနှင့် လူမှုလွတ်မြောက်ရေးဂါထာ | ၂၆၄ |
| နတ်သမီးငါးရာ | ၂၆၆ |
| ချက်ချင်း ရယ်၊ ချက်ချင်း ငို၊ ချက်ချင်းတိတ် | ၂၆၇ |
| အကောင်းဆုံးလက်နက် အထက်ဆုံးဆေး | ၂၆၉ |
| ငါ့ရတနာတွေ သာသနာအတွက် | ၂၇၀ |
| အကောင်းဆုံး ဥစ္စာရတနာကို ယူသွားကြ | ၂၇၂ |
| ကြံတောသင်္ချိုင်း, ကြံတောအာဏာရှင် | ၂၇၅ |
| အဖိုးတစ်သိန်းထိုက်သော ဂါထာတော်များ | ၂၇၇ |
| လူသားစားပေါရိသာဒ နတ်ကန္နားပေး | ၂၇၈ |
| ဘုရားဟောပါဠိတော် ရွှတ်ဆိုနာယူနည်း | ၂၈၀ |

http://www.dhammavideo.com/


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပေါရိသာဒ အံ့အားသင့်သွားခြင်း | ၂၈၂ |
| သုတသောမမင်း၏ မကြောက်တရား | ၂၈၄ |
| တရားနာမှ ဆိုးကောင်းသိရ | ၂၈၆ |
| အသပြာတစ်ထောင်တန် ဂါထာတော်များ | ၂၈၇ |
| ပေါရိသာဒထံမှရသော ဆုလေးဆု | ၂၉၀ |
| တစ်ခဏတာ သာယာဖွယ်ကို ကြည့်မလား | ၂၉၃ |
| ပေါရိသာဒ ငိုရပြီ | ၂၉၄ |
| တစ်ခဲနက် သာခုသံကြီး | ၂၉၅ |
| သုတသောမ၏ ခြေထောက်ကိုဖက်လျက် | ၂၉၈ |
| တန်ဖိုးမဖြတ်နိုင်တဲ့ ဂါထာတော်လေးပုဒ် | ၃၀၀ |
| သီဟိုဠ်ကျွန်းမှာ နတ်ဆွမ်းစားရသော ဂါထာ | ၃၀၁ |
| ကုသိနာရုံအကြောင်း ပြောပါရစေဦး | ၃၀၂ |
| ပရိနိဗ္ဗာန်စံတော်မူဟန် ရုပ်ပွားတော်ကြီး ရှေ့မှာ | ၃၀၃ |
| ဂျပန်ဘုန်းကြီး ဇနီးမောင်နှံ | ၃၀၄ |
| ဘုရားရှင်ရဲ့ နောက်ဆုံးအမှာတော် | ၃၀၆ |
| ဘုရားရှင်ကိုယ်စား အားထားဖို့ | ၃၀၇ |
| **နောက်ဆက်တွဲ ကျက်မှတ်ဆင်ခြင်ဖွယ်များ** | |
| အန္တရာယ်မပြု ဂုဏ်လေးခု (အနန္တရာယိက လေးပါး) | ၃၀၉ |
| အာဝေဏိကဂုဏ်တော် ၁၈-ပါး | ၃၀၉ |
| ပဋ္ဌာန်းပါဠိတော် ပစ္စယုဒ္ဒေသ | ၃၁၁ |
| ပဋိစ္စသမုပ္ပါဒ် အနုလုံ ပါဠိတော် | ၃၁၁ |



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိတော် | ၃၁၁ |
| ဘုရားဖြစ်တော်မူစ စိတ်ထဲကကျူးရင့်သော (ဥဒါန်းဂါထာတော်) | ၃၁၂ |
| ဘုရားဖြစ်တော်မူစ နှုတ်မြွက်ကျူးရင့်တော်မူသော (ဥဒါန်းဂါထာတော်) | ၃၁၅ |
| တောင်တွင်းဆရာတော် ခင်ကြီးပျော်၏ လက်နက်ကိုးဖြာ အောင်ဂါထာ။ | ၃၁၇ |
| သမ္ဗုဒ္ဓေဂါထာ ၃-ပုဒ် အနက်ချုပ် | ၃၂၀ |
| အစိန္တေယျအကျိုး | ၃၂၂ |
| ကမ္ဘာပေါ်တွင် အကောင်းဆုံး စကားလုံးများ | ၃၂၂ |
| ဗုဒ္ဓေါ ... ဗုဒ္ဓေါ၊ ဘုရား ... ဘုရား | ၃၂၃ |

http://www.dhammavideo.com/

# နိဒါန်းစကား

ခရီးဟူသည် ဖြောင့်ဖြူးသည်လည်း ရှိ၏။ ကွေ့ကောက်သည်လည်း ရှိ၏။ အတက် ရှိသကဲ့သို့ အဆင်းလည်း ရှိ၏။ ပန်းခင်းသောလမ်း ရှိသကဲ့သို့ ဆူးပြွမ်းသော လမ်းလည်းရှိ၏၊ ခရီးတိုလည်း ရှိ၏၊ ခရီးရှည်လည်း ရှိ၏။

မည်သည့် ခရီးပင်ဖြစ်စေ၊ အဖော်သည် လိုအပ်၏။ ကွေ့ကောက် ဆူးပြွမ်း၍ ရှည်လျားသော လမ်းခရီး ဖြစ်ဘိမူ အဖော်သည် သာ၍ လိုအပ်၏။

လမ်းခရီးကို ကောင်းစွာ ညွှန်ပြနိုင်၊ ဦးဆောင်နိုင်သော အဖော်ကို ရဘိမူ ဆိုဖွယ်ရာ မရှိ၊ ညဥ့်နက်သန်းခေါင် မှောင်နှင့် မည်းမည်း ခရီးခဲကို သွားရာ၌ ရွံ့ဗွက် ကျင်းချိုင့်ထဲ မကျစေရန် လမ်းပြ လမ်းညွှန်က ရှေ့က လျှောက်ရင်း မီးခွက်ကိုင်လျက် လမ်းပြ ပါ။ ရွံ့ဗွက် ကျင်းချိုင့်ထဲ မီးခွက်ဆွဲ သူက အလျင်လိမ့်ကျလျှင် [illegible]ပြသမား၊ တွင်းကျွံမှားသည်' ဟုဆိုသည်။

ထို ခရီးဖော် လမ်းညွှန်မျိုးသည် စေတနာပင် ရှိသော်လည်း [illegible]ချရ၊ သူနောက်က` လိုက်သင့်မှ လိုက်ရသည်။

http://www.dhammavideo.com/



ဗုဒ္ဓရှင်တော်မြတ်ကား ....

၁။ လမ်းရိုးဟောင်းအတိုင်း ပန်းတိုင် အရောက် လျှောက်နိုင်ခဲ့သဖြင့် 'တထာဂတ' မည်တော်မူ၏။

၂။ လမ်းမမှားအောင် ကောင်းစွာ သွားလာနိုင်၊ သွားလာစေနိုင်သဖြင့် လာရာ သမိုင်းကြောင်း ကောင်းသူ 'သုဂတ' မည်တော်မူ၏။

၃။ မိမိ လမ်းညွှန် (Guide) လုပ်မည့် ခရီးကို အတိမ်အနက် အတက်အဆင်း အကွေ့အကောက် ကိုယ်တိုင် ရေဆုံး မီးဆုံး လျှောက်ပြီးမှ နောက်လိုက် ခရီးဖော်တို့ကို ခေါ်ဆောင် လမ်းပြတော်မူသဖြင့် 'သတ္တာဒေဝ မနုဿာနံ' ဟုလည်း ဂုဏ်ပြုတော် မူကြရသည်။ မလှခေတ် လှည်းခေတ် ဝေါဟာရအရ 'လှည်းမှူးကြီး' ဟု ခေါ်ကြ၏။

ခရီးနှင့် မကင်းသူတိုင်း ခရီးတို့, ရှည် သွားကြရရာ ဦးစွာ မိမိကိုယ်နှိုက်က အင်အားရှိဖို့ လို၏၊ အသိဉာဏ် ရှိဖို့ လို၏၊ သင့်ခရီးကား . . .

၁။ တစ်ခဏ ခရီးလော၊

၂။ ဘဝ ခရီးလော၊

၃။ သံသရာ ခရီးလော။

မည်သို့ဖြစ်စေ၊ အင်အား အသိဉာဏ်ကား မရှိထား၍ မရ၊ သင် လျှောက်ရမည့် ခရီးက လမ်းညွှန်ကိုချည်း၊ အဖော်ကိုချည်း



http://www.dhammavideo.com/



အားကိုး လိုက်ပါနေရုံနှင့် မပြီး။ ခရီးပါရဂူ, အကောင်းဆုံး၊ စိတ်အချရဆုံး ခရီးညွှန်ကြီး ဖြစ်တော်မူသော ဗုဒ္ဓက ဤသို့ ဟောတော်မူ၏-

၁။ ဒီဃာ ဇာဂရတော ရတ္တိ၊

အိပ်မပျော်သူ ညဉ့်တာ ရှည်၏။

Long is the night to the wakeful;

၂။ ဒီဃံ သန္တဿ ယောဇနံ၊

အားအင် ကုန်ခန်း ပင်ပန်းသူ ခရီးရှည်၏။

Long is the league to the weary;

၃။ ဒီဃော ဗာလာန သံသာရော၊

သဒ္ဓမ္မံ အဝိဇာနတံ။

သူတော်ကောင်းတို့၏ လမ်းညွှန်ဓမ္မကို မရရှိသော လူမိုက်များ သံသရာခရီး ပိုရှည်၏။

Long is Samsara to the foolish who know not the Sublime Truth.

လေ့ခေတ် လှည်းခေတ်တွင် ဗုဒ္ဓပွင့်တော်မူလေရာ ဗုဒ္ဓသည် လေ့, လှည်း မစီး၊ ကိုယ့်အား ကိုယ်ကိုး ခြေလျင်ခရီးသာ ကြွတော်မူ၏။ ဝါတွင်း သုံးလလောက်သာ တန့်နား၍ ခြေလျင်ခရီး သွားဆုံးဟု ဆိုနိုင်သည်။

- အာဠဝကကို ချွတ်ရန် ယူဇနာ ၃၀ ခရီး၊
- အင်္ဂုလိမာလ, ပုက္ကုသာတိ ၄၅ ယူဇနာ၊

http://www.dhammavideo.com/



- မဟာကပ္ပိနမင်း ယူဇနာ ၂၀၀၊
- ဓနိယထေရ် ဟောချွတ်ရန် ယူဇနာ ၇၀၀ ခရီး၊

(တစ်ယူဇနာ ရှစ်မိုင်ခန့် ရှိသည်)

ဗုဒ္ဓရှင်တော်မြတ်သည် တစ်စုံတစ်ရာ အကျိုးဖြစ်ထွန်းရန် ရှိ၍ သွားရသော ခရီးချည်းဖြစ်ရာ နောက်ဆုံး သွေးဝမ်းဘော် လားလျက်ကပင် ပါဝါမြို့မှ ကုသိနာရုံသို့ ၆-မိုင် ကျော်ခရီးကို ကြွတော်မူခဲ့သေးသည်။

ဘုရား ဖြစ်တော်မူစကပင် 'စရထ ဘိက္ခဝေ' ဓမ္မခရီးသွားရန် တိုက်တွန်းတော်မူခဲ့လေသည်။ ထိုစဉ်က ခရီးညွှန်နိုင်မည့် ပုဂ္ဂိုလ်အရေအတွက်က နည်းပါးလှသေးသဖြင့် 'ခရီးတစ်ကြောင်းတည်း နှစ်ပါးပေါင်း၍ မသွားကြကုန်လင့်' ဟု မိန့်မှာတော်မူရ၏။

ခရီးသွားခြင်းကို မြတ်စွာဘုရား လိုလားတော်မူ၏။ အဖွဲ့အစည်းနှင့် နေထိုင်ကြရသော လူသားတို့ဘဝကို သိရှိတော်မူသည့်အလျောက် အဖော်နှင့် ခရီးရှည်သွားရခြင်း အကျိုးကိုလည်း ဟောတော်မူသည်။ အင်္ဂုတ္တရ ပဉ္စကနိပါတ် ဒီဃစာရိက သုတ်တွင် ခရီးရှည်သွားခြင်းအကျိုး ကို ဟောတော်မူရာ၌ ...

၁။ မကြားဖူးသော တရားစကားကို ကြားရခြင်း၊
၂။ ကြားဖူး ထပ်မံ သံသယကင်းခြင်း၊
၃။ ပရိသတ်ထဲ ရဲဝံ့စွာ ပြောဆိုတတ်ခြင်း၊
၄။ ပြင်းထန်သော ရောဂါ မကပ်နိုင်ခြင်း၊
၅။ မိတ်ဆွေ ပေါများခြင်း။



အတူတကွ သွားလာနေထိုင်ရသော ခရီးဖော်များအပေါ် မည်သို့ သဘောထား ဆက်ဆံရမည်ကိုလည်း ညွှန်ပြပါသေးသည်။ ဇာတက၊ ဧကနိပါတ်၊ ကာဠကဏ္ဏိဇာတ်တော်၌ ...

၁။ ခုနစ်လှမ်း အတူသွားဖူးလျှင် 'မိတ္တ - မိတ်ဆွေ'၊
၂။ ၁၂-ရက် အတူသွား အတူနေဖူးလျှင် 'သဟာယ- ချမ်းသာမကွဲ ဆင်းရဲ မကွာ - သဟာယ်ချင်း'၊
၃။ တစ်လ၊ တစ်လခွဲ 'ဉာတိ - ဆွေမျိုး'
၄။ ထို့ထက်ကြာမူ 'အတ္တသမ-ကိုယ်နှင့် ထပ်တူ နှစ်ကိုယ့် တစ်စိတ် ပုဂ္ဂိုလ်' ဖြစ်သွားပြီ၊ ထို အတိုင်းလည်း

သဘောထားရမည်ဟု ဆိုလိုပါသည်။ ဘေးရန်ကြုံက ရှောင်ဖယ်သွားတတ်သော ခရီးဖော်မျိုးကိုမူ ဇာတ်တော်များ၌ များစွာ ရှုတ်ချထားပါသည်။

ဤကား 'ပုဂ္ဂလ ခရီးဖော်' ဖြစ်ပါ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ပုဂ္ဂလ ခရီးဖော်ကိုပင်လျှင် ဤမျှ လိုလားတော်မူပါသေးလျှင် 'ဓမ္မ ခရီးဖော်' ကား ဆိုဖွယ်ရာ မရှိပါ။

ဤ ယခု တင်ပြထားသော 'ခရီးဖော်' ကား ခရီးတစ်ထောက်အတွက်သာ အဖော်ပြုရမည့် ခရီးဖော်လော၊ အပြည့်အစုံ ပန်းဆုံးအထိ အားကိုးရမည့် ခရီးဖော်လော ဆိုသည်မှာ စာရှုသူ မျိုးဖော်၌သာ တည်ပါသည်။

သို့ရာတွင် ယနေ့ လျှောက်နေကြရသော ခရီးလမ်းသည်

http://www.dhammavideo.com/



မည်မျှလောက် ကြမ်းတမ်းသည်ဟု ဆိုစေ၊ ဤ 'ခရီးဖော်' နှင့် တွေ့သည့်နေ့ကစ၍ တစ်စုံတစ်ခုသော အဝိုင်းအတာ အထိ သင့်အား ပန်းခင်းပေးမည်ကို ယုံကြည်စိတ်ချစေလိုပါကြောင်း။

ခရီးဖော်တိုင်း ခရီးလမ်းပန်း ချောမွေ့ကြပါစေ။

ဌေးလှိုင်
(ဓမ္မာစရိယ ဦးဌေးလှိုင်)

ဝါဆိုလပြည့်ကျော် ၁၅ ရက်၊
၁၃၅၁ ခုနှစ်။
(၁-၈-၁၉၈၉)

# ခရီးဖော်

နမော တဿ ယဿ တမော နူ။

## အခန်း [၁]

### ခရီးသွားရာ အဖော်ပါ ဘာမှ မကြောက်နှင့်

'မိတ်ဆွေ မန္တလေးပဲလား'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် မန္တလေးတင်ပါ၊ မိတ်ဆွေ တကော'

'ဟုတ်ကဲ့ ... အတူတူပါပဲ၊ ဒါပေမယ့် နောက်တစ်ရက် မြစ်ကြီးနား ခရီးဆက်ရဦးမယ်'

'သြော် ... ဟုတ်လား'

ရန်ကုန်မှ မန္တလေးသို့ ညနေ ၃-နာရီ ရထား။

အထက်တန်း အိပ်ခန်း၌ ပါလာသော လက်ဆွဲအိတ်၊ ခြင်းတစ်ခြင်း၊ တိုလီမိုလီ အထုပ်ငယ်များ နေရာချထားပြီး နေရာလွတ်တစ်ခု၌ ဝင်ထိုင်ရင်း အနီးရှိ မိတ်ဆွေနှင့် အပြန်အလှန် နှုတ်ခွန်း...က် မေးဖြေကြသည်။

http://www.dhammavideo.com/



ကျွန်တော့်အရင် နှစ်ဦးရောက်နှင့်၍ ကျွန်တော်ရောက်ပြီး မကြာမီ အသက် ၃၀-ခန့် လူရွယ်တစ်ဦး ရောက်လာ၏။ လေးယောက် စေ့သွားသည်။

အသံချဲ့စက်မှ ရထားထွက်တော့မည့်အကြောင်း ကြေညာနေ၏။ ခရီးသည်များ ပြတင်းပေါက်ဘက် မျက်နှာမူ၍ သံစကာအပြင်ဘက်ရှိ လိုက်ပို့သူများအား အမူအရာဖြင့် နှုတ်ဆက်နေကြ၏။ အချို့ကလည်း သံစကာ အနီးသို့သွားကာ အပြန်အလှန် ပြောဆို မှာကြား နှုတ်ဆက်နေကြသည်။

ရထားဘီးကား လိမ့်စပြုနေ၏။

လက်များ ဝှေ့ယမ်းကာ ဝမ်းသာအားရ နှုတ်ဆက်သူတို့ နှုတ်ဆက်ကြ၏။ ကြွေမဆည်နိုင်တော့ဘဲ သံစကာအပြင်ဘက်၌ ရှုပ်ပျက် ဆင်းပျက် ငိုယိုနေသူ အချို့ကိုလည်း မြင်နေရသည်။ ဘီးလိမ့်စပြုနေသော ရထားဆီသို့ အူယားဖားယား ပြေးလာသော မျက်ရည်စ ကြီးငယ်နှင့် အမျိုးသမီး အချို့။

မီးရထားကြီးကား သူ့လမ်းပေါ်၌ တဖြည်းဖြည်း အရှိန်မြှင့်ကာ သူ့တာဝန်အရ ရန်ကုန်ဘူတာကြီးမှ ထွက်ခွာခဲ့၏။

## အပြုံးနှင့် မျက်ရည်၏ နောက်ကွယ်သို့

ရထားကြီးပုံမှန်ခုတ်မောင်းစဉ် ကျွန်တော်တို့ လေးဦးသား စိတ်လက်နွမ်းနယ်မှုများကို ဖြေဖျောက်သည့်အနေဖြင့် စကားပြောရပ်ကာ မျက်စိမှိတ်ပြီး ဆိတ်ဆိတ်ပင် နားနေလိုက်ကြသည်။

သို့သော် ကျွန်တော်၏ စိတ်ကလေးမှာမူ အနားမရ၊ ရထား



ထွက်စက ငိုသံ ရယ်သံများ၏ နောက်ကွယ်သို့ တိုးဝင်စူးစမ်းကာ မဆီမဆိုင် အပြုံးနှင့် မျက်ရည်များကို မြည်းစမ်းနေမိ၏၊ ဟုတ်ပါသည်။

'ဤရထားပေါ်က ခရီးသည်တွေဟာ အလုပ်ခရီးထွက်သူလဲ ပါမယ်၊ တာဝန်အရ သွားရသူလဲ ပါမယ်၊ ခရီးတို သွားသူ ပါသလို ခရီးရှည် သွားသူလဲ ပါမယ်၊ သူ့ခရီးနှင့် သူ့အရေး၊ သူ့အတွေးနှင့် သူ့အပူ၊ ခံစားချက် မတူကြပေဘူး၊ အပျော်ခရီး သွားသူအဖို့ သံကြောင် သံသေးနှင့် တပေါးပေါး တကြော်ကြော် ပျော်နိုင်ကြပေမယ့် အနှစ် နှစ်ဆယ် အစိတ် မိတ်ဆွေတွေနှင့်အတူ ပျော်ပျော်ပါးပါး နေခဲ့ကြရာက အကြောင်းအားလျော်စွာ တစ်နယ်တစ်ကျေးမှာ မိသားစုလုံး ပြောင်းရွှေ့ပြီး သွားကြရသူများ အရေးကတော့ ဆွေးမြည့်စရာပဲ၊ အတိတ်က မိတ်ဆွေတွေနှင့် ပြန်လည်၍ တွေ့ကောင်းမှလဲ တွေ့ကြရမယ်၊ တစ်ဘဝတာအပြီး ခွဲခွာရခြင်းလဲ ဖြစ်နိုင်တယ်၊ သူ့ခရီးကား ခရီးရှည်၊ ပြန်လည်၍ မတွေ့ဆုံနိုင်တော့သော ဘဝခရီး ...'

## တကယ့် ခရီးဖော်များနှင့်အတူ

ကျွန်တော်သည် 'ခရီးသည် အတွေး' နယ်ချဲ့ကာ မျက်ရည်နှင့် နှုတ်ဆက်သူများကို မြင်ယောင်ကာ ကရုဏာ သက်နေမိ၏၊ မျက်စိဖွင့်ပြီး ဘဝတူ ခရီးဖော်သုံးဦးဆီသို့ တစေ့တစောင်း ကြည့်လိုက်ရာ တစ်ယောက်က သတင်းစာဖတ်နေ၏၊ လူရွယ်က ပုတီးစိပ်၍ ကျွန်တော်နှင့် တစ်ခုံတည်းကျသော ဦးလေးကြီးက မျက်စိမှိတ်ပြီး

http://www.dhammavideo.com/



နှုတ်က တတွတ်တွတ် ရွတ်ဆိုနေသည်ကို တွေ့ရ၏၊ ပရိတ်ရွတ်နေခြင်းဖြစ်ကြောင်း ရံခါ ထွက်လာသော အသံအရ သိရသည်။

ခရီးသွားလျှင် ရွတ်ဆိုနှုတ်လုံးသွင်းနေကျ ဖြစ်သောကြောင့်လော မသိ၊ ရထားဘီး လိမ့်သည်နှင့် ရတနာသုံးပါး သတိရနေကြသည့်အတွက် ခရီးဖော်များအား ကျိတ်၍ ချီးကျူးနေမိ၏၊ ကောင်းလေစွ၊ မျက်စိ နား အေးငြိမ်းရရုံမျှမက သူတို့ကိုကြည့်၍ ကုသိုလ်ပီတိ ဖြစ်ရပါသေး၏။

ရှိုးရှိုးတန်းကသာ လိုက်ခဲ့မိလျှင် စကားဟဖောင်ဖောင် ပြောသံများ၊ မဆာဘဲလျက် အစား တစ်မျိုးပြီး တစ်မျိုး စားသူများ ... စသည်ဖြင့် တွေ့ရ၊ မြင်ရ၊ ကြားရမည်မှာ မလွဲ။

ရံခါ တစ်ရက် နှစ်ရက် ခရီးကိုပင် ခြင်းတစ်လုံးတည်းဖြင့် ပရုပ်ဆီ၊ လျက်ဆား၊ ဆား၊ ဓား၊ ဖယောင်းတိုင်၊ ကြိုး၊ စက္ကူ စသည့် စုလာနဖာ တောက်တိုမယ်ရ အကုန်ထည့်ကာ အနီးအပါးရှိ ခရီးဖော်များအား ကူညီကာ မေတ္တာသယ ခြင်းတောင်းကြီးကို နှိုက်ကာ နှိုက်ကာ လိုရာ ကူညီတတ်သော ကြောင့်ကြလွန်သည့် အဒေါ်ကြီးများကိုလည်း တွေ့ရတတ်သေးသည်။

ကျွန်တော်လည်း ပျော်ရွှင်စွာ နှုတ်ဆက်ကြ၊ ငိုယိုကာ ခွဲခွာကြသော ခရီးသည်များအကြောင်း အတွေးရပ်ကာ နှလုံးသွင်းနေကျ မေတ္တာအာရုံ 'မေတ္တာခရီးဖော်' နှင့်သာ ဆိတ်ငြိမ်စွာ နေလိုက်သည်။ ၁၅-မိနစ်ခန့်ရှိလျှင် ...

'ဟာ ... ရထားချင်း တိုက်လိုက်တာ လူ ၁၅၀-ပွဲချင်းပြီး သေသွားတယ်ဆိုပါလား၊ ကျွတ် ... ကျွတ် ... ကျွတ် ... ဒုက္ခပါပဲ'



သတင်းစာဖတ်ရင်း လိုက်ပါလာသော ခရီးဖော်၏ အသံက ကျွန်တော်တို့ ကျန်သုံးဦး၏ မျက်စိများကို အလိုလို ပွင့်လာစေ၏။ ကျွန်တော်တို့ သုံးဦး၏ မျက်လုံးများက ချိန်းချက်ထားသလို သူ့ကို 'ဘယ်လိုလဲ' ဟူသော အကြည့်ဖြင့် ကြည့်မိလျက်သား ဖြစ်သွားကြရာ ...

'အိန္ဒိယမှာ ...' ဟု ဆိုကာ သတင်းကိုဆက်၍ ရှင်းပြသည်။

ထိုသတင်းစာမှာပင် တိုက်တိုက်ဆိုင်ဆိုင် ဥရောပမှာ လေယာဉ်စင်းလုံး ပျက်ကျ သေဆုံးကြောင်း သတင်းကိုပါ ထိုခရီးဖော်က ဆက်၍ ဖတ်ပြသဖြင့် ကျွန်တော်တို့ သုံးဦးသား ခေါင်းညိတ်ပြီး နားထောင်နေမိကြသည်။

## ခရီးသွားဝတ် မချွတ်ပုံမှန် နည်းယူရန်

ပရိတ် ရွတ်လာသော ခရီးဖော်မှာ သတင်းစာဖတ်သူနှင့် အတူသွား အတူလာ ရင်းနှီးသူဖြစ်ကြောင်း သူပြောသော စကားများအရ သိလိုက်ရသည်မှာ ...

"ဒီခေတ်ထဲ ခရီးသွားကြရတာ အားကိုးမရှိတဲ့ လူတွေအဖို့ 'သေပေါက်' တွေက များလိုက်တာ၊ မင်းဖတ်ပြတဲ့ သတင်းစာထဲက လူတွေအတွက် ရတနာသုံးပါး အားကိုးစရာ မရှိတော့ ပိုကြောက်စရာ ကောင်းတာပေါ့"

ပရိတ်ရွတ်လာသော ခရီးဖော်ဦးလေးကြီးက ကျွန်တော့်ကြည့်လိုက်၊ သတင်းစာဖတ်သူ သူ့မိတ်ဆွေကို ကြည့်လိုက်နှင့် မှတ်ချက်ချလိုက်သည်။

http://www.dhammavideo.com/



'ခင်ဗျားက ပရိတ်အားကိုးရှိတော့ ပြောနိုင်တာပေါ့ဗျာ၊ ကျွန်တော်လဲ သရဏဂုံသုံးပါး၊ ဂုဏ်တော် ၉-ပါးနှင့် သမ္ဗုဒ္ဓေဂါထာ တော်လောက်တော့ မရွတ်ဘဲ ခရီးမသွားပါဘူး၊ ခင်ဗျားလို ပရိတ်ကြီး တော့ စင်းလုံးချော မရဘူး'

'ဘာပဲဖြစ်ဖြစ်လေ၊ အဲသလို အားကိုးတစ်ခုခု ရှိထားရင် ပြီးတာပါပဲ'

ကျွန်တော်နှင့် လူရွယ်မှာ ချီးကျူးလေးစားသော အမူအရာဖြင့် ခေါင်းတညိတ်ညိတ် ထောက်ခံရင်း နားထောင်နေကြ၏။ ထို ဦးလေးကြီးက လူရွယ်ဘက်လှည့်၍ …

'ဒီမှာ ငါ့တူရဲ့၊ ငါ့တူလဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ရတနာသုံးပါး လေးစားကြောင်း မြင်တာနှင့် ဦးလေး သိပါတယ်၊ စကားစပ်မိလို့ ဒီက ညီတော်မောင် တူတော်မောင်များ လိုအပ်ရင်လဲ သုံးဖို့ ဦးလေးရဲ့ ခရီးထွက်ခါနီး ဝတ်တစ်ခု လုပ်ထားတာ ပြောရဦးမယ်'

'ပြောပါ ပြောပါ၊ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်'

'ထူးဆန်းလှတယ်ရယ်တော့ မဟုတ်ပါဘူး၊ ဦးလေးဟာ ညအိပ်ခရီးထွက်တိုင်း ခရီးထွက်ခါနီး ဘုရားရှေ့မှာ သွားပြီး ကန်တော့တယ်၊ ဘယ်လောက် အရေးကြီးကြီး သရဏဂုံ၊ ငါးပါး သီလနှင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်လောက်တော့ ရွတ်ဆို ပူဇော်တယ်၊ ဟို … မိဘနှစ်ပါးရှိတုန်းကဆိုရင် အမြဲ ဦးချ ကန်တော့ပြီးမှ ခရီးသွားလေ့ရှိတယ်၊ ဒါ ထုံးစံပဲ၊ အထူးသဖြင့် ဘုရား တရား သံဃာ ဒီရတနာ မြတ်သုံးပါးကိုတော့ ဘေးရန် ပယ်ဖျောက် ပြီး ချမ်းသာအောင် စောင့်ရှောက်တော်မူနိုင်တဲ့ အားကိုးရာကြီးပဲ ဆိုတာ ဉာဏ်ထဲမှာ ပေါ်အောင် အာရုံစိုက်ပြီး



ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ၊ တတိယမ္ပိ …

ဒီ သရဏဂုံ သုံးပါးကိုတော့ ၄-၅-၁၀ ခေါက် ရွတ်ဆို ကန်တော့လေ့ရှိတယ်၊ ကားပေါ် ရထားပေါ် ရောက်တော့လဲ ထုံးစံအတိုင်း ပရိတ် စသည် ရွတ်တာပေါ့လေ၊ အဲသလိုမှ မရွတ်ရရင် မနေတတ်ဘူး၊ စိတ်ထဲမှာ တစ်ခုခု လိုနေသလိုပဲ'

"ဦးလေးဟာ မထူးဆန်းဘူး ဆိုပေမယ့် 'ဝတ်' လုပ်ထားတာက အတော့်ကို အတုယူစရာ ကောင်းပါတယ်၊ ငါလဲ နောက်ကို သည်အတိုင်း 'ခရီးသွား ဝတ်' လုပ်ထားဦးမှပဲလို့ နားထောင်ရင်း ဆုံးဖြတ်မိပါတယ်"

လူငယ်မှာ သူ့ပုတီးကလေးကို လက်က ပွတ်ရင်း အားတက်သရော ထောက်ခံ ပြောဆိုသည်ကို ကြားရရာ ကျွန်တော့်မှာ ဝမ်းသာမဆုံး ဖြစ်နေမိ၏၊ လူငယ်သည် တစ်ချက်တစ်ချက် ကျွန်တော့်အား စိုက်၍ စိုက်၍ ကြည့်ပြီး တစ်စုံတစ်ခု စဉ်းစားဟန်ဖြင့် မျက်နှာလွှဲ လွှဲသွားသည်။

လူရွယ်က ဆက်၍ ဝေဖန်ပြောဆိုသော စကားများမှာ အရွယ်နှင့်မလိုက် ပို၍ပင် အံ့သြနေမိသည်။

'သရဏဂုံ သုံးပါးကို အသားပေးပုံချင်းကတော့ ကျွန်တော်နှင့် ဦးလေး အကြိုက်ချင်း တူသွားပြီ'

http://www.dhammavideo.com/



သရဏဂုံဟာ ဘယ်လောက် အရေးပါသလဲ ဆိုလျှင်...

"ဦးလေးကတော့ ဘာရယ်လို့ မဟုတ်ပါဘူး၊ ငယ်ငယ်ကတည်းက လူကြီးမိဘတွေက ထမင်းစားတာတောင် ပထမဆုံး သုံးလုတ်ကို ထမင်းချည်း သက်သက်ဆုပ်ပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဆိုပြီး စားရင် သူများ မပြုစားနိုင်ဘူး၊ အစာ အဆိပ်အတောက် မသင့်ဘူး၊ လာဘ်ရွှင်တယ်၊ အန္တရာယ်ကင်းတယ်၊ ကုသိုလ်ရတယ် စသည်ဖြင့် ပြောဆို ဆုံးမကြလို့ ငယ်ငယ်ကတည်းက အလေ့အကျင့် ဖြစ်နေတာ"

'အာ ... ဒါလဲ ကောင်းတဲ့ အလေ့အကျင့်ပဲ ဦးလေး'

'နောက် အသက်ကလေးရလာလို့ လေ့လာကြည့်တော့ ဒီ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟာ နှယ်နှယ်ရရ မဟုတ်ဘူး၊ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသူတိုင်း ပထမဆုံး မရွတ်မနေရ၊ ဒါကို ရွတ်ဆိုမှသာ ဗုဒ္ဓဘာသာဝင် ဖြစ်ခွင့် ရှိတယ်ဆိုတော့ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ ပထမဆုံး အဘိသိက် သွန်းပေးတဲ့ ဂါထာတော် ဖြစ်နေမှန်း သိရတယ်၊ အရိယ သာဝိတ္တိဂါထာ ခေါ်ဆိုပဲ'

'အဲဒါ ကြားဖူးတယ်'

'နောက်ပြီး - သာသနာ့ဘောင်ဝင်ဖို့ ရှင်သာမဏေ ပြုတယ် ဆိုရင်လဲ ဒီ သရဏဂုံကို ပီပြင်အောင် မရွတ်ဆိုနိုင်ရင် သာမဏေ မဖြစ်ဘူး၊ ဘုရား လက်ထက်တော်က ရဟန်းပြုတာတောင်မှ ကမ္မဝါတွေ ဘာတွေ မလုပ်ရဘဲနဲ့ ဒီသရဏဂုံ သုံးပါးနှင့်ကို ရဟန်းဖြစ်ခွင့် ရသူတွေ ရှိခဲ့သတဲ့"



'ဦးလေးပြောမှပဲ ဒီလောက်လေးနက်မှန်း သတိပြုမိတယ်၊ ကောင်းလိုက်တာဗျာ'

'ဒါတင် ဘယ်ကဦးမလဲ၊ ဒီ သရဏဂုံ သုံးပါး ဂါထာကို အနက် အဓိပ္ပာယ်ဆိုက်အောင် ဖြည်းဖြည်းချင်း လေးလေးနက်နက် စဉ်းစားပြီး ရွတ်ဆိုရင် ဗုဒ္ဓါနုဿတိ, ဓမ္မာ နုဿတိ, သံဃာ နုဿတိ ဆိုတဲ့ ကမ္မဋ္ဌာန်း သုံးမျိုး ဆိုက်သွားတယ်၊ ပါးစပ်က ရွတ်တာ လွှတ်ပြီး ဆင်ခြင်စဉ်းစားတဲ့အပိုင်း အလေးပေးလိုက်ရင် အနုဿတိ ကမ္မဋ္ဌာန်း လုံးလုံး ဖြစ်သွားတယ်၊ ဦးလေးတော့ ဒီ သရဏဂုံ သုံးဂါထာကို ရွတ်ရတာ သိပ်အရသာ ရှိနေတယ်'

## သရဏဂုံ အဓိပ္ပာယ် သိမှတ်ဖွယ်

'ဒီလိုဆို အနက်အဓိပ္ပာယ်ကို ထိထိမိမိ သိဖို့တော့ လိုမှာပေါ့နော်'

'အာ လိုပြီလား ငါ့တူရယ်၊ ဦးလေးက ပါဠိစာတွေ ဘာတွေ မတတ်ပါဘူး၊ ဒါပေမယ့် တတ်တဲ့ပုဂ္ဂိုလ်တွေက ပြောထားရင် လေးလေးစားစား မှတ်သားလေ့ရှိတယ်၊ စာတတ်ပေတတ် ဆရာတော်တစ်ပါးက အမိန့်ရှိဖူးတယ်။

"ဗုဒ္ဓံ သရဏံက 'သရဏ' ဆိုတာ စဉ်းစား တွေးတောခြင်း၊ ကြံစည်အောက်မေ့ခြင်း၊ သတိရခြင်း အဓိပ္ပာယ်ရှိသတဲ့၊ လောကမှာ စဉ်းစား တွေးတောစရာ၊ ကြံစည် အောက်မေ့စရာ၊ သတိရစရာတွေ မဆုံးနိုင်အောင်ရှိပေတဲ့၊ ဒါကမှ တကယ့်ကို စဉ်းစားတွေးတောစရာ၊

http://www.dhammavideo.com/



ကြံစည်အောက်မေ့စရာ၊ အမြဲတမ်း သတိရနေရမယ့်ဟာ အစစ်ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်သတဲ့"

(အဘိ-ဋ္ဌ-၁ ၁၉၁။)

'အဓိပ္ပာယ်ရှိလိုက်တာ ဦးလေးရယ်'

"တကယ်တော့ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်က သူ့ဝေါဟာရအရ သက်ရောက်လို့ ဆွဲယူတဲ့ သဘောပဲတဲ့။ 'သရဏ' ရဲ့ ဆိုလိုရင်း မူလ အဓိပ္ပာယ်ကတော့ ...

'သရဏဂုံ တည်တဲ့လူအတွက် ယခုဘဝရော၊ နောင်ဘဝအတွက်ပါ မကောင်းကျိုးတွေ ဖယ်ရှား၊ ကောင်းကျိုးတွေ ဖြစ်ပွားအောင် **ဘေးရန် အန္တရာယ်မှန်သမျှ တားဆီးဖယ်ရှားပေးတာ** **သရဏဂုံ** ခေါ်တယ်၊ သရဏဂုံ သုံးပါးရွတ်ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် သရဏဂုံရှင်အပေါ်မှာ ကျရောက်လာမယ့် ဘေးရန်အန္တရာယ်မှန်သမျှ ပယ်သတ်ပစ်နိုင်တဲ့ အစွမ်းသတ္တိရှိတယ်လို့ ဆရာတော်အမိန့်ရှိတာ မှတ်သားရဖူးတယ်"[၁]

'ကျွန်တော့် ဆရာတော်က လက်ာကလေးတောင် အရကျက်ခိုင်းထားသေးတယ်'

'ရွတ်ပြပါဦး ဦးလေး ... ကျွန်တော် ကူးယူပါရစေ'

လူငယ်က ချက်ချင်း ဘောလ်ပင်နှင့် စာရွက်ကလေးကို ကပျာကယာ လက်ပွေ့အိတ်လေးထဲက ဆွဲထုတ်လိုက်သည်။

---

**၁။ ဟိတေ ပဝတ္တနေန, အဟိတာ စ နိဝတ္တနေန သတ္တာနံ ဘယံ သရတိ ဟိံသတိ ဝိနာသေတီတိ သရဏံ-ဒီ-ဋ္ဌ-၁၊ ၂၀၅-၆။**



'ကဲ ... ဒါဖြင့်ရင် ရွတ်ပြရသေးတာပေါ့ ...

၁။ ဘေးရန် ဖယ်ရှား၊ ကောင်းကျိုး ပွား၊ သုံးပါးသံ့ရဏ။

၂။ မမှိတ်မသုန်၊ ရွတ် ပွားထုံ၊ ပုံ၍ အားကိုးကြ။

၃။ အပါယ် ရှောင်လွှဲ၊ နတ်ဖြစ်လဲ၊ လွန်ကဲ ဂုဏ်ဆယ်ဝ'

'လက်ာဆောင်ပုဒ်က တယ်ကောင်းပါလား ဦးလေး'

'နေဦး ... နေဦး၊ မပြီးသေးဘူး၊ ဆက်ရေး ...

၄။ ဓာတ်စုံ နတ်စုံ၊ ဘိုးတော် ယုံ၊ ညိုးကြုံ သရဏ'

❖ ❖ ❖

## သရဏဂုံနှင့် နတ်ပြည်သွားသူ ဓာပ်ကြပ်ကြီး ဦးလှရွှေ

'ဦးလေး ဆရာတော့် ဆောင်ပုဒ်လက်ာက အသားပါလိုက်တာဗျာ၊ ဦးလေး လက်ာထဲမှာ 'အပါယ်ရှောင်လွှဲ နတ်ဖြစ်လဲ' ဆိုလို့ တစ်လောက ဖတ်လိုက်ရတဲ့ တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ တရားစာအုပ်ထဲက အကြောင်း သွားသတိရတယ်။

'ဆရာတော်ကြီးရဲ့ တပည့် ကပ္ပိယကာရက တပ်ကြပ်ကြီး ဦးလှရွှေဆိုတာ ရှိတယ်၊ ချင်းတောင် တောထဲလာပြီး ဆရာတော်ကြီး

http://www.dhammavideo.com/



ရဲ့ ဝတ်ကြီးဝတ်ငယ်ပြုနေတဲ့ ဒကာပေါ့၊ ဆရာတော်ကြီးက သူနှင့် ရင်းနှီးတဲ့ တပည့်ဒကာ-ဒကာမတွေကို နေနည်းတတ်ရုံတင်မကဘဲ သေနည်းတတ်အောင်ပါ သင်ပြပေးထားသတဲ့။

'တစ်နေ့တော့ တပ်ကြပ်ကြီးဦးလှရွှေဟာ ခရီးသွားရင်းနှင့် ငှက်ဖျား အပြင်းဖျားလို့ မိတ်ဆွေတွေက ကလေးမြို့က ဆေးရုံမှာ တင်ထားကြတယ်၊ သတိ ကောင်းကောင်း မရတော့ဘူး၊ ရောဂါက ပြင်းထန်၊ ဆေးက ထက်ထက်နှင့်ဆိုတော့ ဆေးရုံခုတင်ကလေးပေါ်မှာ သတိမရတစ်ချက် ရ တစ်ချက်နှင့် မျက်စိမဖွင့်ဘဲ ဝေဒနာကို အပြင်းအထန် အလူးအလဲ ခံစားနေရရှာတယ်။'

'ဆရာတော်ကြီး သင်ပြပေးထားတဲ့အတိုင်း မိမိပြုလုပ်ခဲ့တဲ့ ဒါန, သီလတွေ ပြန်လည်ဆင်ခြင်တာ၊ ဘာဝနာ ပွားများတာ မလုပ်နိုင်တောင်မှ အနည်းဆုံး သရဏဂုံသုံးပါးကိုတော့ ရွတ်ဆိုနိုင်အောင် ကြိုးစားရမယ်ဆိုတဲ့ အသိနှင့် ဦးလှရွှေဟာ သတိလည်လာတာနဲ့ သရဏဂုံသုံးပါးကို ရွတ်ဆိုတယ်၊ တိုတိုပြောရရင် ဦးလှရွှေဟာ တောင်ကျချောင်းရေစီးထဲမှာ တုံးတိုကိုဖက်ပြီး ကူးရသလို ရောဂါရယ်၊ ဆေးရယ်၊ သရဏဂုံရယ် ဗလုံးဗထွေးနှင့်ပဲ ကွယ်လွန်သွားရှာတယ်လို့ ဆိုပါတယ်။'

'မကြာခင်ပဲ တပ်ကြပ်ကြီးဦးလှရွှေ နတ်ပြည်မှာ ရောက်သွားတဲ့ အထောက်အထားတွေ တွေ့ရှိရကြောင်း ဝမ်းနည်း ဝမ်းသာ ဆရာတော်ကြီး အမိန့်ရှိတာကို ဖတ်ရှု ကြည်ညိုရပါတယ်'

'အေး ... သာဓု သာဓု ... ကောင်းလိုက်လေကွာ၊ ဒီတော့ မြတ်စွာဘုရား တရားတော်တွေဟာ သရဏဂုံသုံးပါးလောက်ကိုပဲ



တကယ်ယုံကြည်ပြီး အဟုတ် စွဲမြဲတဲ့ ပုဂ္ဂိုလ်များ ဒီလိုအကျိုးတွေ ခံစားကြရတယ်ဆိုတာ ခိုင်မာတဲ့ သာဓကတွေပေါ့ကွာ၊ သရဏဂုံဟာ သူ့အတွက် ဘဝခရီးဖော်ပေါ့'

'အဲဒီ တရားစာအုပ်ထဲမှာ သရဏဂုံနှင့် စပ်လို့ တော်တော် ကျေနပ်စရာကောင်းတဲ့ ဖြစ်ရပ် ဇာတ်လမ်းကလေး တစ်ပုဒ်လဲ ပါသေးတယ်ခင်ဗျာ၊ ကျွန်တော်ဖြင့် ဆရာတော်ကြီး တရားစာဖတ်ရတာ အားတွေကို တိုးသွားတာပဲ'

'ဆိုပါဦး'

လူငယ်က တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ လက်တွေ့ သရဏဂုံ ဇာတ်လမ်းကို စိတ်ပါလက်ပါ ထပ်မံ၍ ဖောက်သည်ချသည်ကို ကျွန်တော်တို့အားလုံး မလှုပ်မယှက် နားထောင်နေမိကြသည်။ ဆရာတော်ကြီး၏ **ချမ်းမြေ့စွာ ဘဝနေနည်း** စာအုပ်မှာ ဖတ်ရကြောင်းကိုလည်း လူငယ်က ဝန်ခံပြောဆို၏။

❖ ❖ ❖

## ဥပစ္ဆေဒကာရန်လုံ့ သရဏဂုံ

## ကျွန်းရင်းရွာကျောင်း ဘုန်းကြီး ဦးဝါယမ

[သရဏဂုံနှင့် သေရင် နတ်ပြည်ရောက်ဖို့ ကျိန်းသေသလို [illegible]ရဏဂုံကိုသာ ရွတ်နေ၊ ဘယ်ဥပစ္ဆေဒက၊ ဘယ် သေခြင်းဆိုးနှင့်မှ [illegible]သာစေရဘူး၊ သေချာတယ်၊ လက်တွေ့ တစ်ခုပြောမယ်။

http://www.dhammavideo.com/



ဟို ... ဂျပန်ခေတ် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဘုန်းကြီးတို့ ရွှေဘို၊ ဒီပဲယင်းမြို့နယ်မှာ ကျွန်းရင်းရွာဆိုတာ ရှိတယ်၊ အဲဒီရွာမှာ ကျောင်းထိုင်တဲ့ ဘုန်းတော်ကြီးက ဦးဝါယမ ... တဲ့၊ ဘုန်းကြီးလုပ်ရတာ မလွယ်ဘူး၊ 'အစ ရှိုးစေ၊ တစ်စတစ်စ တိုးစေ' ဆိုတဲ့ အတိုင်း ဘုန်းတော်ကြီး ဦးဝါယမဟာ ရှိုးလဲ ရှိုးသားတယ်၊ ရပ်ရွာနယ်ပယ် ဒကာ ... ဒကာမတွေကို ပြောဆိုဆုံးမလို့ ကျောင်းကန်လဲ တစ်စတစ်စ တိုးတက်တယ်လို့ ဆိုတယ်။

အချိန်အခါက တရားမရှိ ဓားမရှိ ခေတ်ပျက်ခေတ်ဆိုးကြီး ဆိုတော့ ဟိုနယ် ဒီနယ်မှာ ခိုးဆိုး လုယက် တိုက်ခိုက်မှုတွေလဲ များတယ်၊ ဘုန်းကြီးသော ဘာသော မရှောင်ကြတော့ဘူး။

အဲ .. တစ်ညသဉ္ဇ လ, ကလဲ သာသာ၊ လူဆိုးတစ်စုဟာ လက်နက်ကိုယ်စီကိုင်ဆောင်ပြီး ကျွန်းရင်းရွာ ဘုန်းကြီး ဦးဝါယမ ကျောင်းထဲ ဝင်လာကြတယ်၊ ကျောင်းထဲ ရောက်တယ်ဆိုရင်ပဲ အေးချမ်းစွာ နေလေ့ရှိတဲ့ ဘုန်းကြီး ဦးဝါယမကို ကြိုးတွေနှင့် တင်းကျပ်စွာ တုပ်နှောင်ပြီး တောကြီးတစ်ခုထဲ ဆွဲခေါ်သွားကြတယ်။

## တွင်းနှုတ်ခမ်းမှာ သရဏဂုံတင်

တောကြီးတစ်နေရာရောက်တော့ အရပ်ခိုင်းလို့ ရပ်ပြီး ကြည့်လိုက်တဲ့အခါ အဆင်သင့် ကြိုတင်ပြီး ကျင်းအနက်ကြီး တူးထားတာကို တွေ့ရတော့တာပဲ။ ဘုန်းကြီးက ...

'မင်းတို့ ငါ့ကို ဘာလုပ်ကြမလို့လဲ' လို့ မေးတော့ ...



'ကိုယ်တော့ကိုသတ်ပြီး ဒီကျင်းထဲ မြှုပ်ဖို့ပဲ' လို့ လူဆိုးများက မဆုတ်မဆိုင်း ဟုတ်တိုင်းမှန်ရာ ပြောကြတယ်။

'အေး ... မင်းတို့ ငါ့ကို သတ်ချင်လဲ သတ်ကြပါ၊ ငါ့ဝဋ်က ရှိနေမှတော့ ခံရမှာပေါ့၊ ဒါပေမယ့် ခဏလောက်ဆိုင်းငံ့ကြပါဦး၊ ငါ ဘုရား ပဏ်တက်ပါရစေဦး' လို့ ပြတ်ပြတ်ရှင်းရှင်း၊ ရဲရဲတင်းတင်းပဲ ပြောဆို ခွင့်တောင်းလိုက်တယ်။

ဘုန်းကြီး ဦးဝါယမကလဲ သရဏဂုံစွဲထုံထားတဲ့ ဘုန်းတော်ကြီးတစ်ပါးဆိုတော့ ခုလဲ သေရမယ့် အရေးကို တွေးပြီး ကြောက်မနေအားဘူး၊ ကြောက်လို့လဲ ရမှာ မဟုတ်တဲ့အတူတူ၊ 'သရဏဂုံနှင့်ပဲ ငါ့ဘဝကို နိဂုံးချုပ်စေရမယ်' လို့ ကြိုတင် ပုံစံချထားခဲ့သလိုပဲ လူဆိုးများက ခွင့်ပေးတာနဲ့ ချက်ချင်း အဲဒီ တွင်းနှုတ်ခမ်းမှာပဲ ဆောင့်ကြောင့်ထိုင်၊ ဘုရားကို ရည်မှတ်ပြီး လက်အုပ်ချီ ကန်တော့လိုက်တယ်၊ မျက်စိမှိတ်ပြီး ပါးစပ်က သူလေ့လာရွတ်ဆိုနေကျအတိုင်း ဖြစ်ပါလိမ့်မယ်။

"အရဟံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရ-ဟံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အ-ရဟံ သံဃံ သရဏံ ဂစ္ဆာမိ" လို့ စိတ်ထဲက လှိုက်လှဲစွာ မျက်ဆို ရှိခိုးလိုက်သတဲ့။

တစ်နည်းအားဖြင့် ပြောရရင် သူ့ကိုယ်သူ သရဏဂုံတင် လိုက်တာပေါ့လေ။

## ထပ်ဆင့် အံ့ဖွယ် ကြုံရတယ်

လူဆိုးများကလဲ လသာသာ မျက်စိအောက်မှာ ရှိခိုးနေတဲ့ ဘုန်းတော်ကြီး ဦးဝါယမကို စောင့်ဆိုင်း ကြည့်နေကြတယ်။ အဲသလို ဝိုင်းပြီး ကြည့်နေကြတုန်း ဖြုန်းဆို မမျှော်လင့်ဘဲ မိုးမှောင်ကြီး ကျလာ လိုက်တာ ဘယ်သူ့ ဘယ်သူမှ မမြင်ကြရတော့ဘူးတဲ့၊ လူဆိုးများလဲ ကြောက်ရွံ့ ထိတ်လန့်ပြီး ခြေဦးတည့်ရာ ထွက်ပြေးသွားကြတယ်။

ထပ်ဆင့် အံ့ဩစရာကောင်းတာက ဘုန်းတော်ကြီး ဦးဝါယ မလဲ မကြုံစဖူး အံ့ဩကာ သရဏဂုံတန်ခိုးကို စဉ်းစားရင်း သူ့တစ် ကိုယ်လုံး တင်းကျပ်စွာ တုပ်နှောင်ထားတဲ့ ကြိုးတွေအားလုံး အလိုလို ပြေသွားတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ ဘေးကင်း ချမ်းသာစွာ မိမိ ကျောင်း ပြန်လာခဲ့သတဲ့။

တကယ်လို့ ဘုန်းကြီး ဦးဝါယမဟာ အဲဒီအချိန်က ပျံလွန် တော် မူသွားလျှင်လည်း နတ်ပြည်ရောက်မှာ သေချာပါတယ်။

## အကြောင်းရှာတော့ ရန်သူဟာ ပစ္စည်း

ဘုန်းကြီး ဦးဝါယမလဲ ကျောင်းပြန်ရောက်တာနဲ့ ဖြစ် ကြောင်းစုံ ပြန်လည်စဉ်းစားကြည့်တယ်၊ သူ့ကို ရန်ငြိုးထားသူရယ် လို့လဲ မရှိ၊ မည်သူနှင့်မှ မသင့်မမြတ်အောင်လဲ မနေခဲ့ဖူးဘူး။

'ဒီလူဆိုးတွေ ဒီလောက်ထိအောင် ငါ့ကို ဘာလို့ ကြံကြ ပါလိမ့်' လို့ အပြန်ပြန် အလှန်လှန် စဉ်းစားတော့ ပေါ်လာတယ်၊ သူ့ကျောင်းမှာ ပစ္စည်းပစ္စယ အသုံးအဆောင်တွေ ပြည့်စုံပေါများ



တယ်၊ ဒီလို ပစ္စည်းရှားတဲ့ ခေတ်ပျက်ကြီးထဲမှာ 'ဒီပစ္စည်းတွေ အတွက် ငါ့အသက် ရန်ရှာကြတာကိုး' လို့ အတိအကျ တွက်လို့ရ တယ်၊ 'ငါ့ရန်သူဟာ လူဆိုးတွေ မဟုတ်ဘူး၊ ဒီပစ္စည်းတွေပဲ' လို့ သဲသဲကွဲကွဲ တရားခံ မြင်လာတယ်။

ဒါနဲ့ ဘုန်းကြီး ဦးဝါယမလဲ မိမိ ပရိက္ခရာမှတစ်ပါး ဘာ ပစ္စည်းမျှ အပိုမယူပဲ ရွှေဘို ရေဦးမြို့က ဝါဆိုကျောင်းတိုက်သို့ ပြောင်း ရွှေ့ သွားခဲ့ကယ်၊ အဲဒီမှာ ၂-ဝါဆိုပြီး သရက်ပင်စုရွာ ဒကာ-ဒကာမ များက ပင့်လျှောက်တဲ့အတွက် အဲဒီရွာကျောင်းမှာ ရွှေ့ပြောင်း သိမ်တင်းသုံးတော်မူခဲ့တယ်၊ သရက်ပင်စုကျောင်းမှာပဲ ပျံလွန်တော်မူ သွားတာ မကြာလှသေးပါဘူး။

ပြောလိုရင်းက သရဏဂုံကို အထင်မသေးကြပါနဲ့၊ ဘုန်း တော်ကြီးများသော်မှ အဲသလို သရဏဂုံကို အားကိုးအားတား ပြုကြ တယ်ဟူ၍ မှတ်၊ နိုင်ငံကျော် ကမ္ဘာကျော် ပုဂ္ဂိုလ်ကျော် တောင်ပုလု ဆရာတော်ကြီး တစ်သက်လုံး ဒီသရဏဂုံကိုပဲ ဦးစားပေး ဟောသွား တာကိုလဲ သတိပြုကြရမယ်။]

## ခေတ်စုံ နတ်စုံ သရဏဂုံ

မည်သို့ဖြစ်စေ ခရီးဖော်များ၏ ဆွေးနွေးပြောဆိုခြင်းမှာ ကျွန်တော် မှတ်သားလောက်သော ဆွေးနွေးခြင်းဖြစ်၍ ကျွန်တော်ပင် ကျွန်တော် စိတ်ဝင်စားနေမိသည်။ လက်မှတ်စစ်များ ထွက်သွားလျှင် ကျွန်တော်ပင် မနေနိုင်တော့ဘဲ ဝင်ရောက် ဆွေးနွေးမိ၏။

http://www.dhammavideo.com/



'အင်း ... မိတ်ဆွေတို့က အတော် လေ့လာထားတာကိုး၊ ကျက်သရေ ရှိလိုက်တာဗျာ ... မိတ်ဆွေရဲ့ ဆရာတော့် စာကလဲ ထိမှ ထိပဲ၊ လူတစ်ချို့ဟာ ခါတ်တွေ၊ ယတြာတွေ၊ နတ်တွေ၊ ဘိုးတော်တွေဘက် မျက်နှာမူကုန်ကြတယ်၊ သရဏဂုံ ညှိုးနွမ်းပြီး ရတနာသုံးပါးလဲ မစွမ်းဘူး ဖြစ်ကုန်ကြတာပေါ့။ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်၊ ကိုးကွယ်မှု 'အံချော်' နေသလို သူတို့ ပုတီးစိပ်ကြ၊ ရွတ်ဆိုကြတာတွေကလဲ အစစ်အမှန်က နည်းနည်း' ဟု ကျွန်တော်က ထောက်ခံပေးလိုက်ရာ ထိုလူငယ်က ...

'ဟုတ်ပါ့ဗျာ ... ဦးလေး ပြောမယ်ဆို ပြောစရာပဲ၊ ခုနက ဦးလေးကြီး ရွတ်ပြသလို တန်ဖိုးရှိတဲ့ ဘုရားဟော မူရင်း မုခပါဌ်တွေ မဟုတ်တော့ဘူး ဦးလေး၊ ဆန်းတကော့ဆန်းဆိုတာတွေလိုက်ပြီး ဒီဂါထာက ဘိုးဘိုးအောင်ရဲ့ 'ပထမံ ဂါထာ ဒုတိယံ ဂါထာ'၊ ဒါက ဘယ်ဘုရား စမ္ဗဏ်က၊ ဘယ်ထီးတော်က ဂါထာဆိုပြီး ရည်ရွယ်ချက် မဟန်သလို ရွတ်ဆိုပွားများတဲ့ ဟာတွေကလဲ လွှဲ၊ တစ်စဉ်ကြီး လွှဲကုန်တော့တာပေါ့ဗျာ'

## တိဗက် မဟာယာန အောင်ခြင်းဂါထာ

ထိုအခိုက် သတင်းစာ ဖတ်လာခဲ့သော ခရီးဖော်လည်း ကျွန်တော့်လိုပင် မနေနိုင်တော့ဘဲ ဆွေးနွေးပွဲထဲ ဝင်လာ၏။

'နေပါဦး ... ကျွန်တော်မသိလို့ စကားဖြတ်ပြီး မေးပါရစေ၊ စကားကြော ရှည်တယ်တော့ မအောက်မေ့ပါနှင့်၊ ကျွန်တော့် အတွေ့အကြုံကလေး တစ်ခု မေးချင်လို့ပါ၊ ဒီလိုလေဗျာ ... ကျွန်တော့်မှာ



သားတစ်ယောက်ရှိတယ်၊ ဒီက တူတော်မောင်လို ပုတီးသမားပဲ၊ ဘာသာရေး တော်တော် လိုက်စားတယ်၊ ကျွန်တော့်မှာ လိုင်းကားလဲ ငါးစီးရှိတယ်၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်လဲ ရှိတယ်၊ ကျွန်တော့် သားကပဲ ဦးစီး လုပ်နေတာပါပဲ။

'ပြောချင်တာက မကြာခင်က ပေါ့ဗျာ ... ကျွန်တော့်သားဟာ ပန်းချီဆရာထံမှာ စာလုံးလှလှကလေး ရေးခိုင်းပြီး လက်ဖက်ရည်ဆိုင်က ဘုရားစင်မှာရော၊ ကားတွေမှာရော သုတ္တာတန်းကလေးကို ချိတ်ဆွဲထားတယ်၊ အဲ ... သုတ္တာက ...

'ဥုံ မဏိ ပဒ္မေ ... ဟုံ' မှတ်တာပဲ၊ ဒါနဲ့ ကျွန်တော်က သားကို မေးကြည့်တယ်၊ ဟာ ... ဒါ အခုပေါ်နေတဲ့ ဂါထာ၊ အန္တရာယ်ကင်းအောင်၊ စီးပွားတက် လာဘ်ရွှင်အောင် ဘုရားရှိခိုး ဆုတောင်း စာတန်းပေါ့၊ သားတောင် အဓိပ္ပာယ်မသိလို့ ပါဠိတွေ၊ သက္ကတတွေ တတ်တဲ့ ဆရာကြီးတစ်ယောက်ကို အဓိပ္ပာယ် မေးရသေးတယ် တဲ့၊ အဲဒါ ဘယ်လိုလဲဗျာ့'

'ဟုတ်တယ် ဦးလေး၊ ကျွန်တော်လဲ တွေ့မိတယ်၊ ဒါက မဟာယာန တိဗက်ဗုဒ္ဓဘာသာက လာတဲ့ဟာ၊ အရိမေတ္တေယျ ဘုရားလောင်းကို ရှိခိုး ဆုတောင်းတဲ့ ဂါထာလို့ ပြောတာပဲ'

'အေး ... ဟုတ်တယ်၊ မဟာယာန ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရားဆုပန်တွေ ဖြစ်သလို ကိုးကွယ်တော့လဲ ဘုရားလောင်း ရုပ်တု အမျိုးမဆုံးတဲ့ နတ်ရုပ်တွေကို ထုလုပ် ကိုးကွယ်ပြီး တစ်နေကုန် ပုတီးဖတ်နေကြတာပဲ၊ လူက မရွတ်နိုင်လဲ လေတံခွန်မှာ လေတိုက်

http://www.dhammavideo.com/



ရင် လည်နေတဲ့ ဘီးတွေမှာ၊ တံတိုင်းတွေမှာ ခုနက ပြောတဲ့ 'ဥုံ မဏိ ပဒ္မေ ဟုံ' ဆိုတာတွေ ရေးထားကြတယ်၊ လေထဲမှာ တံခွန် လှုပ်တိုင်း ဘီးလည်တိုင်း ကုသိုလ်ရနေတယ်ပေါ့လေ'

## အရဟံ ဆိုတာ

ကျွန်တော်က ဆက်၍ ထောက်ပေးလိုက်ရာ စောစောက ပြဿနာတင်သော ခရီးဖော်က ...

"ဟုတ်ပြီ၊ ကျွန်တော်က ကျွန်တော့်သား စာတန်းတွေမြင် တော့ ဥုံတို့ ဟုံတို့ ပါတာနဲ့ ဒါ နေရာမကျဘူးလို့တော့ ထင်တယ်၊ ဒါနဲ့ သားရယ် 'မင်္ဂလာပါ' တို့ 'အရဟံ' တို့ ရေးထားရင် တော် လောက်ပါပြီလို့ ပြောသေးတယ်၊ ဒီတော့ သားက ဘာပြောတယ် မှတ်လဲ၊ အဖေ့ အရဟံတို့၊ မင်္ဂလာပါတို့က 'အောက်' နေပြီတဲ့လေ၊ ဟက် ... ဟက် ... ဟက်၊ အိမ်ရောက်မှပဲ သူ့စာတန်း အဖြုတ်ခိုင်း ရတော့မှာပဲ'

ထိုအခါ သရဏဂုံအကြောင်း ရှင်းပြသော မိတ်ဆွေက ကျောမှီထိုင်ပြီး ဆေးလိပ်သောက်ရင်း နားထောင်နေရာမှ ကိုယ်ကို မတ်တည့်ပြီး ...

'အင်း ... မင့်သားက ဟို .... ငါတို့ ပုဇွန်တောင်ဈေးထဲက ဘဲဥကုလားလို ဖြစ်နေပါဦးမယ်'

'ဆိုစမ်းပါဦး'

'ဟိုဆိုင် ဒီဆိုင်တွေမှာ မင်းပြောတဲ့ '**အရဟံ**' တို့ 'မင်္ဂလာ



ပါ' တို့ ရေးထားတာ တွေ့တော့ ဘဲဥဖောက်သည် ကုလားကလဲ သူ့ဆိုင်မှာလဲ 'အရဟံ ဘဲဥဖောက်သည်' လို့ ဆိုင်းဘုတ် **ချိတ်ထား** တယ်'

'ဟား ... ဟား ... ဟား'

'ဟက် ... ဟက် ... ဒီလို မရေးကောင်းဘူး၊ **ဆိုင်းဘုတ်** ဖြုတ်လိုက်ပါ' လို့ ရင်းနှီးတဲ့ မိတ်ဆွေတွေက ပြောတာ**တောင် ဘဲဥ** ကုလားက မဖြုတ်နိုင်ဘူး လုပ်နေတယ်၊ ဒီ ဆိုင်းဘုတ် **ချိတ်ပြီးမှ** ဘဲဥတွေ လက်မလည်အောင် ရောင်းရသတဲ့၊ ဟက် ... **ဟက်၊ မင်း** သားလဲ အဲဒီ စာတန်းချိတ်ပြီးမှ လက်ဖက်ရည် ပိုရောင်းကောင်းတယ် ဖြစ်နေဦးမယ်၊ သိတဲ့ လူတွေအတွက် ရှက်စရာပေါ့ကွာ၊ သရဏဂုံ လောက် သဘောပေါက်ရင် ဈေးရောင်းကောင်းချင်တဲ့ လူလဲ ကောင်းသကွ၊ ရာထူး တက်ချင်တဲ့ လူလဲ တက်သကွ'

'ယုံတယ် ဦးလေး၊ ဟို ... ခုနက ဦးလေးပြောတာ ဘာတဲ့ (လူငယ်သည် လက်ထဲမှာ ကိုင်ထားသော မှတ်စုစာရွက်ကလေးကို ပြန်ကြည့်လျက်)

## နတ်ဖြစ်သော်လည်း နတ်ချင်း မတူစေရ

၃။ အပါယ် ရှောင်လွှဲ၊ နတ်ဖြစ်လဲ၊ လွန်ကဲ ဂုဏ်ဆယ်ဝ။

'ဒါကလေး အဓိပ္ပာယ် ရှင်းပါဦး ဦးလေး'

'အေး ... ဟုတ်သားပဲ၊ သရဏဂုံ သုံးပါးဟာ ဒီဘဝမှာ ပျော်ရောက်လာမယ့် ဘေးရန်ကိုသာမက အလွန်ကြောက်စရာ

http://www.dhammavideo.com/



ကောင်းတဲ့ အပါယ်ဘေးကိုတောင် ရှောင်လွှဲပေးနိုင်တယ်၊ ဒီဘ၀မှာ တွေ့ကြရတဲ့ ဘေးရန် အန္တရာယ်ဆိုတာ အပါယ်ဘေးကြီးလောက် ဘယ်မှာ ကြီးကျယ်လိမ့်ခတုံး၊ ဒါကိုတောင် ဖယ်ရှားပေးနိုင်တဲ့ သရဏဂုံ၊ သရဏဂုံ စွဲမြဲရင် အပါယ်မကျဘူးပေါ့ကွာ၊ ဒါ မဟာသမယ သုတ်မှာ ပါတယ်လေ'[၁]

'ဒါတင်လား၊ သရဏဂုံ စွဲမြဲထုံရင် နတ်ပြည်ကို ရောက်မယ်၊ နတ်ပြည် ရောက်ရုံတင် မကဘူး၊ သရဏဂုံ စွဲမြဲခဲ့တဲ့ နတ်သားဟာ အခြား နတ်သားတွေထက် သာလွန်တဲ့ အကျိုးဆယ်မျိုးရကယ်၊ ဆယ်မျိုးက အာယု၊ ၀ဏ္ဏ၊ သုခ၊ (အခြံအရံ၊ အကျော်အစော)ယသ၊ အစိုးရခြင်း (အာဓိပတေယျ)၊ နောက်ပြီး နက်၌ဖြစ်တဲ့ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ - အာရုံငါးပါး'

'ဒီလိုဆိုတော့ ဦးလေး၊ ဒီ ကြီးကျယ်တဲ့ နတ်စည်းစိမ်ဟာ ဒုတိယ ဆင့်ပွားအကျိုးပဲ၊ လက်ရှိဘ၀မှာ စီးပွားဥစ္စာ အာဏာ ရာထူး တက်ဖို့ ဈေးရောင်းကောင်းဖို့ ဆိုတဲ့ ရည်မှန်းချက်ဟာ အလေးအဖွဲ ပေါ့နော်'

'ဟုတ်ပြီလား ... စီးပွားတက်ချင်တဲ့ လူဖြစ်ဖြစ်၊ ရာထူး တက်ချင်-မြဲချင်တဲ့ လူဖြစ်ဖြစ်၊ သရဏဂုံထက်ကောင်းတဲ့ အဆောင် ကောင်း၊ ဂါထာကောင်း ဘယ်မှာရှိလိမ့်မတုံး၊ အဲဒီ အကျိုးဆယ်ပါး

---

၁။ ယေ ကေစိ ဗုဒ္ဓံသရဏံ ဂတာသေ၊
နေ တေ ဂမိဿန္တိ အပါယဘူမိံ။
(သံ-၁၊ ၂၅။)



ကို အရှင်မဟာ မောဂ္ဂလ္လာန်က တန်ခိုးတော်နှင့် တာ၀တိံသာနတ် ပြည် တက်ရောက်ပြီး သိကြားမင်းကို ဟောတာ၊ သံယုတ်ပါဠိတော် မြန်မာပြန်ကို ဖတ်ကြည့်ပါ မောင်ရင်၊ အလွန် ကြည်ညိုစရာ ကောင်း တယ်'[၁]

## သရဏဂုံအနက် အရကျက်ပါ

'ဒါထက် ဦးလေး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဦးလေး ရွတ်နေကျ အနက်တွေ ဘာတွေ ရှိဦးမှာပေါ့နော်'

'ရှိပြီလား မောင်ရင်၊ သရဏဂုံဟာ ဗုဒ္ဓဘာသာအဆောက် အအုံကြီးရဲ့ ဖောင်ဒေးရှင်းပဲ။ ဖောင်ဒေးရှင်း (အခြေခံ) မခိုင်တော့ ခုနကပြောတဲ့ 'ဓာတ်စုံ နတ်စုံ၊ ဘိုးတော် ယုံ' တွေ ဖြစ်ကုန်ကြတာ ပေါ့။ ထားပါတော့ ... ဦးလေး ရွတ်ဆိုနေကျ အနက်က ဗုဒ္ဓံ-ချင်းလဲ မတူဘူး၊ သရဏံ-ချင်းလဲ မတူဘူး၊ ဂစ္ဆာမိ-ချင်းလဲ မတူဘူး။ ဦးလေး ရဲ့ ဆရာတော် အနက်၊ မိရိုးဖလာ အနက် မဟုတ်ဘူး။ စာတွေ့ လက်တွေ့ တကယ်နှိုက်ချွတ်ထားတာ'

'ဟုတ်ကဲ့ ... ရွတ်ပြပါဦး ဦးလေး'

'နေဦး ... နောက်မှ ကူးရေး၊ ပထမဆုံး ဦးလေး ရွတ်ပြဦး မယ် ...

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ- သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊

---

၁။ သံ-၂-၄၆၂ (သဋ္ဌာ-သတ္တသုတ်)၊

http://www.dhammavideo.com/



ကိုယ်တိုင်မြင်၍၊ မြင်စေ ဟောဖော်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။

သရဏံ- ဘေးရန်ပယ်ဖျောက်၊ ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်ရာဟူ၍။

ဂစ္ဆာမိ- ယုံကြည်သိမှတ်၊ ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား'

'ရှေ့ဆက်ပါဦး ဦးလေး'

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ- မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်, ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကို။ (သရဏံ ဂစ္ဆာမိ- အတူတူပဲ။)

(၃) သံဃံ သရဏံ ဂစ္ဆာမိ။

သံဃံ- သမ္မုတိ, အရိယာ၊ နှစ်ဖြာသော သံဃာတော်မြတ် အပေါင်းကို။ (သရဏံ ဂစ္ဆာမိ။)

လူငယ်သည် စိတ်ပါဝင်စားစွာ တစ်ခေါက် ထပ်မံရွတ်ပြရန် တောင်းပန်ပြီး လိုက်၍ ရေးကူးသည်။ ပြီးလျှင် … သူ့သားအကြောင်း စောစောက ပြောသော မိတ်ဆွေက …

'ခင်ဗျား ရွတ်ပြမှ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ- အတော် ကြည်ညိုသွားပြီ'



'ကြည်ညိုရမယ်လေ'

'ဒါထက် … ကျွန်တော်လဲ မတောက်တစ်ခေါက် အင်္ဂလိပ်လိုရေးတဲ့ ဗုဒ္ဓဘာသာ စာအုပ်တွေ ဖတ်ကြည့်တယ်။ ခု အတိုင်းဆိုရင် သူတို့ ဘာသာပြန်တာ ပေါ့ရွတ်ရွတ်ကြီးများ ဖြစ်နေသလားလို့၊ အများအားဖြင့် ဘယ်လို ပြန်သလဲဆိုတော့ …

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
I take refuge in the Buddha.

ဓမ္မံ သရဏံ ဂစ္ဆာမိ။
I take refuge in the Dhamma.

သံဃံ သရဏံ ဂစ္ဆာမိ။
I take refuge in the Samgha.

'ဟုတ်ကဲ့ …ပြောနိုင်ပါတယ်။ တစ်ခုတော့ရှိတယ်။ ဘာသာပြန်ရတယ်ဆိုတာ အထူးသဖြင့် ဒီနေရာမျိုးရောက်တော့ ငုံမိရုံ၊ နှုတ်တက်လွယ်အောင် ပြန်ကြရတာလဲ ရှိတယ်။ ကျွန်တော်တို့ မြန်မာမှာ 'ဘုရား ကိုးကွယ်ပါ၏၊ တရား ကိုးကွယ်ပါ၏' ဆိုသလိုပေါ့။ နိုင်ငံခြားသားတွေထဲမှာလဲ အဓိပ္ပာယ် တော်တော် ပြည့်ပြည့်စုံစုံသိတဲ့လူတွေရှိပါတယ်။ ဥပမာ … ပထမဆုံး ပါဠိအင်္ဂလိပ်အဘိဓာန်လို့ ဆိုရမယ့် Childers ရဲ့ အဘိဓာန်မှာတောင် သရဏဂုံကို Refuge (ကိုးကွယ်ရာ)၊ Protection (ဘေးရန်အကာအကွယ်)၊ Salvation (ဘေးရန်အန္တရာယ်မှ လွတ်မြောက်ခြင်း) စသည်ဖြင့် အဓိပ္ပာယ် ဖော်ထားတာ တွေ့ရပါတယ်။

❖ ❖ ❖

http://www.dhammavideo.com/



## ကမ္ဘာကျော်

## အာဂျန္တာလိုဏ်ဂူထဲက သရဏဂုံသံကြီး

"စကားစပ်မိလို့ ပြောပါရစေဗျာ။ ကျွန်တော် ခုလိုခရီးဖော်တွေနှင့် တွေ့ဆုံရတာ ဂုဏ်လဲ ယူပါတယ်။ 'ကြည့်တတ်လျှင် မြင်တယ်' ဆိုတာလို ကမ္ဘာမှာ ဗုဒ္ဓဘာသာ ထွန်းကားဦးမယ့် အရိပ်နိမိတ်တွေ ဟို ခပ်စောစောကတည်းက အကဲခတ်လို့ ရတယ် ခင်ဗျာ။

'မိတ်ဆွေတို့လဲ သတိထားမိကြမှာပါ။ လွန်ခဲ့တဲ့ အနှစ် ၃၀-ကျော် ရန်ကုန်ကို 'ကုလား အင်္ဂလိမာလ ရုပ်ရှင်ကား ရုံတင်ပြသပြီးတဲ့နောက် လူတွေ့ရဲ့ နားမှာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ အသံဟာ တော်တော် ရိုက်ခတ်သွားတယ်။ ဒီကားက ကမ္ဘာ့ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး ရိုက်တဲ့ကား၊ ငြိမ်းချမ်းရေးဆု ရလေသလားတော့ မသိ။

'ဒါနဲ့ တစ်ဆက်တည်း ကျွန်တော် ပိုပြီးအံ့သြမိတာက ... မနှစ်က ကျွန်တော် အိန္ဒိယရောက်လို့ တောင်ကြီးတွေကို ကျောင်းဆောင်ကြီးတွေဖြစ်အောင် နှစ်-ရာနှင့်ချီပြီး ထွင်းထုထားရာ ကမ္ဘာကျော် အေလိုရာ, အဂျန္တာဆိုတဲ့ နေရာတွေကို ရောက်တယ်။ ကျွန်တော်တို့ ရောက်တဲ့နေ့က ဒေသန္တရ ဘုရားဖူး လူ ၃၀၀-လောက် ရှိမယ်ထင်တယ်။ အိန္ဒိယ တိုင်းရင်းသားတွေရော၊ နိုင်ငံခြားသားတွေရော၊ ကျွန်တော်တို့ အဖွဲ့မှာ နိုင်ငံခြားသားချည်း လူ ၃၀-လောက် ရှိမယ်။

ကျောင်းဆောင်တွေထဲမှာ ထုဆစ်ထားတဲ့ ရုပ်ပွားတော်



တွေဟာ ကမ္ဘာကျော်လောက်ပါပေတယ်။ အထဲကို လျှပ်စစ်မီးမောင်းထိုးသွားရတယ်။ 'ဂိုက်' (Guide) လုပ်တဲ့ လူက 'ကြည့်ကွက်' တစ်ခုပြီး တစ်ခု သမိုင်းကြောင်း ရှင်းပြတာကို ခရီးသည် အားလုံးက သူ့အနား ဝိုင်းအုံပြီး မတ်တတ်ရပ် နားထောင်ကြရတယ်။ အလွန်သပ္ပာယ်တဲ့ ရုပ်ပွားကြီးတစ်ဆူရှေ့လဲ ရောက်ကြရော 'ဂိုက်' က ဗုဒ္ဓအကြောင်းကို အတိုချုပ် ရှင်းပြတယ်။ မီးမောင်းကြီးလဲ ထိုးပြထားတယ်။ မြတ်စွာဘုရားရှင်ဟာ သက်တော်ထင်ရှား ကြွလာပြီး ကျွန်တော်တို့တစ်တွေကို ပြုံးကြည်စွာ နှုတ်ခွန်းဆက်တော် မူနေသလို ထင်ရပါတယ်။

ဗုဒ္ဓဝင် အကျဉ်းချုပ် ရှင်းပြပြီးတဲ့နောက် ဂိုက်က ကျွန်တော်တို့တစ်တွေ ကမ္ဘာ့ လူမျိုးစုံ၊ ဘာသာစုံပဲ အားလုံး လက်အုပ်ချီပြီး လိုက်ဆိုကြဖို့ ပြောပြီး သူက ရှေ့ကနေ တိုင်ဆိုပေးတယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

'တိုးရစ်စ် လူလေးငါးဆယ်လောက် ဝိုင်းပြီး ဆိုလိုက်တဲ့ အသံဟာ ကျောက်ဂူ လိုဏ်ကျယ်ကြီးထဲမှာ တစ်ခါတည်း ဟိန်းထွက်သွားတာပဲ။ ကျွန်တော်ဖြင့် ကျောတွေချမ်းပြီး ကြက်သီးတောင် ထခဲ့မိတယ်။ ဆိုပြီးတာနှင့် ဂိုက်လုပ်သလို အားလုံး ဦးညွတ်ပြီး အလေးပြုကြရတယ်'

လူငယ်သည် အထူးစိတ်ဝင်စားကာ ကျွန်တော့်အား စိမ်းစိမ်းကြည့်လျက် နေရာမှ ...

http://www.dhammavideo.com/



"ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ လူတွေတောင်မှ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ကို အကြောင်းအားလျော်စွာ ရွတ်ဆိုလာနေကြပြီဆိုတော့ အားတက်စရာပေါ့နော်"

"ဟုတ်ပါတယ်၊ ပြောဦးမယ်။ မိတ်ဆွေတို့ သိတဲ့အတိုင်း အနောက်နိုင်ငံတွေမှာ ဗုဒ္ဓဘာသာကို အထူး စိတ်ဝင်စားလာကြပြီး တစ်နေ့တစ်ခြား တရားထိုင်တဲ့ လူတွေ တိုးလာနေပါတယ်။ အမေရိကမှာ 'ဂျိုးဇက်ဂိုးလ် စတိုင်း' ဆိုတဲ့ မဟာစည်ဆရာတော်က ကမ္မဋ္ဌာန်းဆရာအဖြစ် ခွင့်ပြုထားတဲ့ ပုဂ္ဂိုလ်က The Experience of Insight ဆိုတဲ့ ကမ္မဋ္ဌာန်းစာအုပ်ကို ၁၉၇၅-ခုနှစ်က ရေးတာ ယခုဆို ၄-ကြိမ်တောင် ရိုက်ပြီး ပြန်ရိုက်တာ။'

## အမေရိကမှ သရဏဂုံ ရွတ်သံတွေ

'အဲ ... သူ့စာအုပ်ထဲမှာ - ဘယ်လူမျိုး - ဘယ်ဘာသာဝင်ပဲ ဖြစ်ဖြစ်၊ သူတို့ရိပ်သာကိုလာပြီး တရားထိုင်တဲ့ လူတိုင်း၊ ဒါလဲ ရာခိုင် ရှိတယ်။ ကမ္မဋ္ဌာန်းမထိုင်မီ ဒီ သရဏဂုံ သုံးပါးကိုတော့ လူတိုင်း ရွတ်ဆိုကြရတယ်။ အဲဒီ အနီးအနားမှာရှိတဲ့ ခရစ်ယာန်ကျောင်းဟာ ဆိုရင် ကျောင်းရှိ လူကုန် တစ်နှစ်တစ်လ၊ မထိုင် မနေရ၊ ကျောင်း အုပ်ဘုန်းကြီးကအစ တရားလာထိုင်ကြသတဲ့'

'အံ့ဩစရာပဲနော်၊ ဆက်ပြောပါဦး'

'အဲဒီ ကမ္မဋ္ဌာန်းဆရာကြီး စာအုပ်ထဲမှာ ဆိုထားတာက...

A traditional beginning for Meditation retreats is taking Refuge in the Buddha, Dhamma, and Samgha.



ကမ္မဋ္ဌာန်းတရား အားထုတ်ကြရာမှာ ထုံးတမ်းစဉ်လာ အရ ဦးစွာ ဘုရား တရား သံဃာ သရဏဂုံ သုံးပါးကို ရွတ်ဆို အောက်မေ့ကြရပါတယ်- လို့ အတိအလင်း ဖော်ပြထားတာ တွေ့နိုင်ပါတယ်'

'ဆရာကြီး ပြောသလို နိုင်ငံကြီးသားတွေက သိပ္ပံပညာကြား မှာ သရဏဂုံ ရွတ်နေကြတဲ့ အချိန်မှာ ကျွန်တော်တို့ဆီက လူတွေက ဉာဏ် တွေ သြောင်း တွေ ခံပြီး 'မနဲ့လေး သရဏံ ဂစ္ဆာမိ၊ ဘိုးတော် သရဏံ ဂစ္ဆာမိ' လုပ်နေကြတာ တော်တော် ရှက်စရာကောင်းနေပြီ'

သရဏဂုံ ရှင်းပြသော ဦးလေးကြီးက ခပ်ရွှန်းရွှန်းကလေး သာသာနှင့် နာနာ 'ဖိအား' ပေး ဘောက်ခံလိုက်၏။ ကျွန်တော်တို့ ခရီးသွား ဓမ္မသာကစ္ဆာအဖွဲ့မှာ 'အာကျေ' နေကြသည်။ ခေတ္တ စကားရပ်၍ ပါလာသော ရေနွေးကြမ်း၊ ကော်ဖီနှင့် မုန့်ပဲ သရေစာ များကို စားသောက်လိုက်ကြ၏။ ပို၍လည်း ခင်မင်ရင်းနှီးလာကြ သည်၊ တစ်ဦးနှင့်တစ်ဦး အမည် နေရပ် အလုပ်အကိုင်နှင့် စပ်၍ပင် မစပ်စုမိကြသေး။

## အတ္တသရဏ - ကိုယ့်ကိုကိုယ်သာ ကိုးကွယ်ပါ

'ကျွန်တော်ကတော့ ဆရာတို့ ပြောနေကြတာကိုပဲ နား ထောင်ပြီး ဝမ်းသာနေပါတယ်၊ နားထောင်သမားပဲ၊ ပါဝင်ဆွေးနွေး နိုင်လောက်အောင် မကျွမ်းလှဘူးခင်ဗျာ၊ ဒါပေမယ့် မသိတာတော့ မေး[illegible]

မျက်နှာချင်းဆိုင် ထိုင်ခုံမှ မြန်မာ-အင်္ဂလိပ် သတင်းစာများကို တစ်ခုပြီးတစ်ခု ဖတ်လိုက်၊ သတင်းစာကို ကိုင်ပြီး နားထောင်လိုက် လုပ်နေသော မိတ်ဆွေက 'စကားခေါ်' သဖြင့် ...

'ရပါတယ် မေးပါ၊ ဆွေးနွေးပါ။ ဒီလိုပေါ့ ကြုံတုန်း ပြောကြရတာ' ဟု ကျွန်တော်က ရေနွေးကြမ်းပန်းကန် မော့ရင်း လက်ခံဖိတ်ခေါ်လိုက်သည်။

'တစ်ခြားဟာ မဟုတ်ပါဘူး၊ စောစောက ပြောသလို ကျွန်တော်က ဘာသာရေးစာအုပ်ဆိုရင် အင်္ဂလိပ်လို နည်းနည်းပါးပါး ဖတ်ထားတာထဲက ဆရာတို့ပြောနေတဲ့ သရဏဂုံဆိုတဲ့ စကားနဲ့စပ်လို့ အင်္ဂလိပ်ဝါကျတစ်ခု ကောင်းလို့ ကျက်ထားဖူးတယ်။

'Dwell making yourselves your Island (Support), making yourselves, not anyone else, your refuge, making the Dhamma your Island (Support), the Dhamma your refuge, nothing else your refuge.'

'မြန်မာလိုကတော့ မိမိကိုယ်ကိုသာ ကိုင်းကျွန်းအဖြစ် နေရမယ်၊ ကိုးကွယ်ရာအဖြစ် နေရမယ်၊ အခြား မကိုးကွယ်ရဘူးလို့ ဆိုလိုတာပေါ့ဗျာ၊ ဒီတော့ ရတနာသုံးပါးကိုသာ ကိုးကွယ်ရမယ်ဆိုတဲ့ စကားနှင့်များ ကွဲလွဲမှု ရှိနေမလားလို့'

'ဟော ... မိတ်ဆွေက နားထောင်သမားလို့သာ ဆိုတယ်၊ ပြောမယ့်ပြောတော့ အလွန်အကွက်ဆိုက်တဲ့ ဆွေးနွေးချက်ပဲ။ မှန်လိုက်လေဗျာ။ ကျွန်တော်ဖြင့် မစဉ်းစားမိဘူး။ ပါဠိလိုတော့ 'အတ္တ



သရဏာ- မိမိသည်သာ မိမိကိုးကွယ်ရာ' လို့ ဆိုလိုတာပေါ့။ သိပ်မိတဲ့ ကွက်စိရှင်ပဲဗျို့။ တကယ်တော့ ကိုယ့်အား ကိုယ်ကိုး ရမယ်ပေါ့ဗျာ။ သူနှင့် ဆက်လျက် စကားတစ်ဝါကျ ပါသေးတယ် မဟုတ်လား' ဟု ကျွန်တော်က ထောက်လိုက်၏။

'ဟုတ်ပါတယ် ... နောက်ဝါကျကတော့ မိမိကိုယ်ကို နေရာမှာ တရားကို ကိုးကွယ်ရမယ်လို့ ဆိုတာပဲ ထူးပါတယ်'

'အတ္တ သရဏာ' မိမိကိုယ်ကို ကိုးကွယ်ရမယ် ဆိုတာဟာ တကယ်တော့ 'ဓမ္မ သရဏာ' တရားကို ကိုးကွယ်ရမယ်လို့ ဆိုလိုတာပါပဲ။ သရဏဂုံသုံးပါး ကိုးကွယ်ရမယ်ဆိုတာနဲ့ မကွဲလွဲပါဘူး။ ဒီစကားက မြတ်စွာဘုရားက မဟာ ပရိနိဗ္ဗာနသုတ်တော်မှာ ဟောတော်မူတဲ့ စကားပါ'

ကျွန်တော်က ပါဠိမူရင်းကိုပါ ရွတ်ဆိုပြလိုက်သည်။[၁]

'ဦးလေး အခုရွတ်ပြတဲ့ ပါဠိတော်ကို အပြည့်အစုံ ဘာသာပြန်ပြပေးပါဦး'

'ရဟန်းတို့။ သင်တို့သည် မိမိကိုယ်ကို ကိုင်းကျွန်းပမာ ထောက်တည်မှီခိုရာ ပြု၍ နေကြကုန်လော့၊ မိမိကိုယ်ကို ကိုးကွယ်ရာပြု၍ နေကြကုန်လော့။ (မိမိမှ တစ်ပါး) အခြား တစ်စုံတစ်ရာ ကိုးကွယ်ရာ မထားမူ၍ နေကြကုန်လော့။ ရဟန်းတို့၊ သင်တို့သည် တရားတော်ကို ကိုင်းကျွန်းပမာ

---

၁။ အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ။ ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ ဓမ္မသရဏာ အနညသရဏာ။

http://www.dhammavideo.com/



ထောက်တည်မှီခိုရာ ပြု၍ နေကြကုန်လော့။ တရားကိုသာ ကိုးကွယ်ရာပြု၍ နေကြကုန်လော့။ (တရားတော်မှ တစ်ပါး) အခြား တစ်စုံတစ်ရာ ကိုးကွယ်ရာ မထားမူ၍ နေကြကုန်လော့ ...

အဓိပ္ပာယ် ဆိုလိုချက်က ဒါပါပဲ”

‘ဒီလိုဆိုတော့ ဘုရားဟောတာ ရှင်းနေတာပဲ၊ စောစောက ပြောတဲ့ နတ်တို့ ဓာတ်တို့၊ ဘိုးတော် ဘွားတော်တို့၊ အင်း အိုင် ခါးလှဲ့ လက်ဖွဲ့တို့၊ အဆောင်တို့၊ ယတြာတို့ ဘာတို့၊ ဘာဆို ဘာမှ အပို ကိုးကွယ်ရာ ရှာမနေကြနှင့်လို့ ဆိုလိုတာ ပေါ့နော်”

## ရေထဲမျောပါမသွားအောင် ကျွန်းပေါ်မှာ မြဲမြဲရပ်ပါ

‘အေး ... ငါတူ နားလည်တာ အမှန်ပဲ၊ ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာထဲမှာ မျောနေတဲ့ လူ၊ ရေနစ်တဲ့ လူအတွက် ကိုင်းကျွန်း မဆိုထားနှင့်၊ သစ်တုံးကလေး တစ်တုံး ရရင်ပဲ အသက် အန္တရာယ်အတွက် အားကိုးစရာ ဖြစ်တယ်။ ကိုင်းကျွန်းတွေ့ရတယ် ဆိုရင် ဘာမှ ပြောစရာ မလိုဘူး။ ထောက်တည်မှီခိုရာ အားကိုးရာ ဘေးကင်းရာ ရသွားပြီ။

‘ထို့ အတူပဲ သရဏဂုံ, ငါးပါးသီလကစပြီး မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေဟာ ဘေးရန် အန္တရာယ်တွေ အမျိုးမျိုးနှင့် လုံးထွေးရစ်ပတ်ပြီး ဘဝ သံသရာကြောမှာ မျောပါနေကြရတဲ့ တို့ သူငါတွေအတွက် အလွန်အားကိုးရတဲ့ စိတ်ချရတဲ့ ကျွန်းကြီးတွေပဲ၊ ဒီ ကျွန်းကြီးတွေ ပေါ်မှာသာ မရွေ့မပြောင်းဘဲ ခိုင်ခိုင်မြဲမြဲ



ရပ်တည်နေရင် ရေဘေး, ငါးမန်းဘေး, မိကျောင်းဘေး, ဘာဘေး ရန်မှ စိုးရိမ်စရာ မရှိတော့ဘူး။

‘တကယ်တော့ ရေထဲမျောနေတဲ့ လူကမှ ကျွန်းရဲ့ကျေးဇူးကို သိတတ်တာပဲ။ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ငါးပါးသီလက အစ ဒီ တရား တော်တွေဟာ အဲသည်လောက် အားကိုးရတယ်လို့ ဟောတော်မူ တာပဲ။ စိတ်တုံးတုံးချ ယုံကြည်အားကိုးကြဖို့ အင်မတန် ကောင်းပါ ကယ်’

လူငယ်က ကျွန်တော့အား စိုက်ကြည့်ကာ ...

‘နေစမ်းပါဦး ... ဦးလေး၊ ဦးလေးကို ကျွန်တော် မြင်ဖူး သလိုလိုရှိလို့ ရထားတွဲပေါ် ရောက်ကတည်းက စဉ်းစားနေတာ၊ စဉ်းစားလို့ မပေါ်ဘူး။ စကား ဆွေးနွေးပွဲကလဲ ကောင်းနေလို့ မမေး မိဘူး။ ဦးလေးနာမည်က ...’

‘ဦးဌေးလှိုင်’

‘ဟုတ်ပြီ၊ ဦးလေး ... ဓမ္မာစရိယ ဦးဌေးလှိုင် မဟုတ်လား အား ...’

ထိုအခါ မိတ်ဆွေများအားလုံးပင် အံ့အားသင့်ခြင်း၊ ဝမ်း သာခြင်းနှင့်အတူ မဂ္ဂဇင်းထဲမှာ ဓာတ်ပုံတွေ့ဖူးကြောင်း၊ ကျွန်တော့် စာအုပ်တွေ ဘာတွေ ဖတ်ဖူးကြောင်း ဝိုင်းပြီး ချီးကျူးနေကြသည်နှင့် မျက်နှာမထားတတ်အောင် ရှိရ၏။ ထိုအခါ ဦးလေးကြီးက ...

‘အင်း ... ကျွန်တော်တို့က တကယ့်ဆရာကြီးရှေ့မှာမှ လူတတ်လုပ်ပြီး ပြောမိလျက်သား ဖြစ်နေပြီ’

http://www.dhammavideo.com/



'အာ ... မဟုတ်ပါဘူး၊ ကျွန်တော်လဲ ဆရာကြီး မဟုတ်ပါဘူး။ ခုလို ကြားရတာ တွေ့ရတာ ကျွန်တော် သိပ်ဝမ်းသာနေတာ၊ ဒီလို ခရီးဖော်ဟာ တွေ့ရခဲပါတယ်' စသည်ဖြင့် လေပြည်ထိုး နှစ်သိမ့်စကား အားပေးစကား ပြောကြားပေးရသည်။ တကယ်လည်း ချီးကျူးမိပါ၏။

'ခုနက ဦးလေးရှင်းပြတဲ့ သမုဒ္ဒရာထဲ မျောနေတဲ့ လူအဖို့ ကိုင်းကျွန်းဟာ ထောက်တည်မှီခိုရာ ဖြစ်တယ်ဆိုတဲ့ စကားနှင့်စပ်ပြီး သရဏဂုံသုံးပါးဟာ တကယ့် ကိုင်းကျွန်းဖြစ်ခဲ့ဖူးပုံကို ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခု ကျွန်တော် တင်ပြချင်ပါတယ်။ ငါးကြင်းဆီနှင့် ငါးကြင်းကြော်တယ် ဆိုတာလို ဦးလေးရေးတဲ့ 'ရတနာသုံးပါး ကျေးဇူး' စာအုပ်ထဲက 'သရဏဂုံမယ် လုံမငယ်' မစိန်ညွှန့်ကလေး အကြောင်းဟာ ဒီနေရာမှာ သက်သေပြဖို့ အခိုင်မာဆုံးဖြစ်ရပ်ပဲ မဟုတ်လား။ ဦးလေး ရေးတာတွေ ကျွန်တော် (by heart) နှုတ်တက် ရနေတယ်' ဟု ဆိုကာ လူငယ်က အဆိုပါ ဇာတ်လမ်းကို အကျဉ်းချုပ်ဆက်၍ ပြောပြသည်။

## သရဏဂုံမယ် လုံမငယ်

၁၂၉၆-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂-ရက်နေ့။

သီလရှင် ဆရာကြီး ဒေါ်မာလာ သမီးများ မြေများနေထိုင်ရာ ရမ်းဗြဲကျွန်း၊ ကျောက်ချောင်း ကုန်းဘောင်ရွာမှ ပြန်သွားပြီး နောက်တစ်ရက် ဖြစ်၏။

မစိန်ညွှန့်ကလေးသည် အသက် ၁၁-နှစ်မျှသာ ရှိသေး



သော်လည်း အကြီးဆုံးသမီးဖြစ်၍ မိခင်၏ အဖော်ရသူ ဖြစ်သည်။ အိမ်မှုကိစ္စ ဝိုင်းဝန်းလုပ်ဖော်ရ၏။ အိမ်မှာ လူကြီးတစ်ယောက်လောက် အားကိုးရသော သမီးဖြစ်သည်။ ယခုအခါ ပင်လယ်ပြင်ကိုဖြတ်ကာ မာန်အောင်ကျွန်းသို့ အဖော်များနှင့်အတူ လိုက်ပါလျက် လူကြီးတစ်ယောက်ပမာ ဈေးဝယ်ရန်ပင် ထွက်လာခဲ့၏။

အောင်လှပြင်ကူးတို့ဆိပ်မှ မာန်အောင်အထိ မိုင် ၃၀ ဝေးကွာ၍ ကူးတို့ဆိပ်နှင့် ကျောက်ချောင်းကုန်းဘောင်ရွာလေးသည် သုံးမိုင်မျှ ဝေးသေး၏။ အောင်လှပြင် ကူးတို့ဆိပ်သည် ရမ်းဗြဲကျွန်း၌ ရှိသည်။

'ကဲ ... ကလေးမတို့၊ လေမိုးသာတုန်း သွားကြရအောင်'

အလာတုန်းက ကူးတို့သမားကြီး ဦးချက်စူက နှိုးဆော်နေ၏။ မာန်အောင်တွင် တစ်ညအိပ်၍ ဈေးဝယ်ပြီးနောက် လှေဆိပ်သို့ ဆင်းလာသော မစိန်ညွှန့်ကလေးနှင့် သူနှင့် ရွယ်တူ အကြည်မေတို့ နှစ်ယောက်ကိုမြင်၍ ဦးချက်စူက ပြောလိုက်ခြင်း ဖြစ်သည်။

မစိန်ညွှန့်ကလေးတို့နှစ်ဦးမှာ ချိန်းထားသည့်အတိုင်း အတူလာသူ ဒေါ်ခိုင်ဖြူအား ကူးတို့ဆိပ်ဆင်းပြီး စောင့်ဆိုင်းနေကြခြင်း ဖြစ်၏။ ခဏအကြာ ဒေါ်ခိုင်ဖြူ ပေါက်လာသည်။

'ကဲ ... ကိုချက်စူနဲ့ ကိုအေးမှိုင်းရေ၊ ကျွန်မ ဈေးဝယ်စရာ မပြတ်သေးဘူး၊ စောင့်မနေတော့နဲ့။ နက်ဖြန်မှပဲ ပြန်တော့မယ် ...'

ကူးတို့သမားနှစ်ဦးကို တောင်းပန် ပြောဆိုရင်း ...

'ကဲ ... သမီးတို့ကော ပြန်ချင်ပြီလား၊ နေခဲ့ဦးမလား' ဟု မေးရာ ...

http://www.dhammavideo.com/



'အိမ်က မျှော်နေမယ် အဒေါ်ရေ့၊ ကျွန်မတို့ ပြန်နှင့်မယ်' ဟု မစိန်ညွန့်ကလေးတို့နှစ်ဦးက အဖြေပေးကြသည်။ သွားလာနေကျ ခရီးဖြစ်၍လည်း မဆန်းကြဘော့ပေ၊ မိုးသားတိမ်လိပ် ကင်းစင်၍ ရာသီဥတု ကောင်းမွန်နေ၏။ လှိုင်းလေတို့လည်း ငြိမ်သက်လှ၏။ ဘိန်းစား ကူးတို့သမားကြီးများ ဖြစ်ကြသော ဦးအေးမှိုင်းနှင့် ဦးချက်စူတို့လည်း မိန်းကလေးနှစ်ယောက်နှင့်အတူ ဈေးတောင်းများ၊ ဒေါ်ခိုင်ဖြူ၏ ကုန်အချို့ကိုပါ တင်ဆောင်၍ ခရီးစတင် ထွက်ခဲ့ကြသည်။

တဖြည်းဖြည်း လှေခတ်လာကြရာ သုံးမိုင်ခန့် အရောက်တွင် မမျှော်လင့်ဘဲ ရာသီဥတု ဖောက်ပြန်လာတော့၏။ နာရီဝက်ခန့် အတွင်း လေသည် ပြင်းသည်ထက် ပြင်းထန်လာ၏။ ကောင်းကင်တစ်ပြင်လုံး မိုးသားတိမ်လိပ်များ လွှမ်းဖုံးလာတော့သည်။ ပင်လယ်တစ်ပြင်လုံး လှိုင်းလုံးကြီးများ အိမ်ငယ်တမျှ လိမ့်၍ လိမ့်၍ ကြွတက်လာ၏။ ကူးတို့သမားကြီး နှစ်ဦးမှာ ရေကြောနှင့် လေသဘောကို အကဲခတ်ရင်း နစ်မြုပ် မသွားအောင် မနည်း သတိထား နေကြရသည်။

'ဘိုးဘိုးတို့ရေ၊ ကျွန်မတို့ကို မကယ်နိုင်ကြတော့ဘူးလား၊ ကျွန်မတို့ သေရပါတော့မယ်'

ကလေးမ နှစ်ယောက်စလုံး ငယ်သံပါအောင် အော်ပြောရင်း ငိုကြွေး ကြကုန်၏။ လေပြင်းမုန်တိုင်းနှင့်အတူ မိုးသီးမိုးပေါက်များ သွန်ချလာသည်။ ပင်လယ်တစ်ပြင်လုံး ပိန်းပိတ်မှောင်သွား၏။ ရေမကူးတတ်သော ကလေးမ နှစ်ယောက်လုံး လှေနံကို အားကုန်ကုန်း၍ဖက်ရင်း ငိုနေကြသည်။



'မကြောက်ကြပါနဲ့ ကလေးတို့ရယ်၊ ဘိုးဘိုးတို့ရှိပါတယ်။ တော်ကြာ လှိုင်းတွေ ငြိမ်သွားမှာ'

ဘိန်းစားကြီးနှစ်ဦး၏ အားပေးသော အသံ၌ပင် စိုးရိမ်ကြောက်ကွဲသံများ ဝင်နေ၏။ ဘိန်းကြုတ်ကလေးကိုဖွင့်ပြီး တစ်ယောက်ဘိန်းတစ်လုံးစီ မျိုချလိုက်ကြသည်။ သူတို့ မျက်နှာပျက်နေကြ၏။ ဇောချွေးပြန်၍ပင် နေကြသည်။

လှေမှာ မှောက်လုမှောက်လု ဖြစ်သွား၏။ ကလေးမများကိုပင် ဆက်ပြီး နှစ်သိမ့်စကား မပြောနိုင်ကြတော့ပြီ။ ကူးတို့သမားကြီး နှစ်ဦးစလုံး ကြောက်ဒူးများ တဆတ်ဆတ် တုန်နေကြ၏။ ချွေးများပြန်ကာ အရှေ့ အနောက် မဝေခွဲနိုင်တော့ဘဲ လှေမြုပ်မသွားအောင် ကတုန်ကယင် ပဲ့ထိန်းနေကြရတော့သည်။ လေသည် ပို၍ ပို၍ တိုးလာသည်။ မိုးသည် သာ၍ သာ၍ ရွာသွန်းနေ၏။ လှေလည်း ပိုမိုလူး၍ နေတော့၏။

ဘိန်းစားကြီး နှစ်ယောက်မှာ ဣန္ဒြေမဆည်နိုင်တော့ဘဲ အဖေ-တ ၊ အမေ-တ ကာ ကယောင်ကတမ်း ငိုကြွေးနေကြသည်ကို ကြားရသောအခါ မစိန်ညွန့်ကလေးသည် အံ့အားသင့်သွား၏။ လူကြီးနှစ်ယောက်အား အားကိုးရာဟု ထင်စားအားကိုး၍ မရနိုင်တော့ကြောင်း သဘောပေါက်သွားလေ၏။

အဘွားသီလရှင်ကြီးထံ ၆-နှစ်သမီး အရွယ်ကပင် သင်ယူခဲ့သော 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' နှင့် မကြာမီက သင်ကြားခဲ့ရသော ရတနာ သုံးပါး ကျေးဇူးဂုဏ်ကိုသာ နောက်ဆုံး အားကိုးရာအဖြစ် သတိရလာ၏။

http://www.dhammavideo.com/



'ဘုရား ကယ်တော်မူပါ၊ တရား ကယ်တော်မူပါ၊ သံဃာ ကယ်တော်မူပါ'

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ...

တတိယမ္ပိ ...

### သရဏဂုံ ကျေးဇူး

မစိန်ညွန့်ကလေး သရဏဂုံသုံးပါးကို သတိရ၍ ရွတ်ဆိုပြီး မကြာမီပင် တောင်လောက်ကြီးသော လှိုင်းလုံးကြီးအောက်တွင် နစ်မြုပ်သွားတော့၏။ မျက်စိကို စုံမှိတ်ပြီး ဘုရား အာရုံပြုကာ ရွတ်မြဲ ရွတ်နေ၏။ လှေနစ်သွားသည် မသွားသည်ကိုပင် သတိမထားမိတော့ချေ။ သူ့မျက်စိထဲတွင် ဘုရားရှင်ကိုသာ မြင်နေ၏။ ပါးစပ်ကလည်း တွင်တွင် ရွတ်နေတော့သည်။ မိုးမှောင်ကြီး ကျနေ၍ တစ်ဦးနှင့် တစ်ဦးလည်း မမြင်ရတော့ချေ။

ရေလှိုင်းဒဏ်ကြောင့် ကိုင်ထားသော လှေနံရဲ လွတ်ထွက်သွားပြီး ရေထဲတွင် အလိုက်သင့်ပေါလော မျောနေကြောင်း သတိပြုမိသောအခါ 'ငါ့မှာ ရတနာသုံးပါးမှ တစ်ပါး အားကိုးစရာ မရှိတော့ဘူး၊ ငါမသေနိုင်ဘူး' ဟု ယုံကြည်စိတ် ဝင်လာ၏။ ကြောက်စိတ်လည်း ပြေ၍ သွားတော့သည်။

ပင်လယ်ပြင်၌ လုံးလုံးလျားလျား မျောနေပြီဟု သိသည်နှင့်



တစ်ပြိုင်နက် မျက်စိထဲတွင် ဘုရားကိုသာ စိုက်ကြည့်နေသည်။ မျက်စိကိုမူ မဖွင့်။ ပါးစပ်က ရွတ်နိုင်သည့်အခါ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု ရွတ်သည်။

၆-နာရီလုံးလုံး ပင်လယ်ပြင်၌ မျောနေခဲ့ရ၏။

ကျန် အဖော်သုံးဦးမှာ အော်ရင်း ဟစ်ရင်းနှင့် အသက်ပျောက်ကာ ငါးစာ ဖြစ်ခဲ့ကြရသည်။

မစိန်ညွန့်ကလေးသည် ၆-နာရီကြာမျှ မျောပါလျက်က ခြေထောက်ကို တစ်စုံတစ်ယောက်က ဆွဲလိုက်သကဲ့သို့ ထိတွေ့ခံစားလိုက်ရ၏၊ ပက်လက်မျောနေသော အရှိန်လည်း ရပ်သွားသည်။ သတိပြုလိုက်သောအခါ သဲနွံများကို ခြေထောက်နှင့် ထိနေကြောင်း သတိပြုလိုက်မိ၏။ မျက်စိကို ဖွင့်၍ ကြည့်လိုက်သောအခါ ရေဂယက်များ ဆင်းလိုက် တက်လိုက် ဖြစ်နေသော သဲသောင်ပြင်ကြီး ဖြစ်ကြောင်း သိရလေတော့သည်။

အတိုင်းမသိ ဝမ်းသာသွားသည်။ ရုတ်တရက် စမ်းထိုင်ရင်း သဲသောင်ပြင်ပေါ်သို့ တဖြည်းဖြည်းချင်း တက်လာနိုင်ခဲ့၏။

'ရေမကူးတတ်ဘဲလျက် ရေထဲမြုပ်မသွားဘဲ အချိန်အကြာကြီး နေနိုင်သည်မှာ ရတနာသုံးပါး ကျေးဇူးပါလား' ဟု သဘောပေါက်၍ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုကာ ဘုရားကို ထိုင်၍ ရှိခိုးလိုက်သေးသည်။

'ရေနစ်သူ သောင်ပြင်တွေ့ရသကဲ့သို့ ရတနာသုံးပါးသည် ထောက်တည် မှီခိုရာ အားကိုးစရာကြီးပါတကား' ဟုလည်း ပို၍ ဝမ်းမြောက် ယုံကြည်မိလေ၏။

http://www.dhammavideo.com/



မှောင်နှင့်မည်းမည်း သဲသောင်ပြင်၌ လေတဟူးဟူး တိုက်နေ၏။ ခြုံထွေးစရာ အဝတ်အစားလဲ မရှိ။ အရှေ့အနောက်လည်း မသိ။ ကြောက်ရမှန်းလည်း မသိတော့ဘဲ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' နှင့် မိုးလင်းခဲ့ရသည်။

မကြာမီ မိုးစင်စင်လင်းလာကာ အောင်လှပြင်ရွာမှ တံငါ ယောကျ်ားကြီးတစ်ဦးနှင့် တွေ့၍ အိမ်အရောက် ပို့ပေးခဲ့၏။

## တရားရှင်ကို တရားက ပြန်စောင့်

'ဟုတ်ကဲ့ပါ ဘိုးဘိုး၊ ကျွန်မ ဘိုးဘိုးကို ကန်တော့လိုက်ပါတယ်'

တစ်အိမ်သားလုံး အိပ်မောကျနေခိုက် စကားပြောသံလိုလို ကြားရသဖြင့် မစိန်ညွန့်ကလေး၏ မိဘများ အိပ်ရာမှ ပျာပျာသလဲ ထလိုက်ကြ၏။

မစိန်ညွန့်ကလေးမှာ အိပ်ချင် မူးတူး ဒယီးဒယိုင်နှင့် ထိုင်လျက် ရှိခိုးရင်း စကားပြောနေသည်ကို တွေ့ကြရသည်။

'ဟဲ့ ... သမီး၊ ဘာဖြစ်လို့လဲ' ဟု မေးခါမှ မျက်စိဖွင့်ပြီး 'ဟင် အမေ' ဟု ဆိုကာ ပြုံးပြလိုက်သည်။

'သမီးလေ ... အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးတစ်ယောက် သမီးအိပ်ရာ ခေါင်းရင်းမှာ ထိုင်ပြီး သမီးကို ပြောတယ်'

'ဟဲ့ ... ကလေးမ၊ ထထ၊ ဘိုးဘိုး ပြန်တော့မယ် ... တဲ့။



ငါ့ မြေးက သရဏဂုံသုံးပါးကို အမြဲရွတ်နေလို့ ငါ့ မြေးကို ဘိုးဘိုး ကယ်ခဲ့ရတာတဲ့။ နောက်လဲ မမေ့နဲ့။ အမြဲရွတ်၊ ကဲ ... ဘိုးဘိုးပြန်ခါနီး ကန်တော့လိုက်ပါဦး' ပြောလို့ သမီးစိတ်ထဲမှာ တကယ်မှတ်ပြီး ပြောတာ'

မိဘများမှာလည်း ပို၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ 'သူတော်ကောင်း နတ်ကောင်းမတယ်လို့ ဘွားဘွားကြီးက သင်ပြပေးဖူးသားပဲ။ ကဲ ကဲ ... သမီး၊ အစောကြီးရှိသေးတယ်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုပြီး အိပ်လိုက်ဦး။ အားရှိသွားအောင်' ဟု နှင့်သိမ့်ပေးကြသည်။ (၎င်း၌ ကယ်တင်ခဲ့သည့် ပုဂ္ဂိုလ်မှာ သမုဒ္ဒရာစောင့်နတ် ဖြစ်သည်။ လောကီ ပျောက်စေ ဘိုးဘိုးမျိုးမဟုတ်။)

နှစ်ရက်၊ သုံးရက်ခန့် ရှိသောအခါ အောင်လှပြင်ဆိပ်၌ ငါးစားထားသော မပီမသ လူအလောင်း သုံးလောင်းကို တွေ့ကြရလေ၏။ ရတနာသုံးပါး၏ ကျေးဇူးကြီးမားမြင့်မြတ်ပုံကို မစိန်ညွန့်ကလေး၏ သေရွာပြန်သတင်းက ကျောက်ချောင်းကုန်းဘောင်ရွာနှင့် အောင်လှပြင် ရွာတစ်ခို၌ ပြော၍ မပြီးခဲ့ပေ။

▲ ▲ ▲ ▲ ▲

'ကျွန်တော်လဲ ဒီစာအုပ်ကို ဖတ်ပြီးပါပြီ။ ဆရာကြီး စာအုပ်တွေ အစုံရှိပါတယ်။ ဝယ်လှူရတာကို မနည်းတော့ဘူး။ ဒါပေမယ့် မစိန်ညွန့်ကလေးကို မေ့တေ့တေ့ ဖြစ်နေတယ်။ ခု ဒီက တူတော်မောင်က တိုက်တိုက်ဆိုင်ဆိုင် သတိရပြီး ပြောမှပဲ ပေါ်လာတော့တယ်။ သာဓု သာဓု၊ နေရာကျလိုက်တာဗျာ။ ဒီခေတ် တူတော်မောင်

http://www.dhammavideo.com/



တို့ လူငယ်တွေကလဲ ဘာသာရေးကို အတော်လေ့လာကြတာ တွေ့ရလို့ ဝမ်းသာတယ်ဗျာ၊ ဆရာကြီး စာအုပ်တွေကလဲ အများကြီး မျက်စိဖွင့်ပေးနေပါတယ်'

ကျွန်တော်လည်း နေရင်းထိုင်ရင်း 'မိတ်ဆွေ' မှ 'ဆရာကြီး' ဖြစ်လာ၏။ ထို ဦးလေးကြီးကပင် ဆက်၍ ...

'ဆရာကြီးနှင့် ဆုံစည်းရတာ အတော်ပဲ၊ ကျွန်တော် သိချင်နေတာလေးတွေ မေးရဦးမယ်'

'မေးပါ ... မေးပါ၊ သိလဲ ဖြေရတာပေါ့'

## မာန်လည်ဆရာတော်ကြီး ခရီးသွား ဂါထာ

'တစ်ခြားဟာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့ ငယ်ငယ်က လယ်တီတရားသတင်းစာ ဆိုတာ ထွက်တယ်။ ဆရာကြီးလဲ မီလောက်ပါတယ်။ အဲဒီ တရားသတင်းစာက စောင်ရေသောင်းကျော် ရိုက်လို့ မလောက်ဘူး။ သိပ်ဖတ်ကြတာ၊ ခုခေတ် ကလေးတွေ သနားစရာကောင်းတယ်။ ကာတွန်းရုပ်ပြ မဂ္ဂဇင်း ဝတ္ထုတွေနဲ့ အရည်မရ အဖတ်မရ အချိန်ကုန် နေကြရရှာတယ်။ ဘာ ဗဟုသုတမှ မရှိလှဘူး၊ သမ္ဘုပ္ပလာပတွေ ... ။ ဒီ စာတွေနှင့် ကြီးပျင်းလာပြီး ငယ်ငယ် ရွယ်ရွယ်နှင့် လူမှုဒုက္ခရောက်ကြ၊ သေချိန်မကျဘဲ သေကြ၊ ဘာ အားကိုးမှ မရှိရှာကြဘူး၊ သိပ် သနားစရာ ကောင်းတယ်၊ ထားပါတော့လေ။

'ကျွန်တော် ပြောချင်တာက အဲဒီတရား သတင်းစာထဲမှာ



ဆရာတော် အကျော်အမော်တွေရဲ့ ဓာတ်ပုံတွေ၊ ဩဝါဒတွေ၊ ဆုံးမစာတွေ၊ အတ္ထုပ္ပတ္တိတွေ ဖတ်ခဲ့ရဖူးတယ်၊ ကလေးရှိသေးတယ်၊ အဲဒီမှာ ပါတဲ့ ...

'မာန်လည်ဆရာတော်ကြီးရဲ့ အတ္ထုပ္ပတ္တိထဲမှာ' 'ကျေးဇူးရှင် မာန်လည် ဆရာတော်ဘုရားကြီး အမြဲရွတ်ဆို သရဇ္ဈာယ်တော်မူသော 'တပ္ပရာယန သရဏဂုံ ဂါထာတော်' ဆိုတာ ကျွန်တော် ငယ်ငယ်က ကျက်ထားဖူးတယ်၊ ခုလဲ အမြဲ ရွတ်ပါတယ်။

နောက်ပြီးတော့ ဆရာတော်ကြီး ခရီးတိုရှည် ကြွလေရာရာမှာ အမြဲရွတ်ဆိုတော်မူလေ့ရှိသော ဂါထာတစ်ပုဒ်လဲ ပါတယ်။ အဲဒီ နှစ်ပုဒ်စလုံး ကျွန်တော် ရသေးတယ်၊ ရွတ်လဲ ရွတ်ပါတယ်၊ ဒါပေမယ့် ပထမ တစ်ပုဒ်က အနက်မပါဘူး ခင်ဗျာ့၊ အဲဒါအတွက် အနက်လဲ ရချင်တယ်၊ အဓိပ္ပာယ်လဲ သိချင်ပါတယ်။

"နောက်ပြီး ... အဲသလို သူတော်ကောင်းကြီးတွေ အမြဲရွတ်ဖတ် သရဇ္ဈာယ်တယ်၊ သွားလေရာရာမှာ အထူး ရွတ်ဖတ် သရဇ္ဈာယ်တယ်ဆိုတဲ့ ဂါထာမျိုးကို ဆရာကြီးတို့လို ပုဂ္ဂိုလ်မျိုးတွေက ထပ်ဆင့် ဖွင့်ဆို ထောက်ခံပြီး ရေးပြ နှိုးဆော်ပေးရင် ကောင်းမှာပဲ၊ ဂါထာ အသစ်အဆန်း လိုက်နေတဲ့ လူတွေလဲ 'လမ်းတည့်' သွားမယ်"

'မာန်လည် ဆရာတော်ကြီး ရွတ်ဆိုတဲ့ ဂါထာက ဘာတွေပါလိမ့်'

'ဟုတ်ကဲ့ အနက်ပါ ပါတဲ့ ဂါထာကို ကျွန်တော် အရင်ဆုံး ရွတ်ပြပါ့မယ်၊ ဒီ ဂါထာကို ဆရာတော်ကြီး ကြွလေရာရာမှာ အမြဲ ရွတ်ဆိုတော်မူတဲ့ ဂါယာ တဲ့၊ ဆရာကြီးတို့ သိပြီး ရပြီး ဖြစ်မှာပါ၊ ဂါထာက ...

http://www.dhammavideo.com/



'သော အဟံ ဝိစရိဿာမိ၊
ဂါမာဂါမံ ပုရာပုရံ၊
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။'

'အာ ... ခရီးသွားတဲ့ ပုဂ္ဂိုလ်များ၊ အထူးသဖြင့် နိုင်ငံပြည်ရွာ လှည့်လည်နေကြတဲ့ ဓမ္မကထိက, ဓမ္မဒူတ ပုဂ္ဂိုလ်တွေနှင့် 'ကွက်တိ' ဝင်တဲ့ ဂါထာပါလား ...၊ အနက် ဆိုပြစမ်းပါဦး'

'သော အဟံ- ထို ငါသည်။ (ဗုဒ္ဓဿ- ဘုရားရှင်၏) သမ္ဗုဒ္ဓံ- သမ္ဗုဒ္ဓဘာဝဥ္စ- သစ္စာလေးအင် အမှန်မြင်သော ဘုရားရှင်ဖြစ်ကြောင်းကို လည်းကောင်း။ ဓမ္မဿ- တရားတော်မြတ်၏။ သုဓမ္မတံ စ- ကောင်းစွာ ဟောအပ်သော တရားမြတ် ဖြစ်ကြောင်းကို လည်းကောင်း၊ ( ) (အဘိတ္ထဝိတွာ- ဂုဏ်တော်အသီးသီး၊ ချီးကျူး ထုတ်ဖော်၍။) နမဿမာနော- ဦးနှိမ်ညွှတ်ကျိုး၊ လက်စုံမိုးကာ ရှိခိုး ပူဇော်လျက်။ ဂါမာ- ရွာတစ်ရွာမှ ။ ဂါမံ- ရွာတစ်ရွာသို့။ ဝိစရိဿာမိ- လှည့်လည်ကျက်စား သွားလာ ကြွေးကြော်ပါတော့အံ့။ ပုရာ-ပြည်တစ်ပြည်မှ။ ပုရံ- ပြည်တစ်ပြည်သို့။ ဝိစရိဿာမိ-လှည့်လည်ကျက်စား သွားလာ ကြွေးကြော်ပါတော့အံ့ သတည်း'

'ကောင်းလိုက်လေဗျာ၊ သာဓု - သာဓု၊ အဲဒီ ဂါထာအဆုံးမှာ သရဏဂုံ သုံးပါး စုံသွားအောင် ...

'သံဃဿ သုပ္ပဋိပန္နတံ' ဖြည့်စွက် ရွတ်ဆိုရင် ပိုကောင်းတယ် ခင်ဗျာ၊ အနက်ကတော့ ...



'သံဃဿ- သံဃာတော် အရှင်မြတ် အပေါင်း၏။ သုပ္ပဋိပန္နတဥ္စ- နိဗ္ဗာန် ရကြောင်း၊ ကောင်းစွာ ကျင့်ကြံတော်မူသည့် အဖြစ်ကို လည်းကောင်း။'

'ဒါဆိုရင် ပိုပြည့်စုံသွားမယ်ခင်ဗျာ၊ အဋ္ဌကထာ ဆရာမြတ်တွေကလဲ ထည့်စေချင်တယ်'

ထိုအခါ ခရီးဖော်များက အသီးအသီး ရေးကူး ယူကြသည်။ ဆွေးနွေးနေသော အကြောင်းအရာ၊ သွားလာနေရသော ခရီးနှင့် **အံဝင်**ခွင်ကျဖြစ်၍ ဝမ်းမြောက်ကြရသည်။

http://www.dhammavideo.com/



## အခန်း [၂]

## ကြီးပွားချမ်းသာရေး လမ်းပြ

## အာဠဝက ချွတ်ခန်း

'မာန်လည်ဆရာတော်ကြီး ခရီးသွား ဂါထာဖြစ်ပေါ်လာပုံကို ဆရာကြီးက ပြောပြပေးပါဦး'

'ဒီ ဂါထာရဲ့ နောက်ခံ ဇာတ်လမ်းက အထူးပြောစရာ မလိုပါဘူး၊ အစကလေး ဖော်လိုက်ရင် မိတ်ဆွေတို့ အားလုံး သိပြီးသား အကြောင်းအရာ ဖြစ်နေမှာပါ။

'အာဠဝက နတ်ဘီလူးကြီးက မြတ်စွာဘုရားကို လျှောက်ထားတဲ့ ဂါထာလေဗျာ"

'ရိပ်တော့ ရိပ်မိသွားပြီ၊ လက်စနှင့် နည်းနည်းတော့ ရှင်းပြပါဦး'

'ဒါဆိုရင် အာဠဝက ချွတ်ခန်း ဇာတ်လမ်းအကျဉ်း ပြောမှပဲ၊ ဒီလိုလေဗျာ၊ အာဠဝီပြည် ညောင်ပင်ကြီး အနီးမှာ ကြီးစိုးနေတဲ့ အာဠဝက နတ်ဘီလူးကြီးကို ရှင်ဘုရင်က နေ့စဉ် လူတစ်ယောက်နှင့် ထမင်းတစ်အုပ် ပို့ပေးနေရတာ ၁၂-နှစ်ကြာသွားတယ်၊ တောကစားသွားရင်း ဘီလူးကြီး ပိုင်နက်ဖြစ်တဲ့ ညောင်ပင်ကြီးအောက် ဝင်နားမိလို့ သူ့ကို စားမယ်လုပ်တော့ သူ့ကို စားရင် တစ်နေ့ပဲ စားရမယ်၊ နေ့စဉ် စားရအောင် လူတစ်ယောက်နှင့် ထမင်းတစ်အုပ် ပို့ပေးပါမယ်ဆိုတဲ့ ကတိအရ ရှင်ဘုရင်ကြီးအတွက် တိုင်းသူပြည်သားတွေ



ဒဏ်ခံနေကြရတာပေါ့ဗျာ၊ ဒါနှင့် ထောင်ထဲက အကျဉ်းသားတွေလဲ ကုန်ပြီ၊ မြို့ထဲက ကလေးငယ်တွေလဲ ကုန်ပြီ။

နောက်ဆုံး နန်းတော်ထဲက ဘုရင့် သားတော်ကလေး အာဠဝက တစ်ယောက်ပဲ ရှိနေတဲ့အချိန်၊ အမိသော်လဲ သားတော်ခဲ ဘုရင့်အမိန့်နှင့် မင်းချင်းယောကျာ်းတွေက မျက်ရည်စက်လက်နှင့် ငိုကြွေးနေကြတဲ့ မယ်တော်နှင့် မောင်းမမိသံတွေကြားက ဒီကလေးကိုယူပြီး နောက်တစ်ရက် နံနက် ဘီလူးကြီးထံ ဆက်ရမယ့်နေ့။

'မြတ်စွာဘုရားက ဒါကို မြင်တော်မူလို့ သာဝတ္ထိပြည်က ယူဇနာ သုံးဆယ်ခရီး တစ်ခုသော လကွယ်နေ့ ညနေ နေဝင်ချိန်မှာ ဘီလူးကြီးရဲ့ ဗိမာန်သို့ ကြွလာတော်မူတယ်၊ ဗိမာန်ကြီးကလဲ အလွန်ခမ်းနား၊ တံတိုင်းမီးတားတွေနှင့် ၃-ယူဇနာ မြင့်သတဲ့၊ အဲဒီ အချိန်မှာ အာဠဝက နတ်ဘီလူးကြီးက ဟိမဝန္တာမှာ နတ်ဘီလူး ညီလာခံ တက်နေလို့ မရှိဘူး၊ တံခါးစောင့် နတ်ဘီလူးက ညီလာခံသွားပြီး သတင်းပို့တယ်၊ ဘုရားရှင်က ဗိမာန်ထဲဝင် မင်္ဂလာယူတဲ့ ရတနာပလ္လင်ပေါ်မှာ သီတင်းသုံးတော်မူပြီး ရွှေဝါရောင် ရောင်ခြည်တော်လွှတ်တော်မူလို့ ဘီလူးကြီးရဲ့ မောင်းမမိသံ အခြွေအရံ ယက္ခမယ်တွေ ဝိုင်းအုံလာပြီး ရှိခိုးကြသတဲ့၊ ဒီတော့ မြတ်စွာဘုရားက ...

'ရှေးက ဒါန သီလ ပြုခဲ့ကြလို့၊ ပူဇော်ထိုက်သူကို ပူဇော်ခဲ့ကြလို့ ယခုလို နေရကြောင်း၊ ယခု ဘဝမှာလဲ မမေ့ကြဖို့၊ တစ်ဦးနှင့်တစ်ဦး မနာလို ဝန်တိုမှု မထားကြဖို့ ဟောကြားတော့ အားလုံး သာဓုခေါ်ကြတယ်၊ အာဠဝက နတ်ဘီလူးကြီးလဲ သူ့ဗိမာန်ထဲ

မြတ်စွာဘုရား ဝင်ရောက်နေကြောင်း သတင်းရတာနှင့် **တစ်ပြိုင်နက်** ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး အမောတကော ရောက်လာတယ်၊ 'အာဠဝကတဲ့ဟေ့' ဆိုတဲ့ ကြိမ်းဝါးသံဟာ ဇမ္ဗူဒီပါတစ်ကျွန်းလုံးက ကြားကြရသတဲ့၊ ဒေါသထွက်ပြီး ဖနောင့်နှင့် ဆောင့်လိုက်တာ ယူဇနာ ၆၀-ရှိတဲ့ ကေလာသတောင်ထွတ်ကြီး တဖွားဖွား ကွဲထွက်လွင့်စဉ်ပြီး ဟိမဝန္တာတောင်ကြီးတောင် တုန်လှုပ်သွားသတဲ့။

'ဘီလူးကြီးလဲ သူ့ဗိမာန်လဲ ရောက်ရော၊ မြတ်စွာဘုရားရှင်အနီးမှာ သူ့ရဲ့ မောင်းမမိသံ အခြွေအရံတွေအားလုံး ဝိုင်းဝိုင်းလည် ခစားနေကြတာ မြင်ရတော့ ပိုပြီး ယမ်းပုံမီးကျ ဖြစ်**သွားတယ်**၊ ဒီအချိန်မှာ စကြဝဠာ တိုက်တစ်သောင်းက နတ်တွေလဲ **'မြတ်စွာ**ဘုရားက အာဠဝက နတ်ဘီလူးကြမ်းကြီးကို ချွတ်လိမ့်မ**တဲ့' လို့** ကြားတာနဲ့ တရားနာဖို့ စုဝေးလာရောက်ကြတယ်၊ တိုက်ပွဲကြ**ည့်ချင်**လို့ လာတဲ့ နတ်တွေလဲ ပါသပေါ့။ မြတ်စွာဘုရားရှင်ကတော့ ရတ**နာ**ပလ္လင်တော်**ပေါ်မှာ**ပဲ ထိုင်နေတော် မူပါတယ်။

'**အဲဒီမှာ** **အာဠဝက**ဟာ လက်နက်ကြီး ၉-မျိုးကို သုံးပြီး တရကြမ်း **တိုက်ပွဲဆင်**တော့တာပါပဲ။ လက်နက်ကြီး ၉-မျိုးက လူ့ပြည်မှာ ခုထိ **မပေါ်သေး**ပါဘူး။ ဘုရားဖြစ်တော်မူစက မာရ်နတ်**ကြီး** **သုံးသွား**တဲ့ လက်**နက်**ကြီး ၉-မျိုး ပါပဲ။ လေမုန်တိုင်းတွေ တိုက်ချတယ်။ မိုးရေလှိုင်းတွေ၊ နောက် ကျောက်ခဲမိုး၊ လက်နက်မိုး၊ မီးကျီး၊ ပြာပူ၊ သဲပူ၊ ရွှံ့ပူမိုးတွေ တစ်ခုပြီးတစ်ခု ရွာချတယ်။ မြတ်စွာဘုရားရှင်မှာ ဘာမှ မဖြစ်ဘူး။ နောက် နံပါတ် ၉-လက်နက်အဖြစ် အမိုက်**မှောင်ကြီး** ချလိုက်တယ်။ မြတ်စွာဘုရားရှင်က ရောင်ခြည်တော်



လွှတ်လိုက်တော့ အာဠဝကကြီးဟာ ချွေးဒီးဒီးကျပြီး လက်မှိုင် ချသွားတယ်။

## ခင်ကြီးပျော်ရဲ့ လက်နက်ကိုးဖြာ အောင်ဂါထာ

'ဒါ ... မိတ်ဆွေတို့အားလုံး သိပြီးသား ဇာတ်လမ်းပါ၊ ဒါပေမယ့် တစ်ချက်ခုတ် နှစ်ချက်ပြတ်စရာရှိလို့ ကျွန်တော် နည်းနည်းပြည့်စုံအောင် ပြောနေတာပါ'

'ပြောပါ ဆရာကြီး၊ မာန်လည်ဆရာတော်ကြီး ခရီးသွားရွတ်တဲ့ ဂါထာ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ သိရတာပေါ့။ ဒါထက် ဆရာကြီး ကြားဖြတ်ပြီး ပြောရဦးမယ်။ ဒီ ဘုရားရှင်ကို တိုက်ခိုက်တဲ့ လက်နက်ကြီး ၉-ပါး အကြောင်း တောင်တွင်းကြီး ပုဂ္ဂိုလ်ကျော် ခင်ကြီးပျော်က လက်နက်အန္တရာယ် ကာကွယ်ဖို့ ဘုရားရှိခိုး ဂါထာ ရေးထားတာ တိပိဋကဆရာတော်ကြီးရဲ့ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ- ၂၉၁) မှာ ပါလို့ ကျွန်တော် ကျက်ထားလိုက်သေးတယ်' ဟု ဆိုကာ ရွတ်ပြ၍ နာယူကြရ၏။ (နောက်ဆက်တွဲ ကြည့်)

'အာ ... ဆရာကြီးက တယ် အရအမိ များတာကိုး။ နာမည်ဘယ်လိုခေါ်လဲ'

'ကျွန်တော်က ဦးသောင်းပါ။ ဒီဘက်က အင်္ဂလိပ်လို မေးတဲ့ မိတ်ဆွေက ကျွန်တော့်ညီ ဦးထွန်းလွင် ...'

'ဆရာကြီး ... ကျွန်တော့် နာမည်လဲ မှတ်ထားပါ။ **ကျွန်**တော် မောင်သန့်ဇင် ခေါ်ပါတယ်၊ နိုင်ငံခြားသင်္ဘောမှာ ချိဖ် **အင်ဂျင်**နီယာပါ။ ကျွန်တော်တို့အလုပ်က မိစ္ဆာဒိဋ္ဌိတွေကြားမှာ **အန္တရာယ်**

http://www.dhammavideo.com/



ကလဲ များတော့ ခုဆရာကြီးတို့၊ ဒီက ဦးလေးကြီး ဦးသောင်းတို့ ပြောဆိုနေကြတာတွေဟာ ကျွန်တော့်အတွက် ပြောပေးနေကြသလို လေးလေးစားစား မှတ်ယူပါတယ်'

'ကောင်းပါတယ်၊ ခု ... ဒီက မိတ်ဆွေကြီး ဦးသောင်း ပြောတဲ့ ခင်ကြီးပျော်ရဲ့ 'လက်နက်ကိုးဖြာ အောင်ဂါထာ' လဲ ဘုရားဟော မဟုတ်ပေမယ့် ကျမ်းတတ်အကျော် ဆရာတော်ကြီးများ က ကျမ်းဂန်နှင့်အညီ ရေးထားတာဆိုတော့ ကျေးဇူးများပါတယ်။ ဂိုဏ်းဘုန်းကြီးတွေပေးတဲ့ ဂါထာမျိုးနှင့် တစ်ခြားစီပါ။ ကြိုးစားပြီး ရွတ်ဖတ် ပူဇော်ပါ။ စောစောက ကျွန်တော်ပြောတဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ ခု ဦးသောင်းက ဖြတ်ပြောလိုက်တော့ သုံးချက် ပြတ်ဖြစ်သွားတာပေါ့။

## ဒီမှာလဲ အန္တရာယ်မပြု ဂုဏ်လေးခု

'ဇာတ်လမ်း ပြန်မကောက်ခင် စကားစပ်လို့ ပြောရရင် ယခု အခါ လူတော်တော်များများ ရွတ်ဆိုနေကြတဲ့ 'အန္တရာယ်မပြု ဂုဏ် လေးခု'

'ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ' အစရှိတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော် ၄-မျိုးဟာလဲ ဗုဒ္ဓဝင်နှင့် ပါရာဇိကဏ် အဋ္ဌကထာတွေမှာ ဖော်ပြသလို ယခု အာဋဝက သံယုတ် အဋ္ဌကထာမှာလဲ ထပ်ပြီး ဖော်ပြပေးထားတာ တွေ့ရပါ တယ်။ ပြောချင်တာကတော့ အဲဒီ 'အန္တရာယ်မပြု ဂုဏ်လေးခု' ကို ရွတ်ဆိုတိုင်း ယခု အာဋဝက ချွတ်ခန်းကိုလဲ အာရုံပြုပြီး ရွတ်ဆို



နိုင်တယ်။ ဘယ်လိုပဲ ဘီလူးရိုင်းကြီးက ဒေါသတကြီး တိုက်ခိုက်သော် လဲ ဘုရားရှင်ဟာ မေတ္တာ ကရုဏာအပြည့်နှင့် နတ်ဘီလူးမ ပရိ သတ်တွေ၊ စကြဝဠာ တစ်သောင်းက နတ်ပရိသတ်တွေ ခြံရံပြီး ရတနာပလ္လင်ပေါ်မှာ ချမ်းမြေ့စွာ စံနေတော်မူတာကို မှန်းပြီးတော့ လဲ ရွတ်ဆိုနိုင်ပါတယ်။

အာဋဝက နတ်ဘီလူးကြီးဟာ အဲဒီလိုလက်နက်ကြီး ၉-မျိုးနှင့် တိုက်ခိုက်လို့ မရတော့ သူ့လက်အောက်မှာရှိတဲ့ တစ္ဆေ မြေဘုတ် ပြိတ္တာတွေကို လက်နက်တပ်ဆင်ပြီး ခြေလျင်၊ ဆင်၊ မြင်း၊ ရထား စစ်အင်္ဂါ လေးပါးနှင့် ဝိုင်းတိုက်ကြပြန်တယ်။ ဘုတ် ပြိတ္တာ တပ်ကြီးက ကြောက်လန့်ဖွယ် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် 'ထိုးကြဟေ့၊ ဝိုင်းကြ၊ ဖမ်းကြဟေ့' လို့ ဝိုင်းအုံ ကြွေးကြော်ကြသော်လည်း ဘုရား ရှင်အနားကို မသီရဲကြဘူး။

'ဒီအကြောင်းကို ထည့်ပြောရတာက အလွန်တန်ခိုး ကြီးဒ္ဓိပါဒ်ကြီးကြတဲ့ မာရ်နဲ့တ်တို့ နတ်ဘီလူးကြီးတို့က သူတော်ကောင်း များကို တိုက်ခိုက်ကြတဲ့အခါမှာ သူတို့ကိုယ်တိုင်ထွက်ပြီး တိုက်သင့် တဲ့ရန်သူကို သူတို့ကိုယ်တိုင် တိုက်မယ်။ အများအားဖြင့် ယခုအခါ မှာ သူတို့ တပည့်လက်သားတွေ ခိုင်းဖွယ်ရှိတယ်လို့ ခန့်မှန်းတွက်ဆ ဖို့ ပြောရတာပဲ'

'ဆရာကြီး ပြောသလို အနှောင့်အယှက်တွေဆိုတာ ယခုလဲ ရှိနေတာပါပဲ၊ မသိကြလို့သာ'

'မာရ်နတ်တိုက်စဉ်က စစ်တပ်ကြီးဟာ နေမဝင်မီပင် ကစဉ့် ကလျား ပြေးသွားကြသော်လည်း ဒီ အာဋဝက တိုက်ပွဲမှာ သန်းခေါင်

http://www.dhammavideo.com/



ယံအထိ နှောင့်ယှက် တိုက်ခိုက်ကြတာကို တွေ့ရတယ်။ ဒီတိုက်ပွဲက ပိုပြီး ကြာတယ်။ ဒါတောင်မှ ဘီလူးကြီးက မလျှော့သေးဘူး။ သူ့ရဲ့ နောက်ဆုံးလက်နက် 'ဘွဲ့ဖြူ' ခေါ် အဝတ်လက်နက်ကြီးနှင့် တစ်ခါ တည်း အပြတ် ချေမှုန်းလိုက်တယ်။

## အကြီးဆုံး လက်နက်ကြီး လေးမျိုး

'ဘွဲ့ဖြူလက်နက်ကြီးဟာ သမုဒ္ဒရာထဲပစ်လျှင် သမုဒ္ဒရာ ရေတွေ ခန်းခြောက်ပြီး မြင်းမိုရ်တောင်ကြီးကိုတောင် ဖောက်ခွဲပစ်နိုင်တယ်။ ကောင်းကင်ကိုပစ်ရင် ၁၂-နှစ် မိုးမရွာဘဲ၊ မြေကြီးပေါ်ပစ်လျှင် ပြောင်တလင်းခါပြီး ၁၂-နှစ် အတွင်း ဘာပင်မှ မပေါက်နိုင်တော့ဘူးတဲ့။ အဲဒီလောက်စွမ်းတဲ့ လက်နက်၊ ဒီကနေ့ အနုမြူထက် သာတယ်ပေါ့ဗျာ၊ ယခုအခါ 'လက်နက်ကြီး' လို့ ပြောနေကြသလို ဗုဒ္ဓစာပေမှာလဲ လက်နက်ကြီး ၄-မျိုး ရှိတာကို တွေ့ရတယ်။

၁။ သိကြားမင်းရဲ့ ဝရဇိန် လက်နက်၊
၂။ ဝေဿဝဏ်နတ်မင်းကြီးရဲ့ သံတင်းပုတ်၊
၃။ ယမမင်းရဲ့ မျက်စောင်း၊
၄။ ယခု ဘီလူးကြီးရဲ့ ဘွဲ့ဖြူလက်နက်' ပါပဲ။

'ဦးလေး ... ဒီလောက် အစွမ်းထက်တဲ့ လက်နက်ကြီးတွေကတောင် ထိုးဖောက်လို့မရတဲ့ မြတ်စွာဘုရားရှင်ရဲ့ ပါရမီတော်နှင့် မေတ္တာလက်နက်ဟာ ကျွန်တော်တို့ နမူနာယူရမည့် အချက်ပေါ့နော်'

"မှန်လိုက်လေ ... ဦးလေးက **ဒီလို အခြေအမြစ်ကျကျ** သဘောပေါက်စေချင်တာ၊ ခုတော့ တစ်ချို့ **တရားဆရာ**တွေ ပညာ



ရှိလုပ်နေတဲ့ ပုဂ္ဂိုလ်တွေကိုယ်နှိုက်က ဒီ သီလ ခန္တီ မေတ္တာဆိုတဲ့ တကယ့် ကိုယ်ခံ၊ အမာခံ အနှစ်အသားတွေကို ဖော်ထုတ်မပေးနိုင်ဘဲ ဘာစွမ်းတဲ့ ဂါထာ၊ ညာစွမ်းတဲ့ ဂါထာဆိုပြီး 'မီးပြသမား တွင်းကျွံမှား' ဖြစ်နေကြတယ်"

'ကဲ ဒီဘက်က ဦးလေး ဦးသောင်းက ပါးစပ် တစ်ပြင်ပြင်နှင့် ဘာမျှား ဆွေးနွေးချင်ပါလိမ့် ဆိုစမ်းပါဦး'

'ခုနက ဆရာကြီး အမိန့်ရှိတဲ့ လက်နက်ကြီး ၄-ပါးနှင့်စပ်ပြီး ကျွန်တော် ငယ်ငယ်ကတည်းက ဘဝင်မကျတာရှိတယ်။ ဆရာကြီး လည်း ကြားဖူးမှာပါ။

## စက်ကြီး ၁၃-ပါး ရွတ်သံကြားက

'ဩောင်း တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ ၁၄-ချက် ဓမ္မစက်၊ ၁၈-ချက် သံဃာ့စက်၊ လ-ရောင်ဝင်းလျက် ရှင်ရင်း ပစ္စေက ဗုဒ္ဓါ ရဟန္တာစက် ... (ခုနက ပြောတဲ့) ဘွဲ့ဖြူလက်နက် ဘီလူးစက် ... စက်ကြီး ၁၃-ပါး ရွတ်သံကြားက ... ဩောင်း ဒူရေ ဒူရေ' ဆိုတဲ့ စက်ကြီး ၁၃-ပါး ဘုရားရှိခိုး ဆိုတာလေ။ ဒီ ဘုရားရှိခိုးကို ရွတ်ရင် ဘုတ် ပြိတ္တာ တစ္ဆေ မကပ်နိုင်ဘူး စသည် ဖြင့် ပြောကြတယ်'

'ဒါ ... ဖြစ်နိုင်ပါတယ်'

'ဒီလိုလေ ဆရာကြီးရဲ့၊ ဘုရား တရား သံဃာဆိုတဲ့ စကားတွေ ပါနေတော့ အကျိုးရှိသင့်သလောက် ရှိမယ်ဆိုတာကို ကျွန်တော်

http://www.dhammavideo.com/



တို့ လက်ခံပါတယ်။ စာတတ် ပေတတ် စာရေးဆရာ တစ်ချို့ကလဲ အဓိပ္ပာယ် မတည့် တည့်အောင် ဆွဲပြီး ရေးကြတာ ဖတ်ရဖူးတယ်။ ဒါပေမယ့် 'အထက်ဆရာကြီးအမိန့် ငါ့အမိန့်' ဆိုတဲ့ အောက်လမ်းဆရာ၊ အထက်လမ်းဆရာတွေ သုံးနေကျ စကားမျိုးဖြစ်နေတော့ ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာ မြတ်စွာဘုရား အလိုတော်ကျ ဖြစ်နိုင်ပါ့မလားလို့'

'ရတနာသုံးပါး ဦးတိုက်ပြီး လုပ်တဲ့ ကိစ္စဆိုတော့ အကျိုးစီးပွား ရှိသင့်သလောက် ရှိတာပေါ့၊ လောကမှာ ရတနာသုံးပါးနှင့် စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ယုံကြည်စိတ်၊ သဒ္ဓါစိတ် စိတ်တန်ခိုးတစ်ခုတည်းနှင့်ကို အကျိုးဖြစ်ထွန်းနိုင်တာတွေ ရှိနေတာပဲ၊ ဥပမာ ... အဓိပ္ပာယ်မရှိဘူးလို့ ထင်ရတဲ့ ဦးဖွ မန္တန်စာတွေပေါ့ဗျာ၊ မန္တန်မှာ ယုံကြည်စိတ်အပြင် တစ်ခြား မသိမြင်နိုင်တဲ့ဟာလဲ ရှိချင်ရှိမှာပေါ့။

'ဒါပေမယ့် ...ဦးသောင်း ပြောသလို စက်ကြီး ၁၃-ပါးရွတ်လို့ ရတနာသုံးပါး ဂုဏ်ကို အာရုံရောက်ဖို့ထက် မကောင်းဆိုးဝါး သတ္တဝါတွေကို အမိန့်နှင့် အတင်းမောင်းထုတ်တဲ့ဘက်က ပိုများနေတယ်၊ ဘုရားရှိခိုးဆိုတာထက် ပယောဂဆရာရွတ်တဲ့ စာလို့တောင် ဆိုရမလို ဖြစ်နေတယ်'

## အောက်ကလိအာ ပရိတ်တွေ

'ဟုတ်ပါ့ဗျာ ... ဒါ ဆရာကြီးမို့ ဗဟုသုတရှိလို့ ပြတ်ပြတ်ပြောရဲတာ၊ ဟို **တောင်တန်း ဆရာတော်ကြီးကလဲ ဓာရဏပရိတ်၊**



**စက်ပရိတ်၊ ပရိမိတ္တဇာလ၊ ဆဒိဿပါလသုတ်တွေ** အကြောင်းဝေဖန်ဟောကြားထားတာလဲ ဓမ္မဒူတ စာအုပ်မှာ ဖတ်ရ ပါတယ်။ ဒီ သုတ်တွေ ပရိတ်တွေဟာ ဘုရားအလိုကျ ဟုတ်-မဟုတ် ကျွန်တော်တို့ နားထွေးနေတယ်ဗျာ'

'ဒီလိုလေဗျာ ဦးသောင်းရဲ့၊ ဒီ ပရိတ်တွေက ဘုရားဟော မဟုတ်ဘူး၊ ပါဠိနှင့် မြန်မာပဲ ကွဲပြားတယ်၊ စက်ကြီး ၁၃-ပါးနှင့် ဘာမှ မထူးလှဘူး၊ ဒီ **ပရိတ်တွေဟာ တန္တြ မန္တြ မဟာယာနဂိုဏ်းဘုန်းကြီးတွေ၊ ပုဂံခေတ် အရည်းကြီးတွေရဲ့ လက်ကျန်ပရိတ်တွေနှင့် တူပါတယ်'**

'အမိန့်ရှိပါဦး'

'(၁) ပါဠိနှင့် ရေးထားရင် မိရိုးဖလာ ဗုဒ္ဓဘာသာသမားတွေဟာ လွယ်လွယ်နှင့် ဘုရားဟောအဖြစ် လက်ခံယုံကြည်လိုက်ကြတယ်လေ၊ ဒီ ပရိတ်တွေဟာ ပါဠိလို ရေးထားပေမယ့် ပုဒ် ပါဌ် မမှန် သဒ္ဒါစည်းကမ်းလွတ်´ပုံပျက် ပန်းပျက် ပါဠိတွေပါ၊ တော်တော်ကြီးကို ညံ့တဲ့ ပါဠိတွေ ဖြစ်နေတာကို တွေ့ရမယ်။'

'(၂) တစ်ချို့ စကားလုံးတွေဟာဆိုရင် ဥပမာ ဓာရဏပရိတ် ဆိုပါတော့ ... အဆိုးဆုံးပဲ၊ ပါဠိစကားကို မဟုတ်ဘူး၊ အိန္ဒိယ နယ်စွန်နယ်ဖျားမှာ မန္တြဂိုဏ်း ဘုန်းကြီးများ၊ မဟာယာနများ ကျက်စားစဉ်က ဒေသသုံးဝေါဟာရတွေ (Dialect) စာတွေဖြစ်မယ်၊ သူတို့ ဒေသဆိုင်ရာ စကားလုံးတွေပဲလို့ ယူဆရတဲ့ 'အောက်ကလိအာ' စကားလုံးတွေ ပြည့်နှက်နေတယ်။'

http://www.dhammavideo.com/



'(၃) ကျွန်တော်တို့ ထေရဝါဒ ပိဋကမှာ အဘိဓမ္မာဆိုရင် 'ယာ တသ္မိံ သမယေ' လို့ နိဒါန်းချီပြီး ဟောတယ်၊ သုတ္တန်ဆိုရင် 'ဧကံ သမယံ ဘဂဝါ'၊ ဝိနည်း ပိဋက ဆိုရင် 'တေန ခေါ်ပန သမယေန' ဒီလို ပုံသေနိဒါန်းချီပြီး ဟောတော်မူပါတယ်၊ အဲဒီသုတ်တွေမှာ 'ကဘောက်တိ ကဘောက်ချာ' ဖြစ်နေတယ်၊ 'ဧကံ သမယံ' လို့ အပေါ်ကြောင်းကဆိုပြီး အောက်ကြောင်းရောက်တော့ 'တေန ခေါ်ပန သမယေန' လုပ်လို လုပ်။

## အရည်းကြီးလက်ကျန် မန္တန်များ

'ဒါက ပါဠိပညာရှင်တွေမှ နားလည်တဲ့ စကားပါလေ၊ ရှင်းရှင်း ပြောရင်တော့ ဘုရားဟော ပါဠိတော်မှ လုံးဝမပေါ်ပါဘူး။ ဘုရားဟောလဲ မဟုတ်ပါဘူး၊ ပါဠိတတ်တဲ့ ဆရာတော်တစ်ပါးပါး ရေးတဲ့ စာအဆင့်မျိုးတောင် မဟုတ်ပါဘူး၊ ထေရဝါဒနိုင်ငံမှာ အရော မခံဖို့ လိုသဗျာ့ ...။

'(၄) ဒါက လင်းဂွေဂျ်ဝေါဟာရ ရှုထောင့်အရ ပြောတာပါ။ အနက်အဓိပ္ပာယ် ရှုထောင့်က ကြည့်ရင်လည်း ထေရဝါဒအသုံး မဟုတ်တဲ့ အသုံးအနှုန်းတွေ အများကြီး ပါနေတယ်။

'(၅) မဟာယာန ပိဋကနှင့် ထေရဝါဒ ပိဋက ခြားနားချက် တစ်ခုကို ကျွန်တော်ပြောမယ်၊ ထေရဝါဒ ပိဋကတွေမှာ ဒီသုတ္တန်ကို မြတ်စွာဘုရား ဘယ်အရပ်မှာ ဟောတယ်ဆိုတာနှင့်စပ်လို့ အမြဲပါလေ့ရှိတယ်၊ ဒါကို နိဒါန်းချီစကားလို့ ဆိုရပါတယ်၊ 'သာဝတ္ထိယံ ... ဝေသာလိယံ' စသည်ပေါ့ဗျာ၊ အဲ ... မဟာယာန ပိဋကတွေမှာ



ကျတော့ 'ဂိဇ္ဈကုဋ်တောင်' မှာ ချည်းလိုလို ဟောတဲ့ သုတ်တွေ ဖြစ်နေတယ်၊ ဒါ ထူးခြားချက်ပဲ။

'ခု ပြောနေတဲ့ ဓာရဏီတို့၊ ပရိမိတ္တဇာလတို့ ဆိုတဲ့ သုတ်တွေကို ကြည့်ပါ၊ ဘယ်လို နိဒါန်း ချီထားသလဲ၊ ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကုဋေ ပဗ္ဗတေ ...'

'တိုတိုပြောရရင် ပါဠိ ဝေါဟာရကလဲ မမှန်၊ အနက် အဓိပ္ပာယ်ကလဲ လွဲ၊ ကိုယ်ထင်ရာ **ကိုယ်ရေး**တဲ့ စာတွေကို ဘုရား ဟောလေဟန် ဘုရားနာမည်သုံးပြီး သာသနာဖျက်ဆီးတဲ့ အရည်း ကြီးလက်ကျန် မန္တန်တွေပါ ဦးသောင်း၊ တန္တြ မန္တြဂိုဏ်းက မဟာယာန ဘုန်းကြီးတွေလုပ်တဲ့ စာတွေပါ 'ဓာရဏ, ဓာရဏီ' ဆိုတဲ့ ဝေါဟာရ ကလဲ မဟာယာန ပိဋကသုံးဝေါဟာရပဲ'

## ဓာရဏီပရိတ်ကြောင့် အာဝေဏိက တွေ့ဝေရ

'ဒီ ပရိတ်တွေရွတ်လို့ ဘယ်လိုအန္တရာယ်ကင်းတယ်၊ စီးပွား အာဏာ ရာထူးတိုးတယ် ဆိုတဲ့ လက်တွေ့တွေလဲ ရှိနေတော့ ရွတ် နေကြတာပေါ့ ဆရာကြီး'

'ဘုရား တရား သံဃာ ဆိုတဲ့ စကားတွေ၊ ဘုရား ဂုဏ်**တော်** တွေကိုလည်း ကြားညှပ် ဌာပနာပြီး လုပ်ထားတော့ အကျိုး**ရှိသင့်** သလောက် ရှိတာကို မငြင်းပါဘူး၊ ဥပမာ ... ဓာရဏီပရိတ်ဆို**ရင်** အာဝေဏိက ဂုဏ်တော် ၁၈-ပါးကို ဌာပနာသွင်းပြီး အောက်**ကလီ** အာ စကားတွေနှင့် ရောပြီး ရေးထားတယ်၊ ဂုဏ်တော်တွေ**ချည်း** ရွေးထုတ်ကျက်လိုက်ပေါ့၊ ကျွန်တော် 'ရတနာသုံးပါး ကျေးဇူး' စာအုပ်

http://www.dhammavideo.com/



မှာ ဓာရဏပရိတ်ကို ဖယ်ရှားတဲ့အနေနှင့် 'အတုမရှိ ဂုဏ်တော်ဖွင့်' ရေးထားပါတယ်။ ဂုဏ်တော် ၁၈-ပါးကိုလည်း ဝေဖန် ဆုံးဖြတ်ထားတာရှိပါတယ်။

'ဂုဏ်တော် ၁၈-ပါးတောင်မှ ပါဠိအဋ္ဌကထာ ဋီကာမှာလာတဲ့ ၁၈-ပါးနှင့် မတူဘူး၊ ဓာရဏပရိတ်မှာ ကွဲလွဲနေတယ်၊ လယ်တီဆရာတော်, တိပိဋကဓရ ဆရာတော်ကြီးများကလဲ ကျမ်းဂန်လာအတိုင်း ၁၈-ပါးကို လက်ခံတော် မူကြတယ်။ ဓာရဏပရိတ်ကလာတဲ့ ၁၈-ပါးကို လက်မခံဘူး၊ ဒီတော့ ဓာရဏပရိတ်ဟာ အစစ်အမှန် အာဝေဏိကဂုဏ်တော် ၁၈-ပါးကိုတောင် တွေဝေစေတယ်၊ မှေးမှိန်ကွယ်ပ စေနိုင်တယ်'

'ဒီလိုဆိုရင် ဆရာကြီး၊ ထေရဝါဒထဲ အရောမခံဖို့ အစစ်အတု ခွဲခြားဖို့ မှတ်ချက်ပြုပြီး ရေးသားသင့်တာပေါ့နော်'

'ဟုတ်ပြီလား ဦးသောင်း၊ ဓာရဏပရိတ်ရွတ်လို့ ခုနကခင်ဗျားပြောသလို ဘယ်လို အန္တရာယ်ကင်းတာ၊ စီးပွားဂုဏ်သိန်ရှိတိုးတာ လက်တွေ့ဖြစ်နေတယ်ဆိုတဲ့ လူများလည်း ရှိနိုင်ပါတယ်၊ ရှိမှာပါပဲ၊ ဒီလိုဆိုရင် ကျွန်တော်တို့ စောစောက ဆွေးနွေးခဲ့တဲ့ 'သရဏဂုံသုံးပါး' ကိုပဲ ဖြစ်ဖြစ် လေးလေးနက်နက် ရွတ်ဆိုပါ၊ စောစောက အန္တရာယ်ကင်းတာ စီးပွားဂုဏ်သိန်ရှိ တိုးတာထက် သာပါစေ့မယ်။'

'ရောနှောဖော်စပ်ထားတဲ့ ဆေးဝါးအတုတွေကို စားတာနဲ့ မူရင်း ပင်မ စနစ်တကျ ဖော်စပ်ထားတဲ့ ဆေးဝါး စားတာနဲ့ ဘယ်တူပါလိမ့်မတုံးဗျာ၊ စားဖြစ်အောင်သာ စားကြည့်ကြပါ၊ ဒီလို ပြောရမလို ဖြစ်နေတယ် ဦးသောင်းရဲ့'



## ကပ္ပိယံ ကယောဟိ

'ခက်တာက ဆရာကြီး ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေဟာ စာတတ် ပေတတ် အကျင့်တတ် ဆရာတော်ကြီးတွေရဲ့ အဆုံးအမထက် ဂိုဏ်းဘုန်းကြီးတွေ ဩဇာက လွှမ်းမိုးနေတယ်၊ သိပ်သနားစရာကောင်းတာပဲ၊ ရွတ်ဖို့ ဖတ်ဖို့ ဆိုရင်လည်း ပရိတ်ပဋ္ဌာန်း ပဋိစ္စသမုပ္ပါဒ် ဓမ္မစကြာ အနတ္တလက္ခဏာ၊ မဟာ သတိပဋ္ဌာန်၊ ဒီ မူရင်းမူခပါဠိ သုတ်တော်ကြီးတွေ မကျက်မှတ်နိုင်တောင်မှ 'ဒိဝါတ ပတိ, အနေကဇာတိသံသာရံ, ယဒါဟဝေ' စသည်ဖြင့် သရဏဂုံနှင့် ဂုဏ်တော် ၉-ပါးက အစ တစ်ခုကောင်း နှစ်ခုကောင်း ရွတ်စရာဘုရားဟော စစ်စစ်တွေ ရှိပါတယ် ဆရာကြီး၊ ဒါပေမယ့် ဒီဂါထာကဘာစွမ်းတယ်ဆိုတဲ့ ဂိုဏ်းဘုန်းကြီးတွေနောက် စုပြုံလိုက်နေကြတယ်၊ အမျိုးမဆုံးတဲ့ အဓိဋ္ဌာန် ပုတီးစိပ်တွေ ကျက်ကြ မှတ်ကြနှင့် မဟာယာနမန္တြဂိုဏ်းဝင်တွေ ဖြစ်မှန်းမသိ ဖြစ်နေရှာကြတယ်။

'ပြောဦးမယ် ဆရာကြီး၊ ဒီ ထေရဝါဒယောင်ဆောင်နေတဲ့ မဟာယာန မြန်မာဂိုဏ်း ဘုန်းကြီးတွေကလဲ ဘယ်လောက်ထိ ပရိယတ်, ပဋိပတ် အခြေခံညံ့သလဲ၊ ဒီခေတ် လူတွေကလဲ ဘယ်လောက်အောင် လောဘတကြီး ဖြတ်လမ်းက ကြီးပွားချင်နေကြသလဲဆိုတော့ မြန်မာပြည်က ထေရဝါဒ သာသနာဟာ မကြာမီရာစုနှစ်အတွင်း တစ်နေရာရာမှာ 'သိုက်ပြောင်း' တော့ မလားတောင်အောက်မေ့ရတယ်၊ ခုတစ်လောခေတ်စားနေတဲ့ ဘုရားတစ်ဆူရဲ့စမ္ဗခဏ်က ဂါထာတစ်ခုရှိတယ်၊ 'ဉုံ ပိဋကတ္တ ယံ ... ဉုံ မေတ္တာနံရာဇဘယံ စောရဘယံ'။ ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ ဆရာတော်တွေ

http://www.dhammavideo.com/



**က** အမိန့်ရှိကြတယ်၊ ဒါပေမယ့် အင်းလို ... မန္တန်လိုတော့လဲ **အဓိ**ပ္ပာယ် ရှိမှာပေါ့လေ၊ ထားပါတော့၊ အဲဒီမန္တန်ထဲမှာ 'စတုပဋ္ဌာန်' **လို့** မူရင်း ရှိနေတာကို ဒါ အဓိပ္ပာယ်မရှိဘူး၊ 'စတုသတိ ပဋ္ဌာန်' ဖြစ်ရမယ်လို့ မာန်လည် ဆရာတော်ကြီးက အမှန် ပြင်ပေးတာတောင် ဂိုဏ်းဘုန်းကြီးတွေက မကြိုက်ကြဘူးတဲ့'

'ဒါ မဆန်းပါဘူး ဦးသောင်း၊ မသိတဲ့လူနှင့် သိတဲ့လူဟာ သည်အတိုင်းပါပဲ၊ ဂိုဏ်းဘုန်းကြီးတွေဆိုတော့ တကယ်တော့ ကိုယ်ပိုင်အစွမ်း၊ သီလ သမာဓိ ပညာစွမ်း မဟုတ်ဘူး၊ သူတို့လဲ သူတို့ နောက်ကွယ်က ကြိုးဆွဲနေတဲ့ (မမြင်ရတဲ့) သူတွေ ရှိတယ်၊ ကြိုးဆွဲတဲ့အတိုင်း သရုပ်ဆောင်နေကြရတာ၊ သူတို့ အတ္ထုပ္ပတ္တိတွေကို လေ့လာကြည့်ရင် တန်ခိုးရှင်တွေရဲ့ အမွေးစား အခိုင်းစား ခံနေရတာကို တွေ့ရမယ်၊ 'ဘရော့တပ် brought up တွေပဲ၊ တစ်နည်းအားဖြင့် 'ပရော်ဖက်' တွေပါ။ ပရိယတ္တိ ပညာရှင်တိုင်းလဲ ဒီ မဟာယာန တန်ခိုးရှင်တွေရဲ့ 'မြှုပ်ကွက်' ကို မမြင်နိုင်ပေဘူး။

'ဦးသောင်း ပြောသလို ကျုပ်တို့ ထေရဝါဒမှာ ပိဋကသုံးပုံ အားကိုးအားထား ပြုသလို သူတို့လဲ သူ့ဘို့မန္တန်တွေ ဂါထာတွေ အားကိုးအားထား ပြုနေကြတာပဲ၊ အဲဒါကို **သွား**ပြင်ရင် ဘယ်ကြိုက်ပါ့မလဲ၊ နောက်ပြီး လူ့ရဲစိတ် အယူအစွဲ **ဆိုတာ**ကလဲ ရှိသေးတယ် ဗျာ့'

'အမိန့်ရှိပါဦး'

'ကျွန်တော် ပုံတစ်ခုပြောပါရစေ၊ ကျွန်တော်တို့ **တောရွာ** ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ကပ္ပိယကြီးတစ်ယောက် ရှိတယ်၊



ရွာထဲမှာ ထိခိုက်ဒဏ်ရာရလို့ သွေးထွက်ထွက်၊ ခွေးကိုက်ကိုက်၊ အဲဒီ ကပ္ပိယကြီးကသာ မန်းပေးလိုက်ရင် အားလုံးပျောက်တယ်၊ ကပ္ပိယကြီးကလဲ တစ်နေ့တစ်ခြား တန်ခိုးကြီး လာဘ်လာဘတွေ ရှင်နေတာပေါ့ဗျာ။

"မန်းတဲ့ ဂါထာက 'ကပ္ပိယံ - ကယောဟိ' တဲ့ဗျာ့။ မန်းတိုင်း ပျောက်တာပဲတဲ့။ ကပ္ပိယကြီး ရွတ်ဆို မန်းမှုတ်နေသံ ခဏခဏ ကြားနေရတော့ ကျောင်းဘုန်းကြီးက မနေနိုင်ဘူး၊ အမှန်ပြင်ပေးချင်စိတ် ပေါ်လာတယ်။ ဒီတော့ ကပ္ပိယကြီးကိုခေါ်ပြီး 'ကပ္ပိယံ ကယောဟိ' မဟုတ်ဘူး၊ ရ-ကောက် လျှာလိပ်သံနှင့် 'ကပ္ပိယံ ကရောဟိ' ဆိုမှ မှန်တယ်လို့ ပြင်ပေးလိုက်သတဲ့။

'ကပ္ပိယကြီးကလဲ ဘုန်းကြီးအပေါ် ယုံကြည်တော့ အဲဒီ နေ့ကစပြီး လူနာတွေကို အမှန်အတိုင်း မန်းမှုတ်ပေးတယ်။ ထူးခြားလာတာက အဲဒီနေ့ကစပြီး လူနာတွေမှာ ခါတိုင်းလို ရောဂါမပျောက်ဘဲ ဖြစ်နေသတဲ့။ ဒီတော့ ကပ္ပိယကြီးက ဘုန်းကြီးလျှောက်တယ်၊ 'ဘုန်းကြီးဘုရား ... ဘုန်းကြီး ပြင်ပေးတဲ့နေ့ကစပြီး တပည့်တော် မန်းပေးတယ်။ လူနာလဲ မပျောက်ဘူး၊ တပည့်တော်လဲ တစ်ခါတည်း လာဘ်ပိတ်တာပဲ။ ဒီက ရှေ့လျှောက် တပည့်တော် 'ကပ္ပိယံ ကယောဟိ' ပဲ လုပ်တော့မယ်လို့ လျှောက်သတဲ့။ ဒီတော့ 'ဘုန်းကြီးက ... ကပ္ပိယံ ကယောဟိ - ကပ္ပိယကြီး သဘောရှိ လုပ်လေ'လို့ အမိန့်ရှိသတဲ့ ဦးသောင်းရဲ့ ... '

'ဟက် ... ဟက် ... ဟက် ... ဟုတ်ပါရဲ့ ဆရာကြီး'

'နောက်ဆုံးတော့ ကပ္ပိယံ ကယောဟိ ... သဘောရှိ ကြိုက်

http://www.dhammavideo.com/



တာ လုပ်ကြရုံပါပဲ ...။ လူရဲ့ စိတ်နှင့် အယူအစွဲဆိုတာ တယ်ခက်တာပဲ'

## တွေ့ကရာ သရဏံ ဂစ္ဆာမိ

'ခွင့်လွှတ်ရမှာပေါ့လေ၊ သတ္တဝါရဲ့ ကံတွေကလဲ ရှိသေးတာကိုး၊ ကံညံ့တဲ့လူဟာ သို့မဟုတ် ကံညံ့နေတုန်းမှာ ညံ့တဲ့ ကိုးကွယ်ရာပဲ ရမှာပဲ။ ဘုရားလက်ထက်တုန်းကလဲ သာဝတ္ထိကိုဘုရားကြွလာတဲ့အခါ သရဏဂုံ ယူ၊ ဗုဒ္ဓဘာသာဖြစ်၊ ဘုရားလဲ တစ်နေရာ ကြွ၊ သူတို့လဲ 'သစ်ပင် သရဏံ ဂစ္ဆာမိ၊ ဂင်္ဂါမြစ် သရဏံ ဂစ္ဆာမိ' ဖြစ်ကုန်လို့ ...

'နေတံ ခေါ သရဏံ ခေမံ - ဒါတွေဟာ ကိုးကွယ်ရာအစစ် မဟုတ်ဘူး။ ဧတံ ခေါ သရဏံ ခေမံ - ရတနာသုံးပါးသာ ကိုးကွယ်ရာ အစစ်ဖြစ်တယ်၊ ဧတံ သရဏ' မာဂမ္မ၊ သဗ္ဗ ဒုက္ခာ ပမုစ္စတိ' - ပရိယတ္တိနှင့်တကွ ဒီ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်မှသာလျှင် ဘေးရန်အန္တရာယ် အပေါင်းက လွတ်မြောက်နိုင်တယ်လို့ ပွင့်ပွင့်လင်းလင်း ဟောတော်မူရဖူးပါတယ် ခင်ဗျာ'

'အစစ်ကို ရနေတဲ့ကြားထဲကလဲ အတုတွေဘက် ယောင်ပြီးပါသွားကြတာလဲ ရှိတယ်ပေါ့နော်'

'ဟုတ်ပြီလား'

'ဒါထက် ... ဦးလေး၊ အခု ဦးလေးတို့ ဆွေးနွေးနေကြတာအလွန် ဗဟုသုတ တိုးရပါတယ်။ ကျွန်တော်တို့ လူငယ်တွေအတွက်



ပိုပြီး အရေးကြီးပါတယ်။ နောက်ပြီး အဲဒီ 'ခေါင်းပြောင်း' တဲ့ လူတွေကိစ္စပြီးရင် စောစောက ဆရာကြီး အမိန့်ရှိတဲ့ အာဠဝက ဇာတ်ကြောင်း ဆက်ပါဦး ဆရာကြီး'

'အေး ... ဟုတ်သား'

## ကျည်မထွက် လက်နက်တုံး ဂါထာ

'ဇာတ်လမ်းက ဘယ်တောင် ရောက်သွားပါလိမ့်'

'ဘွဲ့ဖြူလက်နက်နှင့် ပစ်လို့မရတဲ့နေရာ ရောက်သွားပြီ'

'အဲ ... ဟုတ်ပြီ၊ အဲဒီအချိန်မှာ စကြဝဠာ တိုက်တစ်သောင်းက နတ်တွေကလဲ ကောင်းကင်မလပ် အထပ်ထပ် ကြည်ညိုနေကြတယ်။ အာဠဝကကြီးရဲ့ ယက္ခမယ်တွေကလဲ ဘုရားရှင် ပတ်ပတ်လည်မှာ ရိုသေစွာ ရှိခိုးနေကြတယ်။

'အာဠဝကကြီးပစ်လိုက်တဲ့ နောက်ဆုံးလက်နက်၊ ဘွဲ့ဖြူပုဆိုး လက်နက်ကြီးဟာ မိုးကြိုး ထစ်လိုက်သလို ကောင်းကင်တစ်ပြင်လုံး တုန်ခါမြည်ဟည်းပြီး ကြောက်စရာ အသံကြီး ဟိန်းထွက်သွားတယ်။ မီးခိုးလုံးကြီးတွေ မီးတောက်မီးလျှံတွေဟာ ကမ္ဘာပျက်သလားထင်ရတယ်။ ဒါပေမယ့် သူ့ ဘွဲ့ဖြူလက်နက်ဟာ နောက်ဆုံးရတနာပလ္လင်ပေါ် စံနေတော်မူတဲ့ ဘုရားရှင်ရဲ့ ခြေရင်း ခွေခွေကလေးကျလာပြီး ခြေသုတ်ပဝါဖြစ်သွားသဗျာ့ ...၊ ဒါ ... ခင်ဗျားတို့ သိပြီးသား'

'သိပြီးသားပေတဲ့ ဒီလောက် မသိပါဘူး၊ ပိုပြီး ကြည်ညိုရ

http://www.dhammavideo.com/



ပါတယ်။ ဒီခေတ် လူလုပ်တဲ့ လက်နက်ကြီးတွေနှင့် နှိုင်းယှဉ် စဉ်းစားစရာပေါ့'

'ကောင်းပြီ ကိုသန့်ဇင်၊ ဦးသောင်းရေ ... ဒီမှာ နောက်တစ်ချက် ပြတ်တာကို ပြောရဦးမယ်'

'ပြောပါ ဆရာကြီး'

'တစ်ခြား မဟုတ်ဘူး၊ ဦးသောင်းတို့ ဦးလေးတို့ မီတယ်၊ ဒီက ကိုသန့်ဇင်တို့တော့ မမီဘူးပေါ့။ ဂျပန်ခေတ်က ဗုံးတွေကြားမှာ ကျွန်တော့်ဆရာသမားတွေ သင်ပြပေးလို့ လက်နက်ကြီးတွေ ဘေးက လွတ်တဲ့ ဂါထာတစ်ပုဒ် ရှိတယ်။ ရွတ်ခဲ့ကြရဖူးတယ်။ ဆရာတော်တွေလဲ ဒီဂါထာကို အများဆုံး ရွတ်တော် မူခဲ့ကြတယ်လို့ သိရပါတယ်။ ကျည်မထွက် လက်နက်တုံး ဂါထာ လို့ ဆိုနိုင်မှာပေါ့ဗျာ'

'ကောင်းလိုက်တာ ဆရာကြီး၊ ရွတ်ပြပါဦး'

'မာရာရိဗလ ဝိဿဋ္ဌာ၊ (ဝိတ်သတ်ထာ)
ကုဏ္ဍာ နာနာဝိဓာယုဓာ၊ (ကုန်ထာ)
လဇ္ဇမာန' ညဝေသေနု၊ (လစ်ဇမာနင်ည)
ဇိနပါဒ နတာ တဝ- တဲ့ဗျ။

'ကိုသန့်ဇင် နောက်မှ လိုက်ရေး၊ အနက် ဆိုပြမယ်၊ နားထောင်၊ ဒီဂါထာက ပထမကြီးတန်းမှာ သင်ရတဲ့ သုဗောဓာလင်္ကာရကျမ်းမှာ လာတယ်'

'ဟုတ်ကဲ့ ခင်ဗျာ'



ဇိန- မြတ်စွာဘုရား။ မာရာရိဗလဝိဿဋ္ဌာ- စကြဝဋ္ဌာတံတိုင်းအထိ၊ အတိုင်းမသိ များပြားလှသော အာဠဝက မာရ်စစ်တပ်တို့သည် ပစ်လွှတ်အပ်ကုန်သော။ နာနာဝိဓာအာယုဓာ- အမျိုးမျိုးသော လက်နက်တို့သည်။ ကုဏ္ဍာ- သုံးလို့ မရအောင်၊ တုံးကြကုန်သည်ဖြစ်၍။ လဇ္ဇမာနာ- ရှက်နိုးကြကုန်လျက်။ အည ဝေသေန- လက်နက်အသွင်မှ တစ်ပါး ပန်း ပေါက်ပေါက်အသွင်အားဖြင့်။ တဝ-ရှင်တော်ဘုရား၏။ ပါဒနတာ-ခြေတော်ရင်းဝယ်၊ ဝပ်စင်းရိုကျိုး၊ သူ့ ထက်ငါ ဝင်တိုးလျက်၊ ရှိခိုး ဦးတိုက်ကြလေကုန်ပြီ တကား'

'သာဓု - သာဓု - သာဓု၊ ဆရာကြီးကလဲ အသံလဲ အကောင်းသား။ ဆရာကြီး ရွတ်ပြတဲ့အသံ လိုက်ပြီး ကျွန်တော်တို့လဲ သာဓုခေါ်မိလျက်သား ဖြစ်ကုန်ပြီ'

'ဟား ... ဟား ... ဟား ... '

'ဒီခေတ်လူငယ်တွေ အရကျက်ထားဖို့ကောင်းတဲ့ ဂါထာပဲ'

'ဒါကြောင့် ကိုသန့်ဇင်၊ ဒီ အသိများတဲ့ ဇာတ်လမ်းကို အကျဉ်းချုံးပြီး ပြည့်စုံအောင် ပြောနေတာက တစ်ချက်တည်း တစ်ဆက်တည်း ပြတ်စရာ မှတ်စရာတွေ ရှိလို့ပါ'

'ဟုတ်ကဲ့၊ စိတ်ဝင်စားပါတယ် ဆရာကြီး'

http://www.dhammavideo.com/



## အရေးအကြီးဆုံး ဓမ္မလက်နက်

'နောက်တစ်ချက် ပြတ်ဦးမယ်။ ခုနက ပြောသလို သူ့ရဲ့ ဘွဲ့ဖြူလက်နက်က ခြေသုတ်ပဝါ ဖြစ်သွားတော့ ရော ... ခက်ကပြီ၊ ဘီလူးကြီး မျက်လုံးပြူး သွားတယ်။ ချွေးတွေလဲ ဒီးဒီးကျ ဟင်းလုံး ကြီးချပြီး တစ်ချက်တည်း မှိုင်တွေ ကျသွားတယ်။ သူ့အစွမ်း ကုန် ပြီလေ။ ဒီတော့ အာဠဝကကြီးက သက်ပြင်းချပြီး စဉ်းစားလိုက် တော့ ဘုရားရှင်ကို တိုက်ခိုက်လို့ မရတာ ဘာကြောင့်လဲဆိုတာ ချက်ချင်း သူ သိသွားတယ်။ သူ သိပုံကလေးက ထူးခြား မှတ်သား လောက်ပါပေတယ်။ ကျွန်တော်တို့ အတုယူဖို့ သင်ခန်းစာ ပေးခဲ့ သလိုပဲ။ အရေးအကြီးဆုံး ဓမ္မလက်နက် ရှိနေတာကို သူ သိသွား တယ် ဆိုပါတော့'

မျက်တောင်မှ မခက်ဘဲ နားထောင်နေကြရာက 'အမိန့် ရှိပါ' ဟု တစ်ပြိုင်တည်း အသံထွက်လာကြ၏။

'ကိန္နုခေါကာရဏံ- ဘာကြောင့်ပါလိမ့်။ ဣဒံ ကာရဏံ- ဟုတ်ပြီ၊ ဒါကြောင့်ပဲ။ သမဏော- ရဟန်းကြီး ဟာ၊ မေတ္တာ ဝိဟာရယုတ္တော- မေတ္တာစိတ်နှင့်ယှဉ်ပြီး မေတ္တာ နှလုံးသွင်းပြီးနေတယ်။ သူက ဒီလို အမှန်အတိုင်း နားလည်သွားတယ်။ ဒါနဲ့ (ဟန္ဒ နံ ရောသေတွာ မေတ္တာယ ဝိယောဇေမိ) ကဲ ... ဒီလောက်တောင်ရှိလှ မေတ္တာစိတ်နှင့် ရဟန်းကြီး ဂေါတမကို ခွဲထုတ်မှပဲလို့လဲ ချက်ချင်း အဖြေ ရပြီး ...



'ရဟန်းကြီး ... ငါ့ ဗိမာန်ထဲက ခုချက်ချင်း ထွက်' လို့ အော် လိုက်တယ်။ သူ့ကြင်ယာ ယက္ခမယ်တွေ လက်အုပ်ချီနေတာကိုလဲ မျက်ထောင့်နီကြီးနှင့် တစ်ချက် ဝေ့ကြည့်လိုက်တယ်။

'တကတဲတော် ... လက်နက်တွေနှင့် နှင်ထုတ်လို့မှ မရတာ၊ အဲသလို ပါးစပ်ပြကြီးနှင့် အော်ထုတ်လို့ကော ရမတဲ့လား'၊ အဲသလို ထင်တဲ့လူတွေကလဲ ထင်ကြမယ်။ ပရိသတ်ကြီး အားလုံးက အကဲ ခတ်နေကြတယ်။ မျက်နှာနီရဲကြီးနှင့် ချွေးဒီးဒီးကျနေတဲ့ အစွယ် ပြူးပြူး အာဠဝကဘီလူးကြီးကို ကြည့်လိုက်၊ ရတနာပလ္လင်ပေါ်က ငြိမ်းကြည် အေးချမ်းစွာ စံနေတော်မူတဲ့ ဘုရားရှင်ကို ကြည့်လိုက်နှင့် တထင့်ထင့် ရင်တမမ ဖြစ်နေကြတယ်။ ဒါကတော့ စာထဲ မပါပါဘူး၊ ကျွန်တော် မှန်းဆကြည့်တာ ...'

'ဒီအတိုင်း နေမှာပါပဲ'

"ဒီတော့ မြတ်စွာဘုရားက 'ထွက်' ဆိုတာနှင့် 'ကောင်းပါပြီ ဒကာ၊ မနေစေချင်လဲ ထွက်ပါ့မယ်' ဆိုပြီး ဗိမာန်ကြီး အပြင်ဘက် ထွက်သွားတယ်။ တစ်ခါ 'ပြန်ဝင်' လို့ အော်ငေါက်ပြီး အမိန့်ပေး ပြန်တယ်။ 'သင်က ဝင်စေချင်လျှင်လဲ ဝင်ရတာပေါ့ ဒကာ' ဆိုပြီး ဝင်တော်မူတယ်။ 'အင့် ... ဟင် ဒီလိုတော့လဲ နားထောင်လွယ်သား ပဲ' ဆိုပြီး မာန်နည်းနည်း ကျသွားတယ်။ ဒေါသ ပြေသလိုလို ရှိလာ တယ်။ သုံးကြိမ်တိုင်တိုင် ဝင်စေ ထွက်စေ ခိုင်းတယ်၊ ခိုင်းတဲ့အတိုင်း ဘုရားရှင်ကလဲ လိုက်လျော ကျင့်ဆောင်တော် မူပါတယ်"

'အာဠဝကကြီးကတော့ သူ့ကြောက်လို့ ထင်မှာပေါ့နော်...'

http://www.dhammavideo.com/



'ထင်ချင်လဲ ထင်ပေါ့လေ၊ တကယ်တော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သတ္တဝါတိုင်းရဲ့ မိဘကြီးဆိုတော့ သည်းခံပြီး လုပ်နေရရှာတာပါ။ ငိုတဲ့ ကလေးကို သူ့အကြိုက် မုန့်ကျွေးပြီး ချော့မော့ရသလို ဒေါသမာနတွေ ပြေအောင် ဒုက္ခခံတော် မူနေရတာပါ။ ပွဲကြည့်ပရိသတ်ကြီးကတော့ အံ့အားသင့် နေကြမှာပေါ့လေ။

'ဒီနေရာမှာ ဘီလူးပြုံး ပြုံးနေတဲ့ အာဠဝကကြီးက အကြံတစ်ခုထုတ်ပြီး စတုတ္ထအကြိမ် အထွက်ခိုင်းပြန်တယ်။ ဒီတစ်ခါ တော့ ဘုရားရှင်က ပလ္လင်တော်ပေါ်မှာ ပေထိုင်နေတယ်၊ မထွက်တော့ဘူး၊ အာဠဝကရဲ့ စိတ်အကြံ (ဖမ်းတဲ့အကွက်) ကိုလဲ သိတော်မူနေတယ်။

## ကဿပဘုရားပေးသော ကြီးပွားချမ်းသာရေးဂါထာ

'ဒါနဲ့ ဘီလူးကြီးကလဲ ခဏာ စဉ်းစားပြီး ချက်ချင်း ထိုးစစ်နည်းတစ်ခု၊ စစ်ဗျူဟာတစ်ခု ပြောင်းလိုက်ပြန်တယ်။ သူ့နည်းက တစ်ခြားမဟုတ်ပါဘူး၊ ဟိုရှေးရှေးက တန်ခိုးအဘိညာဉ်ရတဲ့ ရသေ့တွေ ကောင်းကင်က ကြွသွားကြတော့ သူ့ရဲ့ ဆန်းကြယ်လှတဲ့ ဗိမာန်ကြီးကို မြင်တယ်ဆိုရင်ပဲ တအံ့တသြဆင်းပြီး ကြည့်လေ့ရှိကြသတဲ့။ အဲဒီအခါ သူက ပုစ္ဆာရှစ်ချက် မေးစမ်းကြည့်ပြီး မဖြေနိုင်လျှင် ရူးသွပ်သွားအောင် နှလုံးကွဲသေအောင် နှိပ်စက်လေ့ရှိတယ်။ တန်ခိုးနှင့် ဖန်ဆင်း၊ ဗိုက်ထဲဝင်ပြီးတော့လဲ နှလုံးသားကို ဆုပ်ခြေပစ်လေ့ရှိသတဲ့၊ ပုစ္ဆာမဖြေနိုင်ရင် ခြေနှစ်ချောင်း ဆွဲပြီး ဂင်္ဂါမြစ်ကမ်း တစ်ဖက်ရောက်အောင် ပစ်ပေါက်လေ့ ရှိသတဲ့။

'မြတ်စွာဘုရားကိုလဲ သူက ဒီလိုလုပ်ဖို့စိတ်ကူးတဲ့အကြောင်း



လျှောက်တော့ မြတ်စွာဘုရားက နတ်နှင့် တကွသော သုံးလောကမှာ ငါ့အား ထိုသို့ ပြုလုပ်နိုင်မည့်သူ တစ်ဦးတစ်လေမျှ မမြင်ကြောင်း၊ ပုစ္ဆာ ပြဿနာ မေးလိုလျှင် မေးနိုင်ကြောင်း မိန့်တော် မူပါတယ်။

'အာဠဝကကြီးမှာ ခက်ခဲတဲ့ မေးခွန်းရှစ်ခု ရှိထားတယ်။ တကယ်တော့ ဒီမေးခွန်း ရှစ်ခုက တစ်လောကလုံး ကြီးပွားချမ်းသာရေး မေးခွန်းတွေပဲ။ သူ့အတွက်တော့ သူတော်ကောင်းတွေကို နှိပ်စက်ဖို့ လက်နက်ရထားသလို ဖြစ်နေတယ်။ ဒီ မေးခွန်းတွေ ရလာပုံကလဲ အံ့သြစရာကောင်းတယ်။ ကြည်ညိုစရာလဲ ကောင်းတယ်။

'အာဠဝကကြီးရဲ့ မိဘတွေဟာ ကဿပဘုရားရှင်ကို ကြည်ညိုကြတယ်၊ ဆည်းကပ်ခဲ့ကြတဲ့ နတ်ဘီလူး ဥပါသကာ ဥပါသိကာမတွေလို့ ဆိုနိုင်ပါတယ်။ မိဘတွေဟာ ကဿပမြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပစ္စုပ္ပန်သံသရာ ကြီးပွားချမ်းသာရေး အမေးအဖြေ ၁၆-ချက်ကို နှုတ်တက် အာဂုံဆောင်ထားပြီး သား အာဠဝကကိုလဲ သင်ပြပေးထားတယ်၊ အာဠဝကဟာ ကာလကြာမြင့်လာတော့ အရေးကြီးတဲ့ အဖြေရှစ်ချက်ကို မေ့သွားတယ်။ အမေးရှစ်ချက်ပါ မေ့ပျောက်သွားမှာစိုးလို့ ရွှေပြားပေါ်မှာ ဟင်္သာပြဒါးနှင့် ရေးစေပြီး သူ့ဗိမာန်ဦးမှာ ထားတယ်။ ဒီ မေးခွန်း ပြဿနာရှစ်ချက်က လူသာမန်မဆိုထားနှင့်၊ တန်ခိုးရှင်တွေလဲ မဖြေနိုင်ဘူး။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သာ ဖြေနိုင်တဲ့ မေးခွန်းတွေ ဖြစ်နေတာကိုး ...'

'ကဿပဘုရားရှင်ပေးတဲ့ ကြီးပွားချမ်းသာရေး ဂါထာတော်တွေဆိုတော့ ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်တိုင်အောင် နတ်ဘီလူးတွေက သာသနာ အဆက်ဆက်ထိန်းသိမ်းထားကြတာ ကျေးဇူးတင်စရာပေါ့နော်'

http://www.dhammavideo.com/



'ဟုတ်တယ် ကိုသန့်ဇင်၊ မဟာသုတသောမ ဇာတ်မှာလဲ အဲသလို ကဿပဘုရားရှင် လက်ထက်တော်ကတည်းက နတ်တွေက ကမ္ဘာအသချေ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ထားတဲ့ အဖိုးတစ်ထောင်တန်၊ အဖိုးတစ်သိန်းတန် ဂါထာတွေ ရှိခဲ့ဖူးတယ်။ ကဿပဘုရားရှင် သာသနာနှင့် ဂေါတမဘုရားရှင် သာသနာ အကြား သာသနာပ အခါများမှာတောင် နတ်တွေက တစ်ဆင့် လူတွေ ကြားရ နာရတတ်တယ်'

'ဒီလို နတ်တွေက ထိန်းသိမ်းရွတ်ဆို စောင့်ရှောက်ထားတယ် ဆိုကတည်းက ကြည်ညိုလို့ တန်ဖိုးရှိမှန်း သိလို့ပေါ့နော် ဆရာကြီး'

'ဟုတ်ပြီလား ... ကိုသန့်ဇင်၊ ယခုလဲ ဒီဂါထာတော်တွေကို ရွတ်ရင် နတ်တွေ အင်မတန် သဘောကျကြပါတယ်။ အဖိုးတစ်သိန်း ထိုက်တဲ့ ဂါထာတွေအကြောင်း နောက်တော့ ပြောကြသေးတာပေါ့'

## အမေးရှစ်ထွေ အဖြေရှစ်ချက်

'အာဠဝကကြီး မေးလျှောက်လို့ ဘုရားရှင် ဖြေတော်မူပုံ နမူနာကလေးလောက်တော့ ရွတ်ပြပါဦး ဆရာကြီး'

'ဒီလိုဗျာ့ ကိုသန့်ဇင်ရ ...'

၁။ ကိံ သု' ဓ ဝိ တ္တံ ပုရိသဿ ဧသဋ္ဌံ။

သမဏ- အို ... ရဟန်းကြီးဂေါတမ၊ ဣဓ- ဤလောက ၌။ ပုရိသဿ- ကျား မ မဟူ၊ သတ္တဝါ



ဟူသမျှ၏၊ သေဋ္ဌံ- မြတ်သော။ ဝိတ္တံ- နှစ်လိုဖွယ်ရာ ဥစ္စာဟူသည်။ ကိံသု- အဘယ်ပါနည်း။

'လောကမှာ လူတိုင်းအတွက် မြတ်နိုးဖွယ်အကောင်းဆုံး ဥစ္စာဟာ ဘာလဲလို့ မေးတာပဲဗျာ။ တစ်ဂါထာတည်းနှင့် မေးခွန်း ၄-ခု ဆက်မေးတယ်။ အဖြေသိချင်ရင် ကိုယ့်ဟာကိုယ် ဖြေကြည့်နှင့်ပေါ့ ကိုသန့်ဇင်'

'ဆရာကြီးပဲ ခုနက ပြောတယ်၊ ဘုရားမှ ဖြေနိုင်တဲ့ ဟာဆို'

'ဘုရား တပည့်တွေပဲဗျာ၊ အဆုံးအမ စာပေ ဗဟုသုတတွေ ရှိထားကြတာ စမ်းဖြေကြည့်ပေါ့၊ ဟုတ်ဘူးလား'

၂။ 'ကိံသု သုစိဏ္ဏော သုခ' မာဝဟတိ။

ကိံသု- ဘယ် အရာကို။ သုစိဏ္ဏော- ကြာမြင့်စွာ လေ့ကျက်အပ်သည် ရှိသော်။ သုခံ- ချမ်းသာကို၊ အာဝဟာတိ- ရွက်ဆောင်နိုင်ပါသနည်း။

၃။ ကိံသု ဟဝေ သာဒုတရံ ရသာနံ။

ရသာနံ- အရသာ တကာတို့တွင်။ ကိံသု- အဘယ်အရာသည်။ ဟဝေ- စင်စစ်။ သာဒုတရံ- ချိုမြိန်ကောင်းမြတ်၊ သာလွန် နှစ်သက်အပ်ပါသနည်း။

၄။ ကထံ ဇီဝိံ ဇီဝိတ' မာဟု သေဋ္ဌံ။

ကထံ ဇီဝိံ ဇီဝိတံ- အဘယ်သို့ အသက်ရှင်သော သူ၏ အသက်ရှင်နေရခြင်းမျိုးကို။ သေဋ္ဌံ- အမြတ်ဆုံး ဟူ၍။ အာဟု- မိန့်ဆိုကြပါသနည်း။

http://www.dhammavideo.com/



## အတုမရှိသော အောင်ခြင်းဂါထာ

'ပြည့်ပြည့်စုံစုံကလေးဖြစ်သွားအောင် အတိုချုံး ပြောကြစို့။ မြတ်စွာဘုရားရှင်ကလဲ တစ်ဂါထာတည်းနှင့် အဖြေလေးခု ဟောပါတယ်။

၁။ 'သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ။
ယုံကြည်ချက် သဒ္ဓါတရား အမြတ်ဆုံး ဥစ္စာ။

၂။ ဓမ္မော သုစိဏ္ဏော သုခ' မာဝဟတိ။
ဒါန သီလ ဘာဝနာ တရားမှ ချမ်းသာ။

၃။ သစ္စံ ဟဝေ သာဒုတရံ ရသာနံ။
မှန်သော စကား၊ တစ်နည်း- ပရမတ္ထသစ္စာမှ ချိုမြိန်သည်။

၄။ ပညာဇီဝိံ ဇီဝိတ' မာဟု သေဋ္ဌံ။
ဉာဏ်ပညာနှင့် အသက်ရှင်မှ အမြတ်ဆုံး။

'ပရိသတ်တွေ ဝိုင်းဝိုင်းလည် ကြည့်နေကြတဲ့ကြားက ခက်ထန်ကြမ်းကြုတ်တဲ့ အမူအရာနှင့် မထီလေးစား ပြုမူပြောဆိုနေတဲ့ အာဠဝကကြီးဟာ မြတ်စွာဘုရားရှင်ရဲ့ ကြည်လင်အေးမြ သော အသံတော်နှင့် 'သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ' အဖြေကို ကြားလိုက်တာနှင့် ကြက်သီးတွေ တဖျဉ်းဖျဉ်း ထသွားတယ်။ သူငယ်ငယ်က သူ့မိဘတွေ ပြောသံကို ကြားယောင်လာပြီး မတ်တတ်ရပ် လက်ပိုက်ပြီး လမ်းသလားနေရာက ချက်ချင်း လက်အုပ်ချီလာတယ်။ သူ့မျက်နှာမှာလဲ ဒေါသ မာနတွေ တိမ်လိပ်လို လွင့်စဉ်သွားပြီး ကြည်လင်စ ပြုနေပြီလို့ တွေးထင်ရတယ်။



'ကိုသန့်ဇင်ရေ ...

(၁) ဘုရားဟော ပိဋကသုံးပုံထဲမှာ ဒီဂါထာတွေဟာ သာသနာပသော်လဲ မကွယ်ပဘဲ အသက်ကြာရှည်စွာ တည်နေတဲ့ အဆုံးအမ ဒေသနာတော်တွေလဲ ဖြစ်၊

(၂) နတ်တွေ ချစ်မြတ်နိုးတဲ့ တရားဒေသနာလဲ ဖြစ်၊ ကြီးပွား ချမ်းသာချင်တဲ့ လူတွေလဲ ရွတ်ဖို့ အလွန်သင့်မြတ်တယ်။

(၃) နောက်ပြီး အလွန်ကြမ်းတမ်းတဲ့ အာဠဝက ဘီလူးရိုင်းကြီးရန်ကို အောင်မြင်တော်မူတဲ့ အတုမရှိ အောင်ခြင်းဂါထာတွေလဲ ဖြစ်တယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့်မို့ ဘေးရန် ကင်းလိုသူများလဲ ကျက်မှတ်ဖို့ ကောင်းကြောင်း ပြောချင်လို့ပါ'

'ဆရာကြီး ... အလွန်တန်ဖိုးရှိပါတယ်၊ အာဠဝက ချွတ်ခန်း ဖတ်ဖူးပေမယ့် ဒီလောက်ထိအောင် မမှတ်သား, မကြားနာ ဖူးပါဘူး။ အဓိပ္ပာယ်တွေ တစ်ခုစီ တစ်ခုစီ ရှင်းပြရင် သိပ်ကောင်းမှာပဲနော်'

'ဟုတ်တာပေါ့ ကိုသန့်ဇင်၊ ဒါပေမယ့် အချိန်မရှိဘူးလေ... ကဲ-တို ကျဉ်း ရှင်း၊ ကျန်တဲ့အမေး ၄-ထွေ အဖြေ ၄-ချက် ဆက်ကြဦးစို့။

'ဆရာကြီး ... ဒါတွေ စာအုပ်ဖြစ်ဖြစ် ရေးပါဗျာ။ သိပ်ကျေးဇူးများမှာပါ' ဟု ဦးသောင်းတို့ ညီအစ်ကိုကပါ ထောက်ခံပြောဆိုကြ၏။ ရတနာသုံးပါးနှင့် ကံ, ကံ၏အကျိုး ယုံကြည်မှု အရေးပါလှပုံကိုလည်း ဦးသောင်းက ထောက်ပြလိုက်သေးသည်။

http://www.dhammavideo.com/



'ကဲ ... တိုတို ပြောကြပါစို့ ...

၅။ ကထံသု တရုတိ ဩယံ၊
၆။ ကထံသု တရုတိ အဏ္ဏဝံ၊
၇။ ကထံသု ဒုက္ခံ' မစ္စေတိ၊
၈။ ကထံသု ပရိသုဇ္ဈတိ။

မြန်မာလိုတော့ ...

၅။ ဝဲဩဃကို အဘယ်သို့ ကူးမြောက်နိုင်ပါသလဲ။
၆။ ဘဝ သမုဒ္ဒရာကို အဘယ်သို့ ကူးမြောက်နိုင်ပါသလဲ။
၇။ ဝဋ်ဆင်းရဲကို အဘယ်သို့ လွန်မြောက်နိုင်ပါသလဲ။
၈။ ကိလေသာ အညစ်အကြေးမှ အဘယ်သို့၊ အဘယ် တရားဖြင့် စင်ကြယ်နိုင်ပါသလဲ။

'ဒီ အမေး ၄-ချက်ကိုလဲ ဘုရားရှင်က ကဿပဘုရားရှင် ဖြေဆိုတော်မူတဲ့အတိုင်း ...

၅။ သဒ္ဓါယ တရတိ ဩယံ၊
၆။ အပ္ပမာဒေန အဏ္ဏဝံ။
၇။ ဝီရိယေန် ဒုက္ခံ' မစ္စေတိ၊
၈။ ပညာယ ပရိသုဇ္ဈတိ။

မြန်မာလိုတော့ ...

၅။ သဒ္ဓါတရားဖြင့်၊ သဒ္ဓါတရားရှိမှ ဘဝ ဝဲဩဃကို လွန်မြောက်နိုင်မယ်။



၆။ ကုသိုလ်မှု မမေ့လျော့မှု၊ ရှုမှတ်မှု ဘဝသံသရာကို ကူး နိုင်တယ်။
၇။ ဝီရိယ ဇွဲ ကောင်းမှလဲ ဒုက္ခအေးမယ်။
၈။ ဝိပဿနာ ပညာဉာဏ်ရှိမှလဲ ကိလေသာ စင်ကြယ် မယ် ...။

'အဲသလို ဖြေလိုက်တော့ သူ့မိဘတွေထံက နာယူသင်ကြား မှတ်သားခဲ့ရတဲ့ အဖြေနှင့် တစ်ထပ်တည်းကျနေတာကို သတိရပြီး ဘီလူးကြီးက တစိမ့်စိမ့် ပီတိတွေ ဖြစ်လာတယ်။ အမိုက်, အမျက်, ရမ္မက်, မာန်တွေလဲ တစ်လွှာပြီး တစ်လွှာ ကွာကျပြီး တစ်ခဏချင်း ရှုမှတ် နှလုံးသွင်းလိုက်တာ အဲဒီနေရာမှာပဲ သောတာပတ္တိမဂ်ဉာဏ် အလင်း ပွင့်သွားတာပေါ့ဗျာ'

## နိဗ္ဗာန်လိုချင်လျှင် ဒါတွေရှိမှ

'ကောင်းလိုက်ငဲလ ဆရာရယ်' ဟု ဦးသောင်းက မျက်စိမှိတ် နားထောင်နေရင်းက အားရကျေနပ်သော အသံဖြင့် ထောက်ခံ ပြောကြား၏။ ဦးသောင်းက ဆက်၍ ပြောပြန်၏။

'နောက် ပုစ္ဆာ ၄-ချက်ဟာ ဘဝလွတ်မြောက်ရေးချည်း မေး ထားတဲ့ မေးခွန်းချည်းပဲ မဟုတ်လား ဆရာကြီး'

'ဟုတ်တယ် ခင်ဗျာ့'

'မြတ်စွာဘုရား ဖြေတော်မူတာ ကျွန်တော် နားစိုက်ထောင် နေရင်း နားလည်သွားတာ ပြောရဦးမယ်။ အမေးတူပေမယ့် အဖြေ ကျတော့ ကွဲပြားသွားတယ်နော်။

http://www.dhammavideo.com/



'ဥပမာ ... ထွက်လေ ဝင်လေကလေးမှတ်တာနှင့် နိဗ္ဗာန် ရပ်ါမလား၊ ဖောင်းတာ ပိန်တာ တရားတဲ့လားလို့ စသည်ဖြင့် ဘဝ လွတ်မြောက်ခြင်း ကမ္မဋ္ဌာန်းနည်းကောင်းတွေအပေါ်မှာ စိတ်ချ လက်ချ မယုံကြည်တဲ့လူ နိဗ္ဗာန် မရောက်နိုင်ဘူး၊ ဝဲသြယက မလွတ် နိုင်ဘူးလို့ ဟောတော်မူနေသလိုပဲ ကျွန်တော့်နားထဲမှာ ...'

'မှန်လိုက်လေ ဦးသောင်းရယ်'

'ယုံကြည်ပေမယ့်လို့ ...

- နံပါတ် (၂) အပ္ပမာဒဆိုတဲ့ ရှုမှတ်မှု သတိကလဲ ရှိဦး မှ၊
- ယုံကြည်ချက်နှင့် ရှုမှတ်မှုရှိပေတဲ့လဲ ဖွဲကောင်းဦးမှ၊
- အဲဒီ ၃-မျိုး ရှိပြန်တော့လဲ ဆရာသင်ပြဟောကြားတာ ကို ခွဲခြား မှတ်သားတတ်တဲ့ (ပရိယတ္တိ) ဉာဏ်၊ ခန္ဓာ ကိုယ်မှာ ဖြစ်ပေါ်နေတာကို ခွဲခြား ရှုမြင်တတ်တဲ့ (ပဋိပတ္တိ) ဉာဏ် ဆိုက်ဦးမှ။

'ဆရာကြီးတို့သာ အကျယ်ချဲ့လိုက်ရင် အများကြီးနေမှာ ပါ၊ အဲဒီ ၄-ချက်စုံမှ နိဗ္ဗာန်ရမယ်'

'ဩော် ... ဓမ္မမိတ်ဆွေကြီး ဦးသောင်းက လက်စသတ်တော့ အလုပ်ခွင်က ပဋိပတ္တိအမြင်နှင့် ဝင်စားနေတာကိုး ဗျ၊ တန်ဖိုးကြီး လိုက်လေဗျာ၊ သာဓု ... သာဓု၊ ဒါပေမယ့် ဦးသောင်း စောစောက ဖြေတော်မူတဲ့အတိုင်း ကံ, ကံ၏အကျိုးနှင့် ရတနာသုံးပါးကို ယုံကြည် တဲ့ သဒ္ဓါတရားဟာ လူသားတိုင်းအတွက် မရှိမဖြစ် နှစ်သက်ဖွယ်



http://www.dhammavideo.com/



အရင်းအနှီးဥစ္စာဖြစ်သလို၊ ဘဝလွတ်မြောက်ရေး ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ခွင်ကျပြန်တော့လဲ ဆရာသမားများနှင့် ဆရာသမားတွေ ညွှန်ပြတဲ့နည်းအပေါ် ယုံကြည်စိတ်ချနိုင်မှုက ပဓာန ဖြစ်တယ်ဆိုတာကို အာဠဝကကြီး ဉာဏ်ပွင့်သွားသလို ကျွန်တော်တို့ ပွင့်ဖို့ လိုတယ် ခင်ဗျာ့'

'သဒ္ဓါတရားဟာ အလွန် အရေးကြီးတယ်ဆိုတာ ဆရာကြီး ပြောတာ နားထောင်ရင်း ပိုပြီး လေးနက်လာပါတယ်'

## ပြဿနာငါးချက် ဆက်၍ လျှောက်ခြင်း

မျက်နှာချင်းဆိုင်ခုံမှ ဦးထွန်းလွင် လှမ်းပေးလိုက်သော ရေနွေးကြမ်းတစ်ခွက်ကို လှမ်းယူသောက်ရင်း ...

'အာဠဝက ချွတ်ခန်းဟာ **မာရ်နတ်ကြီးတိုက်ပွဲထက်** ပြင်းထန်တယ်၊ အချိန်လဲ ကြာတယ် နေဝင်ရီတရော အချိန်ကစပြီး တိုက်လိုက်တာ လက်နက်ကြီးတိုက်ပွဲဟာ ၁၂-နာရီ သန်းခေါင်ကျော်လောက် ရောက်သွားတယ်၊ ဘီလူးကြီးရဲ့ တပည့် ခြွေရံမောင်းမမိဿံတွေရော၊ တိုက်ပွဲလာကြတဲ့ စကြဝဠာတိုက်တစ်သောင်းက နတ်တွေရဲ့ မြင်ကွင်းမှာ တစ်ခုပြီးတစ်ခု မိုးတွေ မုန်တိုင်းတွေ ကျလာလိုက်၊ မီးခိုး မီးလျှံတွေ၊ **အသံကြီးတွေ ဆက်တိုက်** သည်းလှိုက် ရင်ဖိုစရာတွေချည်းပဲ။

'ယခုဆိုရင် သန်းခေါင်ကျော်လို့ မိုးလင်းတော့မယ်၊ ပြဿနာရှစ်ချက်မေးလျှောက်ပြီးတာနှင့် ဘီလူးကြီးရဲ့ အမူအရာတွေဟာလဲ သိသိသာသာကြီး ပြောင်းလွဲသွားတာကို မြင်တွေ့နေကြရတယ်၊

http://www.dhammavideo.com/



မတ်တတ်ရပ် လက်အုပ်ချီလျက် မောင်းမမိဿံ ပရိသတ်ကြီး အစွန်းကနေ မြတ်စွာဘုရားရှင် သီတင်းသုံးရာ ရတနာပလ္လင်ဆီသို့ အာဠဝကကြီး တိုးသွားတာကို မြင်ကြရတော့ နတ်, နတ်ဘီလူး ပရိသတ်ကြီးဟာ မျက်တောင်မခတ် ကြည့်နေကြတာ၊ ဘယ်လိုများ ဖြစ်လာဦးမလဲပေါ့လေ'

'အခြေအနေတွေက ပွဲကြည့်ပရိသတ်ကြီးအဖို့ လျှပ်တစ်ပြက် အကူးအပြောင်း မြန်ဆန်လာနေပြီပေါ့ ဆရာကြီး'

## ဘဝခရီးဖော် (ကြီးပွားရေး လက်စွဲ)

'ဟုတ်တယ် ... ပရိသတ်ကြီးက မသိကြပေမယ့် နတ်ဘီလူးကြီး အာဠဝကဟာ သောတာပန် အရိယာဖြစ်သွားပြီး၊ မြတ်စွာဘုရားပလ္လင်တော်အနီး မတ်တတ်ရပ် လက်အုပ်ချီပြီးသကာလ သူ့စိတ်ထဲမှာ သိချင်နေတဲ့ ပြဿနာ ၅-ချက်ကို ဆက်ပြီး လျှောက်တယ်၊ သူလျှောက်ထားတဲ့ ပြဿနာတွေကလဲ ပစ္စုပ္ပန်, တမလွန် အရေး, ဘဝခရီးသည်တွေနှင့် သံသရာ ခရီးသည်တွေအဖို့ အလွန်မှတ်သားလောက်တဲ့ ကြီးပွားချမ်းသာရေး လမ်းညွှန်တွေ ဖြစ်နေပြန်တယ် ခင်ဗျာ့၊ မြန်မာလိုပဲ အကျဉ်းချုပ် ပြောကြစို့ရဲ့။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... တဲ့၊ (ရဟန်းကြီးဂေါတမ မဟုတ်တော့ဘူး။) လောကမှာ ...

၁။ ပညာကို အဘယ်သို့ ရနိုင်ပါသလဲ။

၂။ ဥစ္စာကို အဘယ်သို့ ရနိုင်ပါသလဲ။



၃။ ကျော်စောမှုကို အဘယ်သို့ ရနိုင်ပါသလဲ။

၄။ မိတ်ဆွေကို အဘယ်သို့ ရနိုင်ပါသလဲ။

(ပညာ၊ ဥစ္စာ၊ ကျော်စောမှုနှင့် မိတ်ဆွေတို့ကို ရအောင် အဘယ်တရားများ၊ နည်းလမ်းများကို လိုက်နာကျင့်ဆောင်ရပါမည်လဲ။) နောက်ပြီး ...

၅။ ဤဘဝမှ သေလွန်၍ နောက်ဘဝသို့ ကူးပြောင်းကြရတဲ့အခါ (ဘဝခရီးသည်များ) မပူပန် မကြောင့်ကြရအောင် ဘာတွေ ရှိထားသင့်ပါသလဲ ဘုရား' လို့ လျှောက်ထားပါတယ်။ ကျွန်တော်တို့ တစ်တွေနှင့် သိပ်ဆီလျော်တဲ့ မေးခွန်းတွေပါ။ ဒီတော့ မြတ်စွာဘုရားရှင်က ...

၁။ (၁) 'ချစ်သား အာဠဝက၊ ဤလောက၌ ဘုရားရဟန္တာ အရှင်မြတ်တို့ ဟောကြားအပ်သော နိဗ္ဗာန်ရောက်ကြောင်း (ပုညကိရိယာ ၁၀-ပါး၊ ဗောဓိပက္ခိယတရား ၃၇-ပါး) တရားတို့ကို အကြွင်းမဲ့ ယုံကြည် စိတ်ချရမယ်။

(၂) ပညာရှိ သူတော်ကောင်းတို့ထံ ရိုသေကျိုးနွံစွာ ဆည်းကပ်ပြီး နာခံမှတ်သားရမယ်။

(၃) ထက်မြက်သော သတိတရားလဲ ရှိရမယ်။

(၄) အကောင်းအဆိုး ခွဲခြား ရှုမြင်တတ်ရမယ်။

http://www.dhammavideo.com/



'ချစ်သား အာဠဝက၊ ဤတရား လေးပါးနှင့် ပြည့်စုံလျှင် လောကီ လောကုတ္တရာ ပညာကို ရနိုင်တယ်လို့ ဟောတော်မူပါတယ်'

'ဒီ ပညာရကြောင်း တရား ၄-ပါးမှာလဲ ဆရာကြီး ... မြတ်စွာဘုရားက သဒ္ဓါတရားကိုပဲ ဦးစားပေး ညွှန်ပြတော်မူတာ သတိပြုစရာပဲနော်'

'ဦးသောင်း ကောက်ချက်ချတာ အမှန်ပါပဲ ...

၂။ စီးပွားဥစ္စာရဖို့ကျတော့ မြတ်စွာဘုရားရှင်က ကာလ, ဒေသလိုက်ပြီး ဆီလျော်အောင် ဆောင်ရွက်နိုင်ခြင်း (ပဋိရူပကာရီ) နှင့် ကိုယ်စွမ်း ဉာဏ်စွမ်းထုတ်ပြီး ကြိုးစား လုပ်ရမယ်လို့ ဟောတော်မူပါတယ်။

'ဖြတ်လမ်းက ကြီးပွားချင်တဲ့လူတွေ သတိပြုစရာပေါ့နော်။

၃။ 'ဟုတ်ပါ့ဗျာ ...၊ ကျော်ကြားသူ ဖြစ်ချင်ရင်လဲ မြတ်စွာဘုရားရှင်က မလိမ်နှင့်တဲ့၊ ဝစီသစ္စာ မင်္ဂလာစကား ကိုသာ ပြောဆိုရမယ်တဲ့။ သည့်ထက် တစ်ဆင့်တက်ပြီး သစ္စာလေးပါး သိတဲ့သူဖြစ်ရင် ပိုပြီး ကျော်စောမယ်ပေါ့ဗျာ'

'ကောင်းလိုက်လေ ဆရာရယ်'

၄။ 'နောက်ပြီး မိတ်ဆွေရချင်လျှင် ပေးရ ကမ်းရမယ်တဲ့ ဦးသောင်း၊ ကိုသန့်ဇင် ... ဘယ့်နှယ်လဲ'

'ဆရာကြီး ... ကျွန်တော်တို့ ခေတ်စကားနှင့် ပြောရင် အရာရာမှာ လက်ကုန်မနှိုက်နှင့်၊ လက်ပေါက် မကပ်နှင့်၊ လက်မခက်နှင့် ပေါ့ဗျာ'



'ဟုတ်တယ် ကိုသန့်ဇင်၊ ကျွန်တော်တို့ ဘဝခရီးဖော်တွေမှာ ဒီ အဆုံးအမတွေ မရှိလို့ မဖြစ်ဘူး၊ ဒီ တရားတွေဟာ ကျွန်တော်တို့ရဲ့ 'ဘဝခရီးဖော်' တွေပါပဲ။

၅။ တမလွန်ဘဝအတွက် မကြောင့်မကြ မပူပန်ရအောင် လိုက်နာရမည့် တရား ...

သစ္စံ ဒမော ဓိတိ စာဂေါ။

(၁) သစ္စံ - မှန်တာကိုသာ ပြောဆိုရမယ်။
(၂) ဒမော - ဆင်ခြင်ဉာဏ်ပညာ ရှိရမယ်။
(၃) ဓိတိ - သည်းခံပြီး ကြိုးစားရမယ်။
(၄) စာဂေါ - စွန့်ကြဲ ပေးကမ်းရမယ် တဲ့။

'ဒီ ကြီးပွားရေးတရား လေးပါးနှင့်စပ်လို့ ပုဂံခေတ်က အမျိုးသမီးတစ်ဦး သူ့အလှူတော် ကျောက်စာထဲမှာ ထည့်ပြီး ဆုတောင်းထားတာ တွေ့ရတော့ ပိုပြီး စိတ်ဝင်စားစရာ ဖြစ်သွားပြန်တယ် ခင်ဗျာ့။

'အဲဒီ အမျိုးသမီးက 'သမန္တသူ မယား၊ ကြံသိုင်းကြီးသမီး' တဲ့၊ သူက အဲဒီ တရားလေးပါးအပြင် ဗောဓိစိတ်ကိုပါ တိုးထားပြီး ပါဠိလို ဂါထာ ရေးထိုးထားပါတယ်။

- 'ဤ ငါလှူသော အကျိုးအာနုဘော်ဖြင့်ကား ဖြစ်လေရာရာသည်ကား ဤ တရားငါးပါးနှင့် ပြည့်စုံသောသူသည် ငါ ဖြစ်လို၏' ... တဲ့ ခင်ဗျာ့။

သက္ကရာဇ် ၅၉၁-ခုနှစ်က ထိုးခဲ့တဲ့ ကျောက်စာပါ။ မင်းနန်း

http://www.dhammavideo.com/



သူ့ရွာ လေးမျက်နှာဘုရားအတွင်းမှာ ခုထိ ရှိနေပါတယ်။ အင်းဝခေတ်က ပျို့ကဗျာဆရာတွေကလဲ ဒီ ကြီးပွားရေးတရား လေးပါးကို ထည့်သွင်းစပ်ဆိုပြီး နှိုးဆော်ထားတာ တော်တော်များများ ဖတ်ရှုရပါတယ်။ ကျွန်တော်တို့ ခေတ်မှာ ဒီ ကြီးပွားရေး တရားသံတွေ တိတ်နေတယ် ဦးသောင်းရဲ့'

'ဘဝဆက်တိုင်း ဒီ ကြီးပွားရေးတရားလေးပါးနှင့် ပြည့်စုံရပါလို၏ ... လို့တောင် ဆုတောင်းကြတယ်ဆိုတော့ ကျွန်တော်တို့လဲ ဒီ တရားလေးပါးနှင့် ပြည့်စုံအောင် ကြိုးစားရမှာပေါ့ ဆရာကြီး'

'ဟုတ်ပေတယ် ဦးသောင်း၊ ကျွန်တော်တို့က မတောင့်မတ၊ မကြောင့်မကြ၊ သောကကင်းဝေးနေချင်ကြတာ ဆိုတော့ ကြိုးစားကြရမှာပဲပေါ့။ ဒါထက် ... ကိုသန့်ဇင်၊ အဲဒီ ကြီးပွားရေးတရားလေးပါး အကျဉ်းချုပ် ဆောင်ပုဒ်ကလေး ဦးလေးရွတ်ပြမယ်၊ ရေးချင်ရေးထား။

**ဆောင်ပုဒ်။** ။ ✳ ပြောဆို ဟုတ်မှန်၊ ဆင်ခြင် ဉာဏ်နှင့်၊ သည်းခံလုံ့လ၊ ပေးကမ်းမျှ၊ ဘဝဖူလုံရေး။

✳ တမလွန်ဘဝ၊ မကြောင့်ကြ၊ သောက ငြိမ်းသည့် ဆေး။

## သည့်ထက်ကောင်းတာ ရှာလေဦး

'မြတ်စွာဘုရားရှင်က 'သဒ္ဓဿ ဃရ မေသိနော' ရတနာသုံးတန် ကံ, ကံ၏ အကျိုးကို ယုံကြည်ပြီး အိမ် ကြီးပွားရေးကို ရှာသူတိုင်း ဒီ ၄-ပါးကို လိုက်နာရမယ်လို့ **ဟောတော်မူ**ပါတယ်။ **'သံသရာခရီးဖော်'** လက်ကိုင် တရားတွေပေါ့ဗျာ'



'**စဉ်းစားလေ** လေးနက်လေ၊ တကယ့် လိုအပ်ချက်တွေပါပဲ ဆရာကြီး'

'လေးနက်ပြီလား ဦးသောင်းရယ်၊ မြတ်စွာဘုရားရှင်က အာဠဝကကို ဆက်ပြီး အမိန့်ရှိတဲ့ စကားကိုကြည့်ရင် လေးနက်ကြောင်း ပိုပြီး ထင်ရှားမှာပါ။'

'ချစ်သား အာဠဝက၊ ပစ္စုပ္ပန်, သံသရာ၊ လောကီ, လောကုတ္တရာ ကြီးပွားရေးအတွက် သည့်ထက်ကောင်းတဲ့ တရားများရှိသေးတယ်လို့ ထင်လျှင် လောကမှာ ထင်ရှားကျော်ကြားတဲ့ ဘုရားအမည်ခံ-မခံ၊ ရဟန်း ပညာရှိ, ပုဏ္ဏား လူပညာရှိတို့ကို စုံစမ်း မေးမြန်းချေဦး တဲ့ဗျား'

'ပိုပြီးတော့တောင်မှ လေးနက် သွားပါသေးကလား ဆရာကြီး ...'

'ဒီနေရာမှာ အရိယာ သာဝကဖြစ်သွားတဲ့ အာဠဝကကြီး လျှောက်ပုံကိုလဲ ကြည့်ပါဦး။'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤ ပစ္စုပ္ပန် တမလွန် ကြီးပွား ချမ်းသာရေး နည်းလမ်းများနှင့် စပ်၍ မည်သူ့ကိုမှ မေးရန် မလိုတော့ပါဘူးဘုရား' လို့ လျှောက်တယ်။ ဘုရားရှင်အနီးမှာ လက်အုပ် တစ်ချီချီ၊ ကိုယ် တစ်ညွတ်ညွတ်နှင့် မြတ်စွာဘုရား ဤ အာဠဝီပြည်သို့ ဝါဆိုရန် ယခုလို ကြွလာခြင်းသည် ဘုရား တပည့်တော်အား သက်သက် ချီးမြှောက်ရန် ကြွလာတော်မူခြင်းပါကလား ဘုရား။ မြတ်စွာဘုရားရှင်သည်သာလျှင် ဤကမ္ဘာလောက၌ အမြတ်

http://www.dhammavideo.com/



ဆုံးသော အင်္ဂဒကိုခေါ်ယျဖြစ်၍ ဘုရားရှင်အား ဆည်းကပ် လျှုဒါန်းခြင်းသည် အတိုင်းမသိ အကျိုးကြီးကြောင်း ဤ ယနေ့မှစ၍ ဘုရားတပည့်တော် ကောင်းစွာ သိမြင်ပါပြီ ဘုရား ... ကောင်းစွာ သိမြင်ပါပြီဘုရား ... တဲ့။

## အာဠဝက ကြွေးကြော်သံ ဂါထာ

ပွဲကြည့်ပရိသတ်တွေ အားလုံးက လက်အုပ်ချီရပ်လျက် အကြိမ်ကြိမ် ဦးညွတ်လျှောက်ထားနေတာကို ကြည့်ပြီး သဒ္ဒါပီတိတွေ တလှိုက်လှိုက် ဖြစ်နေကြတာပေါ့ဗျာ။ အာဠဝက က ဆက်ပြီး လျှောက်ထားပြန်တယ်ခင်ဗျာ့။ ဒီ တရားတော်တွေကို သူ သိရုံတင် မကဘူး၊ အခြား သူတွေပါ သိရအောင်ဆိုတဲ့ သဘောနှင့် ...

သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ ပုရာပုရံ၊
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။

'ဘန္တေ - ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား။ သော အဟံ - အာဠဝက မည်ခေါ်၊ ဘုရားတပည့်တော်သည်။ ဗုဒ္ဓဿ- ရှင်ပင် ဘုရား၏။ သမ္ဗုဒ္ဓံ - သမ္ဗုဒ္ဓဘာဝဋ္ဌ - သစ္စာလေးအင် အမှန်မြင်သော ဘုရားရှင်ဖြစ်ကြောင်းကို လည်းကောင်း။ ဓမ္မဿ- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်၊ ၁၀-ပါး သော တရားတော်မြတ်၏။ သုဓမ္မတဋ္ဌ - ကောင်းစွာဟောအပ်သော တရားတော်မြတ်ဖြစ်ကြောင်းကို လည်းကောင်း။ (သံဃဿ - သမ္မုတိအရိယာ၊



သံဃာတော် အရှင်မြတ်အပေါင်း၏။ သုပ္ပဋိပန္နတဋ္ဌ - မြတ်စွာဘုရား၊ ဟောညွှန်ကြားတိုင်း၊ ရိုးသားဖြောင့်မှန်၊ မသွေလှန်ဘဲ၊ ကောင်းစွာ ကျင့်ကြံတော်မူကြောင်းကို လည်းကောင်း။) အဘိတ္ထဝိတွာ - ဂုဏ်တော်အသီးအသီး၊ ချီးကျူးထုတ်ဖော်၍။ နမဿမာနော - ဦးနှိမ်ညွတ်ကျိုး၊ အကြိမ်ကြိမ် ရှိခိုးလျက်။ ဂါမာ - နတ်ရွာ တစ်ရွာမှ။ ဂါမံ - နတ်ရွာတစ်ရွာသို့။ ပုရာ - နတ်ပြည် တစ်ပြည်မှ။ ပုရံ - နတ်ပြည် တစ်ပြည်သို့။ (အဇ္ဇအာဒိကတွာ - ဤယနေ့မှ အစပြု၍) ဝိစရိဿာမိ - လှည့်လည် ကျက်စား၊ သွားလာကြွေးကြော်ပါတော့မည် ဘုရား။

'ကဲ ... သာဓု ခေါ်ကြဗျာ'

'သာဓု ... သာဓု ... သာဓု'

## အလို ... ဘာသံကြီးပါလိမ့်

'ခရီးသွား တရားပေါ့ ဆရာကြီး၊ ကျွန်တော်တို့လဲ ခရီးသွားရင်း တရားနာရတာ ဒီတစ်ကြိမ်ပဲ ဖြစ်ပါလိမ့်မယ်၊ ဒုလ္လဘ တစ်ခုပါပဲ'

'ဦးသောင်းတို့ကို သာဓုခေါ်မခိုင်းလဲ ခင်ဗျားတို့ ခေါ်မှာပဲ ကျွန်တော် သိပြီးသား၊ စောစောက မာန်လည်ဆရာတော်ကြီး ခရီးသွားတိုင်းရွတ်တယ်ဆိုတဲ့ ဂါထာလေဗျာ၊ ဦးသောင်း ရွတ်ပြတုန်းက ကျွန်တော်တို့ သာဓုခေါ်ခဲ့ကြတယ်။ အခု သာဓု အချေးပြန်တောင်းရတာပဲ၊ ဒီ ဂါထာအတွက် ဖြစ်ပေါ်ခဲ့တဲ့ သာဓုသံကြီးဟာ ဘယ်လောက် မြည်ဟိန်းသွားတယ်ဆိုတာကို ကျွန်တော် ပြောချင်လို့ပါ'

http://www.dhammavideo.com/



'ပြောပါ ဆရာကြီး'

'အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ပေါ့ဗျာ၊ စောစောက အာဠဝီမင်းက ဘီလူးကြီးကို လူတစ်ယောက်နှင့် ထမင်းတစ်အုပ် နေ့စဉ် ပို့လာခဲ့တာ ၁၂-နှစ် ရှိသွားပြီ၊ ထောင်ထဲက အကျဉ်းသားတွေလဲ ကုန်ပြီ၊ နို့စို့ သူငယ်တွေလဲ မြို့တွင်းမှာ ကုန်ပြီ။ သားသည်အမေတွေလဲ တစ်နယ်တစ်ကျေး ထွက်ပြေးကြလို့ ကလေးဆိုလို့ နန်းတော်တွင်းက သားအရင်း အာဠဝကခေါ်တဲ့ နို့စို့သားတော်ကလေး တစ်ယောက်ပဲ ကျန်တော့သတဲ့၊ မယ်တော် မိဖုရားကြီးနှင့် မောင်းမမိသံတွေ ငိုယိုနေကြတဲ့ ကြားထဲက မင်းချင်း ယောကျ်ားတွေက ကလေးငယ်ကို ဖွတ်အတင်း ဆွဲယူလာပြီး ဘီလူးကြီးထံ လာပို့ကြတယ်၊ ကလေးကလဲ ချစ်စရာ၊ ဘုန်းလက္ခဏာ ကြန်အင်္ဂါနှင့် အလွန်ပြည့်စုံတဲ့ ကလေး။

'မင်းသားငယ်ကလေးကို ပွေ့ချီလာကြတဲ့ မင်းချင်းတွေဟာ ဘီလူးကြီး ဗိမာန်ရှိတဲ့ ညောင်ပင်ကြီးနားလဲ အရောက်၊ မိုးလဲ စင်စင်လင်းသွားတယ်။ အဲဒီ အချိန်နှင့် အံကိုက် အာဠဝကကြီးက မြတ်စွာဘုရားကို လျှောက်ထားတဲ့ 'သော အဟံ ဝိစရိဿာမိ' ဂါထာလဲ ရွတ်ဆိုအပြီး တစ်သောင်းသော စကြဝဠာတိုက်က နတ်ပရိသတ်ကြီးရဲ့ သာဓုခေါ်သံကြီးဟာ တစ်ခဲနက် မြည်ဟည်း ထွက်ပေါ်လာတယ်။

'အလို ... ဘာသံကြီးပါလိမ့်မလဲ ... လို့ မင်းချင်းတွေဟာ အံ့အားသင့်ကုန်ကြတယ်။ သာဓုခေါ်သံမှန်း သိတာနဲ့ မြတ်စွာဘုရားရှင်များ ကြွတော်မူနေသလားလို့ စဉ်းစားနေကြတုန်း ဘုရားရှင်ရဲ့



ရောင်ခြည်တော်ကို ဖူးတွေ့ရတော့ ရဲရဲတင်းတင်းပဲ ဗိမာန်ထဲ ဝင်သွားကြသတဲ့။ ခါတိုင်းနေ့ဆိုရင် အပြင်ဘက်ကနေပြီး ဘီလူးစာ ဆက်ကြရတယ်။

'မင်းချင်းတွေ ဗိမာန်ထဲလဲ ဝင်သွားရော၊ မြတ်စွာဘုရားရှင် သီတင်းသုံးတဲ့ ရတနာပလ္လင်ဘေးမှာ မတ်တတ်ရပ် ရှိခိုးနေတဲ့ ဘီလူးကြီးနား မင်းချင်းတွေက တိုးသွားပြီး 'အို ... ဘီလူးကြီး၊ သင် စားရန်အတွက် ဤမင်းသားငယ်ကို ဗလိနတ်စာ ဆက်ပါတယ်' လို့ ပြောပြောဆိုဆို ကလေးကို လှမ်းပေးလိုက်ကြတယ်။ ဘီလူးကြီးကလဲ တကယ့် ပရိသတ်တွေကြား မြတ်စွာဘုရားရှင်ရဲ့ ရှေ့မှာ မယူချင်ယူချင် ရှက်ရှက်နှင့် လက်ခံလိုက်ရရှာတယ်။ ချက်ချင်းပဲ ...

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုန်းလက္ခဏာ ကြန်အင်္ဂါနှင့် ပြည့်စုံသော ဤမင်းသားငယ်ကို သနားစောင့်ရှောက်သောအားဖြင့် လက်ခံ ချီးမြှောက်တော်မူပါ' လို့ လျှောက်ထားပြီး ဘုရားရှင်ကို လှူလိုက်တယ်'

'ဆရာကြီး၊ ဒီ အခန်းကတော့ ဝတ္ထုရေးဆရာ အမြင်နှင့် ကြည့်ကြည့်၊ ရုပ်ရှင် ဒါရိုက်တာအမြင်နှင့် ကြည့်ကြည့်၊ အလွန် ပီတိဖြစ်စရာ၊ စိတ်ကူးယဉ်ထက်ပိုပြီး ဆွဲဆောင်နေတယ်။ ကြည်နူးစရာကောင်းလိုက်လေဗျာ။ ဆက်ပါဦး'

### အာဠဝီတစ်ပြည်လုံး အုတ်အုတ်ကျက်ကျက်

'မြတ်စွာဘုရားရှင်ကလဲ ဘီလူးကြီး ကမ်းလိုက်တဲ့ သူငယ်ကို လှမ်းယူတော်မူရင်း ...

http://www.dhammavideo.com/



'ဒီဃာယုကော ဟောတု အယံ ကုမာရော - အာဋ္ဌဝက မင်းသားငယ် အသက်ရှည်ပါစေ။ အသင် အာဋ္ဌဝက ဒကာလဲ ချမ်းသာပါစေ။ သင်တို့နှစ်ဦးစလုံး သက်ရှည် ကျန်းမာစွာဖြင့် သတ္တဝါ အများအကျိုးကို သည်ပိုးနိုင်ကြပါစေ' လို့ ၃-ကြိမ်တိုင်တိုင် မေတ္တာပွါးပို့ပြတ္တနာ ပြုပေးတော်မူပါတယ်၊

'ဘီလူးကြီးကလဲ မြတ်စွာဘုရား ပွေ့ချီထားတဲ့ အာဋ္ဌဝက မင်းသားငယ်ကလေးကို ကြည့်ပြီး ...

'ဤ မင်းသားငယ်လည်း ဘုရားကို ကိုးကွယ်ပါပြီ၊ တရားကို ကိုးကွယ်ပါပြီ၊ သံဃာကို ကိုးကွယ်ပါပြီ'။ ထို သူငယ်ကိုယ်စား သရဏဂုံ တစ်ပါးစီ ၃-ကြိမ်တိုင်တိုင် ရွတ်ဆိုလျှောက်ထားပေးပါတယ်။ မြတ်စွာဘုရားရှင်ကလဲ အဲသလို ဆုပေးပြီး ကလေးကို မင်းချင်းများလက်ထဲ လွှဲပြောင်းချီးမြှင့် ပေးတော်မူလိုက်ပါတယ်။

'ဒကာတို့၊ ဤမင်းသားငယ်ကို ကြီးပြင်းအောင် ကျွေးမွေးစောင့်ရှောက်ပြီးလျှင် ငါ ဘုရားရှင်ကိုပင် ပေးလှူကြရမယ်' လို့လဲ မိန့်မှာတော် မူလိုက်သေးတယ် ခင်ဗျာ့'

'အတော့်ကို ကံထူးတဲ့ မင်းသားကလေးပါလား ဆရာကြီး'

'အဲသလို လက်အဆင့်ဆင့် ပြောင်းလွှဲပွေ့ချီခံရတဲ့အတွက် အာဋ္ဌဝက မင်းသားလေးကိုလဲ 'ဟတ္ထက အာဋ္ဌဝက၊ ဟတ္ထကာဋ္ဌဝက' လို့ ခေါ်တွင်ကြသတဲ့။ မင်းချင်းများကလဲ မကြုံစဖူး အထူးအံ့သြဝမ်းမြောက်ပြီး မင်းသားကို ပွေ့ချီပြန်လာကြတော့ လမ်းမှာ ဟိုကမေး၊ သည်ကမေးနှင့် ကြားသမျှ သူတွေအားလုံးလဲ ဝမ်းသာ



ကြ၊ အာဋ္ဌဝီပြည်ထဲမှာ တစ်ဆင့်စကား တစ်ဆင့်နားနှင့် အာဋ္ဌဝက ဘီလူးကြီးနေရာသို့ သူ့ထက်ငါ သွားကြည့်တဲ့ လူက ကြည့်၊ နန်းတော်ဘက်သွားတဲ့ လူတွေက သွားကြနှင့် အာဋ္ဌဝီတစ်ပြည်လုံး ပျားပန်းခပ် ဖြစ်သွားတဲ့ နေ့ပေါ့ဗျာ။

## ရှစ်သောင်းလေးထောင် အောင်ပွဲကြီး

'အဲ ... နံနက် အရုဏ်ကျင်းလို့ မိုးစင်စင်လင်းပြီးတဲ့နောက် အာဋ္ဌဝီပြည်ထဲ ဆွမ်းခံဝင်ဖို့ အချိန်လဲ ရောက်လာရော၊ မြတ်စွာဘုရားရှင်ဟာ အာဋ္ဌဝက ဗိမာန်ကြီးထဲက ထွက်၊ အနားမှာ ရှိနေတဲ့ ယက္ခမယ်တွေကလဲ လက်အုပ်တစ်ချီချီနှင့် ကန်တော့ နှုတ်ဆက်ကြ၊ အာဋ္ဌဝီပြည်ဘက် မျက်နှာမူပြီး သကာလ ဘုရားရှင်က ရှေ့ကကြွ၊ အာဋ္ဌဝက က နောက်က သပိတ်ထမ်းပြီး လမ်းခုလတ်အထိ လိုက်ပါပို့ဆောင်။

'မြတ်စွာဘုရားရှင်လဲ ဆွမ်းခံ ဆွမ်းစားပြီးနောက် အာဋ္ဌဝီပြည်ပေါက် အနီးမှာရှိတဲ့ ဆိတ်ငြိမ်တဲ့ သစ်ပင်ကြီး တစ်ပင်အောက်မှာ ထိုင်တော်မူပြီး သကာလ စည်းဝေးရောက်လာကြတဲ့ မင်းမျိုးမတ်ပရိသတ်တို့အား အာဋ္ဌဝက ချွတ်ခန်းကိုပဲ ၁၂-ဂါထာဖြင့် ပြန်လည်ဟောပြတော်မူရာ ဦးသောင်းရေ ... လူ နတ် ဗြဟ္မာ သတ္တဝါ ဝေနေယျပေါင်း ၈၄၀၀၀ တို့ တရားသိမြင် ကျွတ်တမ်းဝင်သွား ကြပါသတဲ့ဗျား၊ ကြည်ညိုစရာ ကောင်းလိုက်လေ'

'သာဓု သာဓု ဆရာရယ်၊ ဇာတ်လမ်းအရရော၊ လောကီလောကုတ္တရာ လိုက်နာစရာတွေပါ။ ဘက်စုံကောင်းတဲ့ ဝတ္ထုကို ယခု

http://www.dhammavideo.com/



လို ပြည့်စုံအောင် မဖတ်မိ, မနာမိပါဘူး။ ဆရာကြီးကိုလဲ ကျွန်တော်တို့ ကျေးဇူးတင်ရပါတယ်' ဟု ဦးသောင်းက ထောက်ခံ၍ မောင်သန့်ဇင်ကလည်း ...

'နေပါဦး ဆရာကြီး၊ ဟို ... ဟတ္ထကာဠဝက မင်းသားလေး နောက် ဘာဖြစ်သွားသလဲလို့'

## သာသနာ့ ကျက်သရေဆောင် လေးယောက်

'ဟုတ်တယ် ... မေးသင့်တယ် ကိုသန့်ဇင်၊ ဦးလေး တိုတိုပဲ ပြောပြမယ်၊ အဲဒီ မင်းသားကလေးလို မွေးမြူစောင့်ရှောက်ပြီး အရွယ်ရောက်တော့ ဘုရားကျောင်းတော်ကို ပို့ပြီး အပ်နှံကြရသဗျာ့။ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့ရဲ့ ဝတ်ကြီး ဝတ်ငယ်ကို လုပ်ကျွေးပြုစုရင်း တရားနှလုံးသွင်းလိုက်တာ မကြာခင်ဘဲ အနာဂါမ်တည်သွားပါတယ်၊ ဒါနှင့် မနေသေးဘူး ခင်ဗျာ့၊ ဘုန်းနှင့် သမ္မာထက်ကြပ်ပါတဲ့ဘုရာ့ မွေးစားသားဆိုတော့ ပိဋကသုံးပုံပါ တတ်မြောက်ကျွမ်းကျင်တဲ့ ဥပါသကာကလေး ဖြစ်လာတယ်။

'နောက်တော့ သူ့ရဲ့ နေပုံထိုင်ပုံ၊ ပြောဆို ဆုံးမပုံ၊ လူကိုလိုက်ပြီး ချီးမြှောက်တတ်ပုံ၊ ဘက်စုံတော်တဲ့ ဥပါသကာဆိုတော့ ဥပါသကာငါးရာတို့ဟာ သူ့အနားက မခွာကြတော့ဘူး။ ဘုရားသွားကျောင်းတက်လဲ သိုက်သိုက်ဝန်းဝန်း၊ တပည့်ဥပါသကာများကို ဆုံးမစကားပြောချိန်မှာလဲ သိုက်သိုက်ဝန်းဝန်း၊ အားလုံးက ချစ်ခင်လေးစားကြရတယ်။ မြတ်စွာဘုရား အဆုံးအမ (ပိဋက) တော်တွေလဲ အခါအားလျော်စွာ သင်ပြပေးလို့'



'ဆရာကြီးခင်ဗျာ ... ကျွန်တော်တို့ သာသနာတော်မှာ ဒီလိုတတ်သိလိမ္မာတဲ့ ဥပါသကာတွေလဲ အမြဲတမ်း ရှိမနေစေသင့်ဘူးလား ခင်ဗျာ'

'ဦးသောင်းရေ ... ဘယ်လို ပြောပါလိမ့်၊ မြတ်စွာဘုရားကို မာရ်နတ်က ပရိနိဗ္ဗာန်ပြုဖို့ လျှောက်ထားစက မြတ်စွာဘုရားရှင်က 'ငါ့သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး သာသနာ ထွန်းတောက်အောင် ဆောင်ရွက်နိုင်မယ့် သာသနာ့ ကျက်သရေဆောင် (သာသန သောဘိဏီ) ပရိသတ်လေးပါး မစုံသေးဘဲနှင့် ငါဘုရား ပရိနိဗ္ဗာန် မပြုဘူး' လို့တောင် မိန့်တော်မူခဲ့တာကလား'

## ပေါင်းသင်းဆက်ဆံရေး အတော်ဆုံး လူသား

'သာသနာ့ကျက်သရေဆောင် ပရိသတ် လေးပါးဆိုတာ ဘာတွေလဲ ဆရာကြီး'

'ကိုသန့်ဇင် ... သာသနာတော်တာဝန်ကို လက်ဆင့်ပြောင်းထမ်းကြမယ့် လက်ကမ်း လက်တွဲကြရမယ့် ဘိက္ခု ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဒီ ၄-ဦးပဲပေါ့ဗျာ။ သာသနာတည်တံ့ပြန့်ပွားရေးမှာ လူဒကာ, ဒကာမတွေရဲ့ အခန်းကဏ္ဍအရေးပါပုံကိုလည်း မြတ်စွာဘုရားရှင်' မြင်တော်မူခဲ့ပြီးပါပြီ ခင်ဗျာ့'

'ဒီလိုဆိုရင် ဆရာကြီး ... ယခုအခါ ကမ္ဘာကို သာသနာပြုတဲ့ ကိစ္စမှာ ဝိနည်းတော်ကြောင့် ရဟန်းသံဃာများ ကြွရောက်ဖို့ မဝင်ဆံ့သေးတဲ့ နိုင်ငံတို့၊ မဝင်ဆံ့သေးတဲ့ ကိစ္စဝိစ္စတွေအတွက် 'ဥပါသက မစ်ရှင်နရီ' တောင် ဖွဲ့ထားဖို့ကောင်းနေပါပြီလား'

http://www.dhammavideo.com/



'ဟုတ်တာပေါ့ ဦးထွန်းလွင်၊ ကျွန်တော် မကြာခဏ ပြောနေတဲ့ ကိစ္စပါပဲ'

'အခုပဲ ... ဆရာကြီးက ကျွန်တော်တို့ တစ်တွေကို ဥပါသက မစ်ရှင်နရီ စည်းရုံးရေး လုပ်နေတာပဲ မဟုတ်လား'

'အင်း ... ကိုရင် လာဘ်မြင်သားပဲ။ ထားပါတော့။ ဇာတ်လမ်း နှုတ်ခမ်းသတ်ကြစို့။ မြတ်စွာဘုရားရှင်က ခုနက ပြောတဲ့ သာသနာ လက်ဆင့်ကမ်း ထမ်းဆောင်ကြမယ့် ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာ၊ သာသနာ့ အမာခံဒေါက်တိုင်ကြီး လေးခု ဆိုပါတော့ဗျာ - ဒီလိုပြောလို့ သေးသိမ်များ သွားမလား မသိပါဘူး။ ဦးသောင်းတို့ သိတဲ့အတိုင်း ဧတဒဂ်ပေးပွဲ၊ တော်ကောက် ချီးမြှောက်တဲ့ပွဲမှာ သီတင်းသည် ဥပါသကာ ငါးရာခြံရံတဲ့ ဟတ္ထကာဠဝက ဥပါသကာကိုလဲ သင်္ဂဟတရား လေးပါးဖြင့် ပရိသတ်ကို ချီးမြှောက်တဲ့ နေရာမှာ အတော်ဆုံး အကောင်းဆုံး အမြင့်မြတ်ဆုံး ဆိုပြီး ဧတဒဂ် ပေးတော်မူခဲ့တယ် ခင်ဗျာ့'

'ဆရာကြီး ပြောခါမှ အာဠဝကချွတ်ခန်းက ပိုတောင် အားကောင်းသွားပြန်ပြီ'

'တစ်ချက်ခုတ် အကုန်ပြတ်တဲ့ ဇာတ်လမ်းကို ဆရာကြီးက ရွေးပြောတာလားမှ မသိ'

'ဒီလိုလဲ မဟုတ်ပါဘူး ဦးသောင်း၊ ခင်ဗျား ရွတ်ပြတဲ့ မာန်လည်ဆရာတော်ကြီး ခရီးသွားဂါထာက စလို့ ကျွန်တော်က ဘယ် လောက်ကောင်းတဲ့ ဂါထာဆိုတာ ကြည်ညိုကြရအောင် ဆုံးအောင် ပြောပြရတာပါ။ နောက်ထပ် ပြည့်လာဦးမယ့် အားတွေ ရှိသေးတယ်'



'ဟုတ်ပါတယ်၊ ဒါထက် ဆရာကြီး၊ မေးစရာက ပေါ်လာပြန်ပြီး 'သင်္ဂဟတရား လေးပါး' ဆိုတာ ဘာတွေလဲ ဆရာကြီး'

'အဲ ... ငါ့တူ မေးတာ မေးသင့်တဲ့ ကွက်စ်ရှင်ပဲ ...'

'နည်းနည်းဖြန့်ပြီး ပြောကြပါစို့ဗျာ၊ ယခုပြောတဲ့ ဟတ္ထကာဠဝက ဥပါသကာလေးက ဥပါသကာ ၅၀၀ ခြံရံပြီး ဇေတဝန်ကျောင်းတော် ဘုရားရှင်ထံသွားတဲ့အခါ အခြံအရံ ပရိသတ်ကလဲ များ၊ တရား အနှစ်အသားကလဲ ပြည့်ပြည့်နှင့် ယဉ်ကျေးသိမ်မွေ့တာကို မြင်တော်မူလို့ တစ်နေ့မှာ မြတ်စွာဘုရားရှင်က ...

'ချစ်သား အာဠဝက သင်ချစ်သားရဲ့ ဥပါသကာ ပရိသတ်ကား များပြားလှ၏။ သင်ချစ်သားသည် ထိုမျှလောက် များပြား သိမ်မွေ့သော ပရိသတ် (အပေါင်းအဖော်) တို့ကို အဘယ်သို့ ချီးမြှောက် (စည်းရုံး) ထားဘိသနည်း' လို့ မေးတော် မူပါတယ်။

## သင်္ဂဟတရား လေးပါး

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... ဘုရားတပည့်တော်သည် ...

၁။ စွန့်ကြဲပေးကမ်း လှူဒါန်းမှ ကျေနပ်အားရမည့်သူကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြင့် ချီးမြှောက်ပါသည်။ (ဒါန)

၂။ ချစ်နှစ်သက်ဖွယ် စကားကို ပြောကြားပေးမှ အားရနှစ်သက်မည့် သူကို ချစ်နှစ်သက်ဖွယ် စကားပြော

http://www.dhammavideo.com/



ကြားပေးခြင်းဖြင့် ချီးမြှောက်ပါသည်။ (ပေယျဝဇ္ဇ-ပိယဝါစာ)

၃။ ကိစ္စကြီးငယ် ရှိသောအခါ ပြီးမြောက်အောင် ဆောင်ရွက်ပေးမှု ကျေနပ် အားရမည့်သူကို ကိစ္စကြီးငယ် ပြီးစီးအောင် ရွက်ဆောင် ပြုလုပ်ပေးခြင်းဖြင့် ချီးမြှောက်ပါသည်။ (အတ္ထစရိယာ)

၄။ အရာခပ်သိမ်းမှာ နှစ်ကိုယ့်တစ်စိတ် ကိုယ်နှင့်ထပ်တူ အေးတူပူမျှ (ဒိုးတူပေါင်းဖက်) ဆက်ဆံမှုပြုမှ ကြိုက်မည့်သူကို ကိုယ်နှင့်မခြား အလားတူ ဆက်ဆံပြုမူပေးခြင်းဖြင့် ချီးမြှောက်ပါသည်ဘုရား။ (သမာနတ္တတာ)

'သာဓု ... သာဓု ... ဥပါသက၊ ကောင်းပေစွ့ ချစ်သား ... ကောင်းပေစွ့ လို့ ကောင်းချီး ပေးတော်မူခဲ့ပါတယ်'

**ဆောင်ပုဒ်။** ။ ပေးကမ်း သဗြိုဟ်၊ ချစ်ဖွယ် ဆို၍၊ ကိုယ်တူ ဆက်ဆံ၊ စီမံ အမှု၊ ကူညီ ပြု၊ စတု သင်္ဂဟ။

'ဆရာကြီး အမိန့်ရှိတဲ့ အာဠဝက ဥပါသကာကျင့်တဲ့ ဒီ သင်္ဂဟတရား လေးပါးကလဲ ကြီးပွားကြောင်းတရား ပါပဲ ကလား ဗျာ'

'ဟုတ်ပါတယ်၊ မြတ်စွာဘုရားရှင် မကြာခဏ ပြောဆိုဆုံးမတော်မူလေ့ရှိတဲ့ ဘဝခရီးဖော် တရားကြီးလေးပါးပါ ခင်ဗျာ။ အခြေအရံ တပည့်လက်သား ပေါများတဲ့ ပုဂ္ဂိုလ်တွေကို လေ့လာ



ကြည့်ရင် ဒီ သင်္ဂဟတရား လေးပါး အနည်းနှင့်အများ လက်ကိုင်ထားကြတာကို တွေ့နိုင်ပါတယ်'

'ဆရာကြီးက ခုလို သမိုင်းချုပြီး အစဖော်ပေးလိုက်တော့ ကျွန်တော်တို့က ပိုပြီး သတိပြုကြရမှာပေါ့ဗျာ'

http://www.dhammavideo.com/

# အခန်း [၃]

## အချိန်အခါ အခြေအနေနှင့် ဆီလျော်အောင်

စကား အရှိန်ကောင်း၊ ရထားကလည်း အရှိန်ကောင်း နေရာမှ ရုတ်တရက် ရထားအရှိန်လျော့ကာ ဂျိတ်ခနဲ ရပ်သွား၏။ ပြတင်းပေါက်ဖွင့်ပြီး စိုးရိမ်တကြီး ဟိုဟိုသည်သည် ကြည့်လိုက်မိသည်။

'မြောက်က အစုန်ရထား စောင့်တာပါ' ဟု သိရမှ စိတ်လှုပ်ရှားမှု လျော့သွား၏။ ရထားရပ်ခါမှ စကားလုံးလည်း ပို၍ ပီပြင်လာလေသည်။

'ကဲ ... ဆရာကြီးလဲ မောပါပြီ၊ ငါးခြောက်ဖုတ်ကလေးနှင့် ရေနွေးကြမ်းသောက်ရင်း နားပါဦး'

မျက်နှာချင်းဆိုင် ခုံမှ ဦးထွန်းလွင်က ပြောပြောဆိုဆို ရေနွေးကြမ်း ပန်းကန်နှင့် ငါးခြောက်ဖုတ် ချိုင့်ကို လှမ်းချပေး၏။ ဦးသောင်းက ရေနွေး တစ်ကျိုက်သောက်ပြီး ...

'ကဲ ... တစ်လမ်းလုံး မင်းက ဘာမှ မပြောဘူး၊ ဒီတစ်ခါ မင်းအလှည့်၊ မင်းတူ မြဒင် အကြောင်း ဆရာကြီးကို ပြောပြစမ်း' ဦးထွန်းလွင်အား မေးငေါ့ပြီး အလှည့်ပေးလိုက်သည်။



## ထိုင်းနိုင်ငံ ရဟန္တာ အရှင်မြတ်ကြီးတစ်ပါး

'မြဒင်အကြောင်းထက် အာဠဝကကြီးနှင့်စပ်ပြီး ကျွန်တော် ဖတ်ထားဖူးတာကလေး ပြောပြချင်လို့'

'ပြောပါ ... ပြောပါ'

'ဒီလို ... ဆရာကြီး၊ ကျွန်တော့် မိတ်ဆွေ တစ်ယောက်က အောင်ခြင်းရှစ်ပါး ဂါထာတစ်ခု ရေးပေးလို့ ကျက်ထားဖူးတယ်။ ဆရာကြီး ပြောသလို ဘုရားဟောလား၊ ဘာလားတော့ မသိဘူး' ဟု ဦးထွန်းလွင်က စကားပျိုးကာ 'မာရံ ယက္ခံ ဂဇံ စောရံ' ဂါထာကို အနက်ပါ ရွတ်ပြ၏။

"ဒီဂါထာက ဘုရားဟောတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် တိုတိုစိစိနှင့် သဒ္ဒါရော အနက်အဓိပ္ပာယ်ပါ အလွန်ထိမိတဲ့ ဂါထာပဲ၊ ရွတ်ပါ၊ အမြဲရွတ်ပါ၊ ကျေးဇူး များပါတယ်။ ဒီ ဂါထာပဲ ထင်တယ်၊ ကရားပွဲတွေမှာ အမျိုးသမီးဝတ်အဖွဲ့ တစ်ချို့ ရွတ်သံကြားမိတယ်။ 'ဘုရားက နိုင်ပြီ ... ဘုရားကနိုင်ပြီဆိုပြီး အတိုင်အဖောက်နှင့် ယိမ်းသီချင်းဆိုသလို ဆိုကြတော့ 'ဂါထာပေး တေးဖြစ်' ဆိုတာလို တယ် နေရာမကျလှဘူး"

'ဟုတ်ကဲ့ ... ကျွန်တော်တို့လဲ ကြားမိသား၊ နားထဲ တစ်မျိုးကြီးပဲ'

'စောစောကတော့ ဒီ အောင်ခြင်းဂါထာကို သိပ်မရွတ်ဖြစ်ပါဘူး။ နောက် ... ထိုင်းနိုင်ငံ ဆရာတော်ကြီးအကြောင်း ဖတ်မိတော့ ကိုယ့်အတွေးနှင့်ကိုယ် ကြည်ညိုပြီး ရွတ်မိတယ်ခင်ဗျာ။ ခုတစ်ခါ

ဆရာကြီးရဲ့ အာဋ္ဌဝက ဝတ္ထုကိုပြည့်ပြည့်စုံစုံ ကြားသိရ တော့ ပိုပြီး ရွတ်ချင်လာတယ်'

'ဟာ ... ကောင်းပါတယ်၊ ရွတ်ပါ။ ထိုင်းဆရာတော်ကြီး ဆိုတာ ...'

'ထိုင်းမှာလဲ ကျွန်တော်တို့ဆီလိုပဲ၊ ရဟန္တာလို့ ကျော်ကြားတဲ့ ဆရာတော်ကြီးတွေ ရှိတယ်ခင်ဗျာ့။ ယခုပြောမယ့် ဆရာတော်ကြီး က 'ဖရာ့အာကျန်မန်း' တဲ့၊ ဓာတ်တော်ကျတဲ့ ဆရာတော်ကြီးပါ။ ဆရာကြီးတို့ သတိထားလိုက်မိသလား မသိဘူး။ လွန်ခဲ့တဲ့ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလထဲက **ထိုင်းဘုရင်မင်းမြတ်**နှင့် လူပေါင်း ၅-သိန်း ကျော် သံဃာတော် တစ်သောင်းကျော် တက်ရောက်ပူဇော်တဲ့ ဘုန်းကြီးပျံပွဲတစ်ခု ကျင်းပကြတယ်လေ။ ရဟန္တာလို့ ကျော်ကြားတဲ့ ဆရာတော်ကြီးတစ်ပါး ပါပဲ။ 'လုံပုဝမ်' (Loo Pooeng) ဆရာတော် လို့ ခေါ်ကြတယ်။ ခု ကျွန်တော်ပြောမယ့် 'ဖရာ့အာကျန်မန်း' ဆိုတာ လုံပုဝမ် ဆရာတော်ကြီးရဲ့ ဆရာပါ'

'ဦးလေး ဦးထွန်းလွင်က မပြောဘူး မပြောဘူးနှင့်၊ ပြော မယ့်ပြောတော့ အံ့ဩစရာ စိတ်ဝင်စားစရာကြီးပါလား'

'ဖရာ့အာကျန်မန်းရဲ့ ဘွဲ့တော်က 'ဘူရိဒတ္တ ထေရော' တဲ့ ခင်ဗျာ့။ ၁၈၇၀-ပြည့်နှစ်မှာ မွေးဖွားပြီး ၁၉၄၅-ခုနှစ်၊ နိုဝင်ဘာလ ၁၁-ရက်နေ့ သက်တော် (၇၅) မှာ ခန္ဓာဝန် ချတယ်။ ဈာပနမှာ လူတစ်သိန်းကျော် ပူဇော်ကြတယ်။ အရိုးဓာတ်တော်များကိုလည်း ၂၀-ခရိုင် ခွဲဝေ ပူဇော်ကြရာက ၄-နှစ်ရှိတော့ ဒေသတစ်ခုမှာ အရိုး



ဓာတ်တော်က ပုလဲအဆင်းဆူရေ ၄၂၀ ... ဓာတ်တော် အလုံးအလုံး ကလေးတွေ ဖြစ်တယ်လို့ အတ္ထုပ္ပတ္တိမှာ ဖတ်ရတယ်ခင်ဗျာ့။ အတ္ထု ပ္ပတ္တိက စာမျက်နှာ ၃၆၀-ကျော်တယ်'

'အာ ... စိတ်ဝင်စားစရာကြီးပါလားဗျာ၊ သာဓု ... သာဓု၊ ဆက်ပါဦး ဦးထွန်းလွင်'

'ထေရုပ္ပတ္တိ ရေးတဲ့ပုဂ္ဂိုလ်က ဆရာတော်ကြီး တပည့်တစ်ပါး ပါ။ မြတ်စွာဘုရား တွေ့ကြုံဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို နောက်လူတွေက ဒုက္ကာရီလုပ်ကြံရေးထားတယ်လို့ မထင်မှတ်ကြရ အောင် ဘုရားရှင်ရဲ့ တပည့်သာဝက တစ်ပါးဖြစ်တဲ့ မိမိအကြောင်း ကိုလဲ မိမိမရှိတဲ့နောက် ရေးရစ်ဖို့ တပည့်တစ်ပါးအား အတွေ့အကြုံ များကို ပြောပြလေ့ရှိသတဲ့ ခင်ဗျာ့။

## သစ်ပင်ရှိရင် ဆွမ်းရှိသတဲ့

'အဲဒီ ဘူရိဒတ္တဆရာတော်ကြီးဟာ မြန်မာနိုင်ငံ လောနိုင်ငံ နယ်စပ် တောတောင်ထူထပ်တဲ့ နေရာမှာ နှစ်ပေါင်း ၅၀-လောက် လှည့်လည် တရားအားထုတ်ကာ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က တော တောင်အထပ်ထပ်ကို သုံးလေးငါးရက် ဖြတ်ကျော်ပြီး မြန်မာပြည် ဘက်ကို ကြွလာ သီတင်းသုံးတော်မူတာ ၅-နှစ်လောက် ကြာသတဲ့။ မြန်မာစကားတောင် ပြောတတ်တယ်လို့ ဆိုပါတယ်'

ဦးထွန်းလွင် စကားပြတ်သွားမည်စိုး၍ ကြားမဖြတ်ဘဲ မျက်တောင်မခတ် နားစွင့်နေမိကြ၏။ အစားအသောက်များကိုပင် သတိမရအား။

http://www.dhammavideo.com/



'ဆရာတော်ရဲ့ ဥပဇ္ဈာယ်ဆရာကလဲ ကမ္မဋ္ဌာန်းဆရာတော်ကြီးပဲ။ ထိုင်းအခေါ် 'အာကျန်စော (စ်)' လို့ ခေါ်သတဲ့။ ဒုတိယ ဟမ္မာစစ်ဖြစ်ခါနီး အခြေအနေမလှလို့ ထိုင်းဘက်ကို ပြန်ကြွသွားတော့ ၃-ရက် လုံးလုံး ရွာမတွေ့ရဘူး။ ဆွမ်းလဲ မဘုဉ်းပေးရဘူးပေါ့။ အစာမရှိ၊ ခရီးကလဲ ပင်ပန်းတာနှင့် ကျောက်ဖျာကြီးတစ်ခုပေါ်မှာ ထိုင်ရင်း 'စာထဲမှာတော့ သူတော်ကောင်းတွေကို ရုက္ခစိုးနတ်များက ဆွမ်းကပ်တယ်လို့ ဖတ်ရဖူးတယ်။ ငါ့မှာ ဘယ်နတ် ဘယ်ရုက္ခစိုးမှလဲ ဆွမ်းမကပ်ကြပါလား' လို့ စဉ်းစားမိသတဲ့။

'မကြာခင်မှာဘဲ ဘယ်အရပ်က လာမှန်းမသိတဲ့ သပ်သပ်ရပ်ရပ် လူငယ်တစ်ယောက် ရောက်လာပြီး ဆွမ်းကပ်တယ်။ 'ဘယ်အရပ်က လာရသလဲ' မေးတော့ မပြောဘူး။ ခပ်လှမ်းလှမ်းကို လက်ညှိုးထိုးပြပြီး ဦးချပြန်သွားသတဲ့။ ဆွမ်းကလဲ ထူးထူးခြားခြား အရသာရှိသတဲ့။

'ဒါနှင့် ဆွမ်းဒကာကလေး ပြန်သွားတာကို အကဲခတ်ကြည့်တော့ ခပ်လှမ်းလှမ်း သစ်ပင်ကြီးတစ်ပင် နောက်ကွယ်လဲ ရောက်ရော၊ ပျောက်သွားတယ်လို့ ရေးထားတာကို ဖတ်ရတယ်ခင်ဗျာ့'

'တို့များ သစ်ပင်ရှိရင် ဆွမ်းရှိသဟဲ့ လို့ ဝေဘူဆရာတော်ကြီး အမိန့်ရှိသလိုပေါ့နော်'

## တရားပွဲဘေးက ကစားပွဲ

'ဆရာတော်ကြီး ဖြစ်ရပ်တွေထဲမှာ ပြုံးတွက်ကလေးတွေလဲ တွေ့ရသဗျာ့။ တစ်ခါက ဒကာ ဒကာမများ ဆရာတော့်ကျောင်းလာ ဆွမ်းကျွေးပြီး တရားနာနေကြတဲ့အချိန် အသောက်အစားအကစား ဝါသနာကြီးတဲ့ ဒကာနှစ်ယောက် ပရိသတ်နှင့် မလှမ်းမကမ်းမှာ ငြင်းလိုက်ခုန်လိုက် ကျယ်လောင် ကျယ်လောင်နှင့် စစ်တုရင် ကစားနေကြတာ ဆရာတော်ကြီး ဘာမှ မပြောဘူး။ တရားနာတဲ့ လူတွေကတော့ တရားနာရတာ မပြောင့်တော့ မကျေနပ်တဲ့ အမူအရာနှင့် သူတို့နှစ်ယောက်ကို လှမ်းလှမ်း ကြည့်ကြသတဲ့။

'ခဏကြာတော့ အသံမကြားပါလားလို့ ကြည့်လိုက်တော့ တစ်ယောက်က ပါးစပ်ကြီး အဟောင်းသား၊ တစ်ယောက်က လက်မြှောက်ပြီး စစ်တုရင်ရွှေ့မယ့်ပုံ မလှုပ်မယှက် ကျောက်ရုပ်လို ဖြစ်နေကြတယ်။ ပရိသတ်က တစ်ဦးနှင့်တစ်ဦး လက်တို့ပြီး ပြုံးနေကြတယ်။ ဆရာတော်ကြီး တရားဟောပြီးမှပဲ အသက်ဝင် လှုပ်ရှားလာကြသတဲ့'

'ဒီနည်းကလေး ရှ စမ်းချင်ပါဘိ၊ မုသာဝါဒ, သမ္ဖပ္ပလာပ အရည်ကျိုသောက်ပြီး ပေါက်တတ်ကရ မဟုတ်တမ်း တရားလျှောက်ပြောနေတဲ့ လူတွေ အာစေးခတ်ရအောင်၊ ဟဲ ... ဟဲ ... ဟဲ ...'

## ယခုလဲ နတ်တွေ နဂါးတွေ တရားနာ လာကြတုန်း

'ဒီနေရာမှာ ကျွန်တော် ပြောချင်တာက နတ်တွေ နဂါးတွေ ဘီလူးတွေအကြောင်း ပြောချင်လို့ပါ။ ဆရာတော်ကြီးက ငရဲပြည် နတ်ပြည်အကြောင်းတွေ ပြောသလို နဂါးတွေ ဘီလူးတွေ တစ္ဆေ မြေဘုတ် ပြိတ္တာတွေ အကြောင်းလဲ တော်တော်များများ အမိန့်ရှိ

http://www.dhammavideo.com/



ထားတယ်။ ဆရာတော်ကြီးက ဇင်းမယ် နယ်ဘက်မှာ ကြာကြာ သီတင်းသုံးတယ်။ ဇင်းမယ်ဘက်မှာ ညအခါ နတ်ပရိသတ်တွေ အလာများပြီး ဆရာတော်ကြီး ဇာတိ ထိုင်း အရှေ့မြောက်ပိုင်းမှာတော့ နဂါးပရိသတ် အဖူးမြော် အလာများသတဲ့။ နဂါးတွေက ည ၁၀-နာရီ၊ ၁၁-နာရီလောက် လာတတ်ပြီး နတ်တွေကတော့ သန်းခေါင်ယံမှာလာပြီး မိုးသောက် ၂-နာရီလောက်မှ ပြန်သွားတတ်ကြသတဲ့။

‘ဇင်းမယ်ဘက်ကနေ ဇာတိရပ်ဘက်ကို ရထားနှင့် ပြန်ကြတဲ့အခါမျိုးမှာ ဘူတာရုံဘေးနှစ်ဖက် အထက်ကောင်းကင်မှာ ဝါဂွမ်းပုံလို နတ်ဗြဟ္မာတွေ ကန်တော့လာကြတာ မျက်စိတစ်ဆုံးပဲတဲ့။ ရထားထွက်သွားတဲ့အခါမှာတောင် ခရီးအတော်ဝေးအောင် လိုက်ပါရွေ့လျားပြီး ကန်တော့ကြသတဲ့’

‘ဆရာတော်ကြီးက ဒီကနေ့ ခေတ်လူတွေ လက်ခံမှာ မဟုတ်ဘူးလို့ ထင်မြင် ပြောဆိုခဲ့ရတဲ့ ဘီလူးအကြောင်း အကျယ်ပြောတာနှင့် ခု မင်းပြောတဲ့အကြောင်းကတော့ ဟပ်သွားပြီ’

‘ကျွန်တော်ကလဲ ဆရာကြီးပြောတာကို ဒီကနေ့ လက်တွေ့နှင့် ထပ်ဆင့် ထောက်ခံချင်လို့ပါ။ နတ်တွေ, နဂါးတွေဟာ တရားနာရာမှာ အလွန်ကို စည်းကမ်းသေဝပ်ပြီး ကိုယ်ကို လှုပ်တောင် မလှုပ်ယှက်ဘူးတဲ့။ နတ်များ ရောက်လာတဲ့အခါ ဆရာတော်ကြီးကို လက်အုပ်ချီ သုံးပတ်လှည့်ပြီး ကန်တော့ကြတယ်။ တရားပွဲပြီးလျှင်လည်း သာဓု သုံးကြိမ်ခေါ်ပြီး နောက်ဆုတ် လက်အုပ်ချီလျက် ဝါဂွမ်းပုံကလေးများလို ပျောက်ကွယ်သွားသတဲ့ဗျာ။



‘တစ်ခါကများ နဂါးပရိသတ်တွေ နေ့စဉ် တရားနာလာကြတော့ နဂါးမင်းက သူ့ရဲ့ ရာဇပလ္လင်ပါ ယူလာစေပြီး ထိုင်လေ့ရှိသတဲ့။ တရားမနာခင် သူ ယူဆောင်လာတဲ့ သောက်တော်ရေကို အရင် ဆက်ကပ်ပြီးမှ သောက်လေ့ရှိသတဲ့။ ထူးခြားတာကတော့ ဆရာတော်ကြီး တရားဟောတဲ့အခါ သည့်ပြင် တရားတွေထက် အောင်ခြင်းရှစ်ပါးတရားကို ဟောတဲ့နေ့ဆိုရင် နတ် နဂါးတွေဟာ ပိုပြီး နှစ်သက်အားရ ကြည်နူးမှုရှိကြသတဲ့ဗျာ ...’

‘ဒီကနေ့ ကျွန်ဟော်တို့ကို ဆရာကြီးဟောတဲ့ တရားပွဲမှာ ရထားဘေးအပေါ်က နတ်တွေ နတ်ဘီလူးတွေ ဘယ်လောက်လိုက်ပါလာကြမှန်းမှ မသိတာ’

‘ဒီလောက်လဲ မလုပ်ပါနှင့် ဦးသောင်းရယ်’

‘ဆရာကြီး ဟောနေတုန်း ကျွန်တော်ပိုပြီး သတိရမိတာက ဖရာ့အာကျန်မန်း ခေါ်တဲ့ ဘူရိဒတ္တမထေရ်ကြီးနှင့် ဘီလူးကြီးတစ်ယောက်အကြောင်း ပြေးပြီး သတိရမိသွားလို့ပါ’

‘ဆိုစမ်းပါဦး၊ အံ့သြစရာတွေချည်းပါလား’

## တောရဘုန်းကြီးတွေသတ်တဲ့ ဘီလူးကြီးဆိုပါလား

“ဆရာတော်ကြီးဟာ စောစောပိုင်းက ထိုင်းနိုင်ငံ အလယ်ပိုင်း နခမ်းနရုတ်ဒေသမှာ တရားအားထုတ်တယ်။ ဒီဒေသမှာ တောနက်တယ်၊ ရေတံခွန်စိမ့်စမ်းနှင့် ကျောက်ဂူတွေလဲ ရှိတော့ ပိုသဘောကျတာပေါ့ဗျာ။ တောင်ပေါ် တောနက်ကြီးထဲမှာ ဂူကြီးတစ်ဂူ

http://www.dhammavideo.com/



သာသာယာယာ တွေ့ရတော့ 'ငါ ဒီမှာ တရားအားထုတ်မယ်' လို့ တောင်ခြေရွာက ဒကာအချို့ကို အသိပေးတယ်။"

'ဒီ တောင်ပေါ်က ဂူကြီးထဲတော့ အားမထုတ်ပါနှင့်၊ အခြား ကြိုက်ရာ သီတင်းသုံးပါ၊ အလွန်ကြမ်းတဲ့ ဂူကြီးပါ၊ အရှင် ဘုန်းကြီး လေးပါးတောင် ရှိသွားပြီ၊ ရဟ်ဟရက် ပျံတော်မူသွားကြရတယ်' လို့ ဝိုင်းလျှောက်ကြတော့ ဆရာတော်ကြီးက 'သတ္တဝါတို့မည်သည် သေရ စမြဲပဲ' လို့ ပြောဆို ငြင်းဆန်ပြီး ၄င်းဂူကြီးထဲမှာပဲ သွားပြီး တရားအားထုတ်ပါတယ်။ သုံးရက် သုံးညတော့ အေးအေးချမ်းချမ်း ပဲ။ လေးရက်ရတော့ ဝမ်းလျှောတဲ့ ဒဏ်ကို အလူးအလဲ ခံတော်မူ ရသတဲ့။ ဝေဒနာ ကမ္မဋ္ဌာန်းကိုပဲ ဖိဖိစီးစီး ရှုမှတ်တော်မူတယ်။ ခန္ဓာ ကိုယ်က အလင်းရောင်တွေ ထွက်ပေါ်လာပြီး ဝေဒနာလဲပျောက်၊ ခန္ဓာကိုယ်လဲ ပေါ့ပါး ချမ်းသာသွားတယ်။

'ဒါပေမယ့် တစ်ဆက်တည်း ဂူထဲမှာ ကိုယ်ခန္ဓာ အလွန် ကြီးမားတဲ့ သတ္တဝါကြီးတစ်ကောင် ဖြုန်းခနဲ ပေါ်လာပြီး ...

'ကျွန်ုပ်ဟာ ဤတော ဤတောင်ကို ပိုင်ဆိုင်တဲ့ တန်ခိုး အကြီးဆုံး တောင်စောင့်ဘီလူးပါ၊ ဒီမှာ တင်းပုတ် ... တွေ့လား၊ ဒီ တင်းပုတ်ကြီးဟာ ဆင်ကိုတောင် မြေကြီးထဲ ပုဝင်သွားအောင် ရိုက် သတ်နိုင်တယ်။ ဘုန်းကြီး ခု မြန်မြန်ထွက်သွားပါ။ ထွက်မသွားလျှင် ရိုက်သတ်ရလိမ့်မယ်။ ဒီတင်းပုတ်ကြီးနှင့် ဘုန်းကြီးလေးပါးကို ရိုက် သတ်ခဲ့ပြီးပြီ' လို့ ပြောသတဲ့ ခင်ဗျာ။ ဒီတော့ ဆရာတော်ကြီးက ...

'သတ္တဝါဆိုတာ သေမျိုးပဲ၊ သေလဲ ငါ တရားနှင့် သေမယ်၊ သင့်ကို နှောင့်ယှက်လိုတဲ့ဆန္ဒ ငါ့မှာ လုံးဝမရှိဘူး ဒကာ။ ငါ့မှာ တရား



လက်ရှိနှင့် သေရမှာကို ငါ မကြောက်ဘူး၊ မြတ်သော သေခြင်းဖြစ် လို့ ငါ ဝမ်းမြောက်စွာသေမယ်၊ သင် ဒကာသာလျှင် ရဟန်း သူတော် ကောင်းများကို ညှဉ်းဆဲသတ်ဖြတ်လို့ အပါယ်ငရဲ ခံရမှာကိုသာ ငါ သနားတယ်။ မမိုက်ချင်ပါနှင့်'စသည်ဖြင့် တော်တော်ကြာကြာ တရား ဟောလိုက်တော့ အလွန်ကြီးမားတဲ့ ဘီလူးကြီးဟာ တဖြည်းဖြည်း သေးငယ်သွားပြီး ပကတိ လူလောက် ဖြစ်သွားကာ ဆရာတော်ကို ဦးချကန်တော့ရင်း တောင်းပန်ရှာသတဲ့။

## အနုတ္တရော ပုရိသ ဒမ္မသာရထိ ဆိုတာ

'ဘုန်းကြီးခန္ဓာကိုယ်တွင်းက ထွက်ပေါ်ထွန်းတောက်နေတဲ့ အလင်းရောင်ဟာ အင်မတန် အေးမြပါတယ်။ ဒီဂူမှာပဲ အမြဲသီတင်း သုံးပြီး တရားဘာဝနာ အားထုတ်တော်မူပါ'လို့ လျှောက်ပြီး ကွယ် ပျောက်သွားတယ်။ မကြာမီ သူ့ရဲ့ အခြွေအရံ ဘီလူးပရိသတ်ကြီးနှင့် လာပြီး တရားနာတာ မဖြတ်တော့ဘူးတဲ့ဗျာ။ အဲသည် တောတောင် ဝန်းကျင်မှာရှိတဲ့ ထောင်ပေါင်းများစွာသော ရုက္ခစိုးနတ်ပရိသတ်တွေ ကလဲ အမြဲဆည်းကပ်ပြီး တရားနာယူကြသတဲ့။ ကျွန်တော်ပြောချင် တဲ့ အတ္ထုပ္ပတ္တိ လိုရင်းအချက်က ဒီလောက်ပါပဲ'

'အင်း ... သာဓုဗျာ၊ တန်ဖိုးရှိလိုက်လေ'

"ကဲ ... ဦးထွန်းလွင်လဲ မောသွားပြီ၊ ရေနွေးကလေး တစ် ခွက်သောက်လိုက်ပါဦး၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော် ၉-ပါးထဲမှာ လူနတ်ပြဟ္မာ တိရစ္ဆာန်ရိုင်းတွေကို တုတ်ဓား မဆောင်၊ ကြိုးမနှောင် ဘဲ ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်တဲ့ 'အနုတ္တရော ပုရိသ ဒမ္မသာ

http://www.dhammavideo.com/



ရထိ' ဂုဏ်တော်ကြီးကို ပိုပြီး ကြည်ညိုစရာ၊ အာရုံပြုစရာ မျက်မှောက်ခေတ် သာဓကတွေပေါ့ ခင်ဗျာ။ သာဓု ... သာဓု"

## နတ်တွေ ဘီလူးတွေရဲ့ အန္တရာယ်, အကူအညီ

'ကျွန်တော့် ညီတော်မောင်ပြောတဲ့ ထိုင်းနိုင်ငံက ရဟန္တာ အရှင်မြတ်ကြီးအကြောင်းနှင့် စပ်လို့ ဆရာကြီးတို့ကတော့ အများကြီး သဘောပေါက် သွားမှာပေါ့လေ၊ နားထောင်နေရင်းက ကျွန်တော် သဘောပေါက်တာ ပြောပါရစေ'

'အာ ... ဦးသောင်းကလဲ ဓမ္မာစရိယဆိုပြီး စာတတ်လို့ ကျွန်တော်တို့ကို အထင်မကြီးပါနဲ့ဗျာ။ နှလုံးသားထဲမှာ ကြည်လင်ပြီး အမြင်ရှင်းတယ်၊ သဘောပေါက်တယ်ဆိုတာ သမာဓိက ပေါက်ဖွားတဲ့ ပညာပါ။ နတ်နေကိုင်း ချန်ချန်မနေပါနှင့်၊ ပြောမှာသာ ပြောစမ်းပါ။ ခင်ဗျားက ရှုမှတ်မှုနှင့် ဝင်စားပြီး နားထောင် နှလုံးသွင်းနေတာကပဲဟာ'

'ဒီလိုလေဗျာ ... အင်မတန် ကျယ်ဝန်းလှတဲ့ သတ္တလောကကြီးထဲမှာ နတ်တို့ နဂါးတို့ နတ်ဘီလူးတို့ ဆိုတာတွေဟာ အလွန်ကမ္မဇိဒ္ဓိ တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့ အကျိုးပြုချင်ရင်လဲ လူသားတွေထက် ပိုပြီး အကျိုးပြုနိုင်ကြသလို ဒုက္ခပေးချင်ရင်လဲ လူသားတွေထက် (စွမ်းလှပါတယ်ဆိုတဲ့ မီဂါတန်ဗုံး၊ အဆိပ်ဗုံး၊ ရောဂါပိုးမွှား ဗုံးတွေထက်) ပိုပြီး ဒုက္ခပေးနိုင်တယ်။ အလွန်စည်ကားဝပြောတဲ့ ဝေသာလီပြည်ကြီးကြည့်လေဗျာ၊ အပရိဟာနိယ ကိုယ်ကျင့်တရားတွေ ပျက်ပြားရာက စပြီး ဘီလူးဘေး၊ ဒုဗ္ဘိက္ခန္တရဘေး၊ မြေ



ဆိပ်တက်သလို ကူးစက် သေပျောက်လွယ်တဲ့ (အဟိဝါတ-ယဉ်းနာ) ရောဂါဘေးကြီး ဆိုက်လိုက်တာ 'လုပ်တိုင်းကုန်းကြီး' (သင်္ချိုင်းကုန်း) ဖြစ်တော့မလို့၊ ရတနသုတ် ကယ်ပေလို့ပေါ့။'

'နောက်ပြီး ဆရာကြီးတို့ သိပြီးသားပါ၊ **အာဋာနာဋိယသုတ် ပရိတ်တော်** ဟောတော်မူရတာကို ကြည့်ရင်လဲ အဲဒီနတ်တို့ ဘီလူးတို့ဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ သာသနာကို မကြည်ညိုတဲ့သူတွေကသာ များပြီး သူတော်ကောင်းတွေကို ဒုက္ခပေးမှာစိုးလို့ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ ကိုယ်တိုင် အာဋာနာဋိယပရိတ်ခေါ်တဲ့ တရားမန္တန်ကို စီရင်ပြီး ဘုရားရှင်ကို လျှောက်ထား ဆက်ကပ်ခဲ့ကြတယ် မဟုတ်လား ဆရာကြီး'

'မှန်လိုက်တာဗျာ၊ နတ်တွေ ဘီလူးတွေရဲ့ အန္တရာယ်ကို သိထားကြတော့ စတုမဟာရာဇ် နတ်မင်းကြီးတွေကတောင် စိုးရိမ်နေခဲ့ကြတယ် ဆိုပါတော့'

'အခု ကျွန်တော်တင်ပြလိုရင်းက နတ်တွေ ဘီလူးတွေကို ကြောက်ဖို့၊ ကိုးကွယ်ဖို့ ပြောနေတာမဟုတ်ပါဘူး။ ပြိတ္တာ တစ္ဆေမှင်စာ မပြောနှင့် အဲသလောက် တန်ခိုးဣဒ္ဓိပါဒ်ကြီးတဲ့ အန္တရာယ်တွေကိုတောင်မှ ပရိတ်တော် ဂါထာတော် မုခပါဌ်တော်တွေဟာ လွယ်လွယ်နှင့် အောင်မြင်ခဲ့ပါတယ်။ အခုလဲ အောင်မြင်နေပါတယ်။ ဆရာကြီးအာဘော်အရ ပြောရရင် ကိလေသာ မစင်သေးတဲ့ ဆရာ့ဆရာကြီးတွေရေးတဲ့စာမျိုး ဂါထာမျိုးမဟုတ်ဘဲ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဆည်းပူးပြီး သဗ္ဗညုတဉာဏ်ရမှ ဟောနိုင်တဲ့ ဘုရားနှုတ်ထွက် ဓမ္မစက်တော် ပရိတ်တော် ဂါထာတော် စစ်စစ်ဖြစ်ဖို့က ပိုပြီး အရေးကြီးပါတယ်'

http://www.dhammavideo.com/



'ဦးလေးပြောမှ ဒီလောက် အစွမ်းထက်တဲ့ ပရိတ်တော်ဂါထာတော်တွေကို ဘာမဟုတ်တဲ့ ကိုယ်ရေးကိုယ်တာ ကားတိုက်မှာစိုးလို့၊ လေယာဉ်ပျက်မှာ စိုးလို့၊ မှောင်ခိုလာတဲ့ ပစ္စည်း စစ်ဆေးရေးမိမှာစိုးလို့၊ လောလောဆယ် ရင်ဆိုင်နေရတဲ့ ဒုက္ခ သုက္ခကလေးတွေက လွတ်ဖို့၊ ဒါမှမဟုတ် ရောင်းပန်းဝယ်ပန်းကောင်းဖို့၊ ရာထူးတက်ဖို့ ဆိုတဲ့ မျှော်လင့်ချက် ယုံကြည်ချက်တွေနှင့် ရွတ်ရတာ ရှက်စရာတောင် ကောင်းနေပြီနော်'

'သူတော်ကောင်းတွေ အမြင်နှင့် ကြည့်ရင်တော့ ရှက်စရာပေါ့ကွာ၊ သို့သော်လည်း ရွတ်ပါ။ ရည်ရွယ်ချက် မြင့်မြတ်ရင် အကျိုးပေး မြင့်မြတ်မှာပဲ။ ရည်ရွယ်ချက် အားနည်းရင် အကျိုးပေးလဲ အားနည်းမှာပဲ။ ရွတ်ဖန် များလာတော့လဲ တစ်နေ့ထက်တစ်နေ့ ရည်ရွယ်ချက်တွေ မြင့်မြတ်လာတတ်ပါတယ်'

## ကိုယ်မသိတဲ့ဆေး စားရသလို

'မြတ်စွာဘုရားရှင်ကတော့ ကျယ်ပြောလှတဲ့ သတ္တလောကကြီးထဲမှာ နေကြရတဲ့ သူတွေမှာ ကြီးလဲကြီးမား များလဲများပြားလှတဲ့ မမြင်ရတဲ့ အန္တရာယ်တွေ ဘေးရန်တွေက ကင်းလွတ်ကြပါစေဆိုတဲ့ မဟာကရုဏာတော်နှင့် ပရိတ်မေတ္တာဂါထာတော်တွေကို ပေးသနားတော် မူခဲ့တာပါ။ အဲသလို အန္တရာယ်ကြီးမားပြီး မမြင်ရတဲ့ တန်ခိုးရှင်တွေနှင့် မိတ်ဆွေဖြစ်အောင် မဆောင်ရွက်နိုင်တောင်မှ ရန်သူအဖြစ် အနေမမှားဖို့ အရေးကြီးသဗျာ့။'

'တစ်ယောက်နှင့်တစ်ယောက် မတော်တဆ ရန်သူဖြစ်ကြ



ထိုင်းဆရာတော်ကြီး ဖရာ့အာကျန်မန်း
(၁၈၇၀–၁၉၄၉)

http://www.dhammavideo.com/



ရဦးတော့၊ ဘုရားရှင် ဓမ္မစက်, နတ်မင်းကြီးတွေရဲ့ အာဏာစက်တွေကို သုံးပြီး ငြိမ်းချောက်နှင်ထုတ်ကြမယ့်အစား မေတ္တာရပ် မိတ်ဆွေဖွဲ့တဲ့နည်းကို သုံးကြရပါတယ်။ ရန်မူတဲ့လူကို နိုင်တဲ့အားနှင့်ကာကွယ်တာ ခုခံတာထက် ရန်မမူချင်အောင် လုပ်နိုင်တာက ပိုပြီးမကောင်းပေဘူးလား။ အဲဒါကတော့ အာဠဝကဘီလူးကြီးအပေါ် မြတ်စွာဘုရားရှင် ကျင့်သုံးတော်မူခဲ့တဲ့ မေတ္တာပါ။'

'ဒီနေရာမှာလဲ အောက်လမ်း၊ အထက်လမ်း အပါအဝင် မဟာယာနဂိုဏ်းတွေနှင့် ကျွန်တော်တို့ ထေရဝါဒတို့ မတူကြပြန်ဘူး။ သူတို့က ထစ်ခနဲရှိ အမိန့်နှင့် အာဏာနှင့် ငြိမ်းချောက်နှင်ထုတ်တဲ့ ဂါထာမန္တန်တွေကို အားကိုးကြတယ်။ စောစောက ပြောတဲ့ 'ဆဒိသာပါလ' စတဲ့ ပရိတ် အစီအမံတွေနှင့် အနိုင်ဖိကြတယ်။ လောလောဆယ် မတတ်သာ အရှုံးပေးရတဲ့ ရန်သူဟာ တစ်ချိန်ချိန်မှာ လစ်တဲ့နေရာက ဝင်လုပ်မှာ မလွဲဘူး။ ဒါ ... ထုံးစံပဲ။ ဒါကြောင့် ကိုယ်မသိနိုင်တဲ့ အင်း၊ မန္တန် အစီအမံတွေနှင့် လုပ်ထားတဲ့ ဂါထာအဆန်းတွေ, ပရိတ်အဆန်းတွေကို ဘယ်လိုစွမ်းတယ် ပြောပြော၊ အားကိုး မမှားမိဖို့ အရေးကြီးတယ် ဦးသောင်းရေ'

'အင်္ဂလိပ်ဆေးလို နေမှာပေါ့ ဆရာကြီး၊ ဒီ ဆေးစားလို့ ဒီရောဂါတော့ ပျောက်ပါရဲ့။ ဒါပေမယ့် သူ့ရဲ့ အကျိုးဆက်ကြောင့် ဟိုတစ်ဖက်မှာ ထွက်ပေါက်ရောဂါ တစ်ခု ခံပေးရတတ်တယ်'

'ဦးသောင်း ဥပမာက ကောင်းလိုက်လေဗျာ၊ ဒီတော့ စွမ်းတယ်ဆိုတိုင်း နားမယောင်ဖို့ လိုတယ်။ ဘယ်လို စီမံထားတယ်ဆိုတာ သိဖို့ခက်တယ်၊ လောကီကိစ္စ လျှို့ဝှက်ချက်တွေဟာ လွန်စွာ

http://www.dhammavideo.com/



အသိခက်ပါတယ်၊ ဒီတော့ ကိုယ်မသိသေးတဲ့ ဆေးတွေ မစားတာ ဟာ အကောင်းဆုံးပါပဲဗျာ။

'မြတ်စွာဘုရားရှင်ရဲ့ မုခပါဌ်တော်တွေကတော့ စကား လုံးတိုင်း စကားလုံးတိုင်းမှာ လေးအသချေနှင့် ကမ္ဘာတစ် သိန်း ပါရမီအားတွေ အပြည့်ပါနေမင့်ဟာ ဘောက်မဲ့ ဟို ဂါထာ သည်ဂါထာတွေ လိုက်မဆုံး ဖြစ်နေကြပါလိမ့်'

'တိုတိုတော့ အကြောက်လွန်ကြ၊ လောဘကြီးက ကံနည်း ကြလို့ပေါ့ ဆရာကြီး

'ဟုတ်ပါ့၊ ဒီလိုပဲပြောဖို့ ရှိတော့တာပေါ့၊ တကယ်တော့ အစိန္တေယျဖြစ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ မုခပါဌ်တော်တွေကို တကယ် ယုံကြည်အားထားပြီး သူ့နေရာနှင့်သူ၊ အချိန်အခါ အခြေအနေအရ အသုံးချတတ်မယ်ဆိုရင် သတ္တလောကကြီးထဲမှာ ဘာဆို ဘာမှ ကြောက်စရာ မရှိဘူးဗျာ့၊ ခုနက ပြောတဲ့ နတ်မင်းကြီးတွေ၊ မမြင်ရ တဲ့ တန်ခိုးကြွဒ္ဓိပါဒ်ရှိတဲ့ နတ်ဘီလူးကြီးတွေဟာလဲ မြတ်စွာဘုရား ရှင်ရဲ့ မျက်နှာ၊ သာသနာတော်ရဲ့ အရှိန်အဝါကြောင့် လိုအပ်လျှင် ကူညီတတ်ကြပါသေးတယ်၊ သို့သော် ကိုယ်ကျိုးမဖက် ရည်ရွယ်ချက် ကြီးကျယ်မြင့်မြတ်ဖို့တော့ လိုမယ်ပေါ့လေ'

## ဗျူဟာမှူးရဲ့ ဓမ္မစစ်ဆင်ရေး

'ဟော့ ... ဟော့ ... ဆရာကြီး စကားဖြတ်လို့၊ ထွန်းလွင် ... ဆရာကြီးကို မင်းတို့ မြဒင်အကြောင်း ပြောပြစမ်းကွာ'

'ဒီလိုပါ ဆရာကြီး၊ ကျွန်တော့်တူ မောင်မြဒင်ဆိုတာရှိတယ်၊



တူ ဆိုပေမယ့် အသက်က သိပ်မကွာလှပါဘူး၊ သူက ဒု-ဗိုလ်မှူးကြီး ပါ၊ တိုတိုပြောရရင် တစ်ချိန်က ရှေ့တန်းမှာ ဗျူဟာမှူးပေါ့၊ တစ်ဖက် က ရန်သူ သူပုန်တွေ တစ်နေ့ထက် တစ်နေ့ ရှေ့တိုး နယ်ချဲ့ပြီး လျှိုမြောင် တောင်တန်းတွေမှာ ထုနှင့်ထည်နှင့် အခိုင်အမာ တပ်စွဲ ထားကြတယ်၊ တော်တော်နှင့် မောင်းထုတ်လို့ မရဘူး။

'ကျွန်တော့်တူ မြဒင်လဲ ဗျူဟာမှူးအဖြစ် တက်သွားရော၊ အရင်ကလောက် မဆိုးပေမယ့် တိုင်းပြည်အတွက် ရင်မြေကတုတ် လုပ်ကြရရှာတဲ့ ရဲဘော်ကလေးတွေလဲ သနားစရာပဲ၊ ဒါပေမယ့် မြဒင် ဟာ 'နောင်ရိုးတိုက်ပွဲ' စိတ်ဓာတ်နှင့် သေချင်သေ နောက်ကြောင်း ပြန်ဖို့ မစဉ်းစားတော့ဘူး၊ မြဒင်လဲ ကြံရာမရ၊ ဘာလုပ်ရမှန်း မသိ တော့ဘူး၊ ဒါနဲ့ ခြေကုပ်စခန်း လုပ်ထားတဲ့ တောင်ခါးပြတ် တစ်နေရာ အလောင်းအချို့ အကြားမှာ လမ်းသလားလိုက်၊ စဉ်းစားလိုက်၊ သစ်ပင်ကြီးတစ်ပင်ရဲ့ ခြေရင်း မြစ်ပျဉ်းပေါ်မှာထိုင်ပြီး တွေးလိုက်နှင့် စိမ်းညိုညိုတောင်မြင့်တန်းဆီကို လှမ်းမျှော်ရင်းက ထူးဆန်းတဲ့ အရိပ်အရောင်တွေကို မြင်ရသတဲ့။'

'ဒါနဲ့ ... သေသေချာချာ ကြည့်လိုက်တော့ စိတ်ထင်တာ မဟုတ်ဘဲ တကယ့် ပုံသဏ္ဌာန်တွေ ဖြစ်နေတာ တွေ့ရတယ်ဆိုပဲ'

'အင်း ... ဦးထွန်းလွင်ဆီက သတင်းတွေက **စိတ်ဝင်စား** စရာတွေချည်းပါလား၊ ဆိုစမ်းပါဦး'

'သူ မြင်ရတဲ့ ပုံသဏ္ဌာန်တွေက ရှေး မြန်မာမင်းများ **လက်ထက်က စစ်ဗိုလ်မှူးကြီးတွေ**လို မောက်တိုမောက်လူ အဝတ် အစားတွေနှင့် ဝင့်ဝင့်ကြွားကြွား လေထဲမှာ လမ်းသလားနေတဲ့ ရှေး

http://www.dhammavideo.com/



မြန်မာ စစ်ဗိုလ်ကြီးတွေ ဖြစ်နေသတဲ့၊ ဒါနှင့် ခဏကြည့်နေရာက ရဲစိတ်ရဲသွေးတွေ တက်လာပြီး ဘယ်သူနှင့်မှ စကားမပြောဘဲ အဲဒီနေရာမှာပဲ တစ်နာရီလောက် သူလုပ်နေကျ ဝတ်တစ်ခုကို လုပ်ပြီး ထိုးစစ် ထပ်ဆင့်ဖို့ အမိန့်ပေးလိုက်သတဲ့။'

'အကြိမ်ကြိမ် တိုက်လို့မရတဲ့ သူပုန်စခန်းကို နယ်သိမ်းပွဲ နွှဲလိုက်နိုင်တယ်။ ရှေ့တန်း အောင်ပွဲကြီးတွေမှာ တစ်ခုအပါအဝင် သမိုင်းဝင်အောင်ပွဲ ဖြစ်သွားတယ်၊ နောက်တစ်ရက် အခြေစိုက်ဖို့ စစ်ကူလဲ လွှတ်လိုက်ပြီး ချက်ချင်း ဟယ်လီကော်ပတာနှင့် ရန်ကုန်ပြန်လာဖို့ ခေါ်ယူလိုက်တယ်၊ ရန်ကုန်ရောက်တော့ သူ့အထက်က အရာရှိတွေတင် မကဘူး၊ အကြီးဆုံး ပုဂ္ဂိုလ်ကြီးကတောင် ခေါ်ယူတွေ့ဆုံပြီး ဂုဏ်ပြု ချီးကျူးစကား ပြောကြားခံရပါတယ်။

'အဲ ... ပြောရမှာ ခက်တာက ဘယ်လိုစစ်ဆင်သလဲ၊ ဘယ်လို လုပ်သလဲလို့ အဲဒီ ပုဂ္ဂိုလ်ကြီးက မေးတဲ့အခါ ပထမတော့ ပြောဖို့ နှုတ်မထွက်ဘူး၊ နောက်တော့ မထူးပါဘူးဆိုပြီး သူလုပ်တဲ့ အတိုင်း ရှေးမြန်မာစစ်ဗိုလ်ကြီးတွေ မြင်ရတာပါ မကျန် အကုန် ပြန်ပြောလိုက်သတဲ့'

'သူ ဝတ်တစ်ခု လုပ်ထားတယ်ဆိုတာက ဘာကိုဆိုလိုတာပါလဲ ဦးလေး၊ ကျွန်တော်တော့ ဒီကိစ္စတွေ ဆရာကြီးရဲ့ 'ကမ္ဘာကို ချုပ်ကိုင်မည့်သူ' စာအုပ်ထဲက အင်းစိန်တိုက်ပွဲ ဖတ်ရကတည်းက သဘောကျပြီးသားပါ။ (Truth is stranger than fiction) တကယ့် ဖြစ်ရပ်မှန်တွေဟာ စိတ်ကူးယဉ်လုပ်ကြံရေးတဲ့ ဝတ္ထုဇာတ်လမ်းတွေထက် ဆန်းကြယ်တယ်ဆိုတဲ့ အထောက်အထားကလေး ရချင်လို့ပါ'



'အဲ့ဒါကို ပြောဖို့ နှုတ်မထွက်ရဲ ဖြစ်နေတာပေါ့ ကိုရင်၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကြီးကို သူလုပ်ပုံ အစအဆုံး အကုန် ပြန်ပြောလိုက်တယ်၊ တိုတိုပြောတော့ ဓမ္မ စစ်ဆင်ရေးပေါ့'

'အဲ ... သူက၊ မောင်မြဒင် လုပ်ပုံကို သူပုန်သိမ်းပိုက်ပြီး အခြေစိုက်ထားတဲ့ တောင်တန်းဒေသတစ်ဝိုက်လုံး ပဌာန်း ၂၄-ပစ္စည်းနှင့် လှည့်ပတ်ပြီး စည်းချ၊ နောက်မှန်းပြီး ပရိတ်ကြီး ၁၁-သုတ် ရွတ်၊ နောက် သူရသမျှ အတိုအထွာ ဂါထာတွေ ဘာတွေ ရွတ်တာပေါ့ဗျာ၊ သူ သိသလောက် တောစောင့်နတ် တောင်စောင့်နတ်တွေကိုလဲ မေတ္တာပို့ အမျှဝေ၊ သူပုန်တွေကိုလဲ မေတ္တာပို့၊ 'ယခု ကျွန်ုပ် တာဝန်အရ လုပ်ရသည်မှာ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ပါ၊ ရဟန်းရှင်လူ ပြည်သူအများ ချမ်းသာစွာ နေထိုင်ရေးအတွက် ဖြစ်ပါတယ်၊ ကိုယ့်ကြောင့် သူတစ်ဖက်သား ဒုက္ခရောက်တာကိုလဲ မကြည့်ချင်ပါ' ဘာ ... ညာ ... သစ္စာလဲ ပြုပေါ့ဗျာ၊ အဲဒီဝတ်ကို ထိုးစစ်မဆင်ခင် တစ်ပတ်လောက်ကတည်းက သူ လုပ်ထားတယ်လို့ ပြောပါတယ်၊ အထက် ပုဂ္ဂိုလ်ကြီးများကိုလဲ သည်အတိုင်းပဲ ပြောပြ အစီရင်ခံလိုက်သတဲ့'

ထိုအခိုက် ဦးသောင်းက ကြားဖြတ်၍ ...

'ဒီလိုဗျ ဆရာကြီးရ ... ဗိုလ်မြဒင်အောင်ပွဲက တိုင်းပြည်မှာ တော်တော်ကလေးကြီးတဲ့ အောင်ပွဲပါ၊ ဘာသာရေးလဲ ငယ်ငယ်ကတည်းက အလွန်ယုံကြည်တဲ့သူ၊ ဒါပေမယ့် ဘယ်ဟာ ရွတ်လို့ ခုလို အောင်ပွဲရတယ်ဆိုတာ ပြောလို့မရဘူး၊ သူ့ဟာ ရတာတွေ အကုန် လျှောက်ရွတ်နေတာပဲတဲ့ ... ကျွန်တော့်ကိုလဲ ပြန်ပြောပြပါတယ်'

http://www.dhammavideo.com/



'ဦးသောင်း … ဘုရားဟော စာတွေ ဘယ်ဟာ ရွတ်ရွတ် အောင်မြင်မှာချည်းပဲ၊ ပဲပြုတ်သည်တစ်ဦး 'ဖုဋ္ဌဿ လောက **ဓမ္မေဟိ**' ဂါထာရွတ်တာ ရောင်းလို့ လက်မလည်ဘူး ဆိုပဲ၊ တစ်လောက စာစောင်တစ်ခုမှာ ဖတ်လိုက်ရတယ်၊ ဘဲမွေးတဲ့ လူက တရားတစ်ပတ်ဝင်ပြီး ကမ္မဋ္ဌာန်း ဆရာကို ပြောတယ်၊ 'တပည့်တော် တရားထိုင်တာ ဒီတစ်ပတ် ဘဲတွေ ပိုဥတယ်တဲ့၊ ဟုတ်ချင် ဟုတ်မယ်၊ ကြားရတာ တစ်မျိုးကြီးပဲ၊ ဟုတ်သည့်တိုင်ဦး၊ မပြောကောင်းတဲ့ စကားပဲ၊ တရားတော် ဂုဏ်ကိုလဲ ထိခိုက်တယ်၊ ဒါက မိုးကြိုးလွှဲဂါထာ၊ ဒါက လာဘ်ရွှင်ဂါထာ၊ ဒါက ကား ရထားမမှောက်တဲ့ ဂါထာ စသည်ဖြင့် ပြောဆို ရေးသားနေကြတာတွေ များနေတယ်ခင်ဗျာ၊ တရားကို ဘောင်ခတ်ပေးထားသလို ပြောဆို ရေးသား နေကြတာတော့ မကောင်းပါဘူး၊ ဘုရားဟောသာ ဖြစ်ပါစေ၊ ယုံကြည်ရင် ဘာရွတ်ရွတ် လိုရာသိဒ္ဓိ ပြီးမှာချည်းပါပဲ'

'ယုံကြည်ပါတယ် ဆရာကြီးရဲ့၊ ဒါပေမယ့် ကျွန်တော်တို့ တူ ဗိုလ်မြဒင်ရွတ်လိုက်ပုံကတော့ သူရတာ ဘာမှ မချန်ဘူး။ အကုန်ရွတ်၊ အန္တရာယ်က ကြီးလဲကြီး၊ နီးလဲ နီးသကိုး။ ဒီတော့ ဆီးချိုရွတ်၊ သွေးတိုးသမားတွေလို ဒန့်သလွန်ရွက် ကောင်းတယ်၊ ကြားတော့ ဒန့်သလွန်ရွက် ကျိုသောက်၊ မြင်းခွာရွက် … အာ … နောက်ပြီး နန္ဒင်းခါး၊ သူပြော လူပြော အကုန်လျှောက်စားတာ ရောဂါလဲပျောက်ရော၊ ဘယ်ဆေးကြောင့် ပျောက်မှန်းတောင် မသိတော့သလို ဖြစ်သွားတာ ပေါ့ဗျာ'

'ကောင်းပါတယ်လေ … ရောဂါပျောက်ဖို့က လိုရင်းပဲ မဟုတ်လား၊ ဒါပေမယ့် ရောဂါတော့ ပျောက်ပါရဲ့ အဲဒီ ကိုယ်မသိတဲ့ ဆေးကြောင့် တစ်ခြား ရောဂါတစ်ခု ဆင့်ပွားလာစေနိုင်တဲ့ ဆေးမျိုးတော့ သတိထားရမှာပေါ့'



## စည်းချဂါထာနှင့် ဖြိုလ်ပ, သတဲ့ အယူ

'နောက်ပြီး … ဆရာကြီးကို မေးချင်ပါသေးတယ်။ စည်းချတာနှင့် ပတ်သက်လို့ ပဋ္ဌာန်း ၂၄-ပစ္စည်းနှင့်လဲ စည်းချကြတယ်။ ကျွန်တော်တော့ ခရီးသွားလို့ ရောက်လေရာ တည်းခိုလေရာ အရပ်မှာ ဒါနှင့်ပဲ စည်းချ အိပ်လေ့ရှိပါတယ်။ တစ်ခါတလေလဲ အရပ်ရှစ်မျက်နှာ ဖြိုလ်ခွင် နေ့နံအလိုက် စီစဉ်ထားတဲ့ 'သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ' ရှစ်ဂါထာနှင့် စည်းချတဲ့အခါလဲ ချမိရဲ့၊ ဘယ်သင်းက ပိုပြီး ကောင်းပါသလဲ ဆရာကြီး'

'ဦးသောင်း သိပါတယ်၊ ဒီ ရွတ်ဖတ်တဲ့ ဂါထာတွေနှင့် ပတ်သက်ပြီး ဘယ်ဟာ ပိုကောင်းတယ်လို့တော့ မပြောသင့်ဘူး။ မိမိ ရွတ်တဲ့အခါ ဘယ်ဟာ ပိုပြီး ကြည်နူး နှစ်သက်တယ်ဆိုတဲ့ဟာ အပေါ်မှာပဲ အများဆုံး တည်ပါတယ်။ ဒါပေမယ့် ဒီ စည်းချတာနှင့် ပတ်သက်လို့ကတော့ ၂၄-ပစ္စည်း ကတော့ အထူးပြောစရာ မလိုပါဘူးဗျာ။ 'သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ, ခေမပတ္တာ, သီရိပတ္တာ' ရှစ်ဂါထာကတော့ အနက်အဓိပ္ပာယ်ကောင်းပါတယ်။ ပါဠိအရေးအသား အသွားအလာ လုံးဝမှားတာလဲ ရှိတယ်။ ပြင်ပေးပေမယ့် သူမှုရင်းကိုယ်နှိုက်က သဒ္ဒါစည်းကမ်းလဲ မကျလှဘူး၊ နေ့တွေ နံတွေနှင့် ဆိုတော့ စဉ်းစားစရာပေါ့'

http://www.dhammavideo.com/



## စစ်တိုက်ရာမှာ မမေ့ရာ

'ဒီက ဦးလေး ဦးထွန်းလွင်တူ ဗိုလ်မှူးမြဒင်ရဲ့ ဓမ္မစစ်ဆင်ရေးဆိုလို့ ဒုဋ္ဌဂါမဏိမင်းကြီးတို့၊ အလောင်း မင်းတရားဦးအောင်ဇေယျတို့ စစ်ချီခါနီး သစ္စာပြုပုံ အဓိဋ္ဌာန်လုပ်ပုံတွေကို **'ရတနာသုံးပါးကျေးဇူး'** နိဒါန်းမှာ ထင်တယ်နော် ဆရာကြီး ရေးထားတာ..

## မဟာဗန္ဓုလ စစ်ချီစဉ်က

'ဟုတ်တယ် ကိုသန့်ဇင်၊ ငါ့တူက သတိပေးလို့ ဦးအောင်ဇေယျဆိုပြန်တော့လဲ ဓမ္မစစ်ဆင်ရေးနှင့် စပ်လို့ အတုယူစရာတွေ အများကြီးရှိတယ်။ အဲဒီ စာအုပ်မှာကတော့ ဦးလေးက 'စတိ' လောက် ရေးခဲ့တာ'

> 'ငါတည်း သာသနာတော်ကို ပြုထိုက်ပါမူကား ငါက အောင်စေသတည်း။ သူတည်း သာသနာတော်ကို ပြုထိုက်ပါမူကား သူက အောင်စေသတည်း' လို့

အဲသလို ဘုရား ရှေ့မှာ အဓိဋ္ဌာန်ပြု၊ ရေချမ်း သွန်းလောင်းပြီးမှ စစ်ထွက်တယ်ဆိုတာလောက်ပဲ ကျွန်တော်တို့က မှတ်ထားတာ။ အလောင်းမင်းတရား စစ်ချီတာနှင့်ပတ်သက်လို့ သည့်ပြင် မှတ်စရာရှိရင်လဲ လက်စနှင့် ဆရာကြီး အမိန့်ရှိပါဦး၊ ရာဇဝင်ကြီး မူရင်းတွေကိုလဲ ကျွန်တော်တို့ လူငယ်တွေက မဖတ်မိသလောက်ပဲ ...'

'ပြောရင်တော့ အများကြီးပါပဲ၊ ရှေးက မြန်မာစစ်သည်တော်တွေဟာ စစ်ပင်တိုက်ရသော်လဲ ဘာသာရေး မမေ့ကြတဲ့



အကြောင်း၊ တကယ်တော့ မမေ့ရုံသာ မဟုတ်ပါဘူး၊ မလွဲမရှောင်သာတဲ့ စစ်ရေးမှာလဲ ဘာသာရေး အသိစိတ်ဓာတ်နှင့် လုပ်ကြတဲ့ အကြောင်း အလွန် မှတ်စရာကောင်းပါတယ်။ စစ်သည်တော်တွေဟာ တပ်စခန်း ချလေရာ အရပ်တိုင်းမှာလိုလို တပ်တော်ဦးစေတီကို တည်လေ့ ရှိကြသဗျာ့။

'ယခု မော်လမြိုင်မှာရှိတဲ့ ကျိုက်သလ္လံ စေတီတော်ကြီးဟာ ဆိုရင်လဲ ယိုးဒယား စစ်ချီရင်း ဗိုလ်မှူးနော်ရထာတို့ တပ်ခရီးတစ်ထောက် နားရင်း လူအားနှင့် တည်သွားကြတယ်လို့ ဆိုပါတယ်'

'ဘကြီးတော်လက်ထက် စစ်သူကြီး မဟာဗန္ဓုလတို့ မဏိပူရအာသံကို တပ်ချီရာမှာလဲ ခရီးလမ်း 'တိမ်းကရား' ရွာ၊ တမူးမြို့များမှာ 'သာနုကျွန်းပေါ်စေတီ' 'သီရိထိပ်မိုး' စေတီများ တည်ထားခဲ့ကြတာ ယခုတိုင် ရှိနေကြတုန်းပဲဗျာ့'

'ဆရာကြီးပြောမှပဲ ရှေးက မြန်မာ စစ်သည်တော်တွေ ရတနာသုံးပါး အာရုံနှင့် စစ်ချီကြတယ်ဆိုတာ သိမှတ်ရတော့တယ်'

'ဒါတင် ဘာကဦးမလဲ ဦးသောင်း၊ အဲဒီ မဏိပူရ အာသံကို အလောင်းမင်းတရား ဦးအောင်ဇေယျ စစ်ချီတုန်းကများ အလွန်မတန် နက်တဲ့ တောကြီး မြိုင်ကြီးတွေ၊ ချောင်းတွေ မြောင်းတွေ ဖြတ်ပြီး စစ်ချီကြရတယ်။ ထမင်းခြောက်ထုပ်ထမ်းပြီး သွားကြရရှာတာ။ ဒီကြားထဲ စစ်သည်တော်တွေဟာ ကျောက်ဆင်းတု ရုပ်ပွားတော် ၄၉-ဆူကို တစ်ပါတည်း ပင့်ဆောင်သွားပြီး တမူးကနေ ကက်စိန်စခန်း ရောက်အောင် လက်ဝဲလက်ယာရှိ ရောမသစ်ပင်ကြီးတွေကို ဖောက်ထွင်းပြီး ကမ္ပည်းထိုး ဌာပနာသွားကြသတဲ့'

http://www.dhammavideo.com/



## အာတုယုစရာကောင်းတဲ့ အလောင်းမင်းတရား ဦးအောင်ဇေယျ

'ဘုရားကြွတော်မူရာ၊ သာသနာတော်ရောက်ရာ ဒေသမှာ အန္တရာယ်ကင်းတယ် ချမ်းသာတယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်လို့ ပေါ့နော်'

'ဟုတ်ပြီလား ဦးသောင်း၊ ဒီ ကိစ္စမှာ အလောင်းမင်းတရားဟာ ပိုပြီး စံတင်လောက်ပါတယ်။ ပဲခူးမှာ ယာယီတပ်မြို့ တည်ရာမှာ တောင်မှ အရပ်ရှစ်မျက်နှာ စေတီတစ်ဆူကျစီ တပ်မြို့တော် အလယ်မှာ တစ်ဆူတည်ပြီး ကိုးကွယ်ပါတယ်။ ရန်ကုန် ဟံသာဝတီ မြို့သိမ်းတိုက်ပွဲအတွက် ရွှေဘိုကနေပြီး ကြည်းကြောင်း၊ ရေကြောင်း ချီလာတဲ့ တပ်တွေကို မြင်ရရင် ရန်သူ ကြက်သီးထလောက်ပါပေတယ်'

'မြစ်ရိုးတစ်လျှောက် တပ်စခန်းချတဲ့ နေရာတိုင်း ရဟန်းသံဃာတော်တွေပင့်ပြီး ကုသိုလ်ဒါန လုပ်သွားတယ်။ အဆုံးအမဩဝါဒ နာယူသွားတယ်။ တန်ခိုးကြီး စေတီတော်တွေကို ဝင်ဖူးပြီး ရွှေသင်္ကန်းအပြည့် ကပ်လှူသွားတယ်။

'ဒဂုန်ခေါ်တဲ့ ရန်ကုန်ရောက်မှ ပိုပြီး အံ့ဩစရာကောင်းပြန်တယ်ခင်ဗျာ။ ဒါနနှင့် စပ်လို့လဲ ရွှေတိဂုံစေတီတော်ကြီးမှာ စောင်းတန်းလေးသွယ်ဆောက်ပြီး လှူတယ်။ စောင်းတန်းထိပ် ရင်ပြင်တော်ပေါ်မှာလဲ အာရုံခံတန်ဆောင်းကြီးလေးခု၊ ဒဂုန်ဆံတော်ရှင် ရွှေတိဂုံစေတီတော်ကြီးကိုလဲ ဖိနပ်တော်က ထီးတော်အထိ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူစေပါတယ်။ နောက်ပြီး ရေစက်ချ



လှူဒါန်းပွဲကြီး လုပ်ပါတယ်။ ရတနာ သုံးပါး ပူဇော်ပွဲကြီးတွေကိုလဲ မကြာခဏ လုပ်ပါတယ်။

'အလောင်းမင်းတရားဟာ အဲသလို အလှူပွဲကြီးတွေကို စစ်တိုက်ရင်း လုပ်နေရတာပါ။ နေပြည်တော်မှာလဲ အသက် ၆၀-ကျော်တဲ့ လူ ၅၀၀-ကျော်တို့ကို သီတင်းသီလ စောင့်ရင်း နေပြည်တော် လေးပြင်လေးရပ်ရှိ ဘုရားကျောင်းကန်များမှာ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးအတွက် ကိုယ်တော်မြတ် ကိုယ်စား ပြုလုပ် ပူဇော်ရအောင် လခရိက္ခာပေးပြီး ခန့်ထားသတဲ့။ မင်းတိုင်း ၁၂-မူလဲ လွှတ်ထားတယ်'

'ဆရာကြီး။ အလောင်းမင်းတရား ပင်ရှင်က ပိုတောင် ကောင်းပါသေးကလား'

## ဂုဏ်တော်တစ်ထောင်နှင့် ကုန်းဘောင်အင်ပိုင်ယာ တည်ထောင်

'ဒဂုန်ဆံတော်ရှင်မှာ ရေစက်ချပွဲကြီး လုပ်တဲ့အချိန်ကဆိုရင် မင်း မိဖုရား သားတော် မှူးမတ်၊ တပ်မှူး၊ စစ်ကဲ၊ စစ်သည်တော်များရော၊ မြို့စား နယ်စား စော်ဘွား စော်ခံတွေပါ အားလုံး ဆင့်ခေါ် စည်းဝေးကြတာ ရင်ပြင်တော် ပြည့်မတတ်ပဲ၊ ဘုရားရင်ပြင်တော် ပေါ်မှာ ကိုယ်တော်မြတ်က စပြီး '**နဝဂုဏ်တော် ကိုးပါးကို တစ်ထောင်ပြည့်အောင် ရွတ်ဖတ်ကြရသည်**' လို့ ရာဇဝင်ကြီးမှာ ပါရှိပါတယ်။

'ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မ သာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ'

http://www.dhammavideo.com/



'အဲသည် ဂုဏ်တော်ကိုးပါးကို ခေါက်ရေတစ်ထောင်ပြည့်အောင် ရွတ်ကြတယ်ဆိုတော့ ဖွဲ့နှင့် ယုံကြည်ချက် တော်တော်ကြီးမားကြပေတာပဲနော်။ ဆရာကြီး အမိန့်ရှိလို့သာ ကြားသိရပါတယ်၊ စစ်တိုက်နေတဲ့ ကြားက ဒီလို လုပ်တယ်ဆိုတော့ အတော့်ကို အံ့သြစရာ၊ အတုယူစရာကြီးပါလား'

'အတုယူစရာကြီးပေါ့ဗျာ၊ အင်းဝ ရွှေနန်းရှင်ဘုရင် နရပတိဘွဲ့ခံ **စစ်ကိုင်း စည်သူကျော်ထင်** ဆိုရင် ...

နံနက် 'ဥဒေတယံ' ဂါထာ၊

ညနေ 'အပေတယံ' ဂါထာ၊

တစ်နေ့ အခေါက်ရေ ၁၀၀၀-စီ ရွတ်ဆိုကြောင်း တွင်းသင်းရာဇဝင်မှာ ပါတယ်လေ။ နောက်ပြီး ... ဒီလိုလဲ ရှိတယ် ဦးသောင်းရဲ့ အခက်အခဲတွေ ပိုများလေလေ၊ သေရေးရှင်ရေး အရေးကြီးလေ၊ ရတနာသုံးပါး ဝတ်ကို တိုးလုပ်ရလေဆိုတဲ့ သင်ခန်းစာပေါ့ ခင်ဗျာ'

'ဒါ့ကြောင့်လဲ အလောင်းမင်းတရား (ဘုရားလောင်း) လို့ ချီးကျူးဂုဏ်ပြုမှု၊ ချစ်ကြည်ညိုခံရလေတာပဲနော် ဆရာကြီး။ ခံယူထိုက်ပါပေတယ်'

## ခရစ်ယာန်သာသနာပြုနှင့် ဂျာမန်ပညာရှိ

'ဆရာကြီး'

'ဆိုပါဦး ... ဦးထွန်းလွင်'

'အလောင်းမင်းတရား လုပ်နည်းလုပ်ဟန်နှင့်တော့ ရည်



ရွယ်ချက်ရော ဘာရော မတူပါဘူး။ အင်္ဂလိပ်-ပြင်သစ်တို့ ကိုလိုနီနယ်ချဲ့ကြတော့ သမိုင်းမှာ **'မ-သုံးလုံး စစ်ဆင်ရေး'** ဆိုတဲ့ ဝေါဟာရ တစ်ခု တွင်နေတာ သတိရလို့ ပြောချင်လို့ပါ'

'ဆိုပါဦး ... ဗဟုသုတပေါ့'

'သူတို့တွေ နယ်ချဲ့ကြတော့ ပထမ သာသနာပြုအဖွဲ့တွေကို လွှတ်တယ်၊ မစ်ရှင်နရီ (Missionary) ပေါ့ ခင်ဗျာ။

'နောက် ... ကုန်သည်တွေကို ရောင်းဝယ်ရေး လွှတ်ကြည့်တယ်။ အင်္ဂလိပ်လို မားချင့် (Merchant) ပေါ့။

'အဲသလို သွေးစမ်းလေ့လာပြီး ပိုင်တာနှင့် တစ်ပြိုင်နက် နောက်ဆုံး မစ်လီထရီ (Military) ဆိုတဲ့ စစ်တပ်ကြီးနှင့် သိမ်းပိုက်အုပ်စိုးတယ်လို့ ဆိုလိုတာပါပဲ။ ဆရာကြီးပြောတဲ့ အလောင်းမင်းတရားတို့လုပ်တဲ့ ဘာသာရေးအလုပ်တွေနှင့်တော့ မဆိုင်ပါဘူး၊ တစ်ခြားစီပါ'

'အဲ ... ခင်ဗျားပြောတဲ့ မ-သုံးလုံးတွေ အလောင်းမင်းတရားထံ ရွှေဘိုကိုလဲ ရောက်ပါတယ်ဗျာ။ ကပ္ပတိန် ဘေကာ၊ ကပ္ပတိန် ဖ်တာရတ်၊ ကပ္ပတိန် လစ္စတာ၊ သူတို့ကို အလောင်းမင်းတရားပြောတဲ့ စကားတွေ ရာဇဝင်တွေမှာ ဖတ်ကြည့်စမ်းပါဗျာ၊ ရဲရဲတောက်ပဲ။ ဒါထက် ခင်ဗျားက မ-သုံးလုံး စစ်ဆင်ရေးဆိုလို့ ဗဟုသုတအဖြစ် ပြောရဦးမယ်။ အဲဒီ အချိန်က ခရစ်ယာန်သာသနာပြု ပုဂ္ဂိုလ်တွေ ကျွန်တော်တို့ အာရှတိုက်ကို သာသနာပြု ... နယ်ချဲ့သာသနာပြု ဆိုပါတော့ဗျာ၊ ခရီးထွက်ကြတော့ ဂျာမန် ဖိလော်ဆဖာ တစ်ဦးပြောတဲ့ စကားတစ်ခွန်း သတိရမိတယ် ဦးထွန်းလွင်'

http://www.dhammavideo.com/



'ဆိုပါဦး ဆရာကြီး၊ ဖိလော်ဆဖာ နာမည်က ...'

'ဖိလော်ဆဖာ နာမည်က (Schopen Haure) ရှိပင်ဟောက်ဝါး လေ။ မစ်ရှင်နရီ အဖွဲ့တွေက အာရှတိုက်ကို သာသနာပြုခရီး ထွက်ခါနီး သူ့ကို နှုတ်ဆက်ကြတော့ သူက သတိပေးစကား မှာကြားလိုက်သတဲ့ဗျာ။

'Now you go as teachers to teach them, but will return home, being taught.

'အင်း ... မင်းတို့က ခုတော့ (အာရှတိုက်သား) သူတို့ကို သင်ပြမယ့် ဆရာကြီးတွေအဖြစ်နှင့် သွားကြတာပေါ့လေ။ တော်ကြာ သူတို့က မင်းတို့ကို (ဗုဒ္ဓဓမ္မ) ပြန်ဟောလိုက်လို့ ခါးကော့ပြီး ပြန်လာကြရမှာ ငါမြင်သေး'

'ဟဲ ... ဟဲ ... ဟဲ ... တယ်ဆိုတဲ့ စာပါလား ဆရာကြီး'

'သူက ကျွန်တော်တို့ အာရှတိုက်မှာ ဗုဒ္ဓတရားတော်တွေ ဘယ်လောက်ထွန်းကားနေတယ်၊ ဘယ်လောက် အကျိုးများတယ် ဆိုတာ သိရှိ ယုံကြည်ထားတဲ့ အတွေးအခေါ် ပညာရှင်ကြီးလေဗျာ၊ 'ခါးကော့ပြီး ပြန်ရမယ်' ဆိုတာက ကျွန်တော် ဘာသာပြန်လိုက်တာပါ။ သူကတော့ 'ရီတမ်းဟုမ်း' ရိုးရိုးပြောတာပါပဲ ... ဟဲ ဟဲ ဟဲ'

## ခရီးသည် သတိ

'ဆရာကြီး စောစောကပြောတဲ့ စကားထဲမှာ သူ့နေရာနှင့်သူ၊ အချိန်အခါ၊ အခြေအနေအရ အသုံးချတတ်ကြမယ်ဆိုရင်



သတ္တလောကကြီးထဲမှာ ဘာဆို ဘာမှ ကြောက်စရာ မရှိဘူးဆိုတဲ့ စကား ပါ ပါတယ်'

မောင်သန့်ဇင်က ပြောစကားများကို လိုက်ပြီး တေးမှတ်ထားတဲ့ စာရွက်ကိုပြန်ကြည့်ရင်း ကျွန်တော့်စကား မူရင်းအတိုင်း ကိုးကားလျက် မေးခွန်းထုတ်နေချိန် ...

'ဟော့ ... ကိုသန့်ဇင်၊ ဟိုမှာ တွဲစောင့်တွေ တံခါးတွေ လိုက်ပိတ်နေတယ်၊ ဘယ်လိုလဲ' ဟု တွဲစောင့် ကုလားတိန်ကို လက်ညှိုးထိုးရင်း မေးလိုက်သည်။

'သြော် ... ဆရာကြီး၊ ပဲခူး ရောက်လာပြီ၊ ဈေးသည်တွေ တွဲပေါ် တက်မှာစိုးလို့ ထင်ပါရဲ့'

မကြာမီ တွဲစောင့်က ကျွန်တော်တို့ အခန်းဖွင့်ဝင်လာပြီး 'အန်ကယ်တို့ ပြတင်းတံခါးကိုဖွင့်ရင် မှန်တံခါးချည်း မဖွင့်ပါနှင့်၊ အသားတံခါးပါ ချထားပေးယ်။ ရထားထွက်ရင်လဲ နာရီတို့ မျက်မှန်တို့ ဆွဲကြိုးတို့ ပါရင်လဲ ပြတင်းပေါက်နား ကပ်ပြီး မထိုင်ပါနှင့်၊ ဟိုလက်ဆွဲအိတ်လေး ကျေးဇူးပြုပြီး အထဲတိုးထားပါ' သတိပေးပြီး လှည့်ထွက်သွားသည်။

ကျွန်တော့်မှာ ခရီးသွားနည်းသူဖြစ်၍ တွဲစောင့်စကား နားမလည်နိုင်ဘဲ ခရီးဖော်များ မျက်နှာကို ကြောင်စီစီကြည့်နေမိ၏။ 'ဘူတာရောက်လို့ ဟိုဟာ သည်ဟာကလေး ဝယ်စားမယ် စိတ်ကူးပါတယ်၊ မလွယ်ပါလား' ဟု စဉ်းစားခိုက် ...

'ဒီလိုလေဗျာ ဆရာကြီးရဲ့၊ ဈေးသည်တွေ တက်လာရင်

http://www.dhammavideo.com/



အတော် မျက်စိရှင်ရတာ၊ သူတို့က ဖိနပ်မပါဘဲ တက်လာ၊ ပြန်ဆင်းတော့ ခရီးသည်တွေရဲ့ ဖိနပ် ကောင်းပေ့ဆိုတာ စွပ်ဆင်းသွားတတ်တယ်။ ကျွန်တော် ခံရဖူးပြီ၊ တွဲစောင့်က ဒါ လာ သတိပေးတာပါ’ ဟု ဦးထွန်းလွင်က ရှင်းပြ၏။

ခရီးသည်များအား မနေ့က လက်ကျန်အစားအစာ အသုံးများကို ရောင်းပုံ၊ သစ်ပုလွေ၊ ကသစ်သားများကို သနပ်ခါးလုပ်ပြီး ခရီးသည်များအား နှပ်ပုံ၊ ရထားထွက်စမှာ တံခါးက တွယ်ကပ်လိုက်ပါလာပြီး နာရီ စသည် လုပြီး ခုန်ဆင်းကြပုံ၊ နွားကျောင်းသားများကလည်း လောက်လေးခွနှင့် လှမ်းပစ်၍ မှန်ကွဲရပြီး ခရီးသည်များ ဒုက္ခရောက်ပုံ၊ ခရီးသွားနှင့် စီးပွားရှာသူ၊ နှောင့်ယှက်သူများ အကြောင်း သူ့ အတွေ့အကြုံများကိုလည်း ပြောပြသည်။

‘အင်း ... ခရီးသည်တို့ရဲ့ ဒုက္ခကား မသေးပါကလား’ ဟု ဟင်း ... ချရင်း ‘ပဲဂိုးဘူတာမှာ ငနဲသူခိုးက ထူပါဘိသနှင့်’ ဆိုတဲ့ သခင်ကိုယ်တော်မှိုင်းကြီး လေးချိုးကိုပင် သွားသတိရမိသေးတော့၏။ ရထားထွက်လျှင် ကိုသန့်ဇင်က သူ့ မေးခွန်းကို ပြန်ဆက်ပြန်၏။ ရသမျှ အချိန်ကလေး တန်ဖိုးရှိအောင် အသုံးချတတ်သော လူငယ်ပါပေ။

‘အင်း ... ကိုသန့်ဇင်၊ အချိန်အခါ အခြေအနေလိုက်ပြီး ရွတ်ဖို့ ဖတ်ဖို့ကောင်းတဲ့ ဘုရားဟော ဂါထာတော်တွေ အကြောင်း ပြောရရင် ဒီက ဦးထွန်းလွင်နှင့် မြန်မာပြည် မြောက်ဖျား မြစ်ကြီးနား အထိ လိုက်သွားကြမှ ထင်တယ်’

‘ဆရာကြီးသာ သွားရင် ဒီက အန်ကယ်သောင်းနှင့်



http://www.dhammavideo.com/



ကျွန်တော်တို့က မန္တလေးသက်သက် အလည်သွားတာ၊ ဘာကိစ္စမှ မရှိဘူး၊ လိုက်မှာဘဲ'

'မဖြစ်သေးဘူးလေဗျာ၊ ဦးလေးက ၉၆-နှစ် အဖေဆုံးလို့ ဘုတလင်၊ မောင်းထောင်ထိ သွားရဦးမယ်၊ တစ်ပတ်လောက် ကြာမှာပေါ့'

'ဟာ ... ဒါဆိုရင် အတော်ပဲ၊ ကျွန်တော်တို့လဲ မန္တလေးမှာ တစ်ပတ်လောက်ပါပဲ၊ ဆရာကြီး ပြန်ရောက်မယ့် ရက်နှင့် အတော်ပဲ ဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ် အပြန်လဲဆုံအောင် စောင့်မယ်ဗျာ' ဟု ပြောဆိုကြရင်း မန္တလေးမှာ တည်းခိုမည့်နေရာ စသည် မေးမြန်း ပြောဆိုကြရာ ကျွန်တော်တည်းမည့် နှမများတိုက်နှင့် ဦးသောင်း သမီးများတိုက်မှာ ကပ်လျက် ဖြစ်နေ၏။

## အင်္ဂလိပ် ဂန္ထဝင်ထဲမှာ လောကနီတိလောက် ကောင်းတာ မရှိဘူး ... တဲ့

'လက်စသတ်တော့ ခရီးသွား ဓမ္မကထိကကို ခင်ဗျားတို့က အပြန်ခရီးအတွက်ပါ စာချုပ်နေကြတာကိုး၊ ကောင်းပါ့ဗျာ ... ကျွန်တော်ကလဲ မာန်လည် ဆရာတော်ဘုရားကြီးတို့၊ အာဠဝကကြီးတို့လို 'သောအဟံ ဝိစရိဿာမိ' ရောက်ရာဒေသမှာ ဓမ္မယောသက လုပ်ချင်ပါတယ်။ နာတဲ့ လူကသာ နားမငြီးဘူး ဆိုရင်ပေါ့ဗျာ'

'ကဲ ... ကိုသန့်ဇင် မေးခွန်း ဆက်ကြဦးစို့။ ဘယ်နေရာ ဘယ်ကိစ္စမှာ ဘာဂါထာ ရွတ်သင့်တယ်။ ဘယ်ဂါထာက ဘာစွမ်း တယ်ဆိုတာ ကိုသန့်ဇင်တို့ ခေတ်ရောက်မှ တွင်တွင်ကျယ်ကျယ်

http://www.dhammavideo.com/



ပြောနေကြတာပါ။ ရှေးအခါကတော့ လူတိုင်း ဘုန်းတော်ကြီးကျောင်းပညာသင်ခွင့် ရကြတာဆိုတော့ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ (မဟာနမက္ကာရ)၊ လောကနီတိ၊ ပရိတ်ကြီး ၁၁-သုတ်၊ ဥဒါန်းဂါထာ အနေကဇာတိ သံသာရံ-ယဒါ ဟဝေ ဒါတွေ အကုန်လုံး ကျေညက်နေကြတာ။ တစ်ချို့များ ဓမ္မစကြာ၊ အနတ္တလက္ခဏ၊ မဟာသတိပဋ္ဌာန် သုတ်ကြီးတွေတောင် ရကြတယ်။

'အဲသလို ဘုန်းကြီးကျောင်းသားဟောင်းကြီးတွေအဖို့ ဟိုဂါထာ သည်ဂါထာ အဆန်းတွေ မပြောနှင့်၊ ခုကာလ တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်း အိတ်ဆောင်ဂါထာမျိုးကိုတောင် စိတ်မဝင်စားကြဘူးဗျ'

'ဘယ်စိတ်ဝင်စားမလဲ ဆရာကြီး၊ ဆယ်စောင်တွဲစာအုပ်တစ်အုပ်လုံး အာဂုံ ရထားပြီပဲဟာ၊ ဘာလိုသေးလဲ'

'ဒါနဲ့စပ်လို့ ဟို ... သခင်ကိုယ်တော်မှိုင်းတို့၊ ဦးဖိုးကျားတို့ ဝံသာနုကျောင်းတွေ တည်ထောင်ကြတုန်းက အဖြစ်အပျက်ကလေး ပြေးပြီး သတိရမိသေးတော့ ...

'ဆိုစမ်းပါဦး ဦးသောင်း'

'အမျိုးသားကျောင်းတွေ တည်ထောင်စက ကျောင်းသင်ရိုးညွှန်းတမ်း ဆွဲကြတော့ မြန်မာရာဇဝင်တို့၊ ပျို့ကဗျာလင်္ကာ မော်ကွန်းတို့ကို သင်ဖို့ သတ်မှတ်ထားကြတာ၊ ဘိလပ်ပြန် ဦးမေအောင်က ဒီ မြန်မာစာတွေ ခေတ်မမီဘူး၊ အင်္ဂလိပ်စာကို သင်ဖို့ အဆိုပြုတော့



သဂြိုဟ်နှင့် ကထာ ဝတ္ထုကျမ်းကို အင်္ဂလိပ်လို ဘာသာပြန်တဲ့ ဒီလစ်-ဘွဲ့ရ ယစ်မျိုးမင်းကြီး ဦးရွှေဇံအောင်က ထပြောတယ်။

'အင်္ဂလိပ်စာ လေ့လာဖတ်ရှုတဲ့နေရာမှာ ကျွန်တော်နှင့် တန်းတူသာ ရှိမယ်၊ သာတဲ့လူ မရှိပါဘူး။ အင်္ဂလိပ်စာပေ ဂန္ထဝင်ထဲမှာ ကျွန်တော်တို့ ဘုန်းကြီးကျောင်းသင်တဲ့ လောကနီတိလောက် ကောင်းတဲ့ကျမ်း တစ်ခုမှ မရှိပါဘူး' လို့ ပြောခဲ့ဖူးတယ်ဗျ။

'ခုကာလ ဘုန်းကြီးကျောင်းပညာရေးနှင့် ကင်းကွာခဲ့တဲ့ သူတွေဟာ ပရိတ်ကြီး၊ ဓမ္မစကြာ ဆိုတာလောက်တောင် အလှမ်းမမီတော့ တစ်ပုဒ်ကောင်း၊ နှစ်ပုဒ်ကောင်း လိုက်နေကြရရှာတာ။ ဒီလို မြတ်နိုးဖော်ရတာပဲ ဝမ်းသာရသေးတော့'

"မှန်လိုက်လေ ... ဦးသောင်းရေ့၊ ကျွန်တော်တို့ ရှေးက လူကြီးတွေဆိုရင် ခင်ကြီးဖျော် ရေးတဲ့ 'သုတဝဏ္ဏနာ' ဘုရားရှိခိုးတို့၊ ရှေးက ထိုင်းနိုင်ငံမှာ တရုတ်စစ်တပ် ရန်တွေကိုတောင် ကာကွယ်ခဲ့တယ်ဆိုတဲ့ **'ဥပ္ပါတသန္တိကျမ်း'** တို့၊ မစ္စတာ ဂျိမ်းစ်ဂရေး အင်္ဂလိပ်လို ဘာသာပြန်တဲ့ ရွှေကျင်ဆရာတော်ရဲ့ 'ဝိစိတြ ဝဏ္ဏနာ' တို့၊ ဒီလို ခမ်းနားလှတဲ့ ဘုရားရှိခိုးတွေတောင် ရကြသဗျာ့။ စပ်မိလို့ ပြောရဦးမယ်၊ ကျွန်တော်တို့ ထေရဝါဒ နိုင်ငံတွေမှာ ဘုရားရှင်ရဲ့ ကျေးဇူးပုဏ်တွေကို ပါဠိဘာသာနှင့် ခန့်ခန့်ညားညား လှလှပပ ဖွင့်ဆိုရေးသားကြတဲ့ အလေ့ ဟို ... ရှေးကတည်းက ရှိခဲ့ကြတယ်ဗျာ့၊ သီဟိုဠ်က ရေးတဲ့ **'ဇိနာလင်္ကာရ ဋီကာ'** ဟာ လူသိ အများဆုံး ပါပဲ'

http://www.dhammavideo.com/



## ပုဂံသားတို့ ရွတ်ဆိုသော ဘုရားရှိခိုး

ကျွန်တော်က နမူနာတစ်ပုဒ် ရွတ်ပြရာ ...

'သြော် ... န-ငယ်တစ်လုံးတည်းနှင့် တစ်ဂါထာဖြစ်အောင် ရေးပြီး သူ့ဟာ အနက်အဓိပ္ပာယ်ကလဲ အလေးနက်သားပဲ' ဟု ဦးသောင်းက ချီးကျူး အံ့သြနေ၏။

'ဘုရားဟော မဟုတ်ပေတဲ့ အဲသလို ဂုဏ်တော်ဖွင့်တွေ ရှိတယ် ဦးသောင်းရေ ... အများကြီးပဲ'

'အမှန်ရှိပါဆရာ၊ ကျွန်တော်တို့ဖြင့် ကြားတောင် မကြားဖူးပါဘူး'

'အဲသလို ဂုဏ်တော်ဖွင့် ဂါထာကျမ်းတွေထဲမှာ အတွင်းအပြင် အောင်ခြင်း၊ ရတနာရွှေချိုင့်နှင့် နမက္ကာရဟာ မြန်မာနိုင်ငံမှာ အနှစ်သက်ဆုံး အရအမိ အများဆုံးလို့ ဆိုရပေမှာပေါ့။ ဘာလို့လဲ ဆိုတော့ ပါဠိဂါထာအရေးအတွက် သိပ်ပြီး မများတာလဲ အကြောင်းတစ်ခုပေါ့ဗျာ'

'ဟုတ်ကဲ့ ခင်ဗျ'

'အဲသည်ထဲမှာ နမက္ကာရကတော့ ပုဂံခေတ်ကတည်းက ပညာရှိအများ နှစ်သက်တဲ့ ဘုရားရှိခိုးလို့ ဆိုရမှာပဲ။ ဟို ... ကျွန်တော်တို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ရာ တစ်ထောင်က ဆိုပါတော့၊ ပုဂံကျောက်စာတွေမှာ နမက္ကာရ ဘုရားရှိခိုး ဂါထာတွေကို နမောတဿလို အဖွင့်သဘော ရေးထိုးထားတာတွေ ဖတ်ကြရပါတယ်။ ဥပမာ ၅၅၈-ခုနှစ်ထိုး ဓမ္မရာဇိကဘုရား ကျောက်စာ၊ ၅၆၂-ခုနှစ်ထိုး စည်သူမင်းကြီးကျောက်စာ စသည်ပေါ့ဗျာ'



## သီရိလင်္ကာ ရေဒီယိုမှ အောင်ခြင်းဂါထာသံ

'ဒီ နမက္ကာရကိုပဲ ရှေးဆရာတော်ကြီးတွေက ဘာပြောလဲ ဆိုတော့ ရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်ဆရာတော်ကြီးတွေက ပိဋကတ်ကို ဖွင့်မပေးလို့ ဒီ နမက္ကာရ ဂါထာတွေ ရေးသီကုံးပြီး ဘုရားဂုဏ်အာရုံပြု ရွတ်ဆိုလိုက်တာ ပိဋကတိုက်သော့တွေ ပွင့်ကုန်သတဲ့ ခင်ဗျ။ ခုခေတ် သီဟိုဠ် (သီရိလင်္ကာ) မှာတော့ အောင်ခြင်းရှစ်ပါးကို ပိုပြီး နှစ်သက်ကြပုံပေါ်တယ်။ ဝါတွင်း ဥပုသ် နေ့တိုင်း သီရိလင်္ကာ ရေဒီယိုက အမျိုးသမီးကလေးများ အောင်ခြင်းရှစ်ပါး သံပြိုင် ရွတ်ဆိုသံ ကြားကြရတယ်။ သူတို့ အသံနှင့် အဆွဲ အငင်နှင့် နားထဲမှာ တစ်မျိုး အရသာရှိသားဗျ ...'

'ဆရာကြီး တစ်ပုဒ်လောက် နမူနာ ဆိုပြပါလား'

'အင်း ... ကိုသန့်ဇင်၊ ကိုရင့် မေးခွန်းဆီ မရောက်သေးဘူး၊ စကားက ဘုရားရှိခိုးသမိုင်း ရောက်သွားပြန်ပြီလေ၊ ကဲ ... ဘာပဲ ဖြစ်ဖြစ် ဗဟုသုတပေါ့၊ ကြားချင်လဲ သူတို့အသံထွက်နှင့် ဂီရိမေခလာ ဆင်စီးပြီး တိုက်ပွဲဝင်တဲ့ မာရ်နတ်ကြီး အောင်တော်မူခန်းဘွဲ့ ဂါထာကို ရွတ်ပြရသေးတာပေါ့ ... ။

'ဗာဟုမ် ဆဟတ်ဆ မ, ဘိနိမ်မိတ ဆာဝုဓဟာန် တံ၊
ဂရီမေးခလံ ဥဒိ-တဃောရ ဆဆေး နမားရုံ။
ဒါနာဒီ ဓဟမ်မ ဝိဓဟိနာ ဂျိတဝါ မုနိန္ဒိ။
တမ်း တေဂျဆာ ဘဝတူးမေး ဂျယ မန်ဂလာလိ။

(မြန်မာမှု၌ ဇယမင်္ဂလဂ္ဂ-ရှိ၍ သီဟိုဠ်မှု၌ ဇယမံဂလာလိ-ျသည်။)

'ဆရာရယ် ... ကျွန်တော်တို့ ဘာအဓိပ္ပာယ်မှ နားမလည်ဘဲ နှင့်တောင် ကြားရတာ နားထဲမှာ ဆိမ့်သွားတာပဲ'

'အဲဒီ ဂါထာကို မြန်မာအသံထွက်နှင့် ရွတ်ရင် ...

(က)ဗာဟုံ သဟတ်သ မ,ဘိနိမ်မိတ သာဝုဓံတံ။
(ခ) ဂိရိ မေခလံ ဥဒိတ, ဃောရံ သ, သေန မာရံ။
(ဂ) ဒါနာဒိဓမ်မ ဝိဓိနာ ဇိတဝါ မုနိန်ဒေါ။
(ဃ)တံ ဟေဇသာ ဘဝတု မေ ဇယမင်္ဂလက်ဂံ။

'ဆရာကြီး ... အဓိပ္ပာယ်ကလေး ပြန်ပြပါဦး'

(က)'လက်နက်နှင့်တကွ လက်ရုံးတစ်ထောင် ဖန်ဆင်းကာ၊
(ခ) ဂိရိမေခလာ ဆင်ကြမ်းကြီးကို တက်စီးလျက် ရဲမက် စစ်သားများစွာရှိသော မာရ်နတ်ကြီးကို၊
(ဂ) ဒါနစသော ပါရမီ ၁၀-ပါး တရားအစီအရင်ဖြင့် ဘုရားရှင် အောင်နိုင်တော်မူခဲ့ပြီ။
(ဃ)ထိုအောင်မြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တန်ခိုးတေဇော် အာနုဘော်အားဖြင့် (အာနုဘော်တော်ကြောင့်) အကျွန်ုပ်အား မြတ်သော အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ သတည်း။'

## အပြောင်မြောက်ဆုံး ပါဠိဂါထာ မြန်မာပြည်မှာ

'အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ဆိုတာ ကြားသာ ကြားဖူးတယ်၊ ဒီလို ခန့်ညားလေးနက်မှန်း မသိပါဘူး။ ကျွန်တော်



တို့ခေတ် မချမ်းသာကြရတာလဲ မပြောနှင့်၊ ဘုရားဟော မှခပါဠိထား လို့ ဒီလို ပညာရှိကြီးများ ရေးသားစီကုံးထားတဲ့ အနှစ်အသားတွေ နှင့်တောင်မှ အလှမ်းကွာခဲ့ကြရပေတာကိုး ...'

'ကဲ ... ကြားဖူးတယ်ရှိအောင် ပြောရသေးတာပ။ ခုလို ဘုရားဂုဏ်ကျေးဇူးတော်တွေနှင့် စပ်ပြီး ပါဠိကဗျာနှင့် ရေးသားခဲ့ ကြတာ သီဟိုဠ်ခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ် စသည်ပေါ့ဗျာ။ အဲဒီ ရေးသားကြတဲ့ ဂုဏ်တော်ဖွင့် ပါဠိဂါထာကဗျာအစီအကုံး အနန္တနန်း အဖွဲ့တွေထဲမှာ ဘယ်နိုင်ငံ ဘယ်ပါဠိပညာရှင်တို့မှ လိုက်မမီတဲ့ ပါဠိ ကဗျာဂုဏ်တော်ဖွင့် ကျမ်း တစ်ကျမ်း မြန်မာပြည်က ထွက်ပေါ်ခဲ့ တယ်ဆိုရင် ...'

'အမိန့်ရှိပါဦး ဆရာကြီး၊ ကျွန်တော်ကြားဖူးတယ်။ ပုဂံက ရေးတဲ့ သဒ္ဒါကျမ်းကြီး (သဒ္ဒနီတိ)ကို ပါဠိကျွမ်းကျင်ပါတယ်ဆိုတဲ့ သီဟိုဠ်က ဆရာတော်ကြီးတွေတောင် လက်ဖျားခါရတယ် ဆိုတာ မျိုးပေါ့နော်။ မြန်မာပြည်က ဂုဏ်ယူစရာပေါ့၊ ပြောပါဦး ဆရာကြီး'

'အဲဒါ တစ်ခြားမဟုတ်ဘူး၊ သာယာဝတီ, မင်းတုန်းမင်းတို့ လက်ထက် သာသနာပိုင် နှစ်ကြိမ်တိုင်တိုင် ဖြစ်တော်မူတဲ့ ဒုတိယ မောင်းထောင် သာသနာပိုင်ကြီး ဦးဥ ယျဓမ္မရေးစပ်တော်မူတဲ့ မြတ်စွာဘုရား **ဝါဆိုစဉ် ဘုရားရှိခိုး** ပါပဲ။ **'ဝါသမာလိနီ'** လို့ ခေါ် ပါတယ်။ ပုဂံ မင်းတုန်း ညီတော် နောင်တော် စစ်ဖြစ်ကြလို့ အမရပူ ရ နေပြည်တော်ကနေ နောက်ပါသံဃာများနှင့်အတူ မတ္တရာမြို့ အရှေ့ဘက် ရွှေသိမ်တော် တောရမှာ စစ်ဘေးခို၊ ဝါဆိုတော်မူရင်း ရေးတော်မူတဲ့ စာပါ။ ပါဠိလို တစ်ဂါထာမှာ လေးပိုဒ် လေးပါဒရှိရာ

http://www.dhammavideo.com/



လေးပါဒစလုံး နဘေထပ်ကာရန်နှင့် ရေးတာဆိုတော့ အတော့်ကို ပါဠိသဒ္ဒါ နိုင်နင်းမှ ဖြစ်ပါတယ်။

'မကြာမီက မင်းကွန်း တိပိဋကဆရာတော်ကြီး ကမ္ဘာအေး ရောက်ရှိခိုက် သွားဖူးတော့ ဒီ သာသနာ့ပိုင်ကြီးရဲ့ 'ဝါသမာလိနီ လောက် လက်ရာမြောက်တဲ့ ပါဠိဂါထာကျမ်း သီဟိုဠ်မှာလဲ မရှိဘူး ကွ' ... လို့ အမိန့်ရှိပါတယ်၊ ဆရာတော်ကြီး ကိုယ်တိုင် လက်နှိပ်စက် မှု ပြင်ဆင်ထားတာကို ဝမ်းသာအားရ ကျွန်တော်ကို ဖတ်ပြတယ် ခင်ဗျာ့၊ အဲဒီ ရှားပါးစာအုပ်ကို ဥက္ကဋ္ဌကြီး ဦးအောင်သိမ်းရဲ့ ပိဋက ဗျူဟာအသင်းက ပေမူမှ ကူးယူပုံနှိပ်ထားပြီး ရှိပါတယ်'

## ဘယ်ဂါထာ ဘယ်နေရာ သုံးရမလဲ

'ကိုသန့်ဇင် စောစောက မေးခွန်းအရ အချိန်အခါ အခြေ အနေအရ ဘယ်ဂါထာကို ဘယ်နေရာမှာ ရွတ်ရမယ်ဆိုတဲ့ စည်းကမ်း ကန့်သတ်ချက်တော့ ကျမ်းဂန်တွေမှာ မတွေ့မိပါဘူး။

'ဒါပေမယ့် မိုးရွာစေချင်လျှင် ဘယ်ပရိတ်ကို ရွတ်၊ မီးဖွား လျှင်၊ မီးလောင်လျှင်၊ ဘီလူး ပြိတ္တာ တစ္ဆေ မြေဘုတ်အန္တရာယ်ရှိ လျှင်၊ မင်္ဂလာလိုလျှင် ဘယ်ပရိတ် ဘယ်ပရိတ် ဆိုတာရှိသလို တစ်ခု ကောင်း နှစ်ခုကောင်း ဂါထာတွေကိုလဲ သတ်မှတ်လျှင်တော့ ရနိုင် ကောင်းပါတယ်။ သတ်မှတ်လဲ သတ်မှတ်ထားကြတာ (တရားဝင် မဟုတ်ပေမယ့်) ရှိနေကြတယ်ပေါ့ဗျာ ...'

'ဒါလဲ မြတ်စွာဘုရားဟောတော်မူတဲ့ ဂါထာရဲ့ နောက်ခံ သမိုင်းကြောင်းကြည့်ပြီး သတ်မှတ်တာက အဓိပ္ပာယ်ရှိပါတယ်။



ဥပမာ ဆိုပါတော့ ... အသက်အန္တရာယ်ဘေးရန် ကြုံမယ်ဆိုရင် သို့မဟုတ် ဘေးရန်အန္တရာယ် ကင်းအောင်ဆိုရင် ...

- ဗုဒ္ဓါနံ ဇီဝိတာသ ... တို့ (အန္တရာယ်မပြု ဂုဏ်လေးခု)
- အဋ္ဌာနမေတံ ဘိက္ခဝေ ... တို့ ရွတ်တာမျိုးပေါ့။

အချုပ်အနှောင် အကျဉ်းအကျပ် ကြုံခဲ့သော် ...

- နမော တေ ဗုဒ္ဓဝီရတ္ထု ... ဂါထာတို့၊

ကျက်သရေမင်္ဂလာအတွက် ဆိုရင်လဲ ...

- ဒီဝါ တပတိ အာဒိစ္စော ... စတဲ့ ဂါထာမျိုးပေါ့ကွာ'

## ဘာပဲရွတ်ရွတ် စိတ်ထားသာပဓာန

'ဒါဖြင့်ရင် ဆရာကြီး၊ မာန်လည်ဆရာတော်ကြီး ခရီးသွား ရွတ်တဲ့ ဂါထာလိုပဲ ဒနက်အဓိပ္ပာယ်ရော၊ နောက်ခံ သမိုင်းကြောင်း အတ္ထုပ္ပတ္တိရော သိထားဖို့ လိုမှာပေါ့နော်။ ဆရာကြီးများ အချိန်ရလို့ တစ်ကျမ်းတစ်ဖွဲ့အဖြစ် ရေးနိုင်ရင် ကောင်းမှာပဲ'

'အနည်းဆုံး ပါဠိရော အနက်ပါ ရပြီး၊ အတ္ထုပ္ပတ္တိ အကျဉ်း လောက်တော့ သိထားမှ ပိုကောင်းတယ်။ စိတ်ဝင်စားမှု၊ သဒ္ဓါယုံ ကြည်မှု၊ အားကိုးမှု၊ ပိုပြီး လေးနက်တာပေါ့။ အကျိုးပေးတယ်ဆို တာ ဂါထာက စွမ်းတာလဲ စွမ်းတာပေါ့။ ဒါပေမယ့် ...

- ရွတ်ဖတ်သူရဲ့ ပကတိ ကိုယ်ခံ (ကိုယ်ကျင့်သီလ)အား၊
- မေတ္တာအားနှင့် ယုံကြည်မှု၊

- စိတ်စေတနာ ထက်သန်ဖြူစင်မှုက ပိုပြီး ပဓာနကျ ပါတယ်။

သည့်ထက် ပဓာနအကျဆုံး ပြောပါဆိုရင် **မိမိရွတ်ဆိုတဲ့ ဂါထာပါဠိတော်ရဲ့ အဓိပ္ပာယ်ကို အနုဿတိဆိုက်အောင်၊ ဘာဝနာဆိုက်အောင် နှလုံးသွင်းနိုင်မှုဟာ အရေးအကြီးဆုံးပါ။**

'ထပ်ဆင့် အရေးကြီးတာက အရေးကြုံမှ ရွတ်တာမျိုး မဟုတ်ဘဲနှင့် အမြဲဝတ်ထားပြီး ရွတ်နေရမယ်။ ထုံနိုင်လေ အာနိသင် ထက်လေပဲ'

'ဒါဖြင့် ... သမ္ဗုဒ္ဓေတို့၊ ပဋ္ဌာန်း ဟေတုပစ္စယောတို့ကော ဘယ်နေရာ ကိစ္စမျိုးမှာ ရွတ်သင့်ပါသလဲ'

'သမ္ဗုဒ္ဓေတို့ ပဋ္ဌာန်းတို့က မြန်မာပြည်မှာ အသိများ၊ အရများတဲ့ ဟာတွေပဲ။ ဘယ်ဟာအတွက် ဘယ်လောက်သာ ကောင်းတယ်ရယ်လို့တော့ လေ့နံ့ဓားထစ် ကိန်းသေ မဆိုထိုက်ဘူးပေါ့။ ဘုရား စကားတော်တွေ ပါဠိတော်တွေ မှန်သမျှ ဘက်စုံ ကောင်းတာ ချည်းပါပဲ။ သမ္ဗုဒ္ဓေဂါထာကတော့ ဘုရားဟော မဟုတ်ဘူး။ မဟုတ် ပေမယ့် ဘုရားရှင် အဆူဆူတို့ကို သတိရ ရှိခိုးတာဆိုတော့ အကျိုး ပေးလဲ အမျိုးမျိုး ရနိုင်တာပါပဲ။ တတ်နိုင်ရင်တော့ ဘုရားဟော စစ်စစ်ကို ရွတ်ဖတ်ပူဇော်ရတာက ပိုပြီး ဘက်စုံ အကျိုးရှိပါတယ်'

'ကျွန်တော်ကတော့ ဆရာကြီးရေ၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို အမြဲရွတ်ပါတယ်။ ဘာတွေ ထူးခြားသလဲလို့ မေးရင် ကျွန်တော် မဖြေတတ်ပါဘူး။ ထင်ကြေးနှင့် ပြောရရင်လဲ မကောင်းဘူး။ ဈေး



ရောင်းကောင်းတာတို့၊ ရာထူးတက်တာတို့ လျှောက်ပြောရင် ပဋ္ဌာန်း ကျမ်းကြီးရဲ့ ဂုဏ်သိက္ခာ ထိခိုက်မှာလဲ စိုးရသေးတယ်လေ။ နောက် ပြီး ရွတ်ကတည်းက ထူးခြားချင်လို့ ရွတ်တာမှ မဟုတ်ဘဲ။ ကိုယ့် အသိနှင့်ကိုယ် ကြည်ညိုလို့ ပူဇော်တာပါပဲ'

'ဦးသောင်းရဲ့အမြင်က ရှင်းလိုက်တာဗျာ'

'ဦးလေးသောင်း အသိအမြင်နှင့် ကြည်ညိုပုံကလေး ပြော ပြပါဦး'

## ဩက်တွေ့ ပဋ္ဌာန် ကျမ်း ကျေးဇူးများ

'ဦးလဲ ထူးပြီး မသိပါဘူး ငါ့တူရယ်၊ သူများသိသလောက် ပါပဲ။ ဘုရားဖြစ်တော်မူစ ရက်သတ္တ လေးပတ်အရ ရတနာစံအိမ် တော်မှာ ဒီ ပဋ္ဌာန်းကျမ်းကြီး ဆင်ခြင်မှ **ရောင်ခြည်တော်** ခြောက် ဖြာ ထွက်ပေါ်လာပုံကို ပထမဆုံး ကြည်ညိုရတယ်လေ ...။

'နောက်ပြီး **သီဟိုဠ်က** မထေရ်တစ်ပါး (တိဿဒတ္တ) သီဟိုဠ်ကျွန်းက ပင်လယ်ကူးပြီး မဟာဗောဓိ စေတီတော်ကြီး လာဖူး စဉ်က ပင်လယ်နှင့် ပဋ္ဌာန်းကျမ်းကြီးဟာ ဘယ်သင်းက ပိုပြီး ကျယ်ဝန်း နက်ရှိုင်းလေမလဲလို့ စဉ်းစားမိရာ ပဋ္ဌာန်းဒေသနာတော် ကို ဆင်ခြင်နှလုံးသွင်းမိပြီး သင်္ဘောပေါ်မှာပဲ ရဟန္တာ ဖြစ်တော်မူ တာလဲ ဆင်ခြင်တဲ့အခါ ဆင်ခြင်မိရဲ့။

'မြန်မာနိုင်ငံမှာလဲ အင်းဝခေတ်က တောင်ဖီလာဆရာ တော်တို့ မင်းဘူးရွှေစက်တော်ကို ရှာကြတုန်းက ပဋ္ဌာန်းရွတ်ဖတ်တဲ့

http://www.dhammavideo.com/



ကျေးဇူးကြောင့် တောနက်ကြီးထဲ လမ်းစပျောက်သွားလို့ သောတာပန် နတ်ကြီးက လမ်းပြကူညီတဲ့အကြောင်း၊ ပဋ္ဌာန်းဒေသနာရဲ့ အနက်အဓိပ္ပာယ်ကို ညဏ်မမီတော့ အဲသလို ညဏ်မီသလောက်နှင့် ထောက်ဆပြီး ပူဇော်ရတာပဲ တူမောင်ရဲ့'

## သက်ပန်း ဆရာတော်နှင့် ပဋ္ဌာန်း

'တစ်လောကမှ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးရဲ့ ပဋ္ဌာန်းတရား တိပ်ခွေနာတော့လဲ ကြည်ညိုစရာ အားပြုစရာ အဖြစ်အပျက်ထူး တစ်ခုကိုလဲ မှတ်သား ကြည်ညိုရပြန်သကွ'

'ဘယ်လို အဖြစ်အပျက်ထူးပါလဲ ဦးလေး'

'ဟိုးရှေး တစ်ချိန်ကပေါ့လေ၊ မန္တလေး နေပြည်တော်မှာ နာမည်ကျော် သက်ပန်း ဆရာတော်ကြီးဆိုတာ ရှိသတဲ့။ ဆရာတော်ကြီးဟာ နောက်ပါ တပည့်သံဃာ ဒကာ-ဒကာမတွေနှင့် မီးသင်္ဘောစီးပြီး သီဟိုဠ်ကို ဘုရားဖူးကြွတော့ ပင်လယ်ထဲမှာ လေမုန်တိုင်းကြီးက သင်္ဘောဆီဦးတိုက်လာနေသတဲ့၊ သင်္ဘောသားတွေရော၊ ဘုရားဖူးတွေပါ အားလုံး မျက်နှာငယ်ကလေးတွေနှင့် ကြောက်ရွံ့တုန်လှုပ်နေကြသတဲ့။

'ဒီတော့ သက်ပန်းဆရာတော်ကြီးက မိမိရွတ်ဖတ်သရဇ္ဈာယ်နေကျ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသနှင့် ပဋ္ဌိစ္စဝါရကို မုန်တိုင်း လာရာဘက်လှည့်ပြီး မျက်စိမှိတ်လျက် အသံထွက်အောင် ရွတ်ဆိုလိုက်တယ်၊ သေလျှင်လည်း ငါသည် ဤပဋ္ဌာန်းကျမ်းကြီးကို ရွတ်ရင်းပဲ အသေခံတော့မယ်လို့လဲ အဓိဋ္ဌာန်လိုက်သတဲ့။



'မကြာခင်ဘဲ မုန်တိုင်းကြီးဟာ သိသိသာသာ ရွေ့လျားပျက်ပြယ်သွားတယ်လို့ တိပိဋကဓရ ဆရာတော်ကြီးက အမိန့်ရှိတာကို နာရတော့လဲ တစ်မျိုး အားတက်ရပြန်တာပေါ့ကွာ'

'သြော် ... ကျွန်တော် သတိရပြီ ဆရာကြီး၊ ဘာရွတ်လို့ ဘာဖြစ်တယ်ဆိုတာ လှေနံဓားထစ် ကိန်းသေ မမှတ်ထိုက်ဘူးလို့ ဆရာကြီး ပြောပြောနေတာ ကျွန်တော် ရှင်းသွားပြီ'

## နိုင်ငံခြားသင်္ဘောက မြန်မာအာရာရိကလေး

'ကျွန်တော် နိုင်ငံခြားသင်္ဘောလိုက်တော့ မောင်တင်မျိုးဝင်းဆိုတဲ့ သူငယ်ချင်းတစ်ယောက်လဲ ပါတယ်၊ သူနှင့်စာရင် ကျွန်တော်က ဘုရားစာ တော်တော်များများ ရထားတယ်၊ နေ့စဉ် ဝတ်ထားပြီးတော့လဲ ရွတ်ဖတ်တယ်၊ တရားလဲ ထိုင်တယ် ခင်ဗျာ့၊ ကျွန်တော့်သူငယ်ချင်းကတော့ မရရှာဘူး၊ ဒါနှင့် သင်္ဘောတက်ကြရတော့မယ်ဆိုတော့ သူ့မိဘတွေက ရန်ကုန် ဘုရားကြီးတိုက်က ဆရာတော်ဦးတိလောကသာရထံ လွှတ်ပြီး ကျက်စရာ မှတ်စရာတွေကို ဌာန်ကရိုဏ်းကျကျသင်ဖို့ လွှတ်သတဲ့၊ နောက်မှ သူပြောလို့ သိရတာပါ၊ ကျွန်တော်နှင့် သင်္ဘောက တစ်ခြားစီပါ။

'ဆရာတော့်ဆီရောက်လို့ ဘုရားစာ ဘာတွေရသလဲ ဆိုခိုင်းတော့ ဘာတစ်ခုမှ တိတိကျကျ ရတာမရှိဘဲ ဖြစ်နေလို့ ဆရာတော်က ဘုရားရှိခိုးစာ ရေးပေးပြီး အကြိမ်ကြိမ် ဌာန်ကရိုဏ်းကျအောင် သင်ပြပေးသတဲ့ ခင်ဗျာ့၊ ဒီ ဆရာတော်က ကျွန်တော်နှင့်လဲ ခင်မင်ရင်းနှီးတဲ့ ဆရာတော်ကြီး၊ ပါဠိ မြန်မာစာပေ ကျမ်းဂန်လဲ နှံ့စပ်ပါတယ်။

http://www.dhammavideo.com/



## သင်္ဘောပေါ် ဘုရားကြွလာကတည်းက

'ဆရာတော်က နှုတ်တက်မရသေးခင် နံနက်ည စာရွက်ကြည့်ရွတ်ဖို့၊ ဘေးအန္တရာယ် အခက်အခဲ ရှိမယ်ဆိုလျှင် အချိန်ရသလောက် အကြိမ်ကြိမ်ရွတ်ဖို့ ညွှန်ကြားလိုက်ပါတယ်၊ ဆရာတော့်စကားကိုတော့ ကိုတင်မျိုးဝင်းဟာ လေးလေးစားစား မှတ်ပါတယ်၊ ပေးထားတဲ့ ဘုရားရှိခိုးစာကလဲ မများလှတော့ သင်္ဘောမတက်ခင်ဘဲ မှတ်ထွတ်နေအောင် အနက်အဓိပ္ပာယ်ရသွားပြီ၊ ဥရောပနိုင်ငံတစ်ခုက သင်္ဘောလဲ တက်ရရော အရာရှိငယ်အဖြစ်နှင့် သီးသန့်ခန်းရလို့ မိဘတွေက ပေးလိုက်တဲ့ ဘုရားကျောင်းဆောင်ကလေးနှင့် ရုပ်ပွားဆင်းတုတော်ကို သူ့အခန်းခေါင်းရင်းမှာ သီးသန့်ပူဇော်ခွင့်ရတယ်ပေါ့ခင်ဗျာ။

'ကြေး ရေတကောင်း ကလေးကလဲ နှစ်လုံး၊ သောက်တော်ရေခွက်နှင့် ဆွမ်းတော်ဗန်းကလေးက တစ်ချပ် ပါသေးတယ်။ အစားအသောက်က မမှန်တော့ ဆွမ်းတော် မှန်မှန် မတတ်နိုင်ဘူး၊ ရသမျှပန်းနှင့် စပျစ်သီးစတဲ့ ရသမျှ အသီးအနှံနှင့် သောက်တော်ရေပဲကပ်လှူရတယ်၊ အရာရှိငယ်ဆိုတော့ အလုပ်က များတယ်၊ ဒါပေမယ့် ညဘုရားဝတ်တက် အပျက်မခံဘူး၊ ထူးခြားလာတာက တဖြည်းဖြည်း အရာရှိများနှင့် ငယ်သားများရဲ့ ချစ်ခင်လေးစားမှု တစ်နေ့တစ်ခြားရလာတယ်။

'တစ်နေ့မှာတော့ သင်္ဘောမှာ အကြီးဆုံး အရာရှိကြီးက သူ့ အခန်းပေါက် ရောက်လာတည့်ပြီး ဘုရားစင်မှာ ပန်း-ရေ-သစ်သီး



လှူထားတာကို ကြည့်ရင်းက 'မင်း ဗုဒ္ဓကို ဘယ်အချိန်ရှိခိုးသလဲ' လို့ မေးတယ်၊ ကျွန်တော့် သူငယ်ချင်းကလဲ မှန်တဲ့အတိုင်းပဲ နံနက်အိပ်ရာထမှာတော့ အလုပ်များလို့ ညအိပ်ရာဝင် တစ်ကြိမ်သာရှိခိုးနိုင်ကြောင်း ပြောပြလိုက်တယ် 'ဟာ ... ကိစ္စမရှိဘူး၊ နံနက် အိပ်ရာထပါ ဘုရားရှိခိုးနိုင်အောင် စီစဉ်ပေးမယ်' ဆိုပြီး ပြုံးရွှင်စွာ နှုတ်ဆက်ရင်း လှည့်ထွက်သွားတယ်၊ ဒီလို ဘာသာအယူမတူတဲ့ အရာရှိကဘုရားစင်ထားတာ တားမြစ်မလားနှင့် စိတ်ထင့်နေရာက မမျှော်လင့်တဲ့ စကားကြားရတော့ အံ့အားလဲသင့် ဝမ်းလဲသာပေါ့ ခင်ဗျာ။

'ပိုပြီး အံ့အားသင့်စရာ ဝမ်းသာစရာ နောက်ဆက်တွဲသတင်းက ... 'စောစောပိုင်းကလို တစ်ခုမဟုတ် တစ်ခု ကသိကအောက်ဖြစ်မှုတွေ နည်းနည်းလာပြီး သင်္ဘောကြီး ယခုလို ဘေးအန္တရာယ်ကင်းတာ ကိုတင်မျိုးဝင်း ဗုဒ္ဓရဲ့ တန်ခိုးကြောင့်' လို့ လက်ထောက်အရာရှိက အိပ်မက်မက်ကြောင်း အရာရှိကြီးကို အစီရင်ခံထားလို့တဲ့ ခင်ဗျာ့'

'တယ်လဲ အံ့သြစရာကောင်းပါလား ငါ့တူရဲ့ အေး ... မင်းတို့လို ကမ်းမမြင်-လမ်းမမြင် ပင်လယ်ထဲမှာ ခရီးသွားရတဲ့ လူများအဖို့ ဗုဒ္ဓတရားတော်တွေဟာ ကိုင်းကျွန်းသဖွယ် အားထားရမယ်ဆိုတာ ပိုပြီး ပေါ်လွင်တာပေါ့နော် ...'

## လေမုန်တိုင်းကြီး လာနေပြီ

'ဟုတ်ပါတယ် ဦးလေးသောင်း၊ ပိုပြီး အံ့သြစရာကောင်းတာက မကြာခင်ဘဲ အဲဒီ အရာရှိနှစ်ဦးက တန်ဖိုးရှိတဲ့ မုန့်၊ သစ်သီး

http://www.dhammavideo.com/



မျိုးစုံ လာပေးပြီး 'မင်း ဗုဒ္ဓကို လှူပေးပါ' လို့ တောင်းပန်ကြပြန်သတဲ့ ဦးလေး။ တစ်နေ့တော့ ကျွန်တော့်သူငယ်ချင်းက အနားရတဲ့ ကိုယ်ပိုင်အချိန်မှာ သူ့အခန်းထဲ ပက်လက်လှန်ပြီး ဇိနတ္ထပကာသနီကို ဖတ်နေခိုက် အရာရှိကြီးရောက်လာလို့ ကြည့်လက်စ စာအုပ်ကို ချပြီး သူခေါ်ရာ အခန်းအပြင်ကို လိုက်သွားရတယ်။

'ဟိုမှာ ကြည့်စမ်း မစ္စတာတင်မျိုးဝင်း၊ မကြာခင် နာရီပိုင်းအတွင်း မုန်တိုင်းကြီး လာတော့မယ်။ မင်းရဲ့ ဗုဒ္ဓထံမှာ ဆုတောင်းပေးပါ' လို့ ပြောပြောဆိုဆို အရာရှိကြီးက ဦးခန်းဘက် ခပ်သုတ်သုတ်ထွက်သွားသတဲ့။ သင်္ဘောသားတွေအားလုံး ပျာပျာသလဲ ဖြစ်နေကြပေမယ့် ကိုတင်မျိုးဝင်းကတော့ မုန်တိုင်းဘက် မျက်နှာမူကာ မတ်တတ်ရပ် လက်အုပ်ချီပြီး သူ့ဆရာတော်ပေးတဲ့ ဘုရားစာကို အသံထွက်အောင် အခေါက်ခေါက် ရွတ်တော့တာပဲ။ စောစောပိုင်းကလို ခိုးကြောင် ခိုးဝှက် ရှိုးတိုးရှန့်တန့် မရှိတဲ့အပြင် ပိုပြီး အားတက်လာတယ်။ သူ ဘုရားစာရွတ်တဲ့အတွက် သင်္ဘောသားအားလုံး ဘေးကင်း ချမ်းသာစေလိုတဲ့စိတ်၊ ဗုဒ္ဓတရားတော် ဂုဏ်မငယ်စေလိုသော ဆန္ဒနှင့် ရသမျှ မျက်စိမှိတ်ပြီး တွန်းရွတ်နေတော့တာပဲ။

'ခေတ်မီ ကိရိယာများအရ တစ်နာရီလျှင် မိုင်တစ်ရာခန့် ကြီးမားတဲ့ မုန်တိုင်းကြီးဒဏ်ကို မိနစ်ပိုင်းအတွင်း ခံရတော့မည့်အရေး တွေးပြီး ကြောက်နေကြပြီ။ ဘယ်လိုမှ ရေဒါကပြောတာ မလွဲနိုင်ဘူး။ သင်္ဘောသားအားလုံးလည်း အမိန့်အရ သူ့တာဝန်သူ အကျိတ်အနယ် လှုပ်ရှားနေကြတုန်းမှာပဲ၊ ပင်လယ်ပြင်မှာ အလင်းရောင် အားနည်းလာပြီး တဖြည်းဖြည်း မှောင်လာတယ်။ သင်္ဘော

http://www.dhammavideo.com/



ကြီးလဲ ဘယ်ညာ လှုပ်ရှားနေပြီ။ မုန်တိုင်းအသံကြီးက ကြက်သီးထလောက်အောင် သင်္ဘောဆီသို့ ဦးတည်လာနေကြောင်း အတပ်သိထားကြတယ်။

'ကိုတင်မျိုးဝင်းဟာ အန္တရာယ် ပိုနီးလာပြီးလို့ သိတာနှင့် မျက်စိကို မဖွင့်တော့ဘူး၊ လဲကျမသွားအောင် သင်္ဘော လက်တန်းကို ကျစ်ကျစ်ပါ ဆုပ်ထားပြီး၊ ယုံကြည်ချက်အပြည့်နှင့် ဘုရားစာကိုပဲ ဖိရွတ်နေတယ်။ မုန်တိုင်းသံကြီးနှင့်အတူ သူ့ရင်တွေလဲ ခုန်နေပြီပေါ့ခင်ဗျာ။ မုန်တိုင်းသံဟာ ရွတ်ရင်းရွတ်ရင်းနှင့် တဖြည်းဖြည်းဝေးသွားတာကိုရော၊ ဘယ်ညာယိမ်းနေတဲ့ သင်္ဘောကြီး ငြိမ်မှန်းမသိ ငြိမ်လာတာကိုပါ တွေ့ရတော့ ပိုပြီး အားတက်လာတယ်။ အားတက်လေ ဖိရွတ်လေပဲ။ ဒါနှင့် အခြေအနေသိရအောင် မျက်စိဖွင့်ကြည့်တော့ လား ... လား ... သင်္ဘောဆီဦးတည်လာတဲ့ မုန်တိုင်းကြီးဟာ သင်္ဘောနှင့် မိုင်အနည်းငယ်လောက်ကနေပြီး သင်္ဘောရဲ့လက်ဝဲဘက်ဆီ ကွေ့ထွက်သွားတယ်။ တဖြည်းဖြည်း အသံလဲဝေးသွား၊ လှိုင်းလဲငြိမ်လာ။ ပင်လယ်ပြင်လဲ ပြန်ပြီး လင်းလာတာကို တွေ့ရသတဲ့။

'ပိုစိတ်ချရအောင် မျက်စိမှိတ်ပြီး ထပ်ရွတ်ပြန်တယ်၊ ခဏကြာတော့ လူတစ်ယောက်က သူ့အနားလာပြီး ပခုံးပုတ်လိုက်မှ မျက်စိဖွင့်ကြည့်တော့ အရာရှိကြီး ဖြစ်နေတယ်။

'အား ... မစ္စတာ တင်မျိုးဝင်း၊ အန္တရာယ် လွတ်သွားပြီ။ အိုးခေ။ ဗဲရီး မားဗီးလာ့စ် ... ဗုဒ္ဓတန်ခိုးဟာ တယ် ကြီးမားပါလား' လို့ အားပါးတရ ချီးကျူးဂုဏ်ပြုသတဲ့ ခင်ဗျာ့'

http://www.dhammavideo.com/



'အင်း ... ကိုသန့်ဇင် ဇာတ်လမ်း အရှိန်ပျက်သွားမှာစိုးလို့ အသက်တောင် ပြင်းပြင်း မရှူရဲဘူးဗျာ။ သာဓု သာဓု တကယ် အံ့ဩလောက်တဲ့ ကိုယ်တွေ့ဖြစ်ရပ်ပါပဲကလား'

'ဆရာကြီး ... အခု သူလဲ ရန်ကုန်မှာ ပြန်ရောက်နေတယ် ခင်ဗျာ့။ တစ်နေ့ ဆရာကြီးဆီ ကျွန်တော် ခေါ်ခဲ့ပါဦးမယ်။ အဲဒီနေ့ကစပြီး ကိုတင်မျိုးဝင်း ဘုရားခန်းရှေ့မှာ စားပွဲကြီးတစ်ချပ်ကို ချထားရသတဲ့ ခင်ဗျာ့။ ဘုရားတင်လှူစရာတွေ မပြတ်တော့ဘူးတဲ့။

## အကောင်းဆုံး ဂါထာနှင့် အကောင်းဆုံး ဘုရာရှိခိုး

'ဒီမှာ ... ကျွန်တော် သဘောပေါက်သွားတာက ခုနက ဦးလေးသောင်းပြောတဲ့ ဆရာတော်ကြီးက ပဋ္ဌာန်းရွတ်လို့ မုန်တိုင်းကြီးဘေးက လွတ်သွားတာ သိရတယ်။

'တစ်ခါ တောင်တန်းဆရာတော်ကြီး ဦးဥတ္တမသာရက မုန်တိုင်းကို အရဟံဂုဏ်တော်နှင့် တားတယ်၊ လိုရာ ရွှေ့ယူတယ်၊ ဖြိုခွင်းတယ် လို့ ဆိုတာ ဆရာကြီးရဲ့ ဓမ္မဒူတ စာအုပ်ထဲမှာ လားဖတ်ရတယ်။ ဒီအကြောင်း ဘုန်းကြီးတွေရော မိတ်ဆွေတွေနှင့်ရော လျှောက်ထား ဆွေးနွေးကြည့်တော့ ပြောလို့သာ ကြားရတယ်၊ မယုံချင်ကြဘူးခင်ဗျာ့။ ကျွန်တော်တို့ကလဲ လူငယ်၊ ဘုန်းကြီးစာကလဲ တတ်တာမဟုတ်တော့ အသာကလေး လက်လျှော့နေရတယ်။

'အခု ကျွန်တော့်မိတ်ဆွေကို ဆရာတော် ဦးတိလောကသာရ ချီးမြှင့်တဲ့ ဘုရားစာက အထူးအဆန်း မဟုတ်ဘူးခင်ဗျာ့။ အစိန္တေယျ ... အစိန္တေယျနှင့် စပြီး နမောတဿ ၃-ခေါက်၊ ပြီးတော့



မြန်မာစကားပြေ။ အဲဒီနောက် ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိနှင့် သရဏဂုံသုံးပါး။ ဣတိပိသောဘဂဝါ၊ သွာက္ခာတော ဓမ္မော၊ သုပ္ပဋိပန္နော၊ ဘုရား တရား သံဃာဂုဏ်တော် ပါဠိသုံးပုဒ်။ ဒါပဲခင်ဗျာ့၊ ဘာမှ အဆန်းမပါဘူး။ အရိုးကြီးပဲ။ ဆရာတော်က မုန်တိုင်းတားဖို့ ပေးလိုက်တာလဲ မဟုတ်ပါဘူး။ သည့်ထက်ကောင်းတဲ့ မူရင်းကျတဲ့ ဘုရားရှိခိုးလဲ မရှိဘူး မဟုတ်လား ဆရာကြီး။

'စောစောက ဆရာကြီးအမိန့်ရှိသလို မုခပါဌ်တော်စစ်စစ်ကို ယုံယုံကြည်ကြည် စေတနာသန့်သန့်နှင့် ရွတ်ဆိုရင် ဘယ်ဟာရွတ်လို့ ဘာဖြစ်တယ်လို့ လျှော်မားထစ် ကိန်းသေ မဆိုထိုက်ဘူးဆိုတဲ့ စကားအရ ဦးလေးသောင်းက ပဋ္ဌာန်းရွတ်တဲ့ ဆရာတော်ကြီး အကြောင်း ပြောနေတုန်း ကျွန်တော် ကိုတင်မျိုးဝင်းကို ခေါင်းထဲပေါ်လာလို့ အစီရင်ခံရတာပါ ဆရာကြီး'

'တန်ဖိုးရှိလိုက်လေ ငါ့တူရယ်။ လက်တွေ့ ရွတ်ဖတ်ပွားများတဲ့ ပုဂ္ဂိုလ်တွေအဖို့ ပြောလို့ မကုန်ဘူး။ ယခုအခါ ဘာသာရေးစာစောင်တွေမှာ ရေပန်းစားနေတဲ့ မဟာယာနမန္တြဂိုဏ်းဆန်ဆန်ရေးနေကြတာတွေဟာ ထေရဝါဒ ဗုဒ္ဓဘာသာ ဂုဏ်မတက်တဲ့အပြင် တစ်ချို့ အရေးအသားတွေဟာ နေရာမကျဘူးကွ၊ မင်းတို့ လူငယ်တွေဟာ လက်တွေ့သာဓက တင်နိုင်အောင် လုပ်ကြကွာ။ သာဓု... သာဓု'

## ပညာ ရချင်လျှင်

'ကဲ ... ဦးသောင်းရေ၊ ခင်ဗျာ ညီတော်မောင် ဦးထွန်းလွင်ကတော့ ထမင်းချိုင့် တပြင်ပြင် လုပ်နေပြီ။ ထမင်းဆာပြီနှင့် တူ

http://www.dhammavideo.com/



တယ်။ စားချိန်လဲ ရောက်ပါပြီ။ ရှေ့ဘူတာက ညောင်လေးပင်နှင့်တူတယ်။ ကဲ … စားဖို့လုပ်ကြဗျာ၊ ကျွန်တော်ကတော့ ခရီးသွားရင်ညစာ ထမင်း မစားဘူး ခင်ဗျာ့။ ကော်ဖီနှင့် ပေါင်မုန့်လောက်ပဲပေါ့ပေါ့လွယ်လွယ်ပဲ စားတတ်လို့ အိမ်ရှင်မက အသင့်ထည့်ပေးလိုက်တယ်'

'ဆရာကြီး တူတော်မောင် ကိုသန့်ဇင်လဲ ပြောရင်းဆိုရင်းနှင့် အတော် သဘောပေါက်နေပုံ ရတယ်။ ကိုသန့်ဇင် … ဘယ့်နှယ်လဲ …'

အကောင်းဆုံး ဂါထာက … ဗုဒ္ဓ သရဏံ ဂစ္ဆာမိ။

အကောင်းဆုံး ဘုရားရှိခိုးက … နမောတဿနှင့်ဣတိပိသော ဘဂဝါ။

'ဒီလို မဟုတ်လား၊ ဦးလေးလဲ ပြောရင်း ဆိုရင်း နားထောင်ရင်းနှင့် အသိဉာဏ် လင်းသွားပြီကွ'

'ကဲ … ကဲ … ဦးသောင်း၊ ဖြောင့်ဖြောင့် စားကြပါ။ ညစာသိပ်နောက်ကျသွားရင် မကောင်းဘူး ကိုသန့်ဇင်ရေ၊ စောစောကအာဠဝကကြီးအကြောင်း ဦးလေး ပြောခဲ့တုန်းက ပညာရကြောင်းတရား ၄-ပါးလေ … မှတ်မိသေးလား။

(၁) 'သဒ္ဓဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ-သရဏံ ၅-ပါး သီလက အစ နိဗ္ဗာန်ရကြောင်း၊ ဘေးရန်ကင်းကြောင်း၊ ချမ်းသာကြောင်း သူတော်ကောင်းတို့ ပြောဟောတဲ့ တရားအပေါ် ယုံကြည်ချက် ရှိရမယ်။



(၂) အပ္ပမတ္တော - မှတ်သားနိုင်မှု, သည်ထက် တစ်ဆင့်တိုးရင် ရှုမှတ်နိုင်မှုလဲ ရှိရမယ်။

(၃) ဝိစက္ခဏော - အကောင်းအဆိုး တန်ဖိုးခွဲခြား သိမြင်တဲ့ ပင်ကိုဉာဏ်၊ တစ်ဆင့်တက်ရင် ရုပ်နာမ်ဖြစ်ပျက်သိမြင်နိုင်စွမ်း ရှိရမယ်။

(၄) သုဿူသာ (လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော)- ကျိုးနွံစွာလဲ ဆည်းကပ်ရမယ်၊ နာယူရမယ်။

'ဒီလေးချက်စုံမှ လောကီ, လောကုတ္တရာ ပညာရမယ်ပေါ့ကွာ။ ဒီပညာကမှ တကယ့်ပညာ။ ဒါရမှ လူဖြစ်ကျိုး နပ်မှာ။

'အဲ … ဦးလေးလဲ ဒီက ဦးသောင်းတို့၊ ဦးထွန်းလွင်တို့၊ ကိုသန့်ဇင်တို့ ပြောတာ ဆိုတာတွေကို အဲဒီ နားရွက်လေးဘက်နှင့် ထောင်နေပါတယ်။ ဦးလေးလဲ မကြားဖူး၊ မသိဖူးသေးတဲ့ မှတ်သားကြည်ညိုစရာတွေ ကြားရ မှတ်ရလို့ အသိပညာ တိုးပါတယ်။ ငါ့တူတို့လဲ သည်အတိုင်း နေမှာပါပဲ'

'ပြောမပြနိုင်အောင် ဝမ်းသာရပါတယ် ဆရာကြီး'

## အာမပူ၊ လျှာမပူသော ထမင်းဟင်း

"ကဲ … ဒါဖြင့် ဒီ 'ဒင်နာ' ပွဲမှာပဲ ခုနက ဦးသောင်းပြောတဲ့ဘာတဲ့ …"

၁။ အကောင်းဆုံး ဂါထာက ဗုဒ္ဓ သရဏံ ဂစ္ဆာမိ။

၂။ အကောင်းဆုံး ဘုရားရှိခိုးက နမောတဿနှင့် ဣတိပိသောဘဂဝါ။

http://www.dhammavideo.com/



'ဒီလို မဟုတ်လား။ ကျွန်တော်တို့ အားလုံးစိတ်ထဲမှာ ဒါ... ဆုံးဖြတ်ချက် ကျသွားပါပြီ။ ကဲ ... ဒီတော့ ထမင်းလုတ်တိုင်း ထမင်းလုတ်တိုင်း ဒီအာရုံနှင့် စားကြတာပေါ့ဗျာ'

ကျွန်တော်က သရဏဂုံ, ဂုဏ်တော်နှင့် အာစေးခတ်သလို မည်သူမျှ စကားမပြောကြ။ ကိုယ့်အာရုံနှင့်ကိုယ် စားသောက်လိုက်ကြသည်။ စားသောက်ပြီးသောအခါ ...

'အင်း ... ဆရာကြီး သတိပေး အာစေးခတ်လိုက်လို့ ကနေ့ ထမင်းကတော့ လျှာမပူဘူး။ ဘယ် လောဘ ဒေါသအာရုံမှ မဝင်တော့ဘူး။ ရိပ်သာထဲနေတုန်းက တရားအမှတ်နှင့် စားရသလိုပါပဲ။ သရဏဂုံ, ဂုဏ်တော်နှင့် ထမင်းတစ်ထပ်ပြီးတာလဲ တစ်ဘဝမှာ ဒီတစ်ခါပဲ ရှိပါတယ်။ သာဓုဗျာ ... ဆရာကြီး ကျေးဇူးပဲ။ ကဲ ... ဆရာကြီး၊ ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်းကလေး သုံးဆောင်လိုက်ပါဦး' ဦးသောင်းက ပြောပြောဆိုဆို ရေနွေးကြမ်း တစ်ပန်းကန် လှမ်းလိုက်သည်။

ကျွန်တော်သည် စားသောက်ပြီး လက်ဖက်ရည်အကျန်ဖြင့် ပလုတ်ကျင်းလျက် ရထားတံခါးဖွင့်၍ ထွေးလိုက်၏။

'ကိုသန့်ဇင်၊ ဦးလေး ပလုတ်ကျင်းပြီး ထွေးချလိုက်တာ တွေ့တယ် မဟုတ်လား။ ဘယ်သူမဆို စားသောက်ပြီးရင် ပလုတ်ကျင်းကြတာ ထုံးစံပဲ။ ခု ဦးလေးလဲ စားသောက်ပြီးလို့ ကျင်းတာဆိုရင်လဲ မှန်တယ်။ ဒါပေမယ့် ဦးလေး ရည်ရွယ်ချက်က အဲသလောက် မကဘူးဆိုတာ ကိုရင်တို့ လူငယ်တွေကို ဓမ္မလက်ဆောင် ပေးချင်လို့ပါ'



'အမိန့်ရှိပါ ဆရာကြီး'

'အမိန့်ရှိတာတော့ ဟုတ်ပါရဲ့။ တော်ကြာ ဆရာကြီးက ပလုတ်ကျင်းတာတောင် စာဖွဲ့ပြီး, ဇာချဲ့ပြီး ဝတ္ထုဇာတ်လမ်းတွေနှင့် ပြောတယ် ဖြစ်နေပါဦးမယ်'

'ဆရာကြီးပြောရင် ဘာပြောပြော၊ ဘာရေးရေး ကျွန်တော်တို့ကတော့ အမြတ်ချည်းပဲ၊ မှတ်မှာ ချည်းပဲ။ ပလုတ်ကျင်းတဲ့ ဝတ္ထုကြောင်း နားထောင်ရတော့ ပိုပြီး ဆန်းတာပေါ့ ဆရာကြီး၊ ကျွန်တော်တို့ ပလုတ်ကျင်းတတ်တာပေါ့'

## ကောသလမင်းနှင့် မလ္လိကာတို့၏ ချစ်ပြဿနာ

'ကောင်းပါပြီကွာ ... ဒါဖြင့် ပြောရသေးတာပေါ့။ မြတ်စွာဘုရား ရှိတော်မူစဉ်က ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့ အချစ်ပြဿနာ အငြင်းပွားတာက စပြောမှ ပလုတ်ကျင်းတာရောက်မှာ။ ဝတ္ထုက အဆန်းသား။ အဲဒီအချိန်က တစ်ယောက်တည်းသားသေလို့ ဆောက်တည်ရာ မရ ဖြစ်နေတဲ့ သူကြွယ်တစ်ယောက်ကို မြတ်စွာဘုရားက ဟောတယ်။

'ချစ်ရင် အချစ်ကြောင့် ပူဆွေး**ရ၊ ငိုကြွေး**ရ၊ ကိုယ်စိတ် ဆင်းရဲရစမြဲပဲ' လို့ ဟောတော်မူလိုက်သတဲ့ ကိုသန့်ဇင်။ ဒီတရားက ကောသလမင်းကြီး နားပေါက်သွားတော့ မကျေနပ်လို့ မလ္လိကာမိဖုရားကြီး ခေါ်ပြောတယ်။ ဘုရားကို သိပ် မကြည်ညိုတတ်ခင်က ဇာတ်လမ်းနှင့် တူပါသည်။ မင်းကြီးသဘောကတော့ အချစ်ရှိမှ

http://www.dhammavideo.com/



လောကကြီးမှာ စိုပြေတယ်။ ပျော်ရွှင်နှစ်သိမ့်မှု ကြည်နူးမှုရတယ်။ အသည်းနှလုံးကို စိမ်ပေးတဲ့ ရေခဲတုံးကြီးပေါ့ဗျာ။ အဲဒါကို မြတ်စွာဘုရားက မီးခဲကြီးပါလို့ ဟောသလို ဖြစ်နေတော့ သူ မခံချင်ဘူး။ ဆတ်ဆတ်ခါ နာကြည်းတယ်ပေါ့၊ ဒီတော့ ကောသလမင်းကြီးက မဲ့ကာ ရွဲ့ကာနှင့် ...

'ဟော့ ... မလ္လိကာ၊ မင်းတို့ ဂေါတမဘုရားက အချစ်ကြောင့် သောကပရိဒေဝ ဒုက္ခရောက်ရတယ်ဆိုပါလား' လို့ မကျေနပ်သံနှင့် ပြောတော့ မိဖုရားကြီးကလဲ ဘုရားဟောတော်မူလိုရင်းကို နားလည်သဘောပေါက်လို့တော့ မဟုတ်ဘူး။ သူက လွယ်လွယ်ပဲ ကြည်ညိုသမှုနှင့် ...

'ဘုရားဟောတယ်ဆိုရင် ဟုတ်လို့ပေါ့တော်' ဆိုတော့ မင်းကြီး အောင့်သွားတယ်။ ဒီတော့ မင်းကြီးက ...

'သယ် ... မယ်မင်းကြီးမ ... တိတ်၊ သွားစမ်း၊ မဆီမဆိုင် လက်ပံသား ခါးနှင့်ချိုင်၊ ဘုရားဟောသမျှ မင်းက မှန်ပါ့ ... မှန်ပါ့၊ သွားစမ်းကွာ ...' လို့ မာန်မဲလိုက်တော့ မိဖုရားကြီးက မခံနိုင်ဘူး၊ နာဠိဇင်္ဃဆိုတဲ့ ပုဏ္ဏားတစ်ယောက်ကို လွှတ်ပြီး မေးလျှောက်ခိုင်းတယ်။ အချစ်ကြောင့် ချမ်းသာရသလား၊ ဆင်းရဲရသလားဆိုတဲ့ ပြဿနာ။ မြတ်စွာဘုရားက သာဝတ္ထိမြို့ထဲမှာ ချစ်တဲ့ မိဘတွေ၊ သားသမီးတွေ သေလို့ စိုးရိမ်ပူဆွေး၊ ငိုကြွေးကြရ၊ ကိုယ်စိတ်ဆင်းရဲကြရတဲ့ နမူနာကလေးတွေ ထောက်ပြပြီး ဟောလိုက်တယ်။

'ပုဏ္ဏားက မိဖုရားကြီးကို ပြန်သံတော်ဦးတင်တော့ မိဖုရားကြီးက 'ဟုတ်ပြီ' ဆိုပြီး ချက်ချင်း ကောသလမင်းကြီးထံ အခစား



ဝင်ပြီး ဘုရားဟောတဲ့အတိုင်း သံတော်ဦး တင်လိုက်တယ်။ စောစောက အချစ်ပြဿနာ အစ ပြန်ကောက်တယ်။ မင်းကြီးက လွယ်လွယ်နှင့် အင်း ... မလိုက်ဘူး။ ဒီတော့ ဘုရားဟောတဲ့ ချစ်တဲ့ မိဘသားသမီး သေတာတွေကို နမူနာ မကိုးကားဘဲ ဖြတ်ထိုးဉာဏ်နှင့် မင်းကြီးရဲ့ အချစ်တော် အသည်းကျော်တွေကို စံတင်ပြီး ...

'ကဲပါတော် ... ဒါဖြင့် စကားပမာ ဆိုပါတော့၊ သင်မင်းကြီးရဲ့ အချစ်တော်ကလေး ဝဇိရီတို့၊ ဝါသဘခတ္တိယာတို့ သေသွားပါပြီတဲ့တော်၊ ဒါမှမဟုတ် တစ်ယောက်ယောက်နောက် ကောက်ကောက်ပါ လိုက်သွားပါပြီတဲ့တော် .... သင်မင်းကြီး စိတ်ထဲ ဘယ့်နှယ်နေမလဲ၊ အဲသလို ပြောတော့ ကောသလမင်းကြီး ခဏ တွေသွားပြီး ...

'အာ ... မှန်လိုက်လေ နှမတော်၊ မြတ်စွာဘုရားမို့ ထိုးထွင်းသိတော်မူတာပဲ၊ ကဲ ... ကဲ ... ရေကြည်တော် တစ်ခွက် ဆက်စမ်းပါ' လို့ တောင်းပြီး ခြေတွေလက်တွေ ဆေး၊ ခံတွင်း ပလုတ်ကျင်းလိုက်တယ်၊ အပေါ်အဝတ်ကို သေသေသပ်သပ်ပြန်တင်၊ မတ်တတ်ရပ်ပြီး ဘာလုပ်တယ် အောက်မေ့သလဲ၊ မြတ်စွာဘုရားရှင် ကျောင်းတော်ဘက် လက်အုပ်ချီပြီး ဘုရားရှိခိုးစာ ရွတ်ဆိုကန်တော့လိုက်သတဲ့ ဦးသောင်းရေ ... ။

'ကောသလမင်းကြီး ရွတ်တဲ့ ဘုရားရှိခိုးက တစ်ခြားမဟုတ်ဘူး၊ ခုနက ပြောသလို အကောင်းဆုံး ဘုရားရှိခိုးဖြစ်တဲ့ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ... ၊ သုံးကြိမ် ရွတ်ဆိုကန်တော့ပါတယ်၊ အဲသလို ဘုရားရှိခိုးစာရွတ်ချင်လို့ ခြေလက်တွေဆေး၊ ပလုတ်ကျင်း၊ အဝတ်အစား သပ်သပ်ရပ်ရပ် ပြန်ဝတ်တာလေဗျာ ...'

http://www.dhammavideo.com/



## ဘုရားဝတ်တက်နှင့် ဆွမ်းဝတ်ခွက်

'ဩော် ... ဆရာကြီး ပြောချင်တာက ဒီလိုကိုး ...'

'ဆရာကြီး - ဒီလိုဆိုတော့ ကျွန်တော်တို့ ဘုရားစာရွတ်ကြ၊ ဘုရားဝတ်တက်ကြတာက စည်းကမ်း မရှိလှုပါလား'

'စည်းကမ်းစနစ်က ရှိပြီးသားပါ၊ အများအားဖြင့် မသိကြလို့ဘဲ ဖြစ်မယ်၊ ဒါကြောင့် ပြောရတာ။

'ဒီက ဦးသောင်းတို့တော့ ကြားဖူးမှာပါ၊ ဝိပဿနာ ကျမ်းပြုနာမည်ကျော် ကန္နီဆရာတော်ကြီး (ဦးသောဘိတ) ဆိုတာ ကျွန်တော်တို့ အညာမှာ အလွန် ထင်ရှားပါတယ်၊ တစ်နေ့တော့ ဆရာတော်ကြီးထံ ကျောင်းထိုင် တပည့်ဘုန်းကြီးတစ်ပါး လာကန်တော့ မေးသတဲ့။ 'ဘုန်းကြီး တစ်နေ့ ဘုရား ဘယ်နှစ်ကြိမ် ဝတ်တက်သတုံး' လို့ မေးတော့ ၅-ကြိမ် ဝတ်တက်ကြောင်း လျှောက်တယ်၊ 'ကျောင်းမှာ ဆွမ်းဝတ် ဘယ်နှစ်ဝတ် ရှိသတုံး' လို့ မေးတော့ နံနက်ခုနစ်ဝတ်၊ နေ့ ဆယ်ဝတ်ရှိကြောင်း လျှောက်ရပြန်တယ်၊ ဒီတော့ ဆရာတော်ကြီးက 'ဘုန်းကြီးဘုရားဝတ်က ဆွမ်းဝတ် တစ်ဝက်တောင် မရှိဘဲကိုး' လို့ မိန့်တော်မူသတဲ့ ဦးသောင်းရေ့'

'ကောင်းလိုက်တာ ဆရာရယ်၊ ရှေးဆရာတော်ကြီးတွေ မိန့်လိုက်မှဖြင့် မှတ်လောက်သားလောက်'

## တန်ခိုးထက်မြက်အောင် ရွတ်ဖတ်နည်း

'ဒီ ဆရာတော်ဘုရားကြီးတွေက တရားရှုမှတ်တဲ့ အချိန်က



လွဲရင် ဘုရားဟော ပါဠိတော်ကြီးတွေ၊ ဂါထာတွေ၊ ဂုဏ်တော်တွေ အမြဲရွတ်ဆို ပူဇော်နေကြတာကလား ဦးသောင်းရဲ့၊ ဒီ ပလုတ်ကျင်းတဲ့ကိစ္စ ပြောရတာက ကျွန်တော်တို့ တစ်တွေ ပရိတ်၊ ဓမ္မစကြာ၊ ဂါထာတော်တွေ ရွတ်ဆိုကြတဲ့အခါ၊ ဝတ်တက်ကြတဲ့အခါ ...

၁။ အဝတ်အစားလဲသင့် လဲရမယ်၊ ခြေလက်ခံတွင်း သုတ်သင်ပြီး ကြည်လင်သန့်ရှင်း စေရမယ်။ (မဇ္ဈိမ - ပိယဇာတိသုတ်၊ မ၊ ၂၊ ၃၁၄။)

၂။ ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်များ နမူနာအတိုင်း မိမိတို့ရွတ်တဲ့ ဂါထာတော် ဂုဏ်တော်တွေကို ပိုပြီး အာနိသင် ရှိစေချင်ရင် အနက်အဓိပ္ပာယ်ကိုလဲ သိထားရမယ်၊ သိအောင် လုပ်ရမယ်၊ ကျက်သင့်တာ ကျက်ထားရမယ်။

၃။ ဘယ, လာဘ, ကုလာစာရ = ကြောက်တဲ့စိတ် ဖြစ်စေချင်တဲ့ စိတ်၊ လိုချင်တဲ့ စိတ်၊ အမျှော်စိတ်ပေါ့ဗျာ။ နောက်ပြီး မိရိုးဖလာ လုပ်ရိုးလုပ်စဉ်မို့ လုပ်ရတာမျိုး မဖြစ်စေရဘူး။

၄။ ဘီလူးသဘက်တွေ ကြိုက်တတ်တဲ့ သားငါးစားတာမျိုးကိုလဲ ရှောင်ရမယ်။ (ပါထိက၊ ဌ၊ ၁၅၁။) လယ်တီဆရာတော်ကြီး ပြောသလို ဘီလူးသဘက်နှင့်တဲ့ ကမ္မဝါစာကို အမဲသားစားတဲ့ ပါးစပ်ကြီးနဲ့ ရွတ်လို့ နေရာမကျဘူး။

၅။ ရောဂါဖြစ်လို့၊ တစ်စုံတစ်ရာ ဒုက္ခဖြစ်လို့ တစ်ခြား လူဖြစ်ဖြစ်၊ ကိုယ်တိုင် ဖြစ်ဖြစ်ပေါ့၊ မိမိ ရွတ်တဲ့ ပရိတ်

http://www.dhammavideo.com/



တော်များ ပိုပြီး အစွမ်းအာနိသင်ထက်ဖို့ လိုအပ်တဲ့ အခါ ရေ၊ ဆီ၊ သဲ၊ ချည်၊ လက်ကိုင်ပဝါ စသည်ကို ရွတ်တဲ့လူရဲ့ လက်နှင့် ထိတွေ့လှုပ်ခါ ကိုင်တွယ်ပြီး ရွတ်ဆိုသင့်တယ်ခင်ဗျာ့။ ဒါ ... မြတ်စွာဘုရားရှင်တို့ ရဲ့ **အာဏာစက် သွင်းတယ်လို့** ခေါ်ပါတယ်။ လောကီနည်း မဟုတ်ဘူးနော်၊ ဝိနည်း အဋ္ဌကထာမှာ လာတဲ့ လုပ်ထုံးပါ။ (ဝိ၊ ဋ၊ ၂။ ၆၇။ သာရတ္ထ၊ ၂။ ၂၇၅။)

၆။ စောစောက ပြောသလို မိမိလုပ်နေကျ ဓမ္မဝတ်ကို ပုံမှန်လုပ်ရမယ်၊ စွဲစွဲမြဲမြဲ ဝတ်ထားပြီး လုပ်ရမယ်ပေါ့ ဗျာ၊ ဒါမှ ပိုပြီး ထိရောက်ပါတယ်။ ဆွမ်းဝတ်၊ ရေတွင်း ရေကန် ကျောင်းဝတ်နှင့် ရွတ်ဆို နှလုံးသွင်းမှု စတဲ့ ဝတ်ထားပြီး လုပ်တဲ့ ကုသိုလ်ဝတ်မှန်သမျှဟာ သရဏ ဂုံ၊ ၅-ပါး သီလမြဲတဲ့ လူလို အပါယ်မကျနိုင်ဘူးတဲ့ ဦးသောင်းရေ၊ ဒီ ဝတ်မြဲတဲ့ လူဟာ သောတာပန်နှင့် တူတယ်တဲ့။ (အံ ဋ-၃၊ ၂၆၅။ သဥပါဒိသေသုတ် အဖွင့်။)

၇။ ကိုသန့်ဇင်ရေ ... ဒီလို ရွတ်ကြ ဖတ်ကြတဲ့ကိစ္စ ဖြစ်ဖြစ်၊ တရားဘာဝနာ အလုပ်မှာပဲ ဖြစ်ဖြစ်၊ ထေရဝါဒ စစ်စစ် ဘာသာရေး အလုပ်မှန်သမျှမှာ ပုတီး ဘယ်နှစ်ပတ် စိပ်ရမယ်ဆိုတဲ့ အခန်း မပါဘူးဗျာ့နော်၊ ဒါကို တော့ ဂိုဏ်းက ကူးစက်လာတဲ့ အမူအကျင့်တွေနှင့် ကတ္တား ခြားကြရလိမ့်မယ်။



၈။ ခု ... ကိုသန့်ဇင်တို့ ရွတ်နေတဲ့ ပါဠိတွေဟာ ကမ္ဘာ ပေါ်ရှိ ၁၀၁-ပါးသော ဘာသာစကားတို့တွင် အမြတ် ဆုံးသော စကားလုံးတွေလို့ ဟောတော်မူထားတယ်၊ စကားလုံးတိုင်း စကားလုံးတိုင်း လေးအသချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီအားတွေ ပါနေလို့ ခုလို အစွမ်း ထက်တာပဲလို့လဲ အာရုံပြုရမယ်’

## ကျွန်တော် ပုတီးသမား

‘ဆရာကြီး စာအုပ်တွေ ဖတ်ပြီးကတည်းက ဘာသာရေး အလုပ်မှာ ပုတီးကဏ္ဍမရှိဘူးဆိုတာ ကျွန်တော်တို့ မှတ်ယူထားပါ တယ်၊ ဒါပေမယ့် စိပ်နေကျဆိုတော့ မစိပ်ဘဲက မနေနိုင်ဘူး ဆရာ ကြီး၊ ကိုယ်တိုင် ထိထိခိုက်ခိုက် တရားဝင်တော့မှပဲ ပုတီး မလိုအပ် ကြောင်း ကြည်ကြည်လင်လင် သဘောပေါက်သွားတယ် ဆရာကြီး၊ ပုတီးစိပ်တာ သမထလဲ မဟုတ်၊ ဝိပဿနာလဲ မဟုတ်ဘူးဆိုတာလဲ ခုတော့ ရှင်းပါတယ်၊ အရှင်းကြီးပဲဟာ ဆရာကြီး’

‘ဒါထက် ဆရာကြီးကို ပွင့်ပွင့်လင်းလင်း ဝန်ခံဖို့ အချက် တစ်ခု ကျွန်တော့်မှာ ရှိနေပါတယ်၊ ရထားပေါ် ဆရာကြီးတက်လာ စက ကျွန်တော် ပုတီးစိပ်နေတာ ဆရာကြီး မြင်မှာပေါ့နော်’

‘မြင်သားပဲ ကိုရင်’

‘အဲဒါ ဝန်ခံချင်လို့ပါ၊ စောစောက ကျွန်တော်တို့လဲ ပုတီး တော်တော် စိပ်ပါတယ်။ ပုတီးစိပ်နည်းတွေလဲ ဒုနှင့်ဒေး၊ အများကြီး ပါပဲ၊ အမှန်အတိုင်း အစီရင်ခံရရင် ဆရာကြီး စာတွေလဲ ဖတ်၊ ရိပ်

http://www.dhammavideo.com/



သာလဲ ဝင်ပြီးကတည်းက ကျွန်တော် ပုတီးကို 'စတီ' လောက် ကိုင်တာပါ၊ အထူးသဖြင့် ခုလို ခရီးသွားတဲ့အခါ ကိုယ့်ဟာကိုယ် တရားရှုမှတ်ချင်ရင် ပုတီးကလေးကို လက်က ကိုင်ထားတော့ ဘေးကစကားစမြည် မေးချင်ဦးတော့ သူ ပုတီးစိပ်နေတယ်ဆိုပြီး မမေးကြဘူးခင်ဗျာ့၊ ခုတော့ ကျွန်တော် ဒီရည်ရွယ်ချက်နဲ့ပဲ ကိုင်ပါတော့တယ် ဆရာကြီး'

'သဘောပေါက်ပါတယ် ကိုသန့်ဇင်၊ ခပ်စောစောကတည်းက အရည်အသွေးကို မြင်မိပါတယ်။ ဦးလေးက ပုတီးကို အပြစ်ပြောတာတော့ မဟုတ်ဘူး။ သည့်ထက် တန်ဖိုးရှိတာတွေ လွယ်လွယ်ကူကူ ရနေတဲ့အခါမှာ လူတိုင်းလူတိုင်း အစစ်အမှန် တိုးတက်စေချင်လို့ပါ'

'ဆရာကြီး စေတနာ ပေါ်လွင်ပါတယ် ခင်ဗျာ'



## အခန်း [၄]

## နှုတ်ငုံဆောင် ပါဠိတော် ဂါထာများ အတ္ထုပ္ပတ္တိနောက်ခံ သမိုင်းကြောင်း

'ဆရာကြီး၊ ကျွန်တော် ဟို ... ခပ်စောစောက ရွတ်ပြတဲ့ မာန်လည်ဆရာတော်ကြီး နေ့စဉ် ရွတ်တယ်ဆိုတဲ့ 'တပ္ပရာယန သရဏဂုံ ဂါထာ' အနက်ကလေး ချီးမြှင့်ပါဦး၊ ဒီဂါထာဖြစ်ပေါ်လာပုံ အတ္ထုပ္ပတ္တိကိုလဲ ကြည်ညိုချင်ပါတယ်'

'ဩော် ... ဟုတ်သားပဲ၊ မာန်လည်ဆရာတော်ကြီး ခရီးသွားတိုင်း ရွတ်တဲ့ ဂါထာကစပြီး ဆွေးနွေး လာလိုက်ကြတာ သရဏဂုံ ဂါထာတော်ကြီးကို အနက် ဆိုပြဖို့တောင် မေ့သွားတယ်။

### ကဿပဘုရားလက်ထက်က သဝဏ်လွှာ

'ဒီဂါထာက သုတ္တနိပါတ် အဋ္ဌကထာ (၂) ပါရာယနဝဂ် (၂၉၃) မှာပါတဲ့ ဂါထာပါ၊ ဖြစ်ရပ်ဇာတ်ကြောင်းကတော့ ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံလွန်ခါနီးက ဗာရာဏသီမင်းက ဟိမဝန္တာဒေသမှာရှိတဲ့ ကဋ္ဌဝါဟနမင်းထံ သတင်းပို့တဲ့ သဝဏ်လွှာပါ၊ သူတို့အချင်းချင်း မဟာမိတ်ဖြစ်ကြပြီး မိမိတို့နိုင်ငံမှာ ထူးဆန်းတဲ့ ရတနာများထွက်ပေါ်လျှင် တစ်ဦးနှင့်တစ်ဦး အသိပေးစတမ်း ကတိရှိကြတဲ့ ဦးသောင်းရဲ့၊ ကဋ္ဌဝါဟနမင်းကလဲ အဝတ်အထည် ကမ္ဗလာဆန်းတွေ စပြီး ပေါ်ထွက်တယ်ဆိုရင်ပဲ တမန်လွှတ်ပြီး ဗာရာဏသီမင်းထံ အမြတ်တနိုး ပို့တယ်။

'ဗာရာဏသီမင်းကတော့ မိမိနိုင်ငံမှာ ရတနာသုံးမျိုးပေါ်နေကြောင်း ယခုလို သဝဏ်လွှာ ရေးပို့လိုက်ပါတယ်၊ ကဲ ... ကိုသန့်ဇင် ပလုတ်ကျင်းပြီးပြီ၊ သဝဏ်လွှာကို ရွတ်လိုက်ကြဦးစို့။

'ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊
ပုညက္ခေတ္တံ အနုတ္တရံ။
(သမုတ်ပန်နော၊ ပုန်ညက်ခစ်တံ၊ အနုတ်တရံ။)

(၁) 'သမ္မ- အကြည်တော် ကဋ္ဌဝါဟနမင်း။ သဗ္ဗပါဏိနံ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ- အစီးအပွား ဖြစ်ထွန်းရန် အလို့ငှာ။ ဗုဒ္ဓေါ- ဗုဒ္ဓရတနာသည်။ ဝါ- ဘုရားရှင်သည်။ လောကေ- လောက၌။ သမုပ္ပန္နော- ဖြစ်ထွန်း ပွင့်ပေါ်တော် မူခဲ့လေပြီ။

(၂) သဗ္ဗပါဏိနံ- ခပ်သိမ်းသော **သတ္တဝါတို့၏**။ သုခါယ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာရန် အလို့ငှာ။ ဓမ္မော- ဓမ္မရတနာသည်။ ဝါ တရားတော်သည်။ လောကေ- လောက၌။ သမုပ္ပန္နော- ဖြစ်ထွန်း ပွင့်ပေါ်တော် မူလေပြီ။

(၃) အနုတ္တရံ- အတုမရှိမြတ်သော။ ပုညက္ခေတ္တံ- ကုသိုလ်



ကောင်းမှုတို့ကို စိုက်ပျိုးရာ၊ လယ်ယာ မြေကောင်း သဖွယ် ဖြစ်တော်မူသော။ သံဃော- သံဃာရတနာ သံဃာတော်သည်။ သမုပ္ပန္နော- ဖြစ်ထွန်း ပွင့်ပေါ် တော် မူခဲ့လေပြီ။

'အဲဒီ သဝဏ်လွှာအရ ကဋ္ဌဝါဟနမင်းရဲ့ တမန်တော်တွေ ဗာရာဏသီပြည်ကို ဝမ်းသာအားရ သွားကြတာ ဟိုရောက်တော့ ဘုရားရှင်က ပရိနိဗ္ဗာန် စံတော်မူသွားလို့ ဝမ်းနည်းပက်လက် ငိုယိုကာ ဓါတ်တော်ကိုသာ ပင့်ပြီး ပြန်ကြရသတဲ့။

'မာန်လည်ဆရာတော်ကြီးရွတ်တဲ့ ဒီ သရဏဂုံ ဂါထာကို တပ္ပရာယန သရဏဂုံလို့ ဘာကြောင့် ခေါ်တာလဲ ဆရာကြီး'

'သရဏဂုံ ဆောက်တည်နည်း အမျိုးမျိုးမှာ 'တပ္ပရာယန ဒါပဲ ကိုးကွယ်ရာ' လို့ စိတ်တုံးတုံးချ ယုံကြည် ဆည်းကပ်တယ် ဆိုတဲ့ သဘောပေါ့ကွာ။

## ဖွား၊ ပွင့်၊ ဟော၊ စံ-ဗုဒ္ဓဝင်ဌာနများ အာလိုက်

'ဗာရာဏသီဆိုလို့ ဆရာကြီးတို့ မနှစ်ဆီက ဘုံဘေက ကမ္မဋ္ဌာန်းဆရာကြီး ဦးဂိုအင်ကာ ဖိတ်လို့ အိန္ဒိယရောက်တော့ ဗုဒ္ဓဝင်ဌာနတွေ မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ရတာ အလွန် ကံထူးပါတယ်'

'ဆရာကြီးတို့က စာကလဲတတ်ထားတော့ ဒါက ဖွားတော်မူတဲ့နေရာ၊ ဒါက ဓမ္မစကြာဟောတဲ့နေရာ ဆိုတာလောက်တင်

http://www.dhammavideo.com/



မကဘဲ ကျွန်တော် ထင်တယ် ... ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်ပုဂ္ဂိုလ်တွေကို ဘယ်လို တရားဟောတယ်ဆိုတာအထိ အရသာရှိနေမှာပဲနော်'

'ဟုတ်ပါတယ် ဦးသောင်း၊ ကြည်ညိုစရာ ဝမ်းမြောက်စရာတွေ အများကြီးပါပဲ၊ ကမ္ဘာ့သာသနာပြု ၂၀-ရာစုမှာ ထွန်းတောက်လာတဲ့ ပါရမီရှင် ဂုရုကြီး ဦးဂိုအင်ကာရဲ့ ကျေးဇူးသိပ်ကြီးပါတယ်။ ဟိုဟာ ဒီဟာ ဒေသန္တရ ဗဟုသုတတွေထားပါတော့၊ နေရာဒေသအလိုက် ဘုရား မုခပါဌ်တော်တွေ ရွတ်ဖတ်ပူဇော်ကြရတာကဖြင့် တစ်သက်နှင့် တစ်ကိုယ် မမေ့နိုင်ပါဘူး။ ဥပမာ ... မြတ်စွာဘုရား ဖွားတော်မူတဲ့ လုမ္ဗိနီဥယျာဉ်ရောက်တော့ ...

'အဂ္ဂေါ' ဟ, မသ္မိ လောကဿ ...

လောကမှာ ငါအမြတ်ဆုံး - စသည်ဖြင့် အလောင်းတော် ကလေးကြုံးဝါးတဲ့ စကား ၅-ခွန်းနှင့် ပူဇော်ရတယ် ဦးသောင်းရေ...

'ဘုရားဖြစ်တော်မူတဲ့ ဗုဒ္ဓဂယာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်၊ စင်္ကြံကြွတော်မူတဲ့နေရာ စသည်ဖြင့် ၇-ရက် ၇-လီ (သတ္တသတ္တာဟ) စံနေတော်မူတဲ့ နေရာတော်တွေ၊ ဟို ... အရှေ့မြောက်ဘက် လှမ်းကြည့်တော့ နေရဉ္ဇရာမြစ်၊ အဲဒီမှာ ကျွန်တော်တို့ အမြိန်ဆုံးကတော့ မဟာဗောဓိပင်ရဲ့ မြောက်ဘက်နားမှာရှိတဲ့ အုတ်ကျောင်းဆောင်ကလေး၊ ဘုရားဖြစ်ပြီး ၄-ပတ်အကြာ ပဋ္ဌာန်း, ပဋ္ဌိစ္စသမုပ္ပါဒ် စသော အဘိဓမ္မာတရားတွေကို ဆင်ခြင်လို့ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးတဲ့နေရာ 'ရတနာဃရ သတ္တာဟ' ပေါ့ဗျာ။ သီရိဓမ္မာသောကမင်းကြီးကစပြီး အထိမ်းအမှတ် အုတ်တိုက်ကျောင်းလုပ်ထားတာ အလွန် ကျေးဇူးတင်စရာပါ။



## မဟာဗောဓိရင်ပြင်မှာ ရွတ်ဖတ်ပူဇော်ရတာ

'အဲဒီ ရတနာဃရ ရွှေအိမ်ဌာနမှာ မင်္ဂလာဗျူဟာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးအောင်သိမ်း (၇၃)နှစ်၊ ပါရဂူကြီး၊ မင်းယုဝေ၊ ဦးကျော်ခင်မြင့်နှင့် ကျွန်တော်တို့တစ်တွေ ဘုရားဖြစ်တော်မူစက ဆင်ခြင်တဲ့တရားတွေ၊ ကြုံးဝါးတဲ့ ဂါထာတွေကို ရွတ်ဖတ်ပူဇော်ရတာကဖြင့် အရသာ အရှိဆုံးပဲဗျို့။ အဲဒီ စာတွေက ဝတ်ရွတ်စဉ်တွေထဲမှာလဲပါ ပါတယ်။ ကိုသန့်ဇင်တို့ အချိန်ရရင် မရသေးက ကျက်ဖို့ပါ။ ကျွန်တော်တို့ကတော့ ကလေးကတည်းက ဝတ်တက်ခဲ့ကြရတာဆိုတော့ ရနေတယ်လေ ... ။

'ဘာတွေလဲဆိုတော့ ...

၁။ ဇယန္တော ဗောဓိယာ မူလေ။
၂။ အနေကဇာတိသံသာရံ။
၃။ ယဒါ ဟဝေ ၃-ပုဒ်။
၄။ ဟေတုပစ္စယော (၂၄-ပစ္စည်းနှင့် ပစ္စယနိဒ္ဒေသပါဠိ)
၅။ ပဋိစ္စသမုပ္ပါဒ် အနုလုံ၊ ပဋိလုံ'

'ခု ဆရာပြောတာတွေ အများအားဖြင့် ကျွန်တော်တို့လဲ ရွတ်ဖတ် ပူဇော်နေတာပါပဲ။ အထူးသဖြင့် ဘုရားအနေကဇာတင် တိုင်း ကြားရတဲ့ ပါဠိတော်တွေပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့အဖွဲ့ ကြံကြံဖန်ဖန် စိတ်ကူးပေါက်ပြီး ထူးထူးဆန်းဆန်း လုပ်ကြတာ ပြောရဦးမယ်၊ မဟာ ဗောဓိပင်ရဲ့ အရှေ့မြောက်ဘက် ကုန်းမြင့်ကတော့ 'အနိမိသ' ကုန်းတော်

http://www.dhammavideo.com/



ခင်ဗျာ၊ မြတ်စွာဘုရား မတ်တတ်ရပ်ပြီးသကာလ ခုနစ်ရက်ပတ်လုံး မမှိတ်သောမျက်စိနှင့် ဗောဓိပင်နှင့် ရွှေပလ္လင်ကို စိန်းစိန်းကြီး စိုက်ပြီး ကြည့်တော်မူတဲ့နေရာပါ။ အဲဒီမှာ 'ကဲ ... အားလုံး မတ်တတ်ရပ်၊ မျက်စိဖွင့်၊ မျက်တောင်မခတ်ဘဲ ရနိုင်သလောက် တရားမှတ်ရအောင်' လို့ ကျွန်တော်ကပဲ အကြံပြုပြီး ထူးထူးဆန်းဆန်း တရားမှတ်ပြီး ပူဇော်ခဲ့ကြသေးသဗျာ့'

'အဲ ... အားရစရာဗျာ၊ အဲဒီနေရာမှာ အဲဒီ မုခပါဋ်တော်တွေနှင့် ပူဇော်ရတာကတော့ဗျာ ... ဆရာကြီးပြောသလို မြိန်လောက်ပါပေတယ်။ ဘုရားဖူးရောက်တဲ့လူတိုင်း ဆရာကြီးတို့ အသိမျိုးနှင့် ပူဇော်နိုင်မယ့်သူက ရှားမှာပါပဲ။ သာဓုဗျာ .... သာဓု .... သာဓု ...'

## တိဗက် မဟာယာနတွေရဲ့ ဝတ်တက်ဖွဲ့

'ဒါပေမယ့် ဦးသောင်းရေ ... မဟာဗောဓိ စေတီတော်ကြီး ပတ်လည်မှာ တိဗက်ဘုန်းကြီး ကိုရင်တွေ လူတွေဟာ နေရာတိုင်း သူတို့ကို ရှောင်လို့ မလွတ်ဘူး၊ နှစ်ရာ သုံးရာ အမြဲရှိနေကြတယ်။ အေးအေးဆေးဆေး အာရုံပြုနိုင်အောင် သူတို့နှင့် လွတ်ကင်းတဲ့နေရာ ရွေးရတာက တစ်ဒုက္ခ။ လူ ၅၀- ၁၀၀ စုပြီး သံပြိုင်ရွတ်ကြတာက တစ်မျိုး၊ စည်း ဝါး အတီးအမှုတ်နှင့် ကန်တော့တဲ့ အုပ်စုက ကန်တော့၊ တစ်ကိုယ်ရေ ပုတီးနှင့်၊ စည်းနှင့်၊ စက်ဝိုင်းနှင့် ကိုယ်ကို ဘယ်ညာယိမ်းပြီး တစ်တွတ်တွတ် ရွတ်တဲ့လူက ရွတ်။ တစ်ချို့ကတော့လဲ ရှေ့မှာ ပျဉ်ပြားကြီးတစ်ချပ်ခင်းပြီး လက်ခုနစ်ဖက်ကိုင်ရင်း မတ်တတ်ရပ်လိုက် ဝမ်းလျားထိုးလိုက်နှင့် တစ်နေကုန် ဝတ်ပြုတဲ့လူက ပြု၊ စုံလို့ပါပဲဗျာ။



'မဟာယာန ဗုဒ္ဓဘာသာဝင်တွေရဲ့ ဖွဲ့ကတော့ ချီးကျူးလောက်ပါပေတယ်။ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါလျက် ဧရာမ ပုတီးကြီး တကားကားနှင့် ကြိုးစားသလောက် ခရီးမပေါက်ဘဲ ဒုက္ခရောက်နေကြရှာတာ တွေ့ရမြင်ရတော့ စိတ်က မကောင်းဘူးပေါ့ဗျာ။ ရွတ်ဖတ်မှု ဝတ်ပြုမှုနှင့် အချိန်ကုန် နေကြရှာတယ်။ ဒီမှာလဲ ဘုရား ရင်ပြင်တွေမှာ သူတို့နှင့် လွတ်အောင် ရှောင်လို့ကို မရဘူး ခင်ဗျာ'

'ဆရာကြီး အဲဒီ ခရီးသွားမှတ်တမ်းရေးရင် အလွန် စိတ်ဝင်စားစရာ ကောင်းမှာပဲ။ ရေးပါဦး ဆရာကြီးရယ်'

'ဟုတ်ကဲ့ခင်ဗျာ့ ... ။ ကျွန်တော်ကိုယ်တိုင် ဆရာဦးဝင်းမောင် (မင်းယုဝေ) ကို ရေးဖို့ တိုက်တွန်းထားပါတယ်။ ရေးသလောက်လဲ ရေးပြီးနေပါပြီ။ သူတို့က ပိုပြီး လူငယ်တွေ နားလည်အောင် ရေးပြတတ်ကြပါတယ်။

'ဒါနှင့် ကံကောင်းချင်တော့ မဟာဗောဓိ အသင်းတိုက်က စေတီတော်ကြီး စောင့်ရှောက်ရေး တာဝန်ခံဆရာတော်တစ်ပါးနှင့် ရင်းနှီးသွားတော့ ကျွန်တော်တို့အဖွဲ့ဟာ ခုခေတ် ရေပန်းစားနေတဲ့ ဗွီအိုင်ပီ ပေါ့ဗျာ။ (ဗဲရီးအင်ပေါတင့် ပါဆင်း အခွင့်ထူးခံအဖွဲ့) ဖြစ်သွားတယ် ခင်ဗျာ။ ဆရာတော်ကိုလဲ အထူး ကျေးဇူးတင်ကြရပါတယ်။ ဆရာတော်ရဲ့ ဘွဲ့တော်က ဘဒ္ဒန္တ ဂျာညာ ဂျဂတ်ထေရော လို့ ခေါ်ပါတယ်။ (World Buddhist Cultural Foundation) မှာလဲ ဥက္ကဋ္ဌပါ။ ရွတ်တာ ဖတ်တာပြောရင်းက ကမ္မဋ္ဌာန်းအကြောင်းရောက်ပြန်တော့မယ်။ စကားဦး လမ်းဖွဲ့သွားပြန်ပြီ ဦးသောင်းရေ ...'

http://www.dhammavideo.com/



'ပြောသာပြောပါ ဆရာကြီး၊ ဖိုးသူတော် မျက်စိလည်လေ ဆန်ရလေ၊ ကျွန်တော်တို့အဖို့က ကြားရသမျှ အမြတ်ချည်းပါပဲ'

## ပဒက္ခိဏ ကတွာ - လက်ယာရစ် လှည့်လည်၍

'ခန့်မှန်းခြေပေါ့ဗျာ ... သရုပ်ပေါ်အောင် ပြောရရင် မဟာဗောဓိ စေတီတော်ကြီးက နှစ်ပေါင်းများစွာ ကြာတော့ မြေကြီးက တက်ပြီး ပို့လာလိုက်တာ တူးဖော်ကြတော့ ဆယ့်နှစ်ပေလောက်နက်တဲ့ ရေကန်ကြီးအလယ်မှာ တည်ထားသလို ဖြစ်နေတယ်။ လေးဘက်လေးတန် ကိုက်တစ်ရာလောက်မှာ ကန်ပေါင်ရိုးကြီးလို ခစေတီပတ်လမ်း၊ ဘေးကမှ တံတိုင်းအမြင့်ကြီး ကာထားတယ်။ ညနေ ၆-နာရီ တံခါးပိတ်ပါတယ်။ လင်းလွန်းပင်တို့၊ မုစလိန္ဒာအိုင်တို့ဆိုတဲ့ သတ္တဋ္ဌာနဟာ စေတီကြီးပတ်ပတ်လည် တံတိုင်းအတွင်းမှာပဲ ရှိတယ်ခင်ဗျာ့။ တံတိုင်းအတွင်းက စေတီပတ်လမ်းကလဲ ရင်ပြင်ထက် ၁၂-ပေလောက် မြင့်မယ်၊ အထင်ပေါ့လေ။

'ပြောလိုတာက တစ်ခြားမဟုတ်ပါဘူး၊ ခုန ပြောခဲ့တဲ့ ဆရာတော်ကြီး ကျေးဇူးကြောင့် လူသူရှင်းတဲ့ ည ၁၀-နာရီအချိန် မဟာဗောဓိစေတီတော်ကြီးရဲ့ အလယ်ပစ္စယံ၊ အထက်ပစ္စယံ လိုဏ်ခန်းမကြီးထဲမှာ ညစဉ် ၅-ရက်လောက် တရားထိုင်ပြီး ပူဇော်ကြရတာ တစ်သက်နှင့် တစ်ကိုယ် မမေ့နိုင်ပါဘူးဗျာ။ ကျွန်တော်တို့ တည်းခိုတဲ့ ဗမာကျောင်းကဆိုရင် မိနစ် ၂၀-လောက် လျှောက်ရသေးတယ်။ အဲဒီ မဟာဗောဓိ ဆရာတော် ကျောင်းကတော့ စေတီအပြင်ဘက် ကပ်လျက်ပဲ။



'ညစဉ် ဆရာတော်က လှမ်းပြီး ဖုန်းဆက်ခေါ်တယ် ခင်ဗျာ့။ ရောက်တယ်ဆိုရင်ပဲ စေတီတော်ကြီး တောင်ဘက်မုခ်က သော့ဖွင့်ဝင်၊ စေတီပတ်လမ်းပေါ်လဲ ရောက်ရော ရှေ့က ကြွနေတဲ့ ဆရာတော်က ...

'ဘိ ... ဆိုင်းလင့်တ် .... ဖလီးစ် (သတိ ... တိတ်ဆိတ်စွာ လိုက်ကြပါ)' လို့ သတိပေးပြီး စေတီတော်ကြီးကို လက်ယာရစ် ၃-ပတ် လှည့်ကြရတယ်။ ပါဠိလိုတော့ 'ပဒက္ခိဏ ကတွာ' လို့ ခေါ်တယ် ခင်ဗျာ့။ ဒါ ဗုဒ္ဓဘာသာတို့ရဲ့ အလေးအမြတ် ပူဇော်တဲ့ဓလေ့ပါ' (လက်ယာရစ်ဟူသည် မိမိညာဘက်ကို အတွင်းထား၍ လှည့်ပတ်ခြင်း ဖြစ်သည်။ ဥပမာ ... အရှေ့၊ အရှေ့တောင်၊ တောင် စသည်)

'ထိုင်းနိုင်ငံက ဆရာတော်ကြီးထံလာတဲ့ နတ်တွေက ဆရာတော်ကြီးကို လှည့်ပတ် ကန်တော့တယ်ဆိုတာ အခု ဆရာကြီး ပြောတဲ့ အရိုအသေ ပူဇော်တဲ့ နည်းပေါ့နော်'

'ဟုတ်တယ် ... ကိုသန့်ဇင်'

## စေတီကြီး အထက်ပစ္စယံက ဝိပဿနာအဖွဲ့

'ကဲ ... ပြောတဲ့လက်စနှင့် နည်းနည်း ပုံပေါ်အောင်တော့ ပြောရဦးမယ်'

'ပြောပါ ... ဆရာကြီး၊ ဆရာကြီးပြောတာ နွေးတောင် နွေးနေသေးတယ် ... ကျွန်တော်တို့ နားထဲမှာ'

'ကဲ ... ဒါဖြင့်လဲ မြန်မြန်ပြောပါ့မယ်။ ဆရာတော်က ရှေ့က

http://www.dhammavideo.com/



ကြွ၊ ကျွန်တော်တို့ ၅-ယောက်က စီတန်းပြီး နောက်ကလိုက်၊ တောင်ဘက်ကဝင်ပြီး အနောက်၊ မြောက်ဘက်၊ အရှေ့ဘက် အဲသလို စေတီပတ်လမ်းမကြီးပေါ်မှာ လက်ယာရစ် သုံးပတ် မလှည့်ခင် စကားမပြောဘဲ ဆိတ်ဆိတ်နေဖို့ သတိပေးပြီး ဆရာတော်က ခုလို ပြောပြန်တယ် ခင်ဗျာ့'

'လက်စ် ကွန်ထင်ပလေ့ထ် အေမဲက်ဒစ် တေရှင်း
အွန်န် လတ်ဗင်းခိုင်းဒနစ်စ် ဘိုင်ဝေါခင်း အလောင်းဿ
ရုတ်ဒ်, ဖလီးစ်'

'ကျွန်တော်တို့ အဖွဲ့ထဲမှာ ကျွန်တော်က ဘဂဝါကောလိပ်ထွက် ဧဝံမေသုတံ သမားဆိုတော့ ဆရာတော်ပြောတဲ့ အင်္ဂလိပ်စကားက ဦးလေးနားထဲ ဝါးပြီး ဝင်သွားတယ် ကိုသန့်ဇင်ရေ၊ စေတီတော်ကြီးလှည့်ပတ် လမ်းလျှောက်ရင်း မေတ္တာ ဘာဝနာပွားကြရအောင်လို့ မှန်းပြီး နားလည်လိုက်ရတာပေါ့ကွာ။ ဒါနှင့် သုံးပတ်လှည့်၊ မေတ္တာဘာဝနာပွားပြီးမှ စေတီတော်ကြီး အထက်ပစ္စယံ လိုဏ်ခန်းမကြီးထဲမှာ မိနစ်လေးဆယ်လောက် ညစဉ် တရားထိုင်ရတာ ပြောချင်လို့ပါ'

## ဥပကနှင့် မဆာဝါတို့ကို မြင်ယောင်သေး

'ဆရာကြီး ဝေါဟာရနှင့် ပြောရင် ကြားရတာနှင့် ကျွန်တော်တို့တောင် အတော် 'မြိန်' (မိန်) **သွားတယ်ဗျာ့** ...၊ ဆရာကြီးတို့အဖွဲ့က ကံလဲ ကောင်းပေတာကိုး'

'အင်း တိုတိုနှင့် ရှည်ရှည်ပဲ **ပြောကြပါစို့**။ ဘုရားပွင့်တော်



မူရာ မဟာဗောဓိပင် မဟာဗောဓိ စေတီတော်ကြီးကနေ မြောက်ဘက် ၇-မိုင် ကျော်ကျော်လောက် သွားတော့ ဂယာမြို့ရောက်ပါတယ်။ အဲဒီနေရာရောက်တော့ ဗောဓိမဏ္ဍိုင်ခေါ်တဲ့ ဘုရားပွင့်ရာဌာနကနေ မြောက်ဘက် ဗာရာဏသီ မိဂဒါဝုန်တော တရားဟောဖို့ ကြွတော့ ဒီ ၇-မိုင်ခရီးက စပြီး ကြွရတာပေါ့။ ဒီ ၇-မိုင်အတွင်းမှာပဲ ဥပက တက္ကဒွန်းကြီးနှင့် တွေ့ပုံ၊ ပြောပုံကိုပြေး၍ သတိရလိုက်မိသေးတယ်။

'ဘုရားနှင့် ပထမဆုံး ပက်ပင်းတွေ့ရပေမယ့် ဥပကကြီးက မုဆိုးကြီးသမီး မဆာဝါ (မစာပါ) ကလေးရဲ့ ဆွဲငင်အားက ကောင်းနေချိန်ဆိုတော့ ဘုရားမှန်းတောင် အတိအကျ မသိလိုက်ရှာခဲ့ဖူးတဲ့ ကိုသန့်ဇင်ရေ။ ဦးလေးက ဘုန်းကြီးလူထွက်ချင်းမို့ ကိုယ်ချင်းစာလိုက်မိသေးတယ် ... ဟဲ ... ဟဲ ...'

'ကျွန်တော်လဲ ဗုဒ္ဓဂယာ ဘုရားဖူးဖို့ အားခဲနေတာ ဆရာကြီး၊ ကျွန်တော်တို့ သဘော်သလိုင်းက အိန္ဒိယဘက် မရောက်နိုင်ဘဲ ဖြစ်နေလို့'

'ဦးလေးပြောတဲ့ ဘုရားစာတွေသာ အဲဒီ **သံဝေဇနိယ ဌာနတွေ မှန်းပြီးရွတ်၊ အဲဒီမှာ စောင့်ရှောက်နေတဲ့ နတ်တွေကိုလဲ အမျှဝေ၊ မေတ္တာပို့နေပါကွာ ... တစ်နေ့ ရောက်မှာပါ။ ဒါ...** ဦးလေးလက်တွေ့ နည်းတစ်ခု ဆိုရင်လဲ မလွဲပါဘူး'

## မိဂဒါဝုန်ရောက်တော့ ဓမ္မစကြာ

'ဗာရာဏသီ မိဂဒါဝုန် ရောက်ပြန်တော့ ဓမ္မစကြာဟော

http://www.dhammavideo.com/



တော်မူရာ အထိမ်းအမှတ်အဖြစ် ဓမ္မေခခေါ်တဲ့ ဓမ္မစကြာစေတီကြီးကို အဝေးကပဲ တွေ့မြင်ရပါတယ်။ ကုန်းမြင့်ပေါ်ရောက်တော့ သမင်ဒရယ် ဒေါင်း ကြိုးကြာ စသည်ဖြင့် တိရစ္ဆာန်ဥယျာဉ်နှင့် နန္ဒိယသူဌေး ဆောက်လှူတဲ့ ပထမဆုံး ဝါဆိုတော်မူရာ မူလ ဂန္ဓကုဋိ ကျောင်းတော်ရာကြီး တစ်ရပ်တစ်သူခန့် တူးဖော်ထားတဲ့ အုတ်ရိုးတွေ အကန့်အကန့် တွေ့ရတယ် ဦးသောင်းရေ။ ဓမ္မေခ စေတီတော်ကြီးအနီး ကျောင်းပျက်ကွက်လပ်တစ်နေရာမှာ ကျွန်တော်တို့အဖွဲ့ဝင်အားလုံး ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခွင့် ရကြပြန်တယ်လေ'

'ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ၊ ဣသိပတန နာမကေ- စာလုံးတိုင်း စာလုံးတိုင်း အရသာရှိလိုက်မယ့်ဖြစ်ခြင်း၊ ဆရာကြီး ပြောတာနှင့်တောင် ကြည်နူးစရာပါပဲ'

'အဲသည် မဇ္ဈိမဒေသ သိမ်းဝင်ဌာနတွေမှာ ရွတ်တာ ဖတ်တာတော့ ထားပါတော့၊ နောက်များ ရောက်ရင် ကျွန်တော်တို့ နမူနာယူတတ်ပါပြီ ဆရာကြီး၊ ဆရာတို့ အိန္ဒိယတစ်ခွင် တစ်ပြင်ကြီး သွားကြတော့ တစ်နေရာ တစ်နေရာ ကားရထားနှင့် သွားကြတဲ့အခါမှာကော ဘာတွေများ ရွတ်ဖတ်ကြပါသေးသလဲ၊ နမူနာယူရအောင် အမိန့်ရှိပါဦး'

'ဒါကတော့ ခရီးထွက်တိုင်း ရွတ်ဖတ်သွားကြရတယ်လို့တော့ မဟုတ်ပါဘူး။ သင့်သလို နှလုံးသွင်းပြီး သွားတဲ့အခါသွား၊ အများအားဖြင့် မြတ်စွာဘုရားရှင်ဟာ ဒီမြို့ဒီရွာတွေကို ကုန်းကြောင်းကြွပြီး ဒီနေရာမှာ ဒီတရားဟောတယ်၊ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတဲ့ အာရုံတွေပဲ အဖြစ်များပါတယ်။



'ဩော် ... သတိရလို့ ပြောရဦးမယ် ကိုသန့်ဇင်၊ ဦးလေးတို့ အဖွဲ့မှာ အသက်အကြီးဆုံးဖြစ်တဲ့ ဗိုလ်မှူးအောင်သိမ်းဟာ အများအားဖြင့် ဦးလေးနှင့်ပဲ လမ်းလျှောက်သွားလေ့ရှိတယ်။ သွားတိုင်း လိုလိုပဲ ပါးစပ်က တစ်တွတ်တွတ် ရွတ်နေတာ မကြာခဏ တွေ့ရတော့ ဦးလေးက ဘာတွေရွတ်တာလဲလို့ မေးကြည့်တယ်။ ပထမတော့ မဖြေဘူး၊ ဝေ့လည်လည်ပဲ ရှောင်လွှဲပြောတယ်။ မရမက မေးတော့ တိပိဋကဓရ ဆရာတော်ကြီးပေးတဲ့ ခရီးသွားဂါထာ ရွတ်တာပါလို့ ဖြေတယ်။

## မဟာကပ္ပိနမင်းကြီး ခရီးသွား ဂါထာ

'ပေးတဲ့ပုဂ္ဂိုလ်ကလဲ တိပိဋကဓရ ဆရာတော်ကြီး၊ နောက်ပြီး ခရီးသွားဂါထာဆိုတော့ တိုက်တိုက်ဆိုင်ဆိုင် စိတ်ဝင်စားစရာဖြစ်နေတာပေါ့လေ။ ရွတ်ပြပါဦး တောင်းပန်လို့ တစ်လုံးချင်း တစ်ပိုဒ်ချင်း ရွတ်ပြပေးပါတယ်။ ဦးလေးလဲ အဲဒီဂါထာ ၃-ပုဒ် မရဖူးဘူး၊ 'အဲဒါ ခင်ဗျားတို့ သိပါတယ်လေ၊ မဟာကပ္ပိနမင်းကြီး ခရီးသွား ဂါထာတွေပဲဟာ' ဆိုတော့ ရိပ်မိသွားတယ်။ ပိုပြီးတော့လဲ စိတ်ဝင်စားမိပြန်သပေါ့။ အနက် အဓိပ္ပာယ်ကလဲ ထိထိမိမိ အရသာရှိလိုက်လေ။

'အဲဒီ ဂါထာကို အနက်ပါ ဆိုပြပါဦး ဆရာကြီး'

'နေဦးလေ ... ကိုသန့်ဇင်ရဲ့၊ ဖြစ်ပေါ်လာပုံ နောက်ခံဇာတ်ကြောင်းကို သိဖို့က လိုသေးတယ်။ မဟာကပ္ပိနမင်းကြီးနှင့် အနော်ဇာမိဖုရားတို့ ဇာတ်လမ်း ဦးသောင်းတို့က သိကြပြီးသားပါ။ သို့သော်

http://www.dhammavideo.com/



ဒီ ဂါထာ ၃-ပုဒ်က အရသာရှိလွန်းလို့ ဇာတ်လမ်းကို အကျဉ်းချုပ် ပြောမှ သရုပ်ပေါ်မယ် ခင်ဗျာ့'

'ပြောပါ ဆရာကြီး'

## မိန်းမချောတို့ရွာ

'မြတ်စွာဘုရားရှင် လက်ထက်တော်က ကုက္ကုဋ္ဌဝတီခေါ်တဲ့ မင်းနေပြည် မြို့တော်တစ်ခု ရှိခဲ့ဖူးတယ် ခင်ဗျာ့။ ယူဇနာ ၃၀၀- ကျယ်ဝန်းသတဲ့။ အဲဒီ မင်းနေပြည်မှာ မဟာကပ္ပိနမင်းကြီးဟာ အနော်ဇာဒေဝီခေါ်တဲ့ မိဖုရားခေါင်ကြီးနှင့် စိုးစံတော်မူတယ်။ 'အနောဇ' ကနေ အနော်ဇာ ဖြစ်လာတာပါ။ လိပ်ဆူးရွှေပန်းလို အသားအရောင်လှတဲ့ မိဖုရားကြီးပေါ့ဗျာ။ မင်းကြီးကလဲ အသားဖြူသေးသွယ်ပြီး နှာခေါင်းချွန်တယ်လို့ သံယုတ်ပါဠိတော်မှာ ဆိုပါတယ်။

'အနော်ဇာမိဖုရားကြီးကလဲ သာမည မဟုတ်ဘူးဗျာ့။ မဒ္ဒီဒေဝီ, ပဘာဝတီ, ခေမာမိဖုရားကြီး, ဘဒ္ဒကာပိလာနီ စတဲ့ မိန်းမချော မိန်းမမြတ်တွေပေါ်ထွက်တဲ့ မဒ္ဒတိုင်း သာဂလခေါ် သာကလနေပြည်တော်က ဘုရင့်သမီး။ သာကလနေပြည်တော်ဆိုတာလဲ သာမညနေရာ မဟုတ်ပြန်ဘူးခင်ဗျာ့၊ အင်္ဂလိပ်လို **မေနန္ဒခေါ်တဲ့ မိလိန္ဒမင်းကြီးရဲ့** နေပြည်တော်။ ရှေးက ပန်ဂျာပ်နယ်၊ ယခုအခါ ပါကစ္စတန်နိုင်ငံ ချေနာ့ဗ်နှင့် ရာဝိမြစ်တို့ အကြားရှိ သျှီယားကွတ် (Sialkot) ခေါ်ပါတယ်။

'အာ ... ဆရာကြီးရဲ့ မဟာကပ္ပိနက **ခေတ်သုံးခေတ်**



သမိုင်းအမြင် နှင့်ဆိုတော့ ကျွန်တော်တို့ တစ်ခါမှ မကြားဖူးသေးဘူးဗျာ၊ နေရာကျလိုက်တာ၊ ဆက်ပါဦး ဆရာကြီးရယ်'

'အဲ ... ရှေးက ကုသိုလ်ကောင်းမှု အတူပြုခဲ့ကြလို့ မင်းကြီးမှာ အမတ်တစ်ထောင် အခြံအရံရှိသလို၊ မိဖုရားကြီးမှာလဲ အမတ်ကတော် တစ်ထောင် အခြံအရံရှိကြတယ်။ သွားလာနေထိုင်ကြရာမှာလဲ မင်းရယ်၊ အမတ်ရယ်လို့ မခွဲခြားကြဘူး။ ရှင်ဘုရင်က ဆင်စီးရင် အမတ်တွေလည်း ဆင်၊ မြင်းစီးရင် အမတ်တွေလဲ မြင်းစီးကြရသတဲ့။ ကိုယ်ပြုခဲ့တဲ့ ကံအတိုင်း ဖြစ်ကြရတာ။ **အရာရာမှာ အကြောင်းရင်း ကံကို မြင်အောင်ကြည့်။ ဒါ မသိတော့ မိမိတို့စိတ်နှင့် မတွေ့တိုင်း ပြစ်တင် ရှုတ်ချမိတတ်ၾကယ်။** ဘယ်သူ့ကိုမှ အပြစ်မဖို့သင့်ဘူး ကိုသန့်ဇင်။ နောက်ပြီး ဒီနေရာမှာ တရုတ်ပညာရှိကြီး ကွန်ဖူးရှပ် (Confucius) ပြောတဲ့ စကားတစ်ခွန်းဟာ အလွန် မှတ်သားသင့်တယ် ကိုသန့်ဇင်။ ကွန်ဖူးရှပ်က ပြောတယ်...

An uncultured person blames other, a semi-cultured person blames himself and a fully cultured person blames neither.

အသိဉာဏ် မဖွံ့ဖြိုးတဲ့လူဟာ ထစ်ခနဲရှိ သူများကိုပဲ အပြစ်ဖို့တတ်တယ်။ အတော်အတန် အသိဉာဏ်ရှိတဲ့ လူဆိုရင် ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်လေ့ ရှိတယ်။ ပြည့်စုံရင့်ကျက်တဲ့သူ ရောက်တော့ ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘူးတဲ့။ မှတ်လောက်တဲ့ **စကားပဲ။**

http://www.dhammavideo.com/



## သာဝတ္ထိနှင့် မိုင် ၁၀၀၀

'မင်းကြီးမှာ အာဇာနည်မြင်း ငါးစီးရှိတဲ့အထဲက တစ်စီးကို ကိုယ်တိုင်စီးပြီး ကျန်လေးစီးကို အလျင်အမြန် သတင်းထောက်လှမ်း ရအောင် မြင်းစေကျော်လေးဦးကို ပေးအပ်ထားတယ်။ ရတနာသုံးမျိုး ပေါ်နေကြောင်း သတင်းသဲ့သဲ့ ရထားလို့လား မသိ၊ မြင်းစေကျော် သူရဲကောင်းလေးဦးကို နေ့စဉ် အစားအသောက်တွေ စောစောစီးစီး ကောင်းကောင်းမွန်မွန် ကျွေးမွေးပြီး မြို့တော်လေးမျက်နှာ နှစ်ယူဇနာ သုံးယူဇနာ အတွင်း အသီးသီး သတင်းထောက်လှမ်းဖို့ လွှတ် တယ်၊ ရတနာသုံးပါးသတင်း ကြားသိရလျှင် ချက်ချင်းလာပြီး သံတော်ဦးတင်ရမယ်လို့လဲ မှာကြားလိုက်တယ်။

'အရှေ့၊ အနောက်၊ တောင်၊ မြောက် ကိုယ့်တာဝန်နှင့်ကိုယ် ထွက်ပြီး ထောက်လှမ်းကြပေမယ့် ကာလအတန်ကြာ ဘာသတင်းမှ မရဘဲ ပြန်လာကြရတယ်။ ဒါပေမယ့် မင်းကြီးက မလျှော့ဘူး လွှတ် မြဲ လွှတ်တယ်။

'တစ်နေ့တော့ အမတ်တစ်ထောင်နှင့်အတူ မြင်းတွေကိုယ်စီ စီးကြပြီး ဥယျာဉ်ကစား ထွက်ကြတော့ သာဝတ္ထိကလာတဲ့ ကုန်သည် ငါးရာနှင့် မြို့အထွက်မှာပဲ တွေ့ဆုံမိကြလို့ ဘယ်ကလာကြသလဲလို့ မေးတော်မူတယ်။ ကျွန်တော်မျိုးတို့ ဤကုက္ကုဋဝတီကနေ ယူဇနာ ၁၂၀-ဝေးတဲ့ သာဝတ္ထိပြည်က လာကြောင်း သံတော်ဦး တင်ကြ တယ်။ လက်ဆောင်ပဏ္ဏာများ ဆက်သကြတယ်။ သာဝတ္ထိမှာ သာယာဝပြောမှု ရှိ မရှိ၊ မင်း တရားစောင့် မစောင့် မေးလို့လဲ သံ တော်ဦးတင်ကြရတယ်'



'ဆရာကြီး ... ကုက္ကုဋဝတီ ဆိုတာလဲ ကျွန်တော်တို့ နား မကျက်မိဘူး၊ သာဝတ္ထိပြည်နှင့် ယူဇနာ ၁၂၀-ဝေးတယ်ဆိုတော့ မိုင် တစ်ထောင်နီးပါးလောက် ဝေးမှာပေါ့နော်။ ယခုခေတ်အနေနှင့် ပြောရင် မဟာကပ္ပိနမင်းကြီးတို့ နိုင်ငံဟာ ဘယ်လောက်ဆီမှာ ရှိလေ မလဲ ဆရာကြီး'

'အေး ... ကိုသန့်ဇင် မေးမယ်ဆိုလဲ မေးစရာပဲ။ တကယ် တော့ ပစ္စန္တရာဇ်အရပ်ပါ။ ရှေ့မှာလဲ သမိုင်းအထောက်အထားတွေ့ ပါလိမ့်မယ်။ ယခု အာဖဂန္နစ္စတန်နှင့် ပါကစ္စတန်လို့ခေါ်တဲ့ ဂန္ဓာရ တိုင်းနှင့် နယ်အစပ်က ဖြစ်မှာပါပဲ။ ရှေ့မှာလာပါလိမ့်ဦးမယ်။ အိန္ဒိယ အနောက်မြောက်ဒေသလို့ အကြမ်းဖျင်းအားဖြင့် မှန်းဆကြည့်ပေါ့ လေ။

## သတင်းတစ်ပုဒ် ငွေတစ်သိန်း

'ဒါ ... ထားပါဦး ကိုသန့်ဇင်၊ မင်းကြီးက သာဝတ္ထိက လာ ကြတဲ့ ကုန်သည်တွေကို အဲဒီနယ်မှာ ဘာသတင်းထူးများ ရှိသေး သလဲလို့ ထပ်ပြီး မေးမြန်းတယ်။ စပ်စုတာ မဟုတ်ဘူးနော် ... ကိုသန့်ဇင်၊ ပါရမီက နှိုးဆော်နေတော့ ရတနာသုံးပါးကို အစာငတ် သလို တောင့်တပြီး မင်းကြီးစိတ်ထဲမှာလဲ သူ့ပါရမီကြောင့် တစ်စုံ တစ်ရာ ထူးခြားရမယ်ဆိုတာ ထင်နေတယ်၊ မြင်နေတယ်။

"ဒီတော့ ကုန်သည်တွေက ခံတွင်းဆေးကြော ပလုတ်ကျင်း ပြီးမှ သတင်းထူးကို သံတော်ဦးတင်ပါရစေဆိုလို့ မင်းကြီးက ရွှေ ကရားထဲက ရေတစ်ခွက် ငှဲ့ပေးရတယ်။ ကြားလား ကိုသန့်ဇင်။

http://www.dhammavideo.com/



သည်တော့မှ 'သာဝတ္ထိမှာ ထူးခြားတဲ့ သတင်းဆိုလို့ တစ်ခြားဟာ မရှိပါ၊ မြတ်စွာဘုရား **ပွင့်**ပေါ်တော်မူတာပဲ ထူးဆန်းပါကြောင်းပါ' လို့ သံတော်ဦးတင်**ကြတော့** 'မြတ်စွာဘုရား' ဆိုတဲ့ အသံကြားတာနှင့် မိုးကြိုးပစ်သလို **အံ့အားသင့်**သွားတယ်။ ပီတိတွေလဲ ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေ**တယ်။**"

'မြတ်စွာဘုရား ... **ဟုတ်**လား ... မြတ်စွာဘုရားလို့ သုံးကြိမ် တိုင်တိုင် ထပ်ပြီး မေးပါ**တယ်။ ဟုတ်**မှန်ကြောင်းလဲ သိရော အတိုင်း မသိ ဝမ်းသာသွားပြီး ကုန်သည်တွေကို ငွေတော်တစ်သိန်း ဆုချ ပါတယ်။ နောက် တရားရတနာပေါ်တဲ့ အကြောင်း၊ သံဃာရတနာ ပေါ်တဲ့ အကြောင်း ကြားရပြန်တော့လဲ ရှေးနည်းအတူပဲ ပီတိတွေ ဖြစ်ပြီး အထပ်ထပ် မေးစစ်ပြီး ဆုတော်ငွေ နှစ်သိန်း ထပ်မံ ချီးမြှင့် လိုက်သတဲ့ ကိုသန့်ဇင်၊ မင်းကြီးလဲ ထိုင်ရမလို ထရမလို စိတ်တွေ တက်ကြွနေတယ်'

'ဆရာကြီး ... သရဏံ ဂစ္ဆာမိ မပါသေးဘဲ၊ ဗုဒ္ဓ-ဓမ္မ သံဃ သတင်းပေးရုံနှင့် သုံးသိန်း တန်သွားပြီပေါ့နော်'

'ကဲ ... အမောင်တို့၊ ဘယ့်နှယ်လဲ အမတ်တစ်ထောင်ဘက် လှည့်ပြီး မေးတယ်။ ငါကိုယ်တော်မြတ်တော့ နန်းတော်ကို လှည့် မပြန်တော့ဘူး။ ဘုရားသခင်ရှိရာ သာဝတ္ထိကို ဦးတိုက်သွားပြီး ရဟန်း ပြုတော့မယ် လို့ မိန့်တော်မူတော့ အမတ်တွေ အားလုံးကလဲ အတူလိုက်ပါဖို့ ကတိပေးကြတာပေါ့။ အဲသလို ချက်ချင်းဆုံးဖြတ်၊ အနော်ဇာမိဖုရားကြီးထံ ကုန်သည်များကို **ဆု**တော်ငွေ သုံးသိန်း ထုတ်ပေးလိုက်ဖို့နှင့် ထီးနန်းကို အပ်ခဲ့ကြောင်း၊ ရွှေပြားမှာ သဝဏ်

http://www.dhammavideo.com/



လွှာ အမှာစကား ရေးပြီး ကုန်သည်များလက်ထဲ အပ်လိုက်တယ်၊ မိဖုရားကြီးက မေးရင်လဲ အကျိုးအကြောင်း ပြည့်စုံအောင် ပြောပြလိုက်ရန် ကုန်သည်တွေကိုပဲ မှာကြားပြီး မြင်းကိုယ်စီနှင့် သာဝတ္ထိပြည်ဘက် ဦးတည် စိုင်းခဲ့ကြသတဲ့။

## မြစ်ကူးချောင်းခြား ခရီးသွားဖော်

'တော်တော်ကလေး သွားမိကြတော့ မြစ်ကြီးတစ်မြစ်က ကန့်လန့် စီးနေလို့ ကမ်းနဖူးအရောက် မြင်းပေါ်က ဆင်းကြရတယ်။ ဘာမြစ် ခေါ်သလဲ၊ ဘယ်လောက် နက်ပြီး ဘယ်လောက်ကျယ်သလဲ မေးတော်မူလို့ အပရစ္ဆာမြစ် ခေါ်ကြောင်း တစ်ဂါဝုတ် (နွားတစ်ထွန်)နက်၍ နှစ်ဂါဝုတ် ကျယ်ကြောင်း သံတော်ဦး တင်ကြရတယ်။ လှေတို့ ဖောင်တို့ ရနိုင်, မရနိုင်ကြောင်း မေးတော့လဲ မရနိုင်ကြောင်း၊ မရှိကြောင်း သံတော်ဦး တင်ကြတယ်။ ဒီတော့ မင်းကြီးက စဉ်းစားတယ်၊ လှေတွေ ဖောင်တွေ ရှာဖွေပြုလုပ်နေတုန်းပဲ သေသွားနိုင်တယ်။ ယခုပဲ ဇာတိ-ဇရာ-ဗျာဓိ-မရဏ တရားတွေက လက်ဆင့်ကမ်းပြီး တွန်းပို့နေကြပြီ။

'ငါသည် ယုံမှား သံသယမရှိ၊ ရတနာသုံးပါးကို ဦးတိုက်ရည်ညွှန်းပြီး နန်းပေါ်ကဆင်း၍ တောထွက်လာသူ ဖြစ်ပါသည်။ ထို ရတနာသုံးပါးတို့၏ အာနုဘော်တော်ကြောင့် ငါ့အဖို့ရာ ဤရေသည် ရေကဲ့သို့ မဖြစ်ပါစေလင့်'။ အဲသလို အဓိဋ္ဌာန်လိုက်ပါတယ်။ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်များကိုလဲ အာရုံပြုပြီး မြင်းကိုယ်စီ တက်စီးကာ ဒီဂါထာကို ရွတ်ဆိုရင်း မြစ်ထဲကို ထိုးဆင်း မောင်းနှင်သွားလိုက်ကြပါတယ်။

http://www.dhammavideo.com/



## ဗုဒ္ဓဂုဏ်

(၁) 'ဘဂဝသောတံ ဟဝေ ဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

(တိန်နော လောကန်တဂူ၊ သစ်စဝစ်ဇေန၊ သမိတ်ဇတု။)

ဗုဒ္ဓေါ- မြတ်စွာဘုရားသခင်သည်၊ ဟဝေ- စင်စစ်ဧကန်၊ အမှန်ပင်။ ဘဂဝသောတံ- ဘဝတည်းဟူသော သံသရာရေယဉ်ကို။ တိဏ္ဏော- ကူးမြောက်တော်မူလေပြီ။ လောကန္တဂူ- လောကဆုံးရာ နိဗ္ဗာန်သို့လည်း ရောက်တော်မူလေပြီ။ ဝိဒူ- တရား အလုံးစုံကိုလည်း သိမ်းကျုံးကုန်စင် သိမြင်တော် မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန- ဤမှန်သော ဝစီသစ္စာကြောင့်။ မေ-မဟာကပ္ပိနခေါ် ဘုရားတပည့်တော်၏။ ဂမနံ- ခရီးသွားခြင်းသည်။ သမိဇ္ဈတု- ဘေးရန် မနှောင့်၊ ကြောင့်ကြမဝင်၊ အောင်မြင် ပြီးပြည့်စုံပါစေသတည်း။

'အဲသလို ရွတ်ဆိုပြီး ရေပြင်မှာ မောင်းနှင်လိုက်ကြတာ ကျောက်ဖျာပေါ် သွားရသလို မြင်းခွာတောင် ရေမစွတ်ဘူးတဲ့ဗျာ'

'သာဓုဗျာ ... ခရီးသွားတဲ့ ပုဂ္ဂိုလ်များနှင့် အတော်သင့်လျော်တဲ့ ဂါထာပဲနော်'

'ဟုတ်ပါတယ် ... ဦးသောင်း။ အဲသလိုနှင့် ရှေ့ဆက်ပြီး



အတော်ကြာကြာ သွားမိကြတော့ ယူဇနာဝက် အနက် အကျယ်ရှိတဲ့ နီလဝါဟိနီခေါ်တဲ့ မြစ်ကြီးက ဆီးနေပြန်ရော ခင်ဗျာ့။ ဒီမြစ်ရောက်တော့ တရားတော်ဂုဏ် အာရုံပြုပြီး ...

## ဓမ္မဂုဏ်

(၂) 'ယဒိ သန္တိဂမော မဂ္ဂေါ၊
မောက္ခောစ' စ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။
(မောက်ခေါ၊ စစ် စန်တိကန်)

ဒီဂါထာရွတ်ပြီး ကူးသွားလိုက်တာ ချောမောစွာ ကမ်းတစ်ဖက် ရောက်သွားကြပြန်တယ်။

'မဂ္ဂေါ- လောကုတ္တရာတရား မဂ်လေးပါးသည်။ ယဒိ- စင်စစ်ဧကန်၊ အပှန်ပင်။ သန္တိဂမော- နိဗ္ဗာန်ထုတ် ချောက်၊ ရောက်စေနိုင်ပါပေ၏။ မောက္ခောစ- နိဗ္ဗာန် တရားမြတ်သည်လည်း။ အစ္စန္တိကံ သုခံ- ချမ်းသာစစ် ချမ်းသာမှန်ကြီး ဖြစ်ပါပေ၏။

(ဧတေန သစ္စဝဇ္ဇေန စသည် အတူတူ။)

### ပန်ဂျာဗ်ပြည်နယ်က မြစ်ငါးသွယ်

'တစ်ခါ ရှေ့နားရောက်တော့ အနက်အကျယ် တစ်ယူဇနာစီရှိတဲ့ စန္ဒဘာဂါမြစ်ကြီးနှင့် ရင်ဆိုင်ကြရပြန်တယ်'

http://www.dhammavideo.com/



'ဆရာကြီး ... အဲဒီ မြစ်တွေက ယခုအခါ ရှိနေကြသေးသလား။ ကျွန်တော်တို့ဖြင့် မကြားမိဘူး'

'ရှိပြီလား ... ကိုသန့်ဇင်၊ ခေတ်တွေက ကြာတော့ မြစ်ရေစီးကြောင်း ပြောင်းသင့်သလောက် ပြောင်းသလို အမည်တွေကလဲ ပြောင်းလဲတတ်တဲ့ သဘာဝတရားတွေပဲပေါ့။ ဒီ မြစ်တွေဟာ အိန္ဒိယရှေးဟောင်း-ခေတ်သစ် မြေပုံတွေထဲမှာကြည့်ရင် ပါကစ္စတန်၊ ကသျှမီး၊ ပန်ဂျာဗ်ပြည်နယ် သုံးနယ်လုံးနှင့် ဆက်သွယ်နေတာ တွေ့နိုင်ပါတယ်။ မြစ် ၅-သွယ်တောင် ရှိပါတယ်။ ပါဠိလို 'ပဉ္စအာပ' (မြစ်ကြောင်း ၅-ခု)ဆိုတဲ့ ဝေါဟာရကနေ 'ပန်ဂျာဗ်' ဖြစ်လာတာပါပဲ။

'အဲဒီမြစ် ၅-သွယ်ထဲက စန္ဒဘာဂါဆိုတဲ့ မြစ်ဟာ အလက္ကဇန္ဒားဘုရင် ဝင်ရောက်တဲ့အချိန်က 'ကဆန္ဒာဘတ်ဂ်' လို့ ခေါ်ပြီး တရုတ်ဘုန်းတော်ကြီး ဝှင်သျှင် ရောက်တုန်းက 'စန္ဒဘာဂါ' လို့ပဲ ခေါ်တယ်။ ယခုတော့ 'ချေနာ့ဘ် (Chenab)' လို့ ခေါ်နေကြပါတယ်။ ကျန်တဲ့ မြစ်လေးသွယ်လဲ သူ့ခေတ် အခေါ်နှင့်သူ ယခုထိ ရှိနေကြပါသေးတယ်။ ကိုသန့်ဇင်၊ နောက်ပြီး ပညာရှင်များက အပရစ္ဆာ (အရဝစ္ဆာ) မြစ်ကို သိန္ဓုမြစ်လက်တက်တစ်ခု ဖြစ်မယ်၊ နီလဝါဟိနီမြစ်ကိုတော့ ယခု ဂျေလမ် (Jhelum) မြစ်လို့ ဆိုကြပါတယ်' (အပဒါန်အဋ္ဌကထာနှင့် ဓမ္မပဒ အဋ္ဌကထာအတိုင်း။ သံယုတ်အဋ္ဌကထာ၌ စန္ဒဘာဂါမှ တစ်ပါး ကျန်မြစ် ၂-ခု အမည်သာမန် ဖြစ်နေ၏။)

'စိတ်ဝင်စားစရာကြီးပါလား ဆရာကြီး။ နောက်ဆုံး စန္ဒဘာဂါမြစ်ကို ကူးတော့လဲ သံဃာတော်ဂုဏ်ကို အာရုံပြုပြီး သံဃဂုဏ်သစ္စာဆိုတဲ့ ဂါထာရွတ် ကူးကြမှာပေါ့နော်၊ ရွတ်ပြပါဦး ဆရာကြီး'



'ဟုတ်တယ် ကိုသန့်ဇင် ... အဲဒီ ဂါထာက ဒီလို ...

သံဃဂုဏ်

(၃) သံဃော ဝေ တိဏ္ဏကန္တာရော၊
ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

(တိန်န- ကန်တာရော၊ ပုန်ညက်ခစ်တော။)

သံဃော- အရိယာ သံဃာတော် အပေါင်းသည်။ ဝေ- စင်စစ်ကေန်၊ အမှန်ပင်။ တိဏ္ဏ- ကန္တာရော- သံသရာခရီးကြမ်းကို၊ တက်လှမ်း ကူးမြောက်တော်မူ နိုင်ပါပေ၏။ အနုတ္တရော- အတုမရှိ မြင့်မြတ်တော်မူသော။ ပုညက္ခေတ္တော- ကုသိုလ်စေ့မျိုး၊ ဖွံ့သန်ဖြိုးအောင်၊ စိုက်ပျိုးကြဲချရာ၊ လယ်ယာ မြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ဧတေန သစ္စဝဇ္ဇေန- ဤသို့ ထုတ်ပြန်၊ ဟုတ်မှန်သော ဝစီသစ္စာ၊ မင်္ဂလာစကားကို ဆိုရခြင်းကြောင့်။ မေ- မဟာကပ္ပိနခေါ်၊ ဘုရားတပည့်တော်၏။ ဂမနံ- ခရီးသွားခြင်းသည်။ (ဂမနံ- ရတနာသုံးပါး၊ အာရုံထားလျက်၊ သွားရောက်ရသော ခရီးသည်။) သမိဇ္ဈတု- ဘေးရန် မနှောင့်၊ ကြောင့်ကြ မထင်၊ အောင်မြင် ပြီးမြောက်ပါစေသတည်း။'

'ဆရာကြီး ဒီဂါထာတွေက အလွန်ကြည်ညိုစရာ ကောင်းပါကလား၊ နေ့တိုင်းကို ရွတ်ဖတ်သင့်ပါတယ်။ သရဏဂုံ သုံးပါး၊ ရတနာသုံးပါး ဂုဏ်တွေချည်းပဲ'

http://www.dhammavideo.com/



## ဘုရားရှင် အကြိုတော် ထောက်ပံ့က

'ဟုတ်ပါတယ်၊ ကျွန်တော်တော့ နေ့တိုင်း ရွတ်ပါတယ်။ နေ့တိုင်းရွတ်တော့ ခရီးသွားတာ မဟုတ်လို့ '**မေ - ငါ၏။ ဂမန် - သံသရာခရီးသွားခြင်းသည်**' လို့ အဲသလို အောက်မေ့ပြီး ရွတ်ပါတယ်'

'ဒါလဲ မှတ်စရာပဲ ဆရာကြီး'

'အဲ ... ကိုထွန်းလွင်တို့၊ ကိုသန့်ဇင်တို့။ မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ဟာ သိန္ဓောမြင်း အာဇာနည်တွေစီးပြီး နောက်ဆုံး သုံးကြိမ်မြောက် စန္ဒဘာဂါမြစ်ကို ကူးလို့ ဟိုဘက်ကမ်းလဲရောက်ရော၊ ကမ်းနဖူးထိပ်မှာ အရိပ်အာဝါသကောင်းလှတဲ့ ညောင်ပင်ကြီးတစ်ပင် အောက်ကနေပြီး အံ့ဩစရာ အရောင်အလင်းတွေ အမျိုးမျိုးဖြာပြီး ထွက်နေတာ တွေ့မြင်ကြရတယ်။ မင်းကြီးဟာ ပါရမီဓာတ်ခံရှိတဲ့ မင်းကြီးဆိုတော့ ဒီအရောင်တွေဟာ တစ်ခြားမဟုတ်နိုင်ဘူး၊ ဘုရားရှင်ရဲ့ ရောင်ခြည်တော် ခြောက်သွယ်ပဲ ဖြစ်ရမယ်ဆိုပြီး ချက်ချင်းမြင်းပေါ်က ဆင်းကြတယ်။ ရောင်ခြည်တော်တွေထဲ နှစ်မြှုပ်တိုးလျှိုးပြီး ကိုယ်ကို ညွတ်ကိုင်းကာ ဘုရားရှင် သီတင်းသုံးတဲ့ ညောင်ပင်ကြီးအောက်ကို တန်းဝင်သွားကြသတဲ့ဗျာ... ဦးသောင်းရေ'

'မြတ်စွာဘုရားရှင် မြင်တော်မူလို့ ယူဇနာ ၁၂၀ (မိုင်တစ်ထောင်နီးပါး) ခရီးကို ကြွလာ ချီးမြှောက်တော်မူတာပေါ့နော်'

'ဟုတ်ပါတယ် ကိုသန့်ဇင်၊ ဒီလောက်ဝေးတဲ့ ခရီးကို ကုန်း



ကြောင်း ကြွလာတော်မူတာ အံ့ဩစရာ မကောင်းဘူးလား၊ အဲတာထက် အတုမရှိ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာမန် လူများအတွက် တကူးတက ဒုက္ခခံပြီး ကြွတော်မူတယ်လေ ...'

'ဟုတ်ပါရဲ့ ဆရာကြီး'

'သူတော်ကောင်းတို့ မည်သည်မှာ လောလောဆယ် ဂုဏ်ရှိ မရှိ၊ မျက်နှာကြီးငယ် ရွေးချယ်ပြီး ပြုလုပ်ကြတာ မဟုတ်ဘူး ကိုသန့်ဇင်၊ အကျိုးစီးပွားများဖို့ ချမ်းသာစေဖို့ကိုသာ ကြည့်တော် မူတာကိုးဗျာ့'

'မဟာပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ဟာ ဘဝ တော်တော်များများ ရက်ကန်းသည် ဘဝတူတွေ ဖြစ်ခဲ့ကြပြီးသာသနာပမှာ ပစ္စေကဗုဒ္ဓါတစ်ထောင်၊ ကဿပဘုရားရှင် လက်ထက်တော်မှာလဲ ဘုရားအမှူးရှိသော သံဃာနှစ်သောင်းအတွက် ကျောင်းနှင့်သင်္ကန်းများကို အလုပ်တူ၊ စိတ်တူပြုလုပ် ပေးလှူခဲ့ကြတာကိုလဲ မြတ်စွာဘုရားရှင် မြင်တော်မူတယ် ခင်ဗျာ့။

'ယခုဘဝမှာ ပစ္စန္တရာဇ်အရပ်မှာ ဖြစ်ရသော်ငြားလဲ ထီးနန်းစွန့်ပြီး တောထွက်ခဲ့တာကို မြင်တော်မူလို့ တရားအမြိုက်ဆေး တိုက်ကျွေးလိုက်တော့ အားလုံး သောတာပန်ချည်း ဖြစ်သွားကြသတဲ့ဗျာ။ ရှင်ရဟန်းပြုခွင့် တောင်းပန်ကြတော့လဲ ဘဝဘဝက သင်္ကန်းဒကာတွေ ဖြစ်ခဲ့ကြတော့ ဧဟိဘိက္ခု - ခေါ်တော်မူတာနဲ့ လူ့အသွင်ပျောက်ပြီး ချက်ချင်း ရဟန်းတော်တစ်ထောင် ဖြစ်တော်မူသွားကာ ဘုရားရှင်အနီးမှာ ရှိသေစွာ ဆည်းကပ်ခစားနေကြသဗျာ။

http://www.dhammavideo.com/



## မိန်းမသားပေမယ့်

'အဲဒီအချိန်မှာ ကျန်ခဲ့ကြတဲ့ အနော်ဇာမိဖုရားကြီးနှင့် အမတ်ကတော် တစ်ထောင်တို့ခမျာ သောကရောက်ပြီး ငိုကြွေးနေ ရှာကြရှာသလား၊ မထင်နှင့်ဗျို့။ သူတို့လဲ ဘဝတူ အလုပ်တူ လင် ယောက်ျားသားတွေနှင့် အားကျမခံ လက်တွဲခဲ့ကြတဲ့ ပါရမီရှင် ပါရမီ ဖြည့်ဖက်တွေပဲ ဟာကိုး။

'အနော်ဇာမိဖုရားကြီးဆိုရင် ကဿပဘုရားရှင်ကို သင်္ကန်း လှူကြတဲ့နေရာမှာ သူများထက် သာအောင် လိပ်ဆူးရွှေပန်းရောင် ကျ ဆေးဆိုးပြီး လိပ်ဆူးရွှေပန်း တစ်ခြင်းနှင့်အတူ လှူခဲ့တာတဲ့ဗျာ၊ ဒီလိုမဟုတ်လား ဦးသောင်း။

'ဒီတော့ သာဝတ္ထိက လာကြတဲ့ ကုန်သည် ငါးရာတို့ဟာ ဆုတော်ငွေ သုံးသိန်းထုတ်ယူဖို့ ကုက္ကုဋဝတီ နန်းတော်ထဲဝင် အနော် ဇာ မိဖုရားထံရောက်၊ အကျိုးအကြောင်း သံတော်ဦးတင်ကြတဲ့အခါ သတင်းထူး လျှောက်ထားလို့ ဆုချကြောင်း သိရတော့ မိဖုရားကြီး က ဘာသတင်းထူးတွေလဲလို့ မေးပါတယ်။ ကုန်သည်များက ပလုတ် ကျင်းပြီး သတင်းတစ်ခုပြီး တစ်ခု လျှောက်တင်ကြတဲ့အခါ မင်းကြီး လိုပဲ ပီတိတွေ တလှိုက်လှိုက်ဖြစ်ပြီး ရတနာတစ်ပါးလျှင် ဆုတော် ငွေ သုံးသိန်းကျ သုံးဆတိုးပြီး ဆုချလိုက်ပါတယ်။ ကုန်သည်တွေ လျှောက်တင်ချက်အရ မိဖုရားကြီးအား ထီးနန်းလွှဲအပ်လိုက်ကြောင်း၊ မင်းကြီးနှင့် အမတ်တစ်ထောင်တို့ သိန္ဓောမြင်းကိုယ်စီနှင့် ရဟန်းပြု ဖို့ ထွက်ခွာသွားကြကြောင်း သိရတာနှင့် တစ်ပြိုင်နက် မိဖုရားကြီး



ကလဲ အားကျမခံ ဘဝတူ အမတ်ကတော် တစ်ထောင်တို့ကို ခေါ်ယူ စည်းဝေးတယ် ခင်ဗျာ့။

'ညီမတော်တို့၊ မောင်တော်ဘုရားက အစ်မတော်ကို ဒီ မင်း စည်းစိမ်တွေကို လူကြုံနှင့် လွှဲအပ်သွားတယ်လေ။ မင်းစည်းစိမ်ဆို တာ မောင်တော်ဘုရားကိုသာ ဒုက္ခပေးတာမဟုတ်ဘူး၊ အစ်မတော် လက်ခံရင် အစ်မတော်ကိုလဲ ဒုက္ခပေးကြမှာ အမှန်ပဲ။ သူကမှ တံထွေးပေါက်လို စွန့်ပစ်သွားမှတော့ သူထွေးပစ်တဲ့ တံထွေးပေါက် ကို အစ်မတော်က ဒူးထောက်ပါးစပ်ဟပြီး သောက်ယူမျိုချလို့ကော တော်ပ့ါမလား ညီမတော်တို့' စသည်ဖြင့် ပေါ့ဗျာ ... ပြောဆို စည်းဝေး ပြီး အားလုံးသဘောတူ သိန္ဓောမြင်းကသော ရထားကိုယ်စီနှင့် မင်းကြီးများ သွားတဲ့လမ်းအတိုင်း မောင်းနှင် ထွက်ခွာခဲ့ကြသတဲ့။

'အေးဗျာ ... အဲဒီလမ်းအတိုင်း လိုက်ကြတော့ စောစောက ပြောခဲ့တဲ့ မြစ်ကြီးသုံးခုလဲ တွေ့တာပဲ။ မိဖုရားကြီးက သူတို့လဲ ရတနာ သုံးပါးဂုဏ်ကို အာရုံပြု အဓိဋ္ဌာန်ပြီး ကူးသွားကြတာ ဖြစ် ရမယ်လို့ စဉ်းစားပြီး ကူးကြတာ ရထားဘီးသံပတ်တောင် ရေမစွတ် ဘူးတဲ့။

'အနော်ဇာ မိဖုရားကြီးတို့တစ်တွေ စန္ဒဘာဂါမြစ်ကူးပြီး ညောင်ပင်ကြီးဆီ ဦးတည်လာကြတော့ မိမိတို့လင်သားများ ဘဝ ပြောင်းနေတာကို ရုတ်တရက် မြင်ရလို့ တစ်စုံတစ်ရာ စိတ်အနှောင့် အယှက်ဖြစ်ခဲ့သော် တရားကို ဖြောင့်ဖြောင့် မနာနိုင်ဘဲ မဂ်ဖိုလ် အခွင့်အရေးကြီးနှင့် လွဲမှာစိုးလို့ မဟာကပ္ပိန ရဟန်းများကို တန်ခိုး တော်နှင့် ဖုံးကွယ်ပေးထားတော် မူရသဗျာ့။

http://www.dhammavideo.com/



'တရားနာပြီးလို့ သောတာပန် တည်သွားကြတော့မှ မြင်ခွင့်ပြုတော်မူတယ်။ မကြာမီဘဲ ဘုရားရှင်၏ တောင့်တတော်မူချက်အရ ဥပ္ပလဝဏ် ထေရီမကြီး သာဝတ္ထိက ကြွလာပြီး ရဟန်းမပြုခိုင်းပြီးမှ မြတ်စွာဘုရားရှင်က ဇေတဝန်ကျောင်းတော်သို့ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ နှစ်ထောင်တို့ကို ကောင်းကင်က ခေါ်ဆောင်တော် မူသွားပါတယ်။ (ခရီးသွားဂါထာ သုံးပုဒ်က မဟာကပ္ပိနတ္ထေရာပဒါန် ပါဠိတော်မှာ လာပြီး အတ္ထုပ္ပတ္တိကတော့ သံယုတ်၊ အင်္ဂုတ္တရနှင့် ဓမ္မပဒ အဋ္ဌကထာများမှာ ပါရှိပါတယ်။)

## ခလုတ်မထိ ဆူးမငြိရလေအောင်

'သာဓုဗျာ ... သာဓု။ ကျွန်တော်တို့လဲ နောက်ဆိုခရီးသွားတိုင်း ရွတ်ဖို့ ကုသိုလ် တိုးပြန်တာပေါ့။ ဒါထက် ဆရာကြီး ခရီးသွားဂါထာဆိုလို့ ကျွန်တော့် ဆရာတော် တစ်ပါးက ကြာပါပြီ၊ ခရီးသွားတိုင်း ရွတ်ဖို့တဲ့ ဂါထာတစ်ပုဒ် ပေးထားလို့ ကျက်မှတ်ထားဖူးတယ်။ ခရီးကလဲ အသွားနည်းတော့ မရွတ်ဖြစ်ဘူး ဆရာကြီး။ အနက်လဲ ရေးပေးမထားတော့ အဓိပ္ပာယ်မသိလို့ မရွတ်ဖြစ်တာလဲ ပါရဲ့၊ မေ့တော့ မမေ့သေးဘူး'

'ဆိုစမ်းပါဦး ဦးသောင်းရဲ့ ဂါထာက ...'

'ပါသာဏာ သက္ခရာစေဝ၊ (သက်ခရာ)
ကထလာ ခါဏုကဏ္ဍကာ။ (ကန်တကာ)
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ (ဝိဝစ်ဇန်တိ)
ဂစ္ဆန္တေ လောကနာယကေ။ (ဂစ်ဆန်တေ)



ဇေတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

'အဆုံးသတ်ကလေးကတော့ တူသား ဆရာကြီး'

'တူမှာပေါ့ ဦးသောင်းရဲ့၊ ခုနက ဂါထာက တိုက်ရိုက်ယူထားတာကိုး။ ကောင်းပါ့ဗျာ၊ ဒီဂါထာလဲ ခရီးသွားရွတ်သင့်တဲ့ ဂါထာပါပဲ၊ အနက်လဲ လွယ်ပါရဲ့၊ ဘုရားရှင်တို့ရဲ့ ကြွလှမ်းတော်မူရာမှာ ထူးခြားပုံ ဂုဏ်တော်ကြီး တစ်ခုပါပဲ၊ ကျွန်တော်က ကောင်းကောင်းမှတ်မိနေတယ် ဦးသောင်းရဲ့။ 'ရတနာသုံးပါး ကျေးဇူး' စာအုပ်မှာ မြတ်စွာဘုရားရှင်ရဲ့ ထူးခြားတဲ့ အချက်အလက် (ဂုဏ်တော်) တွေကို နောက်က လိုက်စုံထောက်ပြီး ဥတ္တရလုလင်က သူ့ဆရာ ဗြဟ္မာယုပုဏ္ဏားကြီးကို အစီရင်ခံတဲ့အထဲမှာ ဆွဲယူပြီး ရေးထည့်မယ်တောင် စိတ်ကူးသေးတယ်။ များကလဲ များ၊ နေရာက တစ်ခြားစီဖြစ်နေလို့'

'ဩော် ... ဟုတ်ကဲ့၊ ဟုတ်ကဲ့သာ လိုက်ရတယ် ... အနက်အဓိပ္ပာယ်က ...'

'လောကနာယကေ- လူနတ်ဗြဟ္မာ၊ သတ္တဝါ မှန်သမျှတို့၏ လမ်းပြရှေ့ဆောင်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဂစ္ဆန္တေ- ထိုထိုအရပ်သို့ ဒေသစာရီ ကြွချီတော်မူလတ်သော်။ ပါသာဏာစေဝ- ကျောက်လွှာကျောက်ချပ်တို့သည် လည်းကောင်း။ သက္ခရာစ- ကျောက်စရစ်ခဲတို့သည် လည်းကောင်း။ ကထလာစ- အိုးခြမ်းကွဲအိုးခြမ်းပဲ့ အစအနတို့သည် လည်းကောင်း။ ခါဏုကဏ္ဍကာစ - သစ်ငုတ်ဆူးငြောင့်တို့သည်လည်းကောင်း။ သဗ္ဗေ-

http://www.dhammavideo.com/



အလုံးစုံသော ထိခိုက်ရှနဖွယ် မှန်သမျှတို့သည်။ မဂ္ဂါ- ရှင်တော်ဘုရား ကြွသွားရာလမ်းမှ။ ဝိဝဇ္ဇန္တိ- ပါရမီဆယ်ခန်း ဘုန်းတော်စွမ်းကြောင့် လမ်းဖယ် တိမ်းရှောင်ကြလေကုန်၏'။

'ဪ ... အဓိပ္ပာယ်က ဒီလိုကိုး ... သာဓုဗျာ ... သာဓု'

'ဒီ ဂါထာက မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ သေခသုတ်မှာလာတဲ့ ဂါထာ၊ ကျွန်တော်တို့ ရှေးလူကြီးတွေ ဆုပေးလေ့ရှိတဲ့ 'သွားလေရာ ခလုတ်မထိ၊ ဆူးမငြိပါစေနှင့်' ဆိုသလို ဒီဂါထာက ကုန်းလမ်းခရီး အတွက်၊ မဟာကပ္ပိနမင်းကြီး ခရီးသွားဂါထာက ရေလမ်းခရီး အတွက်၊ သည်လိုလဲ ခွဲခြားချင်လျှင် ခွဲခြားနိုင်ပါရဲ့'

## ကပိလဝတ်ပြည်တော်ဖွင့်ပွဲကြီး

'ဆရာကြီး ဘာသာပြန်ပြလို့ အနက် အဓိပ္ပာယ်တော့ ရသွားပြီ။ ဒီဂါထာက ဘယ်လိုဘယ်လို ဖြစ်ပေါ်လာတယ်ဆိုတာ...'

'ဦးသောင်းရေ့ အဲဒီအကြောင်းပြောရင် စကားကြောရှည်တော့မှာပဲ'

'ရှည်ပါစေ ဆရာ၊ မအိပ်ဘဲ နာရ နာရ'

'ဟုတ်ပါတယ် ဆရာကြီး'

'အင်း ... ကိုသန့်ဇင်ကပါ ထောက်ခံနေပြန်ပါပြီ။ ဒါဖြင့်လဲ ပြောရသေးတာပေါ့။ ဦးထွန်းလွင်ရေ ... ရေနွေးကြမ်းတစ်ခွက်လောက် 'အာဆွတ်' ပါရစေဦး။'



'မြတ်စွာဘုရား ခရီးတို့ရှည် ဒေသစာရီ ကြွချီတော်မူတဲ့အခါ ကြည်ညိုဖွယ်ကောင်းတဲ့ ထူးခြားတဲ့ ကိုယ်အမူအရာတော်တွေ ရှိသေးတယ် ခင်ဗျာ့။ အသိနည်းကြပါတယ်၊ အဋ္ဌကထာတွေမှာ ရေးဖွဲ့ထားတဲ့ ဂုဏ်တော်ဖွင့်ဆိုတော့ တမင်ထုတ်ပြီး ရေးကြ ဟောပြောကြမှလဲ လူအများစုက သိကြရပါတယ်။ ရှိနေတာကလဲ စာအကြည့်အရှု အပို့အချနည်းတဲ့ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဖြစ်နေပြန်တယ်လေ။ ရေးဖွဲ့သူက အဋ္ဌကထာ ဆရာကြီး အရှင်မဟာ ဗုဒ္ဓဃောသ၊ မဇ္ဈိမပဏ္ဏာသထဲက 'သေခ' ဆိုတဲ့ သုတ်ကို ဖွင့်ဆိုတဲ့အခါ ရှေးက အဋ္ဌကထာဆရာတွေလဲ ဒီနေရာရောက်လျှင် ဘုရားရှင်ရဲ့ ကျက်သရေတော်ရှိပုံကို ပါဠိကဗျာမသီကုံးဘဲ မနေနိုင်ခဲ့ကြဘူး။ အရှင်မဟာဗုဒ္ဓဃောသလဲ ထို့အတူပါပဲ။

'သို့သော် အရှင်မဟာဗုဒ္ဓဃောသ လက်ထက်ကျတော့ မြတ်စွာဘုရားရှင်ရဲ့ သွားပုံလာပုံ ကိုယ်အမူအရာတော်တွေကိုချည်း ၁၀-ဂါထာ ဖွဲ့ဆိုပေးသွားပါတယ်။

'ဘုရားရှင်၏ ကြွချီတော်မူပုံ ကျက်သရေတော်နှင့် စပ်လျဉ်း၍ ဤနေရာ၌ ရပ်တန့်လျက် စကားလုံးပုဒ်ပေါင်း အရာအထောင်ဖြင့် **ချီးကျူး** ဖွဲ့ဆိုသင့်လှ၏။ မိမိသဘောကျ ရေးဖွဲ့ရပါမူ**ကား** ...' **အဲ့**သလို စကားခံပြီး ပါဠိ**တော်**နှင့် တိုက်ရိုက် မ**ပတ်သက်**ဘဲ ကြည်ညိုလွန်းလို့ကို **အာသာ** ပြေရုံ ၁၀-ဂါထာ**လောက်** ရေးထားခဲ့တာပါ'

'ဆရာကြီး စကား**ကြောင်း**တာနှင့် ကြားချင်လှပြီ'

'ဒါက စာရေးဆရာ အရှင်မဟာဗုဒ္ဓဃောသဘက်က ခံစား

http://www.dhammavideo.com/



ချက်ပဲ ရှိသေးတာ၊ အဲသလို ရေးဖွဲ့ချင်လောက်အောင် ဘုရားရှင်ရဲ့ ကြွချီတော်မူပုံ (မြင်ကွင်း-ရှုကွင်း) ဘက်က မပါသေးဘူး ဦးသောင်းရေ့ ...။ ခု အဲဒါကို ပြောပါ့မယ်။

'ဗုဒ္ဓရဲ့ ဇာတိဖြစ်တဲ့ ကပိလဝတ်နေပြည်တော်မှ သကျ (ဗမာအခေါ် သက်ကျသာကီဝင်၊ သူတို့အခေါ် ဆ-ကယ) မင်းတွေဟာ လွှတ်တော်မှာ စုပေါင်းညှိနှိုင်း ဆွေးနွေးပြီးမှ တိုင်းရေးပြည်မှုကို ဆောင်ရွက်ကြတဲ့ မင်းတွေ ဖြစ်ပါတယ်။ 'ဂဏရာဇာ' လို့ ခေါ်သဗျာ့။ တစ်ယောက်နှစ်ယောက် သဘောနှင့် ဘာကိုမှ လုပ်ခွင့်ပေး မထားကြဘူးတဲ့။'

## သာကီဝင်တို့၏ အုပ်ချုပ်ရေး

'အဲဒီ ဂဏရာဇာအဖွဲ့အစည်းထဲမှာ အနာဂါမ်အရိယာ ဖြစ်သွားတဲ့ မဟာနာမ်မင်းသားကြီးဟာ ထိပ်တန်းခေါင်းဆောင်ကြီး တစ် ဦးပါပဲ။ အားလုံးက လေးစားရိုသေကြရတယ်။ တစ်နေ့တော့ သာကီဝင်မင်းတွေက ကပိလဝတ်မြို့လယ်မှာ အလွန်ကြီးကျယ်တဲ့ လွှတ်တော်အဆောက်အအုံကြီး (သန္ထာဂါရ) တစ်ခု ဆောက်လုပ်ကြတယ် ခင်ဗျာ့။ နတ်ဗိမာန်ကြီးလား ထင်ရသတဲ့။

'လွှတ်တော်အဆောက်အအုံကြီး ပြီးလို့ ဖွင့်ပွဲလုပ်ကြမယ့် အခါ သာကီဝင် သားစဉ်မြေးဆက် ကျက်သရေမင်္ဂလာချမ်းသာ စီးပွားများအောင် လွှတ်တော်ကြီးကို ဘယ်ပုံဖွင့်ရကောင်းမလဲလို့ စုပေါင်း စည်းဝေးကြတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား တစ်ညတာ သီတင်းသုံးရန်လှူဖို့၊ အဲဒီမှာ ညတရားပွဲ လုပ်ဖို့ ရတနာ



သုံးပါးအတွက် အရင်အသုံးပြုပြီးမှ တိုင်းရေးပြည်မှုအတွက် အသုံးချဖို့ နောက်ဆုံး ဆုံးဖြတ်ချက် ကျသွားတယ်။ တစ်ယောက်မှ ကန့်ကွက်မယ့်သူ မရှိဘူးတဲ့ ဦးသောင်းရဲ့ ...'

'သာကီဝင်တွေရဲ့ အဖွဲ့အစည်းက အတုယူစရာကြီးပါလား ဆရာကြီး။ အသောကမင်းကြီး ဘုရားတွေတည်တဲ့ ပြင်တဲ့ကိစ္စမှာတောင် 'ရာဓ' ဆိုတဲ့ အမတ်ကြီး ထပြီး ကန့်ကွက်သေးတယ်လို့ ကြားဖူးတယ်'

'အသောကလောက် ကောင်းတဲ့ ဧကရာဇ်ဘုရင် ဘယ်မှာ ရှိလိမ့်မတုံးဗျာ။ ရာဓ အမတ်ကြီးက ကန့်ကွက်တယ်ဆိုတာ ကုလားစာရေးဆရာတွေ လုပ်ကြံတာပါ။ အဓိပ္ပာယ်မရှိပါဘူး။ အဲဒီလိုခေတ်မျိုးမှာ ဘယ်သူ ဘာ ထိုးဖောက်နိုင်လိမ့်မတုံး ဦးသောင်းရဲ့။ တကယ်တော့ ဘာဝါဒဖြစ်ဖြစ်၊ လူကောင်းမှ ကောင်းတာပါ။ အသောကလို သက်ဦးဆံပိုင် မင်းမျိုးကျတော့လဲ ဘာပြောဦးမလဲ'

'တိုးတိုး ... အန်ကယ်·သောင်းရေ့၊ ဂုဏ်တော်ဖွင့် ပြောရင်းက ဦးလေးသောင်း ဝင်ဖောက်တာနဲ့ ဆရာကြီးတောင် နိုင်ငံရေးဘက် ရောက်သွားပြန်ပြီ'

## ဘာသာရေးနှင့် နိုင်ငံရေး

'ဟုတ်တယ် ကိုသန့်ဇင်ရေ၊ ဒါပေမယ့် ဦးလေးက ဘာသာရေးသမားဆိုပေမယ့် နိုင်ငံရေးစကားလဲ ပြောချင် ပြောတာပါပဲ။ နို့ပေမယ့် ဦးလေးသိတဲ့ နိုင်ငံရေးက အများပြောနေကြတာနှင့်တော့ တူကောင်းမှ တူမယ်ပေါ့လေ။

http://www.dhammavideo.com/



'ကိုသန့်ဇင် ... ဦးလေးတို့ သဘောပေါက်ထားတာက ...

'အိမ်ထောင်ရေး' ဆိုတာ အကြင်လင်မယား နှစ်ယောက်ရဲ့ အရေးကိစ္စ။

'နိုင်ငံရေး' ဆိုတာက နိုင်ငံတစ်နိုင်ငံ ကွက်ကွက်ကလေးရဲ့ အရေးကိစ္စ။

'ဦးလေးတို့ 'ဘာသာရေး' ဆိုတာက လူသားအားလုံးရဲ့ အရေးကိစ္စ။ လူတင်မကဘူး၊ နတ်ဗြဟ္မာတွေ တိရစ္ဆာန်တွေပါ အကုန်ပါသေး။

'ဒီတော့ ... အားလုံးသော လူသားတို့ရဲ့ အရေးကိစ္စမှန်သမျှဟာ ဘာသာရေးဆိုင်းဘုတ် အောက်မှာ ရှိနေတဲ့ ဆက္ကရှင် (ဌာနခွဲ) တွေပါ ကိုသန့်ဇင်။

'လောကကြီးမှာ ဖြစ်ပေါ်လှုပ်ရှားနေကြတဲ့ အရာအားလုံး မွေးတာ၊ သေတာ၊ လက်ထပ်တာ၊ ရောင်းတာ၊ ဝယ်တာ ဘာမဆို ဘာသာရေးအသိ၊ ဘာသာရေးအမြင်၊ ဘာသာရေး ကွန်ထရိုး (ချုပ်ကိုင်မှု)အောက်မှာ ရှိနေကြတာတွေချည်းပဲ။ သေသေချာချာ ခေါင်းအေးအေးနှင့် စဉ်းစားကြည့်ပါ။

'ခု ဦးလေး ပြောနေတာက ရောမခေတ်က ပုပ်ရဟန်းမင်းကြီးတွေ အာဏာ ဝင်ယူတာမျိုး ပြောတာ မဟုတ်ဘူးနော်။ အများကောင်းစားချမ်းသာရေးအတွက် တတ်နိုင်သမျှ ကိုယ်ကျိုးစွန့်လွှတ်ပြီး မေတ္တာ ကရုဏာ ကိုယ်ချင်းစာတရား ကိုယ်ကျင့်တရား, ဒီဘာသာရေး အသိအမြင်တွေနှင့် အရာရာ လုပ်ဆောင်နိုင်ဖို့သာ ပြော



http://www.dhammavideo.com/



နေတာ။ တကယ့် ဘာသာရေးသမားက ရှင်ဘုရင်ရာထူး ဘယ်လို ချင်လိမ့်မတုံး'

'သဘောပေါက်ပါတယ် ဆရာကြီး၊ ဆရာကြီးပြောတဲ့ နိုင်ငံရေးက လောကတ္တစရိယာ၊ ဉာတတ္ထစရိယာ နိုင်ငံရေးဆိုတော့ ဆိုင်းဘုတ်တင်လဲ အဖွဲ့ဝင်ရှိမယ့် ပါတီ မဟုတ်ပါဘူး၊ ဟဲ ... ဟဲ ... ဟဲ...

'အဖွဲ့ဝင်တင် မဟုတ်ဘူး ဦးသောင်း ...၊ ခေါင်းဆောင်ကို မရှိသေးဘူး။ မရှိတာ အတူတူ ကဲ ... သာကီဝင်မင်းတွေ လွှတ်တော်သစ်ကြီးဆောက်ပြီး ဘုရားပင့်တာ ဆက်ကြရအောင်'

'အဲဒါပဲ ကြားချင်ပါတယ် ဆရာကြီး'

## လွှတ်တော်မှာ တစ်ည ကျိန်းစက်တော်မူရန်

'အဲဒီအချိန်က မြတ်စွာဘုရားရှင်က ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတော်မှာ သီတင်းသုံးတော် မူပါတယ်။ ဘုရားရှင် ခွင့်ပြုတော်မူချက်လဲရရော၊ သာကီဝင်မင်းတွေဟာ ဘာပြောကောင်းမလဲ၊ ချက်ချင်း နေပြည်တော်ပြလမ်းတိုင်းမှာ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်တွေစိုက်၊ နေပြည်တော်တစ်ခုလုံး လင်းထိန်နေအောင် လမ်းဘေး မီးတိုင်တွေစိုက်၊ ရေအိုးတွေတည်၊ နတ်ဗိမာန်ကြီးလား ထင်ရတဲ့ လွှတ်တော်သစ်ကြီးကိုလဲ ပန်းတွေ အရောင်အဆင်း အမျိုးမျိုး၊ အဝတ်အထည် အရောင်အဆင်း အမျိုးမျိုး၊ ရတနာပန်းဆိုင်းတွေ၊ အခိုးနံ့သာ၊ အရေနံ့သာ၊ ဆီမီးတိုင် ကိုင်တဲ့ ရုပ်လုံးတွေ၊ ပန်းချီဆေးရေးကားတွေ၊ အလံတံခွန်တွေ တလူလူနှင့်

ဘာမှ လိုလေသေးမရှိ၊ နတ်ပြည်တမျှ အလှအပတွေ မွမ်းမံခြယ်လှယ်ထားလိုက်ကြတာ ...။

'ဘုရားအမှူးရှိသော သံဃာတော်များ ကြွရောက် သီတင်းသုံးမယ့်ညမှာဆိုရင် နို့စို့ကလေးတွေ၊ သူငယ်တွေကို စောစောနို့တိုက်၊ ထမင်းမုန့်ကျွေးပြီး အိပ်ရာထဲ စောစောသိပ်ထားဖို့ကမကျန် လှည့်လည်ကြေညာထားတယ်။ ဒီနေရာမှာ အဋ္ဌကထာပါတဲ့အတိုင်း စေ့စေ့အောင် မပြောနိုင်ဘူး ခင်ဗျာ။ သိပ် ခမ်းနားပါတယ်။ ဒါပေမယ့် လွှတ်တော်ကြီးထဲမှာ နေရာတော်များ စီစဉ်ထားပုံကိုတော့ နည်းနည်းပြောမှ ကောင်းမယ်။ မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ သံဃာတော်များနေပုံ၊ လူ ဒကာ-ဒကာမတွေနေပုံ အနေအထားကိုတော့ ပြောရဦးမယ်။

'မင်းကွန်းလွှတ်တော်ကြီးရဲ့ အလယ်ကောင်မှာ ရတနာစီခြယ်ထားတဲ့ တိုင်ကြီးကို ကျောပေးပြီး မြတ်စွာဘုရားရှင် သီတင်းသုံးဖို့ နေရာတော်ကို ခင်းကျင်းထားပါတယ်။ ညွန့်ပေ့ ကောင်းပေ့ဆိုတဲ့ အခင်းတွေ ခင်း၊ ကြက်သွေးရောင် မှီအုံးကြီးကို နောက်မှာချ၊ နေရာတော် အပေါ်က ရွှေကြယ် ငွေကြယ် ရတနာပန်းဆိုင်းတွေနှင့် မျက်နှာကြက် ဗိတာန်ကြီး၊ အမွှေးနံ့သာတွေ၊ ရောင်စုံပန်းတွေ၊ မီးတိုင်တွေက ပတ်ပတ်လည်မှာ အလွန်ကြည်နူးစရာ ခမ်းခမ်းနားနား ပြင်ဆင်ထားကြပြန်တယ်။ နင်းရက် စရာမရှိဘူး။

'သံဃာတော်များ အတွက်က ဘုရားရှင်ရဲ့ ကျောဘက် အနောက်ဘက် နံရံကနေ အရှေ့ဘက် မျက်နှာမူပြီး ခန်းဆီးလိုက်ကာတွေ ပန်းဆိုင်းတွေနှင့် တင်ပျဉ်ခွေထိုင်လို့ရတဲ့ ထိုင်ခုံ၊ မှီလို့ရတဲ့



ထိုင်ခုံတော်တွေအပေါ်မှ အဝတ်ဖြူတွေ ခင်း၊ အဲသလို ခင်းကျင်းထားပါတယ်။ မင်းညီမင်းသားတွေ ပရိသတ်တွေအတွက် အရှေ့ဘက်နံရံကနေ အနောက်ဘက် ဘုရားရှင်နှင့် သံဃာတော်များဘက် မျက်နှာမူပြီး ခင်းကျင်းထားပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အလယ်ကနေ အရှေ့ဘက် ဒကာ-ဒကာမ မင်းပရိသတ်ကြီးဘက် မျက်နှာမူပြီး ထိုင်နေတော်မူရန် ဖြစ်ပါတယ်။

'ညလုံးပေါက် တရားနာနိုင်အောင် အောက်က နူးညံ့တဲ့ ပန်းကော်ဇော ထူထူကြီးတွေ ခင်း၊ ဟင်္သာမွေးသွတ် လက်ထောက် မှီအုံးကြီးတွေ အစီအရီရှေ့မှာ ချထားကြသတဲ့ ဦးသောင်းရေ့ ...'

'ဒီအတိုင်းဆိုတော့ ကျွန်တော်တို့က သံဃာစင်တို့ ဘုရားခန်းတို့ဆိုရင် အရှေ့ဘက်ကထား၊ လူတွေက အနောက်ဘက်ကနေ အရှေ့ဘက် မျက်နှာမူပြီး ဝတ်ပြုကြရတဲ့ ဗမာ့ထုံးစံနှင့်တော့ ပြောင်းပြန်ဖြစ်နေတယ်နော် ... ဆရာကြီး'

## လွှတ်တော် ပြလမ်းတစ်လျှောက် ကြည်ညိုဖွယ်

'ဘုရားအမှူးရှိသော သံဃာတော်များထံ ဒကာ-ဒကာမများ ဆည်းကပ်ခစားကြပုံ၊ အခြားကျမ်းဂန်တွေမှာလဲ သည်အတိုင်းပဲ လာရှိတယ် ဦးသောင်း။ ဒါထားပါတော့၊ လွှတ်တော် မင်းကွန်းနန်းသစ်ကြီးရော၊ ပြလမ်းတွေတစ်လျှောက်ပါ နေပြည်တော်တစ်ခုလုံး အဲသလို မွမ်းမံ ခြယ်လှယ်ပြီးတာနှင့် မဟာနာမ်မင်းသားကြီး အမှူးပြုတဲ့ သာကီဝင်မင်းသားတွေက မင်းခမ်းမင်းနားနှင့် ညဦးယံအချိန်မှာ နိဂြောဓာရုံကျောင်းတော်သွားပြီး ဘုရားရှင်အား ကြွတော်မူရန် လျှောက်ကြပါတယ်။

http://www.dhammavideo.com/



'ဘုရားရှင် ကိုယ်တော်မြတ်လဲ အဝန်းသုံးပါးညီစွာ နီညိုရောင် ပံသုကူသင်္ကန်းကြီးကိုဝတ်ရုံတော်မူပြီးသကာလ ဂန္ဓကုဋိတော်က ထွက်တော်မူပြီး ဂန္ဓကုဋိတံခါးမုခ်မှာပဲ တိမ်တိုက်ထဲက လဝန်းကြီးထွက်ပေါ်လာသလို တင့်တယ်စွာ ရပ်တည်ဆိုင်းငံ့တော်မူနေတယ်ဗျာ့။ အဲဒီအခါမှာ မြတ်စွာဘုရားရှင်ရဲ့ ခန္ဓာကိုယ် အစိတ်စိတ်မှ တဖိတ်ဖိတ် တလက်လက်နှင့် ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ် ကွန့်မြူးလိုက်တာ နိဂြောဓာရုံကျောင်းရှိ သစ်ပင် အဆောက်အအုံတွေအားလုံး ပြိုးပြိုးပြက်ပြက် ရောင်စုံမီးသီးတွေ သီးထားသလို တစ်မျိုးပြီးတစ်မျိုး လက်လက်ထနေတယ်။

'မကြာခင်ဘဲ အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်စတဲ့ သံဃာတော်များကလဲ သပိတ်, သင်္ကန်း ယူဆောင်ဝတ်ရုံပြီး တည်ငြိမ်အေးဆေးစွာ လမင်းကြီးကို ကြယ်တာရာများ ဝန်းရံလာသလို ဘုရားရှင်ကိုယ်တော်မြတ်ကြီးအနီး ချဉ်းကပ်ရောက်ရှိကြတာနှင့် တစ်ပြိုင်နက် သာကီဝင်မင်းသားတွေက ပန်း တံခွန် ကုက္ကားအမွေးတိုင် မီးရှူးတန်ဆောင်တွေ ကိုင်ဆောင်ပြီး ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဆောင်ကြပါတယ်။

## ဘုရားရှင်၏ ထူးခြားသော သွားလာတော်မူပုံများ

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရောင်ခြည်တော် ခြောက်သွယ်တို့ဟာ ကပိလဝတ်နေပြည်တော် ပြလမ်းတစ်လျှောက် အရှေ့အနောက်၊ ထက်အောက်ဝဲယာ ဘယ်နေရာမှ မလပ်ရအောင် အတောင်ရှစ်ဆယ်အရပ်တိုင်အောင် ပျံ့နှံ့လင်းချင်းနေတော့ ပြလမ်း



ဝဲယာ ဖူးမြော်နေကြတဲ့သူတွေဟာ မကြုံစဖူး အထူး ကြည်ညိုဝမ်းမြောက်နေကြတယ်။ မျက်စိတဆုံး ဖူးလို့ကို မဝကြဘူးတဲ့။ ကောင်းကင်တစ်ခိုက နတ်ဗြဟ္မာတွေရဲ့ မျက်စိထဲမှာလဲ ဖူးကြည့်လို့ မဝနိုင်ကြဘူးတဲ့ ခင်ဗျာ့။

'သာယာညင်းပျောင်းတဲ့ တူရိယာ ဓမ္မဂီတသံတွေ … လူနတ်ဗြဟ္မာတွေရဲ့ ချီးကျူးအံ့ဩသံတွေဟာ လှိုက်လှဲသော ပီတိနှင့်အတူ ပြည့်လျှံသွားသတဲ့ဗျာ။

'အဲဒီအချိန်မှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး မြို့တော်ပြလမ်းတစ်လျှောက် ခြေကျင်ခရီး ကြွတော်မူနေဟန်ကို မျက်တောင်မခတ် မှတ်မှတ်သားသား သတိနှင့် စောင့်ကြည့်ပြီး ကြည်ညိုနေတဲ့ လူနတ်ဗြဟ္မာ ပညာရှိတွေရဲ့ မျက်စိမှာ ဟောသလို တွေ့မြင်ဖူးမြော်ရပါတယ်လို့ အရှင် မဟာဗုဒ္ဓဃောသမထေရ်မြတ်ကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ခရီးဒေသစာရီ ကြွချီရာမှာ ကိုယ်အမူအရာတော် ထူးခြားကြည်ညိုဖွယ် ဂုဏ်တွေကို ယခုလို သီကုံးထားပါတယ် ဦးသောင်းတို့ ကိုသန့်ဇင်တို့။ တစ်ခုစီရဲ့ အဓိပ္ပာယ်ကိုတော့ အကျယ်မပြောကြစို့နှင့်။

'ဂါထာ တစ်ခုတစ်ခု ဆုံးတိုင်း 'ဧတေန သစ္စဝဇ္ဇေန၊ ဂမန်မေ သမိဇ္ဈတု' လို့ဖြည့်ပြီး ထည့်ဆိုချင်လဲ ဆိုနိုင်ပါတယ်။ ဘုရားရှိခိုး ဆုတောင်းအဖြစ် 'အဟံ ဝန္ဒာမိ တံ ဗုဒ္ဓံ၊ ဟောတု မေ ဇယမင်္ဂလံ' လို့ ဖြည့်စွက် ရွတ်ဆိုချင်လျှင်လဲ ရပါရဲ့'

'ကျွန်တော်တို့ ဒီအကြောင်း တစ်ခါမှ မကြားဖူးဘူး ဆရာကြီး၊ တကယ်ပါ။ ဆက်လက် ကြည်ညိုပါရစေဦး'

http://www.dhammavideo.com/



## ရှင်မဟာဗုဒ္ဓဃောသ ဖွဲ့ဆိုအပ်သော မြတ်စွာဘုရားရှင် ဒေသစာရီ ကြွချီတော်မူရာ ကိုယ်အမူအရာတော်၏ ဂုဏ်တော်ဖြင့်

(၁) ဧဝံ သဗ္ဗင်္ဂသမ္ပန္နော၊
ကမ္ပယန္တော ဝသုန္ဓရံ။
အဟေဌယန္တော ပါဏာနိ၊
ယာတိ လောကဝိနာယကော။

ဧဝံ- ဤသို့လျှင်။ သဗ္ဗင်္ဂသမ္ပန္နော- ကြည်ညိုဖွယ် ကြန်အင် လက္ခဏာနှင့် အကြွင်းမဲ့ ပြည့်စုံတော်မူသော။ လောကဝိနာယကော- လောကသုံးဦး အကြီးအမျူး ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝသုန္ဓရံ- မြေပြင်အလုံးကို။ ကမ္ပယန္တော- သိမ်းကျုံးပွဲ့တင် လျှင်တုန်လှုပ် စေနိုင်ပါသော်လည်း။ ပါဏာနိ- မည်သည့် သတ္တဝါ တို့ကိုသော်မျှ။ အဟေဌယန္တော- ကိုယ်စိတ် ဆင်းရဲအောင် ညှဉ်းဆဲ ထိပါးခြင်း အလျှင်းရှိစေတော် မမူဘဲသာလျှင်။ ယာတိ- ကရုဏာ စိတ်ထားဖြင့် ကြွသွားတော် မူလေ့ရှိပါပေ၏။

(၂) ဒက္ခိဏံ ပဌမံ ပါဒံ၊
ဥဒ္ဓရန္တော နရာသဘော။
ဂစ္ဆန္တော သိရိသမ္ပန္နော၊
သောဘတေ ဒွိပဒုတ္တမော။

ဒွိပဒုတ္တမော- ခြေနှစ်ချောင်းရှိသော သတ္တဝါတို့တွင် အမြတ်ဆုံးဖြစ်သော။ နရာသဘော- လူမြတ်ဇာနည် ဖြစ်တော်မူ



သော မြတ်စွာဘုရားသည်။ ဒက္ခိဏံပါဒံ- လက်ယာဘက်ခြေတော် ကို။ ပဌမံ- ရှေးဦးစွာ။ ဥဒ္ဓရန္တော- ရုပ်တော်မူလျက်။ ဂစ္ဆန္တော- ကြွသွားတော်မူလေ့ ရှိရကား။ သိရိသမ္ပန္နော- ကျက်သရေအဖုံဖုံ တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍။ သောဘတေ- မြင်ရသူတို့၏ မျက်စိ တွင်၊ ဖူးကြည့်၍ မဝအောင်၊ တင့်တယ်တော် မူလှပါပေ၏။

(၃) ဂစ္ဆန္တော ဗုဒ္ဓသေဋ္ဌော၊
ဟေဋ္ဌာ ပါဒတလံ မုဒု။
သမံ သမ္ဖုသတေ ဘူမိံ၊
ရဇသာ' နုပလိမ္ပတိ။

ဗုဒ္ဓသေဋ္ဌော- ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဂစ္ဆန္တော- ခရီးဒေသစာရီ ကြွချီတော်မူသည်ရှိသော်။ မုဒု- စက်လက္ခ ဏာ အကန့်ကန့်တို့ဖြင့် နူးညံ့တော်မူလှသော။ ဟေဋ္ဌာ ပါဒတလံ- ခြေဖဝါးတော်ပြင်သည်။ ဘူမိံ- ရွှေစက်တင်ရာ မြေပြင်ထက်သို့။ သမံ- ချိုင့်ဝှမ်းမသိ အညီအမျှပင်။ သမ္ဖုသတေ- ထိတော်မူ၏။ ရဇသာ- တစ်စုံတစ်ရာသော မြူမှုန် အညစ်အကြေးဖြင့်။ န ဥပလိမ္ပ တိ- ထိုသို့ပင် ထိစပ်သော်လည်း ငြိကပ်တော် မမူပါပေ။

(၄) နိန္နဋ္ဌာနံ ဥန္နမတိ၊
ဂစ္ဆန္တေ လောကနာယကေ။
ဥန္နတဉ္စ သမံ ဟောတိ၊
ပထဝီ စ အစေတနာ။

လောကနာယကေ- တစ်လောကလုံး၏ ရှေ့ဆောင် အခေါင်ထွတ်ဖျား၊ မြတ်ဘုရားသည်။ ဂစ္ဆန္တေ- ခရီးဒေသစာရီ၊ ကြွ

http://www.dhammavideo.com/



ချီတော်မူသည် ရှိသော်။ ပထဝီ စ၊ မြေကြီးကပင်လျှင်။ အစေတနာ- ထိုသို့ ပြုမည်၊ ကြံရည်တွက်ဖွယ်၊ အသက်ဝိညာဉ် မရှိပါဘဲလျက်လည်း။ နိန္နုန္နာန်- ချိုင့်ဝှမ်းနိမ့်ကျသော အရပ်သည်။ ဥန္နမတိ- မြင့်မောက်တက်ကြွ၍ လာရ၏။ ဥန္နတဉ္စ- ကမူမတ်စောက်၊ မြင့်မောက်သော နေရာကလည်း။ သမံဟောတိ- ကြွလှမ်း၍ မခက်အောင်၊ ရုတ်တရက်ပြန့်ညီ၍ လာရ၏။ (အဟော) မဟာပထဝီ၊ ဤမြေသည်ပင်၊ ပါရမီဘုန်းဒဏ်၊ မိန့်နာခံ၍၊ တော်လှန်မဝံ့ရဲ၊ လွန်ထူးကဲသည့်၊ အံ့အဲ ကြည်ညိုဖွယ် ကြီးပါဘုရား။

(၅) ပါသာဏာ သက္ခရာစေဝ၊
ကထလာ ခါဏုကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊
ဂစ္ဆန္တေ လောကနာယကေ။

လောကနာယကေ- တစ်လောကလုံး၏ ရှေ့ဆောင်အခေါင်ထွတ်ဖျား၊ မြတ်ဘုရားသည်။ ဂစ္ဆန္တေ- ခရီးဒေသစာရီ၊ ကြွချီတော်မူသည် ရှိသော်။ ပါသာဏာ စ- ကျောက်လွှာ ကျောက်ချပ်တို့သည် လည်းကောင်း။ သက္ခရာစေ ဝ- ကျောက်စရစ်ခဲတို့သည် လည်းကောင်း။ ကထလာ စ- အိုးခြမ်းကွဲ အစအနတို့သည် လည်းကောင်း။ ခါဏုကဏ္ဋကာစ- ဆူးငြောင့်ခလုတ်၊ ငုတ်တံသင်းတို့သည် လည်းကောင်း။ သဗ္ဗေ- ရှိရှိသမျှ၊ ထိခိုက် ရှနဖွယ်မှန်သမျှတို့သည်။ မဂ္ဂါ- ရှင်တော်ဘုရား၊ ကြွသွားရာလမ်းမှ၊ ဝိဝဇ္ဇန္တိ- ပါရမီဆယ်ခန်း၊ ဘုန်းတော်- စွမ်းကြောင့်၊ လမ်းဖယ်တိမ်းရှောင်၍ သွားကြရကုန်၏။



(၆) နာတိဒူရေ ဥဒ္ဓရတိ၊
နစ္စာသန္နေ စ နိက္ခိပံ။
အဃဋ္ဋယန္တော နိယျာတိ၊
ဥဘော ဇာဏူ စ ဂေါပ္ဖကေ။

ဗုဒ္ဓေါ- မြတ်စွာဘုရားသည်။ နာတိဒူရေ- မဝေးလွန်းလှသော အရပ်၌။ ပါဒံ- ခြေတော်ကို။ ဥဒ္ဓရတိ- ရုပ်တော်မူ၏။ နစ္စာသန္နေ စ- မနီးကပ်လွန်းသော အရပ်၌သာလျှင်။ နိက္ခိပံ- နင်းချတော်မူ၏။ ဥဘော ဇာဏူ စ- ဒူးဝန်းတော် အစုံတို့ကို လည်းကောင်း၊ ဥဘော ဂေါပ္ဖကေစ- ခြေဖမျက် (ခြေမျက်စိ) တော် အစုံတို့ကို လည်းကောင်း။ အဃဋ္ဋယန္တော- အချင်းချင်း ခိုက်မိအောင်၊ တိုက်ထိသော် မမူစေဘဲ၊ နိယျာတိ- ကြွလှမ်းတော် မူပါပေ၏။

(၇) နာတိသီဃံ ပက္ကမတိ၊
သမ္ပန္နစရဏော မုနိ၊
န စာ' တိသဏိကံ ယာတိ၊
ဂစ္ဆမာနော သမာဟိတော။

သမ္ပန္နစရဏော- ဝိဇ္ဇာစရဏဂုဏ်နှင့် ပြည့်စုံတော်မူသော။ မုနိ- မြတ်စွာဘုရားသည်။ ဂစ္ဆမာနော- ခရီးဒေသစာရီ၊ ကြွချီတော်မူသည်ရှိသော်။ အတိသီဃံ- အလွန် လျင်မြန်စွာ။ နပက္ကမတိ- ကြွတော်မမူ။ အတိသဏိကံ စ- အလွန် တုံ့နှေး၊ လေးလံ ဖင့်နွဲ့စွာလည်း။ နယာတိ- ကြွတော်မမူ။ သမာဟိတော- ဆဒ္ဒန်မင်းသွင်၊ မလျင်မမြန်၊ ပုံမှန် လှမ်းဘိ၊ တည်ကြည်သော သမာဓိ ရှိတော်မူလျက်သာလျှင်။ ယာတိ- ကြွတော်မူလေ့ ရှိပါပေ၏။

http://www.dhammavideo.com/



(၈) ဥဒ္ဓံ အဓော စ တိရိယံ၊
ဒိသာသု ဝိဒိသံ တထာ။
န ပေက္ခမာနော သော ယာတိ၊
ယုဂမတ္တမှိ ပေက္ခတိ။

သောဗုဒ္ဓေါ- ထို မြတ်စွာဘုရားသည်။ ဥဒ္ဓံ စ- အထက်ကို သော်လည်းကောင်း။ အဓော စ- အောက်ကိုသော် လည်းကောင်း။ တိရိယံ စ- ရှေ့နောက်နှစ်ဖြာ၊ ဖီလာအရပ်ကိုသော် လည်းကောင်း။ တထာ- ထို့ပြင်။ ဝိဒိသံ စ- အထောင့်အရပ်ကိုသော် လည်းကောင်း။ နပေက္ခမာနော- မေ့ ငုံ့စောင်းလှည့်၊ တစ်စုံတစ်ရာ ကြည့်ရှုတော် မမူဘဲ သာလျှင်။ ယာတိ- ကြွသွားတော် မူပါပေ၏။ ယုဂမတ္တမှိ- ထမ်းပိုး တစ်ပြန်၊ ရှေ့တစ်လံ အရပ်၌သာလျှင်။ ပေက္ခတိ- ရှုကြည့် ကြွသွားတော်မူလေ့ ရှိပါပေ၏။

(၉) နာဂဝိက္ကန္တစာရော သော၊
ဂမနေ သောဘတေ ဇိနော။
စာရုံ ဂစ္ဆတိ လောကဂ္ဂေါ၊
ဟာသယန္တော သဒေဝကေ။

သောဇိနော- ထို ငါတို့ဆရာ၊ မြတ်စွာဘုရားသည်။ ဂမနေ- ခရီးဒေသစာရီ၊ ကြွချီတော်မူရာ၌။ နာဂဝိက္ကန္တ- စာရော- ဆင်ပြောင် ကြီးအသွင်၊ ယဉ်ကျေးစံပယ်စွာ၊ သွားလာတော်မူလေ့ ရှိရကား။ သောဘတေ- ဖူးကြည့်၍ မဝအောင်၊ တင့်တယ်တော် မူလှပါပေ ၏။ လောကဂ္ဂေါ- တစ်လောကလုံးတွင်၊ အမြတ်ဆုံးဖြစ်တော်မူ သော။ သော ဇိနော- ထို ငါတို့ဆရာ၊ မြတ်စွာဘုရားသည်။ သဒေဝ



ကေ- ဖူးမြော်ကြသူ၊ နတ်နှင့်တကွသော လူအပေါင်းတို့ကို။ ဟာသ ယန္တော- ရွှင်လန်းတက်ကြွ၊ နှစ်သိမ့်အားရစေတော်မူလျက်။ စာရုံ- ရှုတိုင်းတင့်တယ်၊ သပ္ပာယ်စွာ။ ဂစ္ဆတိ- ကြွသွားတော်မူလေ့ ရှိပါ ပေ၏။

(၁၀) ဥဠုရာဇာဝ သောဘန္တော၊
စတုစာရီဝ ကေသရီ။
တောသယန္တော ဗဟူ သတ္တေ၊
ပုရံ သေဋ္ဌံ ဥပါဂမိ။

ဗုဒ္ဓေါ- မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဥဠုရာဇာဝ- ကြယ်တာရာအပေါင်းတို့၊ ခြောင်းဝန်းရံလျက်ရှိသော လမင်းကြီးကဲ့သို့ လည်းကောင်း။ စတုစာရီ- ခြေလေးချောင်းဖြင့်၊ မောင်းမောင်း ခန့်ထည်စွာ၊ သွားလာလေ့ရှိသော။ ကေသရီက္က- သားတို့သနင်း၊ ခြင်္သေ့မင်းကြီးကဲ့သို့ လည်းကောင်း။ သောဘန္တော- ရောင်ခြည် ခြောက်သွယ် ဘဝဂ်ကယ်မျှ၊ တင့်တယ်ခြင်းကြီး တင့်တယ်တော် မူလှသည်ဖြစ်ရကား။ ဗဟူသတ္တေ- ကပိလဝတ်သူ၊ လူရော နတ်ပါ၊ သတ္တဝါ အားလုံးတို့ကို။ တောသယန္တော- ခြင်ဆီ စိမ့်အောင်၊ နှစ်သိမ့်အားရမ်း၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတော်မူ လျက်၊ သေဋ္ဌံပုရံ- နေပြည်တော် ကပိလဝတ်၏၊ လွှတ်တော်မင်းကွန်း စံနန်းသစ်ကြီးသို့။ ဥပါဂမိ- ရဟန်းတော် အခြံအရံတို့နှင့်တကွ၊ မြို့ပြ လမ်းတိုင်း၊ မင်းခမ်း ကြီးကျယ်၊ ရှုမောဖွယ်လျှင်၊ တင့်တယ်စွာ ကြွ ချီတော် မူခဲ့လေသတည်း။

http://www.dhammavideo.com/



တာဒိသံ ဂုဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ သဗ္ဗဒါ။

## အဘိုး အဘွားတို့၏ အမိပွာယ်မဲ့ ညများ

'ဆရာကြီးက ပါဠိတစ်ကျော့ မြန်မာတစ်ကျော့ အဓိပ္ပာယ် ပြန်သွားတာကို နားထောင်ရတာ အရသာရှိလိုက်တာ ဆရာကြီး ရယ်၊ ခုခေတ် လူငယ်တွေက ပါဠိဆိုရင် ရွတ်ရ-ဖတ်ရမှာ ကျောက်ခဲ မျိုရမလောက် ကြောက်နေကြတယ်'

'ဦးသောင်းရေ ... အဲဒီက, စ လွဲတာပဲ။ ပါဠိကြောက်တော့ ကြိုးစားပြီး မကျက်ချင်ဘူး၊ မကျက်တော့ ဘာမှ မရဘူး။ အသက်ကြီး လာလို့ အိပ်မရ၊ အိပ်မပျော်တဲ့ညတွေ များလာမှ ပိုပြီး သိမယ်။ ဒီ ကျောက်ခဲက တစ်သံသရာလုံးအတွက် ဗီတာမင်ပါ'

'ဟုတ်တယ် ဆရာကြီးရေ။ သည့်ပြင်ဟာ မပြောနှင့်၊ ကျွန် တော်တို့ မိတ်ဆွေတွေ၊ ကျွန်တော့် အသက်အရွယ်တွေပေါ့။ ငယ် တုန်းကတော့ စားလိုက် သောက်လိုက် အိပ်လိုက်။ စားလဲ ကောင်း၊ သောက်လဲ ကောင်း၊ အိပ်လဲ ကောင်း။ ကြီးတော့ တစ်ရေး လောက် ရအောင် မနည်း အိပ်ကြရတာ။ ကျွန်တော်တို့တော့ အိပ် မရလေ ကုသိုလ်တိုးလေ။ ရွတ်စရာတွေ လှည့်ပတ်ရွတ်လိုက်၊ တရားရှုမှတ် လိုက်နှင့်၊ခမျာများ ငယ်ငယ်ကလဲ ကြိုးစား ကျက်မှတ်ထားတာကလဲ မရှိတော့ တစ်ညလာလဲ အိပ်လို့မပျော်၊ ကြာတော့ သူတို့မှာ ဒေါသ တွေ မကျေနပ်မှုတွေနှင့်ဘဲ မိုးလင်းနေကြရှာတယ်။ ဆရာကြီး အမိန့် ရှိတာ မှန်လိုက်လေ ...'



'တစ်ချို့ လူကြီးတွေဟာ စာလဲဖတ်တတ်သားပဲ ဦးသောင်း ရဲ့။ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တော် ပါဠိလောက်တောင် မရရှာကြဘူး။ တွေ့ဖူးတယ်၊ သနားစရာပဲ'

'ဒါ မပြောနှင့် ဆရာကြီး။ လောကမှာတော့ စီးပွားဥစ္စာ ရာထူးတွေနှင့် လူကုံထံတွေ၊ မျက်နှာကြီးတွေ ပါပဲ။ ကျိုကျိုတက် ချမ်းသာလို့ အလှူပေးတာတောင်မှ **ဩကာသ ကန်တော့ချိုး၊ ငါး ပါးသီလတောင် အသံထွက်ပြီး မဆိုဝံ့တဲ့ လူကြီးလူကောင်းတွေ** အများကြီး'

## ထိုးသားနိုင် ဒိုင်ရှုံးတဲ့နည်း

'အဲဒီ လူကြီးလူကောင်းမျိုးတွေပေါ့ဗျာ၊ ငယ်တုန်းကတော့ လူရာဝင်လို့ ဟုတ်နေတာပေါ့၊ အသက်ကကြီးလာ၊ တန်ဖိုးကကျ၊ ဘာ အာရုံခံစားလို့မှ အရသာကလဲ မတွေ့၊ လူက တန်ဖိုးကျပေမယ့် စိတ်က မကျ၊ ဗုဒ္ဓတရားတော်ဆိုတာ ဘာမှ မသိကြရတဲ့ နိုင်ငံခြား က လူကြီးလူကောင်းတွေ ပိုဆိုးသေး။ အိုမင်းမစွမ်းတဲ့ ဘဝခရီးကို ပျင်းစရာကြီး လျှောက်နေကြရတော့ ငါးမျှားတဲ့လူက မျှား ... ပျော်ပွဲ ရှင်ပွဲတွေနှင့် အချိန်ဖြုန်းတဲ့လူက ဖြုန်း ... နောက်ဆုံးတော့ ဗုဒ္ဓ ဘာသာဝင် **အဘိုးကြီး-အဘွားကြီး**တွေလို ရွတ်စရာ ဖတ်စရာ နှလုံး သွင်းစရာက မရှိတော့ ငြီးငွေ့ခြောက်ကပ်ပြီး ဘဝကို အဆုံးသတ် သွားကြရရှာတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ အဘိုးကြီး-အဘွားကြီး တွေ ဒီတန်ဖိုးကို **သိဖို့လိုတယ်ဗျာ**။

'မြတ်စွာဘုရားဟောတော်မူတဲ့ မုခပါဌ် ပါဠိတော် ပါဠိ

http://www.dhammavideo.com/



စကားလုံးတွေဟာ တစ်လုံးဆို ဆိုသလောက် ခရီးရောက်တာသိပြီး အချိန်ရှိခိုက် ကြိုးစား ကျက်မှတ်ထားသင့်ပါတယ်။

'နမောဗုဒ္ဓဿ' လို့ ထင်းရောင်းသမားကလေး တစ်ယောက် ယောင်ယမ်း အော်မိတာနှင့် အိပ်နေတုန်း ခြေထောက်လာဆွဲတဲ့ ဘီလူးကြီး လန့်ပြီး ထွက်ပြေးတာတို့။

'ဗုဒ္ဓဘာသာကလေးတွေ 'ဂျင်' ပေါက်တိုင်း 'နမောဗုဒ္ဓဿ' ဆိုပြီးပေါက်လို့ နိုင်တာကို သိထားတဲ့ မိစ္ဆာဒိဋ္ဌိကလေးတောင် 'နမောဗုဒ္ဓဿ' ဆိုပြီး ဂျင်ပေါက်လို့ နိုင်တာတို့ ... ကလေးလဲ ကလေးအလိုက်၊ လက်တွေ့အကျိုးပေးတဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ စကားလုံးတွေ ပါဗျာ ...။

'ကိုသန့်ဇင်ရေ ... တိုးတိုးပြောမှ၊ တော်ကြာ 'ချဲ' သမားတွေ ကြားသွားလို့ 'ထိုးသား နိုင်၊ ဒိုင်ရှုံးတဲ့နည်း' ဖြစ်နေပါဦးမယ်။ ဒီ ပါဠိစကားတစ်လုံး တစ်လုံးရဲ့ အာနိသင်တွေကိုသာ သိကြရင် 'အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ' ပါဠိအနက်လောက် ရထားရင် ကျေးဇူးများလှပါပြီ'

'ဆရာကြီး ... **ဦးလေးက** အဲသလို ကြည်ညိုဖို့၊ ကျက်မှတ်ဖို့ လောက်ပဲ ပြောဖို့ **ရည်ရွယ်ထားတာ**ကိုး'

'လက်စနှင့် ဆက်ပါဦး ဆရာကြီးရယ်၊ လွှတ်တော်ကြီးထဲ ရောက်တော့ မြတ်စွာဘုရား ဘာတွေ ဟောသေးသလဲ ဆိုတာ'

'အင်း ... ခက်တော့နေပါပြီ၊ သိချင်တဲ့ စိတ်ရှိတဲ့လူတွေကျ ပြန်တော့ ရေဆုံးမီးဆုံးလိုက်ကြတယ်။ ကောင်းပြီလေ ... ကိုသန့်ဇင်



တိုတိုပြောကြစို့၊ အဲဒီရောက်တော့ မြတ်စွာဘုရားက နေရာထိုင်ခင်း အဆောက်အအုံ လှူရတဲ့အကျိုးကို ဟောသဗျာ့။ ခဏလောက် ဟောပြီးတော့ 'အာနန္ဒာ၊ ငါဘုရား ခါးနာတော်မူတယ်၊ လျောင်းဦးမယ်' ဆိုပြီး အရှင်အာနန္ဒာကို ဆက်ပြီး အဟောခိုင်းတယ်၊ အဲဒီ ပရိသတ်ကြီးကလဲ အရိယာဖြစ်နေတဲ့သူတွေက များတော့ '**သေခပဋိပဒါ - သေက္ခပုဂ္ဂိုလ်တို့ နှလုံးသွင်းရမယ့် ကျင့်စဉ်**' တွေကိုပဲ ရှင်အာနန္ဒာက ဟောတယ်။ ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် သာဓုခေါ်**တော် မူ**ပါတယ်။ ဒါပဲ'

'အဲဒီ သေက္ခ**ကျင့်စဉ်**ကကော ဆရာကြီး'

'လာပြန်ပြီ ... **အဲဒီတရားက** အရိယာတွေကို ဟောတဲ့ တရားကွ'

'ဒါနှင့်ပဲ ကပိလ**ဝတ် လွှတ်တော်**တရားပွဲကြီး မိုးလင်းသွားသလို ရထားထဲ မိုးလင်း**သွားမယ့် ကို**သန့်ဇင်၊ ဦးလေးက ရွှတ်တာဖတ်တာတွေ ဦးစားပေး **ပြောချင်နေ**တာ၊ ပြောနေတာ'

'မိုးလင်းချင်လဲ လင်းပါစေ ဆရာကြီး၊ ရွှတ်တာ ဖတ်တာလဲ ရွှတ်တာဖတ်တာပေါ့'

## လွှတ်တော်ထဲမှာ ဟောတဲ့တရား

'ကဲ ... ဒါဖြင့်လဲ ပြောရသေးတာပေါ့၊ မြတ်စွာဘုရားရှင်က လွှတ်တော်ကြီးအလယ်က လူဒကာတွေဘက် အရှေ့ဘက်မျက်နှာမူ ဟောရင်းက ခါးနာတော်မူလို့ အနားယူ လဲလျောင်းဖို့ သီးသန့်ပြင်ထားတဲ့ နေရာတော်ကို ပလ္လင်တော်ပေါ်က ဆင်းအကြွ၊ အရှင်

http://www.dhammavideo.com/



အာနန္ဒာက ဆက်ပြီး ဟောတယ်။ ဟောတဲ့တရားက သေခပဋိပဒါ-သေက္ခကျင့်စဉ်၊ ပထမ စရဏ (အကျင့်)ပိုင်း၊ နောက် ဝိဇ္ဇာ (အသိပညာ)ပိုင်း၊ ကျင့်မှ သိမယ်ပေါ့။ မကျင့်ဘဲနှင့် မသိဘူး။ သာသနာတော်နှင့် ကြုံကြိုက်ကြတဲ့အခါ အဲဒီအကျင့်ရော အသိပါ ဝိဇ္ဇာစရဏ ဘက်စုံတော်တဲ့ ဘုရား တပည့်တော် သာဝက ဒကာ-ဒကာမတွေ ဖြစ်အောင် လုပ်ကြဖို့ ...၊ အရှင်အာနန္ဒာ သတိပေးချင်တာက ဒါပဲ။ ဘုရားရှင်ဟာ ကျေနပ်တော်မူလွန်းလို့ လဲလျောင်းရာကနေ မကျိန်းစက်ဘူး၊ တစ်ညလုံး နားထောင်တော် မူနေတယ်။ ကဲ ... ကိုသန့်ဇင် ... မအိပ်ပဲ နေနိုင်ပါ့မလား။ ဖွတ်မြီးနှင့် ဖွတ်ပြန်ချည်မှပဲ'

'မိပြီ ဆရာကြီးရေ့ ... ' ဟု ဦးသောင်းက ရယ်မောကာ ကိုသန့်ဇင်အား ကြည့်လိုက်သည်။

'ဆရာကြီးကမှ ဟောနိုင်သေးတာ၊ မနာနိုင်ရင် ကျွန်တော်တို့ အဆိုးပေါ့'

'ရှင်အာနန္ဒာဟောလို့လဲပြီးရော ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လဲလျောင်းတော်မူရာက ထတည့်ပြီး တင်ပျဉ်ခွေကာ သာဓုခေါ်တော်မူတယ် ကိုသန့်ဇင်ရေ၊ ဒီတော့ ရှင်အာနန္ဒာ ဟောတဲ့ တရားက ဘာတွေလဲဆိုတော့ ...

### စား၊ ဝတ်၊ နေ အခြေခံသီလ ၄-ပါး

(၁) **သီလသမ္ပန္န**- ကိုယ်နှင့်ဆိုင်ရာ သိက္ခာပုဒ် သီလတွေကို လုံခြုံအောင် စောင့်ထိန်းရမယ်။



(၂) ဣန္ဒြိယသံဝရ- မျက်စိ နား နှာစသော ဣန္ဒြေ ၆-ပါး စောင့်စည်း ပိတ်ဆို့ထားရမယ်။

(၃) ဘောဇနေမတ္တညုတာ- အစားအသောက်အတိုင်း အရှည်သိရမယ်။ ကိုရင်ဝတ်တုန်းက 'ပဋိသင်္ခါယောနိသော' အရ ထမင်းလုတ်တိုင်း ရည်ရွယ်ချက် ရှစ်မျိုးထားပြီး စားရမယ်။ လှဖို့ အားရှိဖို့ ဘာညာ မဟုတ်ဘူးပေါ့၊ ထမင်းစားတတ်တဲ့ **အကျင့်က** နည်းနည်းနောနော သီလ မဟုတ်ဘူး နော် ကိုသန့်ဇင် ... '

(၄) ဇာဂရိယာနုယောဂ- ထိုင်ထိုင်ထထ၊ ညညနေ့နေ့၊ အကုသိုလ်စိတ် မဝင်အောင် **သတိဝီရိယ**နှင့် မလစ်တမ်း စောင့်ထိန်းပြီး **နိုးကြားထကြွမှု** ရှိနေရမယ်။

'ဒါ ... ဗုဒ္ဓဘာသာဝင်တို့ရဲ့ **ထမင်းစားရေသောက်** အခြေခံ သီလခေါ်တဲ့ စရဏလေးပါး၊ ကျန်တဲ့ **ခုနစ်ပါးက** ကိုသန့်ဇင်တို့ သိပြီးသားပါ'

'မသိပါဘူး ဆရာကြီးရဲ့'

'သိပြီးသားပါလေ ... သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်း တရားခုနစ်ပါးနှင့် ပြည့်စုံပါစေ'

'အဲဒါတော့ သိတယ် ဆရာကြီး'

'သိရုံတင် မကဘူး၊ နားထဲကတောင် လျှံထွက်ကုန်ကြပြီ။ သိတယ်ဆိုပေမယ့် ခင်ဗျားတို့ တကယ်တော့ မသိသေးဘူး။ ကျွန်

http://www.dhammavideo.com/



တော်တို့ တိုင်းပြည် ကျွန်တော်တို့ ဗုဒ္ဓဘာသာ၊ တို့ဗမာသာကီမျိုးတွေ၊ ဘာသာရေးနှင့်ဆိုရင် မသိတာ ဘာမှမရှိဘူး၊ တကယ်သိတာလဲ ဘာမှမရှိဘူး၊ ဒီလို မဟုတ်လား ဦးသောင်း'

'မှန်လိုက်လေ ဆရာကြီးရယ်၊ ကျွန်တော်တို့က အစပါပဲ'

**သဒ္ဓမ္မ- သူတော်ကောင်းတရား ခုနစ်ပါး**

(၅) **သဒ္ဓါ**- မြတ်စွာဘုရားရှင်ကို အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော စသည်ဖြင့် အဟုတ်ယုံကြည်စိတ်ချမှု ရှိရမယ်။

(၆) **ဟိရိ**- မကောင်းတာ မှန်သမျှ၊ ဒုစရိုက်မှန်သမျှ၊ ကြံရ၊ ပြောရ၊ လုပ်ရမှာကို မစင်ကိုင်ရမှာ ရွံသလို ရွံရမယ်၊ ဒါကို ရွံတယ်၊ ရွံ့တယ်၊ ရှက်တယ်လို့ ခေါ်တယ်။ အမျိုးကောင်း သမီးကလေးများ ပြည့်တန်ဆာတန်းက ဖြတ်ပြီး မသွားရဲသလိုပေါ့။

(၇) **ဩတ္တပ္ပ**- မကောင်းတာ မှန်သမျှ ကြံရ၊ ပြောရ၊ လုပ်ရမှာကို ကြောက်လန့်နေရမယ်။ သံတွေ ခဲမှာ ယင်ကောင် မနားရဲသလို ရာဇဝတ်ပြစ်မှု ကျူးလွန်ထားတဲ့လူ ရဲဌာနတို့ ဟိုက်ကုတ်တို့ နားက မသွားရဲသလိုပေါ့'

'လောကပါလ တရား ၂-ပါး ဆိုတာလဲ ဒီ ဟိရိ, ဩတ္တပ္ပ တရားနှစ်ပါးကို ခေါ်တာပဲ မဟုတ်လား ဆရာကြီး'

'ဟုတ်ပါတယ် ဦးသောင်း၊ ဒီ တရား ၂-ပါး မရှိရင် ဒီ



လောကကြီးဟာ တိရစ္ဆာန်လောကကြီး ဖြစ်သွားမယ်တဲ့။ မြတ်စွာဘုရား ဟောတော်မူပါတယ်။ 'ဒေဝဓမ်' တရားလို့လဲ ခေါ်ပါတယ်။ 'သုက္ကဓမ္မ' စိတ်ဓာတ်ဖြူစင်ကြောင်း တရား၊ စိတ်တန်ခိုး ထွက်ကြောင်း တရားလို့လဲ ဟောတော်မူပါတယ်။ ဒီ **အရှက်အကြောက်** တရား ၂-ပါး မရှိရင် သီလဆိုတာ မဖြစ်နိုင်ပါဘူး။ သီလ မစောင့်ခင် ကြိုတင်ရှိထားနှင့်ရမယ့် တရားပေါ့ဗျာ' (ဒေဝဓမ္မဇာတ်နှင့် အံ-၁၊ ၅၃။)

(၈) **သုတ ဗဟုသုတ**- မြတ်စွာဘုရားဟောတဲ့ တရားစာပေတွေကို (ဓာတ)- လေ့လာမှတ်သား ဆောင်ထား၊ ရထားရမယ်။ (ဝစသာပရိစိတာ) ရွတ်ဆို နေရမယ်၊ (မနသာနုပေက္ခိတာ)- စိတ်ထဲကလဲ အနက်အဓိပ္ပာယ်တွေကို တွေးခေါ် ကြံဆပြီး နှလုံးသွင်းနေရမယ်တဲ့။ သုတ - ဗဟုသုတဆိုလို့ ပေါက်တတ်, ကရ, အကြားအမြင်မျိုးကို ပြောတာ မဟုတ်ဘူး ကိုသန့်ဇင်။

(၉) **ဝီရိယ**- ကုသိုလ်သာဖြစ်ပြီး အကုသိုလ် မဖြစ်အောင်လဲ ကြိုးစားရမယ်၊ သမ္မပ္ပဓာန် ဝီရိယပေါ့ဗျာ ... ။

(၁၀) **သတိ**- မိမိ, သူတစ်ပါးပြောဆိုလုပ်ကိုင်ခဲ့တဲ့ ကုသိုလ်ဝတ်တွေကို ဘယ်လောက်ကြာကြာ သတိရနေရမယ်။ အခု ကိုသန့်ဇင် ... ဦးလေးပြောတာကို နားစိုက်မှတ်နေတာ၊ နောင်လဲ သတိရနေမှာ၊ ဒါတွေ အားလုံး အကျုံးဝင်တယ်။ အဋ္ဌကထာမှာ တိတိလင်းလင်း ဖွင့်ဆိုထားပါတယ်။ အထူးသဖြင့် တရားဓမ္မကို မှတ်သားထားရမယ်၊ ရှုမှတ်နေရမယ်။

http://www.dhammavideo.com/



(၁၁) **ပညာ**- အဖြစ်အပျက်ကို မြင်တဲ့ ပညာလဲ ရှိရမယ်။ ရှိအောင် လုပ်ရမယ်၊ သူသူ ငါငါ ပြောနေကြတဲ့ ပညာမျိုး မဟုတ်ဘူးနော်။ ဒီနေရာမှာ အထူးမှတ်ဖို့က 'အရိယဓန' ခေါ်တဲ့ **သူတော်ကောင်း ဥစ္စာ ခုနစ်ပါး** ဆိုပြီး ပါထိကဝဂ္ဂ ပါဠိတော်မှာတော့ **သဒ္ဓါ၊ သီလ၊ ဟီရိ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာ**လို့ အဲသလို ရှိပါတယ်။ အဲသလို ထူးခြားကွဲလွဲတာကိုလဲ မှတ်ထားရသဗျာ့။

## စျာန်လေးပါး နှင့် ပု၊ ဒိ၊ အာ

(၁၂) ပထမစျာန်၊
(၁၃) ဒုတိယစျာန်၊
(၁၄) တတိယစျာန်၊
(၁၅) စတုတ္ထစျာန်။ ဒီစျာန်လေးပါးကိုလဲ စက်နှိုးထားတဲ့ ယာဉ်လို အချိန်မရွေး၊ လိုတိုင်းရ၊ လိုသလိုရအောင် ရှိထားရမယ်တဲ့။

ဒီ စျာန်လေးပါးကို '**ဒိဋ္ဌဓမ္မ သုခဝိဟာရ**' လို့လဲ ခေါ်ပါတယ် ဦးသောင်းရေ့၊ ဗမာလိုတော့ '**လက်တွေ့ လက်ငင်း ချမ်းသာစွာ နေထိုင်နည်း**' ပေါ့ဗျာ။ လူသားစင်စစ်က ဖြဟ္မာ့ စည်းစိမ် ခံစားရတဲ့ အလုပ်ပါ။ ဦးသောင်း သိပြီးသားပါ။ ခုခေတ်မှာလဲ ထိထိခိုက်ခိုက် တရားရှုမှတ်တဲ့ လူတိုင်း ပထမစျာန် စသည် ကိုယ်နှင့် တန်သလောက် ရ, ရောက်နေတဲ့ ယောဂီတွေ အများကြီး ရှိနေပါပြီ။



မသိသူ ကျော်သွား၊ သိသူဖော်စားပေါ့ဗျာ။ စျာန်ရတယ်ဆိုတာ ဘာမှ ခက်ခဲတဲ့အလုပ် မဟုတ်ဘူး။

'ဒီ တရား ၁၅-မျိုးရှိထားတဲ့ သူတိုင်း ...

၁။ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်** - မိမိ, သူတစ်ပါးတို့ရဲ့ ရှေးရှေးက ဘဝဘဝတွေ ရာထောင်ချီပြီး သိမြင်လာမယ်။

၂။ **ဒိဗ္ဗစက္ခုဉာဏ်** - တစ်လောကလုံးကို ထိုးဖောက်မြင်နိုင်တဲ့ နတ်မျက်စိရလာမယ်။ နောက်ပြီးတော့ ...

၃။ **အာသဝက္ခယဉာဏ်** - ကိလေသာတွေ အားလုံးကုန်ခန်းလို့ ရဟန္တာဖြစ်ပြီးသကာလ နိဗ္ဗာန်ကို ဒိပစ္စက္ခဘဝမှာပဲ ကိုယ်တိုင်သိရ၊ တွေ့ရ၊ မျက်မှောက်ပြုရလိမ့်မယ်တဲ့ဗျား။ အကျဉ်းချုပ်တော့ ပု-ဒိ-အာ ပေါ့ဗျာ'

'ရှေ့က ၁၅-ပါးက စရဏ- သီလ၊ နောက်က ပု-ဒိ-အာ ၃-ပါးက ဝိဇ္ဇာ- ပညာ၊ ဒီလိုမဟုတ်လား ဆရာကြီး'

'ဟုတ်ပါ့ ဦးသောင်း၊ အဲဒါ ကိုသန့်ဇင် ... ဝိဇ္ဇာစရဏ- သမ္ပန္နော- ဝိဇ္ဇာ သုံးပါး၊ စရဏ ၁၅-ပါး တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ဆိုတဲ့ ဟာပါပဲ'

'အာ ... ဆရာကြီး တိုက်ရိုက်ပြောလို့ ရိပ်မိသွားပြီ၊ အဲလိုကိုတော့ ဝိဇ္ဇာစရဏ ဂုဏ်တော်ကို ကျွန်တော်တို့ ကောင်းကောင်းကြီး ကြည်ညိုတတ်သွားပြီ ဆရာကြီး၊ နေရာကျလိုက်တာ၊ ဆရာကြီးက 'ဒီလို, သယ် သွားတာကိုဗျာ့'

http://www.dhammavideo.com/



'ဦးလေး သယ်တာ မဟုတ်ပါဘူး ကိုသန့်ဇင်၊ အရှင်အာနန္ဒာက သယ်တာကို ဖောက်သည်ချရတာပါ'

'အင်း ... ဆရာကြီး တရားက တရားတစ်ပုဒ်လဲ ပြီးရော ဂုဏ်တော်တစ်ခုကိုလဲ ကောင်းကောင်း အာရုံပြုတတ်ရော၊ လူတွေဟာ ကိုယ်နှင့်တန်ရုံ စရဏဝိဇ္ဇာ ဘာတွေလုပ်ရမယ်ဆိုတာလဲ ပါရော၊ ကောင်းလိုက်တာဗျာ ... သာဓု ... သာဓု'

'ဟုတ်တယ် အန်ကယ်သောင်းရေ့၊ သူတော်ကောင်းတရား ၇-ပါး ဆိုတာလဲ ပြောသာ နေကြတယ်၊ ဆရာကြီး အမိန့်ရှိမှ နှလုံးသားထဲ ဝင်တော့တယ်။ နောက်ပြီး ဆရာကြီး ဝိဇ္ဇာ ၈-ပါး ဆိုတာကကော'

'အဲဒါတော့ ကိုသန့်ဇင် ... ပု-ဒိ-အာ ဝိဇ္ဇာသုံးပါးဆိုတာ အဘိညာဉ် ၇-ပါး ရှိတဲ့အထဲက လိုရင်းဖြစ်တဲ့ ပုနှင့် ဒိ နှစ်ပါးတင် ယူထားတာ။ အကျယ်ဖြန့်လိုက်ရင် အဘိညာဉ် ၇-ပါးနှင့် အာသဝက္ခယဉာဏ် ၁-ပါး၊ ပေါင်း ၈-ပါး ဖြစ်သွားတာပေါ့။ အဘိ ညာဉ် ၇-ပါးဆိုတာက ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ပုဗ္ဗေနိဝါသ၊ အနာဂတံသ၊ စေတောပရိယ၊ ယထာကမ္မုပဂ- (ဣ၊ ဒိ၊ ဒိ၊ ပု၊, နာ၊ စေ၊ မ္မု၊, ခုနစ် အဘိညာဉ်) ပေါ့ဗျာ'

ဆောင်ပုဒ်။ * သိ, ကြန်, ဘော, ဇာ၊ သဒ္ဓမ္မာနှင့်၊ ဈာနလေးခု၊ ရအောင် ပြု၊ ပု-ဒိ-အာသို့ တိုင်။

* ဝိဇ္ဇာ့စရဏ၊ ပြည့်စုံမှ၊ သုခနိဗ္ဗာန် ပိုင်။



## အိုင်းစတိုင်း ပြောတဲ့ အကျိုးနှင့်တူသော ဘာသာရေးလား

'လွှတ်တော်ဖွင့်ပွဲတရားက မပြီးသေးဘူး ကိုသန့်ဇင်၊ နှုတ်ခမ်းသတ်ဖို့ ကျန်သေးတယ်။ ဒီနေရာမှာ ရပ်ပြီး မှတ်သားခဲ့ဖို့က 'သီ၊ ကြန်၊ ဘော၊ ဇာ၊ သဒ္ဓမ္မာ၊ ဈာန်' ဆိုတဲ့ ၁၅-ပါးကို သီလ, 'စရဏ' ခေါ်တယ်ဆိုတာ သိခဲ့ပြီ၊ ဘာကြောင့် စရဏ ခေါ်သလဲ ဆိုတော့ ခြေနှင့် လက်နှင့် တူတယ်တဲ့။ ခြေထောက်ရှိမှ မရောက်ဖူးသေးတဲ့အရပ်၊ ကိုယ်သွားလိုတဲ့ အရပ်ကို ရောက်မှာကိုး။ လက်ရှိမှလဲ ကိုယ်လိုချင်တာ ယူနိုင်မယ်၊ ဒီလို မဟုတ်လား ဦးသောင်း'

'မှန်ပါတယ်'

'နောက်ပြီး ဝိဇ္ဇာခေါ်တဲ့ ပညာက မျက်စိ။ သွားနိုင်လာနိုင် ယူနိုင်ပေမယ့်လို့ မျက်စိအမြင် မရှိပြန်ရင်လဲ သွားလိုတာ ယူလိုတာ တည့်အောင် သွားနိုင် ယူနိုင်ပါ့ဦးမလား'

'ဆရာကြီး ... ဒီနေရာမှာ အဏုမြူဖခင်ကြီး အိုင်းစတိုင်း ပြောတဲ့ စကားတစ်ခုရှိတယ် ဆရာကြီး'

'ဆိုပါဦး ကိုသန့်ဇင်'

'ဘာသာရေး မပါသော သိပ္ပံပညာသည် အကန်းနှင့် တူ၏။ သိပ္ပံပညာ မပါသော ဘာသာရေးသည် အကျိုးနှင့် တူ၏ တဲ့ ဆရာကြီး'

'အင်း ... အိုင်းစတိုင်းစကားက သာမန်ကြည့်ရင်တော့ ဟုတ်သလိုလိုပဲကွ၊ ဒါပေမယ့် သူဟာ ဗုဒ္ဓဘာသာကို ကောင်းကောင်း

http://www.dhammavideo.com/



တွေ့မသွားလို့၊ မသိလို့ ပြောတာပါ။ ကိုသန့်ဇင် စဉ်းစားကြည့်လေ။ အခု အရှင်အာနန္ဒာ ဟောတာ ဗုဒ္ဓဘာသာ ခြေရော လက်ရော မျက်စိရော အကုန်ပါတယ် မဟုတ်လား။ အကျိုးနှင့် အကြောင်း နှစ်ယောက်ပေါင်းမှ လမ်းသွားလို့ရတဲ့ ဘာသာမျိုး မဟုတ်ဘူး။ 'ဝိဇ္ဇာစရဏ သမ္ပန္န' ဘက်စုံ ဘာသာကြီး၊ အသိဉာဏ်နှင့် အကျင့်ထပ်တူ ပြည့်စုံညီညွတ်တဲ့ ဘာသာကြီး၊ ဒီလို မဟုတ်ပေဘူးလား'

'ကောင်းလိုက်တာ ဆရာကြီးခင်ဗျာ'

## ကြက်မနှင့် ကြက်ဥ တာဝန်သုံးခု

'မြတ်စွာဘုရားရှင်မှာ အတုမရှိ သွားနိုင် ယူနိုင် မြင်နိုင်လို့ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်နှင့် ပြည့်စုံတော်မူသလို ကိုသန့်ဇင်တို့ ဦးလေးတို့တစ်တွေလဲ ဦးလေးတို့နှင့် တန်တဲ့ ခြေလက်, မျက်စိရှိအောင် လုပ်ရမယ် တဲ့၊ အခု အရှင်အာနန္ဒာ ဟောနေတာက ဒါပဲ။ ဒီ လွှတ်တော်ဖွင့်ပွဲတရားကို နှုတ်ခမ်းသတ်ဖို့ လိုနေသေးတယ် ကိုသန့်ဇင်။ အရှင်အာနန္ဒာက ဒီ စရဏ ၁၅-ပါးကို ကြက်မကြီးက မိမိဥတွေကို စောင့်ရှောက်သလို စောင့်ရှောက်ရမယ်' တဲ့။

'ကြက်မဟာ ဥတွေကို ဥရုံ ဥပြီး ပစ်ထားရင် ပုပ်သွားမယ်။ အဲသလို မပုပ်အောင် တောင်ပံနှစ်ဖက် ဖြန့်ကြက်ပြီး ဝပ်ပေးရမယ်။ မကြာခဏ အပူငွေ့ ရင်ငွေ့ လုံပေးရမယ်။ နောက်ပြီး မကြာခဏ ကြက်နံ့ ထုံပေးရမယ်။ အဲသလို တာဝန်သုံးရပ် ကျေပွန်စွာ စောင့်ရှောက်မယ်ဆိုရင် ... တဲ့။ 'ငါ့ ကြက်သားငယ်ကလေးတွေ ခြေသည်း လက်သည်း နှုတ်သီးနှင့် ဥခွံကို ဖောက်ခွဲပြီး ချမ်းချမ်းသာသာ ပေါက်



နိုင်ပါစေ၊ ထွက်နိုင်ပါစေလို့' ဆုတောင်းဖို့၊ ဆန္ဒပြုဖို့ မလိုဘူးတဲ့ ကိုသန့်ဇင်။ သူ့ အလိုလို ဥခွံကို ဖောက်ခွဲပြီး ထွက်လာပါလိမ့်မယ်တဲ့။

'ထို့အတူပါပဲ တဲ့၊ ဘုရားတပည့်တွေဟာ၊ ဗုဒ္ဓဘာသာဝင်တွေဟာ ဒီ 'သီလ္လက္ခန်သောဇ၊ သဒ္ဓမ္မာ, ဈာန်' ၁၅-တန်သော ဥတွေကို မကြာခဏ ဝပ်ပေးမယ်၊ ကိုယ်ငွေ့ပေးမယ်၊ ကိုယ်နံ့ ထုံပေးမယ်ဆိုရင် ဥခွံထဲက ကြက်ငယ်ဟာ တဖြည်းဖြည်း ခြေသည်း လက်သည်း နှုတ်သီးတွေက မာကျောလာ၊ ဥခွံတွေက ပါးပါးလိုက်လာပြီး အပြင်က အလင်းရောင်တွေ မြင်လာရတော့ ဥခွံကို ခြေနှစ်ဖက်နှင့် ကန်ခွဲ၊ လည်ပင်းဆန့်ကာ တောင်ပံနှစ်ဖက် ခတ်ပြီး တွန်ကျူး ထွက်လာသလို ဗုဒ္ဓဘာသာဝင်တွေဟာလဲ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင် ဥခွံဖောက်ခွဲပြီး ထွက်လာနိုင်ပါလိမ့်မယ် တဲ့ဗျား'

'ကောင်းလိုက်တဲ့ ဥပမာပါလား ဆရာကြီး'

'ပကတိ ကြက်ကတော့ နှစ်ကြိမ်သာ ဖောက်ခွဲ ရုန်းထွက်ရသော်လဲ အရိယာပုဂ္ဂိုလ်များကျတော့ အဝိဇ္ဇာဥခွံကို သုံးကြိမ်တိုင်တိုင် ဖောက်ခွဲထွက်ရပါတယ် တဲ့'

'ပထမဆုံး မိမိ- သူတစ်ပါးရဲ့ ဘဝ ဘဝတွေကို မမြင်အောင် ဖုံးကွယ်ထားတဲ့ မောဟဥခွံ'

ဒုတိယ- တစ်လောကလုံး ဖြစ်ပျက် မွေး သေ ကျင်လည်နေကြတဲ့ သတ္တဝါတွေနှင့် အဖြစ်အပျက်တွေကို ထိုးဖောက် မမြင်နိုင်အောင် ဖုံးကွယ်ထားတဲ့ မောဟဥခွံ၊

နောက်ဆုံး- နိဗ္ဗာန်ကို မမြင်အောင် ဖုံးကွယ်ထားတဲ့

http://www.dhammavideo.com/



အဝိဇ္ဇာ မောဟဉခွံ၊ ပု,ဒိ အာ-ပေါ့ဗျာ။ အဲသလို ထွက်နိုင်အောင် စရဏ ၁၅-ပါးကိုသာ ပွားထုံကြပါ။ ဆုမတောင်းဘဲနှင့် နိဗ္ဗာန်ရမယ် ပေါ့ဗျာ'

## အောက်အီအီးအွတ် - လောကမှာ ငါအကြီးဆုံး

'အင်း ... ကောင်းလိုက်တဲ့ ဥပမာဗျာ၊ ကျွန်တော်တို့လဲ ဘယ်တော့များမှ လည်ပင်းမော့၊ တောင်ပံနှစ်ဖက်ခတ်ပြီး အောက်အီအီးအွတ် နိုင်မလဲ မသိပါဘူး'

'အဲ ... နာနာသာ ဝပ်ပါလေ၊ ဉခွံပါးလာရင်တော့ အလင်းရောင်ကလေး မြင်လာရမှာပေါ့ဗျာ။ ပြောဦးမည် ဦးသောင်းရေ၊ မြတ်စွာဘုရား အလောင်းတော် မွေးဖွားတော်မူစက 'ဇေဋ္ဌောဟ မသ္မိလောကဿ- ငါဟာ လောကမှာ အကြီးဆုံး' လို့ ကြွေးကြော်တာရှိတယ်။

'နောက်ပြီး ဘုရားဖြစ်တော်မူပြီးတဲ့နောက်မှာလဲ ဗြာဟ္မဏ ဆရာကြီးတွေက ဘုရားရှင်ကို ငယ်ငယ်ရွယ်ရွယ်နှင့် လူကြီးတွေကို အရိုအသေ မပေးရကောင်းလားလို့ အပြော အဆိုတွေ ရှိလာတယ်။ အဲဒီအခါမှာလဲ 'လောကမှာ ငါ အကြီးဆုံး အမြတ်ဆုံး' လို့ မိန့်တော်မူလေ့ရှိတယ်လေ ...။

'အဓိပ္ပာယ်က အဝိဇ္ဇာတည်းဟူသော ဉခွံထဲက ငါဘုရားရှင် အရင်ဆုံး ထွက်ခဲ့လို့ ငါအကြီးဆုံး' လို့ ဟောတော်မူလိုတာပဲ ဦးသောင်း'



'ဒီ လွှတ်တော်တရားကို အရှင်အာနန္ဒာက လောကအနေဖြင့် အမျိုးအနွယ်စွဲစကား ပြောမယ်ဆိုရင် ခတ္တိယမင်းမျိုးဟာ အမြတ်ဆုံး၊ နတ်နှင့်တကွသော သုံးလောကမှာ ဝိဇ္ဇာနှင့်စရဏ နှစ်ဝပြည့်စုံသူသာလျှင် အမြတ်ဆုံးလို့ သနင်္ကုမာရဗြဟ္မာ ရင့်ကျူးတဲ့စကားဟာ ကောင်းမြတ် မှန်ကန်သော ရင့်ကျူးခြင်းဖြစ်ပါပေတယ်လို့ တရားကို နိဂုံးချုပ်ပါတယ် ဦးသောင်း၊ အဲဒီအခါမှာ မြတ်စွာဘုရားရှင်က စပြီး သာဓု ခေါ်တော်မူပါတယ် ...'

## သဗ္ဗမင်္ဂလာဂါထာ၏ နောက်ခံသမိုင်း နှစ်မျိုး

'ကျွန်တော်တို့လဲ ဆရာကြီးထံမှ တစ်ဆင့်ကြားရလို့ အကြိမ်ကြိမ် သာဓုခေါ် ကြည်ညိုရပါတယ် ဆရာကြီး ...၊ နောက်ပြီး မရှင်းတာကလေးတစ်ခု မေးပါရစေ'

'မေးပါ ကိုသန့်ဇင်ရယ် ... ဘာတွေများတုံး'

'တစ်ခြားတော့ မဟုတ်ပါဘူး၊ ရှေးရှေးက ဆရာတော်ကြီးတွေရော ခုခေတ်မှာရော ရဟန်းရှင်လူ တော်တော်များများ ရွတ်ဆိုနေကြတဲ့ 'ဒိဝါတပတိ' သဗ္ဗမင်္ဂလာ ဂါထာပေါ့ဗျာ၊ ကျွန်တော့် ဆရာတော်တစ်ပါး အမိန့်ရှိလို့ မှတ်ထားတာနှင့် ယခုအခါ ရေးကြ ပြောကြတာနှင့် မတူဘဲ ဖြစ်နေလို့'

'ကိုရင့် ဆရာတော်က ဒီဂါထာကို ဘယ်လိုပြောလို့တုံး ကိုသန့်ဇင်'

http://www.dhammavideo.com/



## မဟာကပ္ပိနထေရ်အား ချီးကျူးဂါထာ

'ကျွန်တော့် ဆရာတော်က ဒီဂါထာက မဟာကပ္ပိနမထေရ်ကို အကြောင်းပြုပြီး ဟောတဲ့ ဂါထာလို့ အမိန့်ရှိဖူးပါတယ်။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားရှင် သံဃာတော်များနှင့် သီတင်းသုံးတော်မူခိုက် မြတ်စွာဘုရားရှင်ထံ မဟာကပ္ပိနမထေရ် သွားရောက်တဲ့အချိန် မြတ်စွာဘုရားက အနီးရှိ ရဟန်းများကို ...

'ချစ်သားတို့ ဟိုမှာကြည့်စမ်း။ အသားဖြူဖြူ နှာခေါင်းချွန်ချွန်နှင့် လာနေတဲ့ ရဟန်းကို သင်တို့ မြင်ကြရဲ့ မဟုတ်လား။ အဲဒီ ငါ့ချစ်သားဟာ အလွန် တန်ခိုးကြီးပါဒ် ကြီးတယ်။ သူ မဝင်စားဖူးတဲ့ သမာပတ်ရယ်လို့ မရှိဘူး၊ လွယ်လွယ်ကူကူ ဝင်စားနိုင်တာချည်းပဲ ချစ်သားတို့ ... လို့ မိန့်တော်မူပြီး 'ဒိဝါတပတိ' ဂါထာကို ဟောကြားချီးကျူးတော် မူတယ်လို့ ဆိုပါတယ်။

'အေး ... ကိုသန့်ဇင် ဆရာတော် အမိန့်ရှိတာလဲ အမှန်ပါပဲ။ အဲဒီမှာ မြတ်စွာဘုရားက ဒါတင် မကသေးဘူး၊ စောစောကပြောတဲ့ အရှင်အာနန္ဒာ လွှတ်တော်တရားသိမ်း ဂါထာကိုပါ ရွတ်ဆိုချီးမြှောက်တော်မူပါတယ်။ ခတ္တိယမျိုး အမြတ်ဆုံး၊ ဝိဇ္ဇာစရဏ ပြည့်စုံသူ အမြတ်ဆုံးဆိုတဲ့ ဂါထာလေ။ အရှင် မဟာကပ္ပိနကို မြတ်စွာဘုရား အလွန်မြှောက်စားတော်မူပါတယ်။ တပည့်တွေကို ဟောပြောဆုံးမတဲ့နေရာမှာလဲ ဧတဒဂ် ပေးတော်မူတယ်။ ထူးထူးခြားခြား သူရဲ့ တပည့်နှစ်ပါးဟာဆိုရင်လဲ ခုနက သံဃာ့ပရိသတ်အလယ်မှာ မိန့်ကြားသလို မဝင်စားဖူးတဲ့ သမာပတ် မရှိဘူးလို့ ထပ်တူထပ်မျှ မြှောက်စားတော်မူတယ် ကိုသန့်ဇင်'



'ခုနက ကိုသန့်ဇင် ဆရာတော် အမိန့်ရှိတဲ့ အကြောင်းက နိဒါနသံယုတ် ပါဠိတော်မှာ ပါတယ်လေ။ အရှင်မဟာ ကပ္ပိနရဲ့ ထူးခြားတဲ့ တပည့်နှစ်ပါး အကြောင်းနှင့် ဆက်လျက်ပါပဲ'

'အဲသလို ဆရာကြီး အမိန့်ရှိတော့ ကျွန်တော်တို့ ဘဝင်ကျသွားပါပြီ။ ဒါပေမယ့် ဒီဂါထာနှင့်ပတ်သက်လို့က အရှင်ကာဠုဒါယီ၊ ကောသလမင်းကြီးတို့နှင့် တွဲပြီး ပြောကြ၊ ရေးကြတာပဲ တွေ့တွေ့နေရလို့ ...'

## တစ်ညနေခင်း၏ ဆုံစည်းလာသော အလှများ

'ဟုတ်ပါတယ် ... အဲဒါက ဓမ္မပဒမှာ ဟောတော်မူတာကိုသာ အတွေ့များလို့ ပြောကြ၊ ရေးကြတာပဲ။ ပြောကြ၊ ရေးကြတာလဲ မပြောနှင့်၊ အဲဒီမှာက ပိုပြီး ကြည်ညိုသမှု၊ ဆွဲဆောင်မှု ရှိပေသကိုး'

'မြတ်စွာဘုရားရှင်ဟာ တစ်ခုသော သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းအချိန် မဟာပဝါရဏာပြုဖို့ သံဃာတော်များနှင့်အတူ မိဂါရမာတာ ပြာသာဒ်ကျောင်းတော်မှာ စည်းဝေးနေခိုက် ...

ကောသလမင်းကြီးက ပြိုးပြိုးပြက်ပြက်နှင့် ကျောက်မျက်ရတနာတွေ စီခြယ်တဲ့ မင်းဝတ်တန်ဆာတွေနှင့် လာရောက်ကြည်ညိုတယ်။

နေက ဝင်ဆဲ၊ လ ကလဲ ထွက်ဆဲထွက်ပြူစ၊ အချိန်အခါကလဲ စိတ်နှလုံး ချမ်းမြေ့စရာပေါ့။

'ဘုရား အမှူးရှိသော သံဃာတော် ပရိသတ်ကြီးကလဲ တိတ်ဆိတ်ပြီး စိတ်ကြည်နူးစရာ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး

http://www.dhammavideo.com/



ပတ်ပတ်လည်မှာ ရှိသေစွာ ခ,စားနေကြတယ်။ အဲဒီ သံဃာတော်တွေထဲမှာလဲ အရှင်ကာဠုဒါယီမထေရ်ဟာ သမာပတ်ဝင်စားနေတဲ့အတွက် ထူးထူးခြားခြား အသားအရောင်တွေ ကြည်လင်လှပပြီး နေသတဲ့။ ဒီလို မဟုတ်လား ကိုသန့်ဇင်'

'ဟုတ်ပါတယ် ဆရာကြီး'

'မြတ်စွာဘုရားရှင်အနီးမှာ ခ,စားနေတဲ့ အရှင်အာနန္ဒာက အဲသည် မြင်ကွင်းတွေအားလုံးကို သတိပြုမိလိုက်တယ်။ လထွက်, နေဝင်, ရှင်ဘုရင်နှင့် အရှင်ကာဠုဒါယီတို့ရဲ့ မြင်ကွင်းကို ကြည့်လိုက်၊ မြတ်စွာဘုရားရှင် မျက်နှာတော်ကို မသိမသာဖူးလိုက်နှင့် စိတ်ထဲမှာ အောင့်မထားနိုင်တော့ မြတ်စွာဘုရားကို ဒီလို လျှောက်ထားတယ်'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တိုက်တိုက်ဆိုင်ဆိုင် တစ်ပြိုင်နက် ထွန်းလင်းတောက်ပနေတဲ့ လ,နေ,ဘုရင်,အရှင် ကာဠုဒါယီတို့၏ အရောင်တွေကို သတိပြု ကြည့်ရှုနေရင်းက မြတ်စွာဘုရားရှင်၏ တစ်ကိုယ်တော်လုံး လွှမ်းဖုံး လွှင့်ပျံ့ပြီး ကွန့်မြူးနေတဲ့ ကိုယ်တော်ရောင်ကသာလျှင် အလင်းရောင်အားလုံးထက် လွန်ကဲ၍ နှစ်သက်ဖွယ် ရှိပါပေတယ်ဘုရား ... အရှင်အာနန္ဒာ လျှောက်ထားလို့ မြတ်စွာဘုရားက 'ဒိဝါတပတိ' ဂါထာကို ရွတ်ဆို ဟောကြားတော်မူတာကိုး ကိုသန့်ဇင်'

'ဟုတ်ပါတယ် ဆရာကြီး၊ ဒီ အတ္ထုပ္ပတ္တိကိုပဲ ဖတ်ရဖန်များတော့ ကျွန်တော့်ဆရာတော် အမိန့်ရှိတဲ့ အရှင်မဟာကပ္ပိနထေရ်ဆိုတာများ အမှတ်မှားပြီး မိန့်တော် မူလေသလားလို့ပါ'



'မဟာကပ္ပိနဆိုတာလဲ မှန်ပါတယ်၊ တရားတစ်ပုဒ်၊ ဂါထာတစ်ခုဟာ တစ်ဦးတစ်ယောက် တစ်နေရာတည်းမှာပဲ ဟောတယ်လို့ ဒီလိုချည်း ပုံသေမှတ်လို့ မရဘူး ကိုသန့်ဇင်။ သဘာဝလဲ မကျဘူး။ အဲဒီ သံယုတ်ပါဠိတော် သဂါထာဝဂ်မှာပဲ 'ဒိဝါတပတိ' ဂါထာ တစ်စိတ်တစ်ဒေသ ဟောထားတာ နှစ်နေရာတောင် ရှိသေးတယ်။ ပဉ္စာလတသုတ်, မာဃသုတ်လို့ ခေါ်တယ်။ ဂါထာ အဓိပ္ပာယ်ကို ဖွင့်ဆိုတဲ့ နေရာမှာ သံယုတ်အဋ္ဌကထာ (သံ- ဋ္ဌ- ၂၊ ၂၂၆) ကတောင် ပိုပြီး ပြည့်စုံသေးတယ် ... ။

'အဲဒီ သံယုတ်အဋ္ဌကထာမှာပဲ ဒါနှင့်စပ်လို့ မှတ်သားဖို့ကောင်းတဲ့ ဒိဝါတပတိ ဇာတ်လမ်းတစ်ခုလဲ ပါသေးတယ် ကိုသန့်ဇင်၊ အဲဒါက ...

## ဒိဝါတပတိ တစ်ထောင်တန် ဂါထာ

'တစ်ခါက သီဟိုဠ်ကျွန်းမှာ မဟာစေတီတော်ကြီးအနီး ဘာတိက (နှောင်တော်ကြီး) ခေါ်တဲ့ မင်းတရားကြီး သံဃာတော်များကို ပင့်ဖိတ်ပြီး အလှူဒါန ပြုလုပ်နေတဲ့ အခိုက်မှာ နေလဲ ဝင်စ၊ လလဲ ထွက်ပေါ်ဆဲ ဖြစ်နေသတဲ့။ အဲဒါကို မင်းကြီးက သတိပြုမိပြီး အနားမှာရှိတဲ့ သူ့ရဲ့ ပညာရှိအမတ်တစ်ဦးကို ရုတ်တရက် မေးတော်မူလိုက်တယ်။

'အမတ်ကြီး ... ပိဋကသုံးပုံထဲက ရတနာသုံးပါးလုံးလဲပါတဲ့ ဇယမင်္ဂလာ အောင်ခြင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုပါဆိုတော့ အမတ်ကြီးက ခဏ စဉ်းစားပြီး 'ဒိဝါတပတိ' ဂါထာကို ရွတ်ဆိုလျှောက်တယ်။

http://www.dhammavideo.com/



၁။ **ဒိဝါတပတိ အာဒိစ္စော**- အာဒိစ္စော (အာဒိတ်စော)- ရောင်ခြည်တစ်ထောင် **အလင်းဆောင်**သော နေမင်းသည်။ ဒိဝါ- **နေ့အခါ၌သာလျှင်။** တပတိ- ထွန်းလင်းတောက်ပ၏။

အမတ်**ကြီးက ဒီအပိုဒ်ကို** ရွတ်ပြီးတော့ ဝင်လုဆဲဖြစ်တဲ့ **နေကို လှမ်းပြီး လက်**အုပ်ချီလိုက်တယ်။

၂။ **ရတ္တိံ မာဘာတိ စန္ဒိမာ**- စန္ဒိမာ- လမင်းကြီးသည်လည်း။ **ရတ္တိံ- ညဉ့်အခါ၌**သာလျှင်။ အာဘာတိ- ဆီးနှင်း၊ **မြူတိမ်၊ သူရိန်မီးခိုး၊** ညစ်မျိုးငါးဝ၊ ကင်းစင်မှသာလျှင်။ **အာဘာတိ**- ထွန်းလင်းတောက်ပ၏ဆိုပြီး ထွက်ပြူစ **လ,မင်းကြီးဆီ** လက်အုပ် ချီလိုက်သတဲ့။

၃။ **သန္နဒ္ဓေါ ခတ္တိယော** တပတိ- ခတ္တိယော (ခတ်တိယော) ရေမြေ့သနင်း၊ ပြည့်ရှင်မင်းသည်လည်း။ သန္နဒ္ဓေါ (သန်နတ်ဒေါ)- မင်းမြောက်တန်ဆာ၊ ဒွါဒရာကို၊ ဝတ်ဆင်တော်မူမှ သာလျှင်။ တပတိ- **မင်းတို့**ကျက်သရေ ထွန်းလင်း တောက်ပနိုင်ပေ၏ - **ဆိုပြီး**တော့လဲ အနီးရှိ မင်းကြီးကို အမတ်က **လက်အုပ်ချီ**လိုက်ပြန်တယ်။

၄။ **ဈာယီ** တပတိ ဗြာဟ္မဏော- ဗြာဟ္မဏော (ဗရာဟ်မနော)- ကိလေသာ ကုန်ခမ်းသည့် ရဟန္တာအရှင်မြတ်သည်ပင်လျှင်။ ဈာယီ- အာရုံ, လက္ခဏာ၊ နှစ်ဖြာဈာန်



မွေ့၊ သမာပတ် ဝင်စား၍ နေမှသာလျှင်။ တပတိ- ရဟန်းတို့ ကျက်သရေ၊ ထွန်းလင်း တောက်ပနိုင်ပေ၏။ - ဆိုပြီး စည်းဝေးကြွရောက်တော်မူနေကြတဲ့ သံဃာပရိသတ်ကြီးဆီ လက်အုပ်ချီ ကန်တော့လိုက်သတဲ့ ကိုသန့်ဇင်'

'ဆီလျော်လိုက်တာ ဆရာကြီးရယ်

'ပညာရှိ အမတ်ကြီးလေဗျာ'

၅။ **'အထ သဗ္ဗ, မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။**

အထ- ထိုမှတစ်ပါး။ ဗုဒ္ဓေါ- မြတ်စွာဘုရားရှင်သည် သာလျှင်။ သဗ္ဗံ အဟောရတ္တိံ- နေ့ရော ညပါ၊ အခါခပ်သိမ်း။ တေဇသာ- ပညာ 'သီလ၊ ဂုဏ်, ဓမ္မနှင့်၊ ပုညတေဇော်၊ ငါးမျိုးသော အာနုဘော်တော်တို့ဖြင့်။ တပတိ- စိန်ရွှေမြရောင်၊ နေလ- ရောင်ထက်။ အခေါင်ညွန့်ကျူး၊ လွန်ကွန့်မြူးလျက်၊ အထူးပင် ထွန်းလင်း တောက်ပတော်မူပါပေ၏။

'အဲဒီ ပညာရှိအမတ်ကြီးက ဒီနေရာ ရောက်တော့ မလှမ်းမကမ်းမှာ ဖူးမြော်နေရတဲ့ မဟာစေတီတော်ကြီးဘက် လှမ်းပြီး လက်အုပ်ချီ ကန်တော့လိုက်သတဲ့ ကိုသန့်ဇင်'

'ကောင်းလိုက်တာ ဆရာကြီးရယ်'

'အေး နေဦး၊ အဲသလို မဟာစေတီတော်ကြီးဆီ လှမ်းပြီး ...းခေါင်းအထက် လက်အုပ်ချီမြှောက်တင်ကန်တော့နေတုန်း ...

http://www.dhammavideo.com/



'အမတ်ကြီး၊ သင့်လက်အုပ်ကို မချပါနှင့်ဦး' လို့ မင်းကြီးက တားပြီး လက်အုပ်ထဲ ဆုတော်ငွေ တစ်ထောင် ထည့်လိုက်သတဲ့ ကိုသန့်ဇင်ရေ။ သူတော်ကောင်းတွေ ပညာရှိတွေ လုပ်လိုက်မှဖြင့် မှတ်လောက်သားလောက်၊ အတုမယူလောက် ပေဘူးလား'

'အချိန်အခါ အခြေအနေနှင့် ကိုက်အောင် ရွတ်ဆိုပူဇော်တဲ့ နေရာမှာ အဲဒီ အမတ်ကြီးဟာ အမိဆုံးပါပဲ ဆရာကြီး'

'အဲဒီ အမတ်ကြီးထက် အချိန်အခါ အခြေအနေကို သတိရလို့ ရွတ်ဆိုခိုင်းပြီး ဆုတော်ချတဲ့ မင်းကြီးက ဓမ္မပူဇာ, အာမိသပူဇာ၊ ပညာရော ဒါနပါ ပြုလုပ်ချီးမြှောက်နိုင်တယ် ဆိုတော့ ...'

'အား ... ဟုတ်ပါပေတယ် ဆရာကြီး၊ ဘာတိကမင်းကြီးက ပိုပြီး ချီးကျူးစရာပါပဲ'

## စျာန်သမာပတ် နှစ်မျိုး

'အဲဒီ ဂါထာကို သံယုတ် အဋ္ဌကထာမှာပဲ 'သဗ္ဗမင်္ဂလာဂါထာ' အရာခပ်သိမ်း လောကီ- လောကုတ္တရာ ကျက်သရေမင်္ဂလာ၊ ဥစ္စာစီးပွား ကြီးပွားတိုးတက်ကြောင်း၊ ဘေးရန် ကင်းကြောင်း၊ ကောင်းမြတ်သော ဂါထာလို့ မှတ်ချက်ရေးထားတာပဲ ကိုသန့်ဇင်၊ ယခုအခါမှာလဲ ဒီဂါထာကို ရွတ်လို့ ဘယ်လို ဘေးရန်ကင်းတယ်၊ စီးပွားလာဘ်လာဘ တိုးတက်တယ်ဆိုပြီး ပြောဆိုနေကြတဲ့ ကိုယ်တွေ့ ဖြစ်ရပ်တွေလဲ အများကြီးပါ'

'ဆရာကြီး ခုနက ရွတ်ပြသွားတဲ့အထဲမှာ 'အာရုံ, လက္ခဏာ၊ နှစ်ဖြာ စျာန်မွေ့' ဆိုတာကလေး သိပါရစေ'



'ဪ် ... ဦးသောင်းမေးလဲ မေးစရာပါပဲ၊ ဒါက ဒီလိုပါ။ သမာပတ် ဝင်စားတယ်ဆိုတာ အာရုံတစ်ခုခုကို ရှုမှတ်တဲ့ သမထ, စျာန်သမာပတ်က တစ်မျိုး၊ 'အာရမ္မဏူပနိဇ္ဈာန်' လို့ ခေါ်တယ် ဦးသောင်း။ နောက်ပြီး ဦးသောင်းတို့ သိပြီးသားပါ။ ဖြစ်ပျက် လက္ခဏာရေး သုံးပါးကို ဝိပဿနာ ရှုပြီး သမာပတ်ဝင်စားတဲ့ စျာန်က တစ်မျိုး၊ 'လက္ခဏူပနိဇ္ဈာန်' လို့ ခေါ်ပါတယ်။ ဒါကို ပြောတာပါ'

'လေးနက်လိုက်တာပါလား ဆရာကြီးရယ် ...၊ နောက်ပြီး ကျွန်တော် နားထောင်နေတယ်၊ မြတ်စွာဘုရားရှင်ရဲ့ အရောင်တော်က သာလွန် တောက်ပတယ်ဆိုတဲ့ နေရာမှာ 'တေဇသာ' အနက်ပြန်သွားတာ ကောင်းမှန်းတော့ သိတယ် အဓိပ္ပာယ်က ကျွန်တော်တို့ ဉာဏ်မမီဘူး ဆရာကြီး'

## ဘုရားရှင်၏ တန်ခိုးတေဇော် ငါးမျိုး

'ဪ် ... ဟုတ်ပေတာပေါ့။ ကျွန်တော်တို့ ဘုန်းကြီးနှင့် ဘုန်းကြီးလူထွက်တွေက ကိုယ်သိတာတွေ လျှောက်ပြီးရေးကြ, ဟောကြတော့ လူတိုင်း နားလည်ဖို့ ခက်သဗျာ။ ပြောဆိုတဲ့ စကားလုံးတွေက စပြီး လေးနက်နေတာကိုး။ တစ်ချို့က 'သပိတ်သံ' ပါတယ်လို့တောင် ဆိုကြသေး။ ကျွန်တော်တော့ တမင်ကို အသုံးအနှုန်းက အစ လျှော့ချေးချပြီး ရေးခဲ့ရတာချည်း ပါပဲ။ ဒီကြားထဲ ဦးဌေးလှိုင်ရေးတာ ပေါ့ပျက်ပျက်၊ ကလေးစာလို့ ထင်တဲ့လူကလဲ ထင်ကြသဗျာ့'

'ကျွန်တော်တို့က 'လိုချင်တာ ယူ၊ တစ်ကျပ်ခွဲ' လမ်းဘေး လျှော့ဈေးဆိုင်မှာပဲ ဝင်တိုးနိုင်တဲ့ လူစားမျိုးပါ ဆရာကြီး။ ကျွန်တော်

http://www.dhammavideo.com/



တို့က ကျေးဇူးတောင် အထူးတင်ကြရတာပါ။ ဈေးလျှော့မှ လူအများ ဝယ်နိုင်ကြမှာ'

'အဲ ... ခုနက 'တေဇသာ' အနက်က 'ပညာသီလ၊ ဂုဏ် ဓမ္မနှင့် ပုညတေဇော်၊ ၅-မျိုးသော အာနုဘော်တော်ဖြင့်' ဆိုတာက ဓမ္မပဒ အဋ္ဌကထာ (၂၊ ၃၉၆) မှာ ဖွင့်ထားတဲ့အတိုင်း ရေးထားတဲ့ အနက်ပါ။ မြတ်စွာဘုရားရှင်မှာ တေဇ- ခေါ်တဲ့ တန်ခိုး အစွမ်း ၅-မျိုးရှိပါတယ်။ သီလ၊ ဂုဏ၊ ပညာ၊ ပုည၊ ဓမ္မ ပေါ့ဗျာ။

'သီလပျက်တဲ့ လောကကြီးကို သီလ အစွမ်းနှင့် လွှမ်းမိုးနိုင်တယ်၊ ထို့အတူ ဂုဏ- ဂုဏ်သိက္ခာမဲ့တဲ့၊ ပညာ- ပညာမဲ့တဲ့၊ ပုည- ရေးဘုန်းရေးကံ မဲ့တဲ့၊ ဓမ္မ- အဓမ္မတရား လွှမ်းမိုးနေတဲ့ ကမ္ဘာလောကကြီး၊ လူတွေ နတ်တွေ ဗြဟ္မာတွေ ဒါတွေအားလုံးမှာ သူ့တန်ခိုးအစွမ်းနှင့် သူ၊ သူ့နေရာနှင့် သူ၊ လွှမ်းမိုးအောင်မြင်တော်မူတယ်လို့ ဆိုလိုတာပါ။

'သီလပျက်၊ တရားပျက်တဲ့ ကမ္ဘာလောကကြီးမှာ သီလ လုံခြုံအောင်၊ သုစရိုက်တရား, သမထ, ဝိပဿနာ တရားတွေ တိုးတက်အောင်သာ ထူထောင်ကြပါဗျာ၊ သီလတေဇော်၊ ဓမ္မတေဇော်နှင့် ဒုဿီလသမားတွေ, အဓမ္မသမားတွေကို လွှမ်းမိုးသွားမယ်ဆိုတာ ယုံမှားစရာမရှိပါဘူး ဦးသောင်း၊ မြတ်စွာဘုရားရဲ့ တေဇ ၅-မျိုး ကိုယ်နှင့် တန်သလောက် အတုခိုးဖို့ ကျင့်သုံးကြဖို့ပါ'



## သက်တော် ၁၀၂-ဆရာတော်ကြီး အမြဲရွတ်သော ဂါထာတော်များ

'ဆရာကြီးရဲ့ စေတနာရော၊ စာပေ ပရိယတ္တိ အစွမ်းရော လေးစားပါတယ် ဆရာကြီး၊ တတ်နိုင်သမျှ လိုက်နာရမှာက ကျွန် တော်တို့ တာဝန်ပါ။ ဒါထက် ဆရာကြီး၊ ဒီ 'ဒီဝါတပတိ' သဗ္ဗမင်္ဂလာ, ယမင်္ဂလာ ဂါထာကြီးက သက်တော် ၁၀၂-နှစ်ရှိ စိကင်းဆရာတော် ကြီး အမြဲ ရွတ်ဆိုတော်မူတဲ့ ဂါထာဆို မဟုတ်လား'

'ဟုတ်ရုံတင် ဘယ်ကမလဲ ဦးသောင်း၊ ဆရာတော်ကြီးက ာသက်ပန် ရွတ်ဆိုတော်မူတော့ ရလာတဲ့ ကောင်းကျိုးတွေကို ကိုယ်တိုင် သိထားတာဆိုတော့ ပျံလွန်တော် မမူခင်ကတည်းက ရာတော်ကြီး ဇာတိ၊ စစ်ကိုင်း လင်းယဉ်ရွာမှာ ကျောက်စာတိုင် ကြီး ထူထားပြီးတော့တောင်မှ ကျောက်စာတိုင်သွားကြည့်လို့ တစ် ခေါက်လောက် ဖတ်သွားရင် မနည်းဘူးဟဲ့ - ဆိုတဲ့ စေတနာနှင့် ရေးထိုးပေးတော်မူခဲ့ပါသေးသဗျာ့'

'ကြိုးစား ကျက်မှတ်ထားကြဖို့ ကောင်းပါဘိဗျာ။ နောက်ပြီး ာရာကြီး၊ စကားစပ်လို့ အဲဒီ ဆရာတော်ကြီး ကျောက်စာမှာ ဆရာ တော်ကြီး အမြဲရွတ်တဲ့ တစ်ခြားဂါထာတွေလဲ ပါသေးတယ် မဟုတ် လား'

'ဟုတ်ပြီလား ဦးသောင်း၊ ကျွန်တော် ဓမ္မဒူတပထမအုပ်မှာ ာင် ရေးထည့်ထားပါတယ်၊ ကိုသန့်ဇင်တို့လဲ တွေ့မှာပါ'

'တွေ့ပါတယ် ဆရာကြီး၊ ကျက်လဲ ကျက်ထားပြီးပါပြီ၊ အမြဲ ရွတ်ပါတယ်။ ဒါပေမယ့် အဲဒီမှာ ဆရာကြီးက အနက်ရေးမပေး

http://www.dhammavideo.com/



ထားဘူး၊ ဘာသာပြန်နှင့် အတ္ထုပ္ပတ္တိအကျဉ်းကလေးတို့ရဲ့ တို့ထားတယ်။ ဆရာကြီး ဝန်မလေးရင် အကျဉ်းချုပ်ဖြစ်တော့ ဆရာကြီးအသံနှင့် အနက် မြန်မာပြန် ရွတ်ပြရင် ကောင်းမှာပဲ’

‘ဒါဖြင့်လဲ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် **စံကင်း** ဆရာတော်ကြီး အမြဲရွတ်ပြီး ကျောက်စာ ရေးထိုးထားခဲ့တဲ့ ပါဠိဂါထာအားလုံး အကျဉ်းချုပ် အနက်ဆိုပြရသေးတာပေါ့လေ’

## အဘိဓဇ စံကင်းဆရာတော်ဘုရားကြီး
## အမြဲရွတ်ဆိုတော်မူ၍
## ကျောက်စာရေးထိုးပေးတော်မူခဲ့သော
## နှုတ်ငုံဆောင်ဂါထာများ

(၁) ယေ စ ဗုဒ္ဓါ အတီတာ စ၊
ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အတီတာ- အတိတ်ရှေးက ပွင့်တော်မူကြကုန်ပြီးသော၊ ယေ ဗုဒ္ဓါစ- အကြင် ဘုရားရှင်တို့သည်လည်းကောင်း။ အနာဂတာ- ပွင့်တော်မူလတ္တံ့ ဖြစ်ကုန်သော။ ယေ ဗုဒ္ဓါ စ- အကြင် ဘုရားရှင်တို့သည် လည်းကောင်း။ ပစ္စုပ္ပန္နာ- ပွင့်တော်မူဆဲ ဖြစ်ကုန်သော။ ယေ ဗုဒ္ဓါ စ- အကြင် ဘုရားရှင်တို့သည် လည်းကောင်း။ (သန္တိ- ထင်ရှားမသေ့၊ ရှိကြပါပေကုန်၏။) တေ- ထိုရှေးခုနောင်ခါ။ ကာလ



သုံးပါး၊ ဘုရားရှင် အဆူဆူတို့ကို။ အဟံ- အကျွန်ုပ်သည်။ သဗ္ဗဒါ- နေ့ရော ညဉ့်ပါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ- ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၂) နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံဒဒ
(ဇင်ည၊ တိန်န၊ အ- မတံ ဒဒ)

ပုရိသာဇည- ယောကျ်ားဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ- အရှင်ဘုရားအား။ နမော- ရှိခိုးပါ၏။ ပုရိသုတ္တမ- ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ- အရှင်ဘုရားအား။ နမော- ရှိခိုးပါ၏။ တိဏ္ဏသံသာရ- သံသရာခရီးခဲမှ ကူးမြောက်တော်မူသော မြတ်စွာဘုရား။ တေ- အရှင်ဘုရားအား။ နမော- ရှိခိုးပါ၏။ အမတံဒဒ- အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သော မြတ်စွာဘုရား။ တေ- အရှင်ဘုရားအား။ နမော- ရှိခိုးပါ၏ဘုရား။

(၃) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ’ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ’ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

http://www.dhammavideo.com/



(အာဒိတ်စော၊ စန်ဒိမာ၊ သန်နတ်ဒေါ၊ ခတ်တိယော၊ ဗျမ်မနော-ဗရာဟ်မနော။ အနက်ပေးခဲ့ပြီ။)

(၄) အဋ္ဌာန' မေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပစ္စုပက္ကမေန တထာဂတံ ဇီဝိတာ
ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ။

(အတ်ထာန- မေတံ ဘိတ်ခဝေါ၊ အနဝကာသော၊ ပစ္စုပက်ကမေန၊ အနုပက်ကမေန၊ ပရိနိတ်ဘာယန်တိ။ ယ- ပက်လက်နှင့် ရ- ကောက်ကွဲအောင်ရွတ်၊ ရ-ကောက်ကို လျှာလိပ်သံနှင့် ရွတ်ပါ၊ ပါဠိရွတ်ရာ၌ ဝစ္စပေါက် နှစ်လုံးသံ မထွက်ရ။ ဥပမာ - ပရိနိတ်ဘာယန်းတိ - ဟု မဖတ်ရ။ ပရိနိတ်ဘာယန်တိ- ဟု သာ ဖတ်ပါ)

ဘိက္ခဝေ- ရဟန်းတို့။ တထာဂတံ- မြတ်စွာဘုရားကို။ ပစ္စုပက္ကမေန- သူတစ်ပါးတို့၏ လုံ့လပယောဂဖြင့်။ ယံဝေါရောပေယျ- အကြင်အသက်ကို ချရာ၏။ (သေစေရာ၏)။ ဧတံ- ဤသို့သူတစ်ပါးတို့ လုံ့လပယောဂဖြင့် အသက်ကိုချခြင်း၊ သေစေခြင်းသည်။ အဋ္ဌာနံ- အကြောင်းမဟုတ်၊ အကြောင်းမရှိ။ အနဝကာသော- အရာမဟုတ်။

ဘိက္ခဝေ- ရဟန်းတို့။ တထာဂတာ- ဘုရားရှင်တို့မည်သည်။ အနုပက္ကမေန- သူတစ်ပါးတို့ လုံ့လ ပယောဂ မပါရှိဘဲ။ ပရိနိဗ္ဗာယန္တိ- အလိုလိုသာလျှင် ပရိနိဗ္ဗာန် ပြုတော်မူကြရကုန်၏။ ဝါ- ဘဝဇာတ်သိမ်း ငြိမ်းတော်မူကြကုန်၏။



## ရွတ်ကြ ဖတ်ကြ ပုံနှိပ်ကြ ဖြန့်ဝေကြ

'သက်တော် ၁ဝ၂-နှစ်ရှိ စံကင်းဆရာတော်ကြီး အမြဲကိုယ်တော်တိုင်လဲ ရွတ်ဆို၊ နောင်လာနောက်သားများလဲ တန်ဖိုးရှိသော မှာခပါဠ်တော်များကို ကျက်မှတ် ရွတ်ဖတ်ကြရအောင် ကျောက်စာရေးထိုးထားခဲ့တဲ့ ဂါထာတွေကို ဆရာကြီးရဲ့ ဓမ္မဒူတစာအုပ်ထဲမှာ ဖော်ပြပြီးကတည်းက ဘာသာရေးစာစောင်တွေမှာ ကိုယ်တွေ့ဖြစ်ရပ်တွေ မကြာခဏ ပါလာတာကို တွေ့ရတယ် ဆရာကြီး၊ စာရွက်တွေ၊ အိတ်ဆောင်ကတ်ပြားတွေနှင့် ရိုက်နှိပ်ဝေငှပြီး ဓမ္မဒါနပြုတဲ့ လူတွေလဲ မနည်းတော့ဘူး'

'ဟုတ်တယ် ကိုသန့်ဇင်။ မန္တလေးက ဆရာဦးမောင်မောင်တင်တို့ဆိုရင် ဟို ... အစောကြီးကတည်းက စာရွက်စာတမ်းတွေ ရိုက်ပြီး ဝေငှတယ်လို့ သိရတယ်။ ဆရာတော်ကြီးနှင့် ရင်းနှီးဆည်းကပ်ခွင့်ရတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ 'အဋ္ဌာနမေတံ' ပါဠိတော်ရဲ့ အကျိုးအာနိသင်တွေ ပိုပြီး သိထားကြတာကိုး။ ဒီ ... ဂါထာဆိုပါတော့လေ၊ ဒီ ဂါထာက အသက်အန္တရာယ်အတွက် တင်မကဘူး ခရီးသွားလာတဲ့အခါ တွေ့ကြုံရတတ်တဲ့ အခက်အခဲတွေ၊ လူမှုပြဿနာတွေ၊ စီးပွား ဥစ္စာ ရာထူး စသည်ပေါ့ ကိုသန့်ဇင်ရယ်၊ အားလုံးအတွက် အကျိုးရှိနေတာကို စွဲစွဲမြဲမြဲ ရွတ်တဲ့ ပုဂ္ဂိုလ်တိုင်း သိနေကြတယ်လေ'

'ဆရာကြီး၊ အဲဒီဂါထာက ဘုရားဟောပေါ့နော်၊ ဘယ်ပါဠိတော်မှာ ပါ ပါသလဲ၊ မြတ်စွာဘုရားကို ဒေဝဒတ်က သေကြောင်းကြံစည်စဉ်က ဟောတဲ့ ဒေသနာပါဠိလို့တော့ အကြမ်းဖျင်းမှတ်ထားရတာပဲ ရှိပါတယ်၊ ဆရာကြီး ပြည့်ပြည့်စုံစုံကလေး ပြောပြပေးပါ

http://www.dhammavideo.com/



'အဲဒီဂါထာက ကျွန်တော်တော့ မရသေးဘူး ဆရာကြီး၊ မကျက်မိဘူး။ ကျွန်တော်တို့က ခေတ်ပေါ် စာစောင်ကလေးတွေလဲ မဖတ်မိတော့ ဒီက တူတော်မောင်ပြောမှပဲ တော်တော် အားကိုးလောက်တဲ့ ဂါထာမှန်း သိရပါတယ်။ တစ်ဆိတ် ရှင်းပြပေးပါဦး ဆရာကြီးရယ်'

## ဥုံမ်ဆိုတာ ဟိန္ဒူဘုရားရှိခိုး

'ဩော် ... ဦးသောင်းတောင် မရသေးဘဲကိုး။ ပြောလို့သာ ပြောရတယ်၊ ကျွန်တော်ကိုယ်တိုင်လဲ ကျက်ထားတာ မကြာလှသေးပါဘူး၊ စံကင်းဆရာတော်ကြီး ထေရုပ္ပတ္တိ ဖတ်ရတော့မှပဲ ကျက်ဖြစ်တာပါ၊ ဆရာတော်ကြီး ကျေးဇူးမေတ္တာပါပဲ။ နီးစပ်တဲ့ တပည့်တွေကတော့ ဟို ... အစောကြီးကတည်းက သိနေ၊ ရနေကြမှာပေါ့လေ။ အရာရာမှာ အတော်လဲ အားကိုးအားထား ပြုလောက်တဲ့ ဂါထာပါပဲ၊ ကျွန်တော် အံ့ဩမိတာက ဘုရားဟောပါဠိတွေကို ဂိုဏ်းဆန်ဆန်၊ လောကီဆန်ဆန် ပုဂ္ဂိုလ်တွေကလဲ ဥုံမ်တွေ ဩြောင်းတွေ ခံ၊ သွားဟ သွားဟုံဟုံ နှင့် အဆုံးသတ်ပြီး ရွတ်လိုရွတ်၊ အင်းချ သောက်လိုသောက်နှင့် ပါဠိမူရင်းတွေကို ပုံပျက်ပန်းပျက်လုပ်ပြီး သုံးစွဲနေကြတာ တော်တော်များများ တွေ့ရသဗျာ'

'ဟုတ်ပါတယ် ဆရာကြီး၊ ဥုံမ်ဆိုတာ ဆရာကြီးတို့ သိသလို ဟိန္ဒူဝါဒက ဗြဟ္မာ- ဗိဿနိုး- ရှိဝ ဆိုတဲ့ ရှေးဦးနတ်ဘုရား သုံးဦးကို တစ်ပေါင်းတည်း အတိုကောက် ရှိခိုးရအောင် အ-ဥ-မ အက္ခရာ သုံးလုံးပေါင်းပြီး 'ဥုံမ်' လို့ ရွတ်ဆို ရှိခိုးကြတယ်ဆို မဟုတ်လား။



ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေက ဒါကို သိမှ မသိကြဘဲဟာကိုး ဆရာကြီးရဲ့။ သူများ ဥုံမ် လို့ ဥုံမ် လိုက်ကြတာပဲ'

'ဟုတ်တယ် ဦးသောင်း၊ မြင်းစီးလို့ အထီးမှန်း အမမှန်း မသိတဲ့လူလို ဖြစ်နေကြတယ်။ 'ဥုံမ်ကရဏီယမတ္ထ ကုသလေန သွာဟ' ဆိုပြီး ဆရာကြီးလုပ်စားလို့ အံ့တိုနေတဲ့ လူတွေတောင် မနည်းတော့ဘူး ထင်တယ်။ ဒါထက် ကျွန်တော် ပြောချင်တာက လောကီဆရာတွေဟာ အခြားအခြား ပါဠိတော်တွေဆိုရင် ခုနက ပြောတဲ့ ဥုံမ်တို့ ဩြောင်းတို့ သွားဟတို့ သွားဟုံတွေနှင့် ရောမွှေပြီး သုံးကြတယ်။ ဒီ 'အဋ္ဌာနမေတံ' ရောက်တော့ ကံကောင်းထောက်မလို့ အရောအနှော မပါဘဲ မူရင်းအတိုင်း သုံးနေကြတယ်ဆိုလို့ ဝမ်းမြောက်ရသေးတော့။

## ရှေးက လောကီဂိုဏ်းဆရာတွေလဲ သိခဲ့ကြ

'ဦးသောင်းရေ ... ဦးမောင်မောင်တင် ပြောလို့ သိရတာ ပြောရဦးမယ်။ ကျွန်တော်တော့ အဲဒီ လောကီ စာအုပ်တွေ မကြည့်မိပါဘူး။ 'အဋ္ဌာနမေတံ' ချီ ဂါထာကို ပုဒ်၊ ပုဒ်မ မပါစေဘဲ မှန်ကန်စွာ ရေး၍ အိမ်မှာထားသော် ရန်ဘေးဟူသမျှ ကင်းဝေး၏။ ပယောဂ အစွဲရှိသော သူများကို မိုင်းကိုင်စက္ကူတွင် ရေး၍ ပြာပြု၍ တိုက်၊ သွေးပင်း, လေပင်း, အစာပင်းတို့ကိုလည်း ပြာပြု၍ တိုက်၊ ကပ်ရောဂါဖြစ်လျှင် ဤဂါထာကို ရွတ်။ ၄င်းပြင် နေရာတိုင်းမှာ ဉာဏ်ရှိတိုင်း သုံးနိုင်သည် လို့ ဗားမဲ့ဝိဇ္ဇာ မဟာသိဒ္ဓိကျမ်းရင်းကြီး၊ ဒုတိယတွဲ ၇၉-မှာလဲ ပါသတဲ့ဗျာ'

'ဒါတောင် ဆရာကြီး၊ ပုဒ်မ ကလေး ဖြုတ်ဖြစ်အောင် ဖြုတ်ထားလိုက်သေးသကိုး နော် ...'

'ဟုတ်ပါရဲ့ ... ရှေးက လောကီသမားတွေတောင် ဒီဂါထာအစွမ်း သိနေကြပုံ ပြောချင်လို့ပါလေ။ ဘာဘာညာညာ ပျောက်တာကို ပြောချင်လို့ မဟုတ်ပါဘူး။ နောက်ပြီးတော့ လောကီသုတာလင်္ကာရ ကျမ်းဟောင်းမှာလဲ 'ဟံသာဝတီပြည်ကြီးရှင် ဘုရင်မင်းမြတ်သရဖ္ဈာယ်စေခြင်းငှာ ဝင်္ကပါဆရာတော် ဆက်သွင်းတဲ့ ဂါထာစုမှာလဲ 'ယေစဗုဒ္ဓါ' ဂါထာအနက်ပါ ပါတယ်လို့ ဆိုသဗျာ့။ ရှေးသရောအခါကပင်လျှင် မွန်မြန်မာတို့ အားကိုးပြုတဲ့ နှုတ်ငုံဆောင် ဂါထာတွေလို့ သိမှတ်ရပြန်တာပေါ့ဗျာ။

## ဒေဝဒတ် လုပ်ကြံခဲ့စဉ်က

'အလေးထားပြီး မှတ်သားရမှာကတော့ ဒီ 'အဋ္ဌာနမေတံ' ပါဠိတော် (လောကီအခေါ် ဂါထာ) ဘယ်ပုံ ဖြစ်ပေါ်လာတယ်ဆိုတာ အရေးကြီးသဗျာ့'

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့က ဒါပဲ လိုချင်ပါတယ်။ နောက်ခံသမိုင်းကြောင်း သိတော့ ရွတ်တဲ့ ဖတ်တဲ့အခါ အာရုံပြုလို့ ကောင်းတာပေါ့ ဆရာကြီး၊ အမိန့်ရှိပါဦး'

'အဲ ... ဟုတ်တယ် ကိုသန့်ဇင်၊ ဦးလေးစကားက ကောက်ရိုးပုံ နွားဆွဲသလို ဘယ်နေရာဆွဲဆွဲ၊ အစတွေက ထွက်ထွက်လာတော့ ဆွဲလို့ မဆုံးနိုင်အောင် ဖြစ်ဖြစ်သွားတယ်လေကွာ ... ဟဲ ... ဟဲ ... ။ ကဲ ... လိုရင်း ပြောရအောင်။ 'အဋ္ဌာနမေတံ' ပါဠိတော်က ဝိနည်း



စူဠဝဂ္ဂပါဠိတော် လောဟိတုပ္ပါဒက အခန်းနှင့် နာဠာဂီရိ လွှတ်ခန်းမှာပါတဲ့ ပါဠိတော်ပဲ။

'ဇာတ်ကြောင်းကို နည်းနည်း ပြန်ပြောရမယ်ဆိုရင် ဘုရားကို သတ်ပြီး ဘုရားလုပ်ချင်တဲ့ ဒေဝဒတ်ကြီးဟာ အဖေသတ်ခိုင်းပြီးသူ့ပဲ ဘုရင်လုပ်ပေးခဲ့တဲ့ အဇာတသတ် မင်းသားကလေးကို စည်းရုံးပြီး ဘုရားရှင်ကို လုပ်ကြံ ကြတယ်လေ။ လူသတ်သမား အဆင့်ဆင့်စေလွှတ်၊ ခြေရာပျောက် ချုံကွယ်ပြီး လုပ်ကြံကြပေမယ့် အဇာတသတ်ရဲ့ လုပ်ကြံမှုက မအောင်မြင်ဘူး။ ဒါနှင့် ဒေဝဒတ်က သူကိုယ်တိုင် လုပ်ကြံမယ်ဆိုပြီး မြတ်စွာဘုရားရှင် ဂိဇ္ဈကုဋ်တောင်ခြေအရိပ်ကောင်းတဲ့ မြေပြန့်တစ်နေရာမှာ စင်္ကြံကြွတော်မူနေတုန်း ကိစ္စတုံးလုပ်ဖို့ သူကိုယ်တိုင် ကျားကုတ်ကျားခဲ တောင်ပေါ်တက်သွားပြီး အပေါ်ကနေ ဘုရားရှင်နှင့် တည့်တည့်ကြီးချိန်ပြီးမှ ကျောက်မောင်းဆင်၊ ခုကာလ ကုတ်နှင့် ကော်တာပေါ့ကွာ၊ ကျောက်တုံးကြီးတစ်တုံး လှိမ့်ချလိုက်တယ်။ မှတ်ကဲရော။ မိုက်လိုက်လေ ... ။

## ဘဂဝါ ဂုဏ်တော်ဆိုတာ

'ဒါပေမယ့် မြတ်စွာဘုရားရှင်ရဲ့ အတုမရှိတဲ့ ပါရမီတော်အဟုန် ဘုန်းတော်ဂုဏ်တို့ကြောင့် ဟိုဘက် ဒီဘက်မှာရှိတဲ့ တောင်ထွတ်ကြီးနှစ်ခုဟာ အလိုလို ရွေ့တိုးထွက်လာကြပြီး လက်ချင်းယှက်သလို ထိုးခံလိုက်တော့ ကျောက်တုံးကြီး ကျမလာနိုင်တော့ဘူးပေါ့။ ဘုန်းတန်ခိုးဆိုတာ ဘုရားမို့ အလိုလို ရတာမျိုး မဟုတ်ဘူး ကိုသန့်ဇင်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းက ဆည်းပူးခဲ့တဲ့ ပါရမီတော်

http://www.dhammavideo.com/



တွေရဲ့ အစွမ်းပဲ။ အဲဒါကိုပဲ ဘုန်းတော် တန်ခိုးတော် ခေါ်တယ်။ အဲသလို သူ မတူအောင် ပါရမီတော်တွေကို ပြုလုပ်တဲ့နေရာမှာ နှစ်ဦးမရှိ၊ အတု- အတူကို မရှိဘူး ကိုသန့်ဇင်။ 'ဘဂဝါ' ဂုဏ်တော် ဆိုတာ အဲဒါပဲ'

'ကျေနပ်ပြီ ဆရာကြီးရေ့၊ ဘဂဝါ ဂုဏ်တော်ကိုပါ နှလုံး သွင်းတတ်သွားပြီ'

## ပါရမီတော်တွေ နို့သက်ခံ စို့ရအောင်

'အေး ... ဒီတော့ ဘုရားရှင်မှာသာ အဲသလို ဆန်းကြယ်တဲ့ ကိစ္စတွေ၊ မယုံကြည်စရာ ဖြစ်ရပ်တွေ ဖြစ်တာမဟုတ်ဘူး။ ဘုရား ရှင်ကို တကယ် ယုံကြည်ဆည်းကပ်နေတဲ့ သူတွေ၊ ရွတ်ဖတ်နေတဲ့ သူတွေလဲ မယုံနိုင်လောက်တဲ့ ဆန်းကြယ်မှုတွေ ကြုံကြရတယ်၊ ဘေး ရန် ကင်းကြတယ်၊ လာဘ်လာဘ တိုးကြတယ်။ အဲဒါ ဘာကြောင့်လဲ၊ အဲ့ဒီ အတု အတူမရှိတဲ့ ပါရမီတော်ဟုန်တို့ကို (လူပြိန်းနားလည် အောင် ပြောရရင်) မင်းတို့ ငါတို့မှာ 'နို့သက်ခံစို့ခွင့်' ရလို့ပဲ မဟုတ် လား။ ကိုယ့်သီလ သမာဓိ ပညာ ဘာ အားကိုးလောက်လို့လဲ။ ကိုယ်ပိုင် သီလ သမာဓိ ပညာတွေပါ အားကောင်းတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ဘုရားရှင်ရဲ့ အားရော၊ ကိုယ့်အားရော ဆိုတော့ ပိုပြီး စိတ်ချရသပေါ့ကွာ'

'ဩော် ... ဒီလိုလား ဆရာကြီး'



## ဓဇဂ္ဂသုတ် ကယ်တော်မူပါ ဆိုရုံနှင့်

'သည့်ပြင်ဟာ မပြောပါနှင့်။ သီဟိုဠ်ကျွန်းမှာ ရှေးတုန်းက ဒီယဝါပီခေါ်တဲ့ စေတီတော်ကြီး အင်္ဂတေကိုင်တဲ့ သူငယ် (ကိုရင် ကလေး)တစ်ဦး ဟို ... အပေါ် ထီးတော်နားက လိမ့်ပြီး ကျလာ တော့ စေတီကြီး အလယ်လောက်အရောက်မှာ အောက်က ဘုန်းကြီးတစ်ပါးက 'ကိုရင် ... ဓဇဂ္ဂသုတ် ... ဓဇဂ္ဂသုတ်' လို့ လှမ်း အော်လိုက်လို့ သတိရပြီး ကြောက်ကြောက် ရွံ့ရွံ့နှင့် 'ဓဇဂ္ဂသုတ် ကယ်တော်မူပါ' လို့ အော်လိုက်သတဲ့။

'ဒါနှင့် ဓဇဂ္ဂသုတ် ကယ်တော်မူပါလို့ အော်တဲ့နေရာ စေတီ ကြီးအလယ်လောက်မှာ စေတီက အုတ်ကြီးနှစ်ချပ်ဟာ အုတ်ရိုးထဲက အပြင်ထွက်လာပြီး ကျလာတဲ့ ကိုရင်ကလေးကို လက်နှင့် အသာ အယာ ဆီးပြီး ပွေ့ချီလိုက်သလို ဖြစ်သွားသတဲ့ ကိုသန့်ဇင်။ ဒါ ဓဇဂ္ဂသုတ်က ဂုဏ်တော်တွေကို ရွတ်တာ၊ နှလုံးသွင်းတာ မဟုတ် သေးဘူး' (သံ၊ ၄၊ ၁။ ၃၁၂။)

'မြတ်စွာဘုရားရှင်ရဲ့ ပါရမီတော်၊ တန်ခိုးတော်တွေဆိုတာ ယူတတ်တဲ့လူ ရတာပေါ့နော်'

'ယူလို့ မကုန်ဘူး ကိုသန့်ဇင် ...

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊

ဗုဒ္ဓဓမ္မာ အစိန္တိယာ' ရတယ် မဟုတ်လား၊ အစိန္တေယျ တရားတွေ မဟုတ်လား။ ဒါထားတော့၊ အဲဒါ မသိတော့ ဒေဝဒတ် ကြီးက ကျောက်မောင်းဆင်ပြီး ကျောက်တုံးကြီးလှိမ့်ချပေမယ့်

http://www.dhammavideo.com/



တောင်ထွတ်ကြီးနှစ်ခုက ဆီးခံလို့ ဘုရားရှင်မှာ သေဘေးက လွတ်တော်မူခဲ့တယ်။ ဒါပေမယ့် ကျောက်တုံးကြီးက ပဲ့ထွက် လွင့်စဉ်လာတဲ့ ကျောက်ချပ်ကလေး တစ်ခုက ခြေမတော်ကို ထိမှန်ပြီး သွေးခြည်ဥ၊ သွေးစို့သွားတယ်။ ဒါလောဟိတုပ္ပါဒကကံ ထိုက်သွားတာပဲ။

## ဘုရားရှင်လုံခြုံရေး စိတ်မအေးနိုင်ကြ

'ဂိဇ္ဈကုဋ်တောင်ခြေရိပ်မှာ တိတ်ဆိတ် အေးချမ်းစွာ စင်္ကြံကြွတော်မူတဲ့ မြတ်စွာဘုရားရှင်ဟာ ခြေမတော်မှာ ကျောက်လွှာထိရှပြီး သွေးစိမ်းတည်သွားတော့ အပေါ်ကို လှမ်းမော့ပြီး ကြည့်တော်မူကာ ...

'ဟယ် ... ဒေဝဒတ်၊ သင်သည် များစွာသော မကောင်းမှုကို ဖြစ်ပွားစေပြီ။ သင်ကား သတ်ဖြတ် သေကြေ စေလိုသော စေတနာဖြင့် ငါဘုရားအား သွေးစိမ်းရှင်ရှင် ထွက်စေခဲ့ပြီ' လို့ မိန့်တော်မူပါတယ်။ ရဟန်းများကိုလဲ ဒေဝဒတ်က အနန္တရိယ ကံကြီးလွန်ကျူးကြောင်း အသိပေး မိန့်မြွက်တော် မူလိုက်တယ်။

'ဒီသတင်းဟာ ချက်ချင်းပဲ ရာဇဂြိုဟ်တစ်မြို့လုံး ပျံ့နှံ့သွားပြီး ရဟန်းတော်များ မြတ်စွာဘုရား သီတင်းသုံးရာ ကျောင်းတော်သို့ ဟိုမှ သည်မှ စုရုံးရောက်လာကြသတဲ့။ ကျောင်းတော်ကို လေးဘက်လေးတန် နေရာမလပ် စောင့်ကြပ်ပြီး နေကြတယ်။ သူ့အုပ်စုနှင့် သူ လမ်းလျှောက်တဲ့ ရဟန်းက လျှောက်၊ သစ်ပင်, ကျောင်းနံရံစသည်မှာ ထိုင်ပြီး အကဲခတ်သူက ခတ်၊ ဒေဝဒတ်ရန်ကို စိုးရိမ်တကြီး ကာကွယ်နေကြရတာပေါ့။ ဒေဝဒတ်ဟာ အဇာတသတ်နှင့်



ပေါင်းပြီး အကြိမ်ကြိမ် သေကြောင်းကြံခဲ့တာ၊ သဲနှံ့စ မပေါ်အောင် လုပ်ကြံခဲ့ကြတာတွေကို သိနေကြတော့လဲ သံဃာတော်များဟာ မြတ်စွာဘုရားရှင်အပေါ် ကြောင့်ကြမဲ့ မနေရက်ကြတော့ဘူး၊ တစ်ချို့လဲ ငိုက်မျဉ်း အိပ်ချင်တဲ့အခါ ရသမျှ ပါဠိစာပေတွေကို ရွတ်အံရင်း စင်္ကြံလျှောက်ပြီး စောင့်ရှောက်နေကြတာပေါ့လေ ...

'ဒါကို မြတ်စွာဘုရား ကြားတော်မူလို့ အရှင်အာနန္ဒာကို မေးတော့ ဒေဝဒတ် ရန်ကြောင့် ဘုရားရှင်အား ရဟန်းများလာရောက် စောင့်ကြပ်နေကြောင်း သိတော်မူတဲ့အခါ ရဟန်းတော်များအားလုံးကို ရှေ့တော်သို့ အခေါ်ခိုင်း၊ ပုထုဇဉ် ရဟန်းငယ်တွေဟာ ဘုတ်တွေ ခဲတွေ ချောင်ထိုးပြီး သင်္ကန်းကို ပြင်ရန်းကာ ဘုရားရှင် ရှေ့မှောက်စုံညီစွာ ရောက်လာကြတော့ မြတ်စွာဘုရားရှင်က မျောက်စိတ်လိုထင်ရာ လုပ်တတ်တဲ့ ပုထုဇဉ်သတ္တဝါတွေရဲ့ မိုက်မဲမှု၊ မိုက်မဲသူ တစ်ယောက်ကြောင့် ဒုက္ခရောက် ပူပန်နေကြရရှာ သော ပုထုဇဉ် ရဟန်းတော်များကို သနားကြင်နာစိတ် အပြည့်နှင့် ...

'အဋ္ဌာန' မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ'

'ချစ်သား ရဟန်းတို့၊ မြတ်စွာဘုရားရှင်တို့မည်သည် သူတစ်ပါး ပယောဂကြောင့် သေရိုး ထုံးစံမရှိ။ သေနိုင်သော အခွင့်အလမ်း မရှိဘူး ချစ်သားတို့။ ဘုရားရှင်တို့ မည်သည် သူတစ်ပါး ပယောဂမပါဘဲ (အချိန်အခါ အခြေအနေအားလျော်စွာ) အလိုလိုသာလျှင် ပရိနိဗ္ဗာန် ပြုကြရမြဲ ဖြစ်တယ်'

'မြတ်စွာဘုရားရှင်ဟာ တိုတိုရှင်းရှင်းနှင့် သံသယကင်းကြရလေအောင် အပြီးအပြတ် မိန့်တော်မူလိုက်တယ် ဦးသောင်းရဲ့။ အဲဒီတော့မှ ရဟန်းတော်များဟာ ဘုရားရှင်ကို ကန်တော့ပြီး ကိုယ့်ကျောင်း ကိုယ်ပြန်သွားကြသတဲ့။

## စီးပွားရေးနှင့် ရာထူး ရာခံ ရန်ငြိုးဖွဲ့မိရာက

တစ်ခါကလဲ ဒေဝဒတ် အကြံပြုချက်အရ အဇာတသတ်က နာဠာဂီရိ လူသတ်ဆင်ရိုင်းကြီးကို အရက်တွေ ခါတိုင်းတိုက်နေကျထက် တစ်ဆတိုးကာ ၁၆-ပုံးတိုက်ကြီး ဘုရားရှင်နှင့် မျက်နှာချင်းဆိုင် လွှတ်သတ်ဖို့လုပ်တယ်။ အဲဒီ အခါမှာလဲ နောက်က လိုက်ပါလာကြတဲ့ အရှင်အာနန္ဒာနှင့် ရဟန်းများက 'မြတ်စွာဘုရား ... လမ်းဖယ် တိမ်းရှောင် ပေးတော်မူပါ' လို့ ဝိုင်းပြီး လျှောက်ကြတုန်းကလဲ ဒီ 'အဌာန' မေတံ' ပါဠိ ဝါကျကို မိန့်တော်မူရပြန်ပါတယ်'

'တယ် ကြောက်စရာကောင်းပါလား ဆရာကြီး၊ ဒေဝဒတ်ရဲ့ ရန်ငြိုးက တယ်ကြီးပါလား။ ငါက ဘုရားနှင့် ညီအစ်ကို၊ နောက်မှ ရောက်လာပြီး ဘာမှ မတော်တဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကို လက်ဝဲရံ လက်ယာရံ ရာထူးပေးရမလားဆိုပြီး ငြိုးခဲ့တဲ့ ဒေဝဒတ်ကြီးရဲ့ ရာထူးရာခံ ရန်ငြိုးဟာ ဘုရားကို သတ်ပြီး ဘုရား ရာထူးလုယူဖို့အထိ ရောက်လာတယ်နော် ဆရာကြီး'

'ဦးသောင်းရေ ... တကယ်တော့ ဒေဝဒတ်ကြီးဟာ ရွဲကုန်သည် ဘဝက အချောင်ကြီးပွား အမြတ်ကြီးစားလိုတဲ့ စိတ်၊ အဲဒီကစတဲ့ ရန်ငြိုးပဲ။ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတာလို မကောင်း



တဲ့ စိတ်ကလေးဟာ အသေးအဖွဲ့ကလေးပဲလို့ မအောက်မေ့သင့်ဘူး
ဗျ။ ဒီ မျိုးစေ့ကလေး သန္ဓေတည်လာတာကို လက်ခံမိမှဖြင့် တစ်
သံသရာလုံး အညှောက်တွယ်လာပြီး ခုလို အတုမရှိ ဘုရားရှင်ကို
ဟာင် သေကြောင်း ကြံမိခဲ့တဲ့ အထိ ရောက်ကုန်တာပေါ့။ လွန်ကုန်
ပြီလေ ... ပုထုဇဉ်စိတ်ဆိုတာ အခက်သား၊ တန်ခိုး ဣဒ္ဓိပါဒ်ကြီးတဲ့
ဒေဝဒတ်ကြီးတောင် ဒီလိုဆိုတော့ ခင်ဗျားတို့ ကျွန်တော်တို့ သံသရာ
ကျိုးသည်တွေ ပိုပြီး သတိမထားသင့်ပေဘူးလား။

### ဒါ ... နင်တို့ အရာလား ဟဲ့

'မှန်လိုက်လေခြင်း ဆရာရယ်၊ ဒီ သင်ခန်းစာယူကြရမှာပဲ။ ပုထုဇဉ်ဆိုတာကလဲ အတော်ခက်သားပဲ ဆရာကြီးရယ်။

- ကောင်းတာ, ဂုဏ်ရှိဘယ်ထင်တာ မှန်သမျှ အကုန်လုံး ဖြစ်ချင် လိုချင်နေကြတာ။
- ငါနှင့် တန်သလား၊ မတန်ဘူးလား။
- ငါကော ဒီအလုပ် လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလား။

'ဒါတွေ ဘာမှ မမြင်တော့ဘူး။ လက်ဖက်ရည်ဆိုင်က စားပွဲပေါ် တင်ထားတဲ့ မုန့်တွေမှန်သမျှ ကလေးများမြင်တော့ အကုန်စားချင်သလို ဖြစ်နေတယ် ဆရာကြီး။ ဘုရားရှင်ဖြစ်ဖို့၊ အဂ္ဂသာဝက၊ မဟာသာဝက စသည်ဖြစ်ဖို့ဆိုတာ 'ခု ရေတွင်းတူး၊ ခု ရေကြည်သောက်' လို့ ရစကောင်းတဲ့ ကိစ္စမျိုးမှ မဟုတ်တာကလား ဆရာကြီး၊ ဟာနှင့်သူ လာကြတာ'

http://www.dhammavideo.com/



'ဦးသောင်း အမြင်က ပီပြင်လိုက်လေဗျာ၊ ကောင်းလိုက်တာ။ ဘဝခရီးသည်တွေမှာ တစ်ဘဝတာ, တစ်ခဏသာ ဆုံစည်းကြရတဲ့ နေရာမှာလဲ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ၊ အမျိုးမျိုးသောအဆင့်အတန်းတွေဟာ သူတကာ ရတိုင်းဖြစ်တိုင်း၊ မိမိ ရမယ် ဖြစ်မယ်ထင်စားပြီး ခု ထလုပ် ခု ထယူလို့ ဖြစ်ချင်လို့ ရတာမျိုး မဟုတ်ဘူးဗျ။ ဒီ သဘောတရားတွေ မသိကြတော့ ကိုယ်စိတ် ဆင်းရဲကုန်ကြရော။

'အဌာန' မေတံ -အကြောင်းမဟုတ်၊ အရာမဟုတ်၊ အနဝကာသော- အခွင့်မရှိ' ပြောရင်းဆိုရင်း ဝေဘူဆရာတော်တို့၊ ဆရာသက်ကြီးတို့ မိန့်တော်မူတာ သွားသတိရမိတယ် ဦးသောင်းရဲ့။ သူတော်ကောင်းကြီးတွေရဲ့ အတွင်းရေး၊ သူတော်ကောင်းကြီးတွေနှင့်သာ သက်ဆိုင်တဲ့ ကိစ္စရပ်တွေမှာ အနီးအနားက လူတွေက ဝင်ဝင်ပြီး မေးကြ စွက်ကြတဲ့အခါမျိုးမှာ ...

'ဒါ ... နင်တို့ အရာလားဟဲ့' လို့ တိုတိုပြတ်ပြတ် မာန်မဲလေ့ရှိကြသဗျာ့။ အင်း ... ဒါတွေ ထားပါတော့လေ ... စဉ်းစားသလောက်ကျယ်ဝန်းလှပါတယ်။ ကဲ ... ကိုသန့်ဇင်က လုပ်ပါဦး၊ ဘယ်လိုများသဘောပေါက်သွားသတုံး'

'အဌာန' မေတံ- အကြောင်းမဟုတ်၊ အရာမဟုတ်၊ အနဝကာသော- အခွင့်အလမ်း မရှိ' လို့ ဒေဝဒတ်သကြောင်းကြံတဲ့ကိစ္စမှာ မိန့်တော်မူတဲ့ စကားက ဆရာကြီးတို့ အန်ကယ်သောင်းတို့ပြောတဲ့စကားတွေနှင့် ဆက်ပြီး ကျွန်တော်စဉ်းစားမိသွားတာက ... ဘုရားမို့ ဆည်းပူးတော်မူခဲ့တဲ့ ပါရမီတော်တွေအရ (သူလုပ်ခဲ့တဲ့



အလုပ်အရ) ဘယ်လို လုပ်ကြံ လုပ်ကြံ၊ အရာမဟုတ်ဘူး၊ အခွင့်ရှိဘူးလို့ မြင်တော်မူလို့ မိန့်တော်မူနိုင်တာကိုး။

'ကျွန်တော်တို့မှာ အဲသလို မမြင်၊ မြင်အောင်လဲ မလုပ်တော့ ကောင်းတဲ့ဟာတိုင်း ကိုယ့်အရာ၊ ကိုယ့်အခွင့်အလမ်း ရှိနေတယ်လို့ ထင်နေကြရတာပဲ မဟုတ်လား ဆရာကြီး။ အရာရာမှာအရာ ဝင်ချင် အခွင့်အလမ်း ပွင့်ချင်လျှင် အရာဝင်အောင် အခွင့်အလမ်းပွင့်အောင် ပွင့်စေနိုင်တဲ့ ကံတွေ လုပ်ကြရမှာပဲလို့ ... အဲသလိုနားလည်သွားလို့ပါ'

## ဂုဏ်တော်နှင့် ဝိပါက်တော်အထိ အသိလိုက်ပါ

အဲ ... ကိုသန့်ဇင် သဘောပေါက်သွားတာ အမှန်ပဲ။ တန်ဖိုးရှိပါပေတယ်။ ဒီတော့ မြတ်စွာဘုရားရှင်အား ဒေဝဒတ်လုပ်ကြံစဉ်က နောက်ဆုံး တိုတိုတုတ်တုတ်နှင့် အပြတ် မိန့်တော်မူတဲ့ 'အဌာနမေတံ ဘိက္ခဝေ' ဆိုတဲ့ ပါဠိတော်ကို ကျွန်တော်တို့တစ်တွေ နေ့စဉ်ရွတ်ဖတ်နေကြမယ်ဆိုရင်လဲ ဘုရားရှင်ရဲ့ အစိန္တေယျ တန်ခိုးတော်၊ ပါရမီဟုန်တွေ အာရုံကျလာမယ်၊ ကူးစက်လာမယ်၊ ကိုယ်နှင့် တန်သလောက် ပါရမီကံတွေ၊ ဆည်းပူးလိုစိတ်တွေ ကိန်းဝပ်လာမယ်။ ကုသိုလ်စိတ်တွေလဲ အဆင့်ဆင့် ဖြစ်ပေါ်လာနေတော့ 'အဌာနမေတံ' စတဲ့ ပါဠိတော်တွေကို ရွတ်တိုင်း ရွတ်တိုင်း ဆင်ခြင်တိုင်းမကောင်းတဲ့အရာ၊ မကောင်းတဲ့ အခွင့်အလမ်းတွေ ပ-ပြီး ကောင်းတဲ့အရာ ကောင်းသော အခွင့်အလမ်းတွေဟာ တစ်မျိုးပြီးတစ်မျိုး ပွင့်လာမယ်ဆိုတာ သေချာပါတယ် ဦးသောင်း။

http://www.dhammavideo.com/



'လောကကြီးထဲမှာ ကောင်း,မကောင်း တစ်စုံတစ်ရာ ဖြစ်ပေါ်တိုင်း၊ တွေ့ကြုံတိုင်း သတ္တဝါတွေရဲ့ ကံရင်းမူလအထိ အခြေခံမိအောင် နှလုံးသွင်းရသလို၊ မြတ်စွာဘုရားရှင်နှင့် စပ်တဲ့ ကောင်းဆိုးဖြစ်ရပ်တွေမှာလဲပဲ ဆည်းပူးခဲ့တဲ့ ပါရမီတော် ဘုန်းတော် ကံတော်ထိ ဆိုက်အောင်၊ ဂုဏ်တော်မိအောင် နှလုံးသွင်းရမယ်ဗျာ့။ တန့်ခိုးဘိုတာလဲ ဘုရားမို့ မိုးပေါ်က ကျလာပေးရတာမျိုး မဟုတ်ဘူး မဟုတ်လား။ နောက်ပြီး ယခုလို လုပ်ကြံခံရတာလဲ ဝိပါက်တော် ၁၂-ပါး တစ်ပါးအပါအဝင်ပါပဲ ဦးသောင်း။ ဘယ်သူမပြု မိမိမှုပဲ'

'ဟုတ်ပါတယ် ဆရာကြီး၊ ဒါမှ ကိုယ့်အတွက် အမြတ်ထွက်မယ်'

## နေပြည် စံကင်းရွာကြီး ပလိပ်ရောဂါဖြစ်စဉ်က

'ကျွန်တော်တို့ သတိထားမိသလောက် ဒီခေတ်မှာ 'အဋ္ဌာန' မေတ်' ပါဠိတော်ကို အများဆုံး ရွတ်ဆိုတော်မူတာ စံကင်းဆရာ တော်ကြီးနှင့် ဆရာတော် တပည့်အသိုင်းအဝန်းဖြစ်မှာ ပါပဲ။ ဒီတော့ ဒီ ပါဠိတော်ရွတ်လို့ ဘယ်လိုအကျိုးတွေ ရတယ်ဆိုတာလဲ ဆရာ တော်ကြီးနှင့် ဆရာတော်ကြီးရဲ့ တပည့်များက ပိုပြီး သိနေကြတယ် လို့ ဆိုရလိမ့်မယ် ဦးသောင်းရေ့၊ ကျွန်တော်တို့ အတန်အသင့် ရေး ခဲ့ဖူးပါတယ်။ ဒီက ကိုသန့်ဇင်တို့ ဖတ်ဖူးမှာပေါ့'

'ဟုတ်ကဲ့ ဆရာကြီး၊ သိပ်အံ့သြစရာ ကောင်းပါတယ်'

'ဒီလိုလေဗျာ ... ဦးသောင်းရဲ့၊ ခနဲဖြူမြို့ တစ်ဖက်ကမ်းက



ပတ်ဝန်းကျင် အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ စံကင်းရွာကြီးမှာ စံကင်းဆရာတော်ကြီး ငယ်စဉ်က ကျောင်းထိုင်အဖြစ် နေဖူးတယ်။ ၁၂၈၀-ပြည့် နှစ်တုန်းက ပလိပ်ကပ်ရောဂါကြီး အကြီးအကျယ်ဖြစ် လို့ အလောင်းချင်းထပ်အောင် သေကျေပျက်စီးကြသတဲ့။ ဒီတော့ စံကင်းဘုန်းကြီးက သူ့တပည့်တွေနှင့် ပရိတ်လှည့်ရွတ်ရတယ်၊ သိပ် မထူးခြားဘူး။ ပရိတ်ရွတ် ကြွလိုက်၊ သုသာန် သရဏဂုံတင် ကြွလိုက် နှင့် ကျောင်းရှိဘုန်းကြီး ဦးပဉ္စင်းများ ဖတ်ဖတ်မောနေကြပြီ။ ကပ် ရောဂါက ထူးပြီး လျော့မလာတော့ ကိုယ်ရွတ်တဲ့ ပရိတ်ကိုတောင် ယုံကြည်စိတ် လျော့လာကြသတဲ့။ ဦးပဉ္စင်း - ကိုရင်တွေက ပရိတ် ရွတ်တောင် မလိုက်ချင်ကြတော့ဘူး။

'အဲဒီအချိန်မှာ ကံအားလျော်စွာ စံကင်းဘုန်းတော်ကြီးဟာ ငယ်ဆရာက ပြောဖူးတဲ့ စကားတစ်ခွန်း သွားသတိရသတဲ့။ 'မင်းတို့ ပရိတ်ရွတ်တဲ့အခါ၊ ငါ့ပရိတ် မစွမ်းပါလားလို့ ထင်တဲ့အခါ 'အဋ္ဌာန'မေတ်' ကို အထွတ်တပ်ပြီး ရွတ်ကြ' လို့ ပြောဖူးသတဲ့။ ဒီတော့မှ စံကင်းဘုန်းကြီးက ကျောင်းရှိ ဦးပဉ္စင်း - ကိုရင် အားလုံး သင်ပေးပြီး ရွတ်ကြတာ ထူးထူးခြားခြား ရောဂါပျောက်ငြိမ်း ချမ်းသာ ကြသတဲ့။ တစ်ခါ ဘုန်းကြီးများ ပရိတ်ရွတ်လို့ ရောဂါပျောက်တယ် လို့ သတင်းက ကြီးလာပြန်တော့ ပရိတ်ရွတ်လိုက်ရတာက မတတ် နိုင်အောင် ဖြစ်နေပြန်သတဲ့။

'ဒါနှင့် နောက်ဆုံးတော့ ဗလာစာအုပ် စာရွက်ကို 'အဋ္ဌာန' မေတ်' ရေးလောက်ရုံ ဖြတ်ဖြတ်ပြီး ဝိုင်းရေးကြ၊ ရေးပြီးသား ဗလာ စာရွက်တွေကို လက်ဖွဲ့လို လိပ်လိပ်ပြီး သပိတ်ကြီးတစ်လုံးထဲထည့်။

http://www.dhammavideo.com/



သိမ်ထဲသွားပြီး အဲဒီ သပိတ်ကို လက်နှင့်ကိုင်တွယ်ပြီး 'အဠာန မေတ်' အထပ်ထပ်ရွတ်ပြီး ဝေ့ရသတဲ့။ အဲဒီအချိန်ကစပြီး အံ့ဩလောက်အောင် ပျောက်ကင်းချမ်းသာကြတယ်လို့ ဆိုပါတယ်။

'အဲသည်နောက် စံကင်းဆရာတော်ကြီးက နီးစပ်ရာ ရဟန်းရှင်လူများကို နည်းပေးရာက တစ်စတစ်စ ရွတ်ဖတ်သူများ ပေါလာပြီး ကိုယ်တွေ့ဖြစ်ရပ်တွေ အများကြီး ရှိလာကြတဲ့နေရာမှာ လေယာဉ်ပျံ ပျက်ကျတဲ့ဘေးက လွတ်ပုံ၊ စားဝတ်နေမှု တိုးတက်ကြပုံ၊ ဘေးအန္တရာယ်ကင်းပုံ စသည်ဖြင့် ပြောလို့မကုန်နိုင်အောင် ကောင်းကျိုးခံစားကြရတာတွေ အများကြီးပါပဲ။ လိုရင်း အချုပ်ကတော့ စွဲစွဲမြဲမြဲရွတ်တဲ့ သူတိုင်း ကောင်းကျိုးချမ်းသာ မှန်သမျှ ရရှိပြီး၊ မကောင်းတဲ့ ဘေးရန် အန္တရာယ်မှန်သမျှ လွတ်ကင်းပပျောက်စေနိုင်တယ်လို့ ယုံကြည် စိတ်ချသင့်ပါတယ်။

'ဉပဒ္ဒဝေဒက မရဏ' လို့ ခေါ်တဲ့ မသေသင့်ဘဲနှင့် သေချိန်မကျသေးဘဲနှင့် သေရတဲ့ သေခြင်းဆိုး ဘေးရန်က လွတ်ဖို့ အလွန်အားကိုးလောက်တဲ့ ပါဠိတော်ကြီးပါပဲ။ **အထူးသတိပြုရမှာက မေတ္တာအရင်ပို့ပြီးမှ ရွတ်ရမယ်** ... တဲ့။

## အနှောင်အဖွဲ့က လွတ်တဲ့ ဂါထာတဲ့

'ဆရာကြီး ပြောပြလို့ 'အဠာန'မေတ်' အကြောင်း တော်တော် ပြည့်ပြည့်စုံစုံ သိရတာ အလွန် ကျေးဇူးကြီးပါတယ်။ ဒါထက် ကျွန်တော်တို့က လူငယ်တွေဆိုတော့ အနှောင်အဖွဲ့လွတ်တဲ့ ဂါထာ, ကိုယ်ပျောက်တယ်ဆိုတဲ့ ဂါထာ၊ ဒါတွေလဲ သူပြော လူပြောနှင့် ကျက်



ထားသေးတယ် ဆရာကြီး။ အနက်အဓိပ္ပာယ်တော့ ရေလည်အောင် မမှတ်သားရဖူးသေးလို့ ဆရာကြီး ဝန်မလေးရင် ... '

'သြော် ... ဒါလား ကိုသန့်ဇင်၊ ဦးလေး သိလဲ ပြောပြရုံပေါ့၊ မသိသေးလဲ မပြောပြနိုင်ဘူးပေါ့။ ဘာ ဝန်လေးစရာ ရှိမှာလဲဗျာ။ ဘုရားဟောတော်မူတဲ့ စာဆိုရင် ရနိုင်လေ၊ ရွတ်နိုင်လေ ကောင်းလေပဲ။ ဒါပေမယ့် မြင့်မြတ်တဲ့ မုခပါဌ်တော်တွေကို သေးသိမ်တဲ့ ရည်ရွယ်ချက်နှင့် ရွတ်တာတော့ မကောင်းလှဘူးကွ။ မကောင်းတာလုပ်ထားတဲ့လူအတွက် မကောင်းကျိုးက ပေးမှာပဲ။ ဒါကို ဘုရားလဲ မကယ်နိုင်ဘူး၊ ဘုရားစာကလဲ မကယ်နိုင်ဘူး။ တုတ်ပြီး ဓားပြီး ဆေးအားကိုးရှိရင် ပိုပြီး မိုက်တတ်သေးတယ်။ **ဘုရားဟော စာတွေကို အကုသိုလ်အလုပ် ဒုစရိုက်အလုပ်တွေမှာ သုံးလို့၊ အစွမ်းမထက်ပါဘူး။** ဒါက စပ်မိလို့ စကားဦးတည့်ရာ ပြောတာပါ။ ခု ကိုသန့်ဇင်တို့နှင့် မပတ်သက်ပါဘူး။ အနှောင်အဖွဲ့လွတ်တဲ့ဂါထာ ကိုယ်ပျောက်တဲ့ ဂါထာလို့ ပြောနေကြလို့ ပြောရတာ'

'ကျွန်တော်တို့က မသိပါဘူး ဆရာကြီး၊ သူများ ပြောလို့ ပြောရတာပါ။ အန္တရာယ်ကင်းဆိုတဲ့ စာအုပ်ကလေးတွေမှာလဲ ဒီလိုပဲ ရေးနေကြတယ်'

'ဟုတ်ပါတယ်၊ တွင်နေပြီလေ၊ ဦးလေးလဲ ပြင်ပြောလို့ မရတော့ပါဘူး၊ ဦးလေးပြောလဲ ကိုယ်ပျောက်တဲ့ ဂါထာလို့ပဲ ပြောရတော့မှာပေါ့။ ကောင်းတော့ မကောင်းဘူး။ တရားတော် သေးသိမ်စေတယ်။ ထားပါတော့၊ ကိုသန့်ဇင်ပြောတဲ့ အနှောင်အဖွဲ့က လွတ်တဲ့ ဂါထာဆိုတာ ... '

http://www.dhammavideo.com/



'ထားပါတော့ ဆရာကြီး၊ ခုတော့ ကျွန်တော်ကစပြီး ပြောမိလျက် ဖြစ်နေတာကိုး။ ဘာပဲဖြစ်ဖြစ် အဲဒီ ဂါထာအဓိပ္ပာယ်ရော အနက်ရော လိုချင်ပါတယ်'

## အခက်အခဲ အကျပ်အတည်း မှန်သမျှ

'အဲဒီဂါထာ ပင်ရင်းက သဂါထာဝဂ္ဂသံယုတ် ပါဠိတော် (၄၈)မှာ ပါတယ်။ စန္ဒိမသုတ်, သူရိယသုတ်လို့ နှစ်သုတ် ရှိတယ်။ အဲဒါကို ရှေးက ဆရာတော်ကြီးတွေက ပရိတ်ကြီး ၁၁-သုတ်အပြင် 'ပရိတ်ငယ်' ဆိုပြီးတော့တောင် ထုတ်နုတ် စီစဉ်ပေးတော်မူကြတယ်။ လမင်းပရိတ်, နေမင်းပရိတ် လို့ ခေါ်တယ်။ တွင်တော့လဲ မတွင်ကျယ်ဘူးပေါ့။ ပရိတ်အနေနှင့် တစ်သုတ်လုံး ကျက်တဲ့လူ ရှားပေမယ့် အဲဒီ ဂါထာလောက်ကိုတော့ နှုတ်တိုက်ရတဲ့လူ များပါတယ်။ ကိုသန့်ဇင် ပြောသလို အနှောင်အဖွဲ့ အချုပ်အချယ်ကလွတ်တဲ့ ဂါထာလို့ နားလည်နေကြတာကိုး။ ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်။ ဘဝခရီးသည်တိုင်း ရွတ်ကို ရွတ်သင့်ပါတယ်။ အနှောင်အဖွဲ့က လွတ်ရုံတင် မဟုတ်ဘူး၊ ဘဝ အခက်အခဲတွေ လိပ်ခဲတင်းလင်း ပြဿနာတွေ၊ မထွေးနိုင် မမျိုနိုင် အကျပ်အတည်းတွေ ဘာ အခက်အခဲဖြစ်ဖြစ် လွယ်လွယ်ကူကူနှင့် ချောပြေ လွတ်မြောက်သွားစေနိုင်ပါတယ် ...'

'ဆရာကြီး ပြောသလိုဆိုတော့ ကျွန်တော်တို့ အနှောင်အဖွဲ့က လွတ်တဲ့ ဂါထာလို့ ပြောနေကြတာ နားဝင်မချိုသလို (ဒက်ဖနေးရှင်း) အဓိပ္ပာယ်ပေးတာလဲ ကျဉ်းမြောင်းသွားတာပေါ့နော်'



## လ, ငပုပ်ဖမ်းတာ အသူရိန် လုပ်တာလား

'အေး ... အမှန်ပဲ။ ဗုဒ္ဓဘာသာ ကျမ်းဂန်ဒေသနာအရ လနေတို့ဟာ လနတ်သား, နေနတ်သားတို့ရဲ့ နေရာဗိမာန်တွေပဲ။ နတ်ပြည်မှာ အသူရိန်နတ်မင်းဆိုတာ ရှိသေးတယ်။ လောကမှာ ခန္ဓာကိုယ်အကြီးဆုံး သတ္တဝါကြီး၊ ဘယ်လောက်ထိ ကြီးသလဲဆိုတော့ ဦးခေါင်းက ယူဇနာ ကိုးရာ၊ ပါးစပ်က ယူဇနာ နှစ်ရာ ရှိသတဲ့။ တစ်ယူဇနာ ရှစ်မိုင်နှင့် တွက်ကြည့်ပေါ့။ အဲသလောက်ကြီးတဲ့ နတ်ကြီး။

'သူက လ,တွေ နေတွေ လင်းနေတာကို မနာလိုလို့ လသွားလမ်း, နေသွားလမ်းနောက် လိုက်ပြီး ပါးစပ်နှင့် ငုံလို ငုံ၊ လက်နှင့် ဖုံးလို ဖုံး၊ အဲသလို လုပ်တာ။ ဒါကို လငပုပ်, နေငပုပ်ဖမ်းတယ်လို့ အရပ်ပြော ပြောနေကြတယ် ကိုသန့်ဇင်။ အရပ်ပြော ပြောတယ်လို့ ပြောရတာက တစ်ခြားကြောင့် မဟုတ်ဘူး။

'ဒီကနေ့ သိပ္ပံပညာ နက္ခတ်ပညာရှင်တွေက လငပုပ်, နေငပုပ်ဖမ်းမှာကို လပေါင်းများစွာက ကြိုတင်တွက်ချက်လို့ ရနေတယ်။ ဘယ်နှစ်နှစ် တစ်ကြိမ် ပုံမှန်ဖြစ်လေ့ရှိတယ် စသည်ဖြင့် ပြောဆိုနေကြတော့ အရပ်ပြော ပြောနေကြတဲ့ လငပုပ်, နေငပုပ် (လကြတ်, နေကြတ်)ဟာ ခုပြောတဲ့ ဘုရားဟော အသူရိန်နတ်ကြီးက လဗိမာန်, နေဗိမာန်တွေ ဖမ်းတာနှင့်တူသလား မတူဘူးလား ဆိုတာတော့ ဦးလေး အတိအကျ မပြောနိုင်လို့ အရပ်ပြော ပြောနေကြ တယ်လို့ ပြောရတာပဲ'

'ဪ ... ဒီမှာ ဒီပြဿနာလဲ ဝင်နိုင်သကိုး ဆရာကြီး'

http://www.dhammavideo.com/



## လနတ်သား ဘုရားကို လျှောက်ပုံက

'အေး ... ထားပါတော့၊ ဘုရားဟောတာပဲ ပြောကြရအောင်။ အဲသလို အသူရိန်ကြီးက ဖမ်းတဲ့အခါ လနတ်သား နေနတ်သားတွေက ကြောက်ရွံ့ကြရှာတယ်။ ကြောက်ရွံ့တယ်ဆိုပေမယ့် သူတို့ဟာ ပုထုဇဉ်တွေတော့ မဟုတ်ဘူး။ မဟာသမယသုတ်ဟောတော်မူစဉ်က နာရလို့ သောတာပန် ဖြစ်နေကြပြီ ဦးသောင်း'

'ဩော် ... ဒီလိုလား ဆရာကြီး'

'ဟုတ်ပါတယ်၊ လနတ်သား, နေနတ်သားတို့ဟာ အဲသလို အဖမ်းအဆီး အကျဉ်းအကျပ် အနှောင်အဖွဲ့ ခံကြရတော့ သောတာပန် နတ်သားတွေ မဟုတ်လား ဦးသောင်း၊ ဒုက္ခတွေ့တယ်ဆိုရင်လဲ ပထမဆုံး ဘုရားရှင်ကို သတိရကြတာ။

'နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တော' သိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နော' သ္မိ၊

တဿ မေ သရဏံ ဘဝ-လို့ မြတ်စွာဘုရားရှင်ကို လှမ်းပြီး ရှိခိုးလျှောက်ထားကြတာကိုး ဦးသောင်းရဲ့။ (ဝီရတ်ထု၊ ဝိတ်-ပမုတ်တော၊ သတ်ဗဓိ၊ သန် ဗာဓတ်- ပတိပန်နောသမိ။)

'ဝီရ- ကြီးသော လုံ့လရှိတော်မူသော။ ဗုဒ္ဓ- မြတ်စွာဘုရား။ တေ- ရှင်တော်ဘုရားအား။ နမော- ရှိခိုးခြင်းသည်။ အတ္ထု- ဖြစ်ပါစေသတည်း။ (နမောအတ္ထု- ရှိခိုးပါသည်ဘုရား။) တွံ- ရှင်ပင်ဘုရားသည်။ သဗ္ဗဓိ- ကိလေသာစသော ဒုက္ခ အနှောင်အဖွဲ့အားလုံးတို့



မှ။ ဝိပ္ပမုတ္တော အသိ- တစ်ဖန် မကျရောက်အောင်၊ အပြီးတိုင် လွတ်မြောက်တော်မူပါပေ၏။ အဟံ- လနတ်သား ခေါ် (နေနတ်သားခေါ်) ဘုရားတပည့်တော်သည်ကား။ သမ္ဗာဓပ္ပဋိပန္နော- အသူရိန်နတ်၊ ဖမ်းချုပ်အပ်သဖြင့်၊ အကျဉ်းအကျပ် ရောက်၍နေရသည်။ အသ္မိ- ဖြစ်ပါ၏။ (အသ္မိ-အ-သမိဟု ရွတ်။) တွံ- ရှင်ပင်ဘုရားသည်။ တဿမေ- အကျဉ်းအကျပ်ရောက်၍နေသော ဘုရားတပည့်တော်၏။ သရဏံ- ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာသည်။ ဘဝ-ဘဝါဟိ- ဖြစ်တော်မူပါလော့'

'ဒီလိုဆိုတော့ ဆရာကြီး၊ အခက်အခဲတွေ့လို့ ဒီဂါထာကို ရွတ်တယ်ဆိုရုံနှင့် မပြီးသေးဘူး။ လနတ်သား, နေနတ်သားတို့လို တကယ့်ကို စိတ်ထဲက ဘုရားအာရုံရောက်ဖို့ လိုမှာပေါ့နော်။ ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိပါကလားဆိုတဲ့ အားကိုး အားထားမှု အပြည့်ရှိပြီး ရွတ်ကြရမှာပေါ့နော်'

'ကျွန်တော်လဲ ဒါ ပြောမလို့ပါပဲ၊ ဦးသောင်း ထောက်ပေးတာ အမှန်ပါပဲ။ ရွတ်တယ်ဆိုရုံနှင့် ဘယ်မှာ ခရီးရောက်လိမ့်မတုံး ကိုသန့်ဇင်'

'သဘောကျပါတယ် ဆရာကြီး'

## အသူရိန်နတ်ကြီး ကြောက်လန့်ထွက်ပြေး

'အဲသည်တော့ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတော်ကပဲ နေပြီးတော့ အသူရိန်နတ်ကြီးကို လှမ်းပြီး မေတ္တာရပ်တယ် ဆိုပါတော့ဗျာ။

http://www.dhammavideo.com/



တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။
(ပမုန်စတ်သု၊ လောကာနုကမ်ပကာ)

'ရာဟု- ရာဟုခေါ်လတ်၊ အို ... အသူရိန်နတ်။ (အသူရိန်ကို ရာဟု လို့လဲ ခေါ်တယ်။) စန္ဒိမာ- လနတ်သားသည်ကား။ အရဟန္တံ- ကိလေသာ ခပ်သိမ်း၊ ငြိမ်းအေးတော် မူပြီးသော။ တထာဂတံ- ငါဘုရားကို။ သရဏံဂတော- ကိုးကွယ်ဆည်းကပ် သူပေတည်း။ ရာဟု- ရာဟုခေါ်လတ်၊ အို ... အသူရိန်နတ်။ စန္ဒံ- လနတ်သားကို။ ပမုဉ္စဿု- နှောင့်ယှက်မပြု မေတ္တာရှု၍၊ ယခုပင် လွှတ်လိုက်ပါတော့။ ဗုဒ္ဓါ- ဘုရားရှင်တို့မည်သည်။ လောကာနုကမ္ပကာ- စိမ်းကျက် ရင်းဖျား၊ မခွဲခြားဘဲ သတ္တဝါအားလုံးကိုပင် အစဉ်သနားစောင့်ရှောက်တော် မူကြကုန်၏။'

'မြတ်စွာဘုရားက အဲသလို ပြောလိုက်တော့ အသူရိန်ကြီးဟာ ချက်ချင်း လနတ်သား, နေနတ်သားကို လွှတ်ပြီး သူ့ အရှင်သခင် ဝေပစိတ္တိ အသူရိန်ကြီးထံ ထွက်ပြေးသွားတယ်။ အသူရိန်ကြီး ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ခိုက်ခိုက်နှင့် လာပြီး ရပ်နေတာတွေ့တော့ ဝေပစိတ္တိနတ်မင်းကြီးက ...

'ဟဲ့ ... အသူရိန်၊ လနတ်သားကို ဘာ့ကြောင့် အဆောတလျင် လွှတ်လိုက်ရတာလဲ။ ကြည့်စမ်း၊ ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ခိုက်ခိုက်နှင့် ဘာဖြစ်လာသလဲ' လို့ မေးတော့ 'အရှင်ဝေပစိတ္တိ



ကျွန်တော်မျိုးကို မြတ်စွာဘုရားရှင်က ဂါထာရွတ်ဆိုပြီး ပြောလိုက်တယ်။ ဘုရားရှင်စကား နားမထောင်ဘဲ လ,နတ်သားကို ဆက်ပြီး ဖမ်းဆီးထားမယ်ဆိုရင် ကျွန်တော်မျိုးကြီး ဦးခေါင်း ခုနစ်စိတ်ကွဲပြီး သေပွဲဝင်ရပါလိမ့်မယ်' တဲ့။

'အဲဒါပဲ ကြည့်တော့ ကိုသန့်ဇင်၊ မြတ်စွာဘုရားရှင်တို့ရဲ့ အာဏာစက်တော် မည်သည်မှာ ဘယ်လောက်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေမှ မခံနိုင်ဘူး။ အသူရိန်ထက် ကြီးတဲ့အကောင် လောကမှာ ဘယ်မှာ ရှိလိမ့်မတုံး။ အင်အား သိဖို့လိုတယ်။ အညာသိဖို့ လိုတယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ လောကကြီးထဲမှာ နေရဦးတော့၊ အလွန်နေပျော်တယ်လေဗျာ။ 'နမောတေ' ဂါထာတင် ကျက်မထားနှင့်ဦး၊ ဘုရားပြောတဲ့ ဂါထာပါ ကျက်ထားရမှာ'

'ကောင်းပါပြီ ဆရာကြီး၊ ဒီ နမောတေဂါထာ အဓိပ္ပာယ်လဲ ကျွန်တော်တို့ တစ်ခါမှ ဒီလို မကြားဖူးသေးပါဘူး ဆရာကြီး။ ဒါကြောင့်လဲ ဆရာကြီးကို အားမနာလို့တော့ မဟုတ်ဘူး၊ ကြုံကြိုက်တုန်း မေးရ မြန်းရတာပါ'

## ကိုယ်ပျောက်ဂါထာ တဲ့

'နောက်ပြီး ကိုသန့်ဇင် ပြောတာ ရှိပါသေးတယ်၊ ဘာ ... ကိုယ်ပျောက်ဂါထာ၊ အဲ ... နေဦးဗျာ၊ ရေနွေးကလေး ဘာလေး စားသောက်ပြီးမှ ဆက်ကြတာပေါ့။ နမောတေဂါထာလဲ လနတ်သား, နေနတ်သားတွေ ဘုရားကို အားကိုးသလို အားကိုးတဲ့စိတ်နှင့် လျှောက်ပါ။ တကယ် ထိရောက်မှာ သေချာပါတယ်'

http://www.dhammavideo.com/



'အင်း ... ကိုသန့်ဇင်ပြောတဲ့ ကိုယ်ပျောက်ဂါထာက ဗက ဗြဟ္မာကြီးချတ်တဲ့ အခန်းမှာ မြတ်စွာဘုရား ဟောတော်မူတဲ့ ဂါထာပါ။ မူလ ပဏ္ဏာသ၊ ဗြဟ္မနိမန္တနိကသုတ်မှာ ဟောတော်မူတယ်။ ဟောတော်မူတဲ့ အဓိပ္ပာယ်ကတော့ ဘဝတွေမှန်သမျှ ဘေးအန္တရာယ် ဒုက္ခတွေသာ ဖြစ်တယ်လို့ ဟောတော်မူလိုရင်းပဲ။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ မစင်ဟာ အနည်းငယ်ပင် ဖြစ်သော်လည်း စက်ဆုပ်ရွံရှာဖွယ် နံစော်သလို၊ ဘဝဆိုရင် ဘယ်ဘဝဖြစ်ဖြစ် စက်ဆုပ်ရွံရှာစရာ ကောင်းတယ်လို့ ဟောတော်မူတယ်လေ ဦးသောင်းရဲ့။ ဒီ ကိုယ်ပျောက်ဂါထာလို့ ပြောနေကြတဲ့ ဂါထာကလဲ ဒီအဓိပ္ပာယ်ပါပဲ'

## အနုတ္တဒေသနာက ကိုယ်ပျောက်ဂါထာဖြစ်

'ကိုယ်ပျောက်ဂါထာလို့ ခေါ်နေကြတော့လဲ လူတွေက စိတ်ဝင်စားကြတာပေါ့ ဆရာကြီးရယ်'

'ဟုတ်တယ် ဦးသောင်းရေ၊ ကိုယ်ပျောက်ဂါထာလို့ ခေါ်နေကြတဲ့ အကြောင်းရင်းကတော့ ဗကဗြဟ္မာကြီးရဲ့ အတ္တဝါဒကို ချတ်တော်မူရင်းက မြတ်စွာဘုရားရှင်ဟာ ဗြဟ္မာကြီးနှင့်တစ်လှည့်စီ ကိုယ်ကို ဖျောက်ကြတယ်။ ကလေးပြော ပြောရင်တော့ တူတူပုန်းကြတယ်ပေါ့ဗျာ။ ဗြဟ္မာကြီး ပုန်းတာကို ဘုရားကမြင်တယ်။ ဘုရားရှင် ပုန်းတော်မူတဲ့ အလှည့်ကျတော့ ဗြဟ္မာကြီးက မမြင်တော့ဘူး။ ဒီတော့ ဘုရားရှင်က ဗြဟ္မာကြီးစိတ်ထဲမှာ 'မြတ်စွာဘုရား တစ်ခြားနေရာ ကြွသွားလေသလား' ထင်မှာစိုးလို့ ဒီအနားမှာပဲ သူရှိတော်မူနေတဲ့အကြောင်း အသံပြုတဲ့ သဘောပေါ့။



http://www.dhammavideo.com/



'အဲဒီအချိန်မှာ ဘုရားရှင် အသံပြုရွတ်ဆိုတဲ့ ဂါထာက - ဒီလိုလေဗျာ ...

'ဘဝေ ဝါ' ဟံ ဘယံ ဒိသွာ၊ (ဒိတ်သဝါ)
ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ (ကိန်စိ)
နန္ဒိံ စ နဥပါဒိယိံ - တဲ့။ (နန်ဒိန်)

'မြန်မာလို အတိုချုပ်ကတော့ - 'ငါဘုရားဟာ ဘဝအပြစ်ကို မြင်တယ်၊ ကြီးပွားချမ်းသာနိုးနိုး ဘဝကို ရှာဖွေနေသူတို့ရဲ့ ဘဝဒုက္ခရောက်နေကြပုံကိုလဲ သိတယ်။ ဒီတော့ ငါဘုရားဟာ ဘဝဆိုရင် ဘယ်ဘဝကိုမှ မတွယ်တာ မတပ်မက်ဘူး၊ မစွဲလမ်းဘူး' တဲ့ ဦးသောင်းရေ့'

ချမ်းချမ်းသာသာနှင့် ကမ္ဘာနှင့်ချီပြီး အသက်ရှည်တဲ့သူတွေဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မထင်တော့ဘဲ နိစ္စ၊ သုခ၊ အတ္တထင်ပြီးနေလို့ ဘဝရဲ့ အပြစ်ကိုလဲ ဟောတော်မူတာ ဖြစ်မှာပေါ့နော်'

## သုံးမကုန်သော ဖုဋ္ဌဿ လောကဓမ္မေဟိ

'ဟုတ်တယ် ... ဦးသောင်း။ အဲဒီ ဘဝသင်ခန်းစာက မပေါ်တော့ဘဲ ကိုယ်ပျောက်တယ်ဆိုတဲ့ဟာက ရှေ့တန်းထွက်လာတယ်။ ဘာပဲဖြစ်ဖြစ် ရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်များ စေတနာဆန္ဒအတိုင်းလဲ ဖြစ်နိုင်ပါတယ်။ အကြောင်းယုတ္တိလဲ ရှိပေသကိုး။ တကယ်တော့ ဒီဂါထာ ရွတ်မှတင် မဟုတ်ပါဘူး။ ပဋ္ဌာန်း ၂၄-ပစ္စည်း ရွတ်နေလို့၊ ဗုဒ္ဓံ သရဏံ

http://www.dhammavideo.com/



ဂစ္ဆာမိ ရွတ်နေလို့ သူခိုးဓားပြတွေက မမြင်ဘူး၊ လောင်လာတဲ့ မီးက တောင်မမြင်လို့ ရှောင်ကွင်းသွားတယ်၊ ဒါမှမဟုတ် တရားထိုင်နေတာရှိလျက်နှင့် လူဆိုးတွေ မမြင်ဘူးဆိုတဲ့ ဖြစ်ရပ်တွေ မကြာခဏ ကြားနေရတယ် မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ မိဘတွေဟာ တစ်သက်လုံး 'ဖုဋ္ဌဿ လောကဓမ္မေဟိ' ရွတ်တာပဲ။ ခေတ်ဆိုး ခေတ်ကျပ်တွေ အမျိုးမျိုး ဖြတ်သန်းလာခဲ့တယ်။ ဘာမှ မဖြစ်ဘူး။ သည့်ပြင်လူတွေ ဓားပြတိုက်ခံရတယ်။ ကျွန်တော့်မိဘများ အိမ် ထူးထူးခြားခြား ကျန်ခဲ့တာပဲ။ ကျွန်တော်တို့ တောမှာ နေတုန်းက အိမ်နားက ဆရာကြီးတစ်ယောက်ဆိုရင် 'ဖုဋ္ဌဿ လောကဓမ္မေဟိ'နှင့် ဆီကိုမန်းပြီး သက်တန့်ရောဂါတွေကိုတောင် နေရာရွှေ့ပေးနိုင်တာ တွေ့ရပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကတော့ တစ္ဆေ မခြောက်ဘူးဆိုလို့ ရခဲ့တာပဲ၊ ဟဲ … ဟဲ … ဟဲ'

'ဘုရားရှင်ရဲ့ စကားတော်တွေက ပုံရိုင်းရိုင်း ပြောရရင် ရေလဲနှင့် သုံးလို့ရပါတယ်ဗျာ။ ဘယ်ဟာအတွက်သာ စွမ်းတယ်လို့ ကန့်သတ်လို့ မရပါဘူး။ 'ဉာဏ်ရှိတိုင်း သုံးလေ' ဆိုတဲ့ ဆေးနည်းကောင်းလိုပါပဲ။ မင်္ဂလသုတ်ထဲမှာ ပါနေလို့ အရများတော့ ပေါ်နေကြတာ။ တကယ်တော့ သည့်ပြင်ဟာ မကြည့်ပါနှင့်၊ ဦးသောင်းလဲ ရသားပဲ။ ရတနသုတ် ကြည့်လေဗျာ။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သောတာပန်နှင့် ရဟန္တာ အရိယာသံဃာတော်ရဲ့ ဂုဏ်တော်တွေနှင့် သစ္စာပြုတဲ့ ပရိတ်မဟုတ်လား'

'ဖုဋ္ဌဿလောကဓမ္မေဟိ ဂါထာကလဲ ဘုရားရဟန္တာတို့ရဲ့



ဂုဏ်တော်ပါပဲ။ အဲဒီဂါထာနှင့် ဘုရားရှိခိုး၊ သစ္စာ ပြုပြု၊ လိုတဲ့ ဆုတောင်းတောင်း ရွတ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စေတနာဆန္ဒလိုက်ပြီး အကျိုးပေးမှာ သေချာပါတယ်'

'ဒါဖြင့် … ဆရာကြီး၊ ဒီဂါထာနှင့် ဘုရားရှိခိုးမယ်၊ သစ္စာပြုမယ်ဆိုရင် ဘယ်လိုဆိုရဦးမလဲ'

'ဒါကတော့ ကိုသန့်ဇင်၊ ကိုယ်လိုချင်တာ ဗမာလိုပဲဆိုလိုက်ရုံပေါ့။ ဥပမာ … ပါဠိလို ရှိခိုးချင်တယ်၊ သစ္စာပြုချင်တယ် ဘာညာဆိုရင်လဲ ရတာပါပဲ။ ဥပမာဗျာ …

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ (ဖုတ်ထတ်သ)
စိတ္တံ ယဿ န ကမ္ပတိ။ (န-ကမ်ပတိ)
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ' မုတ္တမံ။

ယဿ- အကြင် ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ- စိတ်သည်။ လောကဓမ္မေဟိ- ကောင်းဆိုးနှစ်တန်၊ လောကဓံတရား၊ ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ- တွေ့ထိရသော်လည်း။ နကမ္ပတိ- မတုန်လှုပ်။ အသောကံ- စိုးရိမ်ခြင်းလည်း မရှိ။ ဝိရဇံ- ကိလေသာဟူသော မြူ အညစ်အကြေးလည်း မရှိ။ ခေမံ- ဘေးရန်မသန်း ချမ်းသာလှပါပေ၏။ ဧတံ- ဤသည်လည်း။ ဥတ္တမံ- မြတ်သော။ မင်္ဂလံ- မင်္ဂလာ မည်ပါပေ၏။

http://www.dhammavideo.com/



## ရေလဲအမျိုးမျိုးနှင့် ဂါထာသုံးစွဲနည်း

'ကိုသန့်ဇင်၊ အဲဒီ ဂါထာနောက်က ...

တာဒိသံ ဂုဏသမ္ပန္နံ။

အဟံ ဝန္ဒာမိ သဗ္ဗဒါ - ထိုသို့သော ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ သို့မဟုတ် ရဟန္တာ အရှင်မြတ်အပေါင်းကို ရှိခိုးပါ၏ - ပေါ့ဗျာ။ သစ္စာပြုချင်ရင်လဲ မြန်မာလို ပြုပြု၊ ပါဠိလို ပြုပြု၊ ရတာပါပဲ။ ဥပမာ ... ပါဠိလို ပြုမယ်ဆိုရင် ...

ဧတေန သစ္စဝဇ္ဇေန၊

ဟောတု မေ ဇယမင်္ဂလံ - အောင်ပါစေ။

အန္တရာယာ ဝိနဿန္တု- အန္တရာယ်ကင်းပါစေ - ပေါ့ဗျာ။ အနှောင်အဖွဲ့က လွတ်ချင်တယ်၊ အခက်အခဲက ကျော်လွှားချင်တယ်၊ ခရီးသွားဂါထာအဖြစ် သုံးချင်တယ် ... ကိုယ့်ဆန္ဒ ရှိသလို ပေါ့ဗျာ၊ ဒီ 'ဖုဿ' ဂါထာတင် မဟုတ်ပါဘူး။ ပရိတ်ကြီး ပါဠိတော်လာ ဂါထာတိုင်း၊ ဘုရားဟော ပါဠိတိုင်း လုပ်လို့ရတာချည်းပါပဲ။ ဒါပေမယ့် ကိုသန့်ဇင်၊ ဘယ်ဟာကိုပဲ ရွတ်ရွတ်၊ အရွတ်မှာတင် ရပ်မနေရဘူး၊ ရပ်နေရင် ရွတ်တဲ့ ကုသိုလ်ပဲ ရတယ်။ **ကိုယ်ရွတ်တဲ့ ပါဠိရဲ့ အနက်အဓိပ္ပာယ်ကို နှလုံးသားထဲ ရောက်သွားအောင်၊ ဘာဝနာဆိုက်အောင် သတိပြုရမယ်နော်။** ဒါ လိုရင်း အဓိက **အချက်ပဲ။** ကဲ ... တစ်ခုခု ရွတ်ပြီးလို့ သစ္စာပြုချင်တယ် ဆိုပါတော့ ...



ဧတေန သစ္စဝဇ္ဇေန၊

ဂမနံ မေ သမိဇ္ဈတု - ခရီးလမ်း ချောမောပါစေ။ ဒါ - ကိုသန့်ဇင်တို့ သိပြီးသား။

ဧတေနသစ္စဝဇ္ဇေန၊

ဗန္ဓနာ မေ ပမုစ္စတု - ဤမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်၊ ငါ့အား အနှောင်အဖွဲ့မှ လွတ်ပါစေ။ တစ်ခြားသူအတွက်ဆိုရင်လဲ 'မေ- ငါ့အား' နေရာမှာ 'တေ- သင့်အား' ပေါ့ဗျာ။ လွှယ်လိုက်တာ'

'ဒီလိုဆိုတော့ ဘာစွမ်းတဲ့ဂါထာ၊ ညာစွမ်းတဲ့ ဂါထာ အထူးရှာစရာ မလိုတော့ပါဘူးနော် ဆရာကြီး၊ နေရာကျလိုက်တာ ...'

'ဟုတ်တယ် ကိုသန့်ဇင်၊ ဘယ်ကိစ္စဖြစ်ဖြစ် အညာသိဖို့ လိုတယ်၊ ဦးလေးဆိုရင် တစ်စုံတစ်ရာ အခက်အခဲရှိလို့ သစ္စာပြုချင်ရင် ကိုယ်ပိုင် မှန်ကန်တဲ့ ဖြစ်ရပ်နှင့် သစ္စာဆိုချင်လဲ ဆိုတယ်။ အများအားဖြင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေ မြန်မာလို တစ်ခုချင်းပြန်ရွတ်၊ ဂုဏ်တော်တစ်ခု၊ သစ္စာတစ်ခု။ အို ... နေရာကျလိုက်တာ၊ မြိန်လိုက်တာ ကိုသန့်ဇင်။ ဒါပေမယ့် ဘာစွမ်းတယ်၊ ညာစွမ်းတယ်ဆိုတဲ့ ဂါထာတွေကိုလဲ ကျက်ထားကောင်းတာချည်းပါပဲ'

http://www.dhammavideo.com/



## ဥပစ္ဆေဒကာနှင့်
## လူမှုဒုက္ခ လွတ်မြောက်ရေး ဂါထာ

'ဆရာကြီး'

'ဆိုပါဦး ဦးသောင်း'

'ကျွန်တော်တို့ ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ ပရိတ်ရွတ်ပြီးတိုင်း ရွတ်ရတဲ့ ဂါထာတစ်ပုဒ်ရှိတယ် ဆရာကြီး။ ရွတ်ရ ဖတ်ရတာလဲ အခါက်သား၊ အဲဒီ ဂါထာလဲ ရွတ်သာ ရွတ်နေရတယ် အဓိပ္ပာယ်က မသိ။ ဆရာသမားတွေကတော့ ဥပစ္ဆေဒက- သေခြင်းဆိုးနှင့် မသေဘူး၊ အသက်ရှည်တယ်၊ သူတစ်ပါး မပြုစားနိုင်ဘူး၊ ငယ်ထိပ် မြွေပေါက်ခံရသလို စိတ်ညစ်စရာ အခက်အခဲတွေကြုံလဲ ပျောက်ကင်းတယ်ဆိုလို့ ရွတ်ခဲ့ရတာ။ ခုထိ အနက်အဓိပ္ပာယ် မသိဘူး ဆရာကြီးရဲ့။ ဘယ်သူ့ကို ဘာ့ကြောင့် ဟောတယ်ဆိုတာလဲ မသိပါဘူး'

'ကိုသန့်ဇင် ... မသိတာရှိ မေးကြဗျာ၊ ကျွန်တော် အကုန်လုံး ဖြေမယ်လို့ ပြောများ ပြောမိသလား'

'ဟဲ ... ဟဲ ... ဟဲ ... ကြုံတုန်း မေးရတာပါ ဆရာကြီး'

'ကောင်းပါ့ဗျာ၊ ဦးသောင်း ဂါထာက ...'

'နာညတြ ဗောဇ္ဈာ-တပသာ၊
(နင်ညတ်တရ ဗွတ်ဇ)
နာညတြိန္ဒြိယ သံဝရာ။



(နင်ညတ် တရိန်ဒရိယ)
နာညတြ သဗ္ဗနိဿဂ္ဂါ)
သောတ္ထိံ ပဿာမိ ပါဏိနံ။'
(သွတ်ထိန် ပတ်သာမိ)

'အင်း ... ဦးသောင်းပြောသလို ဒီဂါထာက တောင်ဆင်း တောင်တက် များတယ်ဗျာ့။ လျှာ ခလုတ်တိုက်တယ်။ ကျွန်တော်တို့လဲ ကလေးကတည်းက ရတာပါပဲ။ ဝတ်ရွတ်စဉ် စာအုပ်တိုင်း လိုလိုလဲ ပါတတ်ရဲ့။ ဒါပေမယ့် ဘယ်လိုဘယ်ညာ ရှင်းပြတာတော့ မတွေ့ဖူးဘူး။ သူ့အနက်ကတော့ ဒီလိုဗျာ့၊ ပါဠိရွတ်ရခက်သလို အနက်အဓိပ္ပာယ် အယူအဆလဲ နည်းနည်း ကတ်တယ်။

(၁) 'ဗောဇ္ဈ-တပသာ- ဗောဇ္ဈင်ဟူသော ဝိပဿနာ၊ မြိုးခြံခြင်းဟူသော ဓုတင် အကျင့်ကို။ အညတြ၌ ပေတွာ- ကြဉ်ဖယ်ထား၍။ ပါဏိနံ- သတ္တဝါတို့၏။ သောတ္ထိံ- ချမ်းသာကြောင်းတရားကို။ န ပဿာမိ- ငါဘုရား မြင်တော်မမူ။

(၂) ဣန္ဒြိယသံဝရာ- ဣန္ဒြေစောင့်စည်း ပိတ်ဆို့ခြင်း စသော (စတုပါရိသုဒ္ဓိ) သီလကို။ အညတြ၌ ပေတွာ- ကြဉ်ဖယ်ထား၍။ ပါဏိနံ- သတ္တဝါတို့၏။ သောတ္ထိံ- ချမ်းသာကြောင်း တရားကို။ န ပဿာမိ- ငါဘုရား မြင်တော်မမူ။

(၃) သဗ္ဗနိဿဂ္ဂါ- ကိလေသာ အနှောင်အဖွဲ့ အားလုံးမှ

http://www.dhammavideo.com/



> လွတ်မြောက်ရာ နိဗ္ဗာန်ကို။ အညတြ ဌပေတွာ- ကြဉ်ဖယ်ထား၍။ ပါဏိနံ- သတ္တဝါတို့၏။ သောတ္ထိံ- ချမ်းသာကြောင်းတရားကို။ န ပဿာမိ- ငါဘုရား မြင်တော်မမူ။'

'အင်း ... ဆရာကြီး အနက်အဓိပ္ပာယ် ပြောပြတော့လဲ အရှင်းသားပဲ။ ဘုရားရှင်က အလုပ်ခွင်ကနေ ဟောတော်မူတာကိုး နော် ဆရာကြီး၊ လေးနက်လိုက်တဲ့ တရားဗျာ ...'

'ဦးသောင်းရေ ... အလုပ်ခွင်ကကြည့်မှ မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေဟာ လေးနက်ကြောင်း ပေါ်တယ်။ အရသာလဲ သိပ်ရှိတယ်ဗျာ့။ ဒါပေမယ့် ဒီ ဂါထာမှာ ဒါက ဟောစဉ်ဆိုပါတော့ဗျာ၊ ကျင့်စဉ် ရှုထောင့်က ကြည့်ရင် နံပါတ် (၂) ဖြစ်တဲ့ ဣန္ဒြိယသံဝရ စတဲ့ သီလ ၄-ပါးက အရင် မဟုတ်လား၊ ဒီတော့ သီလရှိပြီးမှ သမထ ဝိပဿနာက ဒုတိယ နံပါတ် (၂) ဖြစ်ရမှာပေါ့ဗျာ'

## နတ်သမီး ငါးရာ

'သဘောကျပါပြီ ဆရာကြီး၊ ဘယ်သူ့ကို ဘယ်အတွက် ဟောတော်မူတယ်ဆိုတာလေး တစ်ဆိတ်လောက် ...'

'အဲဒါက ဒီလိုဗျာ့၊ မြတ်စွာဘုရားရှင်က သုဗြဟ္မခေါ်တဲ့ နတ်သားကို ဟောတော်မူတာပါ။ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာ ပါရှိပါတယ်။ တိုတိုပြောတော့ အဲဒီနတ်သားက နတ်သမီးငါးရာနှင့်အတူ တာဝတိံသာနတ်ပြည်၊ နန္ဒဝန်ဥယျာဉ်ထဲက ပင်လယ်ကသစ်ပင်ကြီးအောက်မှာ ဥယျာဉ်ကစား အပျော်ခရီး ထွက်လာကြ



တာပေါ့ဗျာ။ ပင်လယ် ကသစ်ပင်ကြီးကလဲ ပင်လုံးကျွတ်ပွင့်နေတော့ နတ်သမီးတွေဟာ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး သစ်ပင်ပေါ် တက်ခူးကြသတဲ့။ နတ်တန်ခိုးနှင့် လှမ်းယူရင်လဲ အရသာ၊ သက်သက်မဲ့ အပျော်ကျူးတာ'

'နတ် ဆတ်စလူးစိန်တွေပေါ့နော် ဆရာကြီး'

'အင်း ... အလုပ်မရှိတော့ ကမြင်းကြော ထကြတာပေါ့ဗျာ။ အံမယ် ... စာထဲမှာ လာသေးတယ် ခင်ဗျာ့၊ ပန်းခူးတာ ရိုးရိုးမဟုတ်ဘူး၊ သီချင်းတကြော်ကြော်နှင့် ခူးတဲ့လူက ခူး၊ အပင်ပေါ်မှာ တင်ပဲ ပန်းကုံးတဲ့လူက ကုံး၊ အောက်က သုဗြဟ္မနတ်သားကတော့ တပြုံးပြုံး နှင့်ပေါ့လေ။ အဲ ... ကြာခင်ဘူး၊ အဲဒီ နန့်ကြောဆွဲမတွေ အကုန်လုံး တစ်ယောက်မကျန် ဥပစ္ဆေဒကကံနှင့် (လိမ့်ကျသလား၊ နတ်ဆိုင်ကလုံး မှန်တိုင်းတိုက်သလား မသိပါဘူး) သေကုန်ကြတယ်။

'အဲ့ဒီတော့ အောက်က နတ်သားက သီချင်းဆိုသံလဲ တိတ်သွားတယ်၊ ပန်းပွင့် ပန်းဝတ်မှုန်တွေ ကြွေကျတာလဲ မတွေ့ရပါလား ဆိုပြီး မော့ကြည့်တော့ သူ့အချစ်တော်မတွေ တစ်ယောက်မှ မရှိတော့ဘူး။ တစ်ခါ နတ်တို့မျက်စိနှင့် ဆက်ပြီးကြည့်တော့ လား ... လား ... အကုန်လုံး အဝီစိငရဲ ကျကုန်ကြသတဲ့။ အဲဒီမှာ သုဗြဟ္မနတ်သားလဲ ရွှေမန်းလွမ်းခန်း ဖြစ်သွားတာပေါ့ဗျာ'

## ချက်ချင်း ရယ်၊ ချက်ချင်း ငို၊ ချက်ချင်း တိတ်

'ခဏကြာတော့ စဉ်းစားတယ်၊ အင်း ... သူတို့ခမျာများ သူတို့ကံအရ သေကြရရှာပြီ။ ငါကော နတ်ပြည်မှာ ဘယ်လောက်

http://www.dhammavideo.com/



နေရဦးမလဲလို့ ကြည့်လိုက်တော့ ခုနစ်ရက်ပဲ ကျန်တော့တာကို တွေ့တော့ ထိတ်လန့်သွားတာပေါ့ဗျာ။ နတ်သမီးတွေအတွက် အလွမ်းမသယ်နိုင်ရှာတော့ဘူး။ ခုနစ်ရက်နေပြီး သေရရင်ကော ဘယ်ကိုရောက်မလဲလို့ ဆက်ပြီး ကြည့်တော့မှ တကတဲ နေမထိ ထိုင်မထိ ဖြစ်တော့တာပဲ။ သူလဲ နတ်သမီးတွေလမ်း အဝီစိလေဗျာ။

'အဲဒီမှာ သုပြဟ္မနတ်သားဟာ အကြီးအကျယ် ဆောက်တည်ရာမရ တုန်လှုပ်ချောက်ခြားပြီး ခေါင်းအေးအေးနှင့် စဉ်းစားတော့မှ နတ်နှင့်တကွသော သုံးလောကမှာ ဘုရားရှင်မှတစ်ပါး မည်သူမျှ ငါ့အပူ ငါ့သောက ခြောင့်တံသင်းကို နုတ်ထွင် ဖယ်ရှင်းပေးနိုင်စွမ်းမယ့်သူ မရှိဘူးလို့ ... အဲသလို အမှန်အတိုင်း မြင်သွားပြီး ဘုရားရှင်ကို လာလျှောက်ပါတယ်'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်၏ စိတ်တွေ ဆောက်တည်ရာမရအောင် အလွန်အမင်း တုန်လှုပ်ချောက်ခြားနေပါပြီ။ ထိတ်လန့်တုန်လှုပ်ရခြင်း ကင်းဝေးတဲ့ နည်းများရှိလျှင် ဟောကြားတော်မူပါ ပေါ့ဗျာ။ အဲဒီမှာမှ 'နာညတြ ဗောဇ္ဈာ တပသာ' ဂါထာကို နာရလို့ သစ္စာလေးပါး သိမြင်၊ အဲဒီနေရာမှာပင် သောတာပတ္တိမဂ်ဉာဏ်ရပြီး သောတာပန် နတ်သားဖြစ်သွားပါတယ်။ ပူပင်ကြောင့်ကြ သောကတွေ အကုန် အေးငြိမ်းသွားပါသတဲ့ဗျာ ...'

'သာဓုပါ ဆရာကြီး ... သာဓု ... သာဓု၊ ကိုယ် မမြင်နိုင်တဲ့ သခ်ီရတာရားတွေကြောင့် ပျော်ရွှင်နေရာက ချက်ချင်း ငိုကြွေးရ၊ မြတ်စွာဘုရား ကျေးဇူးတော်ကြောင့်၊ ငိုကြွေးပူပန်နေရတဲ့ မီးတွေ



လဲ ချက်ချင်း ငြိမ်းအေးခွင့်ရကြ၊ သည်လောက် အပြောင်းအလဲ မြန်ဆန်လှတဲ့ လောကကြီးထဲမှာ ကျွန်တော်တို့ ခရီးသွားတွေ ချက်ချင်းအေးတဲ့ ဆေးတွေ ရှိဖို့ လိုလာပြီပေါ့ဗျာ ...'

'အမှန်ပဲ ဦးသောင်း'

## အကောင်းဆုံး လက်နက်၊ အထက်ဆုံး ဆေး

'ဆရာကြီးနှင့် ဦးလေးသောင်းတို့ အမိန့်ရှိလို့ သုပြဟ္မနတ်သားဗိုက်ထဲ ကျွန်တော်ဝင်ကြည့်တယ်။ ကြားရတဲ့သူမှာ ကြားပြီးပျောက်သွားလို့ သိပ်ပြီး ထူးခြားလှတယ် မထင်ရပေမယ့် လက်တွေ့ခံစားနေရတဲ့ သူမှာတော့ ရင်ကွဲမတတ်ဘဲ။ တစ်ချို့လူတွေမှာ ဘာမဟုတ်တဲ့ ပြဿနာ၊ သောက ရောက်စရာကလေးနှင့်တောင်မှ ချက်ချင်း သေသွားကြရတာ တွေ့ဖူးတယ်။ ခု သုပြဟ္မနတ်သားမှာဆိုရင် နတ်မိဖုရားတွေ အကုန်လုံး သေကြတယ်၊ ကိုယ်လဲ မကြာခင် သေရတော့မယ်လို့ သိနေတော့ သည့်ထက် ကြောက်လန့်စရာကောင်းတဲ့ ဘေး၊ လောကမှာ ရှိမယ် မထင်ပါဘူး။

'အဆိုးဆုံးက သေပြီးတော့လဲ အဝီစိ ရောက်ကုန်ကြတယ်၊ ခုနစ်ရက်ကြာရင် ကိုယ်လဲ အဝီစိပဲဆိုတော့ သုပြဟ္မရဲ့ ဘဝဟာ ပဋာစာရီထက် ဆိုးတယ်နော်။ ကျွန်တော် သဘောပေါက်သွားတာက ဒီလောက်ချက်ချင်း ရင်ကွဲပြီး သေလောက်တဲ့ သောက ဒုက္ခတွေကို ချက်ချင်း ငြိမ်းပျောက် ချမ်းသာသွားအောင် လုပ်ပေးနိုင်တဲ့ နည်းဟာ ဘယ်ခေတ် ဘယ်အခါ ဘယ်မှာမှ ရှိမယ်မထင်ပါဘူး ဆရာကြီး။

'လောကမှာတော့ အတုမရှိ ပြိုင်ဘက်မရှိ တန်ခိုးကြွဒ္ဓိပါဒ်

http://www.dhammavideo.com/



ကြီးတယ်လို့ ဆိုရမယ့် နတ်, နတ်ဘီလူးတွေရဲ့ အန္တရာယ်တွေကို ကျော်လွှား အောင်မြင်နိုင်တဲ့ လက်နက်ဟာ ဒီသာသနာပဲ ရှိသလို၊ ဘဝခရီးသည်တွေအတွက် ခက်ခဲကျပ်တည်းမှု အဝဝ၊ ဒုက္ခအဖုံဖုံ၊ ရောဂါဝေဒနာမျိုးစုံကို ပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ မြစ်ခြင်းပြီးဆေး (ပဲနဆီယာ၊ အီလစ်ကဆာ - Penacea, Elixir) ဟာလဲ ဘယ်မှာမှ မရနိုင်ဘူး၊ ဗုဒ္ဓသာသနာတော်မှာပဲ ရှိတယ်။ တို့ ... အရ တော်လေစွလို့ နားထောင်ရင်း တစိမ့်စိမ့် ပီတိဖြစ်မိလို့ပါ ဆရာကြီး'

'ကောင်းလိုက်လေဗျာ၊ ဦးလေးလဲ ကိုသန့်ဇင်တို့လို နားမျက်စိရှိတဲ့ လူငယ်တွေကို အပင်ပန်းခံ ပြောရတာ ပြောရကျိုးနပ်သွားပြီ'

'ဆရာကြီး ပြောတာ နားထောင်ရင်း ဒီက တူတော်မောင် နားလည်သွားပုံ၊ ဝင်သွားပုံကဖြင့် အားရစရာ။ နက်နက်ရှိုင်းရှိုင်း စူးဝင်သွားတာ ကြားရတော့ ဦးလေးလဲ ဝမ်းသာပါတယ်။ ပစ်သွင်းတဲ့ ဆရာကြီးရဲ့ အားကလည်း ကောင်းပေတာကိုး။ ကျွန်တော်က တော့ ဆရာကြီး ... နားထောင်ရင်း စိတ်ကူးတစ်မျိုးဝင်လာတယ်'

'ဆိုပါဦး ဦးသောင်းရဲ့'

## ငါ့ရတနာတွေ သာသနာအတွက်

'နတ်သမီး ငါးရာ သီချင်းတကြော်ကြော်နှင့် တပျော်တပါး ပန်းခူးရာက ဘဝမေ့ပြီး သေသွားကြရှာတာ၊ ပြီးတော့ ... အဝီစိ ရောက်ကြတယ်ဆိုတော့ ကိုယ်ကျိုး နည်းပါပကောလား ဆရာကြီး။ နတ်တွေဟာ စားဝတ်နေမှု ဘာတစ်ခုမျှ ပူပန်စရာကလဲ မရှိတော့



အချိန်ပြည့် ကာမဂုဏ် စည်းစိမ်တွေနှင့် ပျော်မြူးမေ့မြောနေလိုက်ကြတာ အမြဲထာဝရ ဒီလိုပဲ ရရှိခံစားနေကြရလိမ့်မယ်လို့ ထင်နေရှာကြတာကိုး။ ကျွန်တော် သံဝေဂဖြစ်မိတာ ပြောချင်လို့ပါ'

'သူတို့ စည်းစိမ်တွေကလဲ တရားမေ့လောက်တာကိုး ဦးသောင်းရဲ့၊ နတ်တွေသာ မဟုတ်ဘူး၊ နဂါးတို့ ဂဠုန်တို့၊ သူတို့လဲ ဖိတ်ဖိတ်တောက် ကျောက်သံ-ရွှေ-ငွေ ဗိမာန်ကြီးတွေနှင့် လောက စည်းစိမ်အရာမှာ အတုမရှိ ကြီးကျယ်ခမ်းနားကြသတဲ့ ဦးသောင်း၊ ကံတရား အကျိုးပေးတွေပေါ့။ လူသားထဲမှာလဲ လူနှင့်တန် သလောက် တစ်ယောက်တလေရှိပါရဲ့၊ ဇောတိကတို့ ဇဋိလတို့၊ ရွှေတောင် ငွေတောင်တွေ ပေါက်ပေးရတယ်။ သူတို့ ကံကလဲ ဘယ်ရန်သူမျိုးငါးပါးမှလဲ နှောင့်ယှက်လို့ မရဘူး မဟုတ်လား။ ဒါပေမယ့် ဦးသောင်း ... ကိုသန့်ဇင် ...

'အဲဒီ ရတနာတွေကို သူတို့ ဘယ်လို အသုံးချသွားသလဲ။ မြတ်စွာဘုရား သာသနာမှာ အကုန်ပုံလှူသွားကြတာ။ တစ်ခြားပေးသင့်တဲ့သူတွေကိုလဲ ပေးကျွေးထောက်ပံ့။ ရလာတဲ့ စည်းစိမ်အပေါ်မှာ အသုံးချပုံ အရေးကြီးသဗျ'

'အတုယူလောက်ပါပေတယ် ဆရာကြီး။ သူဌေးကြီးတွေ မရှိကြလို့ အမွေခံသားသမီးတွေဆိုတာလဲ ခံစားထိုက်မှ ခံစားရတာ။ သူတို့လဲ မရှိ၊ သားသမီးတွေ လက်ထက်လဲရောက်ရော ရွှေတောင်တွေက ပျောက်ကုန်တယ်လို့ ဖတ်ရဖူးတာပဲ ဆရာကြီး'

'ကံတရားဆိုတာ အဲဒါပါပဲ ဦးသောင်း၊ နောက်ပြီး အဲဒီ ဇောတိက သူဌေး၊ ဇဋိလ သူဌေးကြီးတွေဟာလဲ အဲဒီ ရတနာတွေ

http://www.dhammavideo.com/



စည်းစိမ်တွေကို လျှုတာလဲ လျှုတာပဲ၊ သူတို့ ကိုယ်တိုင်ကကော တစ်သက်ပန်လုံး ဇိမ်ခံပြီး နေသွားကြရော့လား ကိုသန့်ဇင် ...'

'အမိန့်ရှိပါ ဆရာကြီး'

'မနေဘူးဗျာ့'

'အဲဒီ စည်းစိမ်ဥစ္စာ ရတနာတွေထက် ကောင်းမြတ်တဲ့ ရတနာ၊ ဘာဆိုတာ သူတို့သိကြတယ်။ ဒီလို မဟုတ်လား ကိုသန့်ဇင်။ လောကီ ရတနာတွေထက် အတုမရှိ ကောင်းမြတ်တဲ့ ရတနာဆိုတာ ဘာပါလိမ့် ကိုသန့်ဇင်'

'ဘုရား ရတနာ၊ တရား ရတနာ၊ သံဃာ ရတနာပါ ဆရာကြီး ...'

## အကောင်းဆုံး ဥစ္စာရတနာကို ယူသွားကြ

'မှန်လိုက်လေဗျာ။ 'ကဲ ... ဦးသောင်းက ရတနသုတ်ပါဠိ ရွတ်စမ်းပါဦး။ ကိုသန့်ဇင်တို့ ရပြီးသားပေတဲ့ နှလုံးသားထဲ စွဲသွားအောင်'

'ယံ ကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

'ဆရာကြီး ပြောချင်တာ ဒီဂါထာ မဟုတ်လား'



'ဟုတ်ပါ့ဗျာ ဦးသောင်းရဲ့။ ကိုသန့်ဇင် ... ဒီဂါထာရဲ့ အဓိပ္ပာယ်ကို မြန်မာလို ဦးလေးရဲ့ 'ရတနာသုံးပါး ကျေးဇူး' စာအုပ်ထဲမှာ ရေးခဲ့တယ်လေ၊ မှတ်မိသေးလား။ ကျက်ကော ကျက်ထားရဲ့လား'

'ဒါမျိုးကို ကိုရင်တို့ ငယ်တုန်း အရ ကျက်ထားရတယ် ကိုသန့်ဇင်။ ဦးလေး ဆိုပြမယ် ...

'ဤလူ့ပြည်, နဂါးပြည်, ဂဠုန်ပြည်, အသူရာပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဟု ဆိုအပ်သော ဤစကြဝဠာ ကမ္ဘာလောကဓာတ်၊ အနန္တစကြဝဠာ အနန္တကမ္ဘာလောကဓာတ်၌ စိတ်နှလုံးအလိုကို ပွားစေတတ်သဖြင့် ကောင်းမြတ်သည်ဟု သတ်မှတ်၍ ထားအပ်ကုန်သော အမျိုးမျိုးသော သက်ရှိသက်မဲ့ အသုံးအဆောင်ရတနာတို့သည် ရှိကြပါပေကုန်၏။

ထို အမျိုးမျိုးသော သက်ရှိသက်မဲ့ အသုံးအဆောင် ရတနာတို့တွင် တစ်စုံတစ်ခုသော ရတနာသည်မျှ မြတ်စွာဘုရားရှင်နှင့်တူသော ရတနာမည်သည် မရှိ။

မြတ်စွာဘုရားတည်းဟူသော ရတနာသည်သာလျှင် သတ္တဝါအပေါင်းတို့အား ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်တင်တော်မူတတ်သဖြင့် လောကဓာတ်တစ်ခုလုံး နှစ်သက်မဆုံးကြသည့် သက်ရှိသက်မဲ့ အသုံးအဆောင် ရတနာအပေါင်းတို့တွင် အ

http://www.dhammavideo.com/



ကောင်းဆုံး, အသာလွန်ဆုံး, အမွန်မြတ်ဆုံး, အစစ်အမှန်ဆုံးသော အားထားရာ ဘုရားရတနာ အစစ်ကြီး ဖြစ်တော်မူပါပေသည် ဘုရား။

ဤသို့ ဟုတ်မှန်သော ဝစီသစ္စာစကားကို ဆိုရခြင်းကြောင့် ...'

'စာအုပ်ထဲတော့ တွေ့မိသားပဲ ဆရာကြီး၊ အမှန်အတိုင်း ဝန်ခံရရင် ဒီလောက် လေးနက်တယ်မထင်လို့ မကျက်မိဘူး။ ခု ဆရာကြီးအသံနှင့် ဆိုပြတော့မှ ...'

'ကဲ ... အဲဒါထား၊ ဦးလေး အဖေကြီး ယခု ၉၆-နှစ်၊ ဟို ၂-နှစ်လောက်က သေကောင်ပေါင်းလဲဖြစ်လို့ ဦးလေး ဒီရတနသုတ်သုံးဂါထာနှင့် သစ္စာပြုပြီး ပရိတ်ရွတ်ပေးတာ ချက်ချင်း ထထိုင်တယ်လို့ ပြောရမလောက် နေကောင်းသွားလို့ အားလုံး အံ့သြခဲ့ရဖူးတယ်။ ဦးလေးစွမ်းတာ ဂုဏ်ဖော်ချင်လို့ မဟုတ်ဘူး။ ဒီစာတွေဟာ ပါဠိတော်တွေဟာ ဘယ်လောက် အားကိုးရတယ်ဆိုတာ သိစေချင်လို့။ သုဗြဟ္မနတ်သားကနေ စကားက ဘေးထွက်သွားပြန်ပြီ ဦးသောင်းရေ'

'ဒီမှာ ကျွန်တော်ပြောလိုရင်းက နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, နတ်သိကြား, ဗြဟ္မာစည်းစိမ်တွေလောက် မကြီးကျယ်သော်ငြားလဲ လူ့ပြည်မှာတော့ ကျိုကျိုတက် တိုးတက်ချမ်းသာတယ်လို့ စံတင် ပြောခဲ့ကြရတဲ့ ဇောတိက, ဇဋိလ စတဲ့ သူဌေးကြီးတွေဟာ သူတို့ ရတနာတွေကို သာသနာတော်မှာပဲ သွန်ချပြီး အသုံးပြုသွားကြတယ်လို့ ခုနက ပြောခဲ့ပြီ။



'ဒါလောက်နှင့်ပဲ သူတို့ အားရကျေနပ်ပြီး တစ်သက်လုံး သူဌေးစည်းစိမ်ခံပြီး သူဌေးကြီးတွေ အဖြစ်နှင့်ပဲ နေသွားကြရောလား။ မဟုတ်လား ဦးသောင်းရေ။ ခင်ဗျား ခုနက ရွတ်သွားတဲ့ 'ယံကိဉ္စိဝိတ္တံ' ဂါထာတော်အရ ရှိသမျှ ရတနာတွေ သာသနာမှာ သွန်လှူသွားရုံ မကဘူး၊ အမြတ်ဆုံးဖြစ်တဲ့ ဓမ္မရတနာကို အရယူသွားကြတယ်။ သူတို့ကိုယ်တိုင် သာသနာ့ဘောင်ဝင်ပြီးသကာလ သံဃရတနာအဖြစ်, ဇောတိကထေရ်၊ ဇဋိလထေရ်' ရယ်လို့ ရဟန္တာအရှင်မြတ်ကြီးတွေ ဘဝနှင့် ရတနာစံချိန်တင်တော် မူသွားကြတာကလား ကိုသန့်ဇင်'

'ဩော် ... ဒီလိုလား ဆရာကြီး'

'မြင့်မြတ်လိုက်တာ ဆရာကြီးရယ်၊ ကျွန်တော် အမှတ်တမဲ့ ဖြစ်နေတာ'

'ခင်ဗျားတို့ ရတနသုတ်ကို ရွတ်တဲ့အခါ ဒါတွေ အာရုံပြုရမယ်။ ကျွန်တော်တို့ ဘဝခရီးသည်တွေမှာ ဒီ အင်အားတွေကို ရထားမှတော့ လောကကြီးမှာ ဘာမှ ကြောက်စရာ မရှိသလို၊ လူ့စည်းစိမ်ဟာ သိန်းသန်းကြွယ်ဝပြီး မီလျံနာ, ဘီလျံနာ, ထရီလျံနာတွေ ဖြစ်စေဦးတော့ ဘာ မက်မောစရာရှိလဲ ဦးသောင်း။ ဒီလို မဟုတ်လား'

## ကြံတော သူဌေး၊ ကြံတော အာကာရှင်

'မီလျံနာ၊ ဘီလျံနာ ဆိုလို့ နိုင်ငံခြားတွေမှာ အဲဒီ မီလျံနာ

http://www.dhammavideo.com/



ဘီလုံနာဆိုတဲ့ လူတွေကတောင်မှ သာပြီး ဘဝပျက် ဆူဆိုက် (သတ်သေ) လုပ်ပြီး အသက်တိုကြတယ်လို့ ရေးကြတာ ဖတ်ရဖူးပါတယ်'

'လူ့စည်းစိမ်နှင့်စပ်လို့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး အမိန့်ရှိတာ သွားသတိရမိတယ်'

'ဆိုပါဦး ဦးသောင်း'

'ဆရာတော်ကြီးက မင်းတို့ လူ့စည်းစိမ်၊ သူဌေးစည်းစိမ်ဟာ နတ် နဂါး ဂဠုန် စည်းစိမ်တွေနှင့် စာကြည့်ရင် ကြံတော သင်္ချိုင်းထဲက စဏ္ဍာလ စည်းစိမ်တွေပါကွာ တဲ့။ ကြံတောထဲက စဏ္ဍာလတွေ ဟိုက မသာလာချ။ ဒီက မသာလာချ။ သူတို့မှာ သုံးမကုန် စားမကုန် ရတနာပုံဆိုက်ပြီး မသာလောင်းထည့်တဲ့ တင်တဲ့ခေါင်းက ရထားက၊ သစ်ဝါးကလေးတွေ အလုအယက်ယူ၊ ကိုယ့်အိမ်ကလေး ကာရံ၊ မသာက အဝတ်အစားတွေနှင့် တဝင့်ဝင့်၊ ကူးတို့ခ, ထည့်လိုက်တဲ့ ထမင်းထုပ်ကလေး၊ လက်ဖက်ထုပ်ကလေး သူ့ထက်ငါ အလု အယက် စားကြ၊ သောက်ကြ။ စားသောက်ပြီး ဝတော့ ဂူတွေကြားက ဝါးလုံး, ဂုန်အိတ်စုတ်, ပလတ်စတစ်စုတ်တွေ ကာရံထားတဲ့ စဏ္ဍာလဗိမာန်ထဲမှာ စည်းစိမ်ကြီးတစ်ခွဲသားနှင့် တမေ့တမြော အိပ်ပြီး ဇိမ်ယစ်နေကြတယ်။ မင်းတို့ လူ့စည်းစိမ်က ကြံတောထဲက စဏ္ဍာလစည်းစိမ်တွေပါကွာ ... တဲ့'

'မှန်လိုက်တာ ဦးသောင်းရေ၊ 'ဘဝအမြင်' ရှင်းတယ်ဆိုတာ အဲဒါပဲ ဦးသောင်း။ ဆရာတော်ကြီးများ စကားက တယ်ပြီး မှတ်သားလောက်ပါပေတယ်။ ဒီထဲမှာ ရှိသေးတယ် ဦးသောင်းရေ၊



ကြံတောထဲက စဏ္ဍာလတောထဲမှာ 'ချေးတောထဲ လသာ' ဆိုတာလို စဏ္ဍာလတစ်ပိုင်း၊ သူခိုးဓားပြတစ်ပိုင်း လုပ်နေတဲ့ လူတွင်ကျယ်တွေ။

'အံမာ ... စဏ္ဍာလတွေအားလုံးက သူတို့ကိုပဲ ဖိန့်ဖိန့်တုန် ကြောက်နေကြရသတဲ့ဗျာ့။ သူတို့ကလဲ ကြံတောနေပြည်တော်မှာ ဧရာမ အာဏာရှင်ကြီးတွေ၊ ဘယ်သူကမှ မော့မကြည့်ဝံ့ဘူးတဲ့ဗျာ၊ ဟား ... ဟား ... ဟား'

'လူ့စည်းစိမ် နတ်စည်းစိမ် စိန်ရွှေရတနာတွေ အပြစ်ပြောနေတဲ့ကြားထဲက အင်း ... ဆရာကြီးလဲ အိပ်ဖို့ အနားယူဖို့တော့ ကောင်းပြီ၊ ညဉ့်နက်လာပြီ။ ဒါပေမယ့် မအိပ်ခင် စောစောကပြောတဲ့ အဖိုးတစ်သိန်းထိုက်တဲ့ ဂါထာကိုတော့ ရချင်သား ဆရာကြီး။ အားတော့လဲ နာပါရဲ့ ...'

## အဖိုးတစ်သိန်းထိုက်သော ဂါထာတော်များ

'အင်း ... ကိုသန့်ဇင် ကြည့်လဲ ပြောပါ။ အဖိုး တစ်သိန်းထိုက်တန်တဲ့ ဂါထာဆိုတာ လိုချင်တဲ့သူက၊ နာချင်တဲ့လူက ပေးရတာ။ ဂါထာမှ အသီတိနိပါတ်မှာ လာတဲ့ မဟာသုတသောမဇာတ်ကြီးကို ခင်းရမှာ၊ ပါဠိစာမျက်နှာ ၆၀-ခန့်ရှိတယ် ကိုရင်။ စရိယာပိဋကပါဠိတော်နှင့် အဋ္ဌကထာမှာတော့ အကျဉ်းချုပ်ပါရဲ့။ ဒါတောင် စာမျက်နှာဆိုက်ကြီးနှင့် ၉-မျက်နှာ ရှိတာ'

'မအိပ်ခင် အကျဉ်းချုပ်ကလေးပေါ့ ဆရာကြီး'

'ကဲ ... ဒါဖြင့် လဲ တိုတိုပြောကြစို့။ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်

http://www.dhammavideo.com/



မြို့မှာ မင်းက မဟာသုတသောမ၊ ဘုရားလောင်း။ ဗာရာဏသီက ဗြဟ္မဒတ်မင်း၊ တက္ကသိုလ်ပြည်မှာ ပညာသင်ဖက်၊ ဒါပေမယ့် အပြည်ပြည်ဆိုင်ရာ ဘုရင့်သားတော် ကျောင်းသားတွေအားလုံးက ပါမောက္ခကြီးရဲ့ လက်ထောက်ဖြစ်လာတဲ့ ဘုရားလောင်း သုတသောမကို လေးစားကြရတယ်။ ပညာသင်ပြီးလို့ ကိုယ့် တိုင်းပြည် ကိုယ်ပြန်ပြီး ရှင်ဘုရင် လုပ်ကြတော့ ဗာရာဏသီက ဗြဟ္မဒတ်မင်းဟာ လူသားစားတဲ့ အပြစ်နှင့် ပြည်နှင်ဒဏ်ခတ်ခံရတယ်။ အဲဒီ အချိန်ကစပြီး ပေါရိသာဒလို့ ခေါ်တယ်ဗျာ။ ဇမ္ဗူဒီပါ တစ်ကျွန်းလုံး ပေါရိသာဒကြီးကို ဖိန့်ဖိန့်တုန်အောင် ကြောက်နေကြတဲ့အချိန်။

'တစ်နေ့တော့ လူသားစား တောပုန်းကြီး ပေါရိသာဒဟာ လူသားစားဖို့ လူတစ်ယောက်ကိုလိုက်ရင်းက ခြေထောက်ရှားငုတ်စူးလို့ ဘယ်မှ မသွားနိုင်ဘူး။ သူနေတဲ့ ညောင်ပင်အခေါင်းကြီးထဲမှာ ခုနစ်ရက်လုံးလုံး ပုန်းအောင်းပြီး နေရသတဲ့။ ဘာမှလဲ မစားရတော့ဘူး။ အားကိုးရာလဲ မရှိဘူး။ ဒီတော့ သူက ညောင်ပင်စောင့်နတ်ကြီးကို စိတ်ထဲကမှန်းပြီး အကူအညီတောင်းတယ်။ သူ့ရောဂါပျောက်အောင်လုပ်ပေးပါ၊ ၇-ရက်အတွင်းပျောက်လျှင် သင်နတ်မင်းကြီးကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာရှိတဲ့ တရာ့တစ်ပါးသော ခတ္တိယမင်းတွေရဲ့ အသားအသွေးတွေနှင့် ပူဇော်ပသပါမယ်လို့လဲ ကတိပြုလိုက်တယ်။

## လူသားစား ပေါရိသာဒ နတ်ကန္နားပေး

'ခုနစ်ရက်လုံးလုံး သားစိမ်းငါးစိမ်း မစားရလို့ သူ့အနာ အလိုလိုပျောက်သွားတာကို နတ်မင်းကြီး မ,လို့ထင်ပြီး တစ်ရာ့တစ်



ပါးသော မင်းတွေကို တစ်ယောက်ပြီး တစ်ယောက် ဖမ်း၊ ညောင်ပင်အောက်မှာ ဇောက်ထိုး ဆွဲထားတယ်။ အဲဒီထဲမှာ သူ့ဆရာတော်ဖူးတဲ့ မဟာသုတသောမမင်းတော့ မပါဘူး။ မီးပုံကြီးဖို၊ တံစို့တွေသပ်၊ နတ်ပသဖို့ ပြင်နေတာတွေ့ရတော့ ရုက္ခစိုးနတ်ကြီးမှာ အကြီးအကျယ် စိတ်မကောင်းဖြစ်သွားတယ်။

'ငါကလဲ မ,ရတာမဟုတ်ဘဲနှင့် သူ့ဟာသူ အယူလွဲပြီး တစ်ရာ့တစ်ပါးသောမင်းတွေ အပြစ်မဲ့ သေရှာကြရတော့မယ်။ ငါကလဲ မတားနိုင်၊ ငါပါ တာဝန်မကင်းဖြစ်ရချေရဲ့ ဆိုပြီး ရုက္ခစိုးနတ်ကြီးက စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်ထံ သွားပြီး တားမြစ်ပေးဖို့ အကူအညီတောင်းတယ်။ နတ်မင်းကြီးတွေကလဲ သူတို့မှာ ပါဝါ မရှိဘူး၊ သိကြားမင်းထံဆက်သွား၊ သိကြားမင်းကြီးလဲ တားမြစ်နိုင်စွမ်း မရှိဘူး။ ဒါပေမယ့် သိကြားမင်းက ရုက္ခစိုးနတ်ကြီးကို အကြံတစ်ခုပေးလိုက်တယ်။ သုတသောမမင်းကိုပါ ဖမ်းပြီး ဗလိနတ်စာ ပသဖို့။

'ဒီတော့ နတ်မင်းကြီးက သူ့ဗိမာန်ပြန်လာပြီး ပေါရိသာဒကို ပရိယာယ်နှင့် ပြောတယ်။

'ပေါရိသာဒ၊ သင်ဟာ တစ်ရာ့တစ်ပါးသော မင်းတွေရဲ့ အသွေးအသားနှင့် ငါ့ကို ပသမယ်လို့ တာဝန်ခံတယ်။ ခုတော့ သင်ဟာ တော်စွာ့လျော်စွာ့မင်းတွေ ဖမ်းလာတယ်။ ဘယ်မှာလဲ ဇမ္ဗူဒိပ်မှာ အကြီးဆုံးဖြစ်တဲ့ မဟာသုတသောမမင်း၊ မမြင်ပါလား။ ဒီလိုဆိုသင်ပသတာ ငါလက်မခံဘူး' ဆိုတော့ သူ့ဆရာပေမယ့် မနေသာဘူး၊ သွားပြီး ဖမ်းလာတယ်။ ဘုရားလောင်းက မကြောက်ဘူး။

http://www.dhammavideo.com/



အသာတကြည် လိုက်လာတယ်။ ဒါပေမယ့် ရေချိုးရာက ဖမ်းလာတော့ ဘုရားလောင်း သုတသောမရဲ့ ဆံပင်မှာ, မျက်နှာမှာ ရေတွေ ရွှဲစိုနေတုန်း။ ဒါကိုမြင်တော့ ဘုရားလောင်း ကြောက်လို့ငိုတယ် ထင်ပြီး ပေါရိသာဒက မေးတယ်။

'အဆွေ ပေါရိသာဒ၊ ကျွန်ုပ်သေမှာ မကြောက်ပါဘူး။ ဘယ်မှာ ငိုလိမ့်မတုံး။ ဒါပေမယ့် လူမှာ ကတိသစ္စာဆိုတာ ရှိရတယ်။ အဲဒီကတိသစ္စာ ပျက်ပြားရမယ့်အတွက်တော့ ကျွန်ုပ် စိတ်မကောင်းဘူး။ ကတိသစ္စာက ဘာလဲဆိုတော့ ကျွန်ုပ်ဥယျာဉ်တော် ရေသုံးသပ်တဲ့အခိုက်မှာ သင် ကျွန်ုပ်ကို ဖမ်းဆီးခေါ်ခဲ့တယ် မဟုတ်လား။ ဥယျာဉ်တော်အလာ မြို့တံခါးအရှေ့ပေါက် အထွက်မှာပဲ ဟိုယူဇနာ ၁၀၀-ဝေးတဲ့ တက္ကသိုလ်ပြည်ကလာတဲ့ နန္ဒခေါ်တဲ့ ပုဏ္ဏားနှင့် အထွက်အဝင် တွေ့ကြတော့ ပုဏ္ဏားက အရှိအသေ ကောင်းချီးမင်္ဂလာပေးပြီး 'အသင် မင်းကြီးအတွက် ကဿပဘုရားရှင် ဟောကြားတော်မူသော တစ်ရာတန် ဂါထာတော်လေးခု ဟောကြားရန် လာပါကြောင်း' ပြောတော့ 'နောက်နေ့မှ ဆက်ဆက် နာယူပါ့မယ်' လို့ ကတိပေးပြီး နန္ဒပုဏ္ဏားကို နန်းတော်ထဲမှာပဲ ကောင်းမွန်ရိုသေစွာ ကျွေးမွေးပြုစုတားကြဖို့ စီစဉ်ခဲ့တယ် အဆွေတော်။

'အဲဒီ ကတိပျက်မှာ တစ်ခုပဲ ကျွန်ုပ် စိတ်မကောင်းပါဘူး'

## ဘုရားဟော ပါဠိတော် ရွတ်ဆိုနာယူနည်း

'အဲဒီမှာ ပေါရိသာဒ ယုံကြည်လောက်အောင် အချေအတင်ပြောဆို၊ ကျိန်ဆိုခွင့်တောင်းပြီး ဘုရားလောင်းဟာ ဣန္ဒပတ္ထ



နဂိုရ်နေပြည်တော်ကို ပြန်လာတယ်။ သူ့ကို ဖမ်းသွားလို့ ငိုယိုပြီး ကျန်ရစ်ခဲ့တဲ့ မိဘနှစ်ပါးဆီကိုတောင်ဝင်ပြီး နှုတ်မဆက်အားသေးဘဲ မိမိနေမြဲ နန်းဆောင်ထဲဝင်သွားပြီး တက္ကသိုလ်ကလာတဲ့ ပုဏ္ဏားတော်ကို မုတ်ဆိတ်ကျင်စွယ် စသည် ပယ်ရှင်း၊ ရေမိုးချိုး၊ အဝတ်အစားသစ်များ လဲစေပြီး ရှေ့တော်ဝင်ရောက်ရန် စီစဉ်၊ မိမိကိုယ်တိုင်လဲ သန့်ရှင်းအောင် ဝတ်ဆင်ဖြီးလိမ်းပြီးမှ ပုဏ္ဏားတော်အား စားပွဲတော်ကို အရင်ကျွေးမွေး၊ မြင့်မြတ်တဲ့ ပလ္လင်ပေါ်မှာတက်စေပြီး မဟာသုတသောမဘုရားအလောင်းက အနိမ့်ကြမ်းပြင်ကနေပြီး နာယူတယ်။ တရားကို ပူဇော်သောအားဖြင့် ပန်းနံ့သာတွေလဲ ပူဇော်ထားသတဲ့။

'ပုဏ္ဏားတော်ကလဲ ပလ္လင်ပေါ်ကနေ တစ်ရာတန်ဂါထာတော်ကို မရွတ်ဖတ်မီ လက်နှစ်ဖက်စလုံး အမွှေးနံ့သာများနှင့် ပွတ်ခြေပြီးမှ မိမိအိတ်ထဲမှာ တရိုတသေ ယူဆောင်လာတဲ့ တရားစာအုပ်ကိုဖွင့်ပြီး မင်းကြီးကို ဖတ်ပြ နာယူစေသတဲ့။ သည်ရွတ်ဖတ်တဲ့ အခန်းကို အဋ္ဌကထာမှာလာတဲ့အတိုင်း ပြည့်စုံအောင်ပြောရတာက ဦးသောင်းတို့, ကိုသန့်ဇင်တို့ သိတဲ့အတိုင်း ဘုရားဟောမှုခပါဠ်(သာမုက္ကံသိက) ပါဠိတော်တွေကို ရွတ်ဖတ်ကြတဲ့အခါ စောစောက ပလုတ်**ကျင်းဟာ** ပြောခဲ့သလို ဗဟုသုတ ဖြစ်စေချင်လို့ပါ'

'အင်မတန် ကြားနာရခဲ့ပါတယ် ဆရာကြီး။ ဒီ ပေါရိသာဒဇာတ်တော်မှာ နတ်ကိုးကွယ်ပသတဲ့ လူတွေအတွက်ရော သတိပြုစရာ အချက်တွေ အများကြီးပါပဲ။ ဆက်ပါဦး ဆရာကြီး'

'တိုတိုပြောရရင် အဲသလို နာယူရတဲ့အခါ မင်းကြီးလဲ

http://www.dhammavideo.com/



အတိုင်းမသိ ဝမ်းမြောက်ကြည်နူးပြီး တစ်ရာ တစ်ရာ ဆုတော်ရနေကျ ဂါထာကို တစ်ထောင်စီ တစ်ထောင်စီတိုးပြီး ပူဇော်လိုက်သတဲ့။ အဲဒီ အချိန်ကစပြီး 'တစ်ထောင်တန် ဂါထာ' လို့ ထင်ရှားလာပါတယ်။ ဘုရားအလောင်းတော် သုတသောမမင်းကြီးလဲ နောက်တစ်ရက် နံနက် ခမည်းတော်, မယ်တော်များနှင့် မောင်းမမိဿံ အခြွေအရံတွေ ငိုယိုနေတဲ့ကြားက ဖျောင်းဖျပြောဆိုပြီး ကတိအရ ပေါရိသာဒထံ ပြန်သွားရပါတယ်။ ပြန်ရောက်သွားတယ်ဆိုရင် တစ်ရာ့တစ်ပါးသော မင်းတွေကိုသတ်ပြီး ယဇ်နတ်ပူဇော်ဖို့ မီးဖို၊ တံကျင်တွေ ငုံ့နေတဲ့ ပေါရိသာဒကြီးကို ညောင်ပင်ကြီးအောက်မှာ တွေ့ရတယ်။

## ပေါရိသာဒ အံ့အားသင့်သွားခြင်း

'ပေါရိသာဒကြီးက ညောင်ပင်ကြီးအောက် မီးဖိုအနီးမှာ တံကျင်တွေ ချွန်သပ်နေရင်းက ဘုရားလောင်း မဟာသုတသောမကို တွေ့လိုက်တော့ အံ့အားသင့်သွားတယ်ပေါ့ဗျာ။ အံ့အားသင့်တာထက် 'မင်းမှာသစ္စာ၊ လူမှာကတိ' ဆိုရိုးစကားအရ သေမှာကိုသိလျက်နှင့် ကတိမဖျက်ဘဲ အသက်ဟူသော အကြောင်းကြောင့် **ပင်လျှင် မုသာဝါဒ မချိုးဖောက်တာကို** စိတ်ထဲကကျိတ်ပြီး ချီးကျူးနေမိသတဲ့။ နောက်ပြီး ပေါရိသာဒကြီးက စဉ်းစားတယ်။

'သူဟာ သေရမှာကိုသိလျက်နှင့် နည်းနည်းမှ ကြောက်ရွံ့တဲ့ လက္ခဏာမပေါ်ဘူး၊ မျက်နှာညှိုးငယ်ခြင်း၊ မျက်နှာပျက်ခြင်း မရှိဘူး၊ လက်စသတ်တော့ သုတသောမမှာ တန်ခိုးသတ္တိထူးနှင့် ဘေး



အန္တရာယ်ကင်းတဲ့ နည်းကောင်း တစ်ခုခုတော့ ဧကန်ရှိနေပြီ။ သူနာခဲ့ရတဲ့ ကဿပဘုရား ဟောတော်မူတဲ့ တရားဂါထာတော်ကြောင့်ပဲလား၊ ဒါမှမဟုတ် ကတိသစ္စာ ခိုင်မြဲမှုကြောင့်ပဲလား၊ အခြားတစ်ခုခု ကြောင့်ပဲလား။ အဲဒီတန်ခိုးနှင့် ဘေးရန် အန္တရာယ်ကင်းတဲ့နည်းကို ငါလဲရစမ်းချင်ပါဘိတော့ ... လို့ စဉ်းစားတယ်။ ချက်ချင်းပဲ ...

'အဆွေ သုတသောမ၊ သင် ပြန်သွားပြီးတော့ နာယူခဲ့တဲ့ အသပြာတစ်ရာတန် ဂါထာများကို ကျွန်ုပ်လဲ နာကြားပါရစေလို့ ပေါရိသာဒကြီးက မေတ္တာရပ်ခံလာတယ်။ ဒီတော့ ဘုရားအလောင်းက အင်း ... ဒင်းကို နည်းနည်းတော့ ဖိနှိပ်ပေးဦးမှပဲလို့ အောက်မေ့ပြီး ...

'အစားကလေး တစ်လုတ်ကြောင့် တိုင်းပြည်က နှင်ထုတ်ခံရတဲ့ သင့်လို ကြမ်းကြုတ်ရက်စက်ပြီး လက်သွေးစွန်းနေတဲ့ လူသတ်သမား လူသားစားတဲ့ လူမိုက်နှင့် ဒီတရားနှင့် အရာလား' လို့ ပြောလိုက်တယ်။ ဒါပေမယ့် ပေါရိသာဒက အလောင်းတော်ရဲ့ အမူအရာ၊ အသံထွက်နှင့် မေတ္တာနှလုံးသားကို သိထားလေတော့ စိတ်မဆိုးဘူး၊ စိတ်မဆိုးတဲ့အပြင် အပြန်အလှန် လျှောက်လဲချက်တွေနှင့် စကားစစ် ထိုးလိုက်ကြသေးသဗျာ။

'အဆွေဟာ ရန်သူ့လက်က လွတ်ထွက်ခွင့်ရပြီးမှ ရန်သူ့ထံ ပြန်ဝင်လာကတည်းက ခတ္တိယဓမ္မခေါ်တဲ့ နီတိကျမ်းလာ ရာဇဥပါယ်ကိုတောင် မသိတဲ့သူပဲ' လို့ ပေါရိသာဒကလဲ မညံ့ဘူးဗျာ၊ အလောင်းတော်ကို ပြန်ပြီး စကားစစ်ထိုးတယ်။ နောက်ဆုံးတော့ ပေါရိသာဒ

http://www.dhammavideo.com/



ကြီးက ဘုရားအလောင်းတော်ကို 'ဘာကြောင့် သေရမှာ မကြောက်ရွံ့သတုံး' လို့ ပြောင်ပြောင်ပဲ ဖွင့်ပြီး မေးတယ်။ အလောင်းတော်ကလဲ သေဖို့ မစဉ်းစားတဲ့အပြင် ချေပတဲ့စကားလုံးတိုင်းက ဒေါင်ဒေါင်မြည် ခင်ခင်ပြေး ဖြစ်နေတာကိုး။

## သုတသောမမင်း၏ မကြောက်တရား

'ဒီနေရာမှာ ဘုရားအလောင်းတော် မဟာသုတသောမမင်းက ဘာ့ကြောင့် သူ သေရမှာ မကြောက်တဲ့ အကြောင်း အကျယ်တဝင့် အသေးစိတ်ပြောပြတဲ့ စကားတွေဟာ အလွန်တရာ မှတ်သားဖို့ကောင်းပါတယ်။ **"ခရီးဖော်လက်စွဲတရား"** တွေပါပဲ။ ကဲ ... ပြောပုံကလေး နားထောင်ကြည့်ပါဦး ...

၁။ 'အဆွေ ပေါရိသာဒ၊ အကျွန်ုပ်ဟာ ပညာရှိများ ချီးကျူးလောက်အောင် ဒါနစတဲ့ ကောင်းမှုတွေကို အမျိုးမျိုး အဖုံဖုံ အများကြီးလုပ်ခဲ့ပြီ။

၂။ အဆွေ ... အကျွန်ုပ်က ကျေးဇူးရှင် မိဘနှစ်ပါးကိုလဲ အားရကျေနပ်လောက်အောင် ပြုစုလုပ်ကျွေးခဲ့ပြီ။

၃။ တိုင်းပြည်ကိုလဲ မင်းကျင့်တရား ၁၀-ပါးနှင့်အညီ သာယာဝပြော၍ ပညာရှင်များ ချီးကျူးလောက်အောင် အုပ်ချုပ်ခဲ့ပြီ။

၄။ ဆွေမျိုးသားချင်း များကိုလည်း ဆွေမျိုးသားချင်း အလျောက်၊ မိတ်ဆွေများကိုလည်း မိတ်ဆွေ



အလျောက် ချီးမြှောက်ပေးကမ်းခြင်း စသည်ဖြင့် လုပ်ထိုက်တာ မှန်သမျှကိုလဲ အကျွန်ုပ် လုပ်ခဲ့ရပြီ။

၅။ သူတော်သူမြတ် ရသေ့, ရဟန်းများကိုလဲ အလှူဝတ် အမျိုးပေါင်းများစွာ အလှူခံ ပုဂ္ဂိုလ်များ ကျေနပ်လောက်အောင် ခွက်ပြည့် အိတ်ပြည့် ပေးလှူခဲ့ရပြီ။

'အဆွေ ပေါရိသာဒ ... ဒါတွေဟာ အကျွန်ုပ်အဖို့ တမလွန်ဘဝခရီးအတွက် ရှင်းလင်း သုတ်သင်ထားတာတွေပဲ။ အချိန်မရွေး တမလွန် ဘဝခရီးဆက်ဖို့ အကျွန်ုပ်အတွက် ကြောင့်ကြပူပန်စရာ ဘာမှမရှိဘူး အဆွေတော်၊ အကျွန်ုပ် အသွေးအသားတွေနှင့် ယခုပင် ယဇ်နတ် ပူဇော်နိုင်ပါတယ်။

အလောင်းတော်က မီးပုံကြီးအနီးမှာထိုင်ပြီး ဓားနှင့် တံကျင်ကို သပ်ရင်း ချိတုံချတုံ အမူအရာပြနေသော ပေါရိသာဒကို ကြည့်လိုက်၊ ညောင်ပင်ကြီး ပတ်ပတ်လည်မှာ မသေမရှင် ဇောက်ထိုး ဆွဲထားတဲ့ တစ်ရာ့တစ်ပါးသော မင်းများဆီ လှမ်းကြည့်လိုက်နှင့် မကြောက်မရွံ့ ရဲရင့်ပြတ်သားစွာ ပြောပြလိုက်တယ်။ ညောင်ပင်အောက်မှာ ဖိုထားတဲ့ မီးပုံကြီးရဲ့ ရှိသမျှ လောင်စာတွေကို အပြီးတိုင် ဝါးကာ တဖျစ်ဖျစ်မြည်သံနှင့်အတူ မီးအရှိန် လေအရှိန်ကြောင့် ညောင်ရွက်များပင် တဖျတ်ဖျတ် လူးလွန့်ပျံတက်နေတာကို အမှတ်မထင် ကြည့်ရင်း ငူငူကြီးထိုင်လျက် မှိုင်တွေချပြီးနေတဲ့ ပေါရိသာဒကိုလဲ သနားကြင်နာတဲ့စိတ်နှင့် ကြည့်နေမိတယ်။

http://www.dhammavideo.com/



## တရားနာမှ ဆိုးကောင်းသိရ

'ပေါရိသာဒဟာ လက်ထဲမှာ ကိုင်ထားတဲ့ ဓားကို ဖယ်ချထားပြီး စို့တံကျင်ကလေးနှင့် အဓိပ္ပာယ်မရှိ မြေပြင်မှာ ဝေ့ယမ်းရေးခြစ်ရင်း သက်ပြင်း ချနေရှာတယ်။ တစ်ချိန်ထက် တစ်ချိန် တိုး၍ တိုး၍သာ ရဲရင့်ပြတ်သားစွာ ပြောနေတဲ့ အလောင်းတော်ရဲ့ စကားတွေကို ကြားရလေ၊ ကဿပဘုရားရှင်ဟောတော်မူတဲ့ ဂါထာတော် အစွမ်းကြောင့် ဖြစ်မှာပဲလို့ ပိုပြီး **စိတ်ထဲမှာ** စွဲလေဖြစ်လာပြီး ပေါရိသာဒဟာ အလောင်းတော်မျက်နှာကို **မော့ပြီး** မရွံ့မရဲကြည့်ကာ သက်ပြင်းချရင်းက ...

သုတွာ ဓမ္မံ ဝိဇာနန္တိ၊
နရာ ကလျာဏပါပကံ။

'အဆွေ သုတသောမ၊ သတ္တဝါတွေဟာ သူတော်ကောင်းတရားကို ကြားနာကြရမှသာ **အဆိုး အကောင်း**ကို ခွဲခြား သိမြင်နိုင်ကြပါတယ်။

အပိ ဂါထာ **သုဏိတွာန**၊
ဓမ္မေ မေ ရမတေ မနော။

'အသင် နာယူခဲ့ရတဲ့ ဂါထာတော်ကို အကျွန်ုပ် နာကြားခွင့်ရပါလျှင် သူတော်ကောင်းတရားဆိုတာကို အကျွန်ုပ် စိတ်ပါဝင်စားနိုင်ကောင်းပါရဲ့နော်။ တစ်ဆိတ် ဟောပြပေးပါ။ အကျွန်ုပ် နာပါရစေ လို့ တောင်းပန်တော့ အလောင်းတော်ဟာ ဂါထာတော်ရဲ့ မြင့်မြတ်ပုံ၊ တန်ဖိုးကြီးပုံတွေကို ပြောပြပြီး ရိုသေစွာ နိမ့်တဲ့နေရာက



နာယူဖို့ပြောပြီး အလောင်းတော်က **ညောင်**မြစ်ပါးပျဉ်း အမြင့်ပေါ်မှာ ထိုင်ပြီးသကာလ အသပြာတစ်ထောင်တန် ဂါထာတော် လေးပုဒ်ကို ဟောကြားရွတ်ဆိုပါတယ်။

### အသပြာတစ်ထောင်တန် ဂါထာတော်များ

၁။ သကိဒေဝ မဟာရာဇ၊
သဗ္ဘိ ဟောတိ သမာဂမော။ (သတ်ဗိ)
သာ နံ သင်္ဂတိ ပါလေတိ၊ (သင်ဂတိ)
နာ'သဗ္ဘိ ဗဟုသင်္ဂမော။

မဟာရာဇ- အဆွေတော်မင်းမြတ်။ သဗ္ဘိ- သူတော်ကောင်းတို့နှင့်။ သကိဒေဝ- တစ်ကြိမ်တစ်ခါမျှသာလျှင်။ သမာဂမော ဟောတိ-အကြောင်းခွင့်ကြုံ၍၊ ပေါင်းဆုံမှီဝဲရပေ၏။ သာ သင်္ဂတိ- ထိုတစ်ကြိမ်မျှ ပေါင်းဆုံ မှီဝဲရခြင်းသည်။ နံ- ထိုအခွင့်ကြုံ၍ ပေါင်းဆုံမှီဝဲရသော သူကို။ ပါလေတိ- ဘေးရန်မနှောက်၊ ချမ်းသာရောက်အောင်၊ စောင့်ရှောက်ကယ်မ နိုင်ပေ၏။

အသဗ္ဘိ- တရားကင်းကွာ၊ သူယုတ်မာတို့နှင့်။ ဗဟုသင်္ဂမော- ကြိမ်ဖန်များစွာ၊ ပေါင်းဆုံ မှီဝဲရပါသော်လည်း။ န ပါလေတိ- ဘေးရန် မနှောက်၊ ချမ်းသာရောက်အောင်၊ မစောင့်ရှောက် မကယ်မ,နိုင်ပေ။

၂။ သဗ္ဘိ'ရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။ (ကုတ်ဗေထ သန်ထဝံ)
သတံ သဒ္ဓမ္မ' မညာယ။ (သတ်ဓမ်မ မင်ညာယ)
သေယျော ဟောတိ နပါပိယော။ (သေယော)

http://www.dhammavideo.com/



မဟာရာဇ- အဆွေတော် မင်းမြတ်။ တသ္မာ- ထို့ကြောင့်။ သဗ္ဘိရေဝ- သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ- ပေါင်းဆုံအမြဲ မှီဝဲ ဆည်းကပ်ရာ၏။

သဗ္ဘိ- သူတော်ကောင်းတို့နှင့်။ သန္ထဝံ- မိတ်ဆွေဖွဲ့ခြင်း၊ ကျွမ်းဝင် ချဉ်းကပ်မှုကို။ ကုဗ္ဗေထ- ပြုရာ၏။ ပြုပါလေ။

သတံ- ဘုရား အစရှိသော သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ- ပစ္စုပ်သံသာ၊ နှစ်ဖြာကြီးပွား ချမ်းသာကြောင်း၊ ပုညကိရိယ၊ ဗောဓိပက္ခိယ တရားကောင်းကို၊ အညာယ- တစ်လုံးတစ်ပါဒ၊ စ၍ကောင်းစွာ၊ သိမြင်လာရသည်ရှိသော်။ သေယျောဟောတိ- တစ်နေ့တစ်ခြား၊ ကြီးပွားချမ်းသာ၊ မြင့်တက်၍လာနိုင်ပါပေ၏။ န ပါပိယော- ဆုတ်ယုတ်နိမ့်ကျခြင်း၊ အလျှင်းပင် မရှိနိုင်ပါပေ။

၃။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

မဟာရာဇ- အဆွေတော်မင်းမြတ်။ သုစိတ္တာ- မွမ်းမံခြယ်လှယ်၍၊ အဆန်းတကြယ် လှပခိုင်ခံ့ကုန်သော။ ရာဇရထာ-မင်းစီးရထားတို့သည်။ ဝေ- စင်စစ် ဧကန်၊ အမှန်ပင်။ ဇီရန္တိ ဟောင်းနွမ်းဆွေးမြည့်၊ တစ်နေ့နေ့တွင်၊ ပျက်စီး၍ သွားကြရကုန်၏။

အထော- ထို့ပြင်။ သရီရမ္ပိ- ကျေးမွေးသုတ်သင် နေ့စဉ်နှင့်အမျှ မွမ်းမံခြယ်သကာ၊ တယုတယ စောင့်ရှောက်၍ နေကြသော



သူ့သူငါငါ ဤခန္ဓာကိုယ်ကြီးသည်လည်း။ ဇရံဥပေတိ- ပြုပြင်ရင်းက၊ အိုမင်းဆွေးမြည့်၊ တရွေ့ရွေ့နှင့်၊ ပျက်စီး၍ သွားရမြဲသာတည်း။

သတဉ္စ ဓမ္မော- ပြုလည်း မပြု၊ ပြင်လည်း မပြင်၊ ပင်ကိုမြဲတည်၊ သူတော်ကောင်းတို့၏ တရားဖြစ်သော နိဗ္ဗာန်သည်ကား။ ဇရံ- ပျက်စီးယိုယွင်း၊ ဆိတ်သုဉ်းခြင်းသို့။ န ဥပေတိ- ကမ္ဘာ လဲဖောက်၊ ကပ်တွေ ပျောက်လည်း၊ ဘယ်သောအခါမှ မရောက်နိုင်ပါချေ။

သန္တော- ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ သဗ္ဘိ- သူတော်ဥစ္စာ၊ ဘယ်ခါမပြတ်၊ ထို နိဗ္ဗာန်ချမ်းသာမြတ်ကိုသာလျှင်။ ဟဝေ- စင်စစ်ဧကန်၊ အမှန်ပင်။ ပဝေဒယန္တိ- ထုတ်ဖော်မြွက်ဟ၊ ပြောဆို ချီးကျူးကြလေကုန်၏။

(ဇာတ်အဋ္ဌကထာ၌ သဗ္ဘိကို သူတော်ကောင်းဥစ္စာဖြစ်သော နိဗ္ဗာန်ကိုဟူ၍ ဖွင့်သည်။ ဓမ္မပဒ၌ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အတူတကွ ပြောဆိုချီးကျူးကြသည်ဟု ဖွင့်သည်။ သူတော်ကောင်းတို့မှသာ တန်ဖိုးသိမြင်သည့် အဓိပ္ပာယ်ဆောင်သည်။)

၄။ နဘံ စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တ'ဒါဟု ဒူရေ။ (သမုတ်ဒတ်သ)
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။ (သတင်စ)

မဟာရာဇ- အဆွေတော်မင်းမြတ်။ နဘဉ္စ- ထက်လဟာ

http://www.dhammavideo.com/



ပြင်၊ မိုးကောင်းကင်သည်လည်း။ ပထဝိတော- မြေပြင်မှ။ ဒူရေ- တစ်စပ်တည်းပင်၊ ထင်ရစေကာ၊ အလွန်ပင် ဝေးကွာလှချေ၏။ ပထဝီစ-မြေပြင်သည်လည်း။ နဘတော- ထက်လဟာပြင်၊ မိုးကောင်းကင်မှ။ ဒူရေ- တစ်စပ်တည်းပင်၊ ထင်ရစေကာ၊ အလွန်ပင် ဝေးကွာလှချေ၏။

သမုဒ္ဒသ- တင်းကြမ်းရေပြင်၊ ကမ်းမမြင်သော၊ ပင်လယ်သမုဒ္ဒရာ၏။ ပါရံ- ပရတီရံ- ဟိုမှာဘက်ကမ်းသည်။ ဩရိမ,တီရတော- ဤမှာဘက်ကမ်းမှ။ ဒူရံ- မမှန်း မဆနိုင်အောင်၊ ဝေးကွာလှချေ၏။ ဩရိမတီရံ- ဤမှာဘက်ကမ်းသည်လည်း။ ပါရိမတီရာ- ဟိုမှာဘက်ကမ်းမှ။ ဒူရံ- မှန်းဆ မထင်၊ အလွန်ပင် ဝေးကွာလှချေ၏။ တံ- ထိုစကားကို။ ဝါ- ထိုသို့ပင်။ သန္တော- ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ အာဟု- ပြောဆိုတော်မူကြကုန်၏။

သတဥ္စဓမ္မော- သဒ္ဓမ္မော- သူတော်ကောင်းတို့၏ တရားသည်လည်း။ အသတံဓမ္မော- အသဒ္ဓမ္မာ- မသူတော်တို့ တရားမှ။ တတော- ထို မိုးမြေ နှစ်သွယ်၊ ပင်လယ်ကမ်း နှစ်ခုတို့ထက်။ ဟဝေ- စင်စင်ဧကန်၊ အမှန်ပင်။ ဒူရတရံ- အရှေ့ အနောက်၊ တောင်နှင့်မြောက်သို့။ ထောက်ဆနှိုင်းညှိ၍ မရအောင်၊ အလွန့်အလွန်ပင် ဝေးကွာလှချေ၏ဟူ၍။ သန္တော- ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဝဒန္တိ- မိန့်ဆိုတော် မူကြကုန်၏။ အသတဥ္စ ဓမ္မော- အသဒ္ဓမ္မော- မသူတော်တို့၏ တရားသည်လည်း။ သတံ ဓမ္မာ- သဒ္ဓမ္မာ- သူတော်ကောင်း တရားမှ။ တတော- ထို မိုးမြေနှစ်သွယ်၊ ပင်လယ်ကမ်း နှစ်ခုတို့ထက်။ ဟဝေ- စင်စင်ဧကန် အမှန်ပင်။ ဒူရ



တရံ- အရှေ့အနောက်၊ တောင်နှင့် မြောက်သို့၊ ထောက်ဆနှိုင်းညှိ၍ မရအောင်၊ အလွန့်အလွန်ပင် ဝေးကွာလှချေ၏ ဟူ၍။ သန္တော- ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဝဒန္တိ- မိန့်ဆိုတော်မူကြကုန်၏။

'ဦးသောင်း၊ ဦးထွန်းလွင်၊ ကိုသန့်ဇင်တို့ ... ဘုရားအလောင်းတော်က 'သကိဒေဝ မဟာရာဇ' ဂါထာတော်ကို စပြီးရွတ်ဆိုလိုက်ကတည်းက နတ်ပြည်ခြောက်ထပ်က နတ်တွေဟာ အုတ်အုတ်ကျက်ကျက် တစ်ခဲနက် ကောင်းချီးသြဘာပေးကြ၊ သာဓုခေါ်ကြတဲ့ အသံတွေဟာ လွှင့်ပျံ့ပြီးတော့ နေသတဲ့ ခင်ဗျာ့။ မဟာသုတသောမမင်းကြီးက လူသားစား ပေါရိသာဒကြီးကို ချွတ်လိမ့်မယ်ဆိုတာ သိပြီး သတိနှင့် ကြည့်နေကြတာကိုးဗျာ့'

## ပေါရိသာဒထံမှ ရသော ဆု လေးဆု

'ပေါရိသာဒကြီး တစ်ထောင်တန် ဂါထာများကိုနာယူရင်း ပီတိတွေ တလှိုက်လှိုက်ဖြစ်ပြီး 'ဒီတရားတွေဟာ ရသေ့၊ ရဟန်း လူပညာရှိတွေဟောတဲ့ တရားမဖြစ်နိုင်ဘူး၊ သဗ္ဗညု မြတ်စွာဘုရားရှင်များသာ ဟောတော်မူနိုင်တဲ့ တရားတွေပါလား' ဆိုပြီး အားရရွှင်လန်း ဝမ်းမြောက်နေတယ်ပေါ့ဗျာ။ သူလဲ အသိဉာဏ်ရှိတဲ့ မင်းပဲကိုး။ ဘုရားအလောင်းတော် မဟာသုတသောမကိုလဲ အထူး ချစ်ခင်လေးစားလာတယ်။ 'ငါ့မှာ ဒီဂါထာတော်တွေနှင့် ထိုက်တန်အောင် ပူဇော်စရာလဲ ဘာမှ မရှိဘူး။ ဂါထာတော်တစ်ပုဒ်လျှင် ယိုရာဆု တစ်ခု ပေးမှပဲ' လို့ အကြံရပြီး မဟာသုတသောမမင်းကို ယိုရာဆု အတောင်းခိုင်းပါတယ်။

http://www.dhammavideo.com/



'အဲဒီအခါ မဟာသုတသောမက ...

၁။ 'ပဿေယျံ တံ ဝဿသတံ အရောဂံ။

မဟာရာဇ- အဆွေတော်မင်းမြတ်။ တံ- သင်အဆွေတော်ကို။ ဝဿသတံ- အနှစ်တစ်ရာတို့ကာလပတ်လုံး။ အရောဂံ- ကျန်းကျန်းမာမာ၊ အနာရောဂါကင်းရှင်းလျက်ရှိသည်ကို။ အဟံ- အကျွန်ုပ်သုတသောမသည်။ ပဿေယျံ- အမြဲပင် မြင်တွေ့နေရပါလို၏။

'အဆွေတော် ... အနှစ်တစ်ရာတိုင်တိုင် သင်ကျန်းမာ ချမ်းသာနေတာကိုပဲ တွေ့မြင်ပါရစေ ဆိုတဲ့ဆုကတော့ အလောင်းတော်က ပရိယာယ်နှင့်တောင်းတဲ့ ဆုပါပဲ။ သူ ကျန်းမာနေတာကို ကိုယ်ကလဲအသက်မသေ နေရဦးမှ တွေ့မြင်ရမယ် မဟုတ်လား။ ဒီဆုကို 'ယူစေ' လို့ ပေးလိုက်တယ်။ နောက်ပြီး -

၂။ ၁၀၁-ပါးသော မင်းများကို အသက်ဘေး ချမ်းသာပေးဖို့နှင့် -

၃။ သူတိုင်း သူပြည် ပြန်လည်ပို့အပ်ပေးဖို့ တောင်းတာကိုလဲ အသာတကြည် လက်ခံလိုက်ပါတယ်။ နောက်စတုတ္ထဆုကျတော့ -

၄။ လူသားမစားဘဲ ရှောင်ကြဉ်ဖို့ တောင်းတဲ့အခါကျတော့ -



ပေါရိသာဒကြီးဟာ လက်ခုပ်လက်ဝါးတီး ရယ်မောပြီး တစ်ခြားဆုကိုတောင်းဖို့ မေတ္တာရပ်သဗျာ့။ အဲဒီမှာ မဟာသုတသောမက တရားသဘောနှင့် အမျိုးမျိုး ဖျောင်းဖျ ပြောဆိုပါတယ်။

## တစ်ခဏတာ သာယာဖွယ်ကို ကြည့်မလား

'အဆွေတော် ... ချစ်ခင်နှစ်သက်ဖွယ် အာရုံတွေကို ခံ့မင်တွယ်တာပြီး ချမ်းသာတယ်လို့ ထင်ရပေမယ့် ငရဲကျတော့ သူကပါလာမှာ မဟုတ်ဘူး။ ကယ်မှာ မဟုတ်ဘူး။ ချစ်နှစ်သက်ဖွယ် အာရုံတွေဟာ ဘယ်မှာမဆို ရလွယ်ပါတယ်။ ချစ်နှစ်သက်ဖွယ် အာရုံထက်မနုဿတ္တဒုလ္လဘ- မိမိဘဝကသာ တန်ဖိုးရှိတယ် အဆွေတော်။

'အဆိပ်ပါတဲ့ သေရည်အရက်ကို နှစ်သက်စွဲလမ်းပြီး လောလောဆယ် ချမ်းသာတယ်ထင်လို့ သောက်ပေမယ့် သောက်ပြီးတဲ့အချိန်ကစပြီး ငရဲကျတဲ့အထိ ဒုက္ခတွေမဲ တစ်ခုပြီးတစ်ခု ခံရတော့မှာ သေချာတယ် အဆွေတော်။

'အဲသလို မိမိ စွဲလမ်းတပ်မက် ချစ်နှစ်သက်ဖွယ်လို့ ထင်နေတဲ့ အပြစ်မကင်းတဲ့ အာရုံတွေကို ကိုယ်ပိုင်ဉာဏ်နှင့် ဝေဖန်အောင့်အည်းပြီး သူတော်ကောင်းတရားတည်းဟူသော ဆေးခါးကြီးသောက်ရတာ တစ်ခဏတော့ ဒုက္ခရောက်တယ်ထင်ရပေမယ့် သောက်ပြီးတဲ့အချိန်ကစပြီး နတ်ရွာသုဂတိရောက်တဲ့အထိ တောက်လျှောက်ချမ်းသာသွားရတော့မယ် အဆွေတော်။

'ဘုရားအလောင်းတော်က အဲသလိုပြောဟောတော့ ပေါရိသာဒကြီးဟာ အလောင်းတော်ရဲ့ စကားကိုလဲ မငြင်းဆန်သာ၊ လူ

http://www.dhammavideo.com/



သားစားလိုတဲ့ ရသ တဏှာကိုလဲ မစွန့်နိုင်၊ မထွေးနိုင် မမျိုနိုင် မှိုင်တွေချပြီး မျက်ရည်တွေ တစ်တောက်တောက် ကျနေရှာတယ် ဦးသောင်းရေ။ ရုက္ခစိုးနတ်မင်းကြီးနှင့်တကွ ညောင်ပင်ကြီးမှာ ဇောက်ထိုးဆွဲထားတဲ့ ၁၀၁-ပါးသော မင်းတွေကလဲ တဖျဉ်းဖျဉ်းတောက်လောင်နေတဲ့ မီးသံကြောင့် မသဲမကွဲသာ ကြားနေရတယ်။ ခုလို သုတသောမ အလောင်းတော်က ဆစ်ပိုင်းကျကျ ပြောဆိုဆုံးမနေသံတွေ ကြားရတော့ စိတ်ထဲက ကျိတ်ပြီး ချီးကျူးနေကြတယ်ပေါ့ဗျာ ... ။

## ပေါရိသာဒ ငိုရပြီ

'တဖြည်းဖြည်း လူစိတ်တွေဝင်လာတဲ့ ပေါရိသာဒရဲ့ဘဝကလဲ သနားစရာပေါ့ခင်ဗျာ။ သူက ငိုယိုသံနှင့် ပြောပြန်တယ်ခင်ဗျာ့။

'အဆွေတော် သုတသောမ၊ အကျွန်ုပ်ဟာ ဒီ လူသားစားလိုတဲ့ စိတ်ကြောင့်ပဲ အလွန်ချစ်မြတ်နိုးလှတဲ့ မိဘသားမယားနှင့် တိုင်းနိုင်ငံ ... ဘာရာဏသီနန်းတော်ကြီးကိုတောင် စွန့်လွှတ်ခဲ့ရပါတယ် အဆွေတော်။ လူသားစားရှောင်ဖို့ ဆုကိုတော့ မပေးပါရစေနှင့်' ... တဲ့။ အမျိုးမျိုး ငိုယိုတောင်းပန်ရှာတယ်။ မြင်ရတဲ့ လူတွေကတောင် သနားနေကြပေမယ့် အလောင်းတော်ကတော့ အလျှော့မပေးဘူး။

'အဆွေတော် ... အကျွန်ုပ်ဟာ ဟို ... ငယ်စဉ်ကတည်းက တက္ကသိုလ်မှာ အတူပညာသင်စဉ်တုန်းကလဲ သင့်ဆရာဖြစ်ခဲ့တယ်။ ကူညီပြီး ပညာသင်ပေးခဲ့တယ် မဟုတ်လား။ အခုလဲ အသပြာ တစ်



ထောင်တန်တဲ့ ကဿပဘုရားရှင် ဟောတော်မူတဲ့ ဂါထာတော်တွေကိုလဲ အကျွန်ုပ်ဟာ အဆွေတော်ကိုပဲ အဦးဆုံးဟောပြောပေးခဲ့ပြီ။ အဆွေတော် လေးလေးနက်နက် စဉ်းစားပါ' မဟာသုတသောမ မင်းကလဲ အလွန် သနားချစ်ခင်စွာနှင့် ပေါရိသာဒရဲ့ ကျောပြင်ကို လက်ဝါးနှင့် ပွတ်ပြီးသကာလ ...

## တစ်ခဲနက် သာဓုသံကြီး

'ဓနံ စဇေ အင်္ဂဟေတု၊
အင်္ဂံ ဇီဝိတပစ္စယာ။
ဓနံ အင်္ဂဉ္စ ဇီဝိတံ၊
သဗ္ဗမ္ပိ ဓမ္မပစ္စယာ -

သမ္မ- အဆွေတော်။ အင်္ဂဟေတု- ခြေလက်အင်္ဂါဟူသော အကြောင်းကြောင့်။ ဓနံ- ပစ္စည်းဥစ္စာကို။ စဇေ- စဇေယျ- စွန့်သင့်က စွန့်ရာ၏။

'အဆွေတော်- ခြေလက်အင်္ဂါကို ရောဂါတစ်စုံတစ်ခုကြောင့် ဖြတ်တောက်ပစ်ရမယ့် အခါမျိုးမှာ ပိုက်ဆံအကုန်အကျခံပြီး ကြိုးစားကုသလျှင် ရမည်ဆိုပါက ခြေလက်အင်္ဂါအတွက် ဥစ္စာဓနကို စွန့်လွှတ်နိုင်ရမယ် အဆွေတော်။

'ထို့အတူပဲ - ဇီဝိတပစ္စယာ - အသက်ဟူသော အကြောင်းကြောင့်။ ဓနံ စ- ဥစ္စာကို လည်းကောင်း။ အင်္ဂဉ္စ- ချစ်ခင်မြတ်နိုးလှသော ခြေလက်အင်္ဂါကို လည်းကောင်း၊ စဇေ- စွန့်လွှတ်နိုင်ရာ၏။

http://www.dhammavideo.com/



ခြေလက်အင်္ဂါဖြတ်လို့ အသက်ချမ်းသာရာ ရမည်ဆိုပါလျှင် ဥစ္စာကိုသာမက ခြေလက်အင်္ဂါကိုပါ စွန့်လွှတ်နိုင်ရမယ်။

'အဲသည်ထက်၊ ဓမ္မပစ္စယာ- သူတော်ကောင်း တရားဟူသော အကြောင်းကြောင့်။ ဓနံ အင်္ဂံ ဇီဝိတံ- စီးပွားဥစ္စာ အင်္ဂါ ခြေလက်ပါမက အသက်ကိုပင်လျှင်။ သဗ္ဗမ္ပိ- စဇေယျ- အားလုံးကို စွန့်လွှတ်နိုင်ရမယ် အကြည်တော်။

(မူရင်း ဂါထာတော်ကို ရွတ်ဆိုလွယ်ကူစေရန် အကျဉ်းပြန် ရေးထားပါသည်။)

အဲဒီအခါမှာ ပေါရိသာဒကြီးဟာ သက်ပြင်းချပြီး မျက်နှာတစ်ခုလုံး ဖုံးအုပ်အောင် ဖားလျားကျနေတဲ့ ဆံပင်မုတ်ဆိတ်တွေကို လက်နှစ်ဖက်နှင့် ပွတ်သပ်ဖြီးလိမ်း၊ မျက်ရည်စတွေသုတ်၊ လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်ပြီးသကာလ မဟာသုတသောမမင်းကြီးထံမှာ ငါးပါးသီလကို ခံယူလိုက်ပါတယ်။

'ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ...'

'ဦးသောင်းတို့ ကိုထွန်းလွင်တို့ ... ဇမ္ဗူဒိပ် တစ်ကျွန်းလုံး ချောက်ချားအောင် ဆိုးရွားလှတဲ့ ပေါရိသာဒကြီး၊ အလောင်းတော် ခြေရင်းမှာ ငါးပါးသီလကိုလဲ ခံယူပြီးရော ... ဘာပြောကောင်းမလဲ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ နတ်တွေကအစ စတုမဟာရာဇ် တာဝတိံသာစတဲ့ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ဘုံနှစ်ဆယ်၊ နတ်ဗြဟ္မာတွေအားလုံးရဲ့ ကောင်းချီး သာဓုခေါ်သံကြီးက စောစောကနှင့် မတူဘူး။ ဘဝဂ်လျှံမျှ တစ်လောကလုံးကို ပဲ့တင်ထပ်သွားသတဲ့ ဦးသောင်းရေ'



'သာဓု ... သာဓု ... ဆရာကြီးရယ်၊ မဟာသုတသောမ မင်းကြီးဆုံးမတဲ့ စကားတွေကလဲ တယ်လေးနက်ပါလား ဆရာကြီး ...'

'ဒါတောင် ရေမချိုးရသေးဘူးဆိုတာကို မူရင်းပါဠိတော်မှာ သည့်ထက် အဆပေါင်းများစွာ ကြည်ညိုစရာကောင်းပါတယ် ဦးသောင်း။ ကျွန်တော်က ချန်ခဲ့တာချန်၊ ပါဠိဂါထာရော အဓိပ္ပာယ် ဇာတ်လမ်းရော အကျဉ်းချုံးပြီး တွန်းပြောသွားရလို့။ တိပိဋကဓရ ဆရာတော်ကြီးတို့၊ သဲကုန်းဆရာတော် အရှင်ဉာဏိဿရတို့သာ ဟောလိုက်ရရင် ဘယ်လောက် ကောင်းလိုက်မလဲ'

'ဆရာကြီး အကျဉ်းချုံးပြီး အပြေးအလွှား ပြောရတာတောင် ကျွန်တော်တို့ဖြင့် စကားစဉ် ပျက်မှာစိုးလို့ တရားထောက် မလုပ်ဘဲ နားထောင်နေကြတာ၊ အရသာ ရှိလိုက်လေဗျာ။ သုတသောမမင်းရဲ့ 'သေမှာ မကြောက်' တဲ့ ကိုယ်ကျင့်တရားတွေလဲ အတော်မှတ်သားထိုက်တဲ့ စကားတွေပါပဲ'

'ကျွန်တော်ကတော့ ခြေလက်အင်္ဂါအတွက် အသက်စွန့်ရမယ် စသည်ဖြင့် အဲဒီစကား သိပ်ကြိုက်တာပဲ ဆရာကြီး၊ ကြားလဲ ကြားဖူးသလိုပဲ'

'ကြားဖူးမှာပေါ့ ကိုသန့်ဇင်၊ ဦးလေးစာအုပ်တွေထဲမှာလဲ အလျဉ်းသင့်သလို ရေးခဲ့ဖူးတယ်။ ဒါ ထားပါဦး၊ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာကြီးတောင် ဒီ သုတသောမမင်းကြီး စကားကြိုက်လွန်းလို့ ဝိသုဒ္ဓိမဂ် သီလခန်းမှာ ကိုးကား ဖော်ပြထားတယ်လေ။

http://www.dhammavideo.com/



'အဲဒီဂါထာကို အင်္ဂလိပ်လိုဆိုရင် ဒီလို ဘာသာပြန်လို့ ရမလား။ ဦးထွန်းလွင်တို့ ကိုသန့်ဇင်တို့ စဉ်းစားကြည့်ကြပေါ့။ ဥပမာ...

"Wealth should be give up for a limb.
One should give up a limb to save a life.
A man should give up weaith, limb, life, and all to preserve the Dhamma."

'ဟာ ... ကောင်းသားပဲ ဆရာကြီးရဲ့၊ ထပ်ဆိုပြပါဦး'

## သုတသောမရဲ့ ခြေထောက်ကို ဖက်လျက်

'ဒါထားဦး ကိုသန့်ဇင်ရေ၊ ဇာတ်လမ်းက မပြီးပြတ်သေးဘူး၊ နှုတ်ခမ်းသတ်ဖို့ ကျန်သေးတယ်။ မဟာသုတသောမမင်းနှင့် ပေါရိသာဒတို့ အတူတကွ ညောင်ပင်မှာ ဇောက်ထိုးဆွဲထားတဲ့ ၁၀၁-ပါးသော မင်းတွေကို တစ်ယောက်ပြီး တစ်ယောက် ညင်ညင်သာသာနှင့် လိုက်ဖြုတ်ပြီး ပြုစုပေးကြတယ်။ ဗိန္ဒောဆေးရော သစ္စာဆေးနှင့်ပါ ကုသပေးပြီး နှစ်ရက် သုံးရက် အားရှိအောင် ကျွေးမွေး၊ တစ်ချိန်က မိုက်မဲခဲ့တဲ့ ပေါရိသာဒအပေါ်ကိုလဲ ခွင့်လွှတ်သည်းခံပြီး အရာရာ မေတ္တာနှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြဖို့ကိုလဲ မဟာသုတသောမမင်းက အားလုံးကို ဆုံးမ ပြောဟောတယ်ပေါ့ဗျာ။

'အလောင်းတော်က ဦးဆောင်ပြီး ပေါရိသာဒ နေပြည်တော် ဗာရာဏသီကို ဦးစွာပြန်ကြဖို့ ပြောတဲ့အခါ ဘုရားလောင်း ကျေးဇူးကြောင့် အသက်မသေဘဲ ကိုယ့်နေပြည်တော်ကိုယ် ပြန်ကြ



ရမယ့် ၁၀၁-ပါးသော မင်းတွေအားလုံးက တပျော်တပါး ရှိကြသလောက် ပေါရိသာဒဟာ အလောင်းတော်ခြေထောက်ကိုဖက်ပြီး 'အဆွေတော်၊ အကျွန်ုပ်မလိုက်ပါရစေနှင့်တော့' ငိုယိုတောင်းပန်ပြန်တယ်။

'အဆွေတော် ... သုတသောမ၊ ဗာရာဏသီနေပြည်တော်က စပြီး ကျွန်ုပ်ကို ဘယ်သူကမှ ခွင့်လွှတ်ကြမှာ မဟုတ်ဘူး အဆွေတော်၊ အားလုံးပဲ ကျွန်ုပ်ရန်သူတွေ ဖြစ်ကုန်ပြီ။ ကျွန်ုပ်ကို ဝိုင်းအုံထုသတ်ချင်နေကြမယ်။ ဒါပေမယ့် ကျွန်ုပ်ဟာ အဆွေတော့်ထံမှာ ငါးပါးသီလ ခံယူဆောက်တည်ထားတာ ဖြစ်တော့ ကျွန်ုပ်ရဲ့ အသက်တည်းဟူသော အကြောင်းကြောင့်လဲ သူတစ်ပါးကို ကျွန်ုပ် ညှဉ်းဆဲသတ်ဖြတ်လိုစိတ် မရှိတော့ပါ။ ဝိုင်းပြီး သတ်ချင်လဲ သတ်ကြပါစေ။ သစ်ဥ, သစ်ဖုစားပြီး ဤတောထဲမှာပဲ နေခဲ့ပါရစေတော့။ ကျွန်ုပ်သုံးဆောင်နေကျ လူသားနှင့် ကင်းကွာပြီးတော့လဲ ကျွန်ုပ်အသက်ဟာ ဘယ်နှစ်ရက် ခံမှာလဲ အဆွေတော်၊ ကိုယ့်ထိုက်နှင့် ကိုယ့်ကံ ဒီမှာပဲ နေခဲ့ပါရစေ။ အဆွေတော်တို့ အားလုံးပဲ ချမ်းသာစွာ ကြွကြပါတော့။ ကျေးဇူးရှင်ကြီး မဟာသုတသောမနှင့် အဆွေတော်တို့ရဲ့ မျက်နှာကို အကျွန်ုပ်အဖို့ ယခုတစ်ကြိမ် နောက်ဆုံး တွေ့မြင်ရခြင်း ဖြစ်တော့မှာပါ အဆွေတော် ...

'အဲသလို ပြောဆိုပြီး ငိုကြွေးနေတော့ ၁၀၁-ပါးသော မင်းတွေပါ စိတ်မချမ်းမြေ့ကြရရှာဘူး။ နောက်ဆုံးတော့ ဘုရားအလောင်းတော်က သည်းခံဆုံးမပြီး အမျိုးမျိုး နားချချော့မော့ခေါ်ဆောင်ကာ ပေါရိသာဒဟာ ဗာရာဏသီပြည်မှာပဲ မင်းကျင့်တရားဆယ်ပါးနှင့်အညီ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သွားပါတယ်။

http://www.dhammavideo.com/



ဇမ္ဗူဒိပ် တစ်ကျွန်းလုံးမှာရှိတဲ့ မင်းတွေအားလုံးလဲ ဘုရားလောင်း အဆုံးအမအတိုင်း လိုက်နာပြီး နေသွားကြပါတယ်'

## တန်ဖိုးမဖြတ်နိုင်တဲ့ ဂါထာတော် လေးပုဒ်

'ဆရာကြီး၊ အသပြာ တစ်ထောင်တန်တဲ့ ဂါထာကို အကြောင်းပြုပြီး မဟာသုတသောမ ဇာတ်တော်ကြီးကိုပါ နာကြားရတာ ကျေးဇူးတင်ပါတယ်။ ဒါထက် အဖိုးတစ်သိန်းထိုက်တဲ့ အဓိပ္ပာယ်တော့ မကြားလိုက်မိသေးဘူး ထင်တယ်။ ဆရာကြီးများ မေ့သွားသလား'

'မမေ့ပါဘူး ကိုသန့်ဇင်၊ အဲဒါက ဒီလိုဗျာ့။ မဟာသုတသောမ ဇာတ်တော်မှာက 'သတာရဟ- တစ်ရာတန်၊ သဟဿာရဟ- တစ်ထောင်တန်' ရယ်လို့ အဲသလိုပဲ သုံးပါတယ်။ ဒါပေမယ့် မဟာသုတသောမမင်းကြီးက နန္ဒပုဏ္ဏားထံက နာကြားရတဲ့အချိန်ကပဲ ... 'ကဿပဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဒီဂါထာတော်တွေရဲ့ တန်ဖိုးဟာ ဤမဟာပထဝီမြေပြင်ကနေ ဗြဟ္မာ့ပြည်အထိ စကြဝဠာတစ်ခွင်လုံး ပြည့်အောင် ရတနာခုနစ်ပါးတို့ကို ပုံ၍ ပေးသော်လည်း ထိုက်တန်သည် မမည်ဘူး' ... တဲ့။ အဲသလို မိန့်ဆိုခဲ့တယ် ကိုသန့်ဇင်။

'အဖိုးတစ်သိန်းထိုက်တဲ့ ဂါထာတော်လို့ ဆိုတာကတော့ မဓုရ ရသဝါဟိနီကျမ်းမှာ ဆိုတဲ့စကားပါ။ 'သတသဟဿာရဟ- အဖိုး တစ်သိန်းထိုက်သော လေးဂါထာ' လို့ သာမန်ပဲ ဆိုထားပါတယ်။ ဒါပေမယ့် ဒီလေးဂါထာကို ရွတ်ဆိုလျှင် နတ်များလဲ အလွန်ကြည်ညိုကြပါတယ်။ ရှေးအခါက သီဟိုဠ်ကျွန်း သာသနာထွန်းကား



တုန်းကလဲ ဒီဂါထာ ရွတ်ဆိုမှုဟာ တွင်ကျယ်ခဲ့တယ်လို့ ပြောနိုင်တယ်။ ဘာလို့လဲဆိုတော့ သီဟိုဠ်ကျွန်းမှာ သံဃာတော် တစ်ကျိပ်နှစ်ပါး (၁၂)ပါး စုပေါင်းပြီး တစ်ကျွန်းလုံး လှည့်လည် ဘုရားဖူးသွားကြတော့ သုမန ခေါ်တဲ့ မုလေးတောရွာကလေးမှာ ခရီးသွားရင်း မိုးချုပ်သွားလို့ အဲဒီ သုမနရွာကလေး အရှေ့ဘက်က တောင်ခြေရင်းမှာပဲ တစ်ည ကျိန်းစက်ကြရသတဲ့ ကိုသန့်ဇင်။

## သီဟိုဠ်ကျွန်းမှာ နတ်ဆွမ်းစားရသော ဂါထာ

'ရဟန်းတော် တစ်ကျိပ်နှစ်ပါးဟာ အဲဒီတောင်ခြေရှိ သစ်ကညင်ပင်ကြီး တစ်ပင်ရဲ့ ခြေရင်းမှာ လှည့်ပတ်အိပ်ကြရင်းနဲ့ ရဟန်းတော်တစ်ပါးက အိပ်ရာဝင်ခါနီးမှာ အဖိုးတစ်သိန်းထိုက်တဲ့ ဂါထာတော်လေးပုဒ်ကို ရွတ်ဆိုပြီး တောစောင့်နတ်, တောင်စောင့်နတ်တွေကို အမျှဝေ ကျိန်းစက်တာပေါ့ဗျာ။ နောက်တစ်ရက် မိုးလင်းလို့ ပြန်ကြမယ်လုပ်တော့ ကညင်ပင်စောင့်နတ်ကြီးက တားပြီး သံဃာတော်များကို နတ်ဆွမ်းနှစ်ရက် ဆက်ကပ်တယ်လို့ ဆိုပါတယ်။

'ကဲ ... တစ်ရာတန်, တစ်ထောင်တန်, တစ်သိန်းတန် ဂါထာတော်အကြောင်းက ဒါလောက်ဆိုရင် ပြည့်စုံပါပြီ ဦးသောင်း'

'အင်း ... ကောင်းလိုက်တာ ဆရာကြီးရယ်၊ ခုလို သမိုင်းချီပြီး တန်ဖိုးရှိတဲ့ နူတ်ငုံဆောင် ဂါထာတော်တွေအကြောင်း သိရတာ တန်ဖိုး မဖြတ်နိုင်ပါဘူး။ ကဲ ... ဆရာကြီးလဲ အနားယူပြီး တစ်ရေးတမော အိပ်ဖို့သင့်ပါပြီ။ ကဲ ... ကိုသန့်ဇင်နှင့် မောင်ထွန်းလွင်တို့

http://www.dhammavideo.com/



နှစ်ယောက်က အပေါ်အိပ်စင်မှာ အိပ်ကြကွာ၊ ဆရာကြီးနှင့် အန်ကယ်တို့နှစ်ယောက် အောက်မှာပဲ အိပ်ကြမယ်'

## ကုသိနာရုံအကြောင်း ပြောပါရစေဦး

'အင်း ... ဦးသောင်း ကိုသန့်ဇင်၊ ခါတိုင်းတော့ ခင်ဗျားတို့က ပြောပါဦး ... ပြောပါဦးနှင့် တောင်းပန်ခဲ့ကြတယ်။ ဒီတစ်ချီတော့ မအိပ်ခင် တရားကလေးတစ်ပုဒ် နာကြပါဦးလို့ ကျွန်တော်ကပဲ တောင်းပန်ရမလို ဖြစ်နေပြီ'

'ဆရာကြီးကို အားနာလို့ပါ၊ ကျွန်တော်တို့က ခရီးသွားနေကျ၊ အိပ်ရေးပျက်လဲ မဆန်းပါဘူး'

'ဒီလိုလေဗျာ ဦးသောင်းရဲ့၊ စောစောက ကျွန်တော် ပြောခဲ့တယ်။ အိန္ဒိယမှာ ဘုရားဖူးရောက်တော့ သူ့နေရာနှင့်သူ အံ့ဝင်ခွင်ကျ ရွတ်ဖတ်ပူဇော်ရတာ ကြည်နူးစရာ ကောင်းတဲ့ အကြောင်း'

'ဟုတ်ပါတယ် ဆရာကြီး'

'ကိုသန့်ဇင် ... အဲဒီမှာ ဖွား၊ ပွင့်၊ ဟော၊ စံ၊ သံဝေဇနိယ လေးဌာနရှိတဲ့အနက်က လုမ္ဗိနီရယ်၊ ဗုဒ္ဓဂယာ မဟာဗောဓိမှာရယ်၊ ဓမ္မစကြာဟောတဲ့နေရာ မိဂဒါဝုန်မှာရယ် ရွတ်ဖတ်ပူဇော်ခဲ့တဲ့ အကြောင်း ပြောပြီး ပရိနိဗ္ဗာန် စံတော်မူတဲ့နေရာ ကျန်သွားတယ်လေ'

'ဩော် ... ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့က ခရီးသွားရင်း ရွတ်တာ ဖတ်တာတွေ ဝင်စွက်ပြီး မေးကြတာနှင့် ဆရာကြီး စကားစဉ် ပြတ်သွားတယ်နှင့် တူတယ်'



'ထားပါတော့ ကိုသန့်ဇင်ရယ်၊ စကားစဉ်ပြတ်သွားတာတော့ မဟုတ်ဘူး၊ စကားစဉ် ပြောင်းသွားတာ'

'အပြောင်း ကောင်းတာပဲ ဆရာကြီး၊ ကုသိနာရုံရောက်တော့ ဆရာကြီးတို့ ဘုရားဖူးအဖွဲ့ ရွတ်ဖတ်ပူဇော်တာ အမိန့်ရှိပါဦး'

## ပရိနိဗ္ဗာန် စံတော်မူဟန် ရုပ်ပွားတော်ကြီးရှေ့မှာ

'ကျွန်တော်တို့အဖွဲ့ ကုသိနာရုံရောက်တော့လဲ မြောက်ဘက်သို့ ဦးခေါင်းမူပြီးတော့ လျောင်းတော်မူနေတဲ့ ပရိနိဗ္ဗာန် စံတော်မူနေဟန် ရုပ်ပွားတော်ကြီးကို တက်ရောက် ဖူးကြပြန်ပါတယ်။

'ရုပ်ပွားတော်ကြီးက ၁၃-တောင် ရှိပါတယ်။ ကုမာရဂုတ္တ ခေတ်၊ ခရစ် ၄၁၃-၄၅၅ လောက်က မထုရာမြို့သား 'ဒိန' ခေါ်တဲ့ ကျောက်ဆစ်ဆရာကြီးက ထုလုပ်ပြီး ဟရိဗလဆိုသူ ဒကာက လှူဒါန်းပူဇော်ကြောင်း ကမ္ပည်းကျောက်စာအရ သိရှိရပါတယ်။ ကျောက်ဆစ်လက်ရာဟာ အလွန်အသက်ဝင်တယ် ခင်ဗျ။ ပလ္လင်တော် နောက်ဘက်မှာလဲ မလ္လမင်းနှင့် အမျိုးသမီးတစ်ဦး (ဝဇီရပါဏိ) ပုံ၊ သုဘဒ်ရဟန်းကြီးပုံနှင့် အရှင်အာနန္ဒာ ပူဆွေး သောကရောက်နေပုံနှင့် အခြားရုပ်လုံးငါးခုလဲ တွေ့ရပါတယ်။ ပရိနိဗ္ဗာန် စံတော်မူပုံ လျောင်းတော်မူ ရုပ်ပွားကြီးအပေါ်မှာ ဒုကုဋ်သင်္ကန်းကြီး လွှမ်းခြုံတင်ထားတော့ မျက်နှာတော်ကိုသာ ဖူးတွေ့ရပါတယ်။

'မျက်နှာတော်ကို တစိမ့်စိမ့်ဖူးရင်း ရင်ထဲမှာ လှိုက်ပြီး ဒိတ်ဒိတ် ... ဒိတ် သွေးတိုးလာတယ်။ ဒါနဲ့ ခဏ ရှုမှတ်ပြီး ...

http://www.dhammavideo.com/



'သဗ္ဗေဝ နိက္ခိပိဿန္တိ၊
ဘူတာ လောကေ သမုဿယံ။

'သဟမ္ပတိဗြဟ္မာကြီး ရွတ်တဲ့ ဂါထာကို ရွတ်ဆိုပူဇော်ပါ တယ်။

'တစ်လောကလုံးမှာ အတုမရှိသော ဘုရားရှင်ကိုယ်တော် မြတ်ကြီးသော်မှ ပရိနိဗ္ဗာန်စံရလေပြီ။ သတ္တဝါမှန်သမျှ တစ်နေ့ကျ လျှင် ခန္ဓာကိုယ်ကြီးကို စွန့်ပစ်သွားရမယ့် သူချည်းပါကလား။

'မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတဲ့အခါက သဟမ္ပတိဗြဟ္မာ ကြီး ရွတ်ဆိုညည်းတွားတဲ့ ဂါထာကို အသံထွက်ရွတ်လိုက်၊ ရုပ်ပွား တော်ကြီး မျက်နှာတော် လှမ်းကြည့်လိုက်နှင့်၊ ဦးသောင်းရေ ... ရင်ထဲ မှာတော့ ခံစားရချက်က သံဝေဂ တစ်လှည့်၊ သောက တစ်လှည့်ပေါ့။ မနေ့ကပဲ ကျွန်တော်တို့ မိဂဒါဝုန်မှာ 'သဟမ္ပတိ နာမကေန၊ မဟာ ဗြဟ္မေန ယာစိတော' ဒီ ဗြဟ္မာကြီးပဲ တောင်းပန်လို့ ဟောတော်မူတဲ့ ဓမ္မစကြာကို ရွတ်ဖတ်ပူဇော်လို့ ကြည်နူးခဲ့ကြရတာ ပူပူနွေးနွေး။

'ဟော ... ယခုတော့ ပရိနိဗ္ဗာန်စံတော်မူလို့ ဒီဗြဟ္မာကြီး ညည်းတွားတဲ့ ဂါထာကိုပဲ ကျွန်တော်တို့ နှုတ်ဖျားရောက်လာပြန် တယ်၊ မြန်လိုက်တာဗျာ။

## ဂျပန်ဘုန်းကြီး ဇနီးမောင်နှံ

'လူ့ဘဝဟာ နတ်ဗြဟ္မာတွေ အမြင်မှာ မြန်ဆန်လွန်းလှ သလို ကျွန်တော်တို့ရဲ့ ခံစားချက် အပြောင်းအလဲကလဲ သည်အတိုင်း ပါပဲ။ ဒါနဲ့ ... သိကြားမင်း ရွတ်တဲ့ 'အနိစ္စာဝတ သင်္ခါရာ' ဂါထာကို



ဆက်ပြီး အနက်သဘောပါအောင် ရွတ်ဆို ပူဇော်မိပြန်တယ်ခင်ဗျာ။ အဲသလို ရှုမှတ်မှု၊ ရွတ်ဖတ်မှုများနှင့် ပူဇော်ပြီး လျောင်းတော်မူကြီး အနားက ဦးချပြီး ခွာခဲ့ကြတယ်။ ကျွန်တော်တို့က အထွက်၊ ဂျပန် ဘုန်းကြီး ဇနီးမောင်နှံက အဝင်၊ သူတို့ ဝင်လာတော့ ကျွန်တော် တို့လဲ လွတ်လွတ်လပ်လပ် ဖူးမြော်ရအောင် နေရာပေးတဲ့သဘော နှင့် ဖယ်ပေးကြတယ်။ မလှမ်းမကမ်း တစ်နေရာကပဲ ဘုရား အာရုံ ပြုနေကြတယ် ဦးသောင်းရေ့။

'ဂျပန် ဘုန်းကြီးက အသက် ၄၀-ကျော်လောက်။ ရောက် တာနဲ့ ဘုရားရှေ့မှာ စာအုပ်ကလေး ရှေ့မှာဖြန့်ချပြီး တစ်နာရီ လောက် ရွတ်ဖတ်ပူဇော်တယ်ခင်ဗျာ့။ သူ့ဇနီးကတော့ အသက် ၃၀- လောက်၊ သူလဲ အနားမှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး ရှိခိုးရင်း သူ့ခင်ပွန်း ရွတ်ဖတ်တာကို နားထောင်နေတယ်။ ပရိနိဗ္ဗာန်စံတော်မူဟန် ဆင်း တုတော်ကြီးရဲ့ မျက်နှာတော်ဆီကိုပဲ မကြာမကြာ မော့မော့ပြီး ဖူး တယ်။ မကြာပါဘူး၊ ရောက်လို့ ၁၅-မိနစ်လောက် ရှိတယ်ဆိုရင်ပဲ သူ့ တစ်ကိုယ်လုံး တသိမ့်သိမ့် ဖြစ်လာပြီး စုန်းပုံးသလိုလို ဖြစ်တယ်။ သူ့ ခင်ပွန်းရွတ်ဖတ်တာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ပထမတော့ ကြံ့ခိုင်ဆည်ပြီး မသိမသာဘဲ မျက်ရည်သုတ် နေတာပေါ့။ နောက် တော့ တဖြည်းဖြည်း ရှိုက်ကြီးတငင် အသံထွက်အောင်ပဲ ငိုနေရှာ တာတွေ့မြင်ရသဗျာ့။

'သူ့ခင်ပွန်းလဲ မျက်နှာကြီးက နီရဲလာပြီး အသံတွေ တုန်နေ ရှာတယ်၊ ဒါပေမယ့် တုန်တုန်, တုန်တုန်နှင့်ဆက်ပြီး ရွတ်ဖတ်ပူဇော် တာကို တွေ့ရပါတယ်'

http://www.dhammavideo.com/



## ဘုရားရှင်ရဲ့ နောက်ဆုံး အမှာတော်

'မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်တွေကို သိတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ပရိနိဗ္ဗာန်စံတော်မူဟန် ရုပ်ပွားတော်ကြီး ဖူးရတော့ မိဘပေါင်း ရာထောင်နှင့် သေကွဲ ကွဲရတဲ့ ခံစားချက်နဲ့တောင်မှ ပိုနေမှာကိုး ဆရာကြီးရဲ့'

'ကျွန်တော်လဲ မလှမ်းမကမ်း တစ်နေရာမှာ တင်ပျဉ်ခွေထိုင်ရင်း 'အနိစ္စာဝတ သင်္ခါရာ' ဂါထာရွတ်လိုက်၊ မမြဲတဲ့ အနိစ္စသဘောကို နှလုံးသွင်းလိုက်နှင့် ရှုမှတ် ရွတ်ပွားနေပါတယ်။

'နောက်ပြီး မြတ်စွာဘုရားရှင်ဟာ ဒီနေရာမှာပဲ ငိုကြွေးပူဆွေးနေကြရှာတဲ့ ပုထုဇဉ်၊ သေက္ခ ရဟန်း ရှင် လူ နတ် ဗြဟ္မာတွေ အားလုံးကို နောက်ဆုံး မိန့်မှာတော်မူတဲ့ ပါဠိတော်ကိုလဲ ရွတ်ဆိုနေမိတယ်လေ ... ဦးသောင်းရဲ့'

'အမိန့်ရှိပါ ဆရာကြီး'

'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ- ငါ၏ချစ်သား ချစ်သမီးတို့။ ဟန္ဒ- ဟင်၊ ဒါနိ- ယခုပင်လျှင်။ ဝေါတုမှေ- သင် ချစ်သား ချစ်သမီးတို့ကို။ အာမန္တယာမိ- နောက်ဆုံးစကား၊ မှာကြား သိစေတော်မူခဲ့ပေအံ့။ သင်္ခါရာ- ဖြစ်ပေါ်လာသမျှ၊ သင်္ခါရ တရားတို့မည်သည်။ ဝယဓမ္မာ- ပျက်စီးချုပ်ပျောက်ခြင်း သဘော ရှိကြပေကုန်၏။ တုမှေ- သင် ချစ်သား



ချစ်သမီးတို့သည်။ အပ္ပမာဒေန- မမေ့ မလျော့သော ရှုမှတ်မှု သတိတရားဖြင့်။ သမ္ပာဒေထ- သီလ သမာဓိ ပညာတို့ကို၊ ပြည့်စုံကုံငအောင်၊ ဆည်းပူးရစ်ကြ ကုန်လော့။

## ဘုရားရှင်ကိုယ်စား အားထားဖို့

'ဂျပန်မကလေးရဲ့ တရှိုက်ရှိုက်မျက်ရည်နှင့် ပူဇော်မှုက သူ့ခင်ပွန်းတင်မကဘူး၊ ခပ်လှမ်းလှမ်းမှာထိုင်ပြီး အာရုံပြုနေတဲ့ ကျွန်တော့်ဆီပါ ရိုက်ခတ်လာတယ်လေ။ တတ်နိုင်သမျှ ရွတ်လိုက်ဖတ်လိုက် ရှုမှတ်လိုက်နှင့် ပြေတန်သလောက် ပြေပါရဲ့။ ဘုရားရှင်ရဲ့ ကျေးဇူးတော်တွေ အာရုံပြု၊ ဘုရားရှင် မရှိတော့သော်လည်း သာသနာတော် ရှိနေသေး၍ တော်ပါသေးရဲ့ဟု နှလုံးသွင်းနှင့် ဘုရားဝတ်ပြုပြီး ပရိနိဗ္ဗာန်စံကျောင်းတော် လှေကားက တစ်ထစ်ချင်းလေးလံသော ခြေလှမ်းများနှင့် ဆင်းပြန်လာခဲ့တော့ ... ဦးသောင်း ... ဦးထွန်းလွင် .... ကိုသန့်ဇင်ရေ ... လှေကား အလယ်လောက်ပဲ ရောက်ဦးမယ်၊ ကျွန်တော့်နားထဲမှာ အသံတစ်ခု ကြားယောင်မိလို့ သမင်လည်ပြန် လျှောင်းတော်မူကြီးဆီ လှမ်းမျှော်ပြီးတော့တောင်မှ ဖူးလိုက်မိသေးတယ် ခင်ဗျာ။

'ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ'

'အာနန္ဒ- ညီဖွား အာနန္ဒာ။ မယာ- ငါဘုရားရှင်သည်။ ဝေါ- တုမှာကံ- သင်- ချစ်သား ချစ်သမီးတို့အတွက်။ ယော ဓမ္မောစ- အကြင် သုတ္တန်, **အဘိဓမ္မာ**၊ နှစ်ဖြာသော တရားဓမ္မကိုလည်း။ ဒေသိတော- **ကြွင်း**ကျန်မထား၊ အလုံးစုံ ဟောကြားတော် မူအပ်ခဲ့ပေပြီ။

'ယော ဝိနယောစ- အသက်ပမာ အကြင် ဝိနည်းသိက္ခာပုဒ်တော်ကိုလည်း။ ပညတ္တော- ပညတ်တော် မူအပ်ခဲ့ပြီ။

'သော- ထို သီလ သမာဓိ ပညာ၊ သိက္ခာ သုံးရပ်၊ ပိဋကတ်သုံးပုံသည်။ မမစ္စယေန- မလွဲမရှောင်သာ ဓမ္မတာအရ၊ ငါ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူရသော အခါကာလ၌။ ဝေါ- တုမှာကံ-သင် ချစ်သား ချစ်သမီးတို့အတွက်။ သတ္ထာ- သက်တော်ထင်ရှား၊ ငါ့ကိုယ်စားပင်၊ အလား ငါ့တူ၊ ဆုံးမတော်မူရစ်မည့် အဆူဆူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါပေတည်း။

နိဗ္ဗာန ပစ္စယော ဟောတု။

ဌေးလှိုင်
(ဓမ္မာစရိယ ဦးဌေးလှိုင်)
၂၉-၇-၁၉၈၉



## နောက်ဆက်တွဲ ကျက်မှတ် ဆင်ခြင်ဖွယ်များ

### အန္တရာယ် မပြု ဂုဏ်လေးခု
### (အနန္တရာယိက လေးပါး)

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၃။ ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၄။ ဗုဒ္ဓါနံ ဒွတ္တိံသ မဟာပုရိသလက္ခဏာနံ, အသီတိယာ အနုဗျဉ္ဇနာနဉ္စ, ဗျာမပ္ပဘာဒိရံသီနဉ္စ န သက္ကာကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

### အာဝေဏိက ဂုဏ်တော် ၁၈-ပါး

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော -

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

http://www.dhammavideo.com/



၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော -

၇။ နတ္ထိ ဆန္ဒဿ ဟာနိ။

၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။

၉။ နတ္ထိ ဝီရိယဿ ဟာနိ။

၁၀။ နတ္ထိ သမာဓိဿ ဟာနိ။

၁၁။ နတ္ထိ ပညာယ ဟာနိ။

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော -

၁၃။ နတ္ထိ ဒဝါ။

၁၄။ နတ္ထိ ရဝါ။

၁၅။ နတ္ထိ အပ္ဖုဋံ။

၁၆။ နတ္ထိ ဝေဂါယိတတ္တံ။

၁၇။ နတ္ထိ အဗျာဝဋမနော။

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဥပေတော ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကော။
ဝန္ဒေ'တေ'တေန သစ္စေန၊ ဟောတု မေ ဇယမင်္ဂလံ။



## ပဋ္ဌာန်းပါဠိတော် ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော, အာရမ္မဏပစ္စယော,
အဓိပတိပစ္စယော, အနန္တရပစ္စယော,
သမနန္တရပစ္စယော, သဟဇာတပစ္စယော,
အညမညပစ္စယော, နိဿယပစ္စယော,
ဥပနိဿယပစ္စယော, ပုရေဇာတပစ္စယော,
ပစ္ဆာဇာတပစ္စယော, အာသေဝနပစ္စယော,
ကမ္မပစ္စယော, ဝိပါကပစ္စယော,
အာဟာရပစ္စယော, ဣန္ဒြိယပစ္စယော,
ဈာနပစ္စယော, မဂ္ဂပစ္စယော,
သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော, နတ္ထိပစ္စယော,
ဝိဂတပစ္စယော, အဝိဂတပစ္စယောတိ။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

## ပဋိစ္စသမုပ္ပါဒ် အနုလုံ ပါဠိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ-မရဏ-သောက-ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ'မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

http://www.dhammavideo.com/



## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဋ္ဌိတော်

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ-မရဏ-သောက-ပရိဒေဝ ဒုက္ခ- ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ'မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

### ဘုရားဖြစ်တော်မူစ စိတ်ထဲက ကျူးရင့်သော ဥဒါန်းဂါထာတော်

(၁) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ'မဇ္ဈဂါ။

(၁) ပုနပ္ပုနံ- ဘဝသံသရာ၊ ဖန်ခါခါလျှင်၊ ခန္ဓာဝင်ဇာတ်၊ အမြစ်မပြတ်နိုင်ဘဲ။ ဇာတိ- ယောနိလေးထွေ၊ လှည့်ပတ်ဖွေလျက်၊ သန္ဓေစွဲမှီ၊ တည်နေဖြစ်ပွားရခြင်းသည်။ ဒုက္ခာ- သန္ဓေဇာတိ၊ ခန္ဓာရှိလျှင်၊ ဗျာဓိဇရာ မရဏာတို့၊ မကွာနောက်ဆက်၊ ဝင်နှိပ်စက်သဖြင့်၊



သက်သက်ချမ်းသာ၊ မဟုတ်ပါဘဲ၊ လွန်စွာညှိုးနွမ်း၊ ပင်ပန်းဆင်းရဲ လှဘိ၏။ (တသ္မာ- ထို့ကြောင့်။) အဟံ- ဘုရားအလျာ၊ သူမြတ် ငါ သည်။ ဂဟကာရံ- ဒုက္ခယှက်လိမ်၊ ခန္ဓာအိမ်ကို၊ ကြိမ်ကြိမ်ကြိုးကုတ်၊ တည်ဆောက်လုပ်သည့်၊ အယုတ်တမာ၊ အကြောင်းရင်း သမုဒယ သစ္စာဖြစ်သော တဏှာယောကျ်ား၊ လက်သမားကို။ ဂဝေသန္တော- လက်သည်စင်စစ်၊ ဘယ်သူဖြစ်ဟု၊ စိစစ် ထောက်လှမ်း၊ စူးစမ်းရှာ ဖွေလျက်။ (ဝါ) စူးစမ်းရှာဖွေသော ဘုရားအလျာ၊ သူမြတ် ငါသည်။ အနိဗ္ဗိသံ- အနိဗ္ဗိသန္တော- တဏှာ ယောကျ်ား၊ လက်သမားကို၊ ပိုင်း ခြားထင်ထင်၊ လင်းလင်းမြင်သည့်၊ သဗ္ဗညုတာ၊ ဉာဏ်မဟာကို၊ သမ္ဘာနုကွေး၊ ငါမရသေးသည်ဖြစ်၍။ (ဝါ) ငါမရသေးသောကြောင့်။ အနေကဇာတိသံသာရံ- ဘဝများစွာ၊ သံသရာ ကာလပတ်လုံး။ သန္ဓာဝိဿံ- ခန္ဓာငါးချက် ဒုက္ခစက်ကို၊ ကြောက်လျက်ပင်လျှင်၊ ငါ မခင်ဘဲ သည်ရာဝင်ရ ချားရဟတ်၌၊ မရပ်မနား၊ တဖားဖားလျှင်၊ ပြေးသွားကျင်လည် ခဲ့ရလေပြီ။

(၂) ဂဟကာရက- ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ် ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာဖြစ်သော တဏှာယောကျ်ား ဟယ် ... လက်သမား။ ဣဒါနိ- ဘုရားဖြစ်လာ ယခုအခါ၌။ တွံ- သင် တဏှာ ယောကျ်ား လက်သမားကို။ ဒိဋ္ဌော- သဗ္ဗညုတ ဉာဏ်ကိုရသဖြင့် ဒိဋ္ဌထင်ထင် ငါ မြင်အပ်သည်။ အသိ- ဖြစ်ပေ၏။ တွံ- သင်တဏှာယောကျ်ား လက်သမားသည်။ ဂေဟံ- ဒုက္ခယှက်လိမ် ခန္ဓာကိုယ်အတ္တဘော တည်းဟူသောအိမ်ကို။ ပုန န ကာဟသိ- နင့်ခြေ နင့်လက်

http://www.dhammavideo.com/



နှင့်အသက်ကို လေးမင်္ဂလုံ့ရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်ခုတ် အမြစ်ပြုတ်သည့် သစ်ငုတ်တိုဟန် နင်ဖြစ်ပြီ မှန်သောကြောင့် တစ်ဖန်ထပ်လျောက် နင် ဆောက်နိုင်တော့မည် မဟုတ်ချေ။ တေ- သင်တဏှာယောက်ျား လက်သမား၏။ သဗ္ဗာ- တစ်ခုမကြွင်း ခပင်းဉဿုံ အလုံးစုံကုန် သော။ ဖာသုကာ- အခိုင်အမာတည်ဆောက် ခန္ဓာအိမ်တည်းဟူ သော ဘုံကွန်းပြောက်၏။ ထုပ်လျှောက်ဒိုင်းမြှား ကိလေသာတရား တို့ကို။ ဘဂ္ဂါ- ဝါသနာအငွေ့အသက်နှင့်အတူ အနုသယသတ္တိ ကျန်မရှိအောင် စိစိကြေညက် ငါချိုးဖျက်အပ်ကုန်ပြီ။ ဂဟာကူဋံ- သစ္စာလေးအင် နိဗ္ဗာန်လွင်ကို မြင်ခွင့်မပေး ဝေးထက်ဝေး အောင် အရေးကန့်လန့် တားဟန့်ပိတ်ကာ အဝိဇ္ဇာတည်းဟူသော အိမ်၏အထွတ်ကို။ ဝိသင်္ခတံ- မုန့်မုန့်ကြေမွ ငါဖျက်ချအပ်လေပြီ။ စိတ္တံ- ကိလေသာဟူ မြူအညစ်ကြေး ကင်းဝေးဖြူလွင် ငါဘုရား၏ စိတ်အစဉ်သည်။ ဝိသင်္ခါရံ- သင်္ခါရစက်ကွင်း ဒုက္ခခပင်းမှ လွတ်ကင်း ရာအမှန် နန်းနိဗ္ဗာန်သို့။ ဂတံ- အာရုံမျက်မှောက် သန္တိခာတ် သိဒ္ဓိ ပေါက်သဖြင့် ဆိုက်ရောက်သက်ဝင်မိလေပြီ။ အဟံ- သုံးလောက ထွတ်ထား ငါဘုရားသည်။ တဏှာနံခယံ- တဏှာတရားရှေ့ရှစ်ပါး၏ ပျက်ပြား ကုန်ခန်းရာ အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်သို့။ ဂတော- စက္ကဝါရိုက်ခြောင်း တိုက်တစ်သောင်းမှ နတ်ပေါင်းပြဟ္မာ ကောင်း တင်းပြောလျက် ကြည်သာဝမ်းမြောက် ငါဆိုက်ရောက်ခဲ့လေပြီ။

(မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၃၅၂ မှ တိပိဋကဓရ ဆရာတော်ဘုရားကြီးအနက်)



## ဘုရားဖြစ်တော်မူစ၊ နှုတ်မြွက်ကျူးရင့်တော်မူသော ဥဒါန်းဂါထာတော်

(၁) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သ ဟေတု ဓမ္မံ။

အာတာပိနော- တစ်ထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာ နှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန် လုံ့လဝီရိယလည်း ရှိ ပေထသော။ ဈာယတော- အာနာပါန စသည်ဖုံဖုံ သမထအာရုံနှင့် အလုံးစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ ဒုက္ခ အနတ္တခြင်းရာ လက္ခဏာ ကို အပ္ပနာခိုက် ဈာန်မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှု အားသန်ပေထသော။ (ဝါ) ရှုအားသန်သောကြောင့်။ ဗြာဟ္မဏဿ- မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ ယဒါ- အကြင်အခါ၌။ ဓမ္မာ- ဗောဓိပက္ခိယတရား သုံး ဆယ့်ခုနစ်ပါးတို့သည်။ ဟဝေ- စင်စစ်။ ပါတုဘဝန္တိ- ဥပါဒ်ထင်ရှား ဖြစ်ပွားကုန်၏။ ယတော- ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့် ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ သဟေတုဓမ္မံ- အဝိဇ္ဇာ အစရှိသော အကြိုးတရားထု ဒုက္ခအစုကို။ ပဇာနာတိ- ပိုင်းခြား ထင်ထင် သိမြင်လေ၏။ အထ- ထိုသို့ ပဋိစ္စခာတ် သမုပ္ပါဒ်ကို အတပ် ထင်ထင် လင်းလင်းမြင်သောအခါ၌။ အဿ- ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ သဗ္ဗာ- တစ်ခုမကြွင်း ခပင်းဉဿုံ အလုံးစုံကုန် သော။ ကင်္ခါ ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း,

http://www.dhammavideo.com/



ပဋိစ္စသမုပ္ပါဒ် တရားတို့ကို မသိမြင်ခြင်းကြောင့် ကာလသုံးပါးဝယ် ဖြစ်ပွားသည့် ရုပ်နာမ်တရားတို့၌ ယုံမှားခြင်းတရား တစ်ဆယ့်ခြောက်ပါးကို့သည်။ ဝပယန္တိ- ဝိအပယန္တိ- နေလျှံရှိန်ကြောက် ဆီးနှင်းပေါက်သို့ ကင်းပျောက်ချုပ်ငြိမ်း ကြကုန်၏။

(၂) ယဒါဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

(......) ယတော- ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ပစ္စယာနံ- အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ- ကုန်ခမ်းရာမှန် အသင်္ခတ နိဗ္ဗာန်ကို။ အဝေဒိ- ထိုးထွင်းထင်ထင် သိမြင်တော်မူလေပြီ။ အထ- ထိုသို့ ပစ္စယက္ခယ အမည်ရသည့် အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို အတပ် ထင်ထင် လင်းလင်းမြင်သောအခါ၌။ အဿ- ထို ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ သဗ္ဗာ- တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ကင်္ခါ- နိဗ္ဗာန်ကို ထိုးထွင်း မသိခြင်းကြောင့် ကိုယ်တွင်း၌မှာ ဖြစ်ပေါ်လာမည့် ကင်္ခါယုံမှားတရားအစုတို့သည်။ ဝပယန္တိ- ဝိအပယန္တိ- နေလျှံရှိန်ကြောက် ဆီးနှင်းပေါက်သို့ ကင်းပျောက် ချုပ်ငြိမ်းကြကုန်၏။

(၃) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ’ မန္တလိက္ခံ။



(......) သူရိယော- ယုဂန္ဓိုရ်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူဥဒည်မူသော နေမင်းသည်။ အန္တလိက္ခံ- အဇ္ဈာပြင် မိုးကောင်းကင်ကို။ ဩဘာဘယံ- ဩဘာသယန္တော- မိမိအရောင် ခြည်တစ်ထောင်ဖြင့် မိုက်မှောင်ပယ်ရှင်း ထွန်းလင်းတောက်ပလျက်။ တိဋ္ဌတိ ဣဝ- တည်သကဲ့သို့။ (သော ဗြာဟ္မဏော- ထိုရဟန္တာသခင် အရှင်သူမြတ်သည်။ တေဟိဓမ္မေဟိ- ထို ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ဖြင့်) မာရသေနံ- ကာမရာဂ စသည်ဆယ်ထပ် မာရ်စစ်တပ်ကို။ ဝိဓူပယံ- ဝိဓူပယန္တော- မုန့်မုန့်ညက်ညက် တိုက်ဖျက်ပယ်ဖျောက်လျက်။ တိဋ္ဌတိ- ပညာတန်ဆောင် ဉာဏ်တော်ရောင်ဖြင့် ထွန်းပြောင်ထိန်လက် ပြိုးပြိုးပြက်လျှင် နေစက်နှုန်းတူ တည်တော်မူ၏။

(မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၃၅၇ - မှ)

## တောင်တွင်းဆရာတော် ခင်ကြီးပျော်၏
## လက်နက်ကိုးဖြာ အောင်ဂါထာ

ဝါတံ ဝဿဥ္စ ပါသာဏံ၊ အာဝုဓံ ဝါဠုကံ တထာ။
ကုက္ကုဠံ ကလလင်္ဂါရံ၊ အန္ဓကာရန္တိ’ မေ နဝ။
သတ္တေ မာရေန ဝိဿဋ္ဌေ၊ ဝိဇယန္တံ ဇိနံ နမေ။
အဟမ္ပိ တေန ပုညေန၊ ဝိဇေယျံ သဗ္ဗ’မာယုဓေ။

(၁) ဝါတံ- လောကထွတ်ထား တို့ဘုရားလျှင် ငါးပါးမာရ်ခြေ ပလ္လင်ဗွေ၌ စံနေခိုက်ခါ မာရ်နတ်လာလျက် စက္ကဝါတိုက် တောင်

http://www.dhammavideo.com/



နှင့်ရိုက်၍ ပန်းမှိုက်မြူစုန့် သေးဖွဲနုန့်သို့ မုန့်မုန့်ညက်ကြေ ပျက်ပစေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရပ်သိမ့်ဟည်း မြေကြီးပဲ့တင် သစ်ပင်ကျောက်တုံး အိမ်အလုံးကို ချေမှုန်းဖြတ်ပိုင်း ရှစ်ရပ်တိုင်းမှ အုံ့မှိုင်းလေဆိုး မုန်တိုင်းမျိုးကို လည်းကောင်း၊

(၂) ဝဿဥ- အဟုန်ဒီးဒီးစီးကျသွယ်သွယ် ရေပြင်ကျယ်၌ မှိဖွယ်ကင်းမည် သေစိမ့်ရည်၍ တမည်ပြုစား ထန်းလုံးဖျားနှင့် တောင်ဖျားမျှခေါင် အမြင့်ဆောင်သား ရှစ်ဘောင်ရပ်ခန်းပြည့်မောက်လျှမ်းသည့် မိုးကြမ်းရေဆိုး လက်နက်မျိုးကို လည်းကောင်း၊

(၃) ပါသာဏံ- ကျောက်ဖြင့် ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နှိပ်စက်စေရန် တစ်မည်ဖန်၍ နဘန်မိုးလုံး ထစ်ချုန်းခြိမ့်ညံ တိုက်ခတ်သံနှင့် အလျှံဖြိုးဖြိုး ကျောက်ခဲကျောက်စိုင်မိုးကို လည်းကောင်း၊

(၄) အာဝုဓံ- အသွေးတစ်ခြား အသားတစ်ထွေ အရေတစ်မျိုး အရိုးတစ်ဂိုဏ်း ထိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြုစီမံသား အလျှံပြိုးပြက် မိုးလုံးလက်အောင် တစ်ဘက်အသွား နှစ်ဖက်သွားဟု လှံဓားစသည် အမည်မည်လျှင် စုံစီ ဖန်ပျိုး လက်နက်မိုးကို လည်းကောင်း၊

(၅) ဝါဠုကံတထာ- ထွက်လေ ဝင်လေ နှစ်ထွေမရှိ သဲဖြင့်ပိ၍ မချိသေအောင် ပြုဆောင်ဖန်ပျိုး သဲထုမိုးကို လည်းကောင်း၊

(၆) ကုက္ကုဠံ- တစိမ့်စိမ့်ပူ သေအောင်ဟူ၍ သူအကြံပျိုး ပြာပူမိုးကို လည်းကောင်း၊

(၇) ကလလံ- ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရွှံ့ညွန်မိုးကို လည်းကောင်း၊



(၈) အင်္ဂါရံ- တစ်ခဏာချင်း အပြင်းပူလောင် သေအောင်ဖန်ပျိုး မီးကျီးမိုးကို လည်းကောင်း၊

(၉) အန္ဓကာရံ- ကြည့်သော်မစွမ်း စမ်းသော်မထင် ကြောက်စိတ်ဝင်၍ အလျင်သေရန် တစ်တန်ပြုဆောင် အမိုက်မှောင်ကို လည်းကောင်း၊

ဣတိ- ဤသို့။ မာရေန ဝိဿဋ္ဌေ၊ မာရ်နတ်မိစ္ဆာ အယုတ်တမာလျှင် ကြိမ်းကာဆင့်ဆင့်ပစ်လွှင့်အပ်ကုန်သော။ ဣမေနဝ သတ္တေ- လေ,မိုး,ကျောက်,သဲ,ညွန်, မီးခဲနှင့် ပြာမွဲ, မိုက်မှောင်ပြောင်ပြောင်လက်နက် ရောင်ပြိုးပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့ကို။ ဝိဇယန္တ- ဗိုလ်ပါအပေါင်းသောင်းကုဋေအားဆောင်နိုင်ငြားလည်း ရိုက်လားပုတ်လား အဖအပါးဝယ် ဆိုးဝါးမာန်မူ၊ သားငယ်တူသို့၊ သီတဂူနှုန်း၊ ကြည်နှုလုံးဖြင့်၊ မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်တော်မူကြီး အောင်တော်မူထသော။ (ဝါ) အောင်တော်မူသောကြောင့်။ ဇိနံ- ဇိနဟူသည် အမည်တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။ နမေ နမာမိ- ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ရှိခိုးပါ၏ မြတ်စွာဘုရား။ အဟမ္ပိ- စတုသမုဋ္ဌာန် ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်သည်လည်း။ တေနပုညေန- လက်နက်မျိုးကို ဖျက်ချိုးနှိမ်ခူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးဝန္ဒနာ စေတနာပဏာမ မြတ်ပုညကြောင့်။ သဗ္ဗ’ မာယုဓေ- သေနတ် လေးမြား လှံဓား မီးပေါက် အမြောက်စိန်ပုံး ချေမှုန်းခွင်းဖြတ် အကျဉ်းမှတ်သော် လွှတ်အပ်- မလွှတ်အပ် နှစ်ရပ်ကျူးခြံ အလုံး

http://www.dhammavideo.com/



စုံသော လက်နက်မျိုးတို့ကို။ ဝိဇေယျံ- ယနေ့ကစ, နိဗ္ဗာန်ရသည့် ကာလတစ်ခွင် သံသာပြင်ဝယ် မမြင်ရ မကြားရ အဝေးကပင် အောင်ရနိုင်ရ အောင်နိုင်ရသည့်ကိုယ် ဖြစ်ပါလို၏ မြတ်စွာဘုရား။

(မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၊ ၂၉၁-၃ မှ)

## သမ္ဗုဒ္ဓေဂါထာ ၃-ပုဒ် အနက်ချုပ်

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာ'မဟံ။

အဋ္ဌဝီသံ (အတ်ထဝီသံ)- နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေစ- ဘုရားရှင်တို့ကို လည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ (ဒွါဒသင်စ သဟတ်သကေ)- တစ်သောင်း နှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေစ- ဘုရားရှင်တို့ကို လည်းကောင်း။ ပဉ္စသတသဟဿာနိ (ပင်စ-သတ- သဟတ်သာနိ)- ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေစ- ဘုရားရှင်တို့ကို လည်းကောင်း။ အဟံ- အကျွန်ုပ်သည်။ သိရသာ- ဦးခေါင်းဖြင့်။ နမာမိ (န-မာမိ-မဖတ်နှင့်)- ရှိခိုးပါ၏ အရှင်ဘုရား။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာ'မဟံ။



ဝါဠုကာ ဂင်္ဂါ (ဂင်ဂါ)- ဂင်္ဂါမြစ်ရှိ သဲလုံးတို့သည်။ အပ္ပကာ (အပ်-ပကာ)- နည်းလှချေသေး၏။ နိဗ္ဗုတာ (နိတ်ဗုတာ) ဇိနာ- ပရိနိဗ္ဗာန် စံလွန်ကုန်ပြီးသော ဘုရားရှင်တို့သည်ကား။ အနန္တာ (အနန်တာ)- မရေတွက်နိုင်အောင် များလှလေကုန်ပြီ။ (တေ- ထို ဂင်္ဂါဝါဠု သဲစုမက ပရိနိဗ္ဗာန် စံလွန်တော်မူကြသော ဘုရားရှင် အဆူဆူ တို့ကိုလည်းကောင်း။) တေသံ- ထို ဘုရားရှင် အဆူဆူ တို့၏။ ဓမ္မဉ္စ (ဓမ်မင်စ)- တရားတော်ကိုလည်းကောင်း။ သံဃဉ္စ (သမ်ဂင်စ)- သံဃာတော်ကို လည်းကောင်း။ အဟံ- အကျွန်ုပ်သည်။ အာဒရေန- ရိုသေစွာ။ နမာမိ- ရှိခိုးပါ၏ ဘုရား။

၃။ နမက္ကာရာနု ဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အ-သေသ-တော။

နမက္ကာရာ (နမက်ကာရာ) နုဘာဝေန- ဤသို့ ရိုသေစွာ ရှိခိုးရသော အာနုဘော်ကြောင့်။ သဗ္ဗေ ဥပဒ္ဒဝေ (သတ်ဗေအုပတ်ဒဝေ) အလုံးစုံသော ဘေးဥပဒ်တို့ကို။ ဟိတွာ (ဟိတ်တဝါ)- ပယ်ဖျောက်၍။ အနေကာ အန္တရာယာပိ (အန်တရာယာပိ)- အန္တရာယ် အမျိုးမျိုးတို့သည်လည်း။ အ-သေသတော- အကြွင်းအကျန်မရှိ။ ဝိနဿန္တု (ဝိနတ်-သန်တု)- ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင် လွင့်ပျောက် ကြပါစေကုန်သတည်း။

http://www.dhammavideo.com/



## အစိန္တေယျအကျိုး

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

ဘုရားရှင်တို့မည်သည် မကြံစည်အပ်ကုန်။ ဘုရားရှင်တို့၏ တရားတော်တို့သည်လည်း မကြံစည်အပ်ကုန်။ မကြံစည်အပ်သော အရာ၌ ကြည်ညိုဆည်းကပ်သူတို့၏ အကျိုးသည်လည်း မကြံစည်နိုင်တော့ချေ။

(ဗုဒ္ဓ အပဒါန် ပါဠိတော်)

## ကမ္ဘာပေါ်တွင် အကောင်းဆုံး စကားလုံးများ

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊
ခေမံ နိဗ္ဗာန ပတ္တိယာ။
ဒုက္ခဿန္တ ကိရိယာယ၊
သာ ဝေ ဝါစာန' မုတ္တမာ။

ဗုဒ္ဓေါ- မြတ်စွာဘုရားရှင်သည်။ ခေမံ- ဘေးကင်းစွာ။ ဒုက္ခဿန္တ ကိရိယာယ- ဒုက္ခ၏အဆုံးကိုပြုခြင်းငှာ လည်းကောင်း။ နိဗ္ဗာန ပတ္တိယာ- နိဗ္ဗာန်သို့ ရောက်ခြင်းငှာ။ ငြိမ်းအေးခြင်းငှာ လည်းကောင်း၊ ယံ ဝါစံ- ပိဋကသုံးပုံဟူသော အကြင် စကားတော်ကို။ ဘာသတိ-



မြွက်ဆို ဟောကြားတော်မူ၏။ သာ- ထို မြတ်စွာဘုရား မြွက်ဆို ဟောကြားသော စကားတော်စုသည်။ ဝေ- စင်စစ်။ ဝါစာနံ- မြွက်ဆို ပြောကြား စကားမှန်သမျှတို့တွင်။ ဥတ္တမာ- အမြတ်ဆုံးပေတည်း။

(သုတ္တနိပါတ်၊ သုဘာသိတသုတ်)

## ဗုဒ္ဓေါ ဗုဒ္ဓေါ၊ ဘုရား ... ဘုရား

ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊
ကာယေ ဘဝတိ ယာ ပီတိ။
ဝရ' မေဝ ဟိ သာ ပီတိ၊
ကသိဏောနာပိ ဇမ္ဗုဒီပဿ။

(ဓမ္မောတိ ကိတ္တယန္တဿ, သံဃောတိ ကိတ္တယန္တဿ-သုံးဂါထာ)

ဗုဒ္ဓေါတိ- ဘုရား ဘုရားဟူ၍။ ကိတ္တယန္တဿ- ရွတ်ဆိုရင့်ကျူးသော သူ၏။ ကာယေ- ခန္ဓာကိုယ်၌။ ယာ ပီတိ- အကြင်နှစ်သက်ခြင်း ပီတိသည်။ ဘဝတိ- ဖြစ်၏။ သာ ပီတိ- ထိုပီတိ ဖြစ်ရခြင်းသည်။ ဝါ- ဖြစ်ရသော ပီတိသည်။ ဟိ- စင်စစ်အားဖြင့်။ ကသိဏေနပိ ဇမ္ဗုဒီပဿ- ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်ရခြင်းထက်။ ဝရ- မေဝ- မနှိုင်းယှဉ်သာအောင် မြင့်မြတ်လှပါပေ၏။

(သီလက္ခန္ဓဝဂ် အဋ္ဌကထာ၊ ၅၄)

ခရီးဖော် (ဒုတိယပိုင်း) မျှော်ပါ။

http://www.dhammavideo.com/

# ဓမ္မာစရိယဦးဌေးလှိုင်

## ရေးသားသော ထွက်ပြီးကျမ်းစာများ


၁။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊

၂။ ရတနာသုံးပါးကျေးဇူး၊

၃။ အနာဂါမ်ဆရာသက်ကြီး၊

၄။ မေတ္တာဝါဒ (ဗြဟ္မဝိဟာရ အဖွင့်)

၅။ ကမ္ဘာကို ချုပ်ကိုင်မည့်သူ၊

၆။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ၊

၇။ ဓမ္မဒူတ (ပထမအုပ်၊ ဒုတိယအုပ်၊ တတိယအုပ်)၊

၈။ ချမ်းမြေ့စွာ ဘဝနေနည်း၊

၉။ မေတ္တာ ခရီးသည်ကြီး (ပထမပိုင်း၊ ဒုတိယပိုင်း)၊

၁၀။ ခရီးဖော်၊

၁၁။ The Buddhis way of Daily life

၁၂။ ဝေဘူဆရာတော်၏ သန္ဒိဋ္ဌိကတရားတော်များ၊

၁၃။ တောင်တန်းတရား (ပထမအုပ်)၊

၁၄။ ကမ္ဘာ့လှည့်တရား၊

၁၅။ ဝေဘူဆရာတော်၏ တရားအနှစ်သာရများ

(ပါဠိ + အင်္ဂလိပ် + မြန်မာ) သုံးဘာသာ။


*(အကာလိကတရားတော်များ) စာအုပ်ကိုလည်း ငွေအသံ စာပေမှ ဆက်လက် ထုတ်ဝေပေးသွားပါမည်။*

# ဓမ္မာစရိယဦးဌေးလှိုင်

## ရေးသားသောထွက်ပြီးစာအုပ်များ



### ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

### (ပထမအုပ်၊ ဒုတိယအုပ်)

*ပထမအုပ်တွင် –ဟန်လင်း,သရေခေတ္တရာပျူခေတ်မှ မျက်မှောက်ခေတ်အထိ မြန်မာနိုင်ငံ၌ ထွန်းပေါ်ခဲ့သော ရဟန္တာ ပုဂ္ဂိုလ်ထူးကြီးပေါင်းများစွာ၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်များ၊ သာသနာရေစီးကြောင်းနှင့် မဟာယာန အမူအကျင့်, ဂိုဏ်းဂဏ အမွေခံတတ်များ အကြောင်း ခြေခြေမြစ်မြစ် စိစစ် ပြထားသည်။ ပုဂ္ဂိုလ်ထူးကြီးများ၏ ပုံတော်များလည်း ဖော်ပြထားရာ သင့်အိမ်၌ အမြဲပူဇော်ထားသင့်သော စာအုပ်တစ်အုပ်။*

*ဒုတိယအုပ်တွင် – ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးရေးသားစဉ်က သက်တော်ထင်ရှားရှိ၍ ခြွင်းချန်ခဲ့သော ပုဂ္ဂိုလ်ထူးများ၊ ထိုစဉ်က မသိ၍ ကြွင်းကျန်ခဲ့သော ပုဂ္ဂိုလ်ထူးများ ဆက်လက်ရေးသားလျက် ရှိပါသည်။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ စတုတ္ထပိုင်း– မျက်မှောက်ခေတ်နှင့် ဖြည့်စွက်တွဲအဖြစ် ဒုတိယအုပ် (ဆိုက်ကြီး) ဆက်လက် ထွက်ပေါ်လာပါဦးမည်။*

## ရတနာသုံးပါးကျေးဇူး (ကိုယ်တွေ့ဝတ္ထုများ)

သားငယ်သမီးငယ်များအား စစ်မှန်စင်ကြယ်သော ဗုဒ္ဓအမွေ ပေးလိုသော မိဘတိုင်းအတွက် ဘာသာရေးအခြေခံ အနိမ့်ဆုံးအဆင့်မှ သမထ၊ ဝိပဿနာ အလုပ်ခွင်အထိ လက်တွေ့ကျသော ကျင့်စဉ်များ၊ ဒါနတန်ခိုး၊ သီလတန်ခိုး၊ မေတ္တာတန်ခိုး၊ သစ္စာစွမ်းရည်......မယုံကြည် နိုင်လောက်အောင် အားကျဖွယ်, အံ့ဩဖွယ်ကောင်းသော ကိုယ်တွေ့ ဝတ္ထုပေါင်း ၄၀-ခန့် ပါဝင်သည်။

လူကိုင်းအတွက် ကြီးပွားချမ်းသားရေးကျမ်းကြီးဟု ဆိုနိုင်သော "ဆုတောင်းခန်း မြင်ကွင်းကျယ်"စသည်ဖြင့် စာမျက်နှာ ၅၀၀-ကျော်။






## အနာဂါမ် ဆရာသက်ကြီး

အာနာပါန သတိပဋ္ဌာန်အလုပ်ကို စာဖတ်တတ်သူတိုင်း နားလည်အောင် အရှင်းဆုံး...ရေးထားသော စာအုပ်။ သူ့ဘဝ သူ့တရားနှင့် သူ့ကျေးဇူး အပိုင်းကြီးသုံးပိုင်း။

နိုင်ငံရပ်ခြားမှ ပါမောက္ခကြီးများ၊ ပါရဂူကြီးများပင်လျှင် ဆရာသက်ကြီးကမ္မဋ္ဌာန်းနည်းဖြင့် ထူးခြားစွာ ပြောင်းလဲသွားကြပုံ ကိုယ်တွေ့ ရေးသားချက်များ။ သမိုင်းဝင် ဓာတ်ပုံများကို ကြွေရောင်စက္ကူ ချောဖြင့် တခမ်းတနား ဖော်ပြထားသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက အမျိုးမျိုးသော ပိဋကတ်အဆီ ဒီပနီကျမ်းများကို ပြုစု၍ ထိုကျမ်းများကို လက်တွေ့ အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ခြင်း ခံရသူက...အနာဂါမ် ဆရာသက်ကြီး။

ဆရာကြီးဦးဘခင်၊ ဂုရုကြီး ဦးဂိုအင်ကာ စသူတို့ကို အကြောင်း ပြု၍ ယနေ့ တစ်ကမ္ဘာလုံး ယောဂီဦးရေ အများဆုံး ရှိပွားနေသောနည်းကို ပရင်းအမြစ်အကျဆုံး ဖော်ပြထားသောစာအုပ်။

http://www.dhammavideo.com/

## မေတ္တာဝါဒ (ဗြဟ္မဝိဟာရဒုတိယပွင့်)

နိကာယ်ငါးရပ်လာ မေတ္တာ၏ စွမ်းအား သတ္တိထူးများကို ဖော်ပြ၍ သိပ္ပံပညာ, စိတ်ပညာတို့နှင့် နှိုင်းယှဉ်စိစစ်ထားခြင်း။ မိုးညှင်းဆရာတော် တောင်ကန်းဆရာတော်စသော ပုဂ္ဂိုလ်ထူးများစွာတို့၏ မေတ္တာလက်တွေ့ အသုံးချပုံများ။ ကမ္ဘာဦး ခေတ်မှ ယနေ့ခေတ်အထိ ထူးခြားသော မေတ္တာကိုယ်တွေ့ ဇာတ်လမ်း များ။

မေတ္တာစာတ်ရိုက်ပုံ၊ မေတ္တာဈာန် ထူထောင်နည်း၊ မေတ္တာဈာန်မှ ဝိပဿနာတက်ပုံ...မေတ္တာနှင့် စပ်၍

အရှင်းလင်းဆုံး၊

အလေးနက်ဆုံး၊

အလွယ်ကူဆုံးစာအုပ်။



## ကမ္ဘာကိုချုပ်ကိုင်မည့်သူ



၁၂-နှစ်တိုင်တိုင် ပျောက်ကွယ်နေရာမှ ယခင် မူရင်းအတိုင်း တရားဝင် ပြန်လည်ရိုက်နှိပ်ထားသည်။

လောကဝိဇ္ဇာ ဂန္ဓာရီ တန်ခိုးရှင်တို့၏ လျှို့ဝှက်ချက်နှင့် တဘောင်ကိန်းခန်းများ၊ ဈာန်ပျံရဟန်းတော်များ၏ ထေရုပ္ပတ္တိများ၊ သိပ္ပံပညာ, စိတ်ပညာ, ဗုဒ္ဓအဘိဓမ္မာ ရှုထောင့်မျိုးစုံမှ မျက်မှောက် ကမ္ဘာ့အခြေအနေကို သုံးသပ်ထားသည်။

ကမ္ဘာအရပ်ရပ်မှ အကြားအမြင်ရ ပုဂ္ဂိုလ်များ၏ အနာဂတ် ကမ္ဘာအတွက် အမြင်များ၊ သိပ္ပံပါရဂူတို့၏ ဟောကိန်းများ၊ ရဟန္တာအရှင်မြတ်ကြီးများ၏ ဗျာဒိတ်တော်များ၊ တစ်အုပ်တည်းဖြင့် သုတမျိုးစုံ တဝကြီး ခံစားရမည်။

http://www.dhammavideo.com/

## သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ

ဤစာအုပ်ကား 'ရဟန္တာပုဂ္ဂိုလ်ထူး'ပထမတွဲ အဖြစ် သမိုင်းကွင်းဆက်များနှင့်တကွ၊ ပာန်လင်း, ဗိဿနိုး, သရေခေတ္တရာ ရှေးဦးမြန်မာသာသနာကို နောက်တွေ့သမိုင်းပစ္စည်း အထောက်အထားများ၊ ဓာတ်ပုံ၊ မြေပုံများဖြင့် ဖော်ပြထားသည်။

အရှင်မဟာ ဗုဒ္ဓဃောသနှင့် အဋ္ဌကထာသမိုင်း၊ သီဟိုဠ်-မြန်မာဆက်ဆံရေး၊ သီဟိုဠ် ပုဂ္ဂိုလ်ထူးများ၊ တရားအတွေ့အကြုံများ၊ သီဟိုဠ်သာသနာဝင် အပြည့်အစုံ၊ ထေရဝါဒသည် ဟီနယာန မဟုတ်၊ ရှင်ဉပဂုတ်ကား မဟာယာန၊ ဂေါတမဗုဒ္ဓသည် ဗမာလူမျိုး စသော သမိုင်း စိစစ်ချက်၊ ဗုဒ္ဓဝါဒရေးရာ သဘောတရား စိစစ်ချက်များ များစွာပါဝင်သည်။





## မွေ့ဒုတ

### (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)

ဒါန၊ သီလ၊ ဘာဝနာသူ့ရဲကောင်းများ အကြောင်း တကယ့်ဖြစ်ရပ်မှန်များ၊ အံ့ဖွယ်မေတ္တာ၊ ဘေးရန် အမျိုးမျိုးနှင့် ဂုဏ်တော်ကိုယ်တွေ့ဝတ္ထုများ၊ အမေရိကန်နှင့် ဣန္ဒိယသို့ မွေ့ဒုတ အောင်မြင်မှုသတင်းများ၊ ရှိသမျှ အကုန်လှူသော ပါမောက္ခကြီး၊ နေ့စဉ် ပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်သော ဆရာတပည့်၊ မူလတန်းမှ ဒီဂရီကောလိပ်ကျောင်းကြီးများထိ တည်ထောင်၍ ဣန္ဒိယမှာ ရာသက်ပန် သာသနာပြုခဲ့သော ဆရာတော် ဦးစန္ဒြမဏိထံ ဣန္ဒိယအမျိုးသားများ သိန်းနှင့်ချီ၍ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းကြပုံ၊ ဗုဒ္ဓဖွားမြင်ရာ မဇ္ဈိမဒေသ၌ သာသနာတစ်ကျော့ ပြန်လည်ပွင့်လင်းရန် ဘဝကို အလျော့အစား ပြုလုပ် မြှုပ်နှံသွားကြသော အနာဂါရိက ဓမ္မပါလ၊ အမေရိကန်ရေတပ်ဗိုလ်မှူးကြီး အော်လကော့၊ ဉပဒေပါရဂူ အမ်ဘေဒကာ၊ အာသံမဏိပူရ တို့၌ ရာဇဂုရုဘွဲ့ရ ပယင်းတွင်း ဆရာတော်ဘုရားကြီး၊ ဘင်္ဂလားဒေ့ရှ်၌ ရာဇဂုရု ၃-ဘွဲ့ရ အရှင်သာရမေဓာ ရခိုင်ဆရာတော်ဘုရားကြီးတို့၏ ထေရဝါဒသာသနာ ပြန်လည်ပျိုးထောင်ပုံ၊ နီပေါနိုင်ငံသာကီဝင် ဘုရားအနွယ်တော်လောက၌ ထေရဝါဒကို အသက်စတေး၍ ထူထောင်ကြပုံ၊ သာသနာဝင် သမိုင်းတွင် အထူးမော်ကွန်း တင်ရမည့် ဖြစ်ရပ်များ...စသည်ဖြင့်...။

http://www.dhammavideo.com/

## ချမ်းမြေ့စွာ ဘဝနေနည်း

ကမ္မဋ္ဌာန်းယာမ၊ မေတ္တာအာနိသင်၊ ပရိတ်စွမ်းအား၊ သေနည်း သင်တန်းနှင့် သမထဝိပဿနာ အခန်း(၅)ခန်း ပါဝင်သည်။

ကိုယ်တွေ့ ပစ္စုပ္ပန်ဝတ္ထု များ၊ တစ်သက်တာ ကိုယ်တွေ့ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ၊ မေတ္တာဖြင့် သံရုံးရာထူးလုပ်ပွဲ၊ အိမ်ရှင် အိမ်ငှား အမှုကြီးများ စသည်အောင်မြင်ခဲ့ပုံ၊ (၂) ကြိမ် တိုင်တိုင် ဝိဇ္ဇာမိုရ်များနှင့် တွေ့ဆုံ၍ တောင်စောင့်နတ်မင်းကြီး (၆)ကြိမ် လာပုံ၊ပရိတ်ရေမှုက်၍ အံ့သြစွာ မီးကွင်းပုံများ၊ ကင်ဆာ စသောရောဂါမျိုးစုံ ပျောက်ကင်းပုံ၊ ချင်းတောင်ပေါ်မှ ထိုးထွက်နေသော သမထအလင်းရောင်ကြီးနှင့် သမထ၊ ဝိပဿနာ အတွေ့အကြုံများ၊ စိစဉ်သူ မွှေ့ာစရိယ ဦးရွှေလှိုင်၏ အမှာစကား၊ ဖြစ်ရပ်ဆန်းများနှင့် ကောလာဟလ သုံးသပ်ချက်များ......။






## သန္ဒိဋ္ဌိကတရားတော်များ

မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင်၌ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးများကား ခေတ်အဆက်မပြတ် ရှိခဲ့သော်လည်း အရေအတွက်ကား နည်းပါးလှပါသေးသည်။ ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီးကား ယို ရှားပါးနည်းပါးသော ပုဂ္ဂိုလ်ထူးတို့တွင် တစ်ပါး အပါအဝင်ဖြစ်၏။ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသည်ဟု ခိုင်လုံသော အထောက်အထားများလည်း ရှိနေသည်။

ထိုသို့သော ပုဂ္ဂိုလ်ထူးများ၏ လမ်းညွှန်ချက်ကားပို၍ ရှားပါးနည်းပါးလှ၏။

ဤသန္ဒိဋ္ဌိက တရားတော်များကား ဝေဘူဆရာတော်ဘုရားကြီး တစ်သက်တာ လမ်းညွှန်ဟောကြားခဲ့သော တရားတော်များကို ရှားရှားပါးပါး ခက်ခက်ခဲခဲ ရှာဖွေ စုစည်းပေးထားခြင်း ဖြစ်သည်။

(အကာလိကတရားတော်များ) စာအုပ်ကိုလည်း [illegible] စာပေမှ ဆက်လက် ထုတ်ဝေပေးသွားပါမည်။

http://www.dhammavideo.com/



## ထောင်တန်းတရား

တောင်တန်း သာသနာပြုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြသည့် သမိုင်းကြောင်းများ ခက်ခက်ခဲခဲ သွားရောက်နေထိုင်၍ သာသနာပြုရပုံ၊ တောင်တန်းသားတို့ နားလည်နိုင်မည့် စကားအသုံးအနှုန်းများ ခံယူနိုင်မည့် သဘောတရားများကို အထူးရွေးချယ်စိစစ်၍ ဟောပြောပေးရပုံ၊ ခေတ်ဦးပိုင်း သာသနာပြုပုဂ္ဂိုလ်များ၏ လက်တွေ့ဟောကြားသော တရားများကို တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရကိုယ်တိုင် ရိုက်နှိပ်ထုတ်ဝေခဲ့သော တရားများနှင့် နောက်ပိုင်းခေတ် ဟောကြားသော မြောက်ကျွန်းသူ၊ ကြောက်စိတ်ကင်းသူ၊ မီးဘေးကာကွယ်ရေး စိတ်ဝင်စားဖွယ်များ၊ မြန်မာနိုင်ငံတော် ဓာတ်တော်များအကြောင်း၊ သုမေဓာဥဒါန်းနှင့် မိဘမေတ္တာတရားတော်များ ပါဝင်သည်။

ဓမ္မာစရိယဦးဌေးလှိုင်၏ တောင်တန်းသာသနာပြု ခေတ်ဦးသမိုင်း မိတ်ဆက်နိဒါန်းလည်း ပါဝင်သည်။

## မေတ္တာခရီးသည်ကြီး (ပထမပိုင်း၊ ဒုတိယပိုင်း)



တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ကိုယ်တွေ့မှတ်တမ်းများ၊ စီစဉ်သူ ဓမ္မာစရိယ ဦးဌေးလှိုင်၏ အထူးနိဒါန်းနှင့် ခရီးသွား အတွေ့အကြုံများ၊ ပတ်ဝန်းကျင်အပေါ် ရှုမြင် ပုံ၊ အကျိုးရှိအောင် သဘောထားပုံ၊ တကယ့်ကိုယ်တွေ့ ဖြစ်ရပ်မှန်များ၊ သမိုင်းဝင် ဓာတ်ပုံများနှင့် ထူးဆန်းအံ့သြဖွယ်ရာ မဟာမြိုင်တောကြီး အကြောင်း၊ အာသံ မဏိပူရ သာသနာသမိုင်းနှင့် သာသနာရေး အခြေအနေ၊ ကောသမ္ဗီ ဗုဒ္ဓသာသနာဝင်များ၊ အတုယူ မှားနေသော ဗုဒ္ဓရုပ်ပုံတော်များ၊ မာလာခေါ် စိပ်ပုတီးသမိုင်း၊ တောင်တန်းသာသနာပြုသမိုင်းနှင့် ချင်းရာဇဝင် စသည်တို့အပြင်၊ ဘယ်ဆေးကျမ်းတွင်မှ မရနိုင်သော လက်တွေ့ ဆေးနည်းကျော်များ စသည်... ပါဝင်သည်။

http://www.dhammavideo.com/

## ကမ္ဘာလှည့်တရား



* မြန်မာနိုင်ငံ၌ အသက်(၂၈)နှစ်မှ သက်တော်၆၈-နှစ်ထိ ရာသက်ပန် သီတင်းသုံးနေထိုင်ပြီး ကမ္ဘာကိုသုံးပတ်ပတ်၍ ဟောခဲ့သော တရားများ။
* ၁၉၃၄-ခုနှစ်က တောင်ငူမြို့မှ မစ္စတာသော်မဆင် ဦးဆောင်သော ကရင်အမျိုးသား ၇၀၀၀-တို့ ဗုဒ္ဓဘာသာဝင်ရာ၌ နှုတ်ခွန်းဆက် အားပေးစကား။
* သိပ္ပံနည်းကျ ဘာသာတရား ရှာဖွေရေးတရားတော်။
* ကမ္ဘာ့ခေါင်းဆောင်ကြီးများထံ ဗုဒ္ဓဝါဒဖြင့် ကမ္ဘာ့စစ်တားဆီးရေး နှိုးဆော်ချက်များ။
* ဓမ္မပဒစာအုပ်ကိုစတင်ဖတ်မိရာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ပုံ၊ သူ့ဘဝ၊ သူ့အမြင်များအား ကမ္ဘာတစ်ခွင်လှည့်လည်၍ ဟောကြားသော တရားများကို စုဆောင်း၍ ဘာသာပြန်ပေးထားသည်။

ကမ္ဘာ့သာသနာပြုကိုင်း လက်စွဲပြုရမည့်သာသနာပြုနည်းသော့ချက်များ၊ ဘာသာတရား စိစစ်ချက်များ အပြည့်အစုံပါဝင်သည်။

# မြန်မာ့သာသနာ မော်ကွန်းတင်

ဓမ္မဒူတ

[ပ၊ ဒု၊ တ]

မြန်မာ့သာသနာဝင်၌ အစဉ်သဖြင့် စကားပြောနေမည့် ဒါန, သီလ, ဘာဝနာနှင့် သာသနာဝင်ဆိုင်ရာ တကယ့်ဖြစ်ရပ်များကို အခန်း (၅)ခန်း ခွဲခြား၍ စုစည်းတင်ပြထားပါသည်။

ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာနှင့် သာသနဝံသကထာတို့ဖြစ်ရာ ဝတ္ထုဇာတ်လမ်းအရ သမိုင်းဝင်ဓာတ်ပုံ၊ ပန်းချီပုံများနှင့် တခမ်းတနား ပြုစုပေးထားသဖြင့် လူကြီးလူငယ်မရွေး ဘာသာစိတ်, ဘာသာသွေး တက်ကြွ၍ အသိမှန် အမြင်မှန် ရင့်ကျက်လာစေမည့် ကိုယ်တွေ့ ဝတ္ထုနှင့် သုံးသပ်စိစစ်ချက်များ များစွာ ပါဝင်ပါသည်။